

မင်းအိမ်
ဖြစ်ချင်တာဖြစ် မောင်ဘချစ်



# ပင်းဆိုင်

ဖြစ်ချင်တာဖြစ် မောင်ဘချစ်

# မင်းသိမ်

'ဖြစ်ချင်တာဖြစ် မောင်ဘချစ်'

(ပထမပိုင်း)

ဖြည့်လုံးကျွတ်ဖြန့်ချိရေး

## စေတနာသစ္စာဝစနံ

လှေငယ်တစ်စင်းတို့မည်သည် ကမ်းမှ လွန်စွာ ခွာ၍ မသွားစကောင်း။

ထို့ကြောင့် ကျွန်ုပ်သည် လွန်ခွာနိုင်ခဲ့သည့် ကမ်းကြီးများနှင့် အလားသဏ္ဍာန်တူသော ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာကြီး ဒဂုန်ရွှေမျှားတို့၏ ရေးဟန်–သားဟန်တို့ကိုသာမက၊ ဇာတ်ကွက် ဇာတ်လမ်း ဆင်ပုံများနှင့်ပါ နီးနိုင်သမျှ နီးကပ်အောင် သွေးကူးလျက် ကျွန်ုပ်၏ စာများကို ရေးရသည် ဖြစ်သည့်အလျောက် ၎င်းဆရာကြီး နှစ်ဦးအား ကျွန်ုပ်သည် နဖူးမြေစိုက် ဦးခိုက်ပူဇော်ပြီး ဖြစ်၏တည်း။

ဤမှန်သော သစ္စာစကားကြောင့် ၎င်းဆရာကြီးတို့၏ စာသည် အဓွန့်ရှည်စွာ တည်တံ့သကဲ့သို့ ကျွန်ုပ်၏ စာများသည်လည်း တည်တံ့ပါစေသောဝ်---

ခင်းသိစ်

## ဦးလေးထက် သုံးနှစ်ကြီးသော တူတစ်ယောက်

တစ်နေ့သ၌ ရန်ကုန်ဆေးရုံကြီးရှိ အရေးကြီးသော လူနာဆောင်သို့ လူနာနှစ်ဦး ရောက်ရှိလာကြလေ၏။ တစ်ဦးသော လူနာမှာ အသက်အားဖြင့် လေးဆယ်ကျော်ကျော် အရွယ်ခန့်ရှိ ကိုဘချစ်ဆိုသူဖြစ်၏။ ကျန်တစ်ယောက်မှာမူ အသက်(၆၀) ကျော် (၇၀)နီးပါးအရွယ်ခန့်ရှိ ဦးကံသာဟူသည့် အဘိုးကြီး တစ်ဦး ဖြစ်ပေသည်။

၎င်းအဘိုးကြီး ဦးကံသာမှာ "တဟင်းဟင်း"နှင့် ညည်းညူ၍ "တကျွတ်ကျွတ်"နှင့် စုတ်သပ်၏။ အနည်းငယ်မျှ ဝေဒနာ သက်သာလျှင် ဆေးရုံ၏ ဝရံတာသို့ ထွက်ကာ သံဆန်ခါမှီ၍ ၎င်း၏ အိမ်သူအိမ်သားများကို မျှော်လေ၏။ ထို့နောက် စိတ်ပျက် အားငယ်စွာနှင့် ခုတင်ဆီသို့ ပြန်လာပြီးလျှင် တဟင်းဟင်းနှင့် ညည်းညူပြန်လေ၏။ တကျွတ်ကျွတ်နှင့် အိမ်မြှောင်စုတ်ထိုးသကဲ့သို့ လုပ်၍နေ၏။





၎င်း၏ ခုတင်နံဘေးချင်း ကိုဘချစ်မှာမူ ထိုသို့ မဟုတ်ပေ။ လေကလေး တချွန်ချွန်နှင့် ရှိ၏။ ထို့နောက် မဂ္ဂဇင်း စာအုပ်တစ်အုပ်ကို ဖတ်၍ နေ၏။ ဖတ်ပြီးလျှင် လေချွန်ပြန်၏။ လေချွန်၍ ဝလျှင် ဟိုလျှောက်သည်လျှောက် လျှောက်၏။ မည်သူကိုမျှ လည်း မျှော်၍မနေပေ။ အခြားသောခုတင်မှ လူနာများဆီသို့ သွားရောက်ကာ အားပေးစကား ပြော၏။ လှည့်လည်၍ နှုတ်ဆက် ၏။ ၎င်း၏ အပြုအမူမှာ လူနာတစ်ဦးနှင့် မတူပေ။ ဆေးရုံသို့ လာ ရောက်ကြည့်ရှုရသော ကျန်းမာရေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီး တစ်ဦးနှင့် ပို၍ တူနေလေ၏။

ထိုသို့ ပြုလုပ်ပြီးလျှင် ခုတင်ဆီသို့ ပြန်လာ၍ ကလေးများ ဖတ်သော နိုင်ငံခြား ကာတွန်းစာအုပ်ကို ကြည့်၏။ သဘောကျ၍ ပြုံး၏။ ထို့နောက် အသံထွက်အောင် တခစ်ခစ် ရယ်၏။ ၎င်း ကိုဘချစ်ကို ကြည့်ရသည်မှာ မင်္ဂလာဆောင်လုဆဲဆဲ၌ အိုင်ယာ လန်ထီးပေါက်သော သတို့သားလောင်းကဲ့သို့ ရှိလေ၏။

ညနေပိုင်းသို့ ရောက်လျှင် ဦးကံသာဆိုသည့် အဘိုးကြီး၏ အိမ်မှ ဇနီးနှင့် သားသမီးများသာမက မြေးမြစ်များပင် ရောက်ရှိ လာကြလေတော့၏။ ဦးကံသာ၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းက ဦးကံသာကို တွေ့လျှင်တွေ့ချင်း---

"ကိုကိုရေ-- သန်းတို့ ဒီကိုလာခါနီးကျမှ ကားက ပျက်ကျိုး သွားတယ်။ ဒါကြောင့် ကိုကိုကို ပြောတာပေါ့ ဟောလမ်ကားကို ဘယ်တော့မှ မစီးပါနဲ့လို့ ကိုကိုတို့ကတော့ အင်္ဂလိပ်ကားက ဥာဉ် ကောင်းတယ်လေး၊ သနေ့ကောင်းတယ်လေးနဲ့ ဟင်း----"

ဟု မဲ့ကာရွဲ့ကာ ပြောလိုက်သောအခါ ဦးကံသာကြီး၏

မျက်နှာသည် ညှိုးမှိုင်မှိုင် ဖြစ်၍ သွားလေတော့၏။

ထိုအခါ၌ ဒေါ်သန်းသန်းက---

"ပြီးတော့ သမီးငယ်ကလဲ ဒယ်ဒီ အခုလို ဆေးရုံတက်နေရင်တော့ ရှေ့အပတ်ထဲမှာ လုပ်ရမယ့် သူ့ 'ဘန်ဒေး'တော့ မလုပ်ဖြစ်တော့ပါဘူးဆိုပြီး ငိုလိုက်တာ တရှုပ်ရှုပ်နဲ့ ချော့လို့ကို မရဘူး၊ အဲဒါကြောင့် သန်းကပြောတာပေါ့၊ သားသမီးတွေကို အလို မလိုက်နဲ့ အလိုမလိုက်နဲ့လို့ ဟင်း"

ဟု ပြောလိုက်ပြန်လေ၏။

ဦးကံသာကြီး၏ မျက်နှာသည် မည်းမှောင်အုံ့မှိုင်း၍ သွားလေတော့၏။ ဒေါ်သန်းသန်းလည်း အနီးရှိ ချွေးခြောက်လုံးတွင် ဝင်၍ထိုင်ကာ ---

"ကြော်-- ကိုကို့ကို ပြောရဦးမယ်၊ ဆန်စက်လည်ဖို့ ဘဏ်ကချေးထားတဲ့ ငွေတွေကိုလဲ ရှေ့လဆန်း(၁၀)ရက်မှာ သွင်းရမယ်တဲ့၊ မသွင်းရင် တရားစွဲမယ်လို့ စာလာတယ်"

ဟု ပြောလိုက်ရာ ဦးကံသာကြီး၏ မျက်နှာသည် ငိုတော့မည်ကဲ့သို့ ဖြစ်၍လာလေ၏။

ထိုအခါ၌ ဦးကံသာ၏ သမီးကြီး ကလေးသုံးယောက်အမေ 'မော်လီကံသာ'ဆိုသည့် မိန်းကလေးကလည်း---

"ဒယ်ဒီရယ်-- ဒယ်ဒီ့သား ရစ်ချတ်ကတော့ နည်းနည်းမှကို မသိတတ်ဘူး၊ အဲဖရက်ရဲ့ ဂျာကင်အင်္ကျီကို ယူပြီး မတတ်ပါနဲ့ ဆိုတာ ပြောလို့ကို မရဘူး၊ အတင်းယူဝတ်သွားတယ်၊ အဲဖရက်က ပြန်လာပြီး ဂျာကင်အင်္ကျီမတွေတော့ မော်လီ့ရန်လုပ်တာပေါ့၊ မော်လီနဲ့ သူနဲ့လဲ မနက်က သတ်ကြတယ်လေ၊ မော်လီ့ကို ဆံပင်





ဆွဲပြီး ပါးကိုရိုက်တယ်၊ မော်လီကလဲ သူ့လည်ပင်းကို လက်နဲ့ တအားညှစ်ထားတာ၊ ခိုင်ဘာကြီးသာလာမဆွဲရင် သူအသေပဲ၊ မော်လီအခု သူတို့အိမ်က ဆင်းလာခဲ့ပြီလေ"

ဟု ကက်ကက်နိုင်လှသော လေသံဖြင့် ဝင်၍ပြောလိုက်ရာ ဦးကံသာကြီးသည်---

"အို---"

ဟု ယောင်ယမ်း၍ ရေရွတ်မိလေ၏။

ထို့နောက် ဦးကံသာကြီးသည် ဒေါ်သန်းသန်းဘက်သို့ လှည့်ကာ ---

"မင်းက ဘာမှမပြောဘူးလား အသန်းရယ်"

ဟု ပြောလိုက်လျှင် ဒေါ်သန်းသန်းက---

"မပြောဘဲနေပါ့မလား ကိုကိုရယ်၊ ပြောတာပေါ့၊ သူတို့ဖြစ်တာ မနေ့ညက၊ အဲဒီညကပဲ ရင့်သားရစ်ချတ်ဟာ ပုလိပ်မင်းကြီးသမီး ဂျီတာကို ခိုးသွားတယ်လေ၊ အခု ဂျီတာ့အဖေ ပုလိပ်မင်းကြီးက ဂါတ်တွေကို ဝိုင်ယာပို့ထားပြီး ရစ်ချတ်ကို တွေ့တဲ့နေရာမှာဖမ်းဖို့ ဝရမ်းလဲ ထုတ်ထားတယ်"

ဟု ပြောလိုက်ရာ ဦးကံသာကြီးသည် မျက်နှာကို လက်ဝါးနှင့် အုပ်၍ တဟင်းဟင်းနှင့် ရှုံ့မဲ့၍ ငိုလေတော့၏။ ငိုရင်းနှင့်လည်း---

"ငါသေတာက ကောင်းပါသေးတယ်"

ဟု သနားဖွယ်ရာ ညည်းညူလိုက်လေ၏။

ထိုအဖြစ်အပျက်ကို တမင်တကာ ကြည့်ရှုခြင်းမဟုတ်သော်လည်း မြင်တွေ့နေရသော ကိုဘချစ်က မည်သို့ သဘောပေါက်

သွားသည်မသိပေ။ နှစ်ခြိုက်စွာ ပြုံးလိုက်လေ၏။

ထိုအချိန်၌ပင် ဆေးရုံကြီးတစ်ရုံလုံးသည် တစ်ထောက်တစ်စ ဧည့်သည်များနှင့် စည်ကားလာလေတော့၏။ ဧည့်သည်များသည်လည်း မိမိတို့၏ လူနာများကို မေးမြန်းကြ၊ အားပေးကြ၊ ကျွေးမွေးကြလေတော့၏။ ထို့ကြောင့် တစ်နေ့လုံးလိုလို အပ်ကျသံ ကြားရလုမတတ် တိတ်ဆိတ်လှသော ဆေးရုံကြီးသည် ရွှေတိဂုံဘုရား တပေါင်းပွဲတော်ကြီးကဲ့သို့ စည်ကားဆူညံလာလေတော့၏။

သို့ရာတွင် မောင်ဘချစ်ဆိုသော လူနာကိုမူ တစ်စုံတစ်ယောက်ကမျှ လာရောက်တွေ့ဆုံခြင်း၊ အစားအသောက်ပေးခြင်း မပြုသည်ကို သတိပြုမိသော ဦးကံသာ၏မိန်းမ ဒေါ်သန်းသန်းက ၎င်း၏သမီးမော်လီအား မောင်ဘချစ်ထံသို့ မေးငေါ့၍ ပြလေ၏။ ဒေါ်သန်းသန်းဆိုလိုသော အဓိပ္ပာယ်ကို နားမလည်သော မော်လီက ဒေါ်သန်းသန်း၏အနီးသို့ ကပ်ကာ---

"ဘာလဲ မာမီ"

ဟု တိုးတိုးလေး မေးလိုက်လေ၏။

"ညည်းတို့ လူရိပ်လူကဲ မပါးပုံကတော့ လွန်ပါရော၊ ဟိုစောင်က လူနာကို ကြည့်စမ်း၊ သူ့အိမ်ကလဲ တစ်ယောက်မှ မလာပါလား၊ အပေါင်းအသင်း မိတ်သင်္ဂဟဆိုလို့လဲ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် လာတာ မတွေ့ပါလား"

ဟု ဒေါ်သန်းသန်းက ပြောလိုက်ရာ မော်လီက---

"ဟုတ်ပါရဲ့ မာမီရယ်၊ တစ်ကောင်ကြွက်ဆိုတာမျိုးနဲ့ တူတယ်"





ဟု ပြန်၍ ပြောလေ၏။

ဦးကံသာမှာမူ ငိုက်နေဆဲ ဖြစ်လေ၏။ ထိုအချိန်၌ အောက်ပိုင်းတွင် ကာကီဘောင်းဘီ၊ အထက်ပိုင်း၌ လွန်စွာ ဟောင်းနွမ်းသော ကုတ်အင်္ကျီကြီးတစ်ထည်ကို ဝတ်ဆင်၍ စစ်လွယ်အိတ်တစ်လုံးကို လွယ်ထားသော ထောင်ထောင်မောင်းမောင်း လူကြီးတစ်ဦးသည် မောင်ဘချစ်ထံသို့ ရောက်ရှိလာလေ၏။

ထိုလူကြီးက မောင်ဘချစ်အား---

"ဟိုင်း တူအေး"

ဟု လှမ်း၍ ပြောလိုက်ရာ မောင်ဘချစ်ကလည်း ထိုလူကြီးအား ဝမ်းသာအားရလေသံနှင့် ---

"ဦးလေး"

ဟု ပြန်၍ အော်ဟစ်လိုက်လေ၏။

ကာကီဘောင်းဘီနှင့်လူကြီးသည် မောင်ဘချစ် စောင်အနီးရှိ ခွေးခြေ၌ ထိုင်လိုက်ပြီးလျှင်---

"မင်းဆေးရုံတက်ရတယ်ကြားလို့ လာခဲ့တာ၊ ဆေးရုံကလဲ ပျော်စရာကြီးပါလားကွ"

ဟု ပြောလိုက်လေ၏။

"နေရာတိုင်းမှာ ပျော်စရာကြီးပဲ မဟုတ်လား ဆရာသမားရယ်"

ဟု မောင်ဘချစ်က ပြန်၍ ပြောလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက

"အေး--- ဟုတ်တယ်ကွ၊ ပျော်စရာတွေကြီးပါပဲ၊ ကျွဲ နွား တိရစ္ဆာန်၊ ကြက်၊ ဝက်၊ ငှက်၊ ကြောင်၊ ခွေး၊ မြွေ၊ ကျွတ်၊

ဖြတ်၊ သန်း၊ အို--ကွာ--- သတ္တဝါ အနန္တရယ်လို့ ရှိတဲ့အထဲမှာ လူဖြစ်ခွင့် ရတာကိုက တော်တော့်ကို ကျေနပ်ဖို့ ကောင်းနေပါဘိ၊ ပျော်ဖို့ ကောင်းနေပါဘိ။ အဲဒီ အခွင့်အရေးကြီး ရပါလျက်နဲ့ မပျော်နိုင်ဘူးဆိုတဲ့ လူဟာ ကြေဝတေးမင်းရဲ့ စည်းစိမ်ကို ပေးရင်လဲပဲ ကြံဖန်စိတ်ညစ်နေမယ့် လူစားမျိုးပဲကွ-- ဟေ-- ဟေ-- ဟေ့"

ဟု ပြောဆို ရယ်မောလိုက်လေ၏။

"ဆရာသမားရယ်၊ မပျော်တဲ့လူကတော့ ဟုတ်ပါပြီ၊ လူဖြစ်ခွင့်ရတာကိုပဲ ကျေနပ်ပြီး ပျော်နေတဲ့ ကျွန်တော်တို့လို အကောင်းမြင်ဝါဒသမား ကျတော့ကောဗျာ၊ ဘာနဲ့ တူပါသတဲ့တုံး"

ဟု မေးလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက--

"လောကကြီးကို အကောင်းမြင်တတ်တဲ့လူဟာ ရေနွေးအိုးနဲ့ တူတယ်ကွ"

ဟု ပြောလိုက်လျှင် ကိုဘချစ်က---

"ဘယ်နှယ်--- ဘယ်နှယ် လောကကြီးကို အကောင်းမြင်တတ်တဲ့လူဟာ ဘယ်လိုကြောင့် ရေနွေးအိုးနဲ့တူတာတုန်း ဆရာသမားရဲ့"

ဟု ပြန်၍ မေးလိုက်လေ၏။

"ဒီလိုလေကွာ၊ ရေနွေးအိုးဆိုတာ အထဲမှာ ပွလာလေလေ သူ့ရဲ့ နှုတ်သီးက တရှိန်ရှိန်နဲ့ လေကလေး တချွန်ချွန်လုပ်လေ မဟုတ်လား။ ပွက်ချည်ရဲ့ လောင်လှချည်ရဲ့လို့ အော်ဟစ်ငိုကြွေးတတ်တဲ့ ရေနွေးအိုးရယ်လို့ တစ်လုံးတလေမျှ ရှိဖူးပါသလား မောင်ဘချစ်ရယ်"





ဟု ကာကီဘောင်းဘီနှင့် လူကြီးကပြောလိုက်ရာ ကိုဘချစ်က သဘောကျလွန်း၍ တဟဲဟဲရယ်မောလေ၏။

"ဆရာသမား ပြောလိုက်တဲ့ ဥပမာလေးကတော့ တကယ်ကောင်းဗျာ၊ အဲဒီစကားလေးကို ပုံနှိပ်ပြီး စိတ်ညစ်တတ်တဲ့ လူတွေကို သူတို့ရဲ့ စည်းခန်းမှာကပ်ထားဖို့ လက်ဆောင်ပေးချင်လိုက်တာဗျာ"

ဟု ပြောလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက---

"ဒီလိုဆိုရင် အင်္ဂလိပ်လိုပါ မှတ်ထားလိုက်ဦးကွ"

ဟု ပြောလိုက်လေ၏။

"ဆိုစမ်းပါဦး"

ဟု ကိုဘချစ်က ပြောလိုက်လျှင် ထိုလူကြီးက လွန်စွာကျွန်းကျင်ရေးရာနိုင်လှသော လေယူလေသိမ်းဖြင့် အောက်ပါ အင်္ဂလိပ်စကားကို ပြောလိုက်လေ၏။

An Optimist Is Like A Tea Kettle, Although Up To His Neck In Hot Water, He Continues To Sing.

ထိုလူကြီးသည် သူ၏စကားကို သဘောကျ၍ တဟင်းဟင်း ရယ်မောလေ၏။ မောင်ဘချစ်က

"ဆရာသမားရဲ့ အင်္ဂလိပ်အသံထွက်ကတော့ တကယ့်ကို အရိုးမကျပါလား"

ဟု နောက်ပြောင်လိုက်ရာ ထိုလူကြီးက---

"အဲဒါကြောင့် ငါကရုဏာသက်မှုတာကွ၊ ငါ့ရဲ့ အင်္ဂလိပ်အသံထွက်ကို ကြားရတဲ့လူတိုင်းက အသက်ကြီးမှ အင်္ဂလိပ်စာသင်ခဲ့တယ်ဆို တာကို ငါက မပြောဘဲနဲ့ အတပ်သိနေကြတယ်လေကွာ၊ ဒါဟာ ဂုဏ်ယူစရာအချက်ပဲ မဟုတ်လား၊ ဟော--ဟော--ဟေ့"

ထို့နောက် ကာကီဘောင်းဘီဝတ် လူကြီးက ၎င်း၏ စစ်လွယ်အိတ်အတွင်းမှ စက္ကူဖြင့် ထုပ်ပတ်ထားသော အထုပ် ကလေး တစ်ထုပ်ကို ဖြေလိုက်ရာ အတွင်းမှ ပေါက်စီကလေး တစ်လုံး ထွက်လာလေ၏။ ထို့နောက် လူကြီးသည် အိတ်အတွင်း မှ ဗူးကလေး တစ်လုံးကို ထုတ်လိုက်ပြန်လေသည်။ ပြီးလျှင် ထိုဗူးကလေးကို အဖုံးဖွင့်၍ ကိုဘချစ်၏ ခေါင်းရင်းတွင်ရှိသော ကြွေရည်သုတ်သံခွက်ကလေးကို လှမ်း၍ယူကာ ဗူးကလေး အတွင်းမှ လက်ဖက်ရည်များကို ငှဲ့ချလေ၏။ ကိုဘချစ်သည် ထို လူကြီး၏ အပြုအမူကို ကြည့်၍ ကျေနပ်စွာ ပြုံးလိုက်လေ၏။

"လက်ဖက်ရည်နဲ့ ပေါက်စီ"

ဟုလည်း ကိုဘချစ်က ပြောလိုက်လေ၏။ ထိုအခါ၌ လူကြီး က

"မင်းပြောတာ မှားတယ်၊ လက်ဖက်ရည်နဲ့ ပေါက်စီ မဟုတ် ဘူးကွ"

ဟု ထိုလူကြီးက ပြောလိုက်ရာ ကိုဘချစ်က

"ဒါဖြင့် ဘာလဲ ဆရာသမားရဲ့"

"မသေမချင်းမှတ်ထား၊ ပေါက်စီနဲ့လက်ဖက်ရည် ခေါ်တယ်"

ဟု ပြောလိုက်လေ၏။





"တုတ်ပါပဲဗျာ၊ ဘာဖြစ်လို့ မှားရမှာလဲ"

ဟု ကိုဘချစ်က ပြောလျှင် လူကြီးက---

"ပေါက်စီကို အရင်ထုတ်တာပဲကွ၊ လက်ဖက်ရည်က နောက် မှ ငှဲ့တာ၊ သူ့ကို ခေါ်တဲ့အခါမှာလဲ ပေါက်စီကို ရှေ့က ခေါ်ရမှာ ပေါ့၊ ပြီးတော့ ပေါက်စီက ·အစိုင်အခဲကွ၊ လက်ဖက်ရည်က အရည်ပဲကွာ၊ အစိုင်အခဲနဲ့ အရည်ဆိုရင် အစိုင်အခဲကို ဦးစားပေး ရမှာပေါ့ကွ"

ဟု လူကြီးက ခပ်တည်တည်နှင့် ပြောလေ၏။

"ဦးစားမပေးရင်ကောဗျာ၊ အဲဒီပေါက်စီက ကျုပ်ကို တရားစွဲ မတဲ့လား"

ဟု ကိုဘချစ်က ပြောလိုက်လျှင် ကာကီဘောင်းဘီနှင့် လူကြီးက

"မင်း တော်တော် တော်လာပြီ၊ မင်းကို ခပ်တည်တည်နဲ့ လှိမ့်လို့ မရတော့ဘူး၊ ဟော-- ဟော-- ဟော့၊ ကဲ--- ကဲ --- လက်ဖက်ရည်နဲ့ ပေါက်စီပဲဖြစ်ဖြစ်၊ ပေါက်စီနဲ့ လက်ဖက်ရည် ပဲဖြစ်ဖြစ် သောက်လိုက် စားလိုက်စမ်းပါဦးကွာ"

ဟု ပြော၍ ပေါက်စီကို တစ်ခြမ်းဖဲ့၍ ကိုဘချစ်အား ပေး လိုက်လေ၏။ ကိုဘချစ်လည်း လူကြီး၏ လက်တွင်းမှ ပေါက်စီ ကို လှမ်း၍ ယူပြီးလျှင် မြိန်ရှက်စွာ စားသောက်လိုက်လေ၏။ လူကြီးလည်း ကျန်သော ပေါက်စီတစ်ခြမ်းကို ပလုတ်ပလောင်း ဝါးစားရင်း---

"နေစမ်းပါဦး မောင်ဘချစ်ရ၊ မင်းရောဂါက ဘာရောဂါတဲ့ တုံးကွ"

ဟု မေးလိုက်လေ၏။

"ကင်ဆာလို့ ပြောတာပဲ"

ဟု ကိုဘချစ်က ပြန်၍ ဖြေလိုက်လျှင် လူကြီးက---

"ဝမ်းသာစရာကောင်းတဲ့ ရောဂါပဲကွ။ သူဖြစ်ပြီဆိုရင် သေမင်းနဲ့ စာချုပ်ချုပ်ပြီးသားဆိုပဲ"

ဟု ပြောလိုက်လေ၏။

"ဆရာသမား ပြောသလိုဆိုရင် တော်တော်ချစ်ဖို့ ကောင်းတဲ့ ရောဂါပဲ"

ဟု ကိုဘချစ်က ပြောလိုက်လေ၏။

"အေးကွ၊ ကင်ဆာဆိုတာ 'စီအေအင်စီအီးအာ' ဆိုတဲ့ စာလုံးပေါင်းပဲ၊ ကောင်းကင်နက္ခတ်တာရာတွေနဲ့ ပတ်သက်လို့ ဆိုရင်တော့ ဒီစာလုံးဟာ ကြံ့ဆိုတဲ့ရာသီကို ပြောတာကွ၊ အဲဒီရာသီရဲ့ တံဆိပ်က ကဏန်းကောင်ရုပ်ပုံကွ၊ ဦးထွန်းငြိမ်းရဲ့ အဘိဓာန်မှာတော့ ပုစွန်လုံး၊ ကဏန်း၊ ကြံ့ရာသီ အဖန်တလဲလဲပေါ်၍ အသားကို စားတတ်သည့် အနာပဆုပ်မျိုးလို့ ပြထားတယ်ကွ၊ အောက်စဖို့ အဘိဓာန်မှာတော့ (Tumour named from swollen veins like crab's limbs) ရယ်လို့ ပြထားတယ်၊ သွေးကြောများကို ကဏန်းလက်မများနဲ့ ကုတ်ထားသလို ရောင်ကိုင်းနေအောင် ဖြစ်စေတတ်သည့် အိုင်းနာတစ်မျိုးလို့ အဓိပ္ပာယ်ရတယ် မဟုတ်လား၊ အဲဒီတော့ ကင်ဆာကို ကဏန်းနာလို့ နာမည်ပေးလိုက်မယ်ကွာ"

ဟု ကာကီဘောင်းဘီဝတ်လူကြီးက ပြောလေ၏။

"ဘယ်လိုပဲ နာမည်ပေးပေးပေါ့ဗျာ၊ ဒီရောဂါကတော့ ရောဂါပါပဲ၊ နာမည်ပြောင်းလိုက်လို့လဲ ရောဂါကတော့ သက်သာမှာ မဟုတ်ပါဘူး"

ဟု ကိုဘချစ်က ပြန်၍ ပြောလိုက်လေ၏။

ထို့နောက် ကိုဘချစ်နှင့် ကာကီဘောင်းဘီဝတ် လူကြီးတို့သည် ပျော်စရာကောင်းလောက်အောင် အရွှန်းအဖောက်များ ပြောဆိုနေကြလေ၏။

ကိုဘချစ်နှင့် ခုတင်နီးချင်းဖြစ်သူ အဘိုးကြီး ဦးကံသာမှာမူ တစ်ချိုးတစ်မောင်း ငို၍ပြီးပြီဖြစ်သဖြင့် ခွေကွေးရုပ်နေလေ၏။ ထိုအချိန်၌ ဦးကံသာ၏ ဧည့်သည်များ ထပ်မံ ရောက်ရှိလာကြလေ၏။ ထိုအထဲတွင် ဦးကံသာ၏ မန်နေဂျာဖြစ်သူ ကိုမောင်ရွှေဆိုသူလည်း ပါ၏။ ၎င်းကိုမောင်ရွှေသည် တောင်ပြောက်ဘေးဘီကို အကဲခတ်သလို ကြည့်ရှုလိုက်ပြီးနောက်---

"ဆရာ ဦးကံသာရေ၊ မပြောမဖြစ်လို့ ပြောရဦးမယ်၊ ကျွန်တော်တို့ တံကင်း မော်လမြိုင်အဝင်မှာ သံသောင်နဲ့ငြိပြီး စောင်းရာကနေ တစ်ခါတည်း နစ်သွားတာဆိုပဲ၊ အခုပဲ သံကြိုးစာလာတယ်"

ဟု ပြောလိုက်ရာ အဘိုးကြီး ဦးကံသာသည်---

"ဟိုက်"

ဟု အာမေဋိတ်သံ ဖြစ်ပေါ်ပြီးလျှင် ရုတ်တရက် သတိလစ်မေ့မြောသွားလေတော့သတည်း။

❖ ❖ ❖

နောက်တစ်နေ့ နံနက် (၆) နာရီလောက်တွင် မောင်ဘချစ်သည် အိပ်ရာမှ ဝေါက်ခနဲ ထပြီးလျှင် လက်နှစ်ဖက်ကို အညောင်းပြေစေရန်အတွက် ဆန့်တန်းလိုက်ကာ

"ဒီကနေ့ ပျော်အောင်နေမယ်၊ နက်ဖြန်ဆိုတာ မရှိဘူး၊ မနေ့ကလဲ ပြီးသွားပြီ"

ဟု အဓိပ္ပာယ်ရသည့် အင်္ဂလိပ်ကဗျာကို ကျယ်လောင်စွာ ရွတ်ဆိုလိုက်လေတော့၏။ (Unborn tommorow and dead yesterday. If today be sweet.)

၎င်း၏ ခုတင်အနီးမှ ဦးကံသာသည် မောင်ဘချစ်အား အထူးအဆန်း သတ္တဝါတစ်ကောင်ကဲ့သို့ ကြည့်ရှုလေ၏။ မောင်ဘချစ်သည် အနည်းငယ်မျှ ဟိုလျှောက်သည်လျှောက် လျှောက်ပြီးလျှင် လုံးပတ်အားဖြင့် လက်သန်းလုံးခန့်ရှိ၍ အရှည်အားဖြင့် တစ်ထွာခန့်ရှိ တမာကိုင်းတံပူဖြင့် သွားတိုက်လေ၏။ ထို့နောက် ငွေဖြင့် မွမ်းမံထားသော လျှာခြစ်တံကလေးဖြင့် လျှာခြစ်၏။ ပြီးလျှင် ဆီဖြင့် စိမ်ထားသော ဆားကို သွား၌ ပွတ်တိုက်လေ၏။ ထို့နောက် မျက်နှာသစ်ခြင်း၊ ပလုတ်ကျင်းခြင်း ပြုလုပ်လေ၏။ တစ်အောင့်မျှကြာလျှင် အိမ်သာတက်၏။ အိမ်သာမှဆင်းလျှင် ခြေလက်ဆေး၍ ဘုရားဝတ်ပြုလေ၏။

ဘုရားဝတ်ပြုပြီးလျှင် ဆေးရုံမှ ဂျာဒူးကုလားလေးအား လက်ဖက်ရည်၊ ဆီတင်ခြောက်မုန့်၊ နံပြားနှင့် ကြောင်နက်စီးကရက်ဘူးတစ်ဘူး ဝယ်ခိုင်းလိုက်လေ၏။ ထိုကုလားလေး ပြန်ရောက်လာလျှင် ဆီတသားမုန့်နှင့် နံပြားကို စား၍ လက်ဖက်





ရည်ကို သောက်လေ၏။ ပြီးလျှင် ကြောင်နက်စီးကရက်ကို ဟန်ပါပါ နှုတ်ခမ်းများ၌ ခဲလျက် ဆေးရုံဝရန်တာမှနေ၍ လောကကြီးအား အကျေနပ်ကြီး ကျေနပ်နေသော လူတစ်ယောက်၏ ပုံမျိုးဖြင့် လမ်းသွားလမ်းလာများကို ကြည့်ရှုနေလေတော့၏။

ဦးကံသာမှာမူ အိပ်ရာမှ နိုးသည့်အခါ၌ တစ်စုံတစ်ရာကို နိုးရှိမ်ထိတ်လန့်နေသည့်အလား မျာမျာလောင်လောင် တုန်တုန်ယင်ယင်ဖြစ်၍ နေလေ၏။ သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း မလုပ်နိုင်သေးဘဲ ထိုင်၍ ငိုင်နေလေ၏။

ဦးကံသာသည် အိပ်ရာမှ ထသည့်အချိန်မှစ၍ ထိုနေ့တစ်နေ့လုံးအဖို့ စိတ်မချမ်းမြေ့ဖွယ် အကြောင်းအရာများကိုသာလျှင် တွေးတော၍ ငိုင်နေလေ၏။ မောင်ဘချစ်မှာမူကား ပျော်ပျော်ပါးပါးနှင့်ပင် ထမင်းချိန်၌ ထမင်းစား၏။ အခြားလူနာများနှင့် သွားရောက်စကားပြော၏။ နေ့ခင်းနေ့လယ်၌ တစ်ရေးတစ်မောဆိုသလို အိပ်လိုက်သေး၏။ အိပ်ရာမှနိုးသည့်အခါ၌ နေလယ်တစ်ချက်ထိုးနေပြီ ဖြစ်သဖြင့် ဆေးရုံမှ ကုလားကလေးတစ်ဦးအား လက်ဖက်ရည် ဝယ်ခိုင်းပြီးလျှင် လက်ဖက်ရည် သောက်လေ၏။ ထိုအချိန်၌ ယမန်နေ့က ရောက်ရှိခဲ့သော ကာကီဘောင်းဘီနှင့် လူကြီးသည် ရောက်ရှိလာပြီးလျှင် မောင်ဘချစ်အား---

"ဝွံတူဒေး"

ဟု နှုတ်ဆက်လိုက်လေ၏။ မောင်ဘချစ်က မော့်၍ ကြည့်ပြီးလျှင်---

"တူဒေး"

ဟု ပြန်၍ နှုတ်ဆက်လိုက်လေ၏။ ထို့နောက် ကာကီ

ဘောင်းဘီနှင့် လူကြီးက ၎င်း၏ စစ်သုံးလွယ်အိတ်ကလေး အတွင်းမှ ပေါက်စီကလေးတစ်လုံးကို ထုတ်၍ လက်ဖြင့် ဖဲ့လိုက်ပြီးလျှင် ပေါက်စီတစ်ခြမ်းကို---

"ရော့"

ဟုဆိုကာ မောင်ဘချစ်ထံသို့ ထိုး၍ ပေးလိုက်လေ၏။ မောင်ဘချစ်သည် ပေါက်စီတစ်ခြမ်းကို လှမ်း၍ယူရင်း---

"ဆရာသမား၊ လက်ဖက်ရည်ကော ပါသေးသလား"

ဟု မေးလိုက်လေ၏။

"မပါဘူးကွ ဒီအချိန်မှာ မင်းဟာ အိပ်ရာက နိုးလို့ လက်ဖက်ရည် ဝယ်ထားနှင့်ပြီးပြီဆိုတာ ငါသိတယ်ကွ၊ ဒါကြောင့် ပေါက်စီပဲ ဝယ်လာခဲ့တာကွ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"နေစမ်းပါဦး ဆရာသမားရဲ့၊ ညှိသည်တွေချိန်မဟုတ်ဘဲနဲ့ ဒီကို ဘယ်လိုလုပ်ပြီး တက်လာတာတုံး"

ဟု မောင်ဘချစ်က မေးလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက

"ညှိသည်ကို အချိန်နဲ့လက်ခံမှန်း ငါသိပါတယ်ကွ၊ ဂိတ်ဝမှာ စောင့်နေတဲ့ လူကလဲ အချိန်မဟုတ်ရင် ဘယ်ဖွင့်ပေးမလဲကွာ"

ဟု ပြန်၍ ပြောလေ၏။

"အဲဒါကြောင့် ပြောတာပေါ့၊ ဆရာသမား ဒီကို ဘယ်လိုလုပ်ပြီး တက်လာတာလဲလို့"

ဟု မောင်ဘချစ်က ပြန်၍ မေးလိုက်လေ၏။

"ငါ့မှာ တီကက် (Ticket) ရှိတယ်လေကွာ"





ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြန်၍ ပြောလေ၏။

"ဘာ တီကက်လဲဗျ"

ဟု မောင်ဘချစ်က မေးလေ၏။

"ဘာတီကက်ရမလဲကွ၊ အကျွင့်ဖျက် တီကက်ပေါ့"

ဟု ကာကီဘောင်းဘီနှင့်·လူကြီးက ပြန်၍ ပြောလေ၏။

"အကျွင့်ဖျက် တီကက်ရယ်လို့ မကြားဖူးပါဘူးဗျာ"

ဟု မောင်ဘချစ်က ပြောလျှင် ကာကီဘောင်းဘီနှင့် လူကြီးက---

"ကဲ-- မင်းကို ငါမေးမယ်၊ ညှိသည်လာချိန်မှာ လူနာတစ်ယောက်ကို ညှိသည် ဘယ်နှစ်ယောက် တွေ့ခွင့်ပြုသလဲ"

ဟု ပြန်၍ မေးလိုက်လေ၏။

"နှစ်ယောက်ပေါ့ဗျ"

ဟု ကိုဘချစ်က ပြန်၍ ပြောလေ၏။

"ဒါပေမယ့် တကယ်ကတော့ လူနာခုတင်တစ်လုံးမှာ အနည်းဆုံး ညှိသည် (၆)ယောက်လောက် ဝိုင်းနေတယ် မဟုတ်လား၊ ဒီတော့ ခွင့်ပြုထားတဲ့ နှစ်ယောက်အပြင် ပိုတဲ့ ညှိသည်တွေက ဘယ်လက်မှတ်နဲ့ တက်လာသလဲဆိုတော့ စောစောက ငါပြောတဲ့ အကျွင့်ဖျက်လက်မှတ်နဲ့ တက်လာတာပေါ့ကွ၊ အဲဒီ အကျွင့်ဖျက်လက်မှတ်ဟာ နေရာတိုင်းမှာ အသုံးဝင်တယ်"

ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြောလိုက်လေ၏။

"ဂိတ်မှာစောင့်တဲ့လူကို ပိုက်ဆံပေးပြီး ဝင်ခဲ့တာ ပြောတာလား"

ဟု ကိုဘချစ်က ပြန်၍ မေးလိုက်လေ၏။

"အေး---ဟုတ်တယ်၊ ဂိတ်စောင့်တဲ့လူရဲ့ အကျင့်စာရိတ္တကို သူကမှ ဖျက်ပစ်နိုင်တာလေကွာ"

ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြောလိုက်လေ၏။

"ဟုတ်တာပေါ့ဆရာသမားရယ်၊ ငွေဟာ တော်တော် အစွမ်းထက်တာပဲ၊ မဝင်နဲ့ဆိုတဲ့နေရာကိုလဲ သူနဲ့ ရအောင် ဝင်နိုင်တာကိုး"

ဟု ကိုဘချစ်ကပြောလျှင်---

"ဒါပေါ့ ငါ့လူရ၊ သရဲက တွေ့ရင်တောင် လန့်ပြီး သေလောက်အောင် အရုပ်ဆိုးတဲ့လူကိုလဲ မိန်းမချောလေးနဲ့ အိမ်ထောင်ကျအောင် သူက လုပ်ပေးနိုင်တယ်၊ အမှုဖြစ်လာရင်လဲ ကိုယ့်ကို ထောင်ဒဏ်အမိန့်ချမယ့် တရားသူကြီးရဲ့လျှာကို သူနဲ့ အပိုင်ဝယ် ထားလို့ရတယ်၊ သူ့ကို ငါ့အနေနဲ့တော့ ဒုတိယ ဘုရားသခင်လို့တောင် ခေါ်လိုက်ချင်တယ်ကွာ"

ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြောလိုက်လေ၏။

"ကဲပါ ဒါတွေ ထားလိုက်စမ်းပါဦး၊ အချိန်မဟုတ်ဘဲ ကျုပ်ဆီကို ဘာဖြစ်လို့ အစောကြီး လာတွေ့ရတာလဲ"

ဟု ကိုဘချစ်က မေးလိုက်လေ၏။

"ဒီကနေ့ မင်းရဲ့ ရောဂါအခြေအနေ အတိအကျကို ပြောပြမယ်လို့ မနေ့က ငါ့ကို ဆရာဝန်က မှာလိုက်တယ်၊ ဘာကြောင့် မှာလိုက်သလဲ မမေးနဲ့တော့၊ အဲဒီဆရာဝန်ရဲ့ လျှာတစ်ချောင်းကို နှစ်ရာငါးဆယ်နဲ့ ငါဝယ်လိုက်တယ်၊ နားလည်ပြီလား မောင်ဘချစ်၊ ဟေး--ဟေး--ဟေး"





ဟု ပြောဆိုကာ ကာကီဘောင်းဘီနှင့် လူကြီးက တဟေးဟေးနှင့် ရယ်နေလေတော့၏။

များမကြာမီ၌ပင် ကိုဘချစ်၏ ရောဂါကို တာဝန်ယူ ကုသရသော ကုလားဆရာဝန်ကြီးသည် မောင်ဘချစ်အား ရိုက်ထားသော ဓာတ်မှန်ကော်ပြားတစ်ခုကို ကိုင်၍ အခန်းတွင်းသို့ ဝင်လာလေတော့၏။

ဆရာဝန်ကြီး ဝင်လာသည်ကို တွေ့ရသဖြင့် ကာကီဘောင်းဘီနှင့် လူကြီးက လွန်စွာညှို့သော အင်္ဂလိပ်အသံထွက်ဖြင့် လှမ်း၍ နှုတ်ဆက်လိုက်လေ၏။ ၎င်းတို့အနီး စုတင်ပေါ်၌ရှိသော ဦးကံသာကလည်း ဆရာဝန်ကြီး ဘာများ ပြောမလို့ပါလဲ ဟူသော အမူအရာမျိုးနှင့် ဆရာဝန်ကြီး၏ မျက်နှာအား လှမ်း၍ ကြည့်နေလေ၏။ ဆရာဝန်ကြီးသည် မောင်ဘချစ်ဘက်သို့ လှည့်ကာ လွန်စွာ လေယူလေသိမ်းကောင်းသော အင်္ဂလိပ်စကားဖြင့်---

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မစ္စတာဘချစ်၊ ခင်ဗျား မိတ်ဆွေက အပူကပ်လွန်းလို့ ခင်ဗျားရဲ့ ရောဂါအခြေအနေကို ဖွင့်ပြောရပါလိမ့်မယ်၊ စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါ၊ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ဖြစ်ပေမယ့် အခုအခါမှာတော့ စက်ရှင် တရားသူကြီးလို မစ္စတာဘချစ်ရဲ့ သေမိန့်ကို ဖတ်ပြရမယ့် အခြေအနေမှာ ရောက်နေပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဘုရားသခင်ကလဲ စောင်မ ကြည့်ရှုပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်၊ မစ္စတာဘချစ်ရဲ့ ရောဂါဟာ အတော်ပဲ အခြေအနေဆိုးနေပါတယ်၊ ခြောက်လထက်ပိုပြီး မခံတော့ပါဘူး

"ခင်ဗျာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်နှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိသော ဦးကံသာသည် ယောင်ယမ်း၍---

"အလို-- ဘုရား ဘုရား၊ ခြောက်လဆိုရင် သေတော့မှာပါလား"

ဟု အလန့်တကြား အော်ဟစ်လိုက်မိလေ၏။ အမှန်တကယ် အသေခံရမည့် ကိုဘချစ်နှင့် ၎င်း၏ ဆရာသမားဖြစ်သူ ကာကီဘောင်းဘီနှင့် လူကြီးတို့သည် ထိုင်နေရာမှ ခြုန်းခနဲထ၍ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော လေသံဖြင့်---

"ခြောက်လ"

ဟု ပြိုင်တူ အော်လိုက်ကြသဖြင့် ဆရာဝန်ကြီးပင် လန့်၍ သွားကာ---

"အိုး ဂေါ့"

ဟု အော်မိလေတော့၏။

ထို့နောက် ကာကီဘောင်းဘီနှင့် လူကြီးက ကိုဘချစ်အား ထ၍ လက်ဆွဲနှုတ်ဆက်ပြီးလျှင် ---

"ကွန်ဂရက်ကျူလေးရှင်း မောင်ဘချစ်၊ မင်းဟာ မရောက်ဖူးတဲ့ နေရာကို ရောက်ရတော့မယ်၊ တမလွန်နိုင်ငံကို သွားဖို့ နိုင်ငံကူး စီဇာလက်မှတ် ရသွားပြီ"

ဟု ပြောလိုက်လျှင် ကိုဘချစ်ကလည်း---

"ဟုတ်တယ် ဆရာသမား၊ ဖောရိမ်းကို သွားရရုံနဲ့ လူတွေ ပျော်ကြတယ်၊ အခု ကျွန်တော် သွားရမယ့် နေရာဟာ တကယ့် ဖောရိန်းအစစ်ပေါ့ဗျာ၊ ပြီးတော့ ကျုပ်က ထင်နေတာက





ကင်ဆာရောဂါဖြစ်တယ်ဆိုရင် ချက်ချင်းသေတယ် အောက်မေ့နေတာ၊ အခုတော့ ဘယ်ဟုတ်လို့တုံး၊ ခြောက်လကြီးတောင် နေရဦးမယ်ဆိုပါလား၊ ခြောက်လဆိုတဲ့ အချိန်ဟာ လအားဖြင့်သာ ခြောက်လနော်၊ ရက်နဲ့ဆိုရင် ရက်ပေါင်း (၁၈၀) တောင်၊ ဟဲ--ဟဲ နာရီနဲ့ဆိုရင် နာရီပေါင်း (၄၃၂၀) တောင် ရှိတယ်ဗျ၊ မိနစ်နဲ့ဆိုရင်---"

ဟု ဆိုကာ ခေတ္တရပ်၍ စိတ်တွက်ဖြင့် တွက်ပြီးလျှင်---

"မိနစ်ပေါင်း ၂၅၉၂၀၀ မိနစ်ဗျ၊ မိနစ် ၂ သိန်းကျော်တောင် နော်၊ စက္ကန့်နဲ့ဆိုရင်---"

ဟု ဆိုကာ ခေတ္တရပ်ပြန်၍ စိတ်တွက်ဖြင့်တွက်ပြန်ကာ---

"စက္ကန့်ပေါင်း ၁၅၅၅၂၀၀၀ ရတယ်ဗျာ၊ စက္ကန့်ပေါင်း တစ်ကုဋေခွဲ ကျော်ကြီးတောင်ရတာကိုး၊ ဟား--ဟား--ဟား"

ဟု ပြောဆိုရယ်မောလိုက်လျှင် ကုလားဆရာဝန်ကြီးသည်

"ကျုပ်ဆရာဝန်ဖြစ်တာ ကြာပါပြီ၊ ခင်ဗျားလိုလူမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဟု ဆိုကာ ထွက်သွားလေတော့၏။ ကိုဘချစ်နှင့် ကာကီဘောင်းဘီဝတ် လူကြီးတို့သည် တဟားဟား တဟေးဟေးနှင့် ဆက်လက်၍ ရယ်မောနေကြလေ၏။ အနီးမှ ဦးကံသာသည် သေမည့်နေ့ကို အတပ်သိရသဖြင့် အူမြူးလျက်ရှိသော ကိုဘချစ် ဆိုသူနှင့် ကာကီဘောင်းဘီဝတ် လူကြီးကို ကြည့်ကာ---

"တယ်လဲ အံ့ဩဖို့ ကောင်းတဲ့ လူတွေပါလား၊ သေရမယ်ဆိုတာတောင် ပျော်နေပါလား၊ ငါ့မှာတော့ သူတို့လို မပျော်နိုင်ဘူး၊ သူတို့က ဘာသားနဲ့ ထုထားတဲ့လူတွေလဲ၊ ငါနဲ့ မတူပါလား၊

တကယ့်ကို အံ့ဩစရာကောင်းတဲ့လူတွေပဲ"

ဟု တစ်ကိုယ်တည်း ပြောဆို ရေရွတ်မိလေတော့သည်။

ထိုအချိန်၌ လူတစ်ယောက်သည် ပြူးတူးပျာတာဖြင့် ရောက်ရှိလာပြီးလျှင် ဦးကံသာအား---

"ဆရာဦးကံသာ၊ ဆရာကစော်လွှတ်လိုက်လို့ လာခဲ့တာပဲ"

ဟု ပြောလေ၏။

ဦးကံသာက ထိတ်ထိတ်ပျာပျာ အမူအရာနှင့်---

"ဘာတဲ့တုံး၊ ဘာတဲ့တုံး မောင်လှရဲ့ မြန်မြန်ပြောစမ်းပါ"

ဟု ပြန်၍ မေးလေ၏။ မောင်လှဆိုသူကလည်း---

"ဆရာ့သား ရစ်ချတ်ကို မနေ့ညက ပုလိပ်က ဖမ်းလိုက်ပြီ၊ ရီတာဆိုတဲ့ ကောင်မလေးရှိတဲ့ ဒေရာကို ပုလိပ်ကမေးတာ ရစ်ချတ်က မပြောဘူး၊ အဲဒါနဲ့ တစ်ညလုံး နှိပ်စက်ထားတာ ရစ်ချတ်မျက်နှာဟာ မြင်လို့တောင် မကောင်းဘူး၊ ရောင်ကိုင်းနေတာပဲ၊ မျက်လုံးပေါက်တွေတောင် ပိတ်လို့"

ဟုပြောလိုက်ရာ ဦးကံသာသည် ရင်ဘတ်ကိုလက်နှင့် ဖိရင်း

"အလို --- ဘုရား--- ဘုရား---"

ဟု ရေရွတ်မိလေတော့၏။ ထို့နောက် မောင်လှဆိုသူက--

"ပြီးတော့ ဒီနေ့မနက် သတင်းစာမှာ မော်လီယောက်ျား အက်ဗရက်က မော်လီကို သားမယားအဖြစ်က စွန့်လွှတ်ကြောင်း ကြော်ငြာလိုက်ပြီ"

ဟု ပြောလိုက်ရာ ဦးကံသာသည် ---

"ခုက္ခပါပဲ"

ဟု ညည်းညူလိုက်လေ၏။ ထို့နောက် မောင်လှဆိုသူက--





"မော်လမြိုင်မှာ နစ်သွားတဲ့ တံ့ကင်းအတွက်လဲ ဆရာ့ကို တရားစွဲတော့မယ်"

ဟု ပြောလိုက်ရာ ဦးကံသာသည်---

"ခုက္ခ ခုက္ခ"

ဟု ညည်းညူပြန်သည်။ ထို့နောက် မောင်လှဆိုသူက---

"ဓနောင်တို့ ဂိုဒေါင်ထဲမှာ ထည့်ထားတဲ့ဆန်တွေလဲ ဆန်ဝါပေါက်ကုန်ပြီလို့ စက်စာရေးက လာပြောတယ်"

ဟု ပြောလိုက်ရာ ဦးကံသာသည်---

"ခုက္ခ--- ခုက္ခ--- ခုက္ခရောက်ပါပြီ"

ဟု ညည်းညူရင်း မျက်ရည်များ တတွေတွေ စီးကျလာ၏။ မောင်လှဆိုသူကလည်း ဦးကံသာအား ကျေနပ်လောက်အောင် သတင်းဆိုးများ ပြောကြားပြီးနောက်---

"ကျွန်တော် ပြန်မယ်ဆရာ"

ဟုဆိုကာ ဦးကံသာ၏ အကျီပေါင်း လုံချည်ပေါင်းကလေးအား ပျော့ဖွပ်ရန်အတွက် သိမ်းကျုံးစုရုံး၍ပွေ့ကာ ထွက်သွားလေတော့၏။

ထိုအခါ၌ ကာကီဘောင်းဘီနှင့် လူကြီးက ကိုဘချစ်ဘက်သို့ လှည့်ကာ---

"ဟေ့--- မောင်ဘချစ်၊ မင်းဘေးနားမှာ ခုက္ခကောင်ကြီး ရောက်နေပါလား၊ တွေ့ကတည်းက သူ့ပါးစပ်က ကြားနေရတဲ့ ခုက္ခ၊ ခုက္ခဆိုတာ မပြတ်ပါလား၊ စောစော ဒီလူကြီးဟာ ခုက္ခ ပတီးစိပ်ပြီး ခုက္ခကမ္မဋ္ဌာန်းပေါက်ပြီး ခုက္ခရောက်နေတဲ့ လူကြီးပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်လေ၏။

"အစစ်ပဲ ဆရာသမား၊ ခုကွတုံး ခုကွခဲကြီးနဲ့ တူပါရဲ့ဗျာ၊ သနားပါရဲ့"

ဟု မောင်ဘချစ်က ပြန်၍ ပြောလိုက်လေ၏။ ၎င်းတို့ နှစ်ဦးသည် ဦးကံသာအားကြည့်၍ ကရုဏာသက်မိကြလေ၏။ များမကြာမီ၌ပင် လူတစ်ယောက်သည် သုတ်သီးသုတ်ပြာနှင့် ဦးကံသာထံ ရောက်လာပြန်လေ၏။

ထိုလူက ဦးကံသာအား---

"ဆရာဦးကံသာရေ၊ ဆရာငှားပြီး လည်တဲ့လူညီးကူးက ဆန်စက်တော့ ဒီကနေ့မနက် အရက်တက်လောက်မှာ မီးလောင်သွားလေရဲ့"

ဟု ပြောလိုက်လေ၏။ ဦးကံသာလည်း---

"အလိုလေး--ခုကွ ခုကွ ခုကွရောက်ပါပြီ"

ဟုဆိုကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။ အတော်အချိန်ကြာသည်အထိ ငိုကြွေးပြီးနောက် ဦးကံသာသည် ထိုလူအား---

"ဟဲ့---မောင်ရွှေ၊ ငါ့ရဲ့ဇာတာကို ဆရာဦးဖေတင်ဆီမှာ စစ်ခိုင်းထားတာ မပြီးသေးဘူးလား၊ သွားကြည့်စမ်း၊ သွားကြည့်စမ်း၊ ဘယ်ဂြိုဟ်တွေကများ ဒီလောက်တောင် ငါ့ကို ဖိစီးနှိပ်စက်နေပါလိမ့်"

ဟု ပြောဆိုလိုက်လျှင် ဦးကံသာ၏ မန်နေဂျာ မောင်ရွှေဆိုသူလည်း ထွက်ခွာသွားလေ၏။ တစ်နာရီကျော်ကျော်ခန့် ကြာလျှင် ဗေဒင်ဆရာကြီး ဦးဖေတင်ကိုပါ ခေါ်၍လာလေ၏။





ဦးကံသာလည်း ဦးဖေတင်အား---

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ အခုလို ကိုယ်တိုင်ကိုယ်ကျ လိုက်လာဆိုတော့ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျေးဇူးတင်လို့ကို မဆုံးတော့ပါဘူး၊ ကျွန်တော့်မှာတော့ ခုကွတွေ တစ်ခုပြီး တစ်ခု ကြုံတွေ့နေရပါပြီ၊ ကယ်ပါဦးဆရာရယ်"

ဟု ပြောလိုက်ရာ ဗေဒင်ဆရာကြီးက---

"ကျုပ်သိတယ်၊ ကျုပ်သိတယ်၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် လိုက်ခဲ့တာပဲ၊ အိမ်မှာသတြောာချပြီးရင် ငွေတစ်ရာလောက် ကန်တော့မယ့်လူကိုတောင် နောက်မှလာခဲ့ဆိုပြီး ဦးကံသာဆီကို လာခဲ့တာပဲ"

ဟု ပြောလိုက်ပြီးလျှင် ဦးကံသာ၏ ဇာတာကို လွယ်အိတ်အတွင်းမှ ထုတ်၍---

"အဟမ်း--- အဟမ်း"

ဟု ချောင်းဟန့်လိုက်ကာ အောက်ပါ အလင်္ကာကို ရွတ်ဆိုလိုက်လေ၏။

"တေဇောအိမ်အစပါ၊ အာပေါဓာတ်နှဝမ်း၊ ယင်းမြောက်ရှေမြွေမွေးမှန်၊ သေဘေးခေါ်ကြံ့ရ တဲ့---၊ အခုတော့ သေဘေးတောင် ကြုံဖို့ ရှိနေတယ်ဗျ"

ဟု ပြောလိုက်ရာ ဦးကံသာသည် စိတ်ပျက်အားလျော့သောလေသံဖြင့်---

"ခုကွ ခုကွ၊ တော်တော့်ကို ကြီးနေပါလား ဆရာရယ်"

ဟု ညည်းညူလိုက်လေ၏။ ဗေဒင်ဆရာကြီးသည် ဦးကံသာ၏ မျက်နှာကို အကဲခတ် ကြည့်ရှုလိုက်ပြီးနောက်---

"စစ်စလီ သုံးပင်တိုင်မှာလဲ ကေသိ ဘာဝီကူးရင်ဖြင့် မာပြ ဘူး မှတ်ပါတဲ့---"

"ကဲ--- ဦးကံသာရေ၊ တော်တော့်ကို ဒုက္ခဖြစ်မယ့် အချိန် ရောက်နေပြီ"

ဟု ပြောလိုက်ပြန်ရာ ဦးကံသာသည် မျက်နှာငယ်ကလေး ဖြင့်

"ဒုက္ခ-- ဒုက္ခ-- ဒုက္ခပါပဲ ဆရာရယ်"

ဟု ညည်းညူလိုက်လေ၏။

ထို့နောက် ဗေဒင်ဆရာကြီးက---

"အာယုစန်း နက္ခတ်ဟာလဲ ကဏ္ဍခေါသ သင့်နေတယ်။ တော်တော်ဒုက္ခပေးမယ့် အခြေအနေမျိုးပဲ၊ ပြီးတော့ လက်ခွင်မှာ ကြက်ကျစ် မည်းညစ်လို့ပေပေ၊ ခုနှစ်မှာ မြွေခွေ့ သူ့သည်းခြေ ပေါက်ပြား၊ ရှူးတတ်လှကံကြမ္မာ ဗြိဟာစ်လာမှတ်တော့မှား ဒုက္ခတွေများလွန်းလို့ ရှူးတောင်သွားနိုင်တယ်တဲ့ ဦးကံသာရေ၊ ခင်ဗျားဇာတာမှာ မူလရာဟုကို ကေတုရာဟုကလဲ စီးနေတယ် ဗျ အသူရိန်မိုးနတ်တို့ ဆိုးမှတ်တဲ့ ဗိမာန်၊ နိုးလျှပ်ချက်ထပ်ပြန် လျှင် လှုရပ်ထံမှရေး၊ သိကြားမှာ မတားသာတယ်၊ ကဲ--- ကဲ သိကြားတောင် မတားနိုင်ဘူးတဲ့ဗျို့၊ ကဲ-- ဆက်ပြီးနားထောင် လိုက်ဦး၊ ဘုရားတောင် တိမ်းရှောင်ရသေး၊ သနွတ်ပွင့် သူခါ မတုသာသက်ဝေး၊ တလှုန်ရှာတက်ရေးမို့ ပျက်ဆွေးဖို့တွေကြုံ၊ ဆွေး တကာလွန်ရှာ ဆုံးတဲ့ဗျ ခင်ဗျား ဇာတာကတော့ အလွန်ကို ညံ့ နေပါတယ်ဗျာ"

ဟု ပြောလိုက် ရွတ်လိုက်ရာ ဦးကံသာကြီးသည်---





"ဒုက္ခ-- ဒုက္ခ--- ကယ်ပါဦး ဆရာရယ်၊ ကျွန်တော့်ဒုက္ခကို ကယ်ပါဦး"

ဟု ပြောဆိုကာ ဦးယို့ရှဲ့ ဗေဒင်ဆရာကြီးအား ငွေနှစ်ရာ ကန်တော့လေ၏။

"ယတြာလေးလဲ ချေပေးပါဦး ဆရာကြီးရယ်"

ဟု တောင်းပန်ရာ---

"ရတနာ့ဒီပ ဖယောင်းတိုင် ကျုပ်လှုပ်လာခဲ့မယ်၊ နောက်ထပ် တစ်ရာ့ငါးဆယ်လောက် ထပ်ပြီး ကန်တော့လိုက်ဦး၊ ကန်တော့ လိုက်ဦး"

ဟု ဗေဒင်ဆရာကြီးက ပြောသဖြင့် ဦးကံသာက ငွေတစ်ရာ့ ငါးဆယ် ထပ်ပြီး ကန်တော့ရလေတော့၏။

ထို့နောက် ဗေဒင်ဆရာကြီးလည်း ပျော်တပြုံးပြုံးဖြင့် ပြန်၍ သွားလေ၏။ ထိုအဖြစ်အပျက်ကို မြင်တွေ့နေရသော ကာကီ ဘောင်းဘီနှင့် လူကြီးက ကိုဘချစ်အား---

"ဟေ့--- မောင်ဘချစ်၊ ဟိုဒုက္ခသည်ကြီးဆီကို ဒုက္ခပွဲစား ဗေဒင်ဆရာတလာပြီး ဒုက္ခလက်နက်နဲ့ ခြိမ်းခြောက်ပြီး ဓားပြ တိုက် သွားပြန်ပြီကွ"

ဟု ပြောလိုက်လေ၏။

"ဟုတ်ပါရဲ့ ဆရာသမားရယ်၊ စိတ်ညစ်နေတဲ့လူကြီးကို လာ ပြီး စိတ်ဒုက္ခရောက်အောင် လက်တွေ ပါဠိတန်းတွေ ရွတ်ပြီး ငွေ သုံးရာ့ငါးဆယ်ရအောင် ယူသွားတယ်၊ ဒီဆရာကြီးတော့ သေရင် ငရဲပြည်ကို ရောက်မှာပဲ"

ဟု ကိုဘချစ်က ပြောလိုက်ရာ ကာကီဘောင်းဘီနှင့်

လူကြီးက---

"သေချင်လား အဲဒီစောင်ဆရာကြီး မသာအလောင်းနဲ့ မြေကြီးပေါ်မှာ မှောက်ပေးလိုက်ရုံပဲကွ"

ဟု ပြန်၍ ပြောလေ၏။

"မှောက်ပေးလိုက်တော့ ဘယ်လိုဖြစ်မှာတုံး ဆရာသမားရဲ့"

ဟု ကိုဘချစ်က ပြန်၍မေးလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက

"မှောက်ပေးလိုက်တော့ သူ့ဘာသာသူ ရေပြည်ကို ယက်ပြီး ဆင်းသွားလိမ့်မှာပေါ့ကွ၊ ဟော--- ဟော--- ဟော့"

ဟု ပြောဆို ရယ်မောလိုက်လေ၏။

"ဗိုးဝင်ရှမ်းလို့တောင် အော်ချင်အော်သွားဦးမှာနော်"

ဟု ကိုဘချစ်က ပြောလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက---

"အစ်ပေါ့ကွ"

ဟု ပြန်၍ ပြောလိုက်လေ၏။

မျှမကြာမီ၌ပင် လူတစ်ယောက်သည် ၎င်းတို့အခန်းသို့ ရောက်ရှိလာလေ၏။ ထို့နောက် ကာကီဘောင်းဘီနှင့် လူကြီး အနီးသို့ကပ်ကာ မောင်ဘချစ် မကြားစေရန် တိုးတိုး ပြောလေ၏။ ၎င်းလူကြီး ပျာတီးပျာလောင် ဝင်လာသော အမူအရာကို ကြည့်၍ ဦးကံသာလည်း ဘာပါလိမ့် ဟူသော မျက်နှာထားဖြင့် နားစွင့်မိလေ၏။ ထိုလူသည် ကာကီဘောင်းဘီနှင့် လူကြီးအား တိုးတိုးတိုးတိုးနှင့် ပြော၍ နေလေ၏။ ကာကီဘောင်းဘီနှင့် လူကြီးလည်း ထိုလူ၏စကားကို နားထောင်ရင်း မျက်နှာသည်





တဖြည်းဖြည်း ပြုံး၍ လာလေ၏။

ထို့နောက် တဟားဟားနှင့် ရယ်မောကာ---

"ဟေ့--- မောင်ဘချစ်"

ဟု ကိုဘချစ်အား လှမ်း၍ ခေါ်လိုက်လေ၏။ ကိုဘချစ်က လည်း---

"ဘာလဲ ဆရာသမားရဲ့"

ဟု ပြန်၍ မေးလိုက်လေ၏။

"ဟောဒီမှာကွ အင်းစိန်က မင်းရဲ့ ဆန်စက်များမှာနေတဲ့ အလုပ်သမားပဲကွ၊ မင်းအိမ်ကို သူရောက်ခဲ့သေးတယ်၊ အဖြစ်အပျက် အကျိုးအကြောင်း ပြောဖို့ပေါ့၊ မင်းအိမ်က လူတွေက မင်းကိုလာပြီး မပြောရကြလို့ မလာတာကွ၊ ဒီလူက မင်းဆေးရုံတက်တယ်ဆိုနေတာသိလို့ စုံစမ်းပြီး လိုက်လာတာ"

ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြောလိုက်လေ၏။

"ဟုတ်တယ် ဆရာသမားရဲ့၊ ကျုပ်ဆေးရုံတက်နေတုန်း ဆေးရုံကို တစ်ယောက်မှ မလာလို့ မှာထားခဲ့တာ၊ ဆရာသမား တစ်ယောက်ကိုပဲ ဆေးရုံလာခွင့် ပြုထားတာပဲ၊ ဒီလူ ဘယ်က ဖနေ ဘယ်လို ရောက်လာတာတုံး၊ ပြီးတော့ ဘာကိစ္စတဲ့တုံး"

ဟု ကိုဘချစ်က မေးလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက---

"အင်းစိန်က မင်းရဲ့ဆန်စက် မီးလောင်သွားပြီဆိုပဲ၊ ပြီးတော့ မင်းရဲ့ တိုက်ကင်းတစ်ခင်းလဲ မြှုပ်သွားတယ်လို့ သူက လာပြောတာ၊ ဟော-- ဟော-- ဟော့-- ဝမ်းသာစရာကြီးပေါ့ကွာ"

ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြောလိုက်လေ၏

ထိုအခါ ကိုဘချစ်ကလည်း---

"အစစ်ပေါ့ ဆရာသမားရယ်၊ ဆန်စက်လုပ်ငန်းကို ရပ်ပြီး နောက်ထပ်လုပ်ငန်းတွေ လုပ်ရတာပေါ့၊ တဲ့ကင်းနစ်သွားတာလဲ ကောင်းပါတယ်လေ၊ တဲ့ကင်းတွေ မရှိတော့လဲ တခြား အလုပ် လုပ်ရတာပေါ့၊ ဒီကမ္ဘာကြီးမှာ တခြားလုပ်စရာ အလုပ်တွေ အများကြီးပေါ၊ ပျော်စရာကြီးပဲ၊ လုပ်ငန်းသစ်တွေ လုပ်ရတော့ တာပေါ့၊ ကဲ-- ကဲ-- ပျော်ရွှင်တဲ့အထိမ်းအမှတ်နဲ့ လက်ဖက်ရည် နောက်ထပ်တစ်ခွက်စီ သောက်ကြဦးစို့"

ဟု ဆိုကာ ကိုဘချစ်သည် ရှိုင်းအတွင်းမှ ကျန်ရှိသော လက် ဖက်ရည်ကို သုံးခွက်စာမျှထည့်ပြီးလျှင် သတင်းလာပေးသူအား လက်ဖက်ရည်တစ်ခွက် ပေးပြီးနောက် ၎င်းတို့က တစ်ခွက်စီယူ၍ ချီးယားစ် (ပျော်တယ်ကွ)ဟုဆိုကာ ကိုဘချစ်နှင့် ကာကီဘောင်းဘီဝတ် လူကြီးတို့သည လက်ဖက်ရည်ခွက်များကို မြှောက်လျက် မော့ချလိုက်လေတော့၏။

မနေနိုင်မထိုင်နိုင် သတင်းဆိုး လာ၍ပေးသော သူလည်း ရောယောင်၍ ၎င်းလက်ဖက်ရည်ခွက်ကို မော့ချလိုက်လေတော့ ၏။ ထို့နောက် ကိုဘချစ်နှင့် ကာကီဘောင်းဘီဝတ် လူကြီးတို့ သည် တပြောင်းပြောင်းနှင့် လက်ခုပ်ပြိုင်တူတီးကြပြီးလျှင်---

"ပျော်စရာတွေ ပျော်စရာတွေ၊ လာပြီခင်ဗျ ပျော်စရာတွေ"

ဟု အော်ဟစ်ရယ်မောကြတော့၏။ ထိုအဖြစ်အပျက်ကို ကြည့်၍ ဦးကံသာက---

"ဘယ်လိုလူစားမျိုးတွေပါလိမ့်၊ ကိုယ့်ဆန်စက်ကို မီးလောင် တာ ပျော်နေကြတယ်၊ တယ်လဲ စိတ်အေးချမ်းသာ ရှိတဲ့လူတွေ





ပါလား၊ အရူးတွေများလား မပြောတတ်ပါဘူး၊ လူကောင်းတွေမှ ဟုတ်ရဲ့လား၊ ခုကွ-- ခုကွ--"

ဟု အံ့သြ ညည်းညူလိုက်လေ၏။

ထိုအချိန်မှာပင် စည်သည်များကို ဝင်ရန်ခွင့်ပြုသည့် အချိန် သို့ ရောက်လာသဖြင့် စည်သည်များသည် ဆေးရုံကြီးသို့ တမွဲမွဲ ရောက်ရှိလာကြလေ၏။ ဆန်စက်မီးလောင်ကြောင်း သတင်း လာ၍ ပေးသောသူလည်း မောင်ဘချစ်တို့ နှစ်ဦး၏ ပျော်ရွှင် ဝမ်းမြောက်နေပုံကိုတွေ့လျှင် အူကြောင်ကြောင်ဖြစ်ကာ ပြန်၍ သွားလေတော့၏။ မောင်ဘချစ်နှင့် ကာကီဘောင်းဘီနှင့် လူကြီး သာလျှင် ပြောဆိုရယ်မောနေလေတော့၏။ ထိုအချိန်၌ ဦးကံသာ ၏ စည်သည်များသည် ဦးကံသာထံသို့ ရောက်ရှိလာကြလေ၏။ မောင်ဘချစ်ထံသို့လည်း စည်သည်တစ်ယောက် ရောက်၍လာ ၏လေ၏။ ထိုစည်သည်က အညိုရောင် စာအိတ်ကလေး တစ်အိတ် ကို ကာကီဘောင်းဘီနှင့် လူကြီးအား ပေးလိုက်လေ၏။ ကာကီ ဘောင်းဘီနှင့် လူကြီးလည်း စာအိတ်ကို ဖောက်၍ ဖတ်လိုက် ပြီးလျှင်---

"မောင်ဘချစ်ရေ ပျော်စရာတစ်မျိုး လာပြန်ပြီဟေ့"

ဟု ပြောလိုက်ရာ ကိုဘချစ်က---

"ဘာများတုံး ဆရာသမားရဲ့"

ဟု ပြန်၍ မေးလိုက်လေ၏။

"နိုင်ငံခြားမှာ ဆေးကုခံနေတဲ့ မင်း သားတော့ သေရာပြီလို့ သံကြိုးလာတာကွ"

ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြောလိုက်လေ၏။

ဦးကံသာလည်း ကိုဘချစ်တို့ဘက်သို့ နားစွင့်၍ နေလိုက်လေ၏။ စိတ်တွင်း၌လည်း---

"ဒီလောက်တောင်ပျော်တဲ့လူတွေ ဒီတစ်ခါ ပျော်နိုင်သေးရဲ့လား"

ဟူ၍လည်း ပြောမိလေ၏။ ကိုဘချစ်သည် တဖြည်းဖြည်းမြှ၍----

"ဝမ်းသာစရာပါပဲ ဆရာရယ်"

ဟု ပြောလိုက်ရာ ဦးကံသာသည် လွန်စွာ အံ့အားသင့်၍ သွားလေ၏။

မိမိ၏သား သေဆုံးသည်ကိုပင် ဝမ်းသာစရာပါပဲ ဟု ပြောနိုင်သည့် ကိုဘချစ်ဆိုသူအား စူးစူးဝါးဝါးကြည့်ကာ---

"ဘယ်လိုလဲဗျာ၊ ခင်ဗျားတို့ဟာ တကယ်ကို အပူအပင်နည်းတဲ့လူတွေပါလား၊ ဆရာဝန်ကြီးက ခြောက်လကြာရင်သေမယ်လို့ပြောတာကိုလဲ ခင်ဗျားတို့ဟာ ဝမ်းမနည်းကြဘူး၊ ဆန့်ကျင်ဘက်မီးလောင်တယ်လို့ ပြောတော့လဲ ပျော်နေကြတယ်။ ခုတစ်ခါ သားသေပြီလို့ ပြောတော့လဲ မတုန်မလှုပ်ရှိတဲ့လူကိုး၊ ဘယ်လိုလူစားမျိုးတွေပါလိမ့်"

ဟု မေးရလေတော့၏။ ထိုအခါ ကာကီဘောင်းဘီနှင့်လူကြီးက---

"ဒီလိုလူစားမျိုးတွေပေါ့ဗျာ၊ ဒီလိုလူစားဆိုတာ ရှင်းရှင်းပြောရရင် ဒီလိုလူစားပေါ့"

ဟု ပြောလိုက်လျှင် ဦးကံသာက---

"ခင်ဗျားကလဲဗျာ၊ နောက်တီးနောက်တောက်နဲ့"





ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်လေ၏။

"နောက်တာ မဟုတ်ဘူးဗျ၊ အကောင်းပြောနေတာ၊ ဒီလိုလူစား ဆိုတာက ခင်ဗျားနဲ့ ဘာမှမထူးတဲ့ ရိုးရိုးလူပဲလို့ပြောတာ၊ ဒါပေမယ့် ခင်ဗျားနဲ့မတူတဲ့ အချက်တွေတော့ ရှိတယ်"

ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြောလိုက်လေ၏။

"ကျုပ်နဲ့ ဘာတွေများ မတူသလဲဗျာ"

ဟု ဦးကံသာက မေးလိုက်လေ၏။ ထို့ကြောင့် ကာကီဘောင်းဘီနှင့် လူကြီးက ဦးကံသာ၏ မျက်နှာကိုကြည့်၍ အောက်ပါအတိုင်း ပြောလိုက်လေ၏။

"(တစ်) ခင်ဗျားက အမြဲတမ်း ဒုက္ခ ဒုက္ခနဲ့ ညည်းညူနေတယ်။ ဒုက္ခကို ဖိတ်ခေါ်နေတယ်။

မောင်ဘချစ်ကတော့ ဘယ်တော့မှ မညည်းညူဘူး၊ ဖြစ်ချင်တာဖြစ်လို့ သဘောထားတတ်တယ်။

(နှစ်) ခင်ဗျားက မှိုင်တွေချနေတတ်တယ်။

မောင်ဘချစ်က ဘယ်လိုအကြောင်းနဲ့မှ မမှိုင်တတ်ဘူး။ ဖြစ်ချင်တာဖြစ်လို့ သဘောထားတယ်။

(သုံး) ခင်ဗျားက မရောက်သေးတဲ့ နက်ဖြန်ကို စိတ်ကူးပြီး နက်ဖြန်အတွက် စိုးရိမ်နေတတ်တယ်။

မောင်ဘချစ်ကတော့ နက်ဖြန်အကြောင်းကို ဘယ်တော့မှ မစဉ်းစားသလို မရှိတော့တဲ့ မနေ့က အကြောင်းကိုလဲ မစဉ်းစားတော့ဘူး။ ကာယ်ရှိနေတဲ့ ဒီနေ့ ဒီနာရီ ဒီမိနစ် ဒီစက္ကန့်တွေထဲမှာပဲ နေထိုင်တယ်။ ဒီစက္ကန့် နောက်ရောက်လာမယ့် နာရီတွေ

မိနစ်တွေ စက္ကန့်တွေအပေါ်မှာလဲ ဖြစ်ချင်တာဖြစ်လို့ သဘောထားတယ်။

(လေး) ခင်ဗျားက တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး သောကဖြစ်နေတယ်။ မောင်ဘချစ်ကတော့ ဘယ်လို သောကကိုမှ ပုံကြီးမချဲ့ဘူး။ သေးအောင် စဉ်းစားပြီး ဖြေရှင်းပစ်လိုက်တယ်။ ဒီတော့ ခင်ဗျားနာမည်က ဦးကံသာဆိုပေမယ့် ဘယ်တော့မှ ကံက မသာဘူး။ အမြဲပဲ ကံကချာနေတယ်။ မောင်ဘချစ်ကတော့ ဖြစ်ချင်တာဖြစ်လို့ သဘောထားတတ်တဲ့အတွက် ဖြစ်ချင်တာဖြစ် မောင်ဘချစ်လို့တောင် အမည်တွင်ခဲ့တယ်ပေါ့ဗျာ။ ဒီလိုနေနိုင်လို့လဲ ကျန်းကောက်စရာမရှိအောင် မွဲတေနေတဲ့ ဘဝကနေ ဖြစ်ချင်တာဖြစ် မောင်ဘချစ်ဟာ ချမ်းသာလာတာပေါ့၊ ချမ်းသာလာတယ်ဆိုတာ ငွေတစ်ခုတည်းကို ပြောတာမဟုတ်ဘူး။ စိတ်ချမ်းသာတာကိုပါ ပြောတာ။ လောကမှာ ငွေချမ်းသာတဲ့ လူတွေက ပေါပါတယ်၊ သူတို့ရဲ့ နာမည်ကို ရွတ်ပြဆိုရင် တစ်နေကုန် ရွတ်လို့တောင် မကုန်နိုင်ပါဘူး၊ ' ဒါပေမယ့် စိတ်ချမ်းသာတဲ့ လူတစ်ယောက်နာမည်ကို ပြောပြပါဆိုရင်တော့ အတော့်ကို စဉ်းစဉ်းစားစား ပြောပါမှ တစ်ယောက်နှစ်ယောက်လောက် ရှိမှာပါ"

ကာကီဘောင်းဘီနှင့် လူကြီး၏ စကားကို နားထောင်ပြီးနောက် ဦးကံသာက---





"ဟုတ်ပါ့မလားဗျာ"

ဟု မေးလိုက်လေ၏။ ထိုအခါ၌ ကာကီဘောင်းဘီနှင့် လူကြီးက---

"ကဲ--- ဦးကံသာ ခင်ဗျားကို ကျုပ်မေးမယ်၊ ခင်ဗျားဟာ သူဌေးတစ်ယောက်ပဲလို့ ကျုပ်ခန့်မှန်းမိတယ်၊ ဒါပေမယ့် အခုတော့ တဖြည်းဖြည်း မွဲပြာကျလာပြီ မဟုတ်လား၊ ဒီမှာ ဦးကံသာ ခင်ဗျားရဲ့ မိတ်ဆွေတွေထဲမှာ ပိုက်ဆံချမ်းသာတဲ့လူ ငါးယောက်ရဲ့ နာမည်ကို ကျုပ်ကို ပြောပြနိုင်ပါ့မလား"

ဟု မေးလိုက်ရာ ဦးကံသာက---

"ပြောနိုင်ပါတယ်ဗျာ၊ စက်သူဌေး ဦးနီပု၊ ရွှေဆိုင်သူဌေး ဘဘတူ၊ သူဌေးကြီး ဦးဘဟန်၊ လယ်ပိုင်ရှင်သူဌေးကြီး ဦးမြသီး၊ ပြီးတော့ သူဌေးကြီးဘွဲ့ရ သူဌေးကြီး ဦးထွန်းလှဗျာ"

ဟု ချက်ချင်းပင် ရွတ်ဆိုပြလိုက်လေ၏။

ထိုအခါ ကာကီဘောင်းဘီနှင့်လူကြီးက---

"ကဲ ဦးကံသာ ခင်ဗျားရဲ့ မိတ်ဆွေတွေထဲမှာ စိတ်ချမ်းသာမှု ရနေတဲ့ လူတစ်ယောက်ရဲ့ နာမည်ကို ကျုပ်ကို ပြောပြစမ်းပါ"

ဟု ပြောလိုက်လျှင် ဦးကံသာသည် တစ်ကိုယ်တည်း စဉ်းစားပြီးနောက် အောက်ပါအတိုင်း ရေရွတ်နေလေ၏။

"စက်သူဌေး ဦးနီပုကလဲ ချမ်းတော့ ချမ်းသာပါရဲ့၊ ဒါပေမယ့် သူ့သားတစ်ယောက်အတွက် အမြဲတမ်း စိတ်ညစ်နေရရှာတယ်၊ ရွှေဆိုင်ဘဘတူကလဲ တလောက အဂ္ဂိရတ်ဆရာ ရွှေလိမ်သမားနဲ့ တွေ့လို့ ညည်းလိုက်တာ ချွဲသံကို ပါနေတာပဲ၊ ဦးဘဟန်ကလဲ မယားကြီးနဲ့ မယားငယ်ကြား ဗျာများပြီး စိတ်ဆင်းရဲနေရတာပဲ၊

လယ်နိုင်ရင် သူဌေးကြီး ဦးမြသီးကလဲ သူ့ရဲ့ သူရင်းငှားတွေနဲ့ မတည့်လို့ စိတ်ညစ်နေရတယ်၊ အင်း--အင်း ဦးထွန်းလှကလဲ သူ့ မိန်းမ မော်တော်ကား ဒရိုင်ဘာနဲ့ ဖောက်ပြားနေလို့ သူ့မှာ စိတ် ဒုက္ခရောက်နေရတယ်၊ တစ်ယောက်မှ စိတ်မချမ်းသာကြပါဘူး"

ထိုအခါ၌ ကာကီဘောင်းဘီနှင့်လူကြီးက---

"ဒီမှာ ဦးကံသာရဲ့၊ သူဌေးတွေထဲမှာ စိတ်ချမ်းသာသူမတွေ့ ရင် လူဆင်းရဲတွေထဲမှာ စဉ်းစားပါဦးဗျာ"

ဟု ပြောလိုက်ရာ ဦးကံသာက စဉ်းစားရေရွတ်ပြန်၏။

"စက်ဘရဝမ် မောင်သာလှကလဲ သူ့သမီးအတွက် စိတ်ဒုက္ခ ရောက်နေတယ်၊ ကုမ္ပဏီစာရေး လှအေးကလဲ စာရင်းကိုက် မရလို့ ငိုင်နေတယ်၊ ဒရိုင်ဘာမောင်ငွေကလဲ ကားပျက်လို့ ဓား ဓား စိတ်ညစ်ကြောင်း ပြောတယ်၊ လူဆင်းရဲတွေထဲမှာလဲ မရှိ ပါလား"

ထိုအခါ ကာကီဘောင်းဘီနှင့်လူကြီးက တဟားဟားနှင့် ရယ်မောရင်း---

"အဲဒါ အပြောပေါ့ဗျာ၊ စိတ်ချမ်းသာခြင်းဆိုတာ လွယ်တဲ့ အလုပ် မဟုတ်ဘူးဆိုတာ သိပြီမဟုတ်လား၊ ဆင်းရဲတဲ့လူလဲ စိတ်ညစ်နေရတယ်၊ ချမ်းသာတဲ့လူလဲ စိတ်ညစ်နေရတယ် မဟုတ်လား"

ဟု ပြောလိုက်လေ၏။

ဦးကံသာကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်းက ကာကီ ဘောင်းဘီနှင့်လူကြီးအား---

"ခင်ဗျားတို့နှစ်ယောက်ကတော့ ဘာကြောင့်များ စိတ်ချမ်း





သာနေကြတာလဲဗျာ၊ ကျုပ်လဲ စိတ်ချမ်းသာချင်လိုက်တာ"

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေ၏။

ထိုအချိန်၌ပင် ဦးကံသာ၏ ကံသာ ကုမ္ပဏီမှ စာရေးကလေး မောင်လှဖေး ရောက်ရှိလာပြီးလျှင် ဦးကံသာအား---

"ဆရာ-- ဆရာ၊ ဆရာ့ကို ကြွေးပေါင်းတွေ မဆပ်တဲ့ အတွက် ကြွေးရှင်တွေက လိမ်လည်မှုနဲ့ အမှုဖွင့်ကြပြီဆရာရေ"

ဟု ပြောလိုက်ရာ ဦးကံသာသည်---

"ဒုက္ခပါပဲ၊ ကျုပ်တော့ လူတောတိုးလို့ မရတော့ပါဘူး၊ ကျုပ် ကို လူလိမ်ကြီးဆိုပြီး ကဲ့ရဲ့ကြတော့မှာ၊ ကျုပ် ဒုက္ခရောက်ပါပြီ"

ဟု ပြောဆိုရင်း တုန်တုန်ယင်ယင်နှင့် ခုတင်ပေါ်မှ ဆင်းလာ ပြီးလျှင် သူ့ရှေ့မှာ ကာကီဘောင်းဘီနှင့်လူကြီးအား လည်း ကောင်း၊ ကိုဘချစ်အားလည်းကောင်း ကိုင်တွယ်လှုပ်ယမ်း၍--

"ကျုပ်နဲ့ခွထက် ကြီးတဲ့လူ ရှိပါသေးသလားဗျာတို့"

ဟု ပြောလိုက်ရာ မောင်ဘချစ်နှင့် ကာကီဘောင်းဘီနှင့် လူကြီးတို့သည်---

"ဟား-- ဟား-- ဟား"

ဟု၍ တဟားဟား တဝါးဝါးနှင့် ပက်ပက်စက်စက် ရယ်မောကြလေတော့၏။

"ခင်ဗျားတို့က ဘာကို ရယ်ကြတာလဲ၊ ကျုပ်ကို လှောင်တာ လား"

ဟု ဦးကံသာက ၎င်းတို့အား မေးလိုက်လေ၏။

"လှောင်တာ မဟုတ်ပါဘူး ဦးကံသာရယ်၊ လူတွေရဲ့ သဘောဟာ ကိုယ့်အမှု တကာ့အမှုလို့ ထင်နေကြတဲ့

သဘောကို စဉ်းစားမိလို့ပါ"

ဟု ကိုဘချစ်က ပြောလေ၏။

"ဘာဗျ"

ဟု ဦးကံသာက ပြန်၍ မေးလေ၏။ ကိုဘချစ်က စီးကရက်ကို မီးညှိလိုက်ပြီးလျှင်--

"လူတွေဟာ ကိုယ့်အမှုမှ တကယ့်အမှုလို့ ထင်တတ်ကြတယ်လို့ ပြောတယ်။ ကိုယ်နဲ့ နှိုင်းစာလိုက်ရင် ကမ္ဘာလောကကြီး တစ်ခုလုံးဟာ သေးသေးကလေး ဖြစ်သွားတယ်၊ ကျုပ်ပြောတာ မယုံဘူးလား၊ ကဲ-- ကျုပ်ပြောမယ်၊ မကြာသေးမီက မဲဒိတ်သမုဒ္ဒရာထဲမှာ ပင်လယ်ကူးသင်္ဘောကြီးတစ်စီး မြုပ်သွားတယ်၊ လူပေါင်း တစ်ထောင်ကျော်လောက် သေသွားကြတယ်၊ ဒါပေမယ့် အဲဒီ လူတစ်ထောင်သေတဲ့ သတင်းကို ကြားရတဲ့ အချိန်မှာ ကျုပ်ဟာ အဲဒီလူတွေအတွက် စိတ်မကောင်း မဖြစ်နိုင်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ကျုပ်ဟာ ခေါင်းကိုက်နေတယ်ဗျ၊ လူတစ်ထောင်လောက် အသက်ဆုံးရှုံးတာဟာ ကျုပ်အဖို့တော့ ကျုပ်ရဲ့ ခေါင်းကိုက်ရောဂါကလေးထက် ပိုပြီး စိတ်ဝင်စားဖြင်း မရှိခဲ့ဘူးဗျ၊ ယုံပါ ဦးကံသာ"

ဟု ကိုဘချစ်က ပြောလိုက်ရာ ဦးကံသာ၏ မျက်နှာသည် အနည်းငယ် ဝင်းလက်၍လာလေ၏။ ထို့နောက် ဦးကံသာကပင်

"ကျုပ်တို့ကြီး ပြောတာ သဘာဝကျလှဗျာ"

ဟုလည်း လိုက်လိုက်လှဲလှဲ ပြောလိုက်လေ၏။

"အဲဒီသဘာဝရဲ့ လျှို့ဝှက်ချက်ကို မသိခင်တုန်းက ကျွန်တော်လဲ ဒုက္ခရောက်ခဲ့တာပေါ့ဗျာ၊ ဒါပေမယ့် အဲဒီလျှို့ဝှက်ချက်ကို သိ





လာသွားရော ကျွန်တော့်မှာ စိတ်ချမ်းသာမှု ရတော့တာပဲ"

ဟု ကိုဘချစ်က ပြောလိုက်ပြန်ရာ ဦးကံသာက--

"ဦးလေးလဲ ငါတို့လို စိတ်ချမ်းသာချင်ပါတယ်၊ တစ်ဆိတ်လောက်ပြောစမ်းပါ"

ဟု တောင်းပန်လေ၏။

ထိုအခါ၌ ကာကီဘောင်းဘီနှင့်လူကြီးက ဦးကံသာအား--

"ခင်ဗျားကံကောင်းတာပေါ့ဗျာ၊ အဲဒီလျှို့ဝှက်ချက်ကို ရသွားရင် ကျန်တဲ့အသက်ပိုင်းမှာ စိတ်ချမ်းသာစွာနဲ့ နေသွားခွင့်ရတော့တာပေါ့"

ဟု ဝင်၍ ပြောလိုက်လေ၏။

"မှန်ပါတယ်"

ဟု ဦးကံသာက ထောက်ခံလိုက်၏။

"ဒါနဲ့နေပါဦး၊ ဦးကံသာက အသက် ဘယ်လောက်ရှိပြီလဲ ခင်ဗျ"

ဟု မေးလိုက်လေ၏။

"ဦးလေးအသက် (၃၈) နှစ် ရှိပါပြီ ငါတို့"

ဟု ပြောလိုက်လေ၏။

"ဪ-- ဦးကံသာက ကျွန်တော့်ထက် သုံးနှစ်တောင် ငယ်တာကိုး၊ ကျွန်တော်က (၄၁) နှစ်ပြည့်တော့မယ်"

ဟု ကိုဘချစ်က ပြောလိုက်ရာ ဦးကံသာက---

"ဪ-- ငါတို့က ဦးလေးထက် သုံးနှစ်တောင် ကြီးတာကိုး"

ဟု ပြောလိုက်လေတော့၏။

ထို့ကြောင့် ကိုဘချစ်နှင့် ကာကီဘောင်းဘီနှင့်လူကြီးတို့သည် ဦးကံသာ၏ စကားကို သဘောကျလွန်း၍ ဝါးခနဲ ရယ်ကြလေတော့၏။ ထို့ကြောင့် ဦးကံသာက---

"ဘာကိုရယ်ကြပြန်တာလဲ"

ဟု မေးလေ၏။

"ဘာကိုရယ်ရမှာလဲ ဦးကံသာရဲ့ ခင်ဗျားပြောတဲ့ စကားက ရယ်စရာကောင်းနေတာကိုး၊ ခင်ဗျားပဲ ပြန်စဉ်းစားကြည့်စမ်းပါဦး၊ ဘာတဲ့ ငါ့တူက ဦးလေးထက် သုံးနှစ်တောင် ကြီးနေတာကိုးဆိုတာဟာ ရယ်စရာ မကောင်းဘူးလားဗျာ၊ မတော်တဆဖြစ်သွားတဲ့ ဟာသကောင်းကလေး တစ်ခုပေါ့ဗျာ၊ ဟေး-- ဟေး-- ဟေ့"

ဟု ကာကီဘောင်းဘီနှင့်လူကြီးက ရှင်းပြလိုက်မှပင် ဦးကံသာလည်း ၎င်း၏ ကိုးရိုးကားရားနိုင်လှသော စကားကို ၎င်းဘာသာ သဘောကျ၍---

"ဟား--ဟား--ဟား တော်တော် ကိုးရိုးကားရားနိုင်တဲ့ စကားပဲဗျ"

ဟု အားရပါးရ ရယ်မောပြောဆိုလေ၏။ ထိုသို့ အားပါးတရ ရယ်မောလိုက်ရသဖြင့် ဦးကံသာ၏စိတ်များသည် ပေါ့ပါးလန်းဆန်း၍ လာလေတော့၏။ ထိုသို့ စိတ်လက်ပေါ့ပါးသွားသော အရသာကို ခံစားလိုက်ရသော ဦးကံသာက---

"ကျုပ်ဟာ အခုလို ဟစ်ဟက်ပက်ပက် မရယ်ရတာ ကြာပြီဗျ ခင်ဗျားတို့ကျေးဇူးကြောင့် ရယ်လိုက်ရတာ စိတ်ထဲမှာ ပေါ့ပါးသွားသလိုပဲ"





ဟုလည်း ဝမ်းပန်းတသာ ပြောလေ၏။

"တတ်ကူးတယ်ဆိုတာမျိုးပေါ့ဗျာ"

ဟု ကာကီဘောင်းဘီနှင့်လူကြီးက ပြောလေ၏။

ဦးကံသာသည် ကိုဘချစ်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးနောက်---

"ဟောဒီမိတ်ဆွေကြီး ကိုဘချစ်ကဖြင့် ကျုပ်ထက်တောင် သုံးနှစ် ကြီးပါသေးရဲ့၊ ဒါပေမယ့် တကယ့်ကို လူငယ်ကလေး ကျနေတာပဲ၊ ကျုပ်မှာတော့ အိုစာလိုက်တာဗျာ၊ ပြီးတော့ ကျုပ်ကို မြင်တဲ့လူတိုင်းက အသက် (၆၀) (၇၀) လောက် ရှိပြီလို့ အောက်မေ့နေကြတယ်။ မိတ်ဆွေကြီးဆီက ရုပ်ပျိုကိုယ်နုဆေးကလေးများရရင် ကောင်းမယ်ဗျာ"

ဟု ပြောလိုက်ရာ---

"ကျုပ်လဲပဲ ဟောဒီ ကျုပ်ဆရာကြီးရဲ့ ကျေးဇူးကြောင့်ပေါ့ဗျာ၊ နို့မဟုတ်ရင်လား၊ ရုပ်မပျို ကိုယ်မနုတဲ့အပြင် သေလိုအရိုးတောင်ဆွေးနေလောက်ပြီ။ ဟောဒီ ကျုပ်ဆရာကြီးကို လွန်ခဲ့တဲ့ အနှစ် (၂၀)လောက်က ဟောဒီဆေးရုံကြီး တိတိကျကျပြောရရင် ဟောဟိုဝရန်တာက ခုတင်မှာ ကျုပ်ဟာ သေလုမြောပါး ဖြစ်နေတုန်း သွားတွေ့ခဲ့တာပေါ့၊ အဲဒီကတည်းက သူဟာ ကျုပ်ကို ကိုယ်စောင့်နတ်လိုလိုက်ပြီး စောင့်ရှောက်ခဲ့တယ်၊ လူ့လောကကြီးမှာ ပျော်ပျော်ပါးပါး ကျေကျေနပ်နပ်ကြီးနေထိုင်ဖို့ နည်းကောင်း လမ်းကောင်းတွေကို ပေးခဲ့တယ်၊ ဒါကြောင့် ကျုပ်ဟာ ခင်ဗျားမြင်တဲ့အတိုင်းပဲ သောကမရှိဘဲ နေနိုင်တယ်၊ စိုးရိမ်ပူပန်မှု မရှိဘဲ နေနိုင်တယ်၊ တစ်နည်းပြောရရင် စိတ်ချမ်းသာစွာ

နေနိုင်တယ်ပေါ့ဗျာ"

ဟု ပြောလိုက်ရာ--

"ကျုပ်ကိုလဲ အဲဒီလို သောကမရှိအောင် နေတဲ့နည်းကလေး များ ပေးကြားခဲ့ပါဦးဗျာ"

ဟု ဦးကံသာက ပြောလိုက်လေ၏။

ထိုအခါ၌ ကာကီဘောင်းဘီနှင့်လူကြီးက--

"ဒီနည်းကို မောင်ဘချစ်ဟာ လွယ်လွယ်ကူကူ ရခဲ့တာ မဟုတ်ဘူးဗျ၊ ဘယ်လောက်ခက်ခက်ခဲခဲ ကြိုးစားပြီးမှ ရခဲ့တယ် ဆိုတာကို ခင်ဗျား သိရရင် သူ့ကို သိပ်လေးစားသွားလိမ့်မယ် ကဲ--- မောင်ဘချစ်ရေ၊ မင်းလဲ နောက်ခြောက်လဆိုရင် လူ ဘဝကို စွန့်လွှတ်ရတော့မှာပဲ၊ ဟောဒီခုကွသည်ကြီးကို မင်း ရထားတဲ့ နည်းကလေး ခါနှပ်ပြခဲ့ပေါ့ကွာ"

ဟု ပြောလိုက်ရာ ကိုဘချစ်က---

"ကျုပ်လဲ အဲဒါကို စဉ်းစားမိပါရဲ့ ဆရာသမားရယ်၊ ဒါပေမယ့် ဘဲ့ဥအစရှာရသလိုပဲ ဘယ်က အစပျိုးရမလဲဆိုတာကို မသိဘဲ ဖြစ်နေတယ်"

ဟု ပြန်၍ ပြောလေ၏။

"အေး ဟုတ်တယ်၊ တစ်စုစီ ပြောပြနေလို့တော့ ပြည့်စုံမှာ မဟုတ်ဘူးကွ၊ ကိုကံသာအနေနဲ့လဲ အင်မတန်ပဲ နားရှုပ်သွားလိမ့် မယ်၊ ပြီးတော့ နည်းတွေကိုချည်းပဲ သက်သက်လျှောက်ပြီး ပြောရင် မှတ်မိဖို့လဲ မလွယ်ဘူး၊ အဲဒီတော့ ဒီလိုလုပ်ကွာ၊ မင်း အနေနဲ့ ခုကွသုကွရောက်ပြီး လက်ထိတ်တန်းလန်းကြီးနဲ့ ဆေးရုံ တက်ရတာကစပြီး အစအဆုံးထိကို မင်းတွေ့ခဲ့သမျှ ကြုံခဲ့သမျှ





ဖြစ်ခဲ့သမျှတွေကို ဟောဒီ ကိုကံသာကို ပုံပြောသလို ပြောပြ လိုက်ပေတော့၊ မကောင်းဘူးလား"

ဟု ဦးရွှမ်တီက ပြောလိုက်ရာ မောင်ဘချစ်က တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုမီ၌ပင် ဦးကံသာက---

"ကောင်းတယ် ကောင်းတယ်၊ အဲဒီလိုပြောမှ ပိုပြီး မှတ်မိ မှာ၊ ကျုပ်က ဥာဏ်နည်းနည်းထိုင်းတယ်ဗျ လုပ်စမ်းပါ ငါ့တူ ရယ်၊ အဲ-- အဲ-- ယောင်သွားလို့ ကိုဘချစ်ရယ်၊ ကြားစမ်းပါရ စေဗျာ"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ မောင်ဘချစ်သည် ၎င်းတွေ့ကြုံခဲ့ရသော အဖြစ် အပျက်များကို ခရေစေ့တွင်းကျ ပြောပြလေတော့၏။ ဦးကံသာ ကြီးက ပါးစပ်အဟောင်းသားနှင့် နားထောင်၍ နေလေ၏။ ကာကီဘောင်းဘီနှင့်လူကြီးကမူ ---

"ဟုတ်သကွာ၊ မောင်ဘချစ်က မှတ်မိသကွာ၊ တော်သကွာ"

ဟု အနီးမှ တတွတ်တွတ် အားပေးချီးမွမ်းလေတော့၏။

❖ ❖ ❖

၎င်းမောင်ဘချစ် ပြောပြသော အကြောင်းအရာများ၌ လွန် စွာ အတုယူဖွယ်ကောင်းသော အချက်အလက်များလည်း ပါ၏။ လွန်စွာ စက်ဆုပ်ဖွယ်ကောင်းသော အဖြစ်အပျက်များလည်း ပါ၏။ ရင်နင့် လွမ်းဆွတ်ဖွယ်ရာများလည်း ပါ၏။ ဘချစ်ရှပ်နှင့် တစ်ကိုယ်တည်း ကျိတ်၍ ခိုကြေးရှင်လောက်အောင် ကြေကွဲ

ဖွယ်ရာ များလည်းပါ၏။ ကြက်သီးထဖွယ် သည်းခြေပျက်ဖွယ် များလည်း ပါ၏။ ထိုသောကတို့ကို ဖြေဖျောက်စေနိုင်သည့် အဖြေကော့ ဆေးနည်းကောင်းများလည်း ပါ၏။ ဤသည်ပင် ကျွန်ုပ်၏ အငှေ့ပျံ့ဖွယ်၊ မှတ်သားဖွယ်၊ ရောင်ကြည့်ဖွယ်၊ မြတ်နိုးဖွယ်၊ သိမ်းဆည်းထားဖွယ် ကောင်းသော **ဖြစ်ရပ်တာဖြစ် မောင်တာချစ်** ဟူသော ဝတ္ထုကြီးတစ်ပုဒ် ဖြစ်၍လာလေတော့သတည်း။

**မင်းသိခ**
**(စာရေးသူ)**



၁

## မောင်တာချစ်နှင့် သတိုးသားလောင်း

တစ်နေ့သ၌ ရန်ကုန်ဆေးရုံကြီး၏ အထူးလူနာများထားသော အဆောင်သို့ လူငယ်တစ်ဦးအား လက်တွန်းလှည်း ကုလားထိုင်ကလေးဖြင့် တွန်း၍ ယူလာကြလေ၏။ ထိုလူငယ်ကလေး၏ ပတ်ပတ်လည်၌လည်း ဆရာဝန်ကြီးများ၊ အပြာဝတ်၊ အစိမ်းဝတ်၊ အနီဝတ်၊ ပန်းရောင်ဝတ် သူနာပြုဆရာမများနှင့် မဲ့ဂလာဆောင်သို့ သွားသည့်ပမာ ဝတ်ကောင်းစားလှများ ဝတ်ထားသည့် မိန်းမကြီးများ၊ စိန်ဆံထိုး၊ စိန်လည်တံ၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်လက်စွပ် စသည်တို့ကို အပြိုင်အဆိုင်ဝတ်ဆင်ထားသည့် စိန်မမ၊ စိန်အန်တီ ဟုခေါ်လောက်သော သက်လတ်ပိုင်းအရွယ် မိန်းမများ၊ ရှင်ဖုံးအင်္ကျီတမာဘားဟား ပန်းနုရောင် ခေါင်းပေါင်း တကားကားနှင့် လူကြီးလူကောင်းများသည် တောရွာ၌ ရှင်လောင်းလှည့်သကဲ့သို့ လိုက်ပါခဲ့ကြလေ၏။

ထိုလူငယ်ကား ကောအက်စ်အမ် ဘွဲ့ရ သူဌေးကြီးဦးဘဦး၊

သူဌေးကတော် ဒေါ်လှထွေးတို့၏ တစ်ဦးတည်းသောသား မောင်ကံသာဆိုသူ ဖြစ်ပေသည်။ ၎င်းမောင်ကံသာအား စွဲစိတ်ကုသခံရန်အတွက် သရာဝန်ကြီးများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆေးရုံသို့ လာရောက် ဝင်ကြခြင်း ဖြစ်ပေသည်။ ၎င်းမောင်ကံသာသည် များမကြာမီအချိန်၌ပင် အတွင်းဝန်ကြီး ဦးလှသော်၊ အတွင်းဝန်ကတော် ဒေါ်မြစိန်တို့၏ သမီးသုံးယောက်အနက် အထွေးဆုံး သမီးဖြစ်သူ ကွန့်ဗင့်ကျောင်းသူ ဂျင်နီလှသော်ဆိုသော မိန်းကလေးနှင့် နှစ်ဦးနှစ်ဖက် မိဘများ သဘောတူ လက်ထပ်ကြမည့် သတို့သားလောင်း ဖြစ်ပေသည်။ ၎င်းမောင်ကံသာအား သီးသန့်အခန်းကလေး တစ်ခန်းအတွင်းသို့ ခေါ်ယူသွားလေ၏။

ထိုအခန်းကလေးအတွင်း၌ကား လူနာခုတင် အသစ်တစ်လုံးနှင့် မွေ့ရာ၊ အိပ်ရာခင်း၊ ခြင်ထောင်၊ ခေါင်းအုံးအသစ်များ ခင်းကျင်းထားလေ၏။ ခုတင်၏ ခေါင်းရင်းဘက်တွင်ကား ကြောင်အိမ်အဖြူကလေးတစ်လုံး ထားရှိလေ၏။ မောင်ကံသာအား ခုတင်ပေါ်သို့ တင်မည်အလုပ်တွင် စိန်ထည်လက်ဝတ် လက်စားများကို မြင်၍မကောင်းအောင် ဝတ်ဆင်ထားသော မိန်းမကြီးတစ်ဦးက မောင်ကံသာအား မွေနေသော ဆေးရုံအလုပ်သမား ကုလားများ ဘက်သို့ လှည့်၍---

"ဟဲ့--ဟဲ့-- ဟဲ့-- နေကြပါဦး ကိုရွှေကုလားတို့ရဲ့ ဆေးရုံက မွေ့ရာတွေ၊ ခြင်ထောင်တွေနဲ့ သိပ်လို့ ဘယ်ဖြစ်မှာတုံး၊ ဟဲ့ -- ရွှေမိ၊ ကားထဲမှာ မွေ့ရာတွေ၊ ခြင်ထောင်တွေ ယူလာတယ် လေ၊ အဲဒါတွေ သွားယူပြီး မြန်မြန်ခင်းစမ်း"

ဟု ပြောလိုက်သဖြင့် ဆေးရုံအလုပ်သမား ကုလားများမှာ





လည်း မောင်ကံသာအား ခုတင်ပေါ်သို့ မချရဘဲ မြှောက်၍သာ ထားရလေ၏။ များမကြာမီ၌ပင် ရွှေမိဟုခေါ်သော အိမ်ဖော် မိန်းမက ခြင်ထောင်နှင့် ခေါင်းအုံးကြီးကို ခေါင်း၌ရွက်၍ လည်း ကောင်း၊ ရွှေမိ၏ယောကျ်ားဖြစ်သူ ဒရိုင်ဘာမောင်ကျော်နိုင်က မွေ့ရာလိပ်ကြီးကို ထမ်း၍လည်းကောင်း ရောက်ရှိလာကြပြီး လျှင် ဆေးရုံခုတင်ပေါ်မှ ဆေးရုံမွေ့ရာ၊ ဆေးရုံအိပ်ရာခင်းများကို ဖယ်ရှား၍ ၎င်းတို့အိမ်မှ ယူလာသော ပစ္စည်းများကို ခင်းကျင်း ကြလေတော့၏။ ထို့နောက်တွင်ကား မောင်ကံသာအား မြှောက် ထားကြသော ဆေးရုံကုလားများသည် မောင်ကံသာအား ခုတင် ပေါ်သို့ အသာအယာ တင်ကြလေ၏။

ထိုအချိန်၌ကား မောင်ကံသာရှိရာ သီးသန့်အခန်းကလေးမှ လှမ်း၍ မြင်နိုင်လောက်သော ဝရန်တာတွင် လူနာသုံးခုတင် အဟောင်းတစ်လုံးနှင့် အုန်းဆံမွေ့ရာ အစုတ်တစ်ခုကို ဖြစ်သလို ခင်းထားသည့်နေရာသို့ အသက် (၂၀) အရွယ်ခန့်ရှိ လူနာတစ်ဦး သည် တစ်စုံတစ်ခုသော ဝေဒနာကို အပြင်းအထန်ခံစားရင်း ရောက်ရှိလာလေ၏။ ထိုလူငယ်သည် ခုတင်ပေါ်၌ ကွေးကွေး ကလေးခွေ၍ တဟင်းဟင်းနှင့် ညည်းညူနေရှာလေ၏။ သူနာပြု ဆရာမတစ်ဦးသည် ထိုလူငယ်၏ အနီးသို့ ရောက်ရှိလာပြီးလျှင် ကတ်ပြားကလေးတစ်ချပ်ကို ဖောင်တိန်နှင့် အဆင်သင့်ကိုင်၍ ဝေဒနာခံစားနေရသော လူငယ်အား--

"နာမည်"

ဟု ပြောလိုက်လေ၏။

"ဟုတ်ကဲ့ပါတယ်ခင်ဗျာ၊ တော်တော်ကိုနာပါတယ်၊ အသက်ရှူ

လို့ ကို မရပါဘူးခင်ဗျာ၊ ဗိုက်ထဲက ထိုးထိုးပြီး အောင့်ပါတယ်"

ဟု လူငယ်က မျက်နှာကို ရှုံ့မဲ့ရင်း ပြန်၍ ဖြေလေ၏။

"ခုကျွပါပဲ"

ဟု သူနာပြုဆရာမက ညည်းလိုက်လေ၏။

"တကယ့်ကို ခုကျွကြီးတဲ့သူပါ ခင်ဗျာ"

ဟု လူငယ်က ရှုံ့မဲ့ကာ ပြောလေ၏။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

ဟု သူနာပြုဆရာမက ခပ်ငေါ့ငေါ့ မေးလိုက်လေ၏။

"မောင်ဘချစ်လို့ ခေါ်ပါတယ်"

ဟု လူငယ်က ပြန်၍ဖြေလျှင် သူနာပြုဆရာမက---

"အသက်ကော"

ဟု မေးလေ၏။

"အသက်အကြောင်းတော့ မပြောပါရစေနဲ့ခင်ဗျာ"

ဟု လူငယ်က စိတ်ပျက်အားငယ်သော လေသံဖြင့် ပြန်၍ ပြောလေ၏။

"ရှင်မပြောချင်လို့ မရဘူး၊ ဒါဆေးရုံ၊ မေးတာပြောရမယ်၊ ကျွေးတာစားရမယ်၊ တိုက်တာ သောက်ရမယ်"

ဟု သူနာပြုဆရာမက မာကြွပ်ကြွပ်လေသံဖြင့် ပြန်၍ ပြောလေ၏။

"ဒီလိုဆိုလဲ ပြောပါ့မယ်ခင်ဗျာ၊ ကျွန်တော် သူ့ကို သိပ်ပြီး စိတ်နာတယ်"

ဟု လူငယ်က ပြောလိုက်လျှင် သူနာပြုဆရာမက---

"ဘယ်သူ့ကို စိတ်နာတာတုံး"





ဟု မေးလေ၏။

"အသက်ကိုပါ"

"အသက်ကို ဟုတ်လား"

"ဟုတ်ပါတယ်၊ အသက်ကိုပါ"

"အသက်ကို စိတ်နာရင် ဘာဖြစ်လို့ ဆေးရုံတက်သေးတုံး၊ သေအောင်နေလိုက်ပါလား"

ဟု ဆရာမက မဲ့၍ ပြောလိုက်လေ၏။

"သေလိုက်ချင်တာပေါ့ ခင်ဗျာ၊ ကျွန်တော့်ထက် သေဖို့ ကောင်းတဲ့သူ ဘယ်ရှိပါ့မတုံး"

ဟု လူငယ်က စိတ်ပျက်အားလျော့သော လေသံဖြင့် ပြောလိုက်လေ၏။

"တိုတိုပြောစမ်းပါ၊ ရှင့်တစ်ယောက်တည်း အလုပ်ရှိတာ မဟုတ်ဘူး"

ဟု ပြောလိုက်လျှင် မောင်ဘချစ်ဟုခေါ်သော လူငယ်က--

"တိုတိုပြောရရင် ကျွပ်ကိုပစ်ပြီး လင်ငယ်နဲ့ ပါသွားပြီ"

ဟု တုံးတိတိဖြေလိုက်ရာ သူနာပြုဆရာမက လူငယ်အား မျက်လုံးပြူး၍ ကြည့်ပြီးလျှင်---

"ရှင်ဘာတွေ ပြောနေတာလဲ"

ဟု မေးလိုက်လေ၏။

လူငယ်လည်း အားကျမခံ---

"ဆရာမကကော ဘာကို မေးတာတုံး"

ဟု ပြန်၍ မေးလိုက်လေ၏။

"ရှင့်အသက်ကို မေးနေတာ၊ ရှင်ဘာတွေ လျှောက်ပြီး ပြော

နေတာတုံး"

ဟု ပြန်၍ ပြောလေ၏။

"ကန်တော့ပဲ ဆရာမရေ ကန်တော့-- ကန်တော့ ကျုပ်က ကျုပ်မိန်းမ အသက်အကြောင်း မေးတယ် အောက်မေ့လို့ပါ"

ဟု လူငယ်က ပြန်၍ ပြောလေ၏။

ထိုအခါ ဆရာမက--

"ရှင့်ကို နေရာမှားပြီး ပို့လိုက်ပြီထင်တယ်၊ အရူးထောင်ကို ပို့ရမယ့်လူနာတွေကို ဒီဝပ်(ဒ်)ကို မှားပြီး ပို့ကြတာကိုး"

ဟု သူနာပြုဆရာမက ပြောလိုက်လေ၏။

"အမှန်ပါပဲ ဆရာမရယ်၊ အရူးထောင်ကို ပို့လိုက်ရင် ပိုပြီး ကောင်းပါတယ်"

ဟု လူငယ်က ပြောလိုက်လေ၏။

"ကဲပါ-- ရှင့်အသက် ဘယ်လောက်ရှိပြီလဲ၊ မြန်မြန်ပြောစမ်းပါ"

ဟု သူနာပြုဆရာမက ခပ်မာမာ အော်ဟစ်လိုက်လေ၏။

"အသက် (၂၂)နှစ် ရှိပါပြီ ဆရာမ"

ဟု လူငယ်က ပြန်၍ ပြောလေ၏။ ထို့နောက် သူနာပြုဆရာမ က---

"ပြန်ပြီး ဖတ်ပြမယ်"

ဟု ပြော၍ အောက်ပါအတိုင်း ဖတ်ပြလေ၏။

"နာမည်- မောင်ဘချစ်"

"အသက်- ၂၂ နှစ်"

"လူမျိုး- မြန်မာ"





"အဘအမည်- ဦးမြကောင်း"

"ဘာသာ- ဗုဒ္ဓဘာသာ"

လူငယ်က ငြိမ်၍နားထောင်နေလေ၏။ ထိုအခါ သူနာပြု ဆရာမက---

"ဟုတ်တယ်နော်"

ဟု မေးရာ လူငယ်က---

"ဟုတ်ပါတယ် ဆရာမရယ်"

ဟု ပြန်၍ဖြေလျှင် ဆရာမလည်း လူငယ်အနီးမှ ထွက်ခွာသွားလေတော့၏။ လူငယ်မှာမူ ဝမ်းဗိုက်အတွင်းမှ ထိုးအောင့်နာကျင်လှသော ဝေဒနာကြောင့် ၎င်း၏မျက်နှာပေါ်တွင် ဆီးကင်းဖူးအရွယ် ချွေးသီးချွေးပေါက်များ ယိုစီး၍ ထွက်နေလေတော့၏။

❖ ❖ ❖

ထိုအချိန်၌ကား အထူးခန်းအတွင်းရှိ မောင်ကံသာ၏ အနီး၌ ဆေးရုံဝန်ကြီးများလည်း ရှိနေသေး၏။ သူနာပြုဆရာမ ရောင်နုံလည်း ရှိနေကြသေး၏။ မိန်မ၊ မိန်အန်တီနှင့် ခေါင်းပေါင်းစ ဘလှလူများလည်း ရှိနေကြသေး၏။ လူနာဖြစ်သူ မောင်ကံသာ အားလည်း အမျိုးမျိုးအဖုံဖုံ အားပေးစကား ပြောဆိုနေကြလေ၏။ နောက်ထပ်လည်း ဧည့်သည်များ ရောက်ရှိလာပြီးလျှင် လူနာမောင်ကံသာအတွက် ဟောလစ်၊ ကော်ဖီ၊ မိုင်လိုဘူးများ၊ ဂျင်လေဒင်းပေါင်မုန့်များ၊ ကိတ်မုန့်များ၊ ပန်းသီးနှင့် စပျစ်သီးများ

စသည့် လက်ဆောင်ပစ္စည်းများကို ခုတင်ခေါင်းရင်းရှိ ကြောင်အိမ်အဖြူကလေးပေါ်သို့ သွားရောက်တင်ပေးထားကြကုန်၏။

မိန်းမကြီး တစ်ဦးကမူ---

"ဟောဒါလေးလဲ ဆောင်ထား မောင်ကံ့သာရေ၊ အန်တီတို့ ဆရာတော်ပေးထားတဲ့ စိပ်ပုတီးလေး၊ အန္တရာယ်ကင်းတယ် ကွယ့်"

ဟုဆိုကာ သုံးဆယ့်နှစ်လုံးပါသော စိပ်ပုတီးလေး တစ်ကုံးကို မောင်ကံ့သာ၏ လက်တွင်းသို့ သွား၍ထည့်လေ၏။

အခြားသော မိန်းမကြီးတစ်ဦးကလည်း

"မောင်ကံ့သာရေ၊ မင်း အန်ကယ် ယစ်မျိုးဝန်ထောက် ဘဝတုန်းက သူတပည့်တစ်ယောက်က ကန်တော့ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ သင်္ကန်းစကလေးကွယ့်၊ ခေါင်းအုံးထဲမှာ ထည့်ထားပေတော့"

ဟု ဆိုကာ သင်္ကန်းစကလေး တစ်စကို ပေးလေ၏။

အချုပ်အားဖြင့် ဆိုရပါမူ မောင်ကံ့သာ၏ အခန်းကလေး၌ လူစည်ကားလျက် ရှိပေ၏။ ဝေလမင်းသား ကိုယ်တိုင် ဆေးရုံတက်လျှင်ပင် ထိုထက်ပို၍ စည်ကားနိုင်တော့မည် မဟုတ်ပေ။ ခွဲစိတ်ဆရာဝန်ကြီးကလည်း မောင်ကံ့သာ၏ မိဘနှင့် ယောက္ခမလောင်းများကို ၎င်းကိုယ်တိုင် ကြပ်မတ် ခွဲစိတ်ပေးမည်ဖြစ်၍ မည်သို့မျှ စိုးရိမ်စရာ မရှိကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရဲဝံ့စွာ အာမခံနေလေ၏။

ထိုအချိန်တွင် သူနာပြုဆရာမများ စုဝေးရာ အခန်း၌ကား သူနာပြုဆရာမတို့သည် လူနာ မောင်ကံ့သာ၏ အကြောင်းကို





အမျိုးမျိုး ဝေဖန်ပြောဆိုနေကြ၏။ သူနာပြုဆရာမတစ်ဦးက အခြားသူနာပြုဆရာမတစ်ဦးအား---

"ဟေး-- စပါယ်ရှယ်ရွမ်းထဲကို ရောက်လာတဲ့ ပေးရှင့်က ဘာ ကေ့စ်လဲ"

ဟု မေးလေ၏။ အမေးခံရသော သူနာပြုဆရာမတစ်ဦးက--

"အိုင်လဲ သိပါဘူး မေရီရယ်"

ဟု ပြန်၍ပြောလျှင် သူနာပြုဆရာမ မေရီက---

"ယူက သိပ်အတာပဲ၊ အဲဒီလို အ လို့ ဒေါက်တာမဆွန်းနွားကို လက်လွှတ်သွားတာပေါ့၊ နို့မို့ရင် ခုလောက်ဆို ဒေါက်တာကတော်ကြီး ဖြစ်နေပြီ"

ဟု ပြောလိုက်လေသည်။

"မေရီကလဲ သိပ်ခက်တာပဲ၊ အိုင် မသိလို့ မသိဘူး ပြောတဲ့ဟာ၊ ဘာတွေလျှောက်ပြောမှန်း မသိပါဘူး"

ဟု အမေးခံရသော သူနာပြုဆရာမတာလေးက ပြန်၍ ပြောလိုက်လေ၏။ ထိုအချိန်၌ပင် ဆရာဝန်တစ်ယောက် ရောက်ရှိလာလျှင် ၎င်း၏ ဂျူတီကုတ်ခေါ် အပေါ်အင်္ကျီကိုချွတ်၍ တိုင်၌ချိတ်လိုက်လေ၏။ ထိုအခါ မေရီဟူသော သူနာပြုဆရာမက--

"ဒေါက်တာ့ကိုပဲ မေးရမှာပဲ ဒေါက်တာ၊ ဒေါက်တာ့ စပါယ်ရှယ်ရွမ်းက ကေ့စ်က ဘာကေ့စ်လဲ ဒေါက်တာ၊ တော်တော်တော့ အရေးကြီးပုံရတယ်၊ စစ်တော်ကြီးတွေရော မေထွန်းကြီးတွေရော ဆရာဝန်ကြီးတွေရော အကုန်လုံး အဲဒီ အခန်းထဲမှာချည်းပဲ"

ဟု ပြောလိုက်ရာ ဂျူတီကုတ်ကို လာ၍ချွတ်သော ဆရာဝန်

၏ မျက်နှာသည် စပ်ဖြဖြဖြစ်၍ သွားလေတော့၏။

"ပြောပါဆိုမှ ဒေါက်တာကလဲ ပြုံးစိစိနဲ့"

ဟု မေရီက ပြောလိုက်လေ၏။

"ငါမပြောချင်ဘူး၊ နင်တို့ စစ်စတာကြီးလာမှ မေးကြည့်ပေ တော့"

ဟု ဆရာဝန်က ပြန်၍ ပြောလိုက်လေ၏။

"အဲဒီ ဘီလူးမကြီးကို မမေးချင်ပါဘူး၊ သူ့ကို ဘီလူးမဈေးက ပဲ ပို့လိုက်ချင်တယ်"

ဟု သူနာပြုဆရာမ မေရီက ပြောလိုက်လေ၏။

ထိုအခါ၌ အခြားသော သူနာပြုဆရာမလေး တစ်ဦးက--

"ဒေါက်တာရယ် ပြောစမ်းပါ၊ အဲဒါကို မသိရရင် မေရီက ညကို အိပ်လို့ ပျော်မှာ မဟုတ်ဘူး၊ သိပ်ပြီး စပ်စုတဲ့ မိန်းမ"

ဟု ဝင်၍ ပြောသဖြင့် ဆရာဝန်က

"ဒီလိုဟေ့-- ရွှေပန်း သားအိမ်ဖြတ်မလို့၊ ဖြတ်မလို့၊ ဘာဖြတ် လို့ ဖြတ်မှာလဲ မေးဦးမလား၊ မမေးနဲ့တော့၊ မဖြတ်ရင် မဖြစ်လို့ ဆေးရုံအုပ်ကြီးနဲ့ တိုင်ပင်ပြီး လာဖြတ်တာဟေ့"

ဟု ပြောလိုက်သောအခါ၌ သူနာပြုဆရာမများသည် ဝါးခ ရယ်မောလိုက်ကြလေတော့၏။

သူနာပြုဆရာမတစ်ဦးကမူ---

"သက်သက် အလုပ်ပို"

ဟု ပြောလိုက်လေ၏။

❖ ❖ ❖





ထိုအချိန်၌ ဝရန်တာမှ မျက်နှာငယ်လှသော လူနာ မောင်ဘ ချစ်မှာမူ ဝမ်းဗိုက်အတွင်းမှ နာကျင်လှသော ဝေဒနာကြောင့် အော်ဟစ်ညည်းညူနေလေ၏။ ရေငတ်လွန်းသဖြင့် အနီးရှိ ရေ ပုလင်းမှ ရေအနည်းငယ်ကို ငုံ၍သောက်သော်လည်း ဝမ်းဗိုက် က လက်မခံသဖြင့် ဝေါခနဲ ပြန်၍ အန်ထုတ်ပစ်လေ၏။

လူနာ မောင်ဘချစ်သည် ဤသို့လျှင် ဝေဒနာကို အလူးအလဲ ခံ၍ နေရစဉ်မှာပင် ရာဇဝတ်အုပ်တစ်ယောက်နှင့် ပုလိပ် တစ်ယောက်သည် ဆရာဝန် တစ်ယောက်နှင့်အတူ မောင်ဘချစ် အနီးသို့ရောက်၍လာကြလေ၏။ ဆရာဝန်က ရာဇဝတ်အုပ်အား

"ဓားဓားကာပဲ ဆေးရုံကို ရောက်လာတဲ့ မောင်ဘချစ်ဆိုသူ ပဲ"

ဟု ပြောလိုက်လေ၏။

ရာဇဝတ်အုပ်လည်း မောင်ဘချစ်၏ ဝေဒနာ ခံစားနေရပုံကို ကြည့်ပြီးလျှင် ၎င်း၏ ပုလိပ်ဘက်သို့လှည့်က---

"မင်း စောင့်ရလိမ့်မယ်၊ သူ့အမှုက စောင့်မှဖြစ်မယ့် အမှုကွ ဖမ်းဝရမ်း ထုတ်ပြီးပြီ၊ သူ့ကို ဂါတ်တဲခေါ်သွားလို့လဲ မဖြစ်သေး ဘူး"

ဟု ပြောလိုက်ရာ ပုလိပ်က---

"စောင့်တာကတော့ နေ့တစ်ယောက် ညတစ်ယောက် ထား ပေးမှ ဖြစ်မယ် ဆရာ"

ဟု ပြောလေ၏။

"အေးလေ၊ ငါလွှတ်ပေးမှာပေါ့"

ဟု ရာဇဝတ်အုပ်က ပြောလေ၏။

"မဟုတ်ဘူးဆရာ။ ညက ကျွန်တော် ကင်းကျတာ အခုပဲ ကင်းက ထွက်လာတာ၊ ကျွန်တော် စောင့်လို့ မဖြစ်ဘူး၊ အိပ်ငိုက်နေပြီ၊ ဂါတ်ကတစ်ယောက်ကို စောင့်ဖို့ လွှတ်ပေးပါ"

ဟု ပုလိပ်က ပြန်၍ ပြောလေ၏။

"အေးလေ၊ အခု မင်းစောင့်နေဦးမှပေါ့၊ ငါလွှတ်လိုက်မယ်"

ဟု ရာဇဝတ်အုပ်က ပြန်ပြောလေ၏။

"မဟုတ်ဘူးဆရာ၊ ကျွန်တော်လဲ ပြန်မှ ဖြစ်မယ်၊ တစ်ညလုံး စောင့်ထားရတာ"

ဟု ပုလိပ်က ပြန်၍ ပြောလေ၏။

"မင်း ပြန်သွားလို့ ဖြစ်မလားကွ၊ တရားခံထွက်ပြေးရင် ငါ့ အလုပ်ပြုတ်တော့မှာပေါ့၊ မင်းတို့ပြောလိုက်ရင် ဒီလိုချည်းပဲ"

ဟု ရာဇဝတ်အုပ်က သူ၏ပုလိပ်ကို ငေါက်လိုက်လေ၏။

ထိုအခါ၌ ပုလိပ်က---

"ဒီလိုလုပ်ထားရင် ရပါတယ်ဆရာရယ်"

ဟုဆိုကာ ၎င်း၏ခါးတွင် တွဲလောင်းချိတ်လျက် ပါလာသော လက်ထိပ်ကွင်းတစ်ဖက်နှင့် မောင်ဘချစ်၏ လက်တစ်ဖက်ကို လက်ထိပ်ခတ်လိုက်ပြီးလျှင် ကျန်သော လက်ထိပ်ကွင်းကိုမူ ခုတင်၏ ခေါင်းရင်းဘက်မှ သံတန်းဖြင့် ခတ်လိုက်လေ၏။

မောင်ဘချစ်မှာ ဝေဒနာခံစားရ၍ နေရစဉ် ယခုကဲ့သို့ လက်ထိပ်ခတ်ခြင်း ခံရသဖြင့် ဝမ်းနည်းကာ မျက်ရည်များ ကျ၍ လာလေတော့၏။

ဆရာဝန်သည် ထိုအဖြစ်ကိုကြည့်ကာ စိတ်မချမ်းမြေ့စွာနှင့်





လှည့်၍ ထွက်သွားတော့သည်။

မောင်ဘချစ်ကမူ---

"ရာဇဝတ်အုပ်မင်းရယ်၊ ကျွန်တော် ထွက်မပြေးပါဘူးခင်ဗျာ၊ လက်ထိပ်တော့ မခတ်ကြပါနဲ့"

ဟု ငိုယို၍ တောင်းပန်လေသော်လည်း ရာဇဝတ်အုပ်နှင့် ၎င်း၏ ပုလိပ်တို့သည် 'ဝတ္တရားသည် ဝတ္တရား' ဟူသည့် ဆောင်ပုဒ်ကို ဦးခေါင်း၌ သံမှိုနှက်ထားသကဲ့သို့ စွဲ၍နေကြသူများ ဖြစ်ရာ ကြင်နာမှု အရိပ်အယောင်ကိုမျှ ဖော်ပြခြင်းမပြုဘဲ ထွက်သွားကြလေတော့၏။

မောင်ဘချစ်မှာမူကား ငို၍ ကျန်ရစ်ခဲ့လေတော့၏။

❖ ❖ ❖

အထူးလူနာခန်းမှ မောင်ကံသာအတွက်မူကား ၎င်း၏ ယောက္ခမလောင်းဖြစ်သူ အတွင်းဝန်ကတော် ဒေါ်မြစိန်က ဆေးရုံ၌ ဆရာမများနှင့် မကျေနပ်သေးဘဲ၊ မောင်ကံသာအား စောင့်ကြပ်၍ ပြုစုရန်အတွက် စပါယ်ရှယ်နာ့စ်ခေါ် နေ့တွက်ပေး၍ ငှားရမ်းရသော သူနာပြုဆရာမနှစ်ဦးကို နေ့တစ်လှည့် ညတစ်လှည့် စောင့်ကြပ်ရန် ငှားရမ်းနေလေ၏။

စပါယ်ရှယ်နာ့စ်များ ရောက်လာသည့်အခါမှပင် မောင်ကံသာ၏ မိဘများ၊ ယောက္ခမလောင်းများနှင့် ဧည့်သည်များသည် မောင်ကံသာအား နှုတ်ဆက်ကာ ပြန်၍ သွားကြလေတော့၏။

တစ်ကြိမ်တစ်ခါမျှ ဆေးရုံမတက်ဖူးသော မောင်ကံသာသည်

အားငယ်စွာနှင့် ကျန်ရစ်ခဲ့လေတော့၏။ ၎င်းအား စောင့်ကြပ်ရသော စပါယ်ရှယ်နာ့စ် အမျိုးသမီးလေးသည် ခုတင်ခြေရင်းရှိ ခွေးခြေပေါ်တွင် ထိုင်၍ သိုးမွေးဆွယ်တာတစ်ထည် ထိုး၍ နေလေ၏။ မောင်ကံသာမှာမူ နိုင်ငံခြား မဂ္ဂဇင်း စာအုပ်တစ်အုပ်ကို ကောက်ယူ ကြည့်ရှုရင်း ထိုစာအုပ်တွင်ပါသည့် ဒရက်ကူလာခေါ် အင်္ဂလိပ် ဘိုင်စကုပ် ကြော်ငြာတစ်ခုကို ဖတ်မိလေတော့၏။

မောင်ကံသာသည် ၎င်း ဒရက်ကူလာ ရုပ်ရှင်ကြော်ငြာကို ဖတ်ပြီးလျှင် လွန်စွာ စိတ်အားငယ်၍ သွားလေတော့၏။ ထို့ကြောင့် စာအုပ်ကို ဆတ်ခနဲပိတ်၍ စပါယ်ရှယ်နာ့စ်ဘက်သို့ လှည့်ကာ

"ဆရာမ"

ဟု အလန့်တကြား ခေါ်လိုက်လေ၏။

ဆရာမလည်း သိုးမွေးထိုးနေရာမှ လန့်၍သွားပြီးလျှင် မောင်ကံသာအား ပြူးဝိုင်းသော မျက်လုံးဖြင့်ကြည့်၍---

"ဘာလဲ--- ဘာလဲ"

ဟု မေးလေ၏။

"ဆေးရုံမှာ သရဲရှိတယ်ဆိုတာ တကယ်ပဲလား"

ဟု မောင်ကံသာက မေးလိုက်ရာ ဆရာမက---

"အိုး--- တောက်တီးတောက်တဲ့ရှင်၊ ဘယ်ကလာ သရဲရှိရမှာလဲ၊ ကျွန်မတို့ဆိုရင် ညကြီး သန်းခေါင် မော်ကျူရီ (ရင်ခွဲရုံ) ကို တစ်ယောက်တည်း သွားနေတာပဲ၊ ဘာသရဲမှ မရှိပါဘူး"

ဟု ပြောလိုက်မှပင် မောင်ကံသာလည်း ဟင်းခနဲ သက်ပြင်းကိုချ၍---





"မသိပါဘူး ဆရာမရယ်၊ ကျွန်တော်က အဲဒီလို ကြားဖူးလို့ပါ ပြီးတော့ ဟောဒီ စာအုပ်ထဲမှာကလဲ ဒရက်ကူလာဆိုတဲ့ သရဲဘိုင်စကုပ်အကြောင်း ကြော်ငြာပါလာတာကို ဖတ်မိလိုက်တော့ ဟဲ--ဟဲ နည်းနည်းတော့ လန့်သွားတယ်ဗျ"

ဟု ပြောလိုက်လေတော့သတည်း။

**မှတ်ချက်။** ဒရက်ကူလာဆိုသည့် ထိတ်လန့်ဖွယ်ရာ ရုပ်ရှင်ကားမှာ စစ်ပြီးခေတ်တွင် ခရစ်တိုဖာလည်း ဆိုသော မင်းသားနှင့် ပြန်လည် ရိုက်ကူးခဲ့ပါသည်။ ထိုရုပ်ရှင်ကားသည် မြန်မာပြည်သို့လည်း ရောက်ရှိလာသည်ဖြစ်ရာ၊ လူကြိုက်များလျက် ကျွန်ုပ်၏ စာဖတ်မိတ်ဆွေလည်း ကြည့်ဖူးမည် ထင်ပါသည်။

ထိုရုပ်ရှင်ဇာတ်ကားမှာ မောင်ကံသာတို့ ဆေးရုံတက်ခဲ့သော စစ်မဖြစ်ခင် ကာလကလည်း မြန်မာပြည်သို့ ရောက်ရှိလာခဲ့ဖူးပါသည်။ မင်းသားမှာ ဗီလာလူဂိုစီ ဖြစ်ပါသည်။ စစ်မဖြစ်မီက ထိုရုပ်ရှင် ကြော်ငြာကလေးတစ်စောင် ကျွန်ုပ်ထံ၌ ရှိနေပါသည်။ မိတ်ဆွေများ မြင်ဖူးတွေ့ဖူးစေလိုသော စေတနာ ဖြင့် ဖော်ပြလိုက်ပါသည်။

စာရေးသူ




## ဒုက္ခကို စာရင်းလုပ်သော မောင်ဘချစ်

ဆေးရုံတက်ပြီး နှစ်ရက်အကြာတွင် သတို့သားလောင်း မောင်ကံသာသည် ဆေးရုံမှဆင်း၍ သွားလေတော့၏။ ဓိဆေးရုံမှ ဆင်းသည့်အခါ၌လည်း မောင်ကံသာအား ထီးမိုးသူက မိုး၏။ ဘာမှမဖြစ်ပါဘဲလျက် တွဲသူကတွဲ၏။ မောင်ကံသာ၏ ဘေးပတ် ပတ်လည်မှလည်း လူကြီးလူကောင်းတို့သည် ဝိုင်းအုံ၍ လိုက်ပါ ကြ၏။ မောင်ကံသာ၏ နောက်မှလည်း စိန်မမ၊ စိန်အန်တီတို့ သည်လည်း ရှင်လောင်းလှည့်မှာ တသီတတန်းကြီး လိုက်ပါခဲ့ ကြလေ၏။

ထိုမြင်ကွင်းကို မြင်တွေ့ရသော သူအပေါင်းက အံ့သြကြ ကုန်၏။ မောင်ကံသာ၏ ဘဝကံကို အားကျကြကုန်၏။ အချို့က လည်း မဲ့ရွဲ့ကြကုန်၏။ မဲ့ရွဲ့ရုံမျှမက "ပိုက်ဆံချမ်းသာတဲ့လူများ တော်တော်ကို အဖြစ်သည်းကြတယ်" ဟုလည်း အပြစ်တင်ကြ ကုန်၏။

ထိုအချိန်၌ အူအတက်ပေါက်သောကြောင့် ဝမ်းဗိုက်ကို အခွဲခံထားရသော မောင်ဘချစ်ဆိုသည့် လူနာမှာမူ သံခုတင်ထက်တွင် တဟင်းဟင်း တဟဲဟဲနှင့် ညည်းညူ၍သာ နေရရှာလေ၏။ ၎င်း၏အနီး၌လည်း ပြုစုမည့်သူဟူ၍ တစ်စုံတစ်ယောက်မျှ မရှိပေ။ ၎င်း၏ လက်တစ်ဖက်ကိုမူ ပုလိပ်တို့က သံခုတင်ဖြင့် မူး၍ လက်ထိတ်ခတ်ထားလေ၏။

မောင်ဘချစ်သည် ၎င်း၏ အဖြစ်ဆိုးပုံကို ကြည့်ကာ မျက်ရည်များ တတွေတွေ စီးကျလာလေတော့၏။ ထိုအချိန်၌ ၎င်းအနီးရှိ ခုတင်သို့ရောက်ရှိလာသော လူနာတစ်ဦးက မောင်ဘချစ်အား ကြည့်ရှု၍ အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ဒီမှာ ကိုယ့်လူ ငိုမနေနဲ့၊ အဲတရီ သင်း အစ် ဖော် သဘာက် (ဖြစ် သမျှအကြောင်း အကောင်းချည်းပဲ)"

ဟု တရုတ်သံဝဲသော အင်္ဂလိပ်စကားဖြင့် ပြောလိုက်လေ၏။

ထိုအခါ၌ လူနာမောင်ဘချစ်က---

"ကျွန်ုပ်မှာတော့ ဖြစ်သမျှအကြောင်းက အဆိုးချည်းပဲဖြစ်နေပါတယ်ဗျာ"

ဟု ငိုမဲ့မဲ့နှင့် ပြန်၍ ပြောလိုက်ရာ ထိုလူက---

"သဘောမပေါက်သေးလို့ပါ၊ လောကကြီးရဲ့ အဖြစ်သနစ်တွေကို သဘောမပေါက်သေးလို့ပါ၊ တကယ် သဘောပေါက်လာရင် ငိုပါဆိုလို့တောင် ငိုမှာ မဟုတ်တော့ဘူး"

ဟု ပြောပြန်လေ၏။

မောင်ဘချစ်သည် မိမိ၏ ကြီးမားသော ဒုက္ခကို ကိုယ်ချင်းစာနာမှုမရှိဘဲ သဘာဝမကျသော အားပေးခြင်းဖြင့် အားပေး





လျက်ရှိသော တရုတ်သံဝဲဝဲနှင့် ခုတင်နီးချင်းအား စားတော့ဝါးတော့မည့်ကဲ့သို့ စူးစူးဝါးဝါး ပြန်၍ ကြည့်လိုက်လေ၏။

ထိုသို့ မကျေနပ်သော မျက်နှာထားမျိုးဖြင့် မိမိအား ကြည့်လိုက်သည်ကို အကင်းပါးလှသော ထိုလူက ကောင်းစွာ ရိပ်မိလေ၏။

ထို့ကြောင့် တစ်ချက်မျှ ပြုံးလိုက်ပြီးလျှင်---

"မကျေနပ်ရင် ခေါ်သ၊ ကျေနပ်ရင် လောဘတဲ့၊ ဟဲ--ဟဲ--အခု မင်းက ငါပြောတဲ့ စကားကို မကျေနပ်တော့ ဒေါသဖြစ်လာပြီ၊ ဒါဟာ မဆန်းပါဘူး၊ ဒေါသဖြစ်တာလဲ ကောင်းပါတယ်၊ ဒေါသဟာ ကိုယ့်လူရဲ့ အားငယ်စိတ်ကိုတော့ ခွေ့ ပျောက်ပေးနိုင်တယ် မဟုတ်လား"

ဟု ထိုလူက တရုတ်သံဝဲဝဲနှင့် ပြောပြန်လေ၏။

မောင်ဘချစ်သည် ထိုလူအား ကြည့်ပြန်၏။ ထို့နောက်--

"မင်းဗျားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်ုပ်ကို စိတ်ညစ်အောင် လုပ်နေတာလဲ၊ ကျွန်ုပ်ဟာ ဒုက္ခသည်တစ်ယောက်ပါ"

ဟု ပြောပြန်၏။

"ငါက ဘယ်သူလဲ ဟုတ်လား၊ ငါ ဘယ်သူဖြစ်တယ်ဆိုတာက အရေးမကြီးပါဘူးကွ၊ ဒါပေမယ့် မင်းက သိချင်လေတော့ ငါ့နာမည်တော့ ပြောထားရမှာပေါ့ကွာ၊ ငါ့နာမည်က ဝွမ်တီတဲ့ကွ၊ လူမျိုးက တရုတ်ကပြားပေါ့ကွာ၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကတော့ ပန်းရန်ဆရာတစ်ယောက်ပါပဲ၊ အခုဆေးရုံကို ရောက်လာတာကတော့ လမ်းမှာ အမူးတက်ပြီး သတိမေ့လဲနေတာကို အမြင်မတော်တဲ့လူတွေက ဆေးရုံတင်လိုက်ကြလို့

ရောက်လာတာပဲ၊ ငါရောက်လာတာဟာ မင်းအတွက် ကံ
ကောင်းတာပေါ့ကွာ"

ဟု ဦးငွမ်တီဆိုသူက ပြောလိုက်လေ၏။

ထိုအခါ၌ မောင်ဘချစ်က---

"ခင်ဗျား ဆေးရုံတက်တာနဲ့ ကျုပ်က ဘာဖြစ်လို့ ကံကောင်း
ရမှာလဲ"

ဟု ပြန်၍ မေးလိုက်လေ၏။

"အဲဒါပြောချင်တာပဲ၊ မင်းကို ခွဲစိတ်ခန်းက ထုတ်လာတုန်းက
မင်းဟာ သတိမရသေးဘူး၊ မင်းလက်မှာလဲ လက်ထိတ် တန်း
လန်းကြီးနဲ့ဆိုတော့ မင်းကို မြင်မြင်ချင်းပဲ---"

ဟု ဆိုကာ ဦးငွမ်တီဆိုသော တရုတ်ကပြားကြီးက စကား
ကို ရပ်၍ထားလိုက်လေ၏။

"မြင်မြင်ချင်း ဘာဖြစ်သလဲဗျ"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီသတ္တဝါကတော့ ငါကယ်မှ ချမ်းသာမယ့် သတ္တဝါပဲလို့
တွေးမိလိုက်တယ်ကွ"

ဟု ဦးငွမ်တီက ပြောလိုက်လေ၏။

"ကျုပ်မှာက ဒုက္ခတွေ သောင်းခြောက်ထောင်တွေနေရတာ
ခင်ဗျားက ဘယ်လို ကူညီနိုင်မှာလဲ"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒုက္ခက သောင်းခြောက်ထောင်ပဲ ရှိသေးတာကွ၊ သောင်း
ခုနစ်ထောင်မှ မဖြစ်သေးတာပဲ၊ ဟဲ--- ဟဲ"

ဟု ဦးငွမ်တီက ရယ်မောလေ၏။





"ခင်ဗျားလို ပန်းရန်ဆရာတစ်ယောက်က ကျုပ်ရဲ့ ဒုက္ခတွေ
ကို ဖြေရှင်းပေးနိုင်တယ်၊ ဟုတ်လား"

ဟု မောင်ဘချစ်က အားမလိုအားမရ လေသံဖြင့် ပြန်၍
မေးလိုက်ပြန်လေ၏။

"ဟအး--- ဟုတ်တယ်၊ မင်းရဲ့ ဒုက္ခတွေကို ကူညီဖြေရှင်း
ပေးနိုင်တယ်ကွ၊ ဘယ်လိုဖြေရှင်းပေးမလဲ သိရဲ့လား"

ဟု ဦးငွမ်တီက ပြန်၍ မေးလိုက်လေ၏။

"ဟင့်အင်း--- မသိဘူး၊ ပြီးတော့ ယုံလဲ မယုံဘူး"

ဟု မောင်ဘချစ်က ပြန်၍ ပြောလိုက်လေ၏။

"ဒုက္ခတွေကို ဆီပြန်ချက်ပြီး စားရမယ်ကွ၊ ဖြစ်နိုင်ရင် ဒုက္ခ
တွေ ညှီစော်မနံရအောင် မဆလာကောင်းကောင်းနဲ့ နယ်ပြီးမှ
ချက်ရမယ်၊ ဒုက္ခဆီပြန်ဟင်း စားဖူးရင် တစ်ခါတည်းနဲ့ လျှော
လျော့သွားမယ်၊ နောက်ဆိုရင် ဒုက္ခဟင်းကလေး စားချင်လို့ ဒုက္ခ
မရှိရအောင် လိုက်ပြီး ရှာနေရဦးမယ်"

ဟု ပြန်၍ ပြောလေ၏။

"ဟာ--- ပေါက်ဖော်ကြီး၊ ခင်ဗျားဟာ ရူးနေတာတော့
မဟုတ်ပါဘူးနော်"

ဟု မောင်ဘချစ်က ပြန်၍ မေးလေ၏။

"ဟား-- ဟား-- ပေါက်ဖော်ကြီးတဲ့၊ ပေါက်ဖော်ဆိုတာ
ဆွေမျိုးကို ခေါ်တာကွ၊ မြန်မာဟင်းကောင်း ခင်ရာဆွေမျိုး
မဟုတ်လားကွာ၊ ငါ့ကို ဆွေမျိုးတစ်ယောက်လို သဘောထားနိုင်
ပါတယ်၊ ဟဲ-- ဟဲ-- မင်းကိုပြောလိုက်ဦးမယ်၊ ငါဟာ ရူးနေ
တာမှ မဟုတ်ပါဘူးကွ၊ မင်းကသာ ဒုက္ခတွေကို ကြောက်ပြီး

သွေးပျက်နေတဲ့ ဒုက္ခူး တစ်ယောက်ပါ ကိုယ့်လူရ"

ဟု ဦးဂွမ်တီက ပြန်၍ ပြောလေ၏။

"ဒါပေမဲ့ ပေါက်ဖော်ကြီး ပြောတဲ့ စကားက အရူး တစ်ယောက်ရဲ့ စကားမျိုးပဲ၊ ဘာတဲ့ ဒုက္ခကို မဆလာနဲ့ နယ်ပြီး ဆီပြန်ချက်စားမယ်ဆိုတာလေ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဂွမ်တီက တဟားဟား နှင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ထိုသို့ ရယ်မော သည့်အခါ၌ ဦးဂွမ်တီ၏ မျက်လုံးပေါက်များသည် သေးသေး ကျဉ်းကျဉ်းကလေး ဖြစ်၍သွားလေ၏။ ဦးဂွမ်တီ၏ မျက်နှာသည် လည်း တစ်မျိုးတစ်ဖုံ ခင်မင်စရာကောင်း၍ နေလေ၏။

ဦးဂွမ်တီသည် ဟက်ဟက်ပက်ပက် ရယ်မောပြီးနောက်--

"ဒုက္ခဆီပြန်ဟင်းကို မစားဖူးသေးတော့ မယုံဘူးပေါ့ကွာ ငါကတော့ အဲဒီဟင်းကို ကိုယ်တိုင်လဲ ချက်ပြီးစားတယ်၊ သူများ ကိုလဲ မကြာခဏချက်ပြီး ကျွေးဖူးလေတော့ အရသာ တွေ့နေပြီ ကွ၊ ဒီတစ်ခါတော့ မင်းကို ချက်ကျွေးရမှာပဲပေါ့"

ဟု ပြောလေ၏။

"မဟုတ်တာပဲ ပေါက်ဖော်ကြီးရယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"အေး-- ကောင်းတယ်ကွာ၊ ပေါက်ဖော်ကြီးလို့ပဲ ခေါ်ပါ တော့ကွာ၊ ပေါက်ဖော်ကြီး ပေါက်ဖော်ကြီးလို့ ခေါ်တိုင်းခေါ်တိုင်း ဆွေမျိုးကြီး ဆွေမျိုးကြီးလို့ အဓိပ္ပာယ်ရနေတာပေါ့၊ ဟဲ-- ဟဲ"

ဟု ဦးဂွမ်တီခေါ် ပေါက်ဖော်ကြီးက ပြောလေ၏။

"ဒုက္ခကို ဘယ်လိုဆီပြန်ချက်မှာလဲဗျ"





ဟု မောင်ဘချစ်က မေးလေ၏။

"အဲဒါပြောတာပေါ့ကွ၊ ကဲ--- ဒါဖြင့် မင်းကိုမေးမယ်၊ မင်းဟာ ဒုက္ခကို မကြောက်ဘူးလားကွာ"

ဟု ပေါက်ဖော်ကြီးက မေးလေ၏။

"ဒုက္ခကို ကြောက်တာပေါ့ဗျာ"

ဟု မောင်ဘချစ်က ဖြေလေ၏။

"ဒါဖြင့်ရင် ဒုက္ခဟာ အကောင်လားကွာ"

ဟု ပေါက်ဖော်ကြီးက မေးလေ၏။

"ဒုက္ခဟာ အကောင်တော့ မဟုတ်ဘူးဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"အကောင်မဟုတ်ရင် ဟင်းချက်လို့ မရသေးဘူးကွ၊ အကောင်ဖြစ်လာရင်တော့ ဟင်းချက်လို့ ရပြီပေါ့ကွာ"

ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

"ကတ်သီးကတ်သတ် ပေါက်ဖော်ကြီးရယ်၊ စိတ်ညစ်ရတဲ့ ...ပဲ"

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

"အဲဒီစိတ်ညစ်စရာကိုလဲ ဆီပြန်ချက်ရမှာပဲကွ၊ စိတ်ညစ် ဆီပြန် ဟင်းပေါ့ကွာ"

ဟု ပေါက်ဖော်ကြီးက ပြောလိုက်ရာ မောင်ဘချစ်သည် ...ရှိ်စားနေရသော ဒုက္ခများကို မေ့လျော့၍ တခစ်ခစ်နှင့် ရယ်မောလေ၏။

"ဘာကိုရယ်တာလဲ ကိုယ့်လူရဲ့"

ဟု ပေါက်ဖော်ကြီးက မေးလေ၏။

"ခင်ဗျားပြောတာက ရယ်စရာ တယ်ပြီး ကောင်းတာကို

"လောကကြီးတစ်ခုလုံးမှာ ရယ်စရာနဲ့ ငိုစရာရယ်လို့ နှစ်မျိုး ရှိတယ်ကွ။ သူ့အနဲ့ ခုကွက်ကလဲ နှစ်မျိုးပဲ၊ အဲဒီနှစ်မျိုးရှိပါလျက် ငိုစရာခုကွက်ကိုမှ ရွေးပြီး ရှာတာကတော့ သက်သက်ရိုက်မဲ့တာ ပဲကွ"

"ခုကွက ရောက်လာတာကိုး ပေါက်ဖော်ကြီးရဲ့"

"ခုကွက်ကို လက်မခံနဲ့ကွ အရောမဝင်နဲ့ကွ၊ အပေါင်းအသင်း မလုပ်နဲ့ကွ၊ ကုန်ကုန်ပြောမယ်ကွာ၊ သူ့ကို ဆေးဖော်ကြောဖက် တောင် မလုပ်နဲ့ကွ၊ အဲဒီလို ကိုယ်က ပြတ်ပြတ်သားသား ဆက်ဆံလိုက်ရင် အိမ်ရှင်က လက်မခံတဲ့ ဧည့်သည်လိုပဲ သူဟာ တစ်ခါတည်း ထပြီး ပြန်တော့တာပဲ၊ နှုတ်တောင် မဆက်တော့ ဘူး၊ သူ့ကိုများ အရေးတယူလုပ်တဲ့သူဆိုရင် သူကပြန်ခိုးမှ တောင် နှုတ်ဆက်သွားသေးတယ်ဟေ့၊ ဟဲ-- ဟဲ"

ဟု ပြောဆိုကာ ပေါက်ဖော်ကြီးက ရယ်မောလိုက်လေ၏

"ကဲဗျာ-- ကျွန်ုပ်ရဲ့ ခုကွက်တွေကို ပေါက်ဖော်ကြီးက ဘယ် ဖြေရှင်းပေးမှာလဲ၊ လုပ်စမ်းပါဦးဗျ"

ဟု မောင်ဘချစ်က အားတက်သရောမေးလိုက်လေ၏။

"အဲဒါပြောချင်တာပဲကွ၊ မှောင်နေတဲ့ အခန်းတစ်ခုထဲမှာ ထွန်းလိုက်တဲ့ ဥပမာမျိုးပဲ၊ မီးထွန်းလိုက်တာနဲ့ အခန်းထဲ အလင်းရောင် ပေါ်လာတော့တာပဲ၊ အဲဒီအလင်းရောင်ဟာ တစ်ချိန်တည်းမှာ အလုပ်နှစ်မျိုး လုပ်တယ်ကွ၊ သေသေချာချာ နားထောင်၊ အလင်းရောင်ဟာ အလင်းကို ပေးတဲ့အပြ အမှောင်ကိုလဲ ပယ်ဖျောက်ပေးတယ်၊ အလင်းရောင်ရောက်တာ





အမှောင်ဟာ ပျောက်ကွယ်ပေးရတယ်၊ တစ်ပြိုင်နက်တည်း ဖြစ် ပျ သဘောပဲကွ၊ ဒီလိုပဲ ခုကွက်ကို ဖျောက်လိုက်တာနဲ့ သူ့ဖော ရောက်လာတော့တာပဲ၊ ခုကွဖျောက်တဲ့နည်းသိရင် သူ့ရောက် တဲ့နည်းကို ထပ်ပြီး ရှာစရာမလိုတော့ဘူးကွ"

ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

ထိုအခါ မောင်ဘချစ်က---

"ကျွန်ုပ်ရဲ့ ခုကွက်တွေကိုတော့ ပြေပျောက်အောင် လုပ်နိုင် မလွယ်ပါဘူးဗျာ"

ဟု ပြောလိုက်ရာ ပေါက်ဖော်ကြီးက---

"ရပါတယ်ကွာ"

ဟု ဆိုကာ ၎င်း၏ ကုတ်အင်္ကျီအိတ်ထဲမှ စာရွက်ကိုထုတ်၍ အယ်တည့်တည့်၌ ခဲတံဖြင့် ဒေါင်လိုက်မျဉ်းတစ်ကြောင်းကို ရေးလိုက်လေ၏။ ထိုသို့ ဆွဲလိုက်ပြီးနောက်---

"မင်းနာမည်ပြော"

ဟု မေးလိုက်ရာ မောင်ဘချစ်က---

"ကျွန်ုပ်နာမည် မောင်ဘချစ်ပါ"

ဟု ပြောလေ၏။

ထိုအခါ၌ ပေါက်ဖော်ကြီးက စာရွက်ထိပ်ပေါ်၌ မောင်ဘချစ် ၏ ခုကွစာရင်းဟု ခေါင်းစဉ်တပ်လိုက်လေ၏။ ထို့နောက် ပေါက် ဖော်ကြီးက ---

"ကဲ--- ပြောစမ်း၊ မင်းရဲ့ ခုကွက်တွေကို တစ်ခုစီ"

ဟု ဆိုလေ၏။

၎င်း၏လေသံမှာ အမှန်ပင် ခုကွများကို ဖြေရှင်းနိုင်သည့်သူ

တစ်ဦး၏ ဟန်ပန်အမူအရာမျိုး ဖြစ်လေ၏။

"ကျုပ်ရဲ့ မိန်းမဟာ လင်ငယ်နဲ့ လိုက်သွားပြီဗျား၊ အဲဒါ ခုကျွ တစ်ခုပဲ"

ဟု ပြောလိုက်လေ၏။

ပေါက်ဖော်ကြီးလည်း စာရွက်၌ ရေးမှတ်လေ၏။ ထိုသို့ ရေးမှတ်ပြီးနောက်---

"ကလေးကော ရှိသလား"

ဟု မေးလေ၏။

"ကလေးတော့ မရှိဘူးဗျ"

မောင်ဘချစ်က ပြန်၍ပြောလေ၏။

"ပြောစမ်းပါဦး မောင်ဘချစ်ရဲ့ "

ဟု ပေါက်ဖော်ကြီးက မေးပြန်လေ၏။

"ကျုပ်ဟာ ရွှေကျီးမင်း ကုမ္ပဏီက ငွေကိုင်စာရေးဗျ ငွေတွေ ကျာတယ်ဆိုပြီး အမှုဖွင့်ထားတယ်၊ ဟောဒီမှာ ပုလိပ်ကလဲ လက်ထိတ်ခတ်ထားပြီ၊ ဆေးရုံကဆင်းတာနဲ့ ထောင်ကို ရောက်တော့မှာပဲ"

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

ပေါက်ဖော်ကြီးလဲ ရေးမှတ်ပြန်လေ၏။ ထိုသို့ရေးမှတ်ပြီးနောက်---

"ပြောပါဦး မောင်ဘချစ်"

ဟု မေးပြန်လေ၏။

"လောလောဆယ်မှာလဲ ကျုပ်ဟာ ရောဂါသည်ဖြစ်နေတယ်ဗျာ"





ဟု ပြောပြန်လေ၏။

ပေါက်ဖော်ကြီးက ရေးမှတ်ပြန်လေ၏။ ရေးမှတ်ပြီးနောက်

"ပြောပါဦး"

ဟု ဆိုပြန်လေ၏။

"ကျုပ်မိန်းမက လင်ငယ်နဲ့ လိုက်သွားတာ ကောင်းကောင်း မလိုက်ဘူးဗျ ရှိစုမဲ့စုကလေးတွေပါ အားလုံးယူသွားတယ်၊ အဲဒီတော့ ဆေးရုံကဆင်းရင်တောင် ကျုပ်အနေနဲ့ ဘယ်လိုနေရလို့ ဘယ်လိုစားရမှန်းတောင် မသိတော့ဘူး"

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

ပေါက်ဖော်ကြီးက ရေးမှတ်ပြန်လေ၏။

ထို့နောက်---

"ပြောပါဦး မောင်ဘချစ်"

ဟု ဆိုပြန်လေ၏။

မောင်ဘချစ်သည် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ငြိမ်၍ နေလေ၏။ ထို့ကြောင့် ပေါက်ဖော်ကြီးက---

"ပြောလေကွာ၊ ခုကျွတွေက သောင်းခြောက်ထောင်ဆိုကွ၊ အခုမင်းပြောတာက လေးခုပဲ ရှိသေးတာပဲ၊ ဟောဒီမှာကြည့်"

ဟု ဆိုကာ မောင်ဘချစ်အား စာရွက်ကို ပေးလိုက်လေ၏။ မောင်ဘချစ်လည်း ထိုစာရွက်ကို ယူ၍ ဖတ်ကြည့်လေ၏။

ထို့နောက် ပေါက်ဖော်ကြီးက ခဲတံကိုပါ မောင်ဘချစ်အား ပေးလိုက်လေ၏။

"ကဲ--- မောင်ဘချစ်ရေ၊ ငါ့ကို ယုံယုံကြည်ကြည်နဲ့ ငါ ပြောတာကိုသာ လိုက်ပြီးရေးပေတော့"

ဟုလည်း မှာလိုက်လေ၏။ ထိုသို့ မှာလိုက်ပြီးနောက် အောက်ပါအတိုင်း ပြောလေ၏။

"နံပါတ် (၁) ဒုက္ခရဲ့ ဘေးနားမှာ ရေးထားလိုက်စမ်းပါကွာ ဘချစ်ရဲ့ ခြေထောက်ကိုမက်ပြီး တောင်းပန်ရမယ်လို့"

မောင်ဘချစ်လည်း ပေါက်ဖော်ကြီးပြောသည့်အတိုင်း ရေးလေ၏။

"ဒီမှာ မောင်ဘချစ်၊ မင်းကို ဒုက္ခပေးသွားတဲ့ မိန်းမက မှားပါပြီ ကိုကိုချစ်ရယ်လို့ မင်းရဲ့ခြေထောက်ကိုမက်ပြီး တောင်းပန်တဲ့ အခါကျမှ သွားစမ်း မိန်းမယုတ်ဆိုပြီး ခြေထောက်နဲ့ ကန်ထုတ် လိုက်စမ်းပါကွာ"

ဟုလည်း ပေါက်ဖော်ကြီးက ပြောလိုက်လေ၏။

ထိုအခါ မောင်ဘချစ်လည်း စိတ်ဓာတ်တက်ကြွလာကာ

"ကျုပ်လဲ ဒီလိုပဲ လုပ်မယ်လို့ အောက်မေ့မိပါတယ်"

ဟု အားရပါးရ ပြောလေ၏။

"အေး ကောင်းပြီ၊ နံပါတ် (၂) ဒုက္ခဘေးမှာကလဲ ရေးထား စမ်းပါဦး၊ အမှုရှင်ရဲ့ မှုင့်ထားခြင်းဖြစ်တယ်၊ အမှုမရှုံးသေး၊ အမှုရှုံးမှသာ ထောင်ကျမည်၊ အမှုမရှုံးလျှင် ထောင်မကျနိုင်၊ ဒါကြောင့် ယခုအခါ၌ စဉ်းစားစရာမလိုလို့ ရေးထားလိုက်စမ်းပါ"

ဟု ပေါက်ဖော်ကြီးက ပြောသဖြင့် မောင်ဘချစ်လည်း ရေးလေ၏။ ထိုသို့ရေးနေရင်းက မောင်ဘချစ်သည် ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

"ဘာကို ခေါင်းညိတ်တာလဲ မောင်ဘချစ်ရဲ့"

ဟု ပေါက်ဖော်ကြီးက မေးလေ၏။





"ပေါက်ဖော်ကြီး စဉ်းစားပုံကို သဘောကျလို့ပါဗျာ၊ တော်တော် သဘောကျတာပဲ၊ အခုအခါမှာ ကျုပ်ကို ငွေကြွေးမှုနဲ့ အမှု ဖွင့်ထားသေးတာပဲ၊ ရုံးမှာအမှုဆိုင်ရဦးမယ်၊ နှစ်ဖက် ရှေ့နေ တွေ ပြောကြဆိုကြဦးမယ်၊ အဲဒီမှာ ကျုပ်ဟာ နိုင်မယ်ဆိုရင် နိုင် နိုင်သေးပါလျက် ကျုပ်က အခုကတည်းက ထောင်ကျတော့မယ် လို့ သေရှာပေါက် တွေးထားတာဟာ မှားတာပေါ့ဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

ထိုအခါ၌ ပေါက်ဖော်ကြီးက

"နံပါတ် (၃) ဒုက္ခရဲ့ ဘေးနားမှာ ရေးထားလိုက်စမ်းပါဦး၊ နံပါတ် (၃) ဒုက္ခက ဘာတဲ့--- လောလောဆယ်လဲ ရောဂါသည် ဖြစ်နေတတဲ့ ဟုတ်လား၊ ကဲ--- အဲဒီဘေးမှာ ရေးလိုက်၊ ခွဲစိတ် ကုသပြီးဖြစ်၍ မနေသနိုင်တော့ပါ၊ မကြာမီပင် ကျန်းမာလာမယ် လို့ ရေးထားပါဦး"

ဟုဆိုသဖြင့် မောင်ဘချစ်လည်း ရေးပြန်လေ၏။

"ကဲ--- နောက်ဆုံး ဒုက္ခနံပါတ် (၄) အဲ--အဲ--- အဲဒါက ဘာ တဲ့ မိန်းမက ရှိစုမဲ့စုကလေးများ ယူသွားသည့်အတွက် ဆေးရုံက ဆင်းလျှင်တောင် ဘယ်လိုနေလို့ ဘယ်လိုစားရမှန်း မသိတဲ့၊ အဲဒီ ဟာက ရေးထား၊ ပေါက်ဖော်ကြီးနဲ့ နေမယ်၊ ပေါက်ဖော်ကြီးနဲ့ စားမယ်လို့၊ ဟဲ ဟဲ"

ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

မောင်ဘချစ်လည်း လိုက်လံ ရေးမှတ်လေ၏။

ထို့ကြောင့် မောင်ဘချစ်၏ ဒုက္ခစာရင်းသည် အောက်ပါ အတိုင်းဖြင့် ရေးသားပြီး ဖြစ်လေတော့၏။

## မောင်ဘချစ်၏ ရှုပ်ဒုက္ခစာရင်း

| | |
|---|---|
| နံပါတ် (၁) ဒုက္ခ။ ။ မိန်းမ လင်ငယ်နှင့် ပါသွားသည်။ | ငါ့ရဲ့ ခြေထောက်ကို ဖက်ပြီးတောင်းပန်ရမယ်၊ အဲဒီအခါကျမှ သွားစမ်း မိန်းမယုတ်လို့ ပြောပြီး နှင်လွှတ်မည်။ |
| နံပါတ် (၂) ဒုက္ခ။ ။ ငွေကြွေးမှု ဖြင့် အမှုဖွင့်ထားခြင်းခံရသည်။ | အမှုဖွင့်ရုံ ဖွင့်ထားခြင်းဖြစ်သည်။ အမှုမရုံးသေး၊ ရုံးချိန်း ရှေ့နေများနဲ့ စကားပြောကြရဦးမည်။ လွှတ်မည်ဆိုလျှင် လွှတ်နိုင်သေး၏။ ယခုလောလောဆယ် ထောင်မကျနိုင်သေး။ ဒါကြောင့် ယခု ပူစရာမလိုသေး။ |
| နံပါတ် (၃) ဒုက္ခ။ ။ လောလောဆယ်၌လည်း ရောဂါဖြစ်နေသည်။ | ခွဲစိတ်ကုသပြီး ဖြစ်၍ မသေနိုင်တော့ပါ။ မကြာမီ၌ပင် ကျန်းမာလာမည်။ |
| နံပါတ် (၄) ဒုက္ခ။ ။ လင်ငယ်နဲ့ လိုက်သွားတဲ့မိန်းမက ရှိစုမဲ့စု ကလေးများ ယူသွားသည့်အတွက် ဆေးရုံကဆင်းလျှင် နေစရာ စားစရာမရှိ။ | ပေါက်ဖော်ကြီးနဲ့နေမယ်။ ပေါက်ဖော်ကြီးနဲ့ စားမယ်။ |





ပေါက်ဖော်ကြီးသည် မောင်ဘချစ်၏ ဒုက္ခစာရင်းကို ကြည့်လိုက်ပြီးနောက်--

"ဟေ့ မောင်ဘချစ်၊ မင်းရဲ့ ဒုက္ခစာရင်းကို ကြည့်လိုက်တော့ လောလောဆယ် ဖြေရှင်းစရာဆိုလို့ ဘာမှမရှိတော့ပါလားကွ၊ အားလုံးပြီးနေပြီပဲ၊ သူ့အဖြေနဲ့သူ ဟန်ကိုကျလို့"

ဟု ပြောလိုက်ရာ၊ မောင်ဘချစ်က---

"အစ်ပဲ ပေါက်ဖော်ကြီးရယ်၊ သေသေချာချာ စာရင်းချ ကြည့်တော့လဲ ဘာမှ မရှိတော့ပါလား"

ဟု ပြောလေ၏။

"အေး-- အဲဒါကြောင့် ပြောတာပေါ့ကွ၊ ဒုက္ခဆိုတာ ဒီလိုပြီး အဖိုးတန်တယ်ကွ၊ စာရင်းနဲ့အင်းနဲ့ လုပ်ကြည့်တော့မှ ရှုပ်ပါတဲ့ ပဟေဠိဖြစ်ကြောင်း သဘောပေါက်တယ် မဟုတ်လား၊ ဟား--ဟား-- နောက်မှတ်ထား၊ စိတ်ပူစရာ ဒုက္ခဖြစ်လာရင် အဲဒီဒုက္ခကို သေသေချာချာ စာရင်းလုပ်ပေတော့၊ စာရင်းလုပ်ကြည့်တာနဲ့ တစ်ပြိုင်နက် ဒုက္ခတွေရယ်၊ ဒုက္ခရဲ့ လွှတ်ပေါက်တွေရယ် ပေါ်လာတော့တာပဲ။ စာရင်းစကားနဲ့ ပြောရရင် ဒုက္ခ ဆက်စစ်နဲ့ ဒုက္ခဒက် ဒစ် (ဒုက္ခမြီစား၊ ဒုက္ခမြီရှင်) ပေါ့ကွာ၊ ဟား ဟား ဟား"

ဟု ပေါက်ဖော်ကြီးက ရယ်မောလိုက်လေ၏။

မောင်ဘချစ်လည်း ဒုက္ခစာရင်းစာရွက်ကြီးအား ကိုင်လျက် ကျေနပ်စွာ ရယ်မောလိုက်လေတော့၏။ ၎င်း၏ ရင်၌လည်း အမှန်ပင် ပေါ့ပါး၍ သွားလေတော့သတည်း။

**မှတ်ချက်။** ။မိတ်ဆွေ အကယ်၍ ဒုက္ခဖြစ်လာလျှင် မောင်ဘချစ်ကဲ့သို့ ဒုက္ခစာရင်းကို စနစ်တကျ လုပ်ကြည့်စမ်းပါ။ ဒုက္ခ၏ ထွက်ပေါက်များ တွေ့လာပါလိမ့်မည်။ ဤနည်းကို စာရေးသူကိုယ်တိုင် အကြိမ်ကြိမ် စမ်းသပ်ကြည့်ခဲ့ဖူးပါသည်။ အောင်မြင်ခဲ့ဖူးပြီးသော ပွဲတွေ့နည်းဖြစ်ပါသည်။

**ဒုက္ခကို စာရင်းလုပ်ပြီး ဖြေရှင်းပါ**

**စာရေးသူ**



## ပေါက်ဖော်ကြီး၏ ဆရာများနှင့် မောင်ဘချစ် တွေ့ဆုံခြင်း

ဤသို့နှင့်ပင် မောင်ဘချစ်နှင့် ပေါက်ဖော်ကြီးတို့သည် ခင်မင်ရင်းနှီးသွားကြလေတော့၏။ ပေါက်ဖော်ကြီးက ဆေးရုံမှ အလုပ်ဆင်းရလေ၏။ သို့ရာတွင် ပေါက်ဖော်ကြီးသည် မောင်ဘချစ်ထံသို့ နေ့စဉ်မှန်မှန် လာလေ၏။

"ပေါက်ဖော်ကြီး-- နက်ဖြန်ခါကို ဆေးရုံက ဆင်းခွင့်ရတော့မယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဆင်းခွင့်ရရင် ဆင်းပေါ့ကိုယ့်လူရာ၊ နက်ဖြန်ခါ နံနက်ကို ဆင်းမှာ မဟုတ်လား၊ ငါလာခဲ့ပါ့မယ်ကွာ။ မပူပါနဲ့"

ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

နောက်တစ်နေ့နံနက်တွင် မောင်ဘချစ်အား ဆေးရုံမှ ဆင်းခွင့်လက်မှတ်ထုတ်၍ ပေးလေ၏။ ထိုအချိန်၌ပင် ရာဇဝတ်အုပ်တစ်ယောက်နှင့် ပုလိပ်တစ်ယောက် ရောက်ရှိလာပြီးလျှင် မောင်

ဘချစ်အား---

"ဟဲ့ ကိုဘချစ်ရေ၊ ဆေးရုံကဆင်းရင်တော့ ဌာနကို လိုက် ပေတော့"

ဟုဆိုကာ ခေါ်ကြလေတော့၏။ ထိုအချိန်၌ပင် ပေါက်ဖော်ကြီး ရောက်၍ လာလေ၏။

"ပေါက်ဖော်ကြီးရေ--- ဆေးရုံကဆင်းရင် ဌာနကို လိုက်ခဲ့ ပါတဲ့၊ ကျုပ်တော့ ဌာနကို လိုက်ရဦးမယ်ဗျာ"

ဟု မောင်ဘချစ်က ပြောလျှင် ပေါက်ဖော်ကြီးက

"အဲဝရီးသင်း အစ်စ် ဖော်သဘာက်စ် (ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ)"

ဟု ပြောလေ၏။

မောင်ဘချစ်လည်း ပုလိပ်များနှင့်အတူ ဌာနသို့ လိုက်ပါ သွားရလေတော့၏။

ဌာနသို့ရောက်လျှင် မောင်ဘချစ်အား အချုပ်ခန်းတွင်းသို့ သွင်း၍ ထားလိုက်လေတော့၏။ ပေါက်ဖော်ကြီးလည်း ပေါ်၍ မလာတော့ပေ။ အချုပ်ခန်းတွင်းသို့ရောက်ပြီး (၁၅) ရက်အကြာ၌ ရွှေကိုးမင်း ကုမ္ပဏီမှ မောင်ဘချစ်အား ငွေစာရင်းကွာမှုဖြင့် ရုံးတင် တရားစွဲဆိုလေတော့၏။

မောင်ဘချစ်သည် တရားခံဝက်ခြံကလေးအတွင်း၌ ကြောင်တက်တက်နှင့် မော်တတ်ရပ်၍ နေရရှာလေ၏။ ထိုအချိန်၌ အကြောင်းမဲ့ လာရောက်ကြည့်ရှုကြသော ပရိသတ်များလည်း ရောက်ရှိလာလေ၏။ ထိုပရိသတ်အထဲတွင် ပေါက်ဖော်ကြီး လည်း ပါ၍လာလေ၏။ ပေါက်ဖော်ကြီးက လက်မကိုထောင်၍





"အဲဝရီးသင်း အစ်စ် ဖော်သဘာက်စ်"

ဟု လှမ်း၍ ပြောလိုက်လေ၏။

မောင်ဘချစ်သည် ပေါက်ဖော်ကြီးကို မြင်လိုက်ရလျှင် ဒေါသထွက်၍ သွားလေတော့၏။ ထိုအချိန်၌ပင် တရားသူကြီး ရောက်ရှိလာသဖြင့် ရှေ့ဖတ်စာရေးက အမှုတွဲကို ဖတ်ပြလေ၏။

ထို့နောက် ရွှေကိုးမင်းကုမ္ပဏီဘက်မှ ငှားရမ်းထားသော ရှေ့နေက မောင်ဘချစ်အား မေးခွန်းအမျိုးမျိုး ထုတ်လေတော့၏။ မောင်ဘချစ်လည်း နားမှ ချွေးများ ပြန်သည်အထိ ဖြေရရှာလေတော့၏။

ထိုသို့ တစ်ဖက်ရှေ့နေက မေးမြန်းပြီးသောအခါ၌ လွန်စွာ ရုပ်ရုပ်နုပ်နုပ်နိုင်လှသော ရှေ့နေတစ်ဦးက

"တရားသူကြီးမင်းခင်ဗျား၊ ဟောဒီဓာတ်ပုံတွေကို တစ်ဆိတ် လောက်ကြည့်စမ်းပါ၊ ဟောဒီ ဓာတ်ပုံတွေဟာ ရွှေကိုးမင်း ကုမ္ပဏီပိုင်ရှင် ဦးရွှေကိုးနဲ့ ဟော်ဒီက မောင်ဘချစ်ရဲ့ဇနီး အကြည် တို့ လက်ထပ်နေပုံတွေ ဖြစ်ပါတယ်၊ ဦးရွှေကိုးဟာ သူမယားကို လိုချင် လို့ ပုလင်ကို လုံးနဲ့ထိုး ဆိုတာမျိုးလို မောင်ဘချစ်ရဲ့ မိန်းမကို ယူချင်တာနဲ့ အင်မတန်ရိုးသားလှတဲ့ မောင်ဘချစ်ကို ငွေ ခိုးယူတယ်ဆိုပြီး အမှုဆင်ခဲ့တာ ဖြစ်ပါတယ်"

ဟု ပြောဆိုလျှောက်လဲလိုက်လေ၏။

မောင်ဘချစ်မှာလည်း မိမိက မငှားရမ်းပါဘဲလျက် မိမိ ကိုယ်စား လျှောက်လဲချက်ပေးနေသော လွန်စွာ စုတ်နုပ် နံချာလှ သော ရှေ့နေကိုကြည့်ကာ အံ့သြ၍ နေလေတော့၏။

တရားသူကြီးလည်း မောင်ဘချစ်၏ ရှေ့နေတင်ပြသော

ဓာတ်ပုံများကိုယူ၍ မောင်ဘချစ်အား အသစ်ပေးကာ နေရာ
အပတ်သို့ ချိန်းဆိုလိုက်လေတော့၏။

ပေါက်ရှော်ကြီးသည် မောင်ဘချစ်အား လာရောက်၍ ဖ
လိုက်ကာ---

"အဲဇရီးသင်း ဖော်သဘက်စ် မောင်ဘချစ်"

ဟု ပြောဆိုလိုက်လေ၏။

ထို့နောက် ပေါက်ဖော်ကြီး၊ မောင်ဘချစ်နှင့် အဝတ်အစ
စုတ်နုပ်လှသော ရှေနေကြီးတို့သည် ရုံးမှထွက်ခဲ့ကြပြီးနောက်
လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်ကြလေ၏။

ထိုအခါ၌ ရှေနေကြီးက ပေါက်ဖော်ကြီးအား---

"ခင်ဗျားပေးလိုက်တဲ့ ဓာတ်ပုံက တစ်ချက်တည်းနဲ့
နိုင်ကွက် ဖမ်းနိုင်တော့တာပဲဗျို့"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် မောင်ဘချစ်သည် အံ့ဩ
သော မျက်နှာနှင့် ပေါက်ဖော်ကြီးအား ကြည့်လိုက်ပြီးလျှင်---

"ဘယ်လိုလဲ ပေါက်ဖော်ကြီး၊ ကျုပ်မိန်းမနဲ့ ဖြစ်တဲ့လူ
ကျုပ်ရဲ့ အလုပ်ရှင်သူဌေး ဦးရွှေကျီး ဟုတ်လား"

ဟု မေးလိုက်လေ၏။

"အေး-- ဟုတ်တယ်၊ မင်းအချုပ်ထဲမှာ နေရတဲ့ အချိန်
မှာ ငါက မင်းရဲ့ ငွေစာရင်းကွာတဲ့အမှုကို စုံစမ်းရင်း မင်းရဲ့သူဌေး
ဦးရွှေကျီးရဲ့ ဓာတ်လမ်းကိုပါ သိရတာပေါ့ကွာ၊ ဒါပေမယ့် မင်
မိန်းမ အရွှေနဲ့က အတိအလင်းယူကြသေးတာ မဟုတ်ဘူးကွ
ကုဋ္ဌိုင်းဘက်မှာ ကောင်မကိုထားတယ်၊ အဲဒါကြ သန်းတ
အောင်ဆိုတဲ့ ဓာတ်ပုံဆရာလေးကို ခေါ်သွားပြီး ရိုက်လိုက်တာ"





ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

"ဒါနဲ့ နေပါဦး ပေါက်ဖော်ကြီးရဲ့၊ ဒီရှေနေကြီးကို ခင်ဗျားငှား
ထားတာလား"

ဟု မောင်ဘချစ်က မေးလေ၏။

"အေး--- ဟုတ်တယ်၊ ငါ ငှားလာတာ"

ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

"ငှားတာက ဟုတ်ပါပြီ၊ ရှေနေကြီးကိုပေးဖို့ ကျုပ်မှာက
ပိုက်ဆံမရှိတာ မဟုတ်ဘူးဗျ"

ဟု မောင်ဘချစ်က ပြောလျှင် ပေါက်ဖော်ကြီးက---

"သိပါတယ်၊ ရှေနေကြီးကို ပေးပြီးပါပြီကွ၊ ဘယ်က
ပိုက်ဆံရသလဲလို့ မေးဦးမလား၊ အဲဒီဓာတ်ပုံနဲ့ ဦးရွှေကျီးကို
ချောက်ခြိမ်းခြောက်ပြီး ပိုက်ဆံတောင်းလာတာ၊ အဲဒီပိုက်ဆံနဲ့
ငှားလိုက်တာပဲ၊ အခုသောက်တဲ့ လက်ဖက်ရည်ဖိုးလဲ အဲဒီ
ပိုက်ဆံပါကွယ့်လူ"

ဟု ပြောလိုက်ရာ မောင်ဘချစ်သည်---

"ဗျိုက်"

ဟု ရယောင်ယမ်း၍ အော်မိလေတော့၏။

"ဘာတွေ အံ့ဩနေတာလဲ မောင်ဘချစ်ရဲ့"

ဟု ပေါက်ဖော်ကြီးက မေးလိုက်ရာ မောင်ဘချစ်က---

"ပေါက်ဖော်ကြီး လုပ်ပုံကိုင်ပုံကို အံ့ဩနေတာပါဗျာ"

ဟု ပြန်၍ ပြောလိုက်လေ၏။

ထို့နောက် လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့ကြလေ၏။ ရှေနေ
ကြီးသည်၊ မောင်ဘချစ်တို့အား နှုတ်ဆက်၍ ထွက်သွားလေ၏။

မောင်ဘချစ်လည်း ငုဲးနေထိုင်ရာ သက်န်းကျွန်းရပ်ကွက်ဆီသို့ ပြန်လာပြီးလျှင် အိမ်ရှင်အား အကျိုးအကြောင်းပြော၍ ငုဲး၏ အခန်းကို ဖွင့်ကာ အကျီအဝတ်အစားများကို သားရေသေတ္တာ ကလေး၌ထည့်၍ အိမ်ရှင်အား သော့ကို ပြန်၍ အပ်လေ၏။

အိမ်ရှင်အဒေါ်ကြီးက မောင်ဘချစ်အား---

"မောင်ဘချစ်ရယ် မကျွန်းမာသေးရင် ဒီမှာပဲ နေချင်သပဆိုရင် နေနိုင်ပါတယ်ကွယ်၊ မင်းမှာကလဲ အဘက်ဘက်က ခုကျွပြနေတယ် မဟုတ်လား"

ဟု ကရုဏာသက်သော လေသံဖြင့် ပြောလိုက်လေ၏။

ထိုအခါ၌ ပေါက်ဖော်ကြီးက---

"နေပါစေ အဒေါ်ကြီး၊ ကျုပ်မှာ နေစရာရှိတယ်"

ဟု ဝင်၍ ပြောလေ၏။

ထို့ကြောင့် အိမ်ရှင်အဒေါ်ကြီးက---

"ဩော်--- ဒီလိုလား၊ ကောင်းပါတယ် ကောင်းပါတယ်"

ဟု ပြောလိုက်လေ၏။ မောင်ဘချစ်လည်း သားရေသေတ္တာ အဟောင်းကလေးကိုဆွဲ၍ အိမ်ပေါ်မှ ဆင်းလာခဲ့လေတော့၏။

မောင်ဘချစ်နှင့်ပေါက်ဖော်ကြီးတို့သည် အတူတကွလျှောက်၍လာခဲ့ကြရာ လမ်းထိပ်သို့ရောက်လျှင် မောင်ဘချစ်က---

"ကဲ--- ဆရာသမား ပေါက်ဖော်ကြီး ဘယ်ကို သွားကြမတုံး"

ဟု မေးလေ၏။

"လိုက်သာ လိုက်ခဲ့ပါကွ၊ မင်းကလဲကွာ"

ဟု ပေါက်ဖော်ကြီးက ပြော၍ ခေါ်သွားရာ ငါးထပ်ကြီး





ဂုဏ်အဆင့် လွှမ်းစွာကျဉ်းမြောင်းသော တဲကလေးတစ်လုံးဆီသို့ ရောက်ရှိခဲ့လေ၏။

"အဲဒါ ငါ့ရဲ့ နန်းတော်ပဲကွ"

ဟု ပေါက်ဖော်ကြီးက ပြော၍ တဲ၏ အဝင်ဝမှ ကဲလား တံခါးကို ဖွင့်လေ၏။ တဲအတွင်း မြေပြင်ပေါ်၌ကား ထင်းရှူးပြား ကလေးများ ခင်း၍ ထားသည်ကို တွေ့ရလေ၏။

"အဲဒါ ငါ့ရဲ့ သလွန်ပဲကွ၊ မင်းအတွက် ဟိုဘက်မှာ"

ဟု ဆိုကာ ထင်းရှူးသေတ္တာနှစ်ပုံးကို ဖျက်၍ ထင်းရှူးပြား ကလေးများ ဖြန့်၍ ခင်းပေးလေ၏။

"ညောင်းရင် လှဲလေကွာ"

ဟု ပေါက်ဖော်ကြီးက ပြောလျှင် မောင်ဘချစ်က သားရေ သေတ္တာကလေးကို ချ၍ ထင်းရှူးပြားကလေးများ အပေါ်၌ ပက်လက် လှန်ချလိုက်လေ၏။

"ဘယ်လိုလဲ မောင်ဘချစ်"

ဟု ပေါက်ဖော်ကြီးက မေးလိုက်လေ၏။

"ဘယ်လိုမှ မလဲပါဘူး ပေါက်ဖော်ကြီး၊ ကျုပ်ကတော့ ဖြစ်ချင်တာဖြစ်လို့ သဘောထားလိုက်ပြီ"

ဟု ပြောလိုက်ရာ ပေါက်ဖော်ကြီးက---

"ဟာ--- သိပ်ကောင်းတာပေါ့ ကိုယ့်လူရ၊ ဖြစ်ချင်တာဖြစ်လို့ သဘောထားနိုင်ရင် လောကကြီးမှာ နေလို့ ထိုင်လို့ ရသွားပြီပေါ့ ကွ ဟား--ဟား--၊ ဒီကနေ့ကစပြီး ဖြစ်ချင်တာဖြစ် မောင်ဘချစ်လို့တောင် မင်းကို ကင်ပွန်းတပ်လိုက်ချင်တယ်ကွ"

ဟု ပြောလိုက်လေ၏။

ထို့နောက် မောင်ဘချစ်က တစ်ရေးတစ်မော အိပ်စက်လေ၏။ အိပ်ရာမှ နိုးသောအခါတွင် တယောသံမှုံ့မှုံ့ကလေး ကြားရလေ၏။

မောင်ဘချစ်သည် မျက်လုံးဖွင့်၍ ကြည့်လိုက်ရာ ကြိုး ချောင်းတပ်ထားသော ဝါးရုတ်တယောကလေးကို စိတ်ဝင်စားစွာ ထိုးနေသည့် ပေါက်ဖော်ကြီးကို တွေ့ရလေ၏။

ပေါက်ဖော်ကြီးကလည်း တယောထိုးနေရာမှ မောင်ဘချ နိုး၍လာသည်ကို တွေ့လျှင်

"ဟော့ ဖြစ်ချင်တာဖြစ်၊ နိုးပြီလား၊ နိုးရင် ဟိုမှာ ရေချိုး လိုက်ကွ၊ ရေကလဲ ရေတွင်းရေကွ၊ သိပ်ပြီးအေးတာပဲ၊ ရေချိုးပြီ ရင် ငါတို့နှစ်ယောက် မွဲတော်တည်ရအောင်ကွ"

ဟု ပြောလေ၏။

မောင်ဘချစ်ကလည်း ရေလဲလုံချည်ကလေးယူကာ ရေတွင် သို့ သွားလေ၏။ ရေတွင်းမှာ ဝါးဘိုးဝါး မောင်းတက်ကြီးမျှ တပ်ဆင်ထားသည်ဖြစ်ရာ ခပ်၍ လွယ်ကူလှပေ၏။

မောင်ဘချစ်သည် ရေချိုးပြီးနောက် တဲကလေးဆီသို့ ပြ ၍ လာခဲ့လေ၏။ တဲကလေးဆီသို့ရောက်လျှင် ပေါက်ဖော်ကြီးက ပန်းကန်အဟောင်းကလေးနှစ်လုံးဖြင့် ဆန်ပြုတ်နှစ်ခွက် ခပ်ထ သည်ကိုလည်း တွေ့ရလေ၏။

"ကဲ--- အဝတ်အစားလဲပြီးရင် ဆန်ပြုတ်နဲ့ ပဲသီးကြော် ကလေး စားကွ"

ဟု ပြောလိုက်လေ၏။

မောင်ဘချစ်လည်း အဝတ်အစားလဲကာ ဆန်ပြုတ်နှင့် ပဲသီး





ကြော်ကို မြိန်ရှက်စွာ လွေးလေတော့၏။

"ဘယ်လိုလဲ"

ဟု ပေါက်ဖော်ကြီးက မေးလိုက်ရာ မောင်ဘချစ်က---

"မစ်ချီးသင်း ဖော်သဘက်စ် (အားလုံး ကောင်းမွန်ရည်းပဲ)"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ဒါပေါ့ ငါ့လူရ၊ စိတ်ချမ်းသာစွာနဲ့ ငါ့ရဲ့ တဲနန်းမှာ နေပေ ဦးမှာနေပြီး မင်းဖြစ်ချင်တာတွေကို ဖြစ်အောင်ကြံပေ ကွ"

ဟု ပေါက်ဖော်ကြီးက ပြောလိုက်လေ၏။

"ဖြစ်ချင်တာ ဖြစ်အောင် ကြံတာက ဟုတ်ပါပြီ၊ ဘယ်လို ကြံရမယ်ဆိုတာလဲ ပြောစမ်းပါဦး ဆရာကြီးရဲ့"

ဟု မောင်ဘချစ်က မေးလေ၏။

"ကြံစည်ပုံ ကြံစည်နည်းကိုတော့ ပြောရမှာပေါ့ကွ"

ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

၎င်းတို့နှစ်ဦးသည် ဆန်ပြုတ်သောက်ပြီးနောက် ငါးထပ်ကြီး ဘုရားပြင်တော်ဆီသို့ တက်ရောက်၍ ဖူးမြော်ကြလေ၏။

ထို့နောက် ၎င်းတို့၏ တဲကလေးဆီသို့ ပြန်လာကြပြီးလျှင် ဝါးလေး အပြင်၌ ခုံကလေးချကာ လွှမ်းစွာခင်းသော ရေနွေး ကြမ်းတစ်အိုးနှင့် စကားပြော၍ နေကြလေ၏။

မှာလည်း ထိန်ထိန်သာလျက် ရှိလေ၏။ ထို့နောက် ပေါက် ဖော်ကြီးက ဝါးရုတ်တယောကလေးနှင့်ပင် မြန်မာသီချင်းတစ်ပုဒ် ကို ထိုးလေ၏။

"ဘယ်လိုလဲ ဖြစ်ချင်တာဖြစ်ရဲ့၊ မင်းကော အတီးအမှုတ်

ကလေး ဘာလေး မဖြစ်ဘူးလားကွ"

ဟု မေးလေ၏။

"နည်းနည်းပါးပါးတော့ ဖြစ်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျား တယောကတော့ နှစ်ချောင်းတည်းဆိုတော့ ကတ်သီးကတ်သတ် ကြီးပါဗျာ"

ဟု ပြောလေ၏။

"ဒီလိုဆို မင်းကဆိုကွာ၊ ငါက တယောထိုးမယ်"

ဟုဆိုကာ ပေါက်ဖော်ကြီးက တယောထိုးသဖြင့် မောင်ဘချစ်က ဆိုလေ၏။

ညည့်နက်ပိုင်းသို့ ရောက်သောအခါ၌ နှစ်ယောက်သား အိပ်စက်ကြလေ၏။ နံနက်မိုးလင်းသောအခါ၌ ပေါက်ဖော်ကြီးက ၎င်း၏ ပန်းရန်သမား ပစ္စည်းများ ထည့်ထားသော သေတ္တာကလေးအား ခါးကိုညွှတ်၍ အရိုအသေပေးပြီးလျှင် သေတ္တာကလေးကို ကောက်၍ ယူလိုက်လေ၏။

"ဘာကို အရိုအသေပေးတာလဲ"

ဟု မောင်ဘချစ်က မေးလေ၏။

"ငါ့ရဲ့ ဆရာတွေကို အရိုအသေပေးတာပါကွ"

ဟု ပေါက်ဖော်ကြီးက ပြန်၍ ပြောလေ၏။

"ခင်ဗျားဆရာက သေတ္တာလားဗျ"

ဟု မောင်ဘချစ်က မေးပြန်လေ၏။

"သေတ္တာမဟုတ်ဘူးကွ၊ သေတ္တာကလေးထဲက ပစ္စည်းတွေ"

ဟုဆိုကာ သေတ္တာကလေးကို ဖွင့်၍ပြလိုက်ရာ အတွင်း၌ကား ပန်းရန်ဆရာတစ်ဦးအတွက် အထူးအရေးကြီးလှသော





ပစ္စည်းများဖြစ်မည့် ချိန်သီး၊ ပေတံ၊ ကွန်ပါ၊ ခဲတံ၊ ကျင်တွယ်နှင့် သန်လျက်တို့ကို တွေ့ရလေ၏။

"ဒါတွေက ပေါက်ဖော်ကြီးရဲ့ ဆရာတွေပေါ့"

ဟု မောင်ဘချစ်က ပြောလေ၏။

"အေး-- ဟုတ်တယ်၊ ငါ့ရဲ့ ဆရာတွေပေါ့၊ ဆရာတွေဆိုတာ ပန်းရန်အလုပ်မှာသာ မဟုတ်ဘူးကွ၊ လောကကြီးမှာ နေဖို့ ထိုင်ဖို့ပါ သူတို့က သင်ပေးတဲ့ ဆရာကွ"

ဟု ပေါက်ဖော်ကြီးက ပြောဆို၍ ခဲတံကလေးကို ကောက်ယူကာ နားရွက်အကြား၌ ညှပ်၍ ထားလိုက်လေ၏။

"ဘယ်လို ဘယ်လို၊ ကျွန်တော် နားမလည်ဘူး၊ ဟောဒီ ချိန်သီးတွေ ကွန်ပါတွေ ခဲတံတွေက ပေါက်ဖော်ကြီးကို လောကကြီးမှာ နေနည်း ထိုင်နည်း သင်ပြပေးတယ် ဟုတ်လား"

ဟု မောင်ဘချစ်က မေးလေ၏။

"အစစ်ပေါ့ကွ၊ မင်းက မယုံဘူးလား၊ ဟောဒီချိန်သီးကို ကြည့်စမ်း"

ဟု ဆိုကာ ချိန်သီးကလေးသည် အောက်သို့ တန်းလန်းကလေး ကျ၍ နေလေ၏။ ချိန်သီးကြိုးကလေးမှာလည်း ဖြောင့်တန်း၍ နေလေ၏။

"သူ့ရဲ့ အလုပ်တာဝန်က ဖြောင့်မတ်ခြင်းပဲကွ၊ သူက ငါ့ကို လောကကြီးမှာ ဖြောင့်ဖြောင့်မတ်မတ် နေရမယ်လို့ သင်ခန်းစာ ပေးတယ်ကွ၊ ငါဟာ ဘယ်တော့ဖြစ်ဖြစ် ဖြောင့်ဖြောင့်မတ်မတ် လုပ်ကိုင်တယ်"

ဟု ပေါက်ဖော်ကြီးက ပြောလိုက်ရာ မောင်ဘချစ်က---

"တော်တော်ဟုတ်တဲ့ ရှိန့်သီးပဲ"

ဟု ပြောလိုက်လေ၏။

ထို့နောက် မောင်ဘချစ်က

"ဟောဒီ ကွမ်းပါကလေးကကော ဗျ"

ဟု မေးလိုက်လေ၏။ ပေါက်ဖော်ကြီးသည် ကွမ်းပါကလေးကိုယူ၍ မြေကြီးပေါ်တွင် လှည့်၍ ပြလိုက်ပြီးနောက်

"ဗယ်ဘိုရုက် အလယ် ဘေးမှာက စည်းဝိုင်း မဟုတ်လား ကွမ်းပါရဲ့ တာဝန်က ခါပဲကွ၊ လုံခြုံမှု အရေးကြီးတယ်၊ လုံခြုံမှုစည်းဝိုင်းထဲမှာ အမြဲရှိနေရမယ်လို့ သူက သင်ပြပေးတာယ်ကွ၊ ဒါကြောင့် ငါဟာ အမြဲတမ်း လုံခြုံမှုအတွက် အရင် စဉ်းစားထားလေ့ ရှိတယ်ကွ"

ဟုပြောလိုက်ရာ မောင်ဘချစ်က---

"တော်တော်ဟုတ်တဲ့ ကွမ်းပါပဲ"

ဟု ပြောလိုက်လေ၏။

ထို့နောက် နားရွက်၌ ညှပ်ထားသော ခဲတံကလေးကို ထုတ်၍

"ဟောဒီခဲတံကလေးရဲ့ တာဝန်က မှတ်သားဖို့ပဲကွ၊ သူက ဘာကို သင်ခန်းစာပေးသလဲဆိုတော့ ဘာမဆို မှတ်မှတ်သားသား ရှိရမယ်ဆိုတဲ့ သင်ခန်းစာကို ပေးတယ်ကွ"

ဟု ပေါက်ဖော်ကြီးက ပြောလိုက်ရာ မောင်ဘချစ်က--

"တော်တော်ဟုတ်တဲ့ ခဲတံကလေးပဲ"

ဟု ပြန်ပြောလေ၏။

ထို့နောက် ပေတံကို ထုတ်၍ ပေါက်ဖော်ကြီးက---





"တိုင်းတိုင်းထွာထွာ ချိန်ချိန်ဆဆ လုပ်ရမယ်လို့ ပေတံကလေးက ပြောပြနေတာယ်ကွ"

ဟု ပြောလိုက်ပြန်ရာ မောင်ဘချစ်က---

"သူကလဲ တော်တော်ဟုတ်တာပဲ"

ဟု ပြောပြန်လေ၏။

"ဟောဒီကျွင်တွယ်ကို ကြည့်စမ်း၊ ဟောဒီလက်တံနှစ်ဖက်ဟာ ဒီဂရီအတူတူပဲကွ၊ ဒါကြောင့် ဟောဒီထောင့်ဟာ ထောင့်မှန်ဖြစ်နေတာ၊ သူကလဲ အားပြိုင်မှု ဘဲလင့်စ်အောဲ့ ပါဝါကို ပြတာကွ၊ တစ်ဖက်နဲ့တစ်ဖက် ယှဉ်ပြိုင်ရင် အားချိန်ရတဲ့ သဘောပဲကွ"

ဟု ပေါက်ဖော်ကြီးက ပြောလျှင် မောင်ဘချစ်က--

"အားချိန်တဲ့နေရာမှာ ကိုယ်က အားနည်းနေရင်ကောဗျာ"

ဟု မေးလိုက်ရာ ပေါက်ဖော်ကြီးက---

"ကိုယ်ကအားနည်းပြီး အားကြီးတဲ့လူနဲ့ ပြိုင်ရရင် ကိုယ်က လက်ဦးမှုရအောင် လုပ်ရမယ်၊ အဲဒါဟာ ပုံသေနည်းပဲ ကိုယ့်လူရဲ့ ဒီပုံသေနည်းကို သိဖို့ကတော့ ကျွင်တွယ်က ငါ့ကို သင်ပြပေးတယ်လေကွာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်က

"တော်တော် ဟုတ်တဲ့ ကျွင်တွယ်ပဲ"

ဟု ပြောလိုက်လေ၏။

"ဟောဒီ သန့်လျက်ကကောဗျာ"

ဟု မောင်ဘချစ်က မေးရာ ပေါက်ဖော်ကြီးက---

"သူက ညီညီညွတ်ညွတ် ချောချောမွေ့မွေ့ရှိအောင် နေရမယ်၊

ပဋိလို့တော့ သမ္မာသတိလာ ဆိုတဲ့ ဆောင်ပုဒ်ကို သင်ပြပေးတယ်ကွ၊ ပြီးတော့ ကိုယ်လုပ်တဲ့ အလုပ်မှာ ဘုရင်တစ်ဆူဖြစ်နေရမယ်လို့လဲ သန်လျက်က ညွှန်ပြပေးပြန်တယ်ကွ"

ဟု ရှင်းပြလိုက်လေ၏။

"တော်တော်ဟုတ်တဲ့ သန်လျက်ပဲဗျို့"

ဟု ပြောဆိုလိုက်တော့၏။

"အားလုံးကို သင်ခန်းစာ ထုတ်ထားတယ်ကွ၊ ဒါကြောင့် ငါ့ဆရာတွေလို့ပြောတာ၊ ကဲ ကဲ-- မင်းနေခဲ့ပေတော့၊ ငါ တိုက်တစ်လုံးဆောက်တဲ့ဆီမှာ နေ့စား ပန်းရန်အလုပ် ဝင်လုပ်ရဦးမယ်၊ ဟောဟိုမှာ လက်ဖက်ရည်နဲ့ အီကြာကွေး"

ဟု ပြောဆိုကာ ပန်းရန်သေတ္တာကလေးကို လွယ်အိတ်၌ ထည့်လွယ်လျက် ဦးငွမ်တီခေါ် ပေါက်ဖော်ကြီးသည် တဲကလေးအတွင်းမှ ထွက်သွားလေတော့သတည်း။

❖ ❖ ❖



## မောင်ဘချစ်နှင့် ရသေ့ စိတ်ဖြေ

ဦးငွမ်တီ အလုပ်သွားသည့်အခါ၌ မောင်ဘချစ်သည် တဲကလေးအတွင်း၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ၏။ ဦးငွမ်တီ ဝယ်ထားခဲ့သော လက်ဖက်ရည်နှင့် အီကြာကွေးကို စားရင်း မည်သို့မည်ပုံ ဆက်လက် စခန်းသွားရမည်ကို စဉ်းစားနေမိလေ၏။ ထိုသို့ စဉ်းစားနေရင်းနှင့်ပင် လက်ဖက်ရည်ကို သောက်ထားသောကြောင့် ရှန်ရှာ ခံတွင်းချဉ်လာသည်ဖြစ်ရာ ဆေးလိပ်ကို ရှာလေ၏။ ထိုသို့ရှာရင်း ဦးငွမ်တီကိုလည်း စိတ်တွင်းမှ အပြစ်တင်မိလေ၏။

"ဦးငွမ်တီရယ်-- အလိုက်သိသိ လက်ဖက်ရည်နဲ့ အီကြာကွေး ဝယ်ထားတာက ဟုတ်ပါပြီ၊ ဒါပေမယ့် လက်ဖက်ရည်သောက်ပြီးရင် ခံတွင်းချဉ်တတ်တဲ့ ကျုပ်ရဲ့အကျင့်ကို ခင်ဗျားက မသိရှာလေတော့ ဆေးလိပ်ဝယ်ထားဖို့ စိတ်ကူးမျိုး မပေါ်ရှာဘူးထင်တယ်"

ဟု တစ်ကိုယ်ထီးတည်း ရေရွတ်လိုက်ရင်း ထရံတွင် ချိတ်ထားသော ဦးဝွမ်တီ၏ တယောကလေးဆီသို့ မောင်ဘချစ်၏ မျက်စိက ရောက်သွားလေ၏။ ထိုတယောကလေး၏ ကြိုးကြားတွင် စာရွက်ခေါက်ကလေးတစ်ခေါက် ညှပ်၍ထားသည်ကို တွေ့သဖြင့် မောင်ဘချစ်လည်း ထိုင်ရာမှ ဖြတ်ခနဲထ၍ ထိုစာရွက်ကို ယူလိုက်ပြီးလျှင် ဖတ်ကြည့်ရာ အောက်ပါစာကို တွေ့ရလေ၏။

> ဖြစ်ချင်တာဖြစ် မောင်ဘချစ်
>
> လက်မက်ရှည်သောက်ပြီး ခံတွင်းချဉ်နေပြီလား၊ ငါ့ရဲ့ ခေါင်းရင်းက ဝါးကျည်တောက်ထဲမှာ သူဌေးဝါ၊ တစ်ပြားတန် ဆေးပေါ့လိပ် ၄ လိပ်၊ ငါသောက်တဲ့ ဘိန်းစားစီးကရက် ၃ လိပ်၊ ယမ်းမီးခြစ် တစ်လုံး ရှိတယ်ကွ။
>
> ဝွမ်တီ

မောင်ဘချစ်သည် ထိုစာကိုဖတ်ပြီးနောက် ပြုံးလိုက်လေ၏။

"တော်တော့်ကို လူ့စိတ်သဘောသိတဲ့ ပေါက်ဖော်ကြီးပဲ"

ဟုလည်း စိတ်တွင်း၌ ရေရွတ်မိလေ၏။ ထို့နောက် မောင်ဘချစ်သည် ဦးဝွမ်တီအိပ်သည့်နေရာ၏ ခေါင်းရင်းဘက် ထရံတွင် ချိတ်ထားသော ဝါးကျည်တောက်ကလေးကို ဖြုတ်ယူ၍ သွန်ချလိုက်ပြီးလျှင် သူဌေးဝါ ဆေးပေါ့လိပ်တစ်လိပ်ကို ထိပ်ဘက်မှ ဖော်စကို အနည်းငယ်ကိုက်ဖြတ်၍ မီးညှိကာ ရှိုက်ဖွာလေတော့၏။





ထို့နောက် မောင်ဘချစ်သည် ရှေ့ရေးအတွက် ဆက်လက်စဉ်းစားပြန်လေ၏။ မည်သည့်အလုပ်ကို လုပ်ရမည်၊ မည်သူ့ထံတွင် အလုပ်သွား၍ တောင်းရမည်ကို စဉ်းစားလေ၏။ သို့ရာတွင် ငွေစာရင်းလိမ်မှုဖြင့် အပမ်းခံရဖူးသော နာမည်ပျက်ကြီးသည် မည်သည့်အလုပ်ရှင်ကမှ မိမိအား အလုပ်ပေးမည် မဟုတ်ဟု တွေးမိပြန်သဖြင့် အကြံအိုက်ကာ ချွေးစေးများ ယိုစိမ့်လာပြန်၏။

"ငါတော့ လူညွှန့်တုံးပါပြီ"

ဟုလည်း တစ်ကိုယ်တည်း ပြောဆို၍ အားငယ်စိတ်များ ဖြစ်ပေါ်လာပြန်၏။

ထို့ကြောင့် စိတ်ပျက်လက်ပျက်ဖြင့် နောက်ဘက်တွင်ရှိသော ဝါးဘိုးတိုင်ကလေးကို မှီလိုက်ရာ ကျောကုန်းနေရာလောက်၌ နိုးလိုးနုလု ဖြစ်သွားသဖြင့် မောင်ဘချစ်သည် ထိုနေရာအား မည်သည့်နေရာဖြစ်သနည်းဟု ကြည့်ရှုလိုက်ရာ စီးကရက်သံဘူးဟောင်းကလေးတစ်လုံးကို ဝါးဘိုးတိုင်၌ ကြိုးဖြင့်ကပ်၍ ချည်ထားကြောင်း တွေ့ရှိရသဖြင့် ထိုစီးကရက်သံဘူးကလေးအား ဖြုတ်ယူ၍ ဖွင့်ကြည့်ရာ အတွင်း၌ ကြေးပန်းကန်ကွဲစကလေးများနှင့် စာရွက်ခေါက်ကလေး တစ်ခေါက်ကို တွေ့ရလေ၏။ ထို့ကြောင့် မောင်ဘချစ်သည် စာရွက်ခေါက်ကလေးကို ယူ၍ ဖတ်ကြည့်ပြန်ရာ အောက်ပါစာကို တွေ့ရလေတော့၏။

ဖြစ်ချင်တာဖြစ် မောင်ဘချစ်

ဘယ်ရှိုလဲ ကိုယ့်လူရေ၊ အကြံရခက်ပြီး စိတ်ပျက်နေပြီလား၊ ပေါသီမှာ မင်းအတွက် အများ

ပြေ ပဟေဠိကလေးတစ်ခု ထားခဲ့တယ်၊ အဲဒါကို တောထဲမှာနေတဲ့ ရသေ့ကြီးတွေကတော့ ရသေ့စိတ်ဖြေဖို့ ခေါ်တယ်၊ မင်းလိုလူတစ်ယောက်အဖို့ကတော့ အကြံကောက်နေတာ မဟုတ်လား၊ အကြံကောက် စိတ်ဖြေပေါ့ နည်းနည်းကလေး ကြိုးစားပြီး ဖြေကြည့်စမ်းပါ။

ဟိုး ရှေးရှေးတုန်းက ရွာကလေးတစ်ရွာရဲ့ အပြင်ဘက်မှာ လောကမာရ်အောင်စေတီ၊ ရတနာမာရ်အောင်စေတီနဲ့ ရန်မျိုးအောင်စေတီရယ်လို့ စေတီကလေး သုံးဆူရှိတယ်ကွာ၊ အဲဒီစေတီကလေးတွေရဲ့ အနားမှာ ရေကန်ကလေး တစ်ကန်စီကလဲ ရှိတယ်ကွာ၊ အဲဒီတော့ ရေကန်ကလဲ သုံးကန်ပေါ့ကွာ၊ လူတစ်ယောက်ဟာ သစ္စာပန်းတွေယူပြီး ပထမဆုံး စေတီဖြစ်တဲ့ လောကမာရ်အောင် စေတီမှာသွားပြီး ပန်းတွေကို လှူတယ်ကွာ၊ လှူတယ်ဆိုပေမယ့် အကုန်လှူတာ မဟုတ်ဘူး၊ သူမှာ ပါသွားတဲ့ ပန်းတချို့ကို လှူတာကွ၊ ပြီးတော့ ရေကန်ကလေးဆီကို သွားတယ်၊ အဲဒီမှာ ပြောဖို့ တစ်ခု ရှိနေတယ်၊ အဲဒီရေကန်ကလေးတွေဟာ သိပ်ပြီး ဆန်းတယ်ကွ၊ ဘယ်ပန်းကိုပဲဖြစ်ဖြစ် ရေကန်ထဲကို နှစ်လိုက်ရင် နှစ်ဆတိုးပြီး သွားတယ်ကွာ၊ အဲဒီတော့ကွာ စောစောကလူက သူ့မှာကျန်တဲ့ ပန်းတွေကို ရေကန်ထဲ နှစ်လိုက်တာပေါ့၊ ပန်းတွေက





နှစ်ဆတိုးသွားတာပေါ့၊ ပြီးတော့တစ်ခါ သူက ဒုတိယစေတီဖြစ်တဲ့ ရတနာမာရ်အောင် စေတီကို ဝင်ပြီး ပန်းလှူပြန်ရော၊ ဒါပေမယ့် လက်ထဲမှာတော့ ပန်းတချို့ ချန်ထားသေးတယ်ကွ၊ ပြီးတော့တစ်ခါ ရတနာမာရ်အောင် စေတီဘေးက ရေကန်ထဲမှာ စောစောကကျန်တဲ့ ပန်းတချို့ကို နှစ်လိုက်ပြန်ရောကွ၊ ပန်းတွေဟာ နှစ်ဆဖြစ်သွားပြန်ရော၊ အေး-- ပြီးတော့မှ နောက်ဆုံးစေတီဖြစ်တဲ့ ရန်မျိုးအောင်စေတီကို သူ့မှာပါလာတဲ့ ပန်းတွေအားလုံး လှူပစ်လိုက်တယ်ကွ၊ တစ်ခုပြောချင်တာကတော့ အဲဒီစေတီသုံးဆူမှာ လှူခဲ့တဲ့ ပန်းပွင့်အရေအတွက်ဟာ တူတယ်ကွ၊ အဲဒီလူဟာ ပန်းဘယ်နှစ်ပွင့်စီ လှူခဲ့တယ်ဆိုတာကို မောင်ဘချစ် စဉ်းစားကြည့်ဖို့ပဲ၊ ဒါပေမယ့် ဒီအတိုင်း စဉ်းစားရင် နည်းနည်း ခက်တယ်ကွ၊ သရုပ်ပြတဲ့နည်းနဲ့ စဉ်းစားယူမှ လွယ်တယ်၊ အဲဒီလို စဉ်းစားနိုင်အောင် ပန်းပွင့်ကလေးတွေအဖြစ် အသုံးပြုဖို့ ကြွေပန်းကန်ကွဲကလေးတွေကိုပါ သံဘူးထဲမှာထည့်ထားပေးခဲ့တယ်၊ စေတီသုံးဆူအဖြစ် သရုပ်ပြဖို့ကတော့ ငါ့ရဲ့ စီကရက်သုံးလိပ်ကို ထောင်ထားလိုက်၊ အဲဒီနားမှာ ရေကန်အဖြစ် သူဌေးဝါဆေးလိပ် လေးလိပ်ထားခဲ့တယ် မဟုတ်လား၊ တစ်လိပ်က အခု မင်းသောက်နေပြီ သုံးလိပ်ကျန်တယ်လေကွာ၊ ဖြေနိုင်အောင်

ဖြေကြည့်စမ်းပါ မောင်ဘချစ်။

ရွှမ်တီ

မောင်ဘချစ်သည် ထိုစာကို ဖတ်ပြီးနောက် ပြုံးလိုက်လေ၏။ ထို့ပြင် ဦးရွှမ်တီ၏စာ၌ သူဌေးဝါဒဆေးပေါ့လိပ် လေးလိပ်ရှိသည့်အနက် မိမိသည် တစ်လိပ်ကို ငှားသုံး၍ သောက်နေပြီဖြစ်ကြောင်းကိုပါ တပ်အပ်သေချာ ရေးသားထားသည့်အတွက် ဦးရွှမ်တီ၏ဉာဏ်ပြေးပုံကို သဘောကျမိလေတော့၏။

ထိုအချိန်မှစ၍ ကြေးပန်းကန်ခွက်များ၊ ဆေးလိပ်များ၊ စီးကရက်များနှင့် မောင်ဘချစ်သည် အလုပ်ရှုပ်လျက်ရှိလေတော့၏။ ပန်းမှင့်နှစ်မှင့်ယူ၍ သွားကြည့်၏။ အဖြေနှင့် မကိုက်ညီသောအခါ၌ သုံးမှင့်နှင့် လုပ်ကြည့်ပြန်၏။ မရပြန်သောကြောင့် လေးမှင့် လုပ်ကြည့်ပြန်၏။ မဖြစ်ပြန်သောကြောင့် ငါးမှင့်နှင့် စမ်းပြန်၏။ ငါးမှင့်နှင့်လည်း မအောင်မြင်သောကြောင့် ခြောက်မှင့်သို့ တက်ပြန်၏။ ဤသို့လျှင် အကြိမ်ကြိမ် စမ်းသပ်ရာ နေလယ် ၁၁ နာရီထိုးလေတော့၏။ မောင်ဘချစ်အဖို့ ပေါက်ဖော်ကြီး ဦးရွှမ်တီထားခဲ့သော ရသေ့စိတ်ပြေ (တစ်နည်း) အကြံမက်စိတ်ပြေကို စိတ်ဝင်စား၍ နေသဖြင့် ထမင်းဆာရကောင်းမှန်းပင် မသိတော့ပေ။ ထို့နောက် မောင်ဘချစ်သည် ပဟေဠိကို ခုနစ်မှင့်နှင့် စမ်းကြည့်ပြန်၏။ ခုနစ်မှင့်ထား၍ စေတီတွင်လှူသော မှင့်ရေကို တစ်မှင့်မှစ၍ လှူကြည့်လေ၏။ အဖြေမကိုက်သောကြောင့် နှစ်မှင့် သုံးမှင့် စသည်ဖြင့် တက်၍ လှူကြည့်ပြန်၏။ မရသောအခါ၌ လေးမှင့်လှူကြည့်လိုက်ရာ ဦးရွှမ်တီဆိုလို





သော အဖြေနှင့် ကိုက်လေတော့၏။ အဖြေကိုက်ပုံမှာ ဤသို့ဖြစ်၏။

ယူသွားသော ပန်းမှင့်သည် ခုနစ်မှင့်ဖြစ်၏။ လောကမာရ်အောင်စေတီတွင် လေးမှင့်လှူလိုက်ရာ သုံးမှင့်ကျန်လေ၏။ ကျန်သော သုံးမှင့်အား ရေကန်ထဲတွင် နှစ်လိုက်ရာ ခြောက်မှင့်ဖြစ်၍ သွားလေ၏။ ထိုခြောက်မှင့်ရှိသည့်အနက် ရတနာမာရ်အောင်စေတီသို့ လေးမှင့်လှူလိုက်ရာ နှစ်မှင့်ကျန်လေ၏။ နှစ်ဆတိုးသောကြောင့် လေးမှင့်ဖြစ်ပြန်၏။ ထိုလေးမှင့်ကို နောက်ဆုံးစေတီဖြစ်သော ရန်မျိုးအောင်စေတီသို့ အကုန်လုံးလှူပစ်လိုက်လေ၏။ ထို့ကြောင့် အဖြေသည် ပန်းခုနစ်မှင့်ယူသွားရမည်။ စေတီတိုင်း၌ လေးမှင့်စီ လှူရမည်ဟူ၍ ဖြစ်ပေသည်။

မောင်ဘချစ်သည် ဖြေဆိုနိုင်သည်ဖြစ်သဖြင့် စိတ်လက်ပေါ့ပါး၍ သွားလေ၏။ အချိန်မှာလည်း မွန်းတည့်ခဲ့ပြီ ဖြစ်ပေ၏။ ထို့ကြောင့် မောင်ဘချစ်သည် ထမင်းမစားရသေးသည့် အဖြစ်ကို သတိရသဖြင့် ထမင်းအိုးရှိရာသို့ သွား၍ ထမင်းအိုးကို ဖွင့်မည်ပြုလိုက်ရာ ထမင်းအိုး အဖုံးပေါ်၌ ကျောက်ခဲဖြင့် ဖိ၍ထားသော စာရွက်ပိုင်းကလေးကို အောက်ပါအတိုင်း ဖတ်ရှုရပြန်၏။

## ဖြစ်ချင်တာဖြစ် မောင်ဘချစ်

ဘာများခေါ်ခဲလို့လဲ ကိုယ်လူရယ်၊ တကယ်
ဖြေချင်တဲ့စိတ်နဲ့ ဖြေကြည့်လိုက်တော့လဲ ဖြေနိုင်
တာပဲ မဟုတ်လား၊ နေ့စဉ် စားရေး သောက်ရေး
အတွက် ရှာဖွေရတဲ့ လုပ်ငန်းတွေမှာ အခု ငါထားခဲ့

တဲ့ အလုပ်ရှယ်လို့ မရှိပါဘူးကွာ၊ အားလုံးဟာ ရိုးရိုးနဲ့ စင်းစင်းကြီးပါပဲ၊ ရုံးမှာ လုပ်တဲ့စာရေးကလဲ စာရေးကြီးလုပ်တာကို ကြည့်ပြီးလုပ်ရုံပဲ၊ ရွှေရောင်းတဲ့လူကလဲ တစ်ခုကို နှစ်ပြားနဲ့ဝယ်ဟာတဲ့ ပစ္စည်းကို တစ်ပြားအမြတ် တင်ချင်ရင် တစ်ခုကို သုံးပြားလို့ ပြောလိုက်ရုံပဲ၊ အမှုကိုဆုံးဖြတ်တဲ့ တရားသူကြီးကလဲ အရင့်အရင်က ဖြစ်ခဲ့ဖူးတဲ့ အမှုတွေကိုကြည့်ပြီး အဲဒီ အမှုတွေတုန်းက ဆုံးဖြတ်ခဲ့တဲ့အတိုင်း ဆုံးဖြတ်ပေးလိုက်ရုံပဲ၊ ရှေ့နေတွေကလဲ အရင့်အရင်က ဖြစ်ခဲ့ဖူးတဲ့ အမှုကိုကြည့်ပြီး ကိုးကား ပြောဆိုတာပဲ မဟုတ်လား၊ ကဲ-- ဆရာဝန် ဆိုပါတော့ကွာ၊ သူကလဲပဲ အရင်က ကုသဖူးတဲ့ ကုထုံးတွေအတိုင်း ချောင်းဆိုးရင် ဘာကိုတိုက်၊ ဖျားနေရင် ဘယ်ဆေးကိုထိုး၊ ဗိုက်အောင့်ရင် ဘာကို လိမ်းရမယ်လို့ ပြောတာပဲ မဟုတ်လား၊ ကဲကွာ ကုန်ကုန် ပြောမယ်၊ သူခိုးပဲ ဆိုကြပါစို့၊ သူကတော့ ဘယ်လောက်များ ဉာဏ်ကစားရလို့တုန်းကွ၊ ဥစ္စာရှင်မသိအောင် အလစ်မှာ ယူရတာပဲ မဟုတ်လား၊ သူ့အလျှင်က သူခိုးကြီးတွေလဲ ဒီအတိုင်း ယူကြရတာပဲ၊ ဟိုနှစ်ပေါင်း ၃၀၀၀ လောက်က သူခိုးလဲ ဒီအတိုင်းပါပဲ၊ ဥစ္စာရှင်မသိအောင် အလစ်ယူရတဲ့အပြင် ဘာများရှိသေးလို့တုံးကွ၊ ရသေ့ စိတ်ဖြေ ပဟေဠိကို ဖြေရသလို ဉာဏ်ကစားနေရတဲ့





အလုပ်မျိုး ဒီလောကကြီးမှာ တကယ် ရှားပါတယ်ကွာ။

မောင်ဘချစ်--- မင်းက ဘာတွေကိုများ စိတ်ပျက်နေတာလဲ၊ မင်းအတွက် ထမင်းနဲ့ မုန့်လာဥကြော်ကြော် နည်းနည်းထားခဲ့တယ်၊ အဲဒါကို စားပြီးရင် ထင်းရှူးပြား သလွန်ညောင်စောင်းကလေးပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် တစ်ရေးလောက် အိပ်လိုက်စမ်းပါ။

ဒီလောကကြီးဟာ ကျေနပ်စရာ ကောင်းပါတယ်။

ဝှမ်တီ

မောင်ဘချစ်သည် ပေါက်ဖော်ကြီး ဦးဝှမ်တီ၏စာကို ဖတ်မိသည့်အခါ လွန်စွာ အားရှိ၍ သွားလေတော့၏။

"ဦးဝှမ်တီပြောတာ ဟုတ်သားပဲ၊ လူတွေ နေ့စဉ်လုပ်ကိုင်နေကြတဲ့ အလုပ်တွေဟာ ဘာများ ခက်လို့တုံး"

ဟုလည်း တွေးမိလေ၏။

မောင်ဘချစ်သည် ထမင်းကိုနှင့် မုန့်လာဥကြော်ကြော်ကလေးဖြင့် မြိန်ရှက်စွာ စားသောက်လေတော့၏။ ထမင်းစားပြီးသည့်အခါ၌ ရေနွေးကြမ်းအိုးမှ အေးစက်နေပြီဖြစ်သော အခါးရည်ကလေးကို ငှဲ့၍ သောက်လိုက်လေ၏။ ထို့နောက် ဆေးလိပ်အနည်းငယ် ဖွာရှိုက်ကာ ထင်းရှူးပြားကလေးပေါ်သို့

ပက်လက်လှန်ချကာ အိပ်စက်လေတော့၏။

နေလယ် နာရီပြန် နှစ်ချက်ထိုးသည့်အခါ၌ အိပ်ရာမှ နိုးလေတော့၏။ အိပ်ရာမှ နိုးလျှင် မောင်ဘချစ်သည် ရေတွင်းသို့ သွား၍ ရေချိုးလေ၏။ ရေချိုးနေရင်း ၎င်း၏စိတ်၌

"နေလယ်စာ လက်ဖက်ရည် အချိုကလေး သောက်ရရင် ကောင်းမှာပဲ"

ဟုလည်း တွေးမိလေ၏။

မောင်ဘချစ်သည် ယမန်နေ့က ဝတ်ခဲ့သော အဝတ်ဟောင်းကလေးများကို လျှော်ဖွပ်သေး၏။ ထို့နောက် နေပူ၌ လှန်းကာ တဲကလေးဆီသို့ ပြန်၍လာခဲ့လေ၏။ ထိုသို့ ပြန်လာခဲ့ရာတွင် တဲရှေ့၌ ကိုးနှစ်ဆယ်နှစ်အရွယ် ကုလားကလေးတစ်ယောက် ရပ်၍နေသည်ကို တွေ့ရသဖြင့် မောင်ဘချစ်က---

"ဟေ့ ဗွတ်ကရား၊ ကျားကရေးကာ (ဟေ့ကောင်လေး ဘာလဲကွ)"

ဟု မေးလိုက်ရာ ကုလားကလေးက လက်တွင်းမှ သတ္တုချိုင့်ကလေးကို မြှောက်၍ပြရင်း "ကြာရေ" ဟု ပြောလေ၏။

ထိုအခါ၌ မောင်ဘချစ်က---

"မင်းကို ဘယ်သူပို့ခိုင်းတာလဲ"

ဟု ပြန်၍ မေးလေ၏။

"ကျွန်တော့်ကို ဒီမှာနေတဲ့ ပေါက်ဖော်ကြီးက နှစ်နာရီထိုးရင် လက်ဖက်ရည်တစ်ခွက် ပို့ပေးရမယ်လို့ မှာခဲ့ပါတယ်၊ ကျွန်တော်က ဘုရားနားက ကာကာဆိုင်ကပါ"

ဟု ပြောဆိုကာ ကုလားကလေးသည် မောင်ဘချစ်အား





လက်ဖက်ရည်ချိုင့်ကို ပေး၍ ပြန်သွားလေ၏။

မောင်ဘချစ်လည်း လက်ဖက်ရည်ချိုင့်ကို လှမ်း၍ ယူလိုက်ပြီးနောက်---

"ဦးဗွမ်တီဆိုတဲ့လူကြီးဟာ တော်တော့်ကို လူသဘောနဲ့ လူ့စိတ်ဓာတ်ကို သိတဲ့လူကြီးပဲ၊ ဒီအချိန်မှာ ငါဟာ အိပ်ရာက နိုးမယ်၊ လက်ဖက်ရည်ချိုတစ်ခွက်လောက် သောက်ချင်နေမယ်ဆိုတာကို သူက ကြိုတင်သိနေတယ်၊ ဒီလူကြီးဟာ တော်တော့်ကို တော်တဲ့လူကြီးပဲ၊ သူက ဘာကြောင့်များ ဒါလောက် တော်နေပါလိမ့်၊ ပြီးတော့ သူ့အလုပ်က ပန်းရန်အလုပ်၊ သူဟာ ပန်းရန်တစ်ယောက်ပဲဖြစ်တယ်၊ ထူးတော့ တော်တော် ထူးတာပဲ"

ဟု၍ တွေးတောနေမိလေ၏။

ထို့နောက် မောင်ဘချစ်သည် အဝတ်အစားလဲကာ လက်ဖက်ရည်အချိုကို သောက်လေ၏။ လက်ဖက်ရည်အချိုသောက်ပြီးနောက် ဗိုက်တွင်းချဉ်သဖြင့် သူ့ငွေးဝါ ဆေးပေါ့လိပ်အသစ်တစ်လိပ်ကို မီးညှိပြန်လေ၏။

မောင်ဘချစ်သည် ဆေးလိပ်သောက်ရင်း တဲအတွင်း၌ပင် အညောင်းပြေအညာပြေ လမ်းလျှောက်၍ နေလေ၏။ ညနေပိုင်းသို့ရောက်လျှင် မောင်ဘချစ်၏စိတ်၌---

"ဦးဗွမ်တီကြီး သနားပါတယ်၊ သူ့ခမျာ ပင်ပင်ပန်းပန်းနဲ့ ပြန်လာပြီး ထမင်းချက်ရမယ်ဆိုရင် မဟုတ်သေးပါဘူး၊ ငါက ထမင်းကလေးတစ်အိုးလောက်တော့ ချက်ထားပေးသင့်တာပေါ့"

ဟုတွေးရင်း ဆန်အိုးကလေးထားရာသို့ သွား၍ ဆန်အိုးကို ဖွင့်လိုက်ရာ အတွင်း၌ စာရွက်ခေါက်ကလေးကို တွေ့ရပြန်လေ

၏။ ထို့ကြောင့် မောင်ဘချစ်က စာရွက်ခေါက်ကလေးကို ဖတ် ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရပြန်လေ၏။

ဖြစ်ချင်တာဖြစ် မောင်ဘချစ်
ထမင်းချက်ထားမလို့လားကွ၊ ဟဲ ဟဲ-- မင်းရဲ့ သိတတ်မှုကို ငါက လေးစားပါတယ်ကွ၊ ဒါပေမယ့် မချက်ပါနဲ့ကွ၊ ဒီကနေ့ ကောင်းကောင်းကလေး စားရအောင် ထမင်းကြော်နှစ်ထုပ် ဝယ်ခဲ့မယ်ကွ၊ ဟဲ--ဟဲ။

ဥမ်တီ

မောင်ဘချစ်သည် ထိုစာကို ဖတ်ပြီးနောက် တော်တော် တော်တဲ့ ဦးဥမ်တီပဲဟု တစ်ကိုယ်တည်း ပြောလိုက်မိလေတော့ ၏။

❖ ❖ ❖

မောင်ဘချစ်သည် ထမင်းအိုးတည်ခြင်း မပြုတော့ဘဲ ဦးဥမ်တီကိုသာ စောင့်မျှော်နေလေ၏။ ဤသို့ပင် တစ်မထက် တစ်ခ မှောင်စပျိုး၍ လာလေ၏။ ထို့နောက် မီးခွက်ထွန်းရန် အတွက် မီးခွက်ကို ရှာဖွေရာ တဲကလေး၏ ထောင့်နားဦးပင် ရေနံဆီပုလင်းကလေးနှင့်အတူ ရေနံဆီမီးခွက်ကလေးကို တွေ့ မြင်ရလေ၏။





ထို့ကြောင့် မောင်ဘချစ်သည် မီးခွက်ထွန်းမည်ဟု မီးခွက်ကို ကောက်ယူလိုက်ရာ မီးခွက်အောက်တွင် စာရွက်ခေါက်ကလေး ကို တွေ့ရလေ၏။ မောင်ဘချစ်သည် မီးခြစ်ကို ရှာဖွေခြစ်၍ မီးစာ၌ တို့လိုက်လေ၏။ တဲကလေးသည် ကျဉ်းမြောင်းလှသည် ဖြစ်ရာ မီးခွက်ကလေးမှ အလင်းရောင်ဖြင့် လုံလုံလောက် လောက် ရှိပေ၏။

မောင်ဘချစ်သည် မီးခွက်အောက်တွင် တွေ့ရသော စာရွက် ခေါက်ကလေးကို ဖြန့်၍ ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

တော့ ဖြစ်ချင်တာဖြစ် မောင်ဘချစ်

တစ်ယောက်ထီးတည်း ပျင်းနေပြီလား၊ မှောင် စပျိုးရင် အလွမ်းစာတတ်ရှိတဲ့လူများ ပိုပြီး လွမ်း စိတ်တွေ ပေါ်လာတတ်တယ်ကွ၊ သိပ်ပြီး မကြာ ခင်မှာပဲ ငါပြန် ရောက်လာမှာပါကွာ။

ဥမ်တီ

မောင်ဘချစ်သည် ထိုစာကို ဖတ်ပြီးနောက် ပြုံးလိုက်လေ ၏။ တစ်နေ့လုံး တဲကလေးအတွင်း၌ မိမိတစ်ယောက်ထီးတည်း နေရပါလျက် မကြာခဏဆိုသလို ဦးဥမ်တီ၏ စာများကို ဖတ်ရ နေရသဖြင့် ဦးဥမ်တီပါ မိမိနှင့် အတူတကွ ရှိနေသကဲ့သို့ စိတ်၌

ခံစားရလေ၏။

မောင်ဘချစ်လည်း မီးခွက်အနီး၌ ထိုင်၍ ဦးဂွမ်တီအလာကို စောင့်မျှော်နေလေ၏။ မကြာမကြာလည်း လမ်းမဘက်ဆီသို့ မျှော်၍ ကြည့်မိလေ၏။ ဦးဂွမ်တီ၏ တဲကလေးမှာ မြေကွက်လပ် ချိုင့်အတွင်း၌ ဆောက်လုပ်ထားသည်ဖြစ်ရာ လမ်းမဘက်ကို ကြည့်ရှုသောအခါ၌ အနည်းငယ်မျှ မော့်၍ ကြည့်ရလေ၏။

များမကြာမီ၌ ဦးဂွမ်တီ၏ အသံကို လမ်းမဘက်ရှိ ကုန်းမြင့်ကလေးဆီမှ ကြားရလေတော့၏။

"ဟေ့ ဖြစ်ချင်တာဖြစ် မောင်ဘချစ်ရေ-- သိပ်ပြီးကောင်းတာပဲ၊ ငါ အပြင်က ပြန်လာတဲ့အခါတိုင်း ငါ့ရဲ့ တဲကလေးဟာ အမြဲ မှောင်နေတယ်၊ ဒီကနေ့တော့ မင်းက တဲနန်းကလေးထဲမှာ ရှိနေ တာဆိုတော့ မီးတွေဘာတွေ ထွန်းတာကိုး၊ ဟဲ ဟဲ--- မီးအလင်းရောင်နဲ့ ငါ့ရဲ့တဲကလေးကို အဝေးကမြင်ရတာ ကြည်နူးစရာကလေးပဲဟေ့"

ဟု ဦးဂွမ်တီက ကုန်းမြင့်ကလေးပေါ်မှ ဆင်းလာရင်း လှမ်း၍ အော်ပြောလိုက်လေ၏။

တဲအတွင်းသို့ ရောက်သည့်အခါ၌ ဦးဂွမ်တီက မောင်ဘချစ်အား အထုပ်နှစ်ထုပ်ကို လှမ်း၍ပေးရင်း "ထမင်းကြော်" ဟု ပြောလိုက်လေ၏။ ထို့နောက် ဦးဂွမ်တီသည် ရေချိုးလေ၏။ ရေချိုးပြီးနောက် ၎င်းတို့ နှစ်ယောက်သည် ထမင်းကြော်ကို တစ်ယောက်တစ်ထုပ်စီ ဖြေ၍ စားကြလေတော့၏။

မောင်ဘချစ်သည် ထမင်းကြော်ကို ဇွန်းဖြင့် လှန်လှော၍ အသားဖတ်ကို ရှာနေလေ၏။ ထို့ကြောင့် ဦးဂွမ်တီက---





"ဘာလဲကွ၊ အသားရှာနေတာလား၊ မရှာနဲ့ကွ၊ အသက် သတ်လွတ် ကြော်မိုင်းလာတာကွ"

ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့သည် အခါးရည်တစ်ခွက်စီ သောက်ကြလေ၏။ ထမင်းစားပြီးသည့်အခါ၌ မောင်ဘချစ်က ဦးဂွမ်တီအား

"ကျုပ်က ဘာအလုပ် လုပ်ရမှာလဲဗျ"

ဟု မေးလိုက်ရာ ဦးဂွမ်တီက မျက်စိပေါက်ကလေး ကျဉ်း သွားသည်အထိ ပြုံးလိုက်ပြီးနောက်

"အလုပ်အတွက် အလောသုံးဆယ် မလုပ်စမ်းပါနဲ့ကွ၊ အထူး သဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်ကို ရွေးချယ်တော့မယ် ဆိုရင် စဉ်းစဉ်းစားစားလုပ်စမ်းပါကွ၊ လူတွေဟာ ခြောက်လ တစ်နှစ်လောက် ဝတ်ရမယ့် လုံချည်ကလေး တစ်ထည်လောက် ဝယ်ဖို့ဆိုရင် သေသေချာချာကို ရွေးတော့တာပဲ၊ အသားကောင်း ရဲ့လား၊ အဆင်ကောင်းရဲ့လားနဲ့ သေသေချာချာကို ရွေးတော့ တာပဲ၊ တကယ်ကတော့ လုံချည်အရွေးမှားလို့ ဘာမှ ဒုက္ခ မရောက်ဘူး၊ အသက်မွေးဝမ်းကျောင်း အလုပ်ကို အရွေးမှားရင် တစ်သက်တာလုံး ဒုက္ခရောက်တော့တာပဲ၊ အဲဒါကြောင့် တစ်သက်လုံး လုပ်ရမယ့် အလုပ်ကို သေသေချာချာ ရွေးပြီး စဉ်းစားပြီးမှ လုပ်ရတယ်ကွ၊ ငါ့ဆီမှာနေပြီး အေးအေးဆေးဆေး စဉ်းစားစမ်းပါ မောင်ဘချစ်ရာ"

ဟု ပြောလေ၏။

"ထမင်းစားဖို့ အလုပ်တစ်ခုခုတော့ လုပ်ရမယ် မဟုတ်လား ဗျ"

ဟု မောင်ဘချစ်က မေးပြန်ရာ ဦးငွမ်တီက---

"အဲဒီလို စိတ်ကူးမျိုးဟာ တော်တော်ကို သနားစရာကောင်းတဲ့ စိတ်ကူးမျိုး၊ ကိုယ့်လူရဲ့ ထမင်းစားဖို့လောက်သာ ရည်ရွယ်ပြီး အလုပ်လုပ်တဲ့လူဟာ ဘယ်မှာ ထူးချွန်မှာလဲကွ၊ မင်း တစ်ခု စဉ်းစားကြည့်စမ်း၊ မင်းလဲပဲ ရွှေကိုးမင်းကုမ္ပဏီမှာ ငွေကိုင်စာရေးလုပ်ခဲ့တာပဲ၊ အဲဒီမှာ မင်းဟာလခအပြင် ဘာများ အမြတ်အစွန်းရခဲ့သလဲ၊ အမြတ်အစွန်းဆိုတာ ငွေတစ်ခုတည်းကို ပြောတာ မဟုတ်ဘူး၊ အသိဉာဏ်ပဲဖြစ်ဖြစ် ဗဟုသုတပဲဖြစ်ဖြစ်ပေါ့ကွာ၊ ဘာများ အမြတ်ထွက်ခဲ့သလဲ၊ ဘာမှ အမြတ်မထွက်ပါဘူးကွ၊ အဲဒါဟာ ဆင်းရဲခြင်းတစ်မျိုးပဲကွ၊ ဒါ့ကြောင့် တစ်သက်လုံးလုပ်ရမယ့်အလုပ်ကို ရွေးမယ်ဆိုရင် ကိုယ်နဲ့ ကိုက်ညီတဲ့ အလုပ်မျိုးကို ရွေးချယ်ရမယ် ကိုယ့်လူ"

ဟု ပြောပြန်လေ၏။

"အဲဒီလို ရွေးချယ်ဖို့ ဝါသနာကို အရင်းခံပြီး စဉ်းစားရမှာလား ဦးငွမ်တီ"

ဟု မောင်ဘချစ်က မေးပြန်၏။

"အဲဒါလဲ ပြောရဦးမယ်၊ ဝါသနာတစ်ခုတည်းနဲ့လဲ မရွေးနဲ့ဦး၊ ဝါသနာဆိုတာက တော်တော်ထူးဆန်းတယ်ကွ၊ ခုကွရောက်မယ့် အလုပ်ကိုမှ ဝါသနာပါတာမျိုး ရှိသေးတယ်၊ ဥပမာကွာ အရှိရတ်ထိုးတာကို ဝါသနာပါတယ်ဆိုပါတော့၊ အဲဒီဝါသနာနဲ့ အသက်မွေးလို့ မရဘူးကွ၊ ဘီးလိယက်ထိုးတာကို ဝါသနာပါတယ်ဆိုပါတော့ကွာ၊ အဲဒီဝါသနာကလဲ အသက်မွေးဝမ်းကျောင်းဖြစ်အောင် လုပ်ဖို့မလွယ်ဘူးကွ၊ ဒါ့ကြောင့် ဝါသနာဆိုတဲ့





အချက်တစ်ခုတည်းနဲ့လဲ မဆုံးဖြတ်ရဘူးကွ"

ဟု ဦးငွမ်တီက ပြောပြန်လေ၏။

မောင်ဘချစ်သည် ဦးခေါင်းကို အနည်းငယ် ကုတ်လိုက်ပြီးနောက်---

"ဒီလိုဆိုရင် ကျွမ်းကျင်တဲ့အလုပ် ကိုယ်လုပ်နိုင်တဲ့အလုပ်ကို ဦးစားပေးပြီး ရွေးချယ်ရမှာလား"

ဟု မေးပြန်လေ၏။

"ဒီလိုလဲ မဟုတ်သေးဘူးကွ၊ ကျွမ်းကျင်တာ တစ်ခုတည်းနဲ့လဲ ရွေးချယ်လို့ မပြန်ဘူးကွ၊ ကျွမ်းကျင်တာက ကျွမ်းကျင်တာဖြစ်ပြီး အောင်မြင်တာက အောင်မြင်တာကွ မတူဘူး၊ ကျွမ်းကျင်တိုင်း အောင်မြင်တာ မဟုတ်ဘူးကွ၊ ဥပမာကွာ ကောလိပ်လှေလှော်အသင်း ဝင်ထားပြီး လှေလှော် လေ့ကျင့်ထားတဲ့ ကောလိပ်ကျောင်းသား တစ်ယောက်ဟာ လှေလှော်ကျွမ်းကျင်တာပေါ့ကွာ၊ အဲဒါနဲ့ပဲ သူဟာ ကောလိပ်ကျောင်းက ထွက်တဲ့အခါမှာ လှေလှော်စားရတော့မှာလားကွ၊ ဟားဟား-- ရယ်စရာ ရှည်းပါလားကွ"

ဟု ပြောဆိုကာ ဦးငွမ်တီသည် တဟားဟားနှင့် ရယ်မောပြန်လေ၏။

"ဒီလိုဆိုရင် အသက်မွေးဝမ်းကျောင်းအလုပ်ကို ဘယ်လိုများ ရွေးချယ်ရမှာလဲ ပေါက်ဖော်ကြီးရဲ့"

ဟု မောင်ဘချစ်က မေးလိုက်ရာ ဦးငွမ်တီက---

"ကဲ--- သေသေချာချာ နားထောင်ပေတော့ကွ--

(တစ်) လူတစ်ရာမှာ တစ်ယောက်ယောက်တောင် ဟန်ကျ

ပန်းချီ ဖြစ်ခဲ့တဲ့ အောင်မြင်ခဲ့တဲ့ အနုပညာအလုပ်၊ ဥပမာ ဘိုင်စကုတ် မင်းသားအလုပ် စာရေးဆရာအလုပ်၊ ဂီတသမား အလုပ်၊ ကြော်ငြာကိုယ်စားလှယ်အလုပ်၊ အသက်အာမခံ ကိုယ်စားလှယ်အလုပ် စတဲ့ အလုပ်မျိုးတွေကို မရွေးချယ်ရ ဘူးကွ၊ ဒီအလုပ်မျိုးတွေက အောင်မြင်ရင်တော့ အလွန်အင်မတန် ကောင်းပါတယ်၊ မအောင်မြင်ရင် ရေစုန်မျောမယ့် အလုပ်မျိုး တွေကွ၊ ဒါကြောင့် ကြပ်ကြပ်ရှောင်ပါ။

(နှစ်) အသက်မွေးဝမ်းကျောင်း တစ်ခုကို ရွေးချယ်တော့မယ် ဆိုရင် လနဲ့နှစ်နဲ့ ချီပြီး လေ့လာစဉ်းစားပြီးမှသာ ငါ ဘာလုပ်ရ မယ်လို့ ဆုံးဖြတ်ပါ။

(သုံး) အသက်မွေးဝမ်းကျောင်း အလုပ်အဖြစ် ဗေဒင်ဆရာ ဆီက ဟောချက်နဲ့ မလုံလောက်ဘူးကွ၊ ဗေဒင်ဆရာကတော့ ကမ္ဘာစီးဂြိုဟ်ဟာ ဘယ်ဂြိုဟ်ဖြစ်လို့သာ ဘာအလုပ်လုပ်ပါလို့ ဟောမှာပဲ၊ ဒါပေမယ့် သူ့စကားကိုလဲ မယုံနဲ့ဦးကွ၊ အဲဒီဗေဒင် ဆရာကိုယ်တိုင်က ဘယ်ဂြိုဟ်တွေ ဘာဖြစ်နေလို့ ဗေဒင်ဆရာ ဖြစ်လာတာလဲဆိုတာတောင် မစဉ်းစားမိတဲ့ ဗေဒင်ဆရာက-များ တယ် ကိုယ့်လူ။

(လေး) လောကမှာ ငါဟာဖြင့် ဒီအလုပ်တစ်မျိုးတည်းနဲ့ သင့်တော်တဲ့လူလို့ ကိုယ့်ကိုယ်ကို မထင်မိလေနဲ့ကွ၊ အနည်းဆုံး အလုပ်သုံးလေးမျိုး လုပ်နိုင်စွမ်းတာချည်းပဲ၊ ဥပမာကွာ ငါဟာ အခုအခါ ပန်းရန်သမား တစ်ယောက်ပဲ၊ အဲဒါနဲ့ပဲ ငါ့ကို ပန်းရန်အလုပ်တစ်ခုမှာပဲ သင့်တော်လိမ့်မယ်လို့ မထင်နဲ့ကွ။

တကယ်လို့ငါဟာ ထမင်းချက်လုပ်ရရင်လဲပဲ ထမင်းချက်





ကောင်းတစ်ယောက် ဖြစ်မှာပဲ၊ ကျောင်းဆရာလုပ်ရရင်လဲ ကျောင်းဆရာကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်၊ ဒေး- ဒေး၊ ဒါပေမယ့် ငါဟာ မျက်စိလည်ပြီးများ မော်တော်ကား မောင်းတဲ့ အလုပ်ကို ရွေးချယ်မိရင်တော့ ကားမောင်းရင်း ဟိုစိတ်ကူး၊ ဒီ စိတ်ကူးနဲ့ လျှောက်ပြီး တိုက်ကုန်မှာပဲကွ ဟား- ဟား၊ ပြီးတော့ စစ်တပ်ထဲဝင်ပြီး စစ်ဗိုလ်လုပ်မိရင် ငါအုပ်ချုပ်တဲ့ စစ်သားတွေဟာ ဘယ်လောက်များ စည်းကမ်း ပျက်ကုန်ကြမလဲ မဆိုနိုင်ဘူးဟေ့။

(ငါး) အသက်မွေးဝမ်းကျောင်းအလုပ်ကို ရွေးချယ်ပြီးရင် အဲဒီအလုပ်က ဝါရင့်ပုဂ္ဂိုလ်တွေဆီက အကြံဉာဏ်ကို မရမက ယူရတယ်ကွ၊ အဲဒီအချက်ငါးချက်ကို သေသေချာချာမှတ်ပြီး အချိန်ယူ စဉ်းစားစမ်းပါ မောင်ဘချစ်ရယ်"

ဟု ပြောဆိုကာ ဦးရွှမ်တီက ထရံတွင် ချိတ်ထားသော တရုတ်တယောလေးကို ဖြုတ်၍ ကြိုးညှိလိုက်ပြီးလျှင်---

"ငါ့ကို ဂီတဆရာ လုပ်ခိုင်းရင်လဲ အကောင်းဆုံး မဖြစ်ဘူး ထားဦး၊ ခပ်ညံ့ညံ့စာရင်းထဲမှာတော့ မပါနိုင်ပါဘူးကွ"

ဟု ဆိုကာ တောလားတစ်ပုဒ်ကို တယောကလေးဖြင့် လက် သံပြလေတော့၏။ မောင်ဘချစ်ကလည်း တယောအလိုက်နှင့် ဝင်၍ ဆိုလေတော့၏။

**မှတ်ချက်။** ။လူငယ်များသည် မိမိနှင့် ကိုက်ညီသော အလုပ်ကို ရွေးချယ်နိုင်ကြပါစေ။ ရွေးချယ်နိုင်ရန်မှာလည်း အချိန်ယူ၍ စဉ်းစားစေချင်ပါသည်။ ထိုသို့

ခဉ်းစားရန် အခြေအနေမပေးသေးပါက ရရာအလုပ်ကို ဝင်၍လုပ်ပါ။ သို့ရာတွင် မိမိနှင့် သင့်တော်သော အလုပ်ကို တွေ့ရှိသည့်အခါ၌ မသင့်တော်သော အလုပ်ကို စွန့်ပစ်ရန် သတိရှိစေလိုက်၏။ ဤသို့ မှာကြားရခြင်းမှာ စာရေးသူ၏ စေတနာဖြစ်ပါသည်။

စာရေးသူ

❖ ❖ ❖



## မောင်ဘချစ်နှင့် လှူ့တာစ်ချောင်းပိုင်ရှင်

ဤသို့လျှင် မောင်ဘချစ်နှင့် ဦးထွမ်တီတို့သည် အတူတကွ နေထိုင်ခဲ့ကြလေ၏။ ရုံးချိန်းရက်သို့ ရောက်သောအခါ၌ မောင်ဘချစ်က ဦးထွမ်တီအား---

"ဒီကနေ့ ရုံးချိန်းပဲ ဦးထွမ်တီ၊ ကျုပ်များ အမှုရှုံးသွားရင်တော့ ခုက္ခပဲဗျာ"

ဟု ပြောလေ၏။

"စိတ်ချပါကွ၊ မင်းပဲနိုင်မှာပါ"

ဟု ဦးထွမ်တီက ပြောလေ၏။

"ပေါက်မော်ကြီးရယ်၊ မျက်ကန်းအားပေးပုံမျိုး ကျုပ်ကို အားမပေးပါနဲ့ဗျာ၊ သူတို့က တောင့်တင်းတယ်၊ ငွေရှိတယ်၊ ကျုပ်မှာက---"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးထွမ်တီက မျက်စိပေါက်ကလေး ကျဉ်း၍သွားသည်အထိ ပြုံးလိုက်ပြီးနောက်

"အဲဒါကြောင့် မင်းက မင်းရဲ့ရန်သူ ဦးရွှေကျော်ကို နိုင်မှာကွ။ တစ်သက်လုံး ယှဉ်ပြိုင်ကြရရင်လဲ နောက်ဆုံးမှာ မင်းပဲနိုင်မှာကွ"

ဟု ပြောလေသ၏။

"ဘာဖြစ်လို့လဲ ပေါက်ဖော်ကြီး"

ဟု မောင်ဘချစ်က ပြန်၍ မေးလေ၏။

"မင်းကို အလွယ်ဆုံး ဥပမာကလေးတစ်ခု ပြောပြမယ်၊ ကဲ ငါ့ရဲ့ ပါးစပ်ထဲကို ကြည့်စမ်း"

ဟု ဆိုကာ ဦးဝွမ်တီက ပါးစပ်ကို ဟ၍ပြသဖြင့် မောင်ဘချစ်က ကြည့်ရလေ၏။

"ကဲ ငါ့ပါးစပ်ထဲမှာ လျှာရှိရဲ့လားကွ"

ဟု ဦးဝွမ်တီက မေးလေ၏။

"ရှိပါတယ်ဗျ"

ဟု မောင်ဘချစ်က ဖြေလေ၏။

"ကဲ--- ဒါဖြင့်ရင် ထပ်ပြီး ကြည့်စမ်းပါဦးလေ၊ ငါ့ပါးစပ်ထဲမှာ သွားတွေကော စုံစုံလင်လင်ရှိရဲ့လားကွ"

ဟု ဆိုကာ ဦးဝွမ်တီက ပါးစပ်ကို ဟ၍ ပြပြန်၏။

"သွားတွေကတော့ စုံစုံလင်လင်မရှိတော့ဘူးဗျို့၊ တချို့ ကျိုးကုန်ပြီ"

ဟု မောင်ဘချစ်က ပြန်၍ ဖြေလေ၏။

"အေး--- ဒါဖြင့်ရင် ထပ်ပြီး မေးဦးမယ်၊ သွားနဲ့လျှာနဲ့ ဘယ်သူက မာသလဲ၊ ဘယ်သူက အပ်စုများသလဲကွ"

"သွားကမာတယ်ဗျာ၊ သွားက အပ်စုများတယ်ဗျာ၊ လျှာက ပျော့လဲပျော့တယ် ပြီးတော့ တစ်ချောင်းတည်းရယ်"





"ကောင်းပြီ၊ ငါ့ရဲ့ ပါးစပ်ထဲမှာ သူတို့ဟာ အမြဲတမ်း ရန်ဖြစ်နေကြတာကွ၊ လျှာကိုသွားက ကိုက်သစ်ဖို့ အမြဲတမ်းကြံစည်နေတာပဲ၊ လျှာကလဲ လွတ်အောင် ရှောင်တိမ်းနေရတာယ်ကွ၊ ပြီးတော့ လျှာကသွားကို အမြဲတမ်း ထိုးလိုက်ထိုးလိုက်နဲ့ လုပ်နေတာပဲ၊ ဒါပေမယ့် နောက်ဆုံးမှာ မာပါတယ်၊ အပ်စုတောင့်ပါတယ်ဆိုတဲ့ သွားတွေဟာ တစ်ချောင်းပြီးတစ်ချောင်း ကျိုးရတော့တာပဲ၊ လျှာကတော့ ပျော့ပျော့ကလေးနဲ့ပဲ အနိုင်ယူသွားတယ်၊ ဒါကြောင့် လောကကြီးမှာ အမာခံတွေကို မကြောက်စမ်းပါနဲ့ မောင်ဘချစ်ရယ်"

ဟု ဦးဝွမ်တီက ပြောလိုက်ရာ မောင်ဘချစ်သည် ဟက်ဟက်ပက်ပက်ရယ်မော၍---

"ကတ်သီးကတ်သတ်ဗျာ"

ဟုပြောလိုက်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် တရားရုံးသို့ ထွက်ခဲ့ကြလေတော့၏။ တရားရုံးသို့ရောက်လျှင် ဦးဝွမ်တီငှားရမ်းထားသော ရှေ့နေကြီးကို တွေ့ရပြန်၏။ ရှေ့နေကြီးက ဦးဝွမ်တီကိုတွေ့လျှင်

"ဒီနေ့ အမိန့်ချမယ့်နေ့ပဲဗျ၊ ဒါပေမယ့် မပူပါနဲ့ဗျာ၊ ကျုပ်တို့ နိုင်မှာပါပဲ"

ဟု ပြောလိုက်ရာ ဦးဝွမ်တီက---

"နိုင်တာရှုံးတာ ရှေ့နေတစ်ယောက်ရဲ့ အလုပ်မဟုတ်ပါဘူးဗျာ၊ အမှုနိုင်ရင် တရားခံလွတ်မယ်၊ အမှုရှုံးရင် တရားခံထောင်ကျမယ်၊ အမှုရှုံးလို့ ရှေ့နေထောင်ကျတာ မရှိပါဘူးဗျ"

ဟု ကိုးရိုးကားရားနိုင်လှသော စကားကို ပြောလိုက်ရာ

ရှေ့နေကြီးက---

"တော်တော့်ကို မဟုတ်မဟတ်ပြောတတ်တဲ့ ပေါက်ဖော်ကြီးပဲ"

ဟု ပြောလေ၏။

ထို့နောက် တရားသူကြီး ရောက်ရှိလာပြီးလျှင် နှစ်ဖက်သော ရှေ့နေများ၏ လျှောက်လဲချက်များကို ကြားနာစစ်ဆေးဖြစ်၍ မောင်ဘချစ်အား အမှုမှ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်လေ၏။

ထို့ကြောင့် မောင်ဘချစ်သည် ဝမ်းမြောက်စွာဖြင့် ဦးဥွမ်တီ၏ ပုခုံးကို ဖက်လိုက်ပြီးလျှင်---

"ကျုပ်ထောင်မကျတော့ဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ ဦးဥွမ်တီက---

"ဒီလိုရှိတယ် မောင်ဘချစ်၊ ဒီလောကကြီးမှာ ပိုးစာကောင်လို မနေရဘူးကွ၊ ပင့်ကူလိုနေတတ်ရမယ်"

ဟု ပြောလိုက်သဖြင့် မောင်ဘချစ်က---

"ဘယ်လိုလဲဗျ၊ ခင်ဗျားပြောတာ ကျုပ်နားမလည်ဘူး"

ဟု ပြန်၍ မေးလိုက်ရာ ဦးဥွမ်တီက---

"ပိုးထည်ရက်တဲ့ ပိုးချည်ကလေးတွေ ထုတ်ပေးတဲ့ ပိုးစာကောင်ကို မြင်ဖူးတယ်မဟုတ်လား၊ အဲဒီအကောင်ဟာ သူ့ဖင်ထဲက အမျှင်ကလေးတွေ ထုတ်တာပဲကွ၊ အဲဒီအမျှင်ကလေးတွေနဲ့ အိမ်ဖွဲ့ပြီး အထဲမှာ သူကနေတယ်။ အိမ်ကိုလုပ်ရင်းလုပ်ရင်းနဲ့ပဲ သူဟာ သူ့အိမ်ကလေးထဲက ထွက်လို့မရတော့ဘဲ ထောင်ကျရှာ





တော့တာပဲပေါ့၊ အေး--- ဒီလိုပဲ ပင့်ကူကလဲ သူ့ဖင်ထဲက အမျှင်ကလေးတွေထုတ်ပြီး အိမ်လုပ်တာပဲ မဟုတ်လား၊ ဒါပေမယ့် ပင့်ကူကတော့ ပိုးစာကောင်လို ထောင်မကျဘူးကွ၊ လွတ်လွတ်လပ်လပ်နေရတယ်၊ အဲဒီသတ္တဝါနှစ်ကောင်မှာ ဖင်ထဲက အမျှင်ထုတ်တာချင်းလဲတူတယ်၊ အဲဒီအမျှင်ကို အိမ်လုပ်တာချင်းလဲ အတူတူပဲကွ၊ ဒါပေမယ့် တစ်ကောင်က လွတ်လွတ်လပ်လပ်နေရတယ်၊ တစ်ကောင်က ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ နေရတယ်၊ ဒီဥပမာကိုယူပြီး လောကကြီးမှာ ဘယ်လိုနေထိုင်ရမယ်ဆိုတာ သဘောပေါက်စမ်းပါကွာ"

ဟု ရှည်လျားစွာ ပြောလိုက်လေ၏။

ဦးဥွမ်တီ၏စကားကို နားထောင်ပြီးနောက် မောင်ဘချစ်က

"ဦးဥွမ်တီကတော့ တကယ့်ကိုပဲ လောကကြီးရဲ့ အကြောင်းကို ကြံကြံစည်စည် တွေးတောတတ်ကိုး"

ဟု ချီးမွမ်းလိုက်ရာ ဦးဥွမ်တီက---

"မင်းက ငါ့ကို ချီးမွမ်းတဲ့အတွက် လက်ဖက်ရည်တိုက်ရတော့မှာပေါ့ကွာ၊ ဒါပေမယ့် ဟောဒီရှေ့နေကြီးကတော့ ငါ့ကို မချီးမွမ်းပါလား၊ အဲဒီတော့ သူ့ကို လက်ဖက်ရည်မတိုက်နိုင်ဘူး"

ဟု နောက်လိုက်ရာ ရှေ့နေကြီးက ပြုံးလျက်---

"ဒီလိုရှိတယ် ပေါက်ဖော်ကြီးရဲ့၊ ဟိုရှေးရှေးတုန်းက တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်(စ်)ဟာ လမ်းလျှောက်ထွက်တုန်းမှာ ကလေးနှစ်ယောက် စကားငြင်းခုံနေတာ ကြားရတယ်ဗျ၊ ဒါနဲ့ ကွန်ဖြူးရှပ်(စ်)က ဟေ့ ကလေးတွေ၊ ဘာကိုများ ငြင်းခုံနေတာလဲလို့ မေးလိုက်တော့ ပထမကလေးက ဒီလိုပါ ပညာရှိကြီး

ကွန်ဖြူးရှပ်(စ်)၊ ကျွန်တော်က သူ့ကိုပြောတယ်၊ ကောင်းကင်က နေမင်းကြီးဟာ မနက်ပိုင်းမှာ ကျွန်တော်တို့နဲ့ ပိုပြီးနီးတယ်လို့၊ အဲဒီတော့ သူက ဘာဖြစ်လို့လဲလို့ ပြန်မေးတယ်၊ ကျွန်တော်က ဒီလိုပြောပါတယ်၊ မနက်ပိုင်း နေထွက်စမှာ အရှေ့ဘက်ကို ကြည့်လိုက်ရင် နေကြီးဟာ ကောဇိုင်းလောက်ကြီးကို ရှိတာ၊ ညနေပိုင်း နေဝင်သွားတဲ့အခါမှာတော့ နေကိုကြည့်လိုက်ရင် ထမင်းစားပန်းကန်ပြားလောက်ပဲ ရှိတော့တာကို ကျွန်တော်တွေ့ရတယ်၊ ဒီလို ငယ်သွားတာဟာ ဝေးသွားတဲ့ သဘောပဲ မဟုတ်လားလို့ ကျွန်တော်ကပြောတော့ သူက မဖြစ်နိုင်ဘူးတဲ့၊ သူ့ရဲ့ အကြောင်းပြချက်ကတော့ မနက်ပိုင်း နေထွက်တဲ့အခါမှာ သိပ်ပြီး မပူဘူးတဲ့၊ ညနေပိုင်းကျရင် သိပ်ပြီးပူတယ်တဲ့၊ ဘယ်လောက်တောင် ပူသလဲဆိုရင် စွပ်ပြုတ်အိုးထဲ ဝင်နေရသလိုပဲတဲ့၊ ဒီလို ပိုပြီးပူတာဟာ ကျုပ်တို့နဲ့ နေကြီးနဲ့ ပိုပြီး နီးကပ်လာတဲ့ သဘောလို့ သူကပြောတယ်၊ အဲဒါ ကျုပ်တို့နှစ်ယောက် ဘယ်သူမှန်သလဲ ပညာရှိကြီးလို့ မေးတာကို ကွန်ဖြူးရှပ်(စ်)က မဖြေဘဲ ငြိမ်နေတယ်။ ဒါကြောင့် ကလေးတွေက ကွန်ဖြူးရှပ်(စ်)၊ ခင်ဗျားဟာ ပညာရှိဆိုပြီး ဘာမှလဲ မတတ်ပါလား၊ ကျုပ်တို့နှစ်ယောက် ဘယ်သူမှန်တယ်ဆိုတာလဲ မဆုံးဖြတ်နိုင်ပါလားလို့ ကလေးနှစ်ယောက်က ကွန်ဖြူးရှပ်(စ်)ကို အပြစ်တင်လိုက်ကြတယ်၊ အဲဒီတော့ ကွန်ဖြူးရှပ်(စ်)က ဘာမှမပြောဘဲ ငြိမ်ငြိမ် အဲဒီနေရာက ထွက်သွားတယ်၊ ဆိုလိုတာကတော့ အသိဉာဏ်မရှိတဲ့ ကလေးတွေရဲ့ အပြစ်တင်ခြင်းပဲဖြစ်ဖြစ်၊ ချီးမွမ်းခြင်းပဲဖြစ်ဖြစ် ဘာမှ အရာမရောက်ဘူးဆိုတဲ့ သဘောပါပဲ၊ ဒါကြောင့် ကျုပ်လို အသိ





ဉာဏ်မရှိတဲ့ ရွှေနေပြည်သည့်တစ်ယောက်က ပေါက်ဖော်ကြီးကို ချီးမွမ်းဖို့ ခက်နေပါတယ်"

ဟု ပြောလိုက်ရာ ဦးရွှမ်တီက---

"သောက်ကျိုးနဲ့ တော်တဲ့ လျှာတစ်ချောင်းပိုင်ရှင်ပေပဲ၊ ကဲ - လက်ဖက်ရည်ဆိုင် သွားကြစို့"

ဟု ပြောဆိုကာ ရွှေနေကြီးနှင့် မောင်ဘချစ်တို့ကို ဖက်တွဲ၍ လက်ဖက်ရည်ဆိုင်ဆီသို့ ခေါ်သွားလေတော့သတည်း။

❖ ❖ ❖

## တိုက်ဟန်းနဲ့ ဝမ်ဝုကို အနိုင်ယူသူ

တစ်နေ့သ၌ မောင်ဘချစ်နှင့် ဦးဂွမ်တီတို့သည် ၎င်းတို့၏ တဲကလေးအတွင်း၌ ထိုင်၍ စကားပြောနေကြလေ၏။ မောင်ဘချစ်လည်း အမဲရည်ကို သောက်လိုက် စကားပြောလိုက် လုပ်၍နေလေ၏။

"ဦးဂွမ်တီရယ်၊ ရှေ့ကို ကျုပ် ဘာတွေလုပ်ရမယ်ဆိုတာ ပြောစမ်းပါဦး"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဂွမ်တီက---

"မင်းရဲ့ ရှေ့ရေးကို ငါညွှန်ပြရမှာထက် မင်းကိုယ်တိုင် ညွှန်ပြရင် ပိုပြီးကောင်းမယ်ကွ၊ ဒါပေမယ့် မင်းကတော့ တိုက်ဟန်းနဲ့ ဝမ်ဝုဆိုတဲ့ တောင်ကြီးနှစ်လုံးကို ဖြိုရမှာပဲကွ"

ဟု ပြောလေ၏။

ဦးဂွမ်တီ၏ စကားကြောင့် မောင်ဘချစ်သည် အူကြောင်ကြောင် ဖြစ်၍သာ သွားလေ၏။





"ဘာဖြစ်လို့ တောင်ကြီးနှစ်လုံးကို ဖြိုရမှာလဲ ဦးဂွမ်တီရဲ့ ကျုပ် နားမလည်ဘူးဗျ"

ဟု ပြန်၍ မေးလေ၏။

ထိုအခါ ဦးဂွမ်တီက---

"ဟို ရှေးရှေးတုန်းက တရုတ်ပြည်ကြီးမှာ တိုက်ဟန်းနဲ့ ဝမ်ဝုဆိုတဲ့ တောင်ကြီးနှစ်လုံး ရှိတယ်ကွ၊ အဲဒီတောင်ကြီးတွေရဲ့ အမြင့်ကို မပြောတော့ဘူး၊ အကျယ်အဝန်းကိုပဲ ပြောမယ်၊ အကျယ်အဝန်းက တရုတ်လို 'လီ' ခေါ်တာပေါ့ကွ၊ မြန်မာလိုတော့ 'မိုင်' လို့ပဲ မှတ်ထားလိုက်ပေတော့၊ စတုရန်းလီပေါင်း ၇၀၀ကျော် ကျယ်ဝန်းတယ်ကွ၊ အင်မတန်ကြီးမားတဲ့ တောင်ကြီးတွေပေါ့ကွာ၊ အဲဒီတောင်ကြီးနှစ်လုံးရဲ့ မြောက်ဘက်မှာ အသက် ၉၀ လောက်ရှိတဲ့ အဘိုးကြီးတစ်ယောက်နေတယ်ကွ၊ သူက သူ့အိမ်ကနေ ဟိုနယ်မြို့ကို သွားတဲ့အခါတိုင်း တောင်ကြီးနှစ်လုံးကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကျော်တက်ပြီးမှ သွားရရှာတယ်၊ အဲဒီတော့ အဘိုးကြီးဟာ သူ့မိန်းမနဲ့ တိုင်ပင်တယ်၊ 'ရှင်မရေ ဟောဒီ တောင်ကြီးနှစ်လုံးကတော့ ငါ့ကို တော်တော် ဒုက္ခပေးတယ်၊ ဖြိုပစ်လိုက်ပြီး မြေပြန့်ဖြစ်အောင်လုပ်ရင် ကောင်းမယ်' လို့ပေါ့ကွာ၊ အဲဒီအခါမှာ အဘွားကြီးက 'ရှင်က တောင်ကြီးနှစ်လုံးကို ဖြိုပစ်တာတော့ ဟုတ်ပါပြီ၊ အဲဒီက ထွက်လာတဲ့ မြေစာတွေကို ဘယ်မှာသွားပြီး ပစ်မှာတုန်း' လို့ ပြန်မေးလိုက်တယ်"

ဟု ဆိုကာ ဦးဂွမ်တီက စကားကို ရပ်ထားလိုက်လေ၏။

"အာဘအဘိုးကြီးနဲ့ အဘွားကြီးပါလားဗျ၊ ဒီတောင်ကြီးနှစ်လုံးကိုများ အဘိုးကြီးကလဲ ဖြိုပစ်မယ်လို့ ကြုံးဝါးတယ်၊ အဘွား

ကြီးက မဖြစ်နိုင်ဘူးလို့ မတားဘူး၊ မြေစာတွေ ဘယ်မှာပစ်မလဲ လို့တောင် သူက မေးလိုက်သေးတယ်၊ ဟား ဟား ဟား--- တော်တော်လာတဲ့ အဘိုးကြီးနဲ့ အဘွားကြီး"

ဟု မောင်ဘချစ်က ပြော၍ ပြုံးလိုက်လေ၏။

"အေး--- ဆက်ပြီး ပြောရဦးမယ်၊ အဘိုးကြီးက အဲဒီတော့ ဘာပြောသလဲဆိုတော့ 'မပူပါနဲ့ရှင်မရယ်၊ မြေစာတွေကို ပိုဟိုင်း ပင်လယ်ထဲမှာ သွားပစ်မှာပေါ့'လို့ ပြောလိုက်တယ်ကွ၊ ပိုဟိုင်း ပင်လယ်ဆိုတာ မန်ချူရီးယားရဲ့ တောင်ဘက်မှာ ရှိတယ်ကွ၊ ဆိုက်ဗေးရီးယားနဲ့ ဆိုရင်တော့ မြောက်ဘက်ကျတာပေါ့ကွာ၊ အဘိုးကြီးနေတဲ့နေရာနဲ့ဆို အဝေးကြီးမှ အဝေးကြီးရယ်ပဲကွ၊ အေးပေါ့ အဲဒီလိုနဲ့ပဲ အဘိုးကြီးဟာ သူ့သားသုံးယောက်ရယ်၊ သူ့မြေးကလေးတစ်ယောက်ရယ်၊ သူရယ် ငါးယောက်သား တောင်ကြီးကို စတူးတော့တာပဲပေါ့၊ ပေါက်တူးနဲ့ ပေါက်တဲ့ သူကပေါက်၊ ဂေါ်ပြားနဲ့ ကော်တဲ့လူကကော်နဲ့ လုပ်ငန်းစကြ တော့တာပဲ၊ အဲဒီလို သူတို့လုပ်နေတုန်းမှာ အဘိုးကြီးရဲ့ အိမ်နီး ချင်းဖြစ်တဲ့ ချင်းချုန်းဆိုတဲ့ မုဆိုးမတစ်ယောက်ရဲ့ သားကလေးက ရောက်လာတယ်ကွ၊ အဲဒီကလေးကလဲ ငယ်သွားလဲမလဲ ရှိ သေးတယ်၊ သူကလေးကလဲ ရသမျှမြေစာတွေကို လက်ကလေး နှစ်ဖက်နဲ့ ကျုံးပြီး ပစ်ရှာတယ်"

ဟု ဦးဝွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က---

"တော်တော်ရယ်ဖို့ကောင်းတဲ့ လူတွေပါလား"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဦးဝွမ်တီက---

"မောင်ဘချစ်--- မင်းအနေနဲ့သာ ရယ်ဖို့ကောင်းတယ်





မထင်နဲ့ကွ၊ အဘိုးကြီးနေတဲ့ ရွာထဲက ပညာရှိတစ်ဆူလို့ အများ က သတ်မှတ်ထားတဲ့ ဟုတ်ချူးဆိုတဲ့လူတစ်ယောက်က အဘိုး ကြီး သားအဖ တောင်ကြီးဖြိုနေတဲ့နေရာကို ရောက်လာပြီး အကျိုးအကြောင်းမေးတော့ တောင်ကိုဖြိုနေမှန်း သိပါလေရော ကွာ၊ အဲဒီတော့ ဟုတ်ချူးက ဟက်ဟက်ပက်ပက် ရယ်မောလိုက် ပြီး 'တော်တော်မိုက်တဲ့ အဘိုးကြီးပဲ၊ ခင်ဗျားတို့ ဒီတောင်ကြီးကို ဘယ်လိုလုပ်ပြီး ဖြိုကြမှာလဲ၊ ခင်ဗျားတို့ဖြိုလို့ကော ဒီတောင်ကြီး တွေက ပြိုမှာတဲ့လား'လို့ ပြောပြီး အူတက်မတတ် ရယ်တော့တာ ပေါ့ကွာ၊ အဲဒီအခါမှာ တိုက်ဟန်းနဲ့ ဝမ်ဝုတောင်ကြီးကို ဖြိုနေတဲ့ အဘိုးကြီးက ပညာရှိအမည်ခံ ဟုတ်ချူးကို 'အသင်ဟုတ်ချူး၊ အသင်ဟာ ပညာရှိအစစ်မဟုတ်ဘူး၊ ပညာရှိအမည်ခံသာ ဖြစ် တယ်၊ ဒီတောင်ကြီးတွေကို ငါက ဖြိုတဲ့နေရာမှာ ငါ့တစ်သက်မှာ မပြီးဘူး ဆိုတာ ငါသိတယ်၊ အခုပဲ ငါဟာ အသက်ကိုးဆယ် ရှိပြီပဲ၊ ဒီတော့ ငါသေသွားရင်တောင် ဒီတောင်ကြီးတွေက အရာ ယွင်းမှာ မဟုတ်သေးပါဘူး၊ ဒါပေမယ့် အသင်ဟုတ်ချူး-- တစ်ခု စဉ်းစားကြည့်စမ်းပါ၊ ငါသေသွားရင် ငါ့သားတွေ ရှိတယ် မဟုတ် လား၊ သူတို့က ဆက်ပြီးဖြိုကြလိမ့်မယ်၊ သူတို့သေသွားတဲ့ အခါ မှာ သူတို့ရဲ့သားတွေက ဆက်ပြီးဖြိုကြလိမ့်မယ်၊ အေး-- သူတို့ သေသွားရင်လဲ နောက်ထပ်နောက်ထပ် သားတွေသားတွေ မဆုံး တမ်း ပေါ်ပေါက်လာမယ့် သားတွေက ဆက်ပြီးဖြိုကြမှာပေါ့ တောင်ကြီးတွေက သားတွေ မွေးမှာမှ မဟုတ်ဘဲ၊ ဒီအတိုင်းပဲ နေမှာ မဟုတ်လား၊ နောက်ဆုံးမှာ ငါတို့ပဲ နိုင်ရမယ်၊ တောင်ကြီး တွေက အရှုံးပေးရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့က အဆက်

မပြတ် ဖြစ်ပေါ်နေတယ်၊ တောင်ကြီးတွေက ဖြစ်ပေါ်မှု မရှိဘူး ပုံသေရပ်နေတယ် မဟုတ်လား အသင်ဟုတ်ချူး’လို့ ပြောလိုက်တော့ ပညာရှိဟုတ်ချူးလဲ တစ်ရှိုးတည်း လစ်တော့တာပေါ့ကွာ၊ အဲဒီလို အဘိုးကြီးရဲ့ ကြောက်မမန်းလိလိ ခွဲလှဲ့လကို ကောင်းကင်က နတ်မင်းကြီးလဲ သိသွားပါလေရော၊ နတ်မင်းကြီးဟာ အလွန်အင်မတန် အစွမ်းထက်တဲ့ သူ့ရဲ့သားနှစ်ယောက်ကို ခေါ်ပြီး တိုက်ဟာန်းနဲ့ ဝမ်ဝုတောင်ကြီးနှစ်လုံးကို အဲ့ဘိုးကြီးနေချင်တဲ့ နေရာကို ချက်ချင်း ရွှေ့ပေးရမယ်လို့ အမိန့်ပေးလိုက်တော့တာပေါ့ကွာ၊ အဲဒီနေ့ကစပြီး တိုက်ဟာန်းတောင်ကြီးဟာ ရှုဘာနှယ်ဘက်ကို ရောက်သွားတယ်။ ဝမ်ဝုတောင်ကြီးကတော့ ယုနန်နယ်ဘက်ကို ရောက်သွားတယ်၊ အဘိုးကြီးနေတဲ့ ချိုချောင်နယ်ကနေ ဟိုနန်မြို့ ဟန်မြစ်ကမ်းအထိ လွင်ပြင်ကြီး ဖြစ်သွားသတဲ့ကွာ”

ဟု ဦးဝွမ်တီက ရှည်လျားစွာ ပြောဏ်။ ၎င်း၏မျက်စိပေါက်ကလေး ကျဉ်းသွားသည်အထိ တခစ်ခစ်နှင့် ရယ်မောလိုက်လေတော့၏။ ထို့နောက် အခါးရည်တစ်ခွက်ကို ငှဲ၍ မော့လိုက်လေ၏။ မောင်ဘချစ်က---

“ယုံတမ်းတွေနဲ့တူပါရဲ့ ပေါက်ဖော်ကြီး”

ဟု ပြောလိုက်ရာ ဦးဝွမ်တီက---

“ယုံတမ်းဆိုတာ ယုံကြည်လောက်တဲ့ ထုံးတမ်းကိုပြောတာကွ ယုံကိုယုံရမယ် မောင်ဘချစ်၊ အခု ငါပြောတဲ့ စကားမှာ သင်ခန်းစာတွေ အများကြီး ပါနေတယ်၊ လူ့ဘဝရဲ့ အခက်အခဲ တောင်ကြီးတွေကို ဘယ်လိုစိတ်ဓာတ်မျိုးနဲ့ ဖြိုဖစ်ရမယ်ဆိုတာ ပြောပြနေတယ်၊ ပြီးတော့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာနဲ့ ဆောင်





ရွက်လုပ်ကိုင်ရမယ်ဆိုတာလဲ ပြောပြနေတယ်၊ အဲဒီလို လုပ်ကိုင်ရတဲ့နေရာမှာ ဟုတ်ချူးတို့လို တတ်ယောင်ကားတွေက လာလာပြီး စိတ်ပျက်အောင် ပြောတတ်တယ်ဆိုတာလဲ သတိပေးထားတယ်၊ နောက်ဆုံးမှာ ခွဲလှဲ့လ ကြိုးစားသူအတွက် ကူညီညာဖိုင်းလို့ မှိုင်းမမယ့်သူတွေ အဆင်သင့်ရှိနေတယ်ဆိုတာလဲ သိရတယ် မဟုတ်လား၊ ဒီတော့ မောင်ဘချစ်၊ မင်းဘဝရဲ့ အခက်အခဲ တောင်ကြီးနှစ်လုံးဖြစ်တဲ့ ဝမ်ဝုနဲ့ တိုက်ဟာန်းကို မင်းဟာ ဖြိုရမှာပေါ့၊ မင်းနားလည်အောင် ပြောရရင် ဒုက္ခနဲ့ သောကဆိုတဲ့ တောင်ကြီးနှစ်လုံးကို ဖြိုဖစ်ရမှာပဲ၊ အဲဒီလိုဖြိုတဲ့နေရာမှာ ငါဟာ မုဆိုးမ ချင်းချွန်းရဲ့ ငယ်သွားလေ့ခါ သားကလေးလောက်တော့ ဝင်ပြီး ကူညီနိုင်ပါတယ်၊ ဟား ဟား ဟား---”

ဟု ပြောဆိုရယ်မောလိုက်လေတော့၏။

“ကျုပ် တောင်ဖြိုတဲ့လုပ်ငန်းမှာ ပေါက်ဖော်ကြီးက နတ်မင်းကြီးနေရာက ဝင်ရမယ်ဥစ္စာ၊ ဘာဖြစ်လို့ မုဆိုးမသားကလေး နေရာက ဝင်ရတာတုံး”

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဝွမ်တီက---

“ငါဟာ နတ်မင်းကြီး မဖြစ်နိုင်ဘူး၊ တကယ့်နတ်မင်းကြီးအစစ်ဟာ မင်းရဲ့ နှလုံးအိမ်ထဲမှာ ကိန်းအောင်းနေတဲ့ မင်းရဲ့ စိတ်ဓာတ်ပဲ မောင်ဘချစ်၊ အဲဒီနှလုံးအိမ်ထဲက နတ်မင်းကြီးကို မင်းကိုယ်တိုင် ထုတ်ပြီး အသုံးချတတ်ဖို့ပဲ လိုတယ်”

ဟု ပြောလိုက်လေ၏။

တစ်ခုသော ညနေပိုင်း၌ ဦးဝွမ်တီသည် ၎င်း၏ ယန်းရန်ဆရာ သေတ္တာကလေးကို လွယ်ကာ တဲအိမ်ကလေးဆီသို့ ပြန်၍ လာ

လေ၏။

"ဘယ်လိုလဲ ပေါက်ဖော်ကြီး၊ ဒီကနေ့ပြန်လာတာ စောလှချည်လား"

ဟု မောင်ဘချစ်က မေးလိုက်ရာ ဦးငွမ်တီက---

"အေး-- ဟုတ်တယ်ကွ၊ ငါတို့ဆောက်နေတဲ့ တိုက်ကြီးဟာ လုံးဝ ပြီးစီးသွားပြီကွ၊ ဒီကနေ့ ငါတို့လုပ်ခငွေ ရှင်းတယ်လေကွာ၊ အဲဒါကြောင့် မင်းကို ဆပ်ပလိုင်းလုပ်မလို့ စောစောပြန်ခဲ့တာပဲ၊ ကြည့်မြင်တိုင်ဘက်မှာ တရုတ်ထမင်းဆိုင် တစ်ဆိုင်ရှိတယ်ကွ၊ ထမင်းဟင်း သိပ်ပြီး ကောင်းတာပဲ၊ သွားစားရအောင် အဝတ်အစားလဲကွာ"

ဟု ပြောဆို၍ ၎င်းကိုယ်တိုင်လည်း ရေတွင်း၌ ရေချိုး၍ အဝတ်ဟောင်းကိုချွတ်ကာ လျှော်ပြီးနောက် အဝတ်သစ်တစ်စုံကို ဝတ်လေ၏။ မောင်ဘချစ်လည်း အဝတ်အစားများ လဲလေ၏။

ထို့နောက် ၎င်းတို့သည် ရွှေဂုံတိုင်လမ်းဘက်သို့ ခြေကျင် လျှောက်သွားကြလေတော့၏။ ရွှေဂုံတိုင်အနီး ကုန်းမြင့်ကလေး တစ်ခုသို့ ရောက်လျှင် မောင်ဘချစ်က

"ဦးငွမ်တီ-- ဒီကုန်းပေါ်မှာ တိုက်သစ်ကြီးတစ်လုံးပါလားဗျ၊ အရင်က မရှိပါဘူး"

ဟု ပြောလေ၏။

"ငါဆောက်တာ ဒီတိုက်ပေါ့ကွ၊ ပြီးသွားပြီလေကွာ၊ ဟဲ ဟဲ ဒီတိုက်ကြီးဟာ တော်တော်ကြီးတဲ့ တိုက်ကြီးပဲပဲကွ၊ ဒါပေမယ့် သူ့ရဲ့အစကို ပြောပြရင် မင်းအနေနဲ့ သိပ်ပြီး အံ့သြသွားမှာ"





ဟု ဦးငွမ်တီက ပြောလေ၏။

"ပြောစမ်းပါဦးဗျ"

ဟု မောင်ဘချစ်က ဆိုလေ၏။

"သူ့ရဲ့အစက အုတ်နီခဲကလေးတစ်ခဲနဲ့ စခဲ့တာကွ၊ မယုံမရှိပါနဲ့ကွာ၊ ငါကိုယ်တိုင်ပဲ အဲဒီအုတ်နီခဲကလေးတစ်ခဲကို ယူပြီး စီခဲ့တာပါကွ၊ တစ်ခဲပြီးတော့ နောက်တစ်ခဲ နောက်တစ်ခဲနဲ့ပဲ တိုက်ကြီးတစ်လုံး ဖြစ်လာတော့တာပဲကွ၊ ဒါကို နမူနာယူပြီး ဘယ်လုပ်ငန်းမဆို အုတ်နီခဲကလေးတစ်ခဲက စရမှာပဲကွ၊ နောက်တော့ တိုက်ကြီးဖြစ်သွားမှာပေါ့ကွာ၊ ငါတို့ တရုတ်မှာ စကားပုံရှိတယ်ကွ၊ မိုင်တစ်သောင်းဝေးတဲ့ ခရီးရဲ့ အစဟာ ပထမခြေလှမ်းဖြစ်တယ်တဲ့ကွ၊ အသေးဆုံးကနေ အစပြုခဲ့လို့ အကြီးဆုံးတွေ ဖြစ်လာတာပါကွာ၊ ပိဋကတ်သုံးပုံတတ်တဲ့ ဆရာတော်ကြီးတွေဟာ ဘယ်လောက် အံ့သြဖို့ကောင်းသလဲကွ၊ ဒါပေမယ့် အစကို ပြောပါဆိုရင် ကကြီးခခွေး သင်ခဲ့ရတာကို ပြောရမှာပဲ မဟုတ်လားကွ၊ ဒီတော့ သေးသေးလေးကနေ စတတ်ဖို့ ရဲဖို့ လိုတယ်ကွ"

ဟု ဦးငွမ်တီက ပြောလေတော့၏။

ထိုအခါ၌ မောင်ဘချစ်သည် တစ်ကိုယ်လုံး၌ ကြက်သီးမွေးညင်းများ ထ၍ သွားသည်အထိ စိတ်အားတက်၍ သွားလေတော့၏။

"အစ်ပေါ့ ပေါက်ဖော်ကြီးရယ်၊ ကျုပ်လဲ သေးသေးကလေးက စမယ်ဗျာ"

ဟု ပြောလိုက်လေ၏။

"အေး--- ဒါပေမယ့် သေးသေးကလေးက စပြီး ရပ်ထား

လိုက်ရင်တော့ သေးသေးကလေးပဲ ဖြစ်နေမှာပဲ၊ အစဉ်မပြတ်ဆက်ပြီး လုပ်နေရမယ်၊ ဒါမှ သေးသေးကလေးကနေ ဧရာမဟာကြီး ဖြစ်သွားမှာ"

ဟု ဦးငွမ်တီက ပြောလေ၏။

"စိတ်ချပါ ဦးငွမ်တီ"

ဟု မောင်ဘချစ်က ပြောလေ၏။

"စိတ်မချနိုင်သေးဘူးကွာ၊ သေးသေးကလေးကစပြီး အကြီးကြီး ဖြစ်သွားတယ်ဆိုတာက ပုံမှန်ဖြစ်တဲ့သဘောကို ပြောတာကွ၊ ကြားထဲမှာ အဖျက်အဆီး အနှောင့်အယှက်တွေရှိရင် ပျက်စီးသွားတတ်သေးတယ်ကွ၊ အဲဒီတော့ အနှောင့်အယှက် အဖျက်အဆီးတွေ တွေ့တဲ့အခါမှာလည်း ဘယ်နှစ်ကြိမ်ပဲ ပျက်စီးပျက်စီး စိတ်ပျက်ခြင်းမရှိဘဲ သေးသေးကလေးက ပြန်ပြီး အစပြုနိုင်တဲ့ ခွန်အားရှိမှသာ မင်းအတွက် စိတ်ချနိုင်မယ်ကွ"

ဟု ဦးငွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က---

"စိတ်ချပါ ဦးငွမ်တီ၊ ကျုပ်လေ ခင်ဗျားရဲ့ သွန်သင်မှုကြောင့် အတော့်ကို စိတ်ဓာတ်ကြံ့ခိုင်နေပါပြီဗျာ"

ဟု ပြောလေ၏။

ဤသို့နှင့်ပင် ၎င်းတို့နှစ်ယောက်သည် ကြည့်မြင်တိုင်ဘက်တွင်ရှိသော တရုတ်ထမင်းဆိုင်ဆီသို့ ရောက်ရှိခဲ့ကြလေတော့၏။ ဦးငွမ်တီသည် သက်သတ်လွတ် ဟင်းလျာများကို မှာယူလေ၏။ များမကြာမီ၌ပင် လွန်စွာ မွှေးကြိုင်လှသော သက်သတ်လွတ် ဟင်းလျာများ ရောက်ရှိလာသဖြင့် ၎င်းတို့နှစ်ဦးသည် မြိန်ရှက်စွာ စားသောက်ကြလေတော့၏။ ထိုသို့ စားသောက်ရင်း





ဦးငွမ်တီက---

"ဟော့--- မောင်ဘချစ်၊ မင်းအခုနေ့ ရှေ့မှာ ဘယ်လိုလုပ်မယ်၊ ဘာတွေလုပ်မယ် စဉ်းစားပြီးပြီလား"

ဟု မေးလေ၏။

"ကျုပ်ကတော့ ကျုပ်အိမ်ထောင်ရေးနဲ့ ကျုပ်ရဲ့ ငြိမ်းချမ်းမှုကို ဖျက်ဆီးသွားတဲ့ ဦးရွှေကိုးကို ပစ္စည်းဥစ္စာအရ ကျော်လွန်အောင် လုပ်ပြချင်တယ်ဗျာ၊ အဲဒီအခါမှာ ငွေကိုင်စာရေးရဲ့ တစ်ဦးတည်းမယား ဖြစ်ရတာထက် ကုမ္ပဏီပိုင်ရှင်သူဌေးရဲ့ မယားငယ် ကိုးယောက်အနက် အငယ်ဆုံးမယားငယ် ဖြစ်ရတာက ပိုပြီးကောင်းတယ်လို့ထင်တဲ့ ကျုပ်မိန်းမ ရွှေရွှေကိုလည်း ကျုပ်ဟာ လူရည်လူသွေး မညံ့တဲ့လူဖြစ်ကြောင်း ပြပြီးသား ဖြစ်မယ်ဗျာ၊ ကျုပ် ရည်ရွယ်ချက်က ဒါလောက်ပါပဲ၊ ဒီထက်မပိုပါဘူး"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးငွမ်တီက---

"မင်းဟာက ဘာမှလဲ မဟုတ်ပါလားကွ၊ ဒီလောကကြီးမှာက ငယ်ချင်ရင် အဆုံးအစမရှိ ငယ်လို့ရတယ်ကွ၊ ကြီးချင်ရင်လဲ အဆုံးအစမရှိ ကြီးချင်တိုင်း ကြီးလို့ရတယ်ကွ၊ မင်းရည်ရွယ်ချက်က ဘာမှလဲ မဟုတ်ပါပဲလား၊ အကောင်းဆုံးကတော့ သူတို့ကို မေ့နိုင်သလောက် မေ့ပစ်ထားလိုက်စမ်းပါကွာ၊ မင်းဟာမင်း ကြိုးစားနိုင်သလောက် ကြိုးစားပါ၊ ကြီးချင်သလောက် ကြိုးစားသွားစမ်းပါစေ၊ အေး--- တစ်ခုပဲ မှာချင်တယ်၊ ငယ်တာကြီးတာဟာ အကြောင်းမဟုတ်ပါဘူး၊ လူရဲ့သက်တမ်းဟာ တကယ်ကို နည်းနည်းကလေးကွ၊ အဲဒီ နည်းနည်းကလေးနေရတဲ့ အချိန်ကလေးမှာ သောကဆိုတဲ့ မကောင်းဆိုးဝါးကောင်ကို အနိုင်ယူနိုင်ဖို့က

အရေးကြီးဆုံးပဲကွာ၊ သူ့ကို အနိုင်ယူနိုင်ရင်တော့ မင်းဟာ လူဖြစ်ရတာ တန်ပြီကွာ၊ ဒီလိုမဟုတ်ရင်တော့ လူဖြစ်ကျိုး ရှုံးပြီကွာ၊ အဲဒီတော့ လူဖြစ်ကျိုး မဲ့အောင် သောကဆိုတဲ့ မကောင်းဆိုးဝါးကို တောထုတ်ပစ်တတ်ဖို့ အရေးကြီးတယ်၊ ကဲ-- ပူပူနွေးနွေးကလေး စားလိုက်စမ်းပါဦးကွာ"

ဟု ပြော၍ ဦးဝွမ်တီသည် တူနှင့် ပန်းပွင့်ကြော်ဖတ် တစ်ဖတ်ကို ညှပ်ယူလေတော့၏။

၎င်းတို့နှစ်ဦးသည် မြိန်ရှက်စွာ စားသောက်ပြီးနောက် ကြည့်မြင်တိုင်မှနေ၍ ၎င်းတို့နေထိုင်ရာ တဲအိမ်ကလေးဆီသို့ ကွာစေ့တစ်ထုပ်စီစားရင်း စကားတပြောပြောနှင့် လျှောက်လာခဲ့ကြလေတော့၏။

❖ ❖ ❖



## ဝင်တဲ့အခါ လူမသိ ကိုကောက်နှုတ်လုံ့ဘိ

မောင်ဘချစ်နှင့် ဦးဝွမ်တီတို့သည် တဲအိမ်ကလေးသို့ ရောက်သောအခါ၌ တဲအိမ်ကလေး၏ ရှေ့တွင် ခုံတစ်လုံးစီချ၍ စကားပြောနေကြလေ၏။ ထိုညက လမိုက်သောညဖြစ်ခြင်းကြောင့် မှောင်အတိကျလျက် ရှိလေ၏။

"လသာရင် သိပ်ပြီးကောင်းမယ်ဗျာ။ လမိုက်တော့ နေရထိုင်ရတာ တစ်မျိုးချည်းပဲ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဝွမ်တီက---

"လပြည့်ဖြစ်တဲ့အခါမှာတော့ ပြည့်ပြည့်ဝန်းဝန်းကြီးပေါ့ကွာ၊ လဆန်းဆိုရင်တော့ လကွေးကလေးနဲ့ မှုန့်တိမှုန့်ဝါးကလေးပေါ့ကွာ။ လကွယ်ကျရင်တော့ လုံးဝကို အလင်းရောင် မရှိတော့ဘူး၊ အဲဒီလိုပဲကွာ၊ မိန်းမတွေရဲ့ အချစ်ကလဲ ဝိုင်းဝိုင်းစက်စက်ကြီးဖြစ်လိုက်၊ ကွေးကွေးကလေးဖြစ်လိုက်၊ တစ်ခါတည်းပျောက်သွားလိုက်ပေါ့ကွာ၊ ဒီသဘာဝကို သိမထားရင် မိန်းမ

တစ်ယောက်က ကိုယ့်ကို မုန်းပြီဆိုတာနဲ့ ယောက်ျားဟာ သေ
တော့မလို ဖြစ်တော့တာပဲကွ ဟား--ဟား "

ဟု ပြောနေလေ၏။

"အချစ်မှာ သစ္စာဖောက်ခံရတာ အထူးသဖြင့် အိမ်ထောင်
ရေးမှာ သစ္စာဖောက်ခံရတာလောက် အဓိရက်တာ ဘယ်မှာ ရှိ
တော့မှာလဲ ပေါက်ဖော်ကြီးရယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒီလို မဟုတ်ဘူးကွ၊ အချစ်ဆိုတဲ့အရာဟာ ချစ်တဲ့အခိုက်မှာ
ချစ်ပြီး မချစ်ရင် ပစ်ရတာမျိုးကွ၊ တကယ်ရှိတဲ့အရာမျိုး မဟုတ်
ဘူးကွ၊ ကောင်းကင်က တိမ်တွေမှာ အရုပ်ထင်သလိုဟာမျိုးကွ
ချစ်နေရင် အဟုတ်ထင်တာကွ၊ မချစ်တော့ဘူးလဲဆိုရော အလ
ကားပါလို့ ထင်မိတတ်တာမျိုးကွ၊ အဲဒါကိုကြည့်ရင် အချစ်ဆိုတာ
သေချာရေရာတဲ့ အရာမဟုတ်ကြောင်း ထင်ရှားပါတယ်ကွ၊ အဲ
ထဲမှာ အချစ်ဦးဆိုတဲ့စကားဟာ ခုကွအပေးဆုံးပဲကွ၊ အမှန်က
တော့ အချစ်ဦးဆိုတာနဲ့ ညားတဲ့လူ၊ ညားပြန်ရင်လဲ မြဲတဲ့လူ
ရယ်လို့ ရှိခဲပါတယ်ကွ၊ ပြီးတော့ အချစ်ဦးဆိုတာက ကျောက်
ရောဂါလိုပဲကွ၊ တစ်သက်မှာ တစ်ကြိမ်သာ ဖြစ်နိုင်တာမျိုးကွ၊ ဒီ
ရောဂါနဲ့ ဘဝမဆုံးအောင်သာ ဂရုစိုက်ပါကွာ၊ ဒီရောဂါမျိုး
နောက်ထပ် ဘယ်တော့မှ မဖြစ်နိုင်တော့ဘူးကွ"

ဟု ဦးငွမ်တီက ပြောလိုက်လေ၏။

မောင်ဘချစ်က ဦးငွမ်တီ၏စကားကို သဘောကျသဖြင့်
ခေါင်းတဆတ်ဆတ်ညိတ်လေ၏။

"ဘယ်လိုလဲ မောင်ဘချစ်ရဲ့ ငါပြောတာကို ဘယ်လို





သဘောရသလဲကွ

ဟု ဦးငွမ်တီကမေးရာ မောင်ဘချစ်က---

"သဘောကျလို့ ခေါင်းညိတ်နေတာပေါ့ဗျာ"

ဟု ပြောလေ၏။

"ဩော်--- မင်းကလဲ ရယ်ဖို့ကောင်းတဲ့လူပဲ၊ မှောင်ကြီးထဲ
မှာ ခေါင်းညိတ်နေတာ ငါက ဘယ်လိုလုပ်ပြီး မြင်မှာလဲကွ၊
ဟား--- ဟား---"

ဟု ဦးငွမ်တီက ပြောဆို၍ ရယ်မောလေတော့၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် စကားတပြောပြောနှင့်
နေခဲ့ကြပြီးနောက် ညဉ့်နက်လာသည့်အခါ၌ အိပ်မည်အပြုတွင်
ပေါ်လှမ်းလှမ်း အိမ်တစ်လုံးမှ မိန်းမတစ်ဦး၏ အော်ဟစ်သံကို
ကြားသဖြင့် မောင်ဘချစ်က---

"ပေါက်ဖော်ကြီးရေ-- ဘာဖြစ်တာလဲ မသိဘူးဗျို့၊ မိန်းမ
တစ်ယောက်ရဲ့ အော်သံပဲ၊ ကျုပ် သွားချောင်းဦးမယ်"

ဟု ဆိုကာ မှောင်ကြီးထဲ၌ပင် ပြေးသွားလေ၏။ ထိုသို့ ပြေး
သွားပြီးနောက် များမကြာမီအချိန်၌ပင် မောင်ဘချစ် ပြန်၍
ရောက်လာသဖြင့် ဦးငွမ်တီက---

"ဘာဖြစ်တာလဲကွ"

ဟု မေးလိုက်ရာ မောင်ဘချစ်က---

"ဟီး-- ဟီး-- ကလေးမွေးတာပါဗျာ"

ဟု ပြောဆို၍ အိပ်ရာသို့ဝင်လေ၏။ ထိုအခါ၌ ဦးငွမ်တီက-

"ဩော်-- သိပြီ သိပြီ၊ ကုန်စုံဆိုင်နဲ့ အိမ်က ဟိုအဒေါ်ကြီး
ရဲ့ သမီးကလေးပဲ၊ နှစ်ဦးပိုင်းက ယောက်ျားရတယ်လေ၊ သူ

ယောက်ျားကလေးနဲ့တွဲတွဲပြီး ငါးထပ်ကြီးဘုရားဖူးလိုက် ခြောက်ထပ်ကြီးဘုရားဖူးလိုက်နဲ့ ပျော်နေလိုက်တာ။ အင်း အခု တော့ သူအေးပြီပဲ၊ သနားဖို့ကောင်းတယ်"

ဟု ပြောဆိုကာ ဦးဂွမ်တီလည်း အိပ်ရာသို့ ဝင်လေ၏။

ထိုတဲကလေးဆီမှ ကလေးငိုသံ ပျံ့လွင့်လာသော မိန်းမ၏ အော်သံသည် တစ်ချက်တစ်ချက် ကျယ်ကျယ်လောင်လောင် လာလေ၏။ ထိုအခါ ဦးဂွမ်တီက ---

"ဒီကောင်မလေးရဲ့ အသံကလဲ အမြောက်ပစ်သလောက်ကို ကျယ်နေပါလားကွယ်"

ဟု ပြောလိုက်သဖြင့် မောင်ဘချစ်က ခစ်ခနဲ ရယ်လိုက်လေ၏။

"မင်းက ဘာရယ်တာလဲကွ၊ ဒီလောကကြီးမှာက အမြောက်နဲ့တူတဲ့ သတ္တဝါတွေ အများကြီးပဲကွ၊ ကန့်ဘဲ့မှာနေတဲ့ ငါ့အသိ တစ်ယောက်ရှိတယ်ကွ၊ သူ့နာမည်ကို ကိုကောက်လို့ခေါ်တယ်ကွ၊ အရက်ရောင်းတယ်၊ အမြည်းရောင်းတယ်၊ သူ့ဆီကိုသွားပြီး ဘယ်လိုလဲကိုကောက်၊ ဒီနေ့ရောင်းကောင်းရဲ့လားလို့ မေးလိုက်ရင် ဘယ်တော့မှ ရောင်းကောင်းတယ်လို့ မပြောဘူး၊ နည်းနည်း ပါးပါးပါဗျာလို့ပဲ ပြောတယ်၊ သူတစ်နေ့တစ်နေ့မှာ ဘယ်လောက် ဘယ်လောက် ငွေတွေဝင်တယ်ဆိုတာကို ဘယ်သူကိုမှ အသိမပေး ဘူး၊ သိပ်ပြီး ပါးစပ်လုံတာပဲ၊ အေး-- အေး-- တစ်နေ့ကျတော့ ကိုကောက်အိမ်ကို ဓားပြတိုက်ပါလေရောဟေ့၊ အဲဒီမှာ ဓားပြက သူ့ကို ရိုက်နှက်ပြီး ငွေတွေယူသွားတော့တာကိုး၊ အဲဒီအခါကျ တော့မှပဲ ကိုကောက်ဟာ အသံပြည်တော့တယ်ဟေ့၊ ကျုပ်ရ





ထားတဲ့ငွေတွေ ကိုးထောင် တစ်သောင်းလောက်ရှိတယ်၊ အခုပါ သွားပြီ၊ ငွေတွေ ပါသွားပြီနဲ့ လူကြားလို့ မကောင်းအောင်ကို အော်တော့တာပဲဟေ့၊ သူ့အသံဟာ အမြောက်ပစ်သလောက်ကို ကျယ်တော့တယ်ကွ၊ ဒါနဲ့သူ့ဆိုင်ကိုလာပြီး အရက်သောက်လေ့ရှိ တဲ့ အရက်သမား လူနောက်တစ်ယောက်က ထရံမှာ မြေဖြူနဲ့

ဝင်တဲ့အခါ လူမသိ ကိုကောက်နှုတ်လုံတဲ့
ထွက်တဲ့အခါ ကျယ်ပါဘိ အမြောက်ကိုသာကြည့်

လို့ ရွတ်နောက်နောက် ရေးသွားတော့တာပဲ မောင်ဘချစ် ရယ်"

ဟု ဦးဂွမ်တီက ပြောဆိုသဖြင့် မောင်ဘချစ်သည် တခစ်ခစ် ရယ်မောရလေတော့၏။

❖ ❖ ❖

နောက်တစ်နေ့နံနက်တွင် မောင်ဘချစ်သည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစား၍ နေလေ၏။ ထိုအခါ၌ ဦးဂွမ်တီက အောက်ပါအတိုင်း ပြောလေ၏။

"ငါက မင်းကို သူဌေးတစ်ယောက်ဖြစ်အောင် လုပ်တဲ့နည်း တော့ မပေးချင်ဘူးကွ၊ ဒီနည်းက လွယ်လွယ်ကလေးပါကွာ၊ မင်း

ဟာမင်း ရှာကြံရင်လဲ ဒီနည်းတွေမှာပါပဲ။ တကယ် ငါပေးချင်တဲ့ နည်းကတော့ သောကဆိုတဲ့ မကောင်းဆိုးဝါးကောင်ကို နှိမ်နင်းတဲ့နည်းပဲ ပေးချင်တာကွ၊ လူတစ်ယောက်ဟာ သူဌေးမဖြစ်လို့ ဘာမှ အရေးမကြီးဘူးကွ၊ ဆင်းရဲတယ်ဆိုတာ တကယ်က ဒုက္ခလဲ မဟုတ်ဘူး၊ အကုသိုလ်လဲ မဟုတ်ဘူး။ အေး--- ဒါပေမယ့် သောကဖြစ်နေရင်တော့ အစွာဝလဲ နေရကျိုး မနပ်သလို အပါယ်ငရဲလဲ ကျနိုင်တယ်ကွ၊ အဲဒါကြောင့် သောကမဖြစ်တဲ့နည်းကိုပဲ ပေးချင်တာပဲ"

ဟု ဦးဌွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က---

"ကျုပ်က သူဌေးဖြစ်ချင်တဲ့စိတ်တွေ အရမ်း တဖွားဖွား ပေါ်နေတယ်ဗျ၊ အရင်တုန်းက ဒီစိတ်မျိုး လုံးလုံး မရှိဘူးဗျ၊ အခုတော့ ပေါက်မော်ကြီးရယ် သူဌေးဖြစ်ချင်တဲ့အခါမှာ သူဌေးမဖြစ်ရရင် အနိမ့်ဆုံးအားဖြင့် သူဌေးဖြစ်နည်းကို မသိရရင် ခင်ဗျားပြောပြောနေတဲ့ မကောင်းဆိုးဝါးကြီးက ကျုပ်ဆီကို ရောက်ရောက်လာတာပေါ့ဗျာ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဌွမ်တီက---

"ဟား-- ဟား-- ဟား၊ စိတ်စာမပို့ဘဲ ရောက်လာတဲ့ ဧည့်သည်ပေါ့ကွာ၊ အဲဒီဧည့်သည်မျိုးကို ထမင်းလဲ မကျွေးရဘူး၊ ရေလဲမတိုက်ရဘူး၊ ဆေးလိပ်လဲ မပေးရဘူး၊ ကန်ကန်ပြောမယ်ကွာ၊ ဒီလို ဧည့်သည်မျိုးကို ထိုင်ဖို့အတွက် ဖျာတောင်ခင်းမပေးရဘူး၊ အဲဒီလိုလုပ်လိုက်ရင် ဧည့်သည်က ကြာကြာမနေပါဘူးကွ"

ဟု ပြောလေ၏။

"ဒီမှာ ဦးဌွမ်တီ-- ခင်ဗျားမှာ သူဌေးဖြစ်အောင်လုပ်တဲ့နည်း





မရှိဘူးလား၊ ကျုပ်ထင်တာကတော့ ခင်ဗျားမှာ မရှိဘူး ထင်တာပဲ၊ ဘာဖြစ်လို့ ထင်သလဲလို့ ခင်ဗျားကမေးရင် ခင်ဗျားကိုယ်တိုင် ဆင်းဆင်းရဲရဲ ဖြစ်နေတာကြောင့်ပဲလို့ ဖြေရမှာပဲ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဌွမ်တီက မျက်စိပေါက်ကလေး ကျဉ်းသွားသည်အထိ နှစ်ခြိုက်စွာ ရယ်မောလိုက်ပြီးနောက်

"တော်တော်လာတဲ့ကောင်ပဲ၊ ဆင်းရဲနေတာနဲ့ သူဌေးဖြစ်တဲ့နည်း သိတာက တခြားစီပါကွ၊ မင်းနားလည်အောင် ပြောရရင် ဥပမာကွာ မောင်ပေါက်ကျိုင်းရဲ့ဆရာဟာ သူကိုယ်တိုင်က ဘုရင်တစ်ပါးမဟုတ်ပါဘူးကွ၊ ဒါပေမယ့် သူ့တပည့် မောင်ပေါက်ကျိုင်းကိုတော့ ဘုရင်ဖြစ်စေနိုင်တဲ့ စကားကလေးသုံးခွန်းပဲ သင်ပေးလိုက်တာ မဟုတ်လား၊ ဘာများ ခက်လို့လဲ၊ သွားပါများ ခရီးရောက်တဲ့၊ မေးပါများ စကားရတဲ့၊ မအိပ်မနေ အသက်ရှည်တဲ့၊ ဒီစကားကလေး သုံးခွန်းတတ်တာနဲ့ပဲ မောင်ပေါက်ကျိုင်းဟာ ဘုရင်ဖြစ်ခဲ့တာပဲ မဟုတ်လားကွ၊ ဟား-- ဟား-- ဟား--"

ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုရင် ပေါက်မော်ကြီးဆီမှာ သူဌေးဖြစ်တဲ့နည်း ရှိတယ်ပေါ့"

ဟု မောင်ဘချစ်က ထပ်၍ စကားအစ်ပြန်၏။

"ဟေ့ကောင် မောင်ဘချစ်၊ မင်းက ငါ့ကို သွားတိုက်ဆေးဘူး ညှစ်သလို တဖြည်းဖြည်း ညှစ်ထုတ်နေတာလား"

ဟု ဦးဌွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က--

"သူဌေးဖြစ်တဲ့နည်းကိုရရင် နောက်ထပ် မညှစ်တော့ပါဘူး

ရှာ"

ဟု ပြောလိုက်ရာ ဦးဠွမ်တီက---

"အာဂကောင်ပဲ၊ ဒီလောက်တောင် သိချင်ရင်တော့ မင်းကို ပေးရမှာပေါ့ကွာ၊ ဒါပေမယ့် ငါပေးမယ့်နည်းဟာ သူဌေးဖြစ်နည်း သက်သက် မဟုတ်ဘူး၊ ဖြစ်ချင်တာကို ဖြစ်စေတဲ့နည်းကွ၊ အာလာဒင် မှန်အိမ်လောက်ကို အစွမ်းထက်တယ်၊ ဒါပေမယ့် ဒီအတိုင်းတော့ မပေးနိုင်ဘူးကွယ့်ကွ၊ မင်းကို စမ်းသပ်ပြီးမှ ပေးနိုင်မယ်၊ အစမ်းခံနိုင်တဲ့တစ်နေ့ ဒီနည်းကို ငါ ပေးပါ့မယ်၊ ဘယ်လိုလဲ မောင်ဘချစ်"

ဟု ပြောလိုက်ပြီးလျှင် ---

"ကဲ-- အိပ်ပေတော့၊ နောက်ထပ် ဘာမှ မမေးနဲ့တော့"

ဟုလည်း ထပ်မံပြောဆို၍ အိပ်စက်လေတော့၏။ မောင်ဘချစ်လည်း---

"စမ်းချင်သလို စမ်းပါ ဦးဠွမ်တီ"

ဟု ပြန်လည်ပြောဆို၍ အိပ်စက်လေတော့သတည်း။

❖ ❖ ❖



## ဆရာပီပီ ဦးဠွမ်တီ

နံနက် မိုးလင်းသည့်အခါ၌ ဦးဠွမ်တီက လက်ဖက်ရည်အချို နှင့် အီကြာကွေး ဝယ်၍ ထားလေ၏။ မောင်ဘချစ်နိုးလာသည့်အခါတွင် ဦးဠွမ်တီက---

"လက်ဖက်ရည်နဲ့ အီကြာကွေးလေး လွေးလိုက်စမ်းပါဦး"

ဟု ဆိုကာ နှစ်ယောက်သား စားသောက်ကြလေ၏။

ထိုသို့ စားသောက်ရင် မောင်ဘချစ်က---

"ကျုပ်ကို စမ်းသပ်မယ်ဆို ပေါက်ဖော်ကြီး၊ ပြီးတော့ စမ်းသပ်ပြီးတာနဲ့ ခင်ဗျားက နည်းပေးမယ်ဆိုဗျ"

ဟု ပြောလိုက်ရာ ဦးဠွမ်တီက--

"မင်းက စမ်းဆိုရင်လဲ စမ်းရမှာပေါ့ကွာ၊ ဟဲ-- ဟဲ-- တစ်ခုတော့ ပြောလိုက်မယ်ပေါ့၊ စမ်းသပ်တဲ့အခါမှာ စာမေးပွဲကျသွားရင်တော့ မင်းနဲ့ငါနဲ့ ဒီတစ်သက်မှာ သေခန်းပြတ်ပဲကွ၊ ငါကတော့ အရေးလုပ်ပြီး စကားကိုပြောမှာ မဟုတ်ဘူး၊ မစမ်းဘဲ နေချင်

သပ ဆိုရင်လဲ တစ်သက်ပတ်လုံး မိတ်ဆွေအဖြစ် နေသွားနိုင်ပါတယ်၊ စမ်းသပ်လို့ စာမေးပွဲအောင်သွားရင်တော့ ကောင်းပါတယ်၊ ကျသွားရင်တော့ တယ်ပြီးမလွယ်ဘူးကွ"

ဟု ပြောလိုက်ရာ မောင်ဘချစ်က--

"စမ်း စမ်းပါဗျာ"

ဟု စိန်ခေါ်လိုက်လေတော့၏။

"အေး-- ဒီလိုဆိုရင်တော့ မင်းကငါ့ကို ဆရာတင်လိုက်ပြီပေါ့၊ ဆရာတင်လိုက်လို့ ဆရာဖြစ်ပြီဆိုရင်တော့ ဆရာပီပီ တပည့်ကို နှိပ်စက်ရမှာပဲကွ"

ဟု ဦးငွမ်တီက ပြောလေ၏။

"ရပါတယ်ဗျာ"

ဟု မောင်ဘချစ်က ပြန်၍ပြောလျှင် ဦးငွမ်တီသည် မောင်ဘချစ်သောက်နေသော လက်ဖက်ရည် ပန်းကန်ကို ဆတ်ခနဲ ဆွဲယူ၍ ဘန်းခနဲ သွန်ပစ်လိုက်တော့၏။

"ဒီနေ့ကစပြီး မင်းမှာ လက်ဖက်ရည်သောက်ဖို့ အခွင့်မရှိတော့ဘူး၊ ဟောဟိုမှာပေါက်တူး၊ အဲဒါကိုယူပြီးတော့ ဟောဒီငါတို့ မြေကွက်လပ်ကြီးကို ညီအောင် ညှိပေတော့၊ နည်းနည်းကလေး ညီလို့မရဘူးနော်၊ စည်မျက်နှာပြင်လို ညီနေရမှာ၊ ညီမညီကို ရေချိန်နဲ့ကို တင်ပြီးစစ်မှာ၊ ကဲ--- အလုပ်စပေတော့"

ဟု စေခိုင်းလိုက်ရာ မောင်ဘချစ်လည်း နေရာမှထ၍ ပေါက်တူးကို ကိုင်လေ၏။ ထို့နောက် ဆေးပေါ့လိပ်တစ်လိပ်ကို ကောက်ယူမီးညှိမည်ပြုရာ ဦးငွမ်တီက ဆေးလိပ်ကို ဆွဲယူပြီးလျှင်---

"ဆေးလိပ်လဲ မသောက်ရဘူး၊ ပြီးတော့ ဘာပဲဖြစ်ဖြစ် ငါ





က စားဆိုမှ စားရမယ်၊ ရေတောင် အရမ်းမသောက်ရဘူး၊ ဟောဟိုမှာ ရေဘူးကလေး ရှိတယ်၊ အဲဒီရေဘူးမှာ ရေဖြည့်စမ်း"

ဟု စေခိုင်းပြန်လေ၏။ မောင်ဘချစ်လည်း ထရံတွင် ချိတ်ထားသော ရေဘူးကလေးကို ဖြုတ်ယူ၍ ရေဖြည့်လေ၏။

"အေး--- အဲဒီရေဟာ ဒီတစ်နေ့စာအတွက်ပဲ၊ ချွေတာပြီးသောက်ပေတော့၊ ကုန်သွားရင် မသောက်ရဲ့တော့ ဒါပဲ"

ဟု ဦးငွမ်တီက ပြောလေ၏။

မောင်ဘချစ်လည်း ရေဘူးကလေးကို လွယ်၍ ပေါက်တူးကို ထမ်းကာ မြေကွက်လပ်ကြီးအား မြေညှိရန်အတွက် တဲအတွင်းမှ ထွက်သွားလေတော့၏။

မောင်ဘချစ်၏စိတ်၌ ဦးငွမ်တီ၏ ဆန်းကြယ်သော စိတ်နေသဘောထားကို အံ့သြ၍ နေလေ၏။ မောင်ဘချစ်သည် ရှည်ရှည်ဝေးဝေး တွေးတော၍ နေလေတော့၏။

မောင်ဘချစ် ညှိရမည့် မြေကွက်ကြီးမှာ လွန်စွာ မညီမညွတ် ရှိလှပေ၏။ တချို့နေရာတွင် လက်ချပ်တစ်ဖောင်လောက် မြင့်သော တောင်ပူစာများ ရှိသကဲ့သို့ တချို့နေရာတွင် လူတစ်ရပ် မြုပ်လုနီးပါး ကျင်းကြီးများလည်းရှိ၏။ သစ်ငုတ်ကြီးများ ကျောက်တုံးကြီးများလည်း ရှိသည်ဖြစ်ရာ မောင်ဘချစ်သည် မိမိလုပ်ရမည့် လုပ်ငန်းကိုကြည့်၍ စိတ်မောသွားလေတော့၏။ ထိုအခါ၌ ဦးငွမ်တီသည် တဲအတွင်းမှ ထွက်လာ၍---

"ဟေ့-- မောင်ဘချစ်၊ ဘာလဲ ငါပြောခဲ့တာတွေ မေ့သွားပြီလား၊ ဘယ်လုပ်ငန်းမဆို သေးသေးကလေးက စရမယ်ဆိုတာ

လေကွာ၊ မိုင်တစ်သောင်းဝေးတဲ့ ခရီးရဲ့အစဟာ ပထမခြေလှမ်းဖြစ်တယ်ဆိုတာလေ၊ ကြီးမားတဲ့ တိုက်အိမ်ကြီးရဲ့အစဟာ အုတ်နီခဲကလေး တစ်ခဲကနေ စရမယ် ဆိုတာလေ၊ ဒါတွေ မေ့သွားပြီလား”

ဟု ဆိုကာ တဲအတွင်းသို့ပြန်၍ ဝင်သွားလေတော့၏။

မောင်ဘချစ်လည်း တစ်စုံတစ်ရာ ပြန်လည်ချေပ ပြောဆိုခြင်းမပြုဘဲ ပေါက်တူးတစ်လက်ဖြင့် တောင်လုပ်ကိုင်လေတော့၏။

မောင်ဘချစ်သည် အေးလိပ်မသောက်ရသည့်အတွက် လှန်စွာမှပင် ခံတွင်းချဉ်လျက် ရှိရုံမျှမက ပါးစပ်တွင်း၌ပင် ရွံ၍ လာလေ၏။ သို့ရာတွင် ကြိတ်မှိတ်၍ မြေကိုသာပေါက်နေရလေ၏။ နေမှာလည်း တဖြည်းဖြည်းမှ၍ လာလေ၏။ ထို့ကြောင့် ရေငတ်လာသောကြောင့် ရေဘူးမှာ ရေအနည်းငယ်ကို မော့လေတော့၏။ ထို့နောက် ဆက်၍ ပေါက်လေ၏။ နဖူးမှ ချွေးများသည် တဖြိုင်ဖြိုင် စီးကျလေတော့၏။

မောင်ဘချစ်သည် တစ်ကြိမ်တစ်ခါမျှ အလုပ်ကြမ်း လုပ်ခဲ့ဖူးခြင်း မရှိသောကြောင့် ပေါက်တူးကိုလည်း ကောင်းစွာ မပေါက်တတ်ဘဲ ရှိလေ၏။ မောင်ဘချစ်ပေါက်လိုက်သော ပေါက်တူးချက်များမှာ လိုရာသို့ ရောက်ခြင်းမရှိဘဲ ဟိုတစ်ချက် သည်တစ်ချက်နှင့် ကြက်မ အစာကောက်သကဲ့သို့ ရှိလေတော့၏။

မောင်ဘချစ်သည် မိမိတစ်သက်တွင် ဤမျှ ပင်ပင်ပန်းပန်း လုပ်ခဲ့ဖူးခြင်း မရှိသည့် အဖြစ်ကို ပြန်လည်တွေးတောမိသောအခါ၌ ပေါက်တူးကို ပစ်ချ၍ ဦးငွမ်တီဆိုသည့် တရုတ်အဘိုးကြီး





အား တစ်ခါတည်း လမ်းခွဖြတ်လိုက်ချင်စိတ်များပင် ပေါ်ပေါက်၍ နေလေတော့၏။

နံနက် ၁၁-နာရီ ထိုးသည့်အချိန်လောက်တွင် မောင်ဘချစ်သည် လက်ကိုပင် မသယ်ချင်လောက်အောင် မောပန်း၍ နေလေတော့၏။ ထိုအခါ၌ ဦးငွမ်တီသည် တဲအတွင်းမှ ထွက်လာပြီးလျှင်---

“အသက် ၈၀- ရှိတဲ့ အဘိုးကြီးဟာ တိုက်ဟန်နဲ့ ဝမ်ဂုဆိုတဲ့ တောင်ကြီးနှစ်လုံးကို ရွှေ့ပစ်ခဲ့တယ်နော်၊ အဲဒါနဲ့စာလိုက်ရင် မင်းကို ငါခိုင်းတဲ့အလုပ်ဟာ တကယ့်ကို ပိစိကွေး ရယ်စရာလေးပါကွ”

ဟု ပြောဆိုကာ ပြန်၍ဝင်သွားလေတော့၏။

မောင်ဘချစ်လည်း ဆက်လက်၍ မြေကြီးများကို ပေါက်၍ မြေကိုညှိခဲ့ရာ နေ့လယ် ၁၂-နာရီ ထိုးလေတော့၏။ ထိုအချိန်၌ ဦးငွမ်တီက တဲအတွင်းမှ ထွက်လာပြီးလျှင်---

“ကဲ-- ကိုယ့်လူ၊ ထမင်းစားနိုင်ပြီ”

ဟု လှမ်း၍ ခေါ်သဖြင့် မောင်ဘချစ်လည်း ပေါက်တူးကို ပစ်ချ၍ တဲဆီသို့ လျှောက်လာလေတော့၏။ တဲအနီးသို့ ရောက်သောအခါ၌ ဦးငွမ်တီက---

“လှမိုက်-- အလကားကောင်၊ သွားပြီးပေါက်တူးကို ယူခဲ့ချေ ပေါက်တူးပျောက်သွားရင် မင်းကို နောက်ထပ် ပေါက်တူးမပေးတော့ဘူး၊ ဒီကွင်းကြီးကို လက်နဲ့ပဲညှိရမယ် ဘာမှတ်သလဲ”

ဟု ကြိမ်းမောင်းလိုက်သဖြင့် မောင်ဘချစ်လည်း ပေါက်တူး

ဆီသို့ ပြန်၍ ပြေးရလေတော့၏။

ထို့နောက် ပေါက်တူးကို ထမ်း၍ ယူလာခဲ့လေ၏။ တဲအတွင်း သို့ရောက်သည့်အခါ၌ ဦးဂွမ်တီက---

"ဟိုမှာ ထမင်းနှင့် ဟင်းရှိတယ်၊ စားပေတော့"

ဟု ထမင်းစားခွင့် ပြုလိုက်လျှင် မောင်ဘချစ်လည်း ထမင်း ဟင်းများကို ပန်းကန်အတွင်းသို့ စုပုံ၍ထားပြီးနောက် လက်ဆေး ခြင်း မပြုတော့ဘဲ ဝါးတူကလေးဖြင့် ညှပ်၍စားလေတော့၏။

ဦးဂွမ်တီမှာ ဘိန်းစားများရှောင်းသော စီးကရက်ကလေးကို မွှာရင်း တရှတ်တယောကလေးကို ထိုး၍ နေလေ၏။

မောင်ဘချစ်မှာမူ ထမင်းစား၍ ပြီးသည့်အခါ၌ ပန်းကန်ခွက် ယောက်များကို ဆေးကြောလေ၏။ ဆေးလိမ်းသောက်တတ်သူ ဖြစ်ပေရာ ထမင်းစားသည့်အခါ၌ လွန်စွာမူပင် ဦးဂွမ်တီက သံချောင်းတစ်ချောင်းကို သံမိုတ်ဖြင့် ရိုတ်ကာ တဲရှေ့တွင် ရ ထားလိုက်ပြီးလျှင်---

"နောက်ကို ပါးစပ်နဲ့ မခေါ်တော့ဘူး၊ သံချောင်းနှစ်ချက် ခေါက်ရင်လာခဲ့"

ဟုလည်း ပြောလိုက်လေ၏။ ထိုသို့ပြောပြီးနောက်---

"ကဲ--- မောင်ဘချစ်ရေ၊ အလုပ်ပြန်စပေတော့"

ဟု ပြောလိုက်လေ၏။

မောင်ဘချစ်လည်း ပေါက်တူးကလေးကိုထမ်း၍ တဲအတွင်း မှ ထွက်သွားပြီးလျှင် တစ်နေကုန် နေပူကျဲကျဲအောက်တွင် မြေ ပေါက်ရလေတော့၏။ ညနေငါးနာရီကျော်၍ နေဝင်သွားသည့် အခါမှပင် ဦးဂွမ်တီက တဲရှေ့တွင် ရိုတ်ဆွဲထားသော သံချောင်းကို





ခေါင် ခေါင်ဟူ၍ ခေါက်လိုက်လေတော့၏။

မောင်ဘချစ်လည်း ပေါက်တူးကလေးကို ထမ်း၍ တဲကလေး ဆီသို့ ပြန်၍လာလေ၏။ ဆာလောင်မွတ်သိပ်လှ၍ ဖြစ်၍ ထမင်း စားရမည့်အရေးကို တွေးလျက် ပျော်သလိုလိုပင် ဖြစ်၍လာလေ ၏။ တဲအတွင်းသို့ မောင်ဘချစ်ရောက်လာသည့်အခါ၌ ဦးဂွမ်တီ က---

"ကဲ-- ကိုယ့်လူရေ၊ ခါတိုင်းတော့ ငါမှာ တပည့်မရှိ၍ အတွက် ငါ့ဘာသာ ရေတွင်းမှာ ရေချိုးခဲ့တာပကွ၊ အခုတော့ မှာ တပည့်ရလာပြီဆိုတော့ ငါဟာ ရေတွင်းမှာ ရေမချိုးသေး တော့ဘူး၊ အဲဒီတော့ တဲနောက်မှာ သစ်သားစည်ကြီးရှိတယ် အဲဒီထဲကို ရေတွင်းက ရေခပ်ပြီး ပြည့်အောင်ဖြည့်ပေတော့ ပြီးတော့ ထမင်းဟင်းလဲ မချက်ရသေးဘူးကွ၊ ရေခပ်နောက်မှ ထမင်းအိုးကိုလဲ တည်ခဲ့ပါဦး"

ဟု ပြောလိုက်ရာ မောင်ဘချစ်သည် ခွေလဲ၍ ကျသွား မတတ် စိတ်ပျက်၍ သွားလေတော့၏။ သို့ရာတွင် မိမိကိုယ်ကို က စမ်းချင်သလို ခံပေဟု ဆိုထားသောကြောင့် မည်သို့မျှ မပြောသာတော့ဘဲ ပေါက်တူးကိုချ၍ ခံပုံးနှင့် ကြိုးဆွဲ၍ ဆင်း ဆေးကာ ထမင်းအိုး တည်လေတော့၏။ ထို့နောက် ရေတွင်းမှ ရေကိုခပ်၍ တဲ၏ နောက်ဘက်တွင်ရှိသော သစ်သားစည်ကြီး တွင် ထည့်ရလေ၏။ ည ၇-နာရီသုံးမှ [illegible]သားစည်ကို ရေ ပြည့်လေတော့၏။ ထိုအချိန်၌ ထမင်းအိုးကလည်း ကျက်၍ ဟင်းချက်ကြော်ကိုလည်း မီးမနိုင်ခဲ့ပြီး ဖြစ်ပေသည်။

ထိုအခါကျမှပင် ဦးဂွမ်တီက---

"ထမင်းစားကြစို့"

ဟု ဆိုကာ နှစ်ယောက်သား ထမင်းစားကြလေ၏။ ထမင်းစားသောက်ပြီး ပန်းကန်ခွက်ယောက်များကို မောင်ဘချစ်က ဆေးကြောရလေ၏။ ဆေးကြောပြီးသည့်အခါတွင် ဦးငွမ်တီက—

"အိပ်နိုင်ပြီ"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း အိပ်ရာဝင်လေတော့၏။ တစ်နေ့လုံး ပင်ပန်းခဲ့ရသောကြောင့် ခေါင်းချသည်နှင့်ပင် အိပ်ပျော်သွားလေတော့၏။

ဦးငွမ်တီသည် မောင်ဘချစ်တစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို ကြည့်၍ ပြုံးလိုက်လေတော့၏။

❖ ❖ ❖

နောက်တစ်နေ့ နံနက် ငါးနာရီလောက်တွင် ဦးငွမ်တီက မောင်ဘချစ်အား---

"ဟေ့ မောင်ဘချစ် ထတော့ကွ၊ ပြီးရင် ရေနွေးအိုးတည်၊ ရေနွေးဆူရင် ဆန်ပြုတ်ကျိုကွ"

ဟု ပြောလိုက်ရာ မောင်ဘချစ်သည် အိပ်မှုန်စုံမွှားနှင့် ထလေတော့၏။ ယမန်နေ့က မလုပ်စဖူး ပင်ပန်းစွာ လုပ်ကိုင်ခဲ့ရသောကြောင့် တစ်ကိုယ်လုံးသည် ကိုင်၍ ရိုက်ထားသည့်အလား နာကျင်လျက် ရှိလေတော့၏။

သို့ရာတွင် မတတ်သာပေ၊ အိပ်ရာမှထ၍ မျက်နှာသစ်ကာ ရေနွေးအိုး တည်ရလေ၏။ ရေနွေးအိုးဆူလျှင် လက်မက်ခြောက်





တော်၍ ခွင်ပေါ်မှချပြီးလျှင် ဆန်ပြုတ်ကျိုရလေ၏။ ဆန်ပြုတ်ကျက်သည့်အခါလောက်တွင် ဦးငွမ်တီသည် အိပ်ရာမှ ထလာပြီးလျှင် မျက်နှာသစ်၍ ရေနွေးကြမ်းကို သောက်လေ၏။ ထို့နောက် ဆန်ပြုတ်ကို သောက်လေ၏။ မောင်ဘချစ်အားလည်း ရေနွေးကြမ်းနှင့် ဆန်ပြုတ်သောက်ခွင့်ပေးလေ၏။

ထို့နောက် ဦးငွမ်တီက---

"ပေါက်တူးယူပြီး အလုပ်စပေတော့"

ဟု နိုင်းစေလိုက်ပြန်၏။ မောင်ဘချစ်လည်း ကိုယ်လက်များ နာကျင်နေသည့် ကြားမှပင် မြေကြီးပေါက်ရပြန်လေတော့၏။ ဤသို့နှင့်ပင် မောင်ဘချစ်၏ လုပ်ငန်းများသည် ဆယ်ရက်တင်းတင်း ပြည့်ခဲ့လေတော့၏။ ပေါက်တူးကို တစ်ကြိမ်မျှ မကိုင်ဖူးသော မောင်ဘချစ်သည် ကျွမ်းကျင်စွာ ပေါက်တူးပေါက်တတ်ပြီ ဖြစ်ပေ၏။

ထိုနေ့၌ ဦးငွမ်တီက မောင်ဘချစ် အလုပ်မစမီတွင် ရေဘူးကို ယူ၍ ရေဘူး၏ သုံးပုံတစ်ပုံခန့် ရေကို ဘွန်ချပစ်လေ၏။

"လုပ်သက်ဆယ်ရက် ရလာပြီကွ၊ ရာရင်ကို လျှော့ပေးရတော့မယ်"

ဟုလည်း ပြောလေ၏။

မောင်ဘချစ်သည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုဘဲ အလုပ်ခွင်သို့ ဝင်လေတော့၏။ နေ့လယ်ပိုင်းသို့ ရောက်လျှင် ဦးငွမ်တီသည် အပြင်သို့ ထွက်သွားပြီးနောက် ပြန်လာသည့်အခါတွင် ဆင်မိနယ်ဟုခေါ်သည့် သံတုံးကြီးတစ်တုံး ပါ၍ လာလေ၏။ ထိုအခါ၌ မောင်ဘချစ်ကို ခေါ်၍---

"ကဲ-- ဟေ့ကောင်၊ အဲဒီ ဆင်မိနှပ်ကြီးနဲ့ မြေကြီးတွေကို ဆောင့်ဖို့လိုရင် ဆောင့်နိုင်တယ်၊ ဒီအတိုင်းဆောင့်လို့တော့ မြေကြီးဟာ မညီဘူးကွ၊ ရေဖျန်းပြီးမှ ဆောင့်ရတယ်"

ဟုလည်း မှာကြားလေတော့၏။

မောင်ဘချစ်လည်း မြေပေါက်၍ ပြီးသမျှကို ရေတွင်းမှ ရေကိုသယ်ယူ၍ ရေဖျန်းပြီးလျှင် ဆင်မိနှပ်ကြီးဖြင့် လိုက်၍ နင်းလေတော့၏။ ထို့နောက် ပေါက်တူးဖြင့် ပေါက်စရာရှိသည်များကို ဆက်၍ ပေါက်နေလေတော့၏။ နေလယ် တစ်နာရီထိုးခန့် နေချစ်ချစ်တောက် ပူ၍နေသည့် အချိန်၌ပင် မောင်ဘချစ်သည် ချွေးတလုံးလုံးဖြင့် မြေပေါက်လျက် ရှိလေတော့၏။

ထိုအချိန်၌ မောင်ဘချစ် မြေပေါက်နေသည့် နေရာနှင့် မလှမ်းမကမ်းနေရာလောက်တွင် မော်တော်ကားအနက်ကလေး တစ်စင်းသည် လာရောက်၍ စက်ပျက်နေလေတော့၏။ ကားဒရိုင်ဘာသည် ကားပေါ်မှဆင်း၍ စက်ခုံးကိုဖွင့်ကာ ဟိုနှိုက်သည်နှိုက် နှိုက်လေတော့၏။

ထိုအခါ၌ ကားပိုင်ရှင်ဟု ယူဆရသော လူတစ်ယောက်နှင့် ၎င်း၏မိန်းမသည် ကားပေါ်မှဆင်း၍ သစ်ပင်ရိပ်အောက်တွင် အရိပ်ခိုကြလေ၏။

မိန်းမလှပသူက ယောက်ျားအား --

"ခက်တော့တာပဲ၊ အစ်ကိုကြီးကိုတော့ တော်တော်ကို ပူနေပြီထင်တယ်၊ ကြည့်စမ်း-- ကြည့်စမ်း၊ နဖူးမှာ ချွေးတွေ စို့လို့ပါလား"

ဟု ဆိုကာ နဖူးမှ ချွေးများကို လက်ကိုင်ပဝါကလေးဖြင့် သို





၍ ပေးလေ၏။

"အစ်ကိုကြီးတို့က အရိပ်ထဲမှာပဲ ရှေ့ရှေ့ ဘယ်လောက် ပူမှာလဲ၊ ဟောဟိုမှာမြေပေါက်နေတဲ့ လူကမှ သနားစရာကွယ်၊ နေပူကျဲတဲအောက်မှာ"

ဟု ပြောဆိုကာ မြေပေါက်နေသော မောင်ဘချစ်ဆီသို့ ယောက်ျားလုပ်သူက ညွှန်ပြလိုက်လေ၏။ မိန်းမလည်း လှမ်း၍ ကြည့်ပြီးလျှင်---

"ဝဋ်ပေါ့ အစ်ကိုကြီးရယ်၊ ရှေးရေးဘဝက ဒါနမျိုးစေ့ နည်းခဲ့လို့ပေါ့"

ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအချိန်၌ မောင်ဘချစ်လည်း ရေတော်လှပြီဖြစ်သဖြင့် ရေသောက်ရန်အတွက် ၎င်း၏ ရေဘူးကလေးထားရာဆီသို့ လာခဲ့လေ၏။ ၎င်း၏ရေဘူးကလေးမှာ ထိုလင်မယားရှိရာ သစ်ပင်၌ မောင်ဘချစ်က ချိတ်ဆွဲထားခြင်းဖြစ်ပေ၏။

မောင်ဘချစ်လည်း သစ်ပင်ရိပ်အောက်သို့ ရောက်လျှင် ယောက်ျားနဖူးကို ချွေးသုတ်ပေးခြင်း၊ လက်ကိုင်ပဝါကလေးဖြင့် ယောက်ျားလုပ်သူအား ယပ်ခတ်ပေးခြင်း ပြုလုပ်ပေးနေသော မိန်းမနှင့် ၎င်း၏ယောက်ျားကိုမြင်လျှင် ဒေါသစိတ်များ ထောင်းနဲ့ထ၍---

"တောက် မိန်းမယုတ်နဲ့ လူယုတ်မာ"

ဟု ပြောလိုက်လေတော့၏။ အဘယ့်ကြောင့်ဆိုသော် ယောက်ျားဖြစ်သူမှာ ရွှေကိုးမင်းကုမ္ပဏီပိုင်ရှင် ဦးရွှေကိုးဖြစ်ပြီးလျှင် မိန်းမလုပ်သူမှာ မောင်ဘချစ်၏ မယားဟောင်း ရွှေရွှေဖြစ်

သောကြောင့်တည်း။

နေလောင်၍ အသားများ မည်းလျက်ရှိပြီး အဝတ်များမှာလည်း ,လွန်စွာစုတ်ပြတ်၍ ဖြေကြီးများ ပေကျံလျက်ရှိသော မောင်ဘချစ်အား မျက်နှာချင်းဆိုင် တွေ့နေရသည့်တိုင်အောင် မမှတ်မိဘဲ ရှိလေ၏။ မောင်ဘချစ်က တောက်ခေါက်၍ မိန်းမ ယုတ်နဲ့ လူယုတ်မာ ဟု ကြိမ်းမောင်းလိုက်သည့် အခါကျမှပင် ရွှေရွှေသည် မိမိလင်ယောကျ်ား မောင်ဘချစ်ဖြစ်ကြောင်း သိရလေတော့၏။

မောင်ဘချစ်သည် ရေဘူးကို ဆတ်ခနဲ ဖြုတ်ယူ၍ ၎င်းတို့ အနီးမှ ထွက်ခွာသွားသောအခါ၌ ဦးရွှေကျိုးက ၎င်း၏ မော်တော်ကား ဒရိုင်ဘာအား ---

"ပေ့ကောင် မပြီးသေးဘူးလားကွ"

ဟု အော်လိုက်ရာ ဒရိုင်ဘာက ---

"ပြီးပါပြီ သူဌေး"

ဟုဆိုကာ စက်ကိုနှိုးလေ၏။ ထိုအခါ၌ ရွှေရွှေက---

"အစ်ကိုကြီးရယ် မြန်မြန်လုပ်ပါ။ ဟိုသတ္တဝါကို ကြည့်ရတာ မင်္ဂလာမရှိပါဘူး"

ဟု ပူဆာလေ၏။

ထိုအခါ၌ မည်သည့်အချိန်က အနီးသို့ ရောက်ရှိနေမှန်းမသိရသော ဦးငွမ်တီက ရွှေရွှေအား---

"သိပ်ဟုတ်တာပေါ့ ဟိုသတ္တဝါက မင်္ဂလာမရှိပါဘူး၊ ဒီသတ္တဝါကြီးက သိပ်ပြီးမင်္ဂလာရှိတဲ့ မယားနိုးကြီးပဲ။ ကဲ-- မြန်မြန်သွားကြပေတော့၊ ဒါပေမယ့် ကောင်းကောင်းမှတ်ထားကြပါ။





ဒီလောကကြီးဟာ အလှည့်ပေးစနစ်နဲ့ တည်ဆောက်ထားတဲ့ လောကကြီးပဲ။ တစ်နေ့ မောင်ဘချစ်အလှည့်ကို မုချ ရောက်လာလိမ့်မယ်။ အဲဒီအခါကျမှ ရွှေရွှေရေ မျက်ရည်စက်စက် သေးဖြန်းဖြန်း မဖြစ်စေနဲ့ကွယ်"

ဟု ပြောလိုက်ရာ ရွှေရွှေက ဦးငွမ်တီအား မျက်စောင်းတစ်ချက် ထိုးလိုက်လေ၏။ ထိုအချိန်၌ပင် ဒရိုင်ဘာလည်း ဂီယာကို ဂိခနဲ ထိုးလိုက်လေတော့၏။

❖ ❖ ❖

မောင်ဘချစ်လည်း နေ့စဉ်နေ့တိုင်း မြေပေါက်ခြင်း၊ မြေညှိခြင်းများ ပြုလုပ်နေရလေ၏။ တောင်ပူစာများကိုလည်း ကြိုးစား၍ ဖြိုပစ်ရလေ၏။ လွန်စွာကြီးမားသော သစ်ငုတ်ကြီးများကို တစ်ယောက်ထီးတည်း တူးဆွရလေ၏။ တူးဆွပြီးသား သစ်ငုတ်များကိုလည်း ထင်းအဖြစ် အသုံးပြုရန် အစိတ်စိတ်အမြွှာမြွှာ ပေါက်ရလေ၏။ ဤသို့နှင့်ပင် အရက်နှစ်ဆယ်ပြည့်သောနေ့သို့ ရောက်ရှိလာလေတော့၏။ ထိုအခါ၌ ဦးငွမ်တီက မောင်ဘချစ်၏ ရေဘူးကိုယူ၍ --

"အရက်နှစ်ဆယ်ရှိပြီကွ၊ ရေရာရှင် ထပ်ပြီး လျှော့ရဦးမယ်"

ဟုဆိုကာ ရေကို သွန်ပြန်လေ၏။ မောင်ဘချစ်လည်း ဖွဲကို မလျှော့ဘဲ အလုပ်လုပ်၏။ ရေကို မွေတာသောက်ရ၏။ ဖြူဖွေးသော မောင်ဘချစ်၏ အသားအရောင်မှာလည်း နေလောင်သောကြောင့် ညှောကာလက်ရောင် ပေါက်လာလေ၏။ ရက်ပေါင်း

သုံးဆယ် ပြည့်သည့်အခါ၌မူ ဦးဌွမ်တီက မောင်ဘချစ်အား--

"ဒီကနေ့ ရက်ပေါင်း သုံးဆယ်ပြည့်တဲ့နေ့ပဲ၊ ရေရှာချင်ကို ထပ်ပြီး လျှော့ရဦးမယ်"

ဟု ဆိုကာ ရေကို သွန်ပြန်လေ၏။ မောင်ဘချစ်လည်း အနည်းငယ်မျှသော ရေနှင့်ပင် တစ်နေကုန် အလုပ်လုပ်ရလေ၏။ ရက်ပေါင်းလေးဆယ် ပြည့်သောအခါ၌မူ ဦးဌွမ်တီက---

"မောင်ဘချစ်ရေ၊ ဒီကနေ့ ရက်ပေါင်း လေးဆယ်ပြည့်ပြီကွ၊ ရေကိုလဲ လျှော့ရမယ်၊ ပြီးတော့ ထမင်းကိုလဲ ကန့်သတ်ရလိမ့်မယ်၊ အကြမ်းပန်းကန်လုံးနဲ့ နှစ်လုံးပဲ မင်းကို စားခွင့်ပေးမယ်"

ဟု ဆိုကာ ရေဘူးမှရေကို သွန်ပြန်လေ၏။ ထမင်းကျွေးသည့်အခါ၌လည်း အကြမ်းပန်းကန်နှစ်လုံးဖြင့် ခြင်၍ ပေးလေ၏။ မောင်ဘချစ်သည် ရေမလုံမလောက် သောက်ရသည့်အပြင် ထမင်းလည်း ဝအောင် မစားရသဖြင့် အားပြတ်၍လာလေတော့၏။ သို့ရာတွင် ဦးဌွမ်တီပြောသကဲ့သို့ စည်မျက်နှာပြင်ပေါ်မှာ ချော မွေ့ခြင်းကား မဖြစ်သေးပေ။ ထို့ကြောင့် မောင်ဘချစ်သည် ကွင်းကြီးတစ်ခုလုံးအား ရေဖျန်း၍ ဆင်မိနပ်ဖြင့် လိုက်၍ဆောင့်ရလေ၏။ ဤသို့နှင့်ပင် ရက်ပေါင်းငါးဆယ်ပြည့်သောအခါ၌ ဦးဌွမ်တီက---

"ဟဲ့-- မောင်ဘချစ်၊ ရက်ပေါင်း ငါးဆယ်ပြည့်ပြီကွ၊ မင်းကို ရေသောက်ခွင့် မပေးနိုင်တော့ဘူး"

ဟုဆိုကာ ရေဘူးကို သိမ်းလိုက်လေတော့၏။

"ထမင်းကိုလဲ လျှော့ရဦးမယ်"

ဟုဆိုကာ ရေနွေးကြမ်း ပန်းကန်တစ်လုံးသာလျှင် ကျွေး





လေတော့၏။ အလုပ်သိမ်းသည့် အခါများ၌ မောင်ဘချစ်၏ လည်ချောင်းများသည် မီးခဲကဲ့သို့ ပူလောင်၍ နေလေ၏။ ထိုအခါ မှာပင် ဦးဌွမ်တီက ရေတစ်ခွက် တိုက်လေ၏။ ရက်ပေါင်းခြောက်ဆယ်ပြည့်သောအခါ၌မူ မောင်ဘချစ်လုပ်ကိုင်သော မြေကွက်လပ်ကြီးမှာ အမှန်တကယ်ပင် စည်မျက်နှာပြင်ကဲ့သို့ ညီညာ၍ နေလေ၏။ ထိုအခါ၌ ဦးဌွမ်တီသည် ရေချိန်ကိုယူ၍ ညီမညီ စမ်းသပ်လေ၏။ မညီသော နေရာများကို ပြန်၍လုပ်ခိုင်းလေ၏။ အလုံးစုံ ညီညွတ်သွားသောအခါ၌ ဦးဌွမ်တီက---

"အေး-- အားလုံးတော့ ညီသွားပြီကွ၊ မင်းလုပ်ထားတဲ့ အလုပ် မင်းကိုယ်တိုင်ကြည့်စမ်း၊ အံ့သြဖို့ ဘယ်လောက်များ ကောင်းသလဲ၊ အားလုံးညီသွားပြီ၊ ဒါပေမယ့် ငါ သိပ်ပြီးမှား တယ်ကွ၊ လောကကြီးမှာ ဘယ်အရာမှ ညီညွတ်တာမဟုတ်ဘူး ကွ၊ အဲဒီလို မညီညွတ်တာဟာလဲ သဘာဝရဲ့ အလှမဟုတ်လား၊ ကုန်းဖြစ်နေတဲ့ နေရာဖြစ်နေမယ်၊ ချိုင့်ဖြစ်တဲ့နေရာဖြစ်နေမယ်၊ စောင်းတဲ့နေရာ စောင်းနေမယ်၊ မို့တဲ့နေရာ မို့နေမယ်၊ သစ်ငုတ် ရှိတဲ့ နေရာက ရှိနေမယ်၊ ကျောက်တုံးရှိတဲ့နေရာက ရှိနေမယ်၊ ဒါကို ငါက မလုပ်ဘူး ထင်ပြီး မင်းကို ညီအောင်ညှိခိုင်းလိုက်တာပဲ၊ အမှန်ကတော့ သူ့အတိုင်း သူ့ကိုထားတာ အကောင်းဆုံးပဲကွ၊ အဲဒီတော့ မင်းအနေနဲ့ နဂိုက ကျင်းကြီးရှိခဲ့တဲ့နေရာမှာ ပြန်ပြီး တော့ ကျင်းဖြစ်အောင် တူးပေးစမ်းပါ၊ တောင်ပူစာရှိတဲ့ နေရာ ကိုလဲ တောင်ပူစာဖြစ်အောင် ပြန်လုပ်ပေးစမ်းပါ၊ ပြီးတော့ မြောက်ထပ်ကြီးဘုရားရဲ့ ဟိုဘက်မှာ သစ်မြစ်ဆုံကြီးတွေ ရှိတယ်ကွ၊ အဲဒါကို သွားတူးပြီး သစ်မြစ်ရှိတဲ့နေရာကို နဂိုအတိုင်း

ပြန်ဖြစ်အောင် ထားပေးစမ်းပါ။ နဂိုအတိုင်းအလှဟာ ကောင်းပါတယ် မောင်ဘချစ်၊ အဲဒါကို ပြန်ပြီး စနစ်တကျ လုပ်နိုင်အောင်လို့ အရင်က ပုံစံအတိုင်း မြေပုံတစ်ချပ် ဆွဲထားတယ်၊ ဟောဒီမှာ မြေပုံ"

ဟု ဆိုကာ စာရွက်ဖြူတွင် ခဲတံနှင့် ရေးဆွဲထားသော မြေကွက်လပ်၏ ယခင်က တည်ရှိပုံ မြေပုံတစ်ချပ်ကို ပေးလေ၏။ မောင်ဘချစ်လည်း တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ဦးဂွမ်တီ၏ မျက်နှာကို ကြည့်၍ နေလေ၏။ ထိုအခါ ဦးဂွမ်တီက---

"တောင်ပူစာကလေးဟာ ငါတို့ရဲ့ တဲကလေး အရှေ့ကနေ တိုင်းရင် အရှေ့ဘက် ကိုက်အစိတ်တိတိမှာ ရှိတယ်ကွ၊ တောင်ပူစာကလေးရဲ့ အောက်ခြေအဝန်းဟာ ပေ ၃၀ ပတ်လည်ရှိတယ်ကွ၊ အမြင့်ကတော့ ၁၂ ပေ မြင့်တယ်၊ တောင်ပူစာလေးရဲ့ အနောက်မြောက်ဘက်စူးစူး ၁၀ ကိုက်လောက်မှာ ကျွင်းကြီးရှိတယ်၊ အဝက ၁၈ ပေ ရှိတယ်ကွ၊ ဇောက်က ၁၂ ပေ ရှိတယ်ကွ၊ အဲဒီကျွင်းရဲ့ တောင်ဘက်စူးစူး ၅ ကိုက်လောက်မှာ သစ်ငုတ်ရှိတယ်၊ အဲဒီသစ်ငုတ်ကနေ အနောက်ဘက် ၃ ပေအကွာမှာ ဒူးဆစ်လောက်ရှိတဲ့ ချိုင့်ကြီးရှိတယ်ကွ၊ အကျယ်ကတော့ ၁၀ပေ ရှိတယ်၊ အေး-- တောင်ပူစာကလေးကနေ တောင်ဘက် ၁၀ ကိုက်လောက်မှာ ဟောဟိုက ဂဝံကျောက်ကြီးရှိတယ်ကွ၊ အဲဒီ စကေးအတိုင်း ပြန်ဖြစ်အောင် လုပ်ပေတော့"

ဟုပြောလိုက်ရာ မောင်ဘချစ်က---

"ဗျာ"

ဟု ရေရွတ်မိလေတော့၏။





မောင်ဘချစ်၏စိတ်၌ ဦးဂွမ်တီကြီးသည် ၎င်းအား သက်သက် ညစ်၍ နှိုင်းစေနေကြောင်းကိုလည်း ကောင်းစွာ သဘောပေါက် လေ၏။

ဦးဂွမ်တီကလည်း မောင်ဘချစ်ကို ပြန်၍ ကြည့်ပြီးလျှင်---

"ဘယ်လိုလဲ မောင်ဘချစ်၊ ငါက မင်းကို တမင်သက်သက် ညစ်ပြီး နှိုင်းတယ်လို့ ထင်နေပြီလား"

ဟု မေးလေ၏။

"မဟုတ်ဘူးလား ပေါက်ဖော်ကြီး"

ဟု မောင်ဘချစ်က ပြန်၍မေးလေ၏။

"ဟုတ်တာမှ သိတ်ဟုတ်တာပေါ့ ကိုယ့်လူရယ်၊ ငါက ညစ်ပြီး နှိုင်းနေတာပေါ့ကွ၊ အမှန်ကတော့ ဒီကွင်းကြီး မညီလို့လဲ ငါ့အတွက် ဘာမှမဖြစ်သလို ညီလို့လဲ ဘာမှမဖြစ်ဘူးကွ၊ မင်းက စမ်းသပ်ပါဆိုတော့ ဒီလိုပဲ ညစ်ရမှာပဲကွ၊ စမ်းသပ်တာတို့ စာမေးပွဲစစ်တာတို့ ဆိုတာဟာ အမှန်အားဖြင့်ကတော့ စာမေးပွဲဖြေသူ အစမ်းသပ်ခံရသူကို တစ်နည်းနည်းနဲ့ စိတ်ညစ်အောင် လုပ်ရတာမျိုးပဲ မဟုတ်လားကွ၊ မင်းပဲ စဉ်းစားကြည့်လေ၊ ဘီအက်စ်စီ သင်္ချာဖြေမယ့်လူကို တစ်နဲ့တစ်ပေါင်းရင် ဘယ်လောက်ရသလဲဆိုတဲ့ အင်မတန်လွယ်ကူတဲ့ မေးခွန်းမျိုးကို ဘယ်လို စာစစ်သူကမှ မေးမှာ မဟုတ်ဘူး။ ဘီအက်စ်စီတစ်ယောက်အနေနဲ့ ဒီလို မေးခွန်းမျိုးကို ဖြေပြီး အအောင်ပေးလို့လဲ ဘယ်ဖြစ်ပါ့မလဲကွ၊ နည်းနည်းပါးပါး အဖြေရကျပ်မယ့် မေးခွန်းမျိုးတော့ မေးရမှာပဲ မဟုတ်လား။ ဒီလိုပဲကိုယ့်လူ၊ ကိုယ့်လူကိုပဲ ငါက စာမေးပွဲစစ်နေတာ၊ တစ်နည်းပြောရရင် မင်းကိုစိတ်ညစ်အောင် လုပ်နေတာ၊

နှမြှေပြစ်ချင်တဲ့စိတ်တွေ တစ်ခါတည်း ပျောက်သွားအောင် လုပ်ပေးတာပဲ၊ ဒါကိုယောက်ပြီး မလုပ်ချင်ဘူးဆိုရင်တော့ မင်းဟာ ငါးစိတ်ဘူးစားမေးပွဲ ကျသွားပြီလို့ သတ်မှတ်ရမှာပဲ၊ စာမေးပွဲကျတဲ့ လူနဲ့ ငါကတော့ အပေါင်းအသင်း မလုပ်ချင်ဘူး"

ဟု ဦးဂွမ်တီက ရှည်လျားစွာ ပြောလိုက်ရာ မောင်ဘချစ်က အံကြိတ်၍---

"ရပါတယ်"

ဟု ပြောဆိုကာ ဦးဂွမ်တီ၏ လက်တွင်းမှ မြေပုံစာရွက်ကိုပါ ယူ၍ ပေါက်တူးကို ထမ်းပြီးလျှင် ဦးဂွမ်တီ၏ ပန်းရန်သေတ္တာ အတွင်းမှ ပေကြိုးကို နှိုက်ယူလေ၏။ ထိုအခါ၌ ဦးဂွမ်တီက---

"ပေကြိုးကို ပြန်ထားလိုက်ပါကွ၊ ဟောဒီမှာ အုန်းဆံကြိုးရှိတယ်၊ အဲဒီအုန်းဆံကြိုးကိုပဲ အတိုင်းအထွာတွေ ကိုယ့်ဟာကိုယ် မှတ်ပြီး ပေကြိုးအဖြစ် အသုံးပြုရမယ်၊ ဒါကတော့ ညစ်တာ မဟုတ်ဘူး၊ မင်းဟာ ပေမီတေါက်မီ လူတစ်ယောက်ပဲ၊ မဖြစ်ဖြစ် တဲ့နည်းနဲ့ အတိုင်းအထွာတွေ မှန်အောင်လုပ်ရမယ်"

ဟု ပြောလိုက်ရာ မောင်ဘချစ်က---

"အဲဒါတွေ ကျုပ် ကောင်းကောင်းမသိဘူးဗျ"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ၌ ဦးဂွမ်တီက---

"ဟောဒီမှာကြည့်"


ဟု ဆိုကာ မောင်ဘချစ်၏ မြေပုံစာရွက်ကိုယူ၍ ခဲတံဖြင့် ပုံကြမ်းဆွဲပြလေ၏။ ထိုသို့ ဆွဲပြပြီးနောက်---


"အခု ငါဆွဲတဲ့ပုံတွေဟာ ဟင်နရီဘုရင်ကြီး သတ်မှတ်ထားခဲ့ တာကွ၊ အဲဒါကို အလွတ်ကျက်ထားပေတော့"











ဟုလည်း ပြောဆိုလိုက်လေ၏။ မောင်ဘချစ်လည်း ဦးငွမ်တီ ရေးဆွဲသော ပုံများကို ကြည့်လိုက်ရာ တဘက်ပုံပါအတိုင်း တွေ့ရလေ၏။

မောင်ဘချစ်သည်လည်း အုန်းဆံကြိုးကိုယူ၍ လက်ဖြင့် တိုင်းထွာလေ၏။ အလုံးစုံ တိုင်းထွာပြီးသည့်အခါ၌ အုန်းဆံကြိုးနှင့် မြေပြင်အား တိုင်းထွာ၍ ငုတ်များစိုက်ကာ စတင်၍ အလုပ်လုပ်လေတော့၏။ ကျင်းကြီးကို စတင်၍ တူးလေ၏။ ကျင်းကြီးမှ ထွက်သော မြေများကို တောင်ပူစာနေရာ၌ ပုံလေ၏။ မောင်ဘချစ်သည် တစ်နေ့ကုန်တစ်နေ့ခန်း အလုပ်လုပ်၍ နေရလေ၏။ ကြီးမားသော မြေကွက်လပ်ကြီးအား သမံတလင်း ကိုင်သားသကဲ့သို့ ညီညာချောမွတ်အောင် ပြုလုပ်လိုက်ခြင်းအတွက် အနီးအပါးမှ လူများသည် တအံ့တသြ လာရောက်ကြည့်ရှုကြလေ၏။ ယခုအခါ၌ ညီညာပြန့်ပြူးပြီးသော မြေပြင်အား မောင်ဘချစ်သည် ကျင်းများချိုင့်များဖြစ်အောင် ပြန်လည်၍ တူးဆွနေသည်ကို တွေ့ရလျှင် အနီးအပါးက လူများက "ဒီလူ အရူးနဲ့တူပါရဲ့ကွာ" ဟု ပြောဆို၍ သွားကြလေ၏။ ရက်ပေါင်း ၈၀ ပြည့်သော အခါ၌ မြေကွက်လပ်ကြီးမှာ မောင်ဘချစ်၏ကြီးမားသောဇွဲလုံ့လကြောင့် နဂိုမူလအတိုင်း ပြန်၍ ဖြစ်သွားလေတော့၏။ မောင်ဘချစ်၏ အသားအရောင်မှာလည်း ကောက်ညှင်းငချိတ်ကဲ့သို့ နက်မှောင်၍ သွားတော့၏။ ထိုအခါ၌ ဦးငွမ်တီသည် ပေကြိုးတစ်ချောင်းနှင့် မောင်ဘချစ် ပြုလုပ်သည်များကို စကေးကိုက်ခြင်း ရှိမရှိ တိုင်းထွာစစ်ဆေးလေ၏။ ထိုသို့ တိုင်းထွာ စစ်ဆေးရာ လုံးဝဥဿုံ ကိုက်ညီနေကြောင်း တွေ့ရလျှင် ဦးငွမ်တီက





မောင်ဘချစ်၏ ပခုံးကို လက်ဖြင့်ပုတ်၍---

"မင်းစဉ်းစားကြည့်စမ်း၊ ကျင်းတွေ၊ ချိုင့်တွေ၊ တောင်ပူစာတွေ၊ သစ်ငုတ်တိုတွေနဲ့ ပြည့်နှက်နေတဲ့ မြေကွက်လပ်ကြီးကို စည်မျက်နှာပြင်ဖြစ်အောင် လုပ်နိုင်ခဲ့ပြီးပြီ၊ အခုတစ်ခါ စည်မျက်နှာပြင်ကဲ့သို့ ညီနေတဲ့ မြေကွက်လပ်ကြီးကို ကျင်းတွေ ချိုင့်တွေ တောင်ပူစာတွေ သစ်ငုတ်တိုတွေနဲ့ မူလအတိုင်းဖြစ်အောင် ပြန်ပြီး ဖန်ဆင်းနိုင်ခဲ့ပြီ၊ အဲဒီတော့ မင်းဟာ ဖန်ဆင်းနိုင်တဲ့ တန်ခိုးနဲ့ ပြည့်စုံနေတဲ့ လူတစ်ယောက်ဆိုတာ မင်းကိုယ်မင်း ဘယ်လောက်များ ဂုဏ်ယူဖို့ကောင်းသလဲ မောင်ဘချစ်၊ အေး-- ဒီနေ့ကစပြီး မင်းဟာ ငါ့စစ်တဲ့စာမေးပွဲ ပထမအဆင့်တော့ အောင်ပြီ"

ဟု ပြောလိုက်ရာ မောင်ဘချစ်က ---

"ဗျာ အခုမှ ပထမအဆင့်ပဲ ရှိသေးသလား ပေါက်ဖော်ကြီးရယ်"

ဟု အံ့သြသောလေသံဖြင့် မေးလိုက်၏။ ထိုအခါ၌ ဦးငွမ်တီက အောက်ပါအတိုင်း ပြောလေတော့၏။

"ပထမအဆင့်ပေါ့ကွာ၊ ငါကျွေးတဲ့ထမင်းကို စားပြီး အလုပ်လုပ်ရတာပဲ၊ ဒုတိယအဆင့်ကျတော့ ငါက ထမင်းလဲ မကျွေးတော့ဘူး၊ နေ့ခွင့်လဲ မပေးတော့ဘူး၊ မင်းဟာမင်း နေဖို့ရှာရမယ်၊ စားဖို့ရှာရမယ်၊ ရှင်းရှင်းပြောရရင် မင်းကို ဒီက မောင်းထုတ်ရတော့မယ်၊ စက်ဘီးစီးသင်သလိုပေါ့ကွာ၊ စက်ဘီးမစီးတတ်တဲ့လူကို သင်တဲ့ဆရာက နောက်ကနေ လိုက်တွန်းပေးရတယ် မဟုတ်လား၊ ဒါပေမယ့် ဆရာလုပ်တဲ့လူက တပည့်လုပ်တဲ့လူ စက်ဘီးစီး

ကြွန်းနေလို့တော့ ဘယ်ဖြစ်မလဲကွ၊ အရှိန်နဲ့တွန်း ပြီး လှော်လိုက်ရမှာ မဟုတ်လား။ အခုလဲ ဒီသဘောပေါ့ကွာ။ ကဲ-- ဟောဟိုမှာ မင်းရဲ့ သားရေသေတ္တာကို ယူပေတော့"

ဟု ဆိုသဖြင့် မောင်ဘချစ်သည် ၎င်း၏သားရေသေတ္တာကို ယူလေ၏။ ထိုအခါ၌ ဦးရွှမ်တီက ပတ္တူအိတ်ကလေးဖြင့် ချုပ်ထားသော အိတ်ကလေး တစ်လုံးကိုယူ၍ မောင်ဘချစ်၏ ရှေ့တွင် သွန်ချလိုက်လေရာ အတွင်းမှ အလျား ၆ လက်မ၊ အနံ ၄ လက်မ၊ ထု ၂ လက်မ ရှိသော သံတုံးတစ်တုံးထွက်၍ လာလေ၏။

မောင်ဘချစ်လည်း အဓိပ္ပာယ် နားမလည်သဖြင့် သံတုံးကို ကြည့်၍နေလေ၏။ ဦးရွှမ်တီက သံတုံးကိုကောက်ယူပြီးနောက်

"ဒီသံက သိပ်ပြီးမာတယ်ကွ၊ အဂ္ဂရတ်ဆရာတွေ သဘောကျတဲ့ ရေစည် ဆိုတာပေါ့ကွာ။ အဲဒီ သံတုံးကို ဟောဒီအပ်အရွယ် ဖြစ်အောင် (အင်္ကျီတွင် အဆင်သင့်ထိုး၍ထားသော အပ် တစ်ချောင်းကိုယူ၍ ထုတ်ပြရင်း) သွေးပေးရမယ်ကွ၊ အဲဒီအပ် အရွယ်ဖြစ်သွားရင် ငါ့ဆီကို လာခဲ့ပေတော့၊ မင်းဖြစ်ချင်တာ ဖြစ်စေရမယ်လို့ ငါ ကတိပေးပါတယ်ကွာ၊ ကဲ-- သွားပေတော့"

ဟု ပြောလိုက်လျှင် မောင်ဘချစ်သည် သံတုံးကို ပတ္တူအိတ် အတွင်းသို့ထည့်၍ ဦးရွှမ်တီထံမှ အပ်ကိုပါ ယူကာ ထွက်သွားလေ တော့၏။ ၎င်း၏မျက်နှာ ဟန်ပန်အမူအရာမှာ မုချပင် မဖြစ်ဖြစ် အောင် လုပ်ပြမည့်သော ယောကျ်ားကောင်းတစ်ဦး၏ ဟန်ပန် အမူအရာမျိုး ဖြစ်ပေ၏။ ဦးရွှမ်တီမှာမူ မောင်ဘချစ်ကျောပြင်ကို ကြည့်၍ ---





"ဒီစမ်းသပ်နည်းဟာ ငါတို့ရဲ့ ရှေးဟောင်းတာရုတ်ယဉ်ကျေးမှု တစ်ခုဖြစ်တယ် မောင်ဘချစ်"

ဟု ပြောလိုက်လေတော့သတည်း။

❖ ❖ ❖

## မောင်ဘချစ်နှင့် မြေတူးကုလား

မောင်ဘချစ်သည် သားရေသေတ္တာကို လက်မှဆွဲ၍ ဆီး ထွက်လေတော့၏။ ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည့်ရာသို့ ထွက်ခဲ့ခြင်း ဖြစ်ပေသည်။ ဤသို့နှင့်ပင် စက်ဆန်းဟူသော အရပ်သို့ ရောက်လျှင် လော်ရီကားကြီးပေါ်သို့ ဂေါ်ရင်ဂျီကုလားများသည် သူထက်ငါ လု၍ တက်နေသည်ကို တွေ့ရလေ၏။

မောင်ဘချစ်က အနီးမှ လူတစ်ယောက်အား---

“ဘယ်ကိုများ သွားကြမှာလဲ”

ဟု မေးကြည့်ရာ ထိုသူက---

“မြေတူးမယ့်ကောင်တွေလေ၊ ဟိုး (ပဲခူး) မှာ သွားပြီး တူးကြမှာ၊ အဲဒီမှာ ဆီစက်တစ်လုံး တည်မလို့ စိန်မော်ဆိုတဲ့ တရုတ်သူဌေးက ခေါ်သွားတာ”

ဟု ပြောလေ၏။

“ဒီလိုဆိုရင် ကျုပ်လဲ လိုက်မယ်ဗျာ”





ဟု ပြောဆိုကာ မောင်ဘချစ်သည် လော်ရီကားပေါ်သို့ ...လေတော့၏။ ဂေါ်ရင်ဂျီကုလားများလည်း မောင်ဘချစ်ကို ...ကာ ၎င်းတို့နှင့်အတူ မြေတူးမည့် မြန်မာတစ်ယောက်ကို ...သောကြောင့် အံ့သြကြလေ၏။

လော်ရီကားကြီးလည်း မကြာမီ၌ပင် စတင်၍ ထွက်လေ...၏။ မောင်ဘချစ်သည် ဂေါ်ရင်ဂျီ ကုလားများနှင့်အတူ ...ပါသွားလေ၏။ ဂေါ်ရင်ဂျီကုလားများသည် မော်တော်ကား ...စီးသွားရသည်ကို ပျော်ရွှင်ကြသဖြင့် ဂေါ်ရင်ဂျီသီချင်း ...ကို သီဆိုကြလေ၏။

၎င်းတို့၏သီချင်း၌ တစ်ပိုဒ်ဆုံးလျှင်ဆုံးချင်း သံပြိုင်ဟစ်အော် ...သာ **ဟောကရပ်စ်** အပိုဒ်တစ်ပိုဒ် ပါလေသည်။ ထိုအပိုဒ်၌ ဂေါ်ရင် ...ကုလားများ၏ မူရင်း၌ မည်သို့မည်ပုံ ရှိသည် မသိပေ။ ...င်ဘချစ်၏ နားထဲ၌မူ—

“ရှမ်းတဲသမပု၊ ကတ္တူရုံခြောက်၊ ဘောလေးဆယ်၊ ဘောလေး...

ဟု ဝင်၍ အော်ဟစ်သည်ဖြစ်ရာ ဂေါ်ရင်ဂျီကုလားများသည် ...င်ဘချစ်အား လောချင်းနှင့်ပင် ခင်မင်သွားလေတော့၏။

ဤသို့နှင့်ပင် ပဲခူးသို့ ရောက်ရှိလေတော့၏။ ပဲခူးသို့ ရောက် ...သောအခါ၌ တရုတ်သူဌေး စိန်မော်၏ လူများက အလုပ် ...များကို ကျွေးမွေးရန်အတွက် ငါးခြောက်ဖိုးနှင့် ချက်ထား ...သော ကုလားဟင်းဖြင့် ထမင်းကျွေးလေ၏။ မောင်ဘချစ်နှင့် ဂေါ်ရင်ဂျီကုလားများသည် ငုတ်ပျောယက်နှင့် ထမင်းဟင်းကို ...၍ စားရလေ၏။

မောင်ဘချစ်သည် ထမင်းကို ဝနင့်အောင် စားရသော ကြောင့် ကျေနပ်၍ နေလေ၏။ ထမင်းစားပြီးသည့်အခါ၌လည်း တရုတ်သူဌေးစိန်မော်က ဂေါ်ရင်ဂျီကုလားများအား ဆေးပြင်း လိပ် တစ်လိပ်စီ ဝေ၍ ပေးလေ၏။ မောင်ဘချစ်၏ အလှည့်သို့ ရောက်သောအခါ၌ မောင်ဘချစ်က---

"ဆေးပြင်းလိပ် မသောက်ရင် ဆေးပေါ့လိပ်မရဘူးလားဗျ"

ဟု ပြောသဖြင့် ဆေးလိပ်ဝေသူက မောင်ဘချစ်ကို မျက်လုံးပြူး၍ကြည့်ကာ---

"ဩော်-- ကိုယ့်လူက မြန်မာကိုး"

ဟု ပြောလေ၏။

"အစစ်ပေါ့ဗျာ၊ နေ့ထဲမှာ အလုပ်လုပ်ရလွန်းလို့ မဟုရာ ရောင် ပေါက်နေတာပါ"

ဟု မောင်ဘချစ် ပြန်၍ပြောလျှင် ထိုလူက မောင်ဘချစ်အား ဆေးပေါ့လိပ်နှစ်လိပ် ပေးလေ၏။

ထို့နောက် မောင်ဘချစ်နှင့် ဂေါ်ရင်ဂျီကုလားများသည် ဆီစက် ဆောက်လုပ်မည့် တစ်ဧကခန့်ကျယ်သော မြေကွက်ကြီး အား စတင်၍ မြေညှိရလေတော့၏။

မောင်ဘချစ်သည် ထိုမြေကွက် ကွက်လပ်ကြီးကိုကြည့်၍ ပြုံးလိုက်လေ၏။ ထို့နောက် ၎င်း၏စိတ်၌---

"ဒီလို မြေကွက်လပ်မျိုးကို ငါတစ်ယောက်တည်း လုပ်ခဲ့ရ တာ၊ အခုတော့ ဂေါ်ရင်ဂျီကုလားတွေ တစ်ပုံတစ်ခေါင်းကြီးနဲ့ လုပ်ရမှာပဲ၊ ဘာများပူစရာရှိလို့လဲ၊ ပြီးတော့ ထမင်းကိုလဲ ဝအောင်စားရမယ်၊ ရေကိုလဲ ကြိုက်သလောက် သောက်နိုင်





တယ်၊ ဦးဘွမ်တိနိုင်းလို့ လုပ်ခဲ့ရတာက ရေလဲမသောက်ရ၊ ထမင်းလဲ ဝအောင်မစားရ၊ ပြီးတော့ နည်းနည်းပါးပါး ညီရုံနဲ့လဲ မရသေးဘူး၊ ရေချိန်ကိုက်အောင် လုပ်ရတာ၊ အခုဟာက ဘာဟုတ်လို့လဲ"

ဟုလည်း အောက်မေ့မိသည့်အလျောက် လေကလေး တချွန်ချွန်နှင့် မြေကြီးပေါက်လေတော့၏။ ဂေါ်ရင်ဂျီကုလားများ သည် မကြာခဏ နားကြ၏။ ဆေးလိပ်သောက်၏။ အမောပြေ ထိုင်၏။ မောင်ဘချစ်မှာမူ ထိုသို့မဟုတ်ပေ။ အနားမယူဘဲ ဆက် လက်လုပ်လေ၏။ ထို့ကြောင့် တစ်သက်ပတ်လုံး အလုပ်ကြမ်း လုပ်၍ အသက်မွေးခဲ့ကြသော ဂေါ်ရင်ဂျီကုလားများပင် မောင် ဘချစ်အား လက်ဖျားခါကြလေတော့၏။

ညနေပိုင်း အလုပ်သိမ်းချိန်သို့ ရောက်လျှင် တရုတ်သူဌေး စိန်မော်ကိုယ်တိုင် လုပ်ခငွေကို ရှင်းပေးလေ၏။ တန်းစီ၍ လုပ်ခ ငွေကို ထုတ်ယူကြလေ၏။

မောင်ဘချစ်၏ အလှည့်သို့ ရောက်သောအခါ၌ တရုတ် သူဌေးစိန်မော်က---

"ခင်ဗျား မြန်မာလို့ပြောတယ်"

ဟု မေးလေ၏။

"ဟုတ်ပါတယ်၊ ကျုပ်ဟာ မြန်မာပါဗျ"

ဟု မောင်ဘချစ်က ပြန်၍ ဖြေလေ၏။

"ကျုပ် တစ်နေ့လုံး ကြည့်နေတယ်၊ ခင်ဗျားဟာ အလုပ်ကို မနိုဘဲ လုပ်တယ်၊ တစ်ချက်မှကို မနားဘူး၊ ခင်ဗျားလို မြန်မာမျိုး ကျုပ်တစ်သက်မှာ မတွေ့ဖူးသေးဘူး"

ဟု တာရာတ်သူဌေးက ပြောလေ၏။

"မတွေ့ရှုရင်လဲ ကြည့်ထားပေါ့ဗျာ၊ ကျုပ်နှာမည် အ
ခေါ်တယ်"

ဟု ပြောလိုက်ရာ တာရာတ်သူဌေးက---

"ဒါလောက်ကြီးစားရင်တော့ ခင်ဗျားဟာ တစ်နေ့
ထောင်ကဲ့ဘချစ် ဖြစ်လာမှာပဲ"

ဟု ပြောလေ၏။

"ထောင်ကဲ့မဖြစ်ခင်မှာ ထောင်ထဲမရောက်ရင် တော
ပြီဗျာ"

ဟု မောင်ဘချစ်က ပြောဆို၍ ၎င်း၏လုပ်ငန်းကိုယူလေ

ထို့နောက် မောင်ဘချစ်နှင့် ဂေါ်ရင်ဂျီများကို ညစာ
ကျွေးကာ အနီးရှိ ဘုန်းကြီးကျောင်းအောက်သို့ အိပ်စက်ရန်
ပေးလေ၏။ နေရာမျှသာ ပေးခြင်းဖြစ်၏။ အိပ်ရာပေ
မပါသဖြင့် မြေကြီးပေါ်၌ပင် အိပ်စက်ကြရလေ၏။

ညဦးသို့ရောက်လျှင် ဂေါ်ရင်ဂျီကုလားများသည် ကျ
ကလေးတီး၍ တေးသီချင်းဆိုကြလေ၏။ ထိုကြောင့် ဦး
တစ်ပါးဆင်း၍ လာပြီးလျှင် ဆူပူလေ၏။ သို့ရာတွင် ဆရာ
ကြီးက---

"မပြောပါနဲ့ မောင်ပဉ္စင်းရယ်၊ သူတို့ဘာသာဘာဝ
တော့လဲ ချမ်းသာရာ ရကြတာပေါ့ကွယ်"

ဟု ပြောသဖြင့် ဂေါ်ရင်ဂျီကုလားများလည်း ဆက်
ဗုံတီးခွင့် သီချင်းဆိုခွင့် ရကြလေ၏။

မောင်ဘချစ်မှာမူ ဦးပွမ်တီပေးလိုက်သော သံတုံးကြီ





ကျောက်တုံးတစ်ခု၌ တရှဲရှဲနှင့် စောင့်၍ သွေးနေလေတော့၏။
မောင်ဘချစ်တစ်ယောက် သံတုံးကြီး သွေးနေသည်ကို ဂေါ်ရင်
ဂျီကုလားများသည် တစ်ယောက်ပြီးတစ်ယောက် လာရောက်
ကြည့်ရှုကြလေ၏။ ကြည့်ရှုရုံမျှမက ၎င်းတို့အချင်းချင်းလည်း
ထင်မြင်ချက် အမျိုးမျိုး ပေးကြလေ၏။

ဆရာတော်ကြီးနှင့် ဦးပဉ္စင်းတစ်ပါးသည် မောင်ဘချစ်အနီး
သို့ ရောက်လာပြီးလျှင် မောင်ဘချစ်ကို ကြည့်ရှု၍ ဆရာတော်
ကြီးက ---

"ဟေ့-- ဒကာ မင်းက ကုလား မဟုတ်ပါဘူး"

ဟု မေးတော်မူလေ၏။

"မှန်လှပါ၊ တပည့်တော် မြန်မာပါဘုရား"

ဟု မောင်ဘချစ်က ပြန်၍ လျှောက်ထားလိုက်ရာ ဆရာ
တော်ကြီးက---

"ကုလားတွေနဲ့ကို ရောနေတော့တာပဲ၊ နေစမ်းပါဦး ဒကာရဲ့
ဘာတုံးကြီးကို သွေးနေတာလဲကွ"

ဟု မေးတော်မူလေ၏။

"သံတုံးကြီးပါဘုရား၊ အပ်ဖြစ်အောင် သွေးရမှာ"

ဟု မောင်ဘချစ်က ပြန်လည်လျှောက်ထားလိုက်ရာ ဆရာ
တော်ကြီးက--

"အပ်တစ်ချောင်းပဲကွ၊ ဝယ်ပြီးသုံးရောပေါ့ ဒကာရယ် ဒီ
သံတုံးကြီးကိုများ အပ်ဖြစ်အောင် သွေးရတယ်လို့"

ဟု မိန့်တော်မူလေ၏။

ထိုအချိန်၌ မြန်မာစကားကို ကောင်းစွာ နားလည်သော

ဂေါ်ရင်ဂျီကုလားတစ်ယောက်က ၎င်း၏ အဖော်များအား ဂေါ်ရင်ဂျီစကားဖြင့်---

"ဟေ့--- ဟိုလူက သံတုံးကြီးကို သွေးနေတာ အပ်ဖြစ်အောင် လုပ်မလို့ဆိုပဲ"

ဟု ပြောလိုက်ရာ ဂေါ်ရင်ဂျီကုလားများသည်---

"တော်တော် အံ့သြဖို့ကောင်းတဲ့လူပဲ၊ တော်တော်ကို ပင်ပန်းချင်တဲ့လူပဲ၊ ဘယ်လိုပါလိမ့်၊ ငါဖြင့် ဂေါ်ရင်ဂျီရွာဝင်မှာတောင် ဒီလိုသတ္တဝါမျိုး မကြားဖူးပါဘူး၊ အပင်ပန်းခံတဲ့နေရာမှာတော့ ငါတို့ ဂေါ်ရင်ဂျီတွေကတောင် အဘလို့ ခေါ်ရမယ့် လူစားပဲ"

စသည်ဖြင့် ကုလားသိုက် ကျွဲဝင်ကိုက်ဟုသော စကားပုံကဲ့သို့ တစ်ယောက်တစ်ပေါက် လှယက်ပြောဆိုကြလေတော့၏။

ဆရာတော်ကြီးလည်း မောင်ဘချစ်ကိုကြည့်ကာ ကရုဏာသက်စွာဖြင့်---

"သွေးမနေပါနဲ့ ဒကာရယ်၊ ဘုန်းကြီးက အပ်တစ်ချောင်း ရှာကြံလိုက်ပါ့မယ်"

ဟု မိန့်တော်မူလေ၏။

"တပည့်တော် ဆရာက အပ်ဖြစ်အောင် သွေးရမယ်လို့ မိန့်လိုက်လို့ သွေးနေရတာ ဘုရား၊ အရှင်ဘုရားက အပ်တစ်ချောင်း ပေးလို့လဲမဖြစ်ဘူးဘုရား"

ဟု မောင်ဘချစ်က ပြန်လည်၍ လျှောက်ထားလိုက်လေ၏။

"ဘယ်လိုအဓိပ္ပာယ်နဲ့များ မင်းရဲ့ဆရာက ဒါလောက်တောင် ဒုက္ခပေးလိုက်တာပါလိမ့်၊ အဲ့လိမာလရဲ့ ဆရာလို့များ လုပ်လိုက်တာလားကွာ"

ဟု ဦးပဥ္စင်းက ဝင်၍ ပြောလေ၏။

"ဒီသံတုံးကြီးကို အပ်ဖြစ်အောင် သွေးပေးရင် တပည့်တော်ကို သူက သူဌေးဖြစ်တဲ့နည်းကို ပေးမယ်လို့ပြောတယ် ဘုရား"

ဟု မောင်ဘချစ်က ပြန်၍ လျှောက်ထားလိုက်ရာ ဆရာတော်ကြီးက---

"ဒီလိုလား၊ မဟုတ်မှလွဲရော ဒကာရဲ့ဆရာက ဒကာကို ဝီရိယ ပါရမီ ဖြည့်နိုင်းတာနဲ့ တူပါရဲ့၊ ဒုက္ခမဝီရိယမျိုး ဆိုတာပေါ့ကွာ၊ မပျင်းမရိ ဆက်တိုက်ကြိုးစားတဲ့ လုံ့လဝီရိယမျိုးပေါ့၊ ဒါကို အလိုရှိလို့ ဒကာဆရာက ဒကာကို နိုင်းလိုက်တာပဲ၊ ပညာရှိတစ်ဦးပေပဲ"

ဟု ပြောဆိုကာ ဆရာတော်ကြီးလည်း ကျောင်းပေါ်သို့ ကြွ၍ သွားလေတော့၏။ မောင်ဘချစ်မှာမူ သံတုံးကြီးကို မပျင်းမရိ တရွဲရွဲနှင့် သွေး၍ နေလေတော့၏။

❖ ❖ ❖

မောင်ဘချစ်နှင့် ဂေါ်ရင်ဂျီကုလားတစ်သိုက်သည် တစ်ပတ်မျှ မြေညှိကြပြီးနောက် လုပ်ငန်းတစ်ခုလုံး ပြီးဆုံးသွားလေတော့၏။ ထို့ကြောင့် နောက်ဆုံးနေ့အတွက် လုပ်ခကို တံရုတ်သူဌေးက ရှင်းပေးပြီးနောက် မောင်ဘချစ်အား အလုပ်ကြိုးစားသည် ဟုဆိုကာ ဘောက်ဆူးအဖြစ် ငွေတစ်ဆယ်သတ်သတ် ထပ်၍ ပေးလေ၏။

မောင်ဘချစ်သည်း ဂေါ်ရင်ကိုကုလားများနှင့်အတူ စက်သ… သို့ ပြန်၍ လာခဲ့ပြီးလျှင် ဂေါ်ရင်ကိုကုလားများနှင့်ပင် နေထိုင်… ဤသို့လျှင် မြေတူးခြင်းလုပ်ငန်းကို လုပ်ကိုင်နေခဲ့လေ၏။ သ… ကြီးကိုလည်း သွေးမြဲသွေး၍ နေလေတော့၏။

တစ်နေ့သ၌ ဂေါ်ရင်ကိုကုလားတစ်ဦး၏ ခြေထောက်တွ… ပေါက်သော ဖက်ရွက်နာသည် လွန်စွာအနာသည်း၍ နေသည်… ရာ ထိုဂေါ်ရင်ကိုကုလားသည် သေလုမြောပါး ဝေဒနာကို ခံစားနေရလေ၏။ ထို့ကြောင့် မောင်ဘချစ်က မြန်… ကောင်းတတ်သော ဂေါ်ရင်ကိုအား ---

"ဘယ်လိုလဲကွ၊ မင်းတို့ဥစ္စာက ဒီလိုပဲ ကြည့်နေတော့… လား"

ဟု မေးလိုက်ရာ ထိုဂေါ်ရင်ကိုက---

"ခင်ဗျား ဘာမှ မသိဘူး ကိုဘချစ်၊ ဒီရောဂါကို ပျောက်… ဆေးက တစ်မျိုးပဲရှိတယ်၊ မြန်မာလိုတော့ ဆင်ဖက်ယားလို့ ခေါ်… တာပေါ့ကွာ၊ ပိန်းပင်တစ်မျိုးပေါ့၊ အဲဒီအရွက်ရရင် မီးကင်ပြီ… အရည် ညှစ်ချလိုက်ရုံပဲ"

ဟု ပြောလေ၏။

"အဲဒီအပင်က ဘယ်မှာပေါက်တာတုံးကွ"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီအပင်မျိုးက ကသာခရိုင်ဘက်မှာ ပေါက်လေ့ရှိတယ်"

ဟု ဂေါ်ရင်ကိုကုလားက ပြောလေ၏။

"ဒီလိုဆိုရင် ဘယ်လိုလုပ်မတုံးကွ"

ဟု မောင်ဘချစ်က မေးလေ၏။





"မဟုတ်ဘူးလေဗျာ၊ ကြည့်မြင်တိုင်ဘက်က ဆေးဆရာကြီး ဦးစံတိုးအိမ်မှာတော့ တစ်ပင်ရှိတယ်ဗျ၊ သူကလဲ သိပ်ပြီး တန်ဖိုး ထားတာ၊ အဲဒီအပင်ကို ရှားမှားရှားလို့ လုံလုံခြုံခြုံကို ထားတာဗျ"

ဟု ဂေါ်ရင်ကိုကုလားက ပြန်၍ပြောလျှင် မောင်ဘချစ်က---

"ငါတို့အားလုံး ပိုက်ဆံနည်းနည်းစီ ပိုင်းထည့်ကြမယ်၊ ပြီး တော့ အဲဒီအပင်ကို သွားဝယ်ကြတာပေါ့"

ဟု အကြံပေးလေ၏။ ထိုအခါ၌ ဂေါ်ရင်ကိုကုလားက---

"မရောင်းဘူးဗျ၊ ကျုပ်တို့ ဝယ်ကြည့်ပြီးပြီ"

ဟု ပြန်၍ပြောလေ၏။

"ဒီလိုဆိုရင် မင်းတို့ဥစ္စာ ဘယ်လိုလုပ်ကြမလဲ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဂေါ်ရင်ကိုကုလားက---

"မပူပါနဲ့ ကိုဘချစ်ရယ်၊ ညဆိုရင် အဲဒီအပင် ဒီကိုရောက်လာ မှာပါ၊ ဂန်ဂယားဆိုတဲ့ကောင်ကို တစ်ခါတည်း ခိုးယူဖို့ လွှတ် လိုက်ပြီကွ၊ ဒီကောင်က ရအောင်ယူခဲ့မှာပါ"

ဟု ပြောလေ၏။

မှန်ပေသည်။ ညနေပိုင်းသို့ရောက်လျှင် ဂန်ဂယားသည် ဆင် ဖက်ယား အပင်နှင့်အတူ ပြန်၍ရောက်လာလေ၏။ ဆင်ဖက် ယားဆိုသည်မှာ အလွန်ယားတတ်သော သဘောရှိပေရာ ဂန် ဂယားက သတင်းစာ စက္ကူဖြင့် အထပ်ထပ် ထုတ်ပတ်၍ ယူခဲ့ ခြင်းဖြစ်၏။ ဆင်ဖက်ယား ရသည့်အခါ၌ ထိုဆင်ဖက်ယား အရွက်ကို မီးကင်ပြီးလျှင် အနာပေါ်သို့ ညှစ်ပေးလိုက်ရာ ဝေဒနာ ရှင်သည် သက်သာသွားလေတော့၏။

ထိုအခါ၌ မောင်ဘချစ်က---

"တော်တော်စွမ်းတဲ့ ဆင်ဖက်ယားပဲ"

ဟု ပြောလိုက်ရာ မြန်မာစကားတတ်သော ဂေါ်ရင်ကို ကုလားက---

"ဂန်ဂယား တော်လို့ပေါ့ကွာ"

ဟု ပြောဆိုလေတော့၏။

❖ ❖ ❖

ဤသို့နှင့်ပင် မောင်ဘချစ်သည် ဂေါ်ရင်ကိုကုလားများနှင့် အတူ ရောနှောနေထိုင်ရာ ၎င်းတို့၏ ဓလေ့စရိုက်များ၊ အမူအကျင့်များကို ကောင်းစွာ နားလည်လို့မှုက ဂေါ်ရင်ကိုစကား အနည်းငယ်ပင် တတ်ကျွမ်း၍ လာလေတော့၏။ ဂေါ်ရင်ကို ကုလားများကလည်း ၎င်းတို့နှင့် ရင်းနှီးစွာ နေထိုင်သော မြန်မာ တစ်ယောက်ကို လွန်စွာ လေးစားခင်မင်ကြကုန်၏။

ဤသို့ နေထိုင်ရင်းနှင့်ပင် မောင်ဘချစ်သည် သံတုံးကြီးကို အမြဲမရတိုင်း သွေးရာ ထိုသံတုံးကြီးမှာ အတော်အတန်ပါး၍ လာလေတော့၏။

တစ်နေ့သ၌ မောင်ဘချစ်နှင့် ဂေါ်ရင်ကိုကုလားများအား အလုပ်ဘက်မှ ကုလားသူဌေးတစ်ယောက်က သစ်စက်ဝင်း မြေလုပ် ရန်အတွက် မြေညှိရန်လာရောက်ငှားရမ်းလေ၏။ မောင်ဘချစ်တို့ လူစုလည်း မြေပေါက်ရန် လိုက်ပါသွားကြလေ၏။

ကုလားသူဌေးပိုင်းစေသော နေရာတွင် မောင်ဘချစ်တို့လူစု သည် မြေကို ပေါက်တူးများဖြင့် ပေါက်၍ ညှိကြလေ၏။သုံးရက်





မြောက်သောနေ့၌ မြေညှိသောအလုပ် ပြီး၍သွားသဖြင့် ကုလား သူဌေးက မောင်ဘချစ်တို့အား ငွေရှင်းပေးလေ၏။

ထိုအချိန်၌ ကုလားသူဌေးထံသို့ ရောက်ရှိနေသော မြန်မာ တစ်ယောက်က---

"ဟေ့ကောင်တွေ၊ နယ်မှာ လိုက်ပြီး အလုပ်လုပ်ကြမလား၊ ပိုက်ဆံသုံးဆပေးမယ်"

ဟု ပြောလေ၏။ ဂေါ်ရင်ကိုကုလားများက--

"ဘယ်ကိုလိုက်ရမှာလဲ"

ဟု မေးလေ၏။ ထိုလူက---

"မိုးကောင်းဘက်ကို လိုက်ရမယ်"

ဟု ပြောလေ၏။

မိုးကောင်းဆိုလိုက်သည်နှင့် ဂေါ်ရင်ကို ကုလားများသည် ၎င်းတို့အချင်းချင်း တစ်ယောက်တစ်ပေါက် ပြောဆိုကြလေတော့ ၏။ ထိုသို့ပြောဆိုကြပြီးနောက် မလိုက်နိုင်ကြောင်း ငြင်းဆိုကြ လေတော့၏။

ထိုအခါ မောင်ဘချစ်က---

"ကျုပ်လိုက်မယ်ဗျာ"

ဟု ပြောလိုက်ရာ လွန်စွာပီသသော မြန်မာစကားသံကို ကြားရသဖြင့် ထိုလူသည် မောင်ဘချစ်ကိုသေချာစွာကြည့်၍--

"ခင်ဗျားက မြန်မာကိုး"

ဟု ပြောလိုက်လေ၏။

"ဟုတ်ပါတယ်၊ ကျုပ် မြန်မာပါပဲ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ထိုလူက---

"မြန်မာတော့ မလိုချင်ဘူးဗျာ"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း ထိုသူ၏စကားကြောင့် အနည်းငယ် အောင့်သက်သက် ဖြစ်၍သွားကာ--

"မြန်မာကို မလိုချင်ဘူးဆိုတာ ဘာကိုပြောတာလဲဗျ"

ဟု ပြန်၍မေးလေ၏။

"မြန်မာဆိုတော့ စပ်စပ်စုစု လုပ်တတ်တာပေါ့ဗျာ၊ ကျုပ်က စပ်စုတာ မကြိုက်ဘူးဗျ"

ဟု ထိုသူက ပြန်၍ ပြောလေ၏။

"စပ်စုမှာကို မကြိုက်ဘူးဆိုတာကတည်းက ခင်ဗျား လုပ်မယ့် အလုပ်ဟာ ဥပဒေနဲ့ ငြိစွန်းတဲ့အလုပ်မျိုး ထင်ပါရဲ့၊ ကိုယ်က မဟုတ်တာဆိုတော့ သူတစ်ပါးသိမှာကို ကြောက်တာပေါ့ဗျာ၊ ဒီလိုဆိုလဲ ရှိပါစေ"

ဟု မောင်ဘချစ်က ပြန်၍ပြောကာ ၎င်း၏ လုပ်ခငွေကို ထုတ်ယူခဲ့လေ၏။

ဤသို့ဖြစ်ပြီး သုံးလေးရက်ခန့်အကြာတွင် မောင်ဘချစ်နှင့် ဂေါ်ရင်ဂျီကုလားများထံသို့ ပွဲစားတစ်ယောက် ရောက်ရှိလာလေ၏။ ထိုပွဲစား၏ အမည်မှာ ဘဲလူးဟူ၍ဖြစ်၏။ ၎င်းဘဲလူးသည် ဂေါ်ရင်ဂျီစကားနှင့် မြန်မာစကားကိုသာ မဟုတ်ပေ၊ အင်္ဂလိပ် စကားကိုပါ ကောင်းစွာ တတ်ကျွမ်းလေ၏။ ပွဲစားဘဲလူးက a*:&i f£ k m:z:ms:. aoj;faq m;fjzu&0 m 'ရမ်ကနား' အား" ရှမ်းပြည်နယ်ဘက်တွင် ရထားလမ်းအနီး တောင်စောင်းကို ဖြိုရမည့်လုပ်ငန်း လုပ်ရမည်ဖြစ်ကြောင်း၊ ကြိုတင်ငွေအဖြစ် တစ်ဦးလျှင် ငါးဆယ်စီ ရမည်ဖြစ်ကြောင်း၊ တစ်နေ့လုပ်ခကို





ပြီး သုံးကျပ်မှ ငါးကျပ်အထိ ရှင်းပေးမည်ဖြစ်ကြောင်း ပြော လေ၏။

ရမ်ကနားက ၎င်း၏လူများကို ---

"ဘယ်လိုလဲ လုပ်ကြမလား"

ဟု ပြန်၍ မေးမြန်းလေ၏။ သူ၏လူများက---

"လုပ်မယ်"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ၌ ရမ်ကနားသည် မောင်ဘ အား ---

"ဘယ်လိုလဲ ကိုဘချစ်"

ဟု မေးလိုက်ရာ မောင်ဘချစ်က---

"ငါက အလုပ်မလုပ်ရရင် အများတကာချင်တဲ့ကောင်ပဲ ရမ် နားရယ်၊ လုပ်မှာပေါ့"

ဟု ပြောလိုက်ရာ ရမ်ကနားက လွန်စွာ သဘောကျသွား ဘဲလူးအား---

"လုပ်မယ်"

ဟု သဘောတူလိုက်လေ၏။

ထိုအခါ၌ ဘဲလူးက တစ်ဆင့်ထက်၍ လာပြန်လေသည်။

"အဲဒီလိုဆိုရင် အလုပ်ရှာပေးတဲ့အတွက် မင်းတို့က ငါ့ကို ကြို င်ငွေထဲက ငါးကျပ်စီပေးရမယ်"

ဟု ပြောလိုက်ရာ ရမ်ကနားက ၎င်း၏လူများအား ပြန်၍ ပြောပြလေ၏။ ဂေါ်ရင်ဂျီကုလားများသည် အနည်းငယ် င်တင်တင်ဖြစ်၍ သွားကြလေ၏။ ထို့နောက်မှ သဘောတူကြ လေ၏။

ထိုအခါ၌ ရမ်ကနားက မောင်ဘချစ်ဘက်သို့ လှည့်ကာ---

"ဘယ်လိုလဲ 'ကိုဘချစ်"

ဟုမေးလျှင် မောင်ဘချစ်က---

"အများညီရင် ဤကို ကျွဲလို့ ဖတ် "

ဟု ပြောလိုက်လေ၏။

"ခင်ဗျားပြောတာ နားမလည်ဘူး"

ဟု ရမ်ကနားက ပြန်၍ပြောရာ မောင်ဘချစ်က---

"သဘောတူပါတယ်ကွာ၊ မင်းတို့အားလုံးတူရင် ငါက သဘောတူရမှာပေါ့ကွာ"

ဟု ပြောလိုက်မှပင် ရမ်ကနားက ဘဲလူးအား ငါးကျပ်စီပေးရန် သဘောတူကြောင်း ပြောလေ၏။

ထိုအခါ၌ ပွဲစားဘဲလူးက---

"ပြီးတော့ ငါ့ကိုနိုင်းလိုက်တဲ့ မီးရထားကုမ္ပဏီက ပွဲစားအဖြစ်နဲ့ ခိုင်းလိုက်တာ မဟုတ်ဘူး၊ မယ်စလီအဖြစ်နဲ့ ခိုင်းလိုက်တာဆိုတော့ ငါက မင်းတို့ကို အုပ်ချုပ်ပြီး အလုပ်လုပ်ရမယ်၊ မင်းတို့ကို မေးရင်လဲ ငါဟာ မယ်စလီလို့ ပြောရမယ်"

ဟု ဆိုပြန်လေ၏။ မယ်စလီဆိုသည် ကူလီခေါင်းပင် ဖြစ်ပေသည်။ ဘဲလူးသည် ပွဲပေါ့ရုံမျှမက တစ်စုံတစ်ရာလုပ်ကိုင်ခြင်း မပြုဘဲ ကူလီခေါင်းအဖြစ်ဖြင့် ခေါင်းပုံဖြတ်ဦးမည်ဟု ပြောနေခြင်းပင် ဖြစ်ပေသည်။

ရမ်ကနားသည် မောင်ဘချစ်ဘက်သို့ လှည့်ကာ မြန်မာစကားဖြင့် အကျိုးအကြောင်း ရှင်းပြလိုက်လေ၏။ မောင်ဘချစ်ကလည်း---





"ငါတို့ လုပ်ရရင် ပြီးတာပဲကွာ။ သူဘာသာ မယ်စလီပဲလုပ် လုပ် မယ်စလီဟင်းချိုပဲ လုပ်လုပ်ပေါ့"

ဟု ပြောလိုက်လေ၏။ ထို့နောက် ရမ်ကနားသည် သူ၏ ဂေါ်ရင်ဂျီများအား မေးမြန်းပြန်လေ၏။ ထိုသို့ မေးမြန်းသည့်အခါ၌ ဂေါ်ရင်ဂျီများက သဘောတူလိုက်လေ၏။

ထို့ကြောင့် ပွဲစား ဘဲလူးလည်း ပြန်၍ သွားလေတော့၏။ သုံးရက်ခန့်အကြာတွင် ဘဲလူးသည် မောင်ဘချစ်တို့ ရှိရာသို့ ရောက်ရှိလာလေ၏။ ဘဲလူးသည် အင်္ကျီအဖြူ ဘောင်းဘီအဖြူ သားရေအိတ်နှင့် လွန်စွာမှပင် ဟန်ကျ ပန်ကျ ရှိလေ၏။

ထို့နောက် ဘဲလူးသည် သားရေအိတ်အတွင်းမှ မှတ်စုစာအုပ်တစ်အုပ်ကို ထုတ်ကာ တစ်ဦးစီ နာမည်မှတ်၍ ကြိုတင်ငွေ ၄၅-ကျပ်စီ ထုတ်ပေးလေတော့၏။ ငါးကျပ်ကိုမူ ဖြတ်ယူထားပြီး ဖြစ်လေသည်။

ထို့နောက် ငွေငါးဆယ်စီ ရရှိကြောင်း ဖြတ်ပိုင်းများပေါ်၌ တံဆိပ်ခေါင်းကပ်ကာ လက်မှတ်ထိုး၍ ခိုင်းလေ၏။ ဂေါ်ရင်ဂျီကုလားများမှာလည်း စာမတတ်သောကြောင့် ကြက်ခြေခတ်ကြလေ၏။

မောင်ဘချစ်လည်း ဂေါ်ရင်ဂျီကုလားများကဲ့သို့ ကြက်ခြေခတ်၍ ပေးလိုက်လေ၏။ ထို့နောက် ဘဲလူးသည် ပြန်၍သွားလေတော့၏။

ဂေါ်ရင်ဂျီကုလားများလည်း ၎င်းတို့၏ ဇနီးမယားများအား ငွေများပေးကြ၏။ ဇနီးမယားများလည်း ဂေါ်ရင်ဂျီမဆလာနှင့် ကြက်သားဟင်းများ ဆိတ်သားဟင်းများ ချက်ကြကုန်၏။ ဂေါ်

ရင်ကိုများလည်း အရက်ဝယ်၍ သောက်ကြကုန်၏။ ဗုံတီး၍ ကကြကုန်၏။

မောင်ဘချစ်မှာမူ အရက်သောက်ခြင်း မပြုဘဲ ၎င်း၏ သံတို ကိုသာလျှင် တရှဲရှဲသွေး၍ နေလေတော့၏။ ထိုနေ့၌ မောင်ဘ ချစ်အား ဂေါ်ရင်ကိုများက လွန်စွာ မွှေးကြိုင်သော ကြက်သား ဟင်းနှင့် ဆိတ်သားဟင်းများကို လာ၍ ပေးကြလေ၏။

နောက်တစ်နေ့တွင် ဘဲလူးသည် လော်ရီကားကြီးတစ်စင်း နှင့် ရောက်ရှိလာပြီးလျှင် မှတ်စုစာအုပ်အတွင်းမှ နာမည်ကို ခေါ် ၍ ကားပေါ်သို့ တက်နိုင်းလေ၏။ မောင်ဘချစ်နှင့် ဂေါ်ရင်ကို ကုလားများလည်း ကားပေါ်သို့ တက်ကြရလေ၏။ ကားပေါ်သို့ လူစုံတက်စုံရောက်လျှင် ဘဲလူးက ကွမ်းခြံဘူတာကို ကားကို မောင်းနိုင်းပြီးနောက် အမိုးအကာ မရှိသော သစ်တင်သည့် တွဲ ကြီးပေါ်သို့ တက်နိုင်းပြန်လေ၏။ ၎င်းကိုယ်တိုင်ကမူ အခြားတွဲ၌ စီးနင်း၍ လိုက်ပါလာခဲ့လေတော့၏။

ဂေါ်ရင်ကိုကုလားများလည်း ရထားစီးရသည်ကို ပျော်သဖြင့် သီချင်းဆိုကြကုန်၏။

မောင်ဘချစ်ကမူ ---

"ရှမ်းတာယ်မယ့်၊ ကဏ္ဍူရုံခြောက် ဘေးလေးဆယ် ဘေးလေး ဆယ်"

ဟု လိုက်၍ အော်ဟစ်ခဲ့လေတော့၏။

ဤသို့နှင့်ပင် တစ်ခါက ငွေကိုင်စာရေးအဖြစ်ဖြင့် လွန်စွာ သန့်ပြန့်စွာ ဝတ်စားနေထိုင်ခဲ့သော မောင်ဘချစ်သည် စုတ်နွမ်း သော အဝတ်အစားများကို ဝတ်ဆင်လျက် ဂေါ်ရင်ကိုကုလီများ





နှင့် ရောနှောကာ ပျော်မွေ့နေရှာလေတော့၏။

❖ ❖ ❖

## ဘချစ်လက်သီး ဘဲလူးမျက်နှာ

ဘဲလူးသည် မောင်ဘချစ်တို့အား ရှမ်းပြည်နယ်တောင်ပိုင်း မြေနုရပ်ဘုတာအနီး ရထားလမ်းနှင့် ကပ်လျက်ရှိသော ကျောက် တောင်ကြီးကို ပြ၍ ခိုင်းလေ၏။ မီးရထားဘက်မှ မျက်နှာပြု တစ်ယောက်က လိုက်လံကြည့်ရှုလေ၏။ ဘဲလူးက မျက်နှာပြု ရှေ့တွင် ဂေါ်ရင်ဂျီများနှင့် မောင်ဘချစ်အား ဆဲဆိုကြိမ်းမောင်း၍ ခိုင်းလေ၏။

ဘဲလူးသည် မျက်နှာပြုများရှေ့၌ အမျိုးမျိုး ဟန်ရေးပြလေ တော့၏။ ဂေါ်ရင်ဂျီများနှင့် မောင်ဘချစ်တို့လည်း အလုပ်ကို ကြိုး စား၍ လုပ်ကြလေ၏။

ဤသို့နှင့်ပင် နှစ်ရက်ခန့် အလုပ်လုပ်၍ ပြီးသည့်တိုင်အောင် လုပ်ခကို ရှင်း၍ မပေးသဖြင့် မောင်ဘချစ်က ရမ်ကာနှားအား---

"ဟေ့ ရမ်ကာနှား၊ ဘဲလူးက ငါတို့ကို လုပ်ခ ရှင်းမပေးပါလား ကွ"





ဟု မေးလေ၏။ ကျန်သော ဂေါ်ရင်ဂျီကုလားများကလည်း မောင်ဘချစ်ကဲ့သို့ပင် မေးမြန်းကြလေ၏။

ဘဲလူးရောက်လာသည့်အခါ၌ ရမ်ကာနှားက လုပ်ခရှင်းပေး ရန် ပြောလေတော့၏။ ထိုအခါ၌ ဘဲလူးက---

"တစ်ပတ်ပြည့်မှ ရှင်းပေးမယ်"

ဟု ပြော၍ ခိုင်းမြဲခိုင်းလေတော့၏။ မောင်ဘချစ်နှင့် ဂေါ်ရင်ဂျီကုလားများလည်း ဆက်လက်၍ လုပ်ကိုင်ကြလေတော့၏။

တစ်ပတ်ပြည့်သောအခါ၌လည်း ဘဲလူးသည် လုပ်ခရှင်း မပေးဘဲ ဆက်လက်၍ ခိုင်းနေမြဲလေ၏။ အမှန်စင်စစ်အားဖြင့် ဘဲလူးသည် ထိုအရပ်သို့ ရောက်ပြီး တစ်ပတ်မျှ မကြာသေးမီ မှာပင် ဇယ်ရှုပ်ရှုပ်မိန်းကလေးတစ်ယောက်ကို မယားငယ်အဖြစ် ယူလေတော့၏။

တစ်နေ့သ၌ အလုပ်နားချိန်တွင် မောင်ဘချစ်သည် ၎င်း၏ သံတုံးကလေးကို တရွရွသွေး၍ နေလေ၏။ ထိုအချိန်၌ ဘဲလူး သည် ၎င်း၏ မယားငယ်နှင့်အတူ ရောက်ရှိလာပြီးလျှင်---

"ဘာဖြစ်လို့နားနေတာလဲ၊ လုပ်ကြလေ"

ဟု ကုလားစကားနှင့် ပြော၍ ခိုင်းလေ၏။ ရမ်ကာနှားက ယခုပင် လုပ်ပြီး၍ နားနေကြောင်း ရှင်းပြသော်လည်း မယား ငယ်ရှေ့တွင် ပါဝါပြလိုသော ဘဲလူးက---

"မလိုချင်ဘူး၊ အခုလုပ်ရမယ်"

ဟု ဆိုသဖြင့် ရမ်ကာနှားက အလုပ်လုပ်ရန် အချက်ပေးလိုက် လျှင် ဂေါ်ရင်ဂျီကုလားများလည်း မထချင်ထချင်နှင့် နေရာမှ ထကြလေ၏။

မောင်ဘချစ်လည်း ၎င်း၏ သံတုံးကလေးကို ရွှံကြိုးအိတ်ကလေးအတွင်းသို့ ထည့်၍ လည်ပင်းသို့ ပြန်၍ ဆွဲထားလိုက်လေ၏။

(သံတုံးကလေးမှာ မောင်ဘချစ်၏ နွဲလုံ့လကြောင့် လက်ညှိုးလုံးခန့်သာ ရှိနေပြီ ဖြစ်၏။)

ထိုအခါ၌ ဘဲလူး၏ မယားငယ်က ဘဲလူးအား မောင်ဘချစ်ကို ညွှန်ပြ၍---

“အဒီလူ ဘာကို သွေးနေတာလဲ မသိဘူး၊ ပြောင်ပြောင်လက်လက်ကလေးပဲ၊ တောင်းပေးစမ်းပါ”

ဟု မဆီမဆိုင် ပူဆာလေ၏။

ဘဲလူးလည်း မောင်ဘချစ်အနီးသို့ လာပြီးလျှင်---

“ဘာလဲ ပေးစမ်းပါ”

ဟု ပြောလေ၏။ (မြန်မာစကားနှင့်ပင် ပြောခြင်း ဖြစ်၏။)

“ဘာမှ မဟုတ်ပါဘူး၊ မလုပ်နဲ့”

ဟု မောင်ဘချစ်က ပြန်၍ ပြောသော်လည်း မယားငယ်က

“ကိုဘဲလူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ရအောင်တောင်းစမ်းပါ”

ဟု ပြောလေ၏။

မောင်ဘချစ်က ဘဲလူး၏ မယားငယ်အား---

“မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားတို့အဖို့ ဘာမှ အသုံးမဝင်ပါဘူး”

ဟု တောင်းပန်သော်လည်း ဘဲလူး၏ မယားငယ်က ဘဲလူးအား---

“ကိုဘဲလူး-- ရှင်က လမ်းဖိုလ်တစ်ယောက်လုပ်ပြီး ကုလီ





တွေကို မနိုင်ဘူးလား”

ဟု ပြန်ပြောလေ၏။ (ဘဲလူးက ၎င်း၏မယားငယ်အား လမ်းဖိုလ်ဟု လိမ်ညာထားခြင်း ဖြစ်၏။)

ဘဲလူးသည် မောင်ဘချစ်အနီးသို့ ကပ်လာပြီးလျှင်--

“ငါ့ဆီမှာ အလုပ်လုပ်မယ်ဆိုရင် ငါက ပေးဆိုရင် ပေးရမယ်”

ဟု ဆိုကာ မောင်ဘချစ်၏ လည်ပင်းတွင် ရွှံကြိုးဖြင့် ချိတ်ဆွဲထားသော သံတုံးကလေးထည့်ထားသည့် အိတ်ရှုံ့ကလေးဆီသို့ လက်ကိုလှမ်းလိုက်ရာ မောင်ဘချစ်လည်း ထိုလက်ကို ပုတ်လိုက်ပြီးလျှင် ဘဲလူး၏ မျက်နှာအား လက်သီးဖြင့် ထွတ်၍ ထိုးလိုက်လေတော့၏။ ဘဲလူးသည် နောက်သို့လဲကျသွားသည့်အခါ၌ မောင်ဘချစ်သည် ဘဲလူး၏ မျက်နှာအား ဖနောင့်ဖြင့် ပေါက်လေ၏။ ထို့နောက် အနီးရှိ ပေါက်တူးကို ဆွဲ၍ တစ်ခါတည်း ခုတ်သတ်ရန် မြှောက်လိုက်သည့်အခါ၌ ရမ်ကနားနှင့် ဂေါရင်ဂျီများက အတင်းဝင်၍ ဆွဲကြလေ၏။ ဘဲလူလည်း ကြောက်လန့်တကြား ထ၍ ပြေးလေတော့၏။ မောင်ဘချစ်လည်း ပေါက်တူးကို လွှတ်ချပြီးနောက် ရမ်ကနားအား---

“လွှတ်စမ်းပါ ဆောကလေး”

ဟု ပြောဆိုကာ ရမ်ကနား၏ လက်မှ ရုန်းထွက်ပြီးလျှင် ကြောင်တက်တက်ဖြင့် ပြေးရမလို ရပ်နေရမလို ဖြစ်နေသော ဘဲလူး၏ မယားငယ်အား---

ပါးကို ဖြန်းခနဲ ရိုက်လိုက်ပြီးနောက်---

“သေသေချာချာမှတ်ထား၊ ကုလီခေါင်း မယားငယ်ဖြစ်ရတာကို ဘုရင်ခံကတော် ဖြစ်ရတာလောက် စိတ်ကြီးဝင်တဲ့ မိန်းမ

ယှတ်၊ နင့်လင် ဘဲလူးကိုလဲ ပြောလိုက်၊ ငါတို့လုပ်ခတွေ လာရှင်းပါလို့ မရှင်းရင်သေမယ်"

ဟု ပြောလိုက်ရာ ဘဲလူး၏ မယားငယ်လည်း မျက်နှာကို လက်ဝှေ့ဖြင့် အုပ်၍ ပြေးလေတော့၏။

များမကြာမီ၌ပင် မီးရထားဘက်မှ မျက်နှာဖြူအရာရှိနှင့်အတူ ဘဲလူးသည် ရောက်ရှိလာလေတော့၏။ ဘဲလူးသည် မောင်ဘချစ်အား ညွှန်ပြ၍ အရာရှိအား အင်္ဂလိပ်စကားဖြင့် အမျိုးမျိုး အဖုံဖုံ လုပ်ကြံတိုင်တန်းလေ၏။ မောင်ဘချစ်လည်း အင်္ဂလိပ်စကားကို ကောင်းစွာ တတ်ကျွမ်းသည်ဖြစ်ရာ ဘဲလူး၏ မဟုတ်မဟပ် လုပ်ဇာတ်များနှင့် တိုင်တန်းနေသည်ကို ကြားရလျှင် ပေါက်လက်စ ပေါက်တူးကိုချ၍ မျက်နှာဖြူအရာရှိနှင့် ဘဲလူးတို့ရှိရာသို့ လျှောက်သွားပြီးနောက် မျက်နှာဖြူအရာရှိအား အောက်ပါအဓိပ္ပာယ်ရသော စကားတို့ကိုလွန်စွာ ပီသသော အင်္ဂလိပ်စကားဖြင့် ပြောပြလိုက်လေ၏။

"ဘဲလူးပြောတာတွေကို ခင်ဗျားမယုံပါနဲ့ ဘဲလူးဟာ အလုပ်နဲ့ ဘာမှ မဆိုင်ဘဲ ကျုပ်ကို ဒေါ်ကားလို့ ဆုံးမလိုက်တာပါ၊ ဟောဒီမှာကြည့်ပါ၊ ကျုပ်လည်ပင်းမှာ ဆွဲထားတဲ့ သံတုံးကလေးဟာ သူနဲ့ ဘာမှ မဆိုင်ဘူး၊ သူ့မယားငယ်နဲ့လဲ မဆိုင်ဘူး၊ ဒါကို ဆွဲလုလို့ သူ့မျက်နှာကို လက်သီးနဲ့ ထိုးလိုက်တာပါ၊ ပြီးတော့ ကျုပ်တို့ လုပ်ခတွေလဲ ခုထိ ရှင်းမပေးသေးဘူး"

မျက်နှာဖြူလည်း အလုပ်ကြမ်းလုပ်နေသော်လည်း မိမိတို့ဘာသာစကားကို ကောင်းစွာ တတ်ကျွမ်းသည့် မောင်ဘချစ်အား အထူးအဆန်းသဖွယ် ကြည့်၍နေလေ၏။ ငေါ်ရင်ဂျီကုလားများလည်း မောင်ဘချစ်က အင်္ဂလိပ်စကားပြောတတ်သည်ကို ကြည့်၍ ပါးစပ်အဟောင်းသားဖြစ်ကာ အံ့သြ၍ နေကြလေ၏။

ထို့နောက် မျက်နှာဖြူက မောင်ဘချစ်အား---

"ခင်ဗျားတို့ကို ဘဲလူးက ကြိုတင်ငွေ ဘယ်လောက်ပေးထားသလဲ "

ဟု မေးလေ၏။

"ကျုပ်တို့ကို ၄၅-ကျပ်စီ ပေးထားပါတယ်"

ဟု မောင်ဘချစ်က ပြန်၍ဖြေလျှင် မျက်နှာဖြူသည် ဘဲလူးဘက်သို့ လှည့်ကာ---

"အလကားလူလိမ်"

ဟု ပြောပြီးလျှင် မောင်ဘချစ်အား---

"သူက လိမ်တာပဲ၊ ကျုပ်တို့က တစ်ယောက်ကို တစ်ရာစီ ပေးခိုင်းတာပဲ၊ နေ့စဉ်လုပ်ခကော ဘယ်လောက်ပေးမယ် ပြောသလဲ"

ဟု မျက်နှာဖြူအရာရှိက မေးပြန်လေ၏။

"တစ်ယောက်ကို သုံးကျပ်စီပေးမယ် ပြောတာပဲ၊ ဒါပေမယ့် အခုထိ မပေးသေးပါဘူး"

ဟု မောင်ဘချစ်က ပြောလိုက်ရာ မျက်နှာဖြူအရာရှိက--

"မဟုတ်ဘူး၊ ဒီမှာရောဂါ သိပ်ပြီး ဖြစ်နိုင်တဲ့အတွက် လုပ်ခကို ခုနစ်ကျပ်အထိ ပေးထားတယ်၊ ခုထိမရသေးဘူးလား"

ဟု မေးလေ၏။

"မရသေးဘူး၊ ဒီကနေ့မှ မရရင်တော့ ကျုပ်တို့အားလုံး အလုပ် မလုပ်တော့ဘူး"

ဟု မောင်ဘချစ်က ပြောလိုက်ရာ မျက်နှာဖြူအရာရှိလည်း ထိတ်ထိတ်ပျာပျာဖြင့်---

"မလုပ်ပါနဲ့ ရပါစေမယ်၊ ခင်ဗျားတို့ရဲ့ မယ်စလီကိုလဲ လိမ်လည်မှုနဲ့ အချုပ်ထဲ ထည့်ရမှာပဲ"

ဟု ပြောလေ၏။ ထိုအခါ မောင်ဘချစ်က---

"သူဟာ ကျုပ်တို့ရဲ့ မယ်စလီ မဟုတ်ဘူး၊ သူက ပွဲစားပဲ"

ဟု ပြောလိုက်ရာ မျက်နှာဖြူအရာရှိလည်း ဘဲလူးဘက်သို့ လှည့်ကာ---

"မင်းယူထားတဲ့ငွေတွေ အခုလာပြီး ပို့ပါ၊ မပို့ရင် ဖမ်းရလိမ့်မယ်"

ဟု ပြော၍ မောင်းထုတ်လိုက်လေ၏။ ထို့နောက် မျက်နှာဖြူအရာရှိလည်း ပြန်၍သွားလေ၏။ ထိုအခါ ရမ်ကာနားက---

"ဘယ်လိုလဲဗျ ကိုဘချစ်ရဲ့"

ဟု မေးသဖြင့် မောင်ဘချစ်က ရှင်းပြလိုက်လေ၏။ ရမ်ကာနားကလည်း မောင်ဘချစ် ရှင်း၍ပြသည်ကို သူ၏ ဂေါ်ရင်ဂျီများအား တစ်ဆင့်ပြန်၍ ဖောက်သည်ချလိုက်ရာ ဂေါ်ရင်ဂျီများသည် ဆူဆူညံညံ ဖြစ်ကြလေတော့၏။

များမကြာမီ၌ပင် မျက်နှာဖြူအရာရှိလည်း ကရာချီခေါ် စာရေးတစ်ယောက်နှင့်အတူ ရောက်လာပြီးလျှင် ရှင်းပေးရန် ကျန်သော နေ့စဉ်လုပ်ခများကို ရှင်းပေးရုံမျှမက ဘဲလူးဖြတ်စားထားသော ကြိုတင်ငွေ ငါးဆယ်ကျပ်ကိုပါ ရှင်းပေးလိုက်သဖြင့် ဂေါ်ရင်ဂျီအလုပ်သမားများမှာ အထူးပင် ပျော်ရွှင်ကြလေတော့၏။ ထို့ကြောင့် မျက်နှာဖြူအရာရှိ ပြန်၍သွားသောအခါ၌ ဂေါ်





ရင်ဂျီကုလားများသည် မောင်ဘချစ်အား ထမ်းပိုး၍ ကခုန်ကြလေတော့၏။

ထို့နောက် ရမ်ကာနားက---

"ကိုဘချစ်ရယ် ခင်ဗျားပဲ မယ်စလီလုပ်ပါတော့"

ဟု မယ်စလီတင်မြှောက်လိုက်ကြလေတော့၏။

ထို့ကြောင့် မောင်ဘချစ်သည် ဂေါ်ရင်ဂျီကုလီတို့၏ ခေါင်းဆောင် မယ်စလီဘချစ် ဖြစ်၍သွားလေတော့၏။ ဘဲလူးမှာ သုံးစွဲထားသော ငွေများ အပြေအလည် ပြန်၍မသွင်းနိုင်သဖြင့် မျက်နှာဖြူအရာရှိက အချုပ်ခန်းသို့ သွင်းလိုက်လေတော့၏။

❖ ❖ ❖

မောင်ဘချစ်သည် ဤသို့လျှင် ဂေါ်ရင်ဂျီကုလားများနှင့် အတူ ရှမ်းပြည်နယ်တောင်ပိုင်း ရထားလမ်းအနီးရှိ ကျောက်တောင်များကို နှစ်နှစ်တိုင်အောင် ဖြိုခွဲခဲ့လေ၏။ ထိုသို့ ကျောက်တောင်များကို မဖြိုခဲ့ပါက ကျောက်တောင်များသည် ရထားလမ်းပေါ်သို့ ပြိုကျခဲ့လျှင် လမ်းများ ပိတ်ဆို့သကဲ့သို့ ရထားလမ်းလည်း ပျက်စီးသွားနိုင်သည့်အပြင် ရထားခုတ်မောင်းနေစဉ် ပြိုကျပါကလည်း ရထားစီးခရီးသည်များကိုပါ အန္တရာယ်ပေးနိုင်ပေသည်။

မောင်ဘချစ်သည် ဂေါ်ရင်ဂျီကုလားများအား အလှည့်ကျ အိမ်သို့ ပြန်ခွင့်ပေး၏။ ခွင့်ပြန်သော သူအတွက် နေ့တွက် ဖြတ်တောက်ခြင်း မရှိဘဲ နေ့တွက်ကို ကျန်သောသူများက မျှ၍ ခံကြ

ရလေ၏။ လွှတ်ပိုင်း အလုပ်ညှိကူ ပြန်ခွင့်ရသဖြင့် မောင်ဘချစ်ကို ကျေနပ်ကြကုန်၏။ မောင်ဘချစ်မှာ ပြန်စရာအိမ်လည်း မရှိသည့်အတွက် အလုပ်၌ အနားယူခြင်း မပြုဘဲ ဆက်တိုက်လုပ်ကိုင်ခဲ့လေ၏။

၎င်း၏ သံတုံးကလေးမှာလည်း အစဉ်မပြတ် သွေးခဲ့ရာ တစ်ထောက်တစ်ခ သေး၍ သွားလေတော့၏။

❖ ❖ ❖

တစ်နေ့သ၌ မောင်ဘချစ်သည် မြေထောက်ပေါ်သို့ ကျောက်ခဲမိသော ဂေါ်ရင်ဂျီတစ်ယောက်အား ဆေးရုံသို့ ပို့ရန်အတွက် ရထားနှင့် လိုက်ပါခဲ့ရာ ကလောဘူတာသို့ ရောက်လေတော့၏။

ကလောဘူတာ၌ မောင်ဘချစ်သည် မြေထောက်နာသော ဂေါ်ရင်ဂျီအား တွဲ၍ မျက်နှာဖြူအရာရှိ ရုံးခန်းသို့ ခေါ်သွားလေ၏။ ထိုစဉ် ဘဲလူး၏ မယားငယ်က တွေ့မြင်သွားသည်ဖြစ်ရာ ထိုအရပ်ဒေသ၌ နိုးဆိုးလုယက်နေသော ဩရွှေနှင့် အိုက်စံဆိုသူတို့အား သွားရောက်ရာမြှေ၍ မောင်ဘချစ်၏ လည်ပင်း၌ ဆွဲထားသော ရွှံ့အိတ်ကလေးအတွင်း၌ လွှန်စွာ အဖိုးတန်သော ပစ္စည်းပါရှိကြောင်း လက်ထောက်ချလေတော့၏။

မောင်ဘချစ်လည်း မျက်နှာဖြူအရာရှိအား ပြော၍ မြေထောက်ခိုက်မိသွားသော ဂေါ်ရင်ဂျီကို ဆေးရုံသို့ တင်ပြီးလျှင် ပြန်ခဲ့လေတော့၏။ အပြန်၌ မီးရထားအလာကို အနည်းငယ်





သာ စောင့်ရလေ၏။ မီးရထားတစ်စင်းလာသဖြင့် မိမိ၏ အလုပ်စခန်းသို့ လိုက်ခဲ့လေ၏။ မောင်ဘချစ် လိုက်ပါသော တွဲမှာ လွန်စွာ လူရှင်းလှပေ၏။

ဤသို့နှင့်ပင် ရထားသည် တကျုံးကျုံးနှင့် ခုတ်မောင်းလာခဲ့ရာ တောင်ကျောကလေးတစ်ခုသို့ ရောက်သောအခါ၌ လူဆိုး နှစ်ယောက်သည် ရထား၏ အမိုးပေါ်မှ တွယ်၍ ဆင်းလာကြပြီးလျှင် မောင်ဘချစ်အား ဓားမြှောင်နှင့် ချိန်ရွယ်၍ လည်ပင်းတွင် ဆွဲထားသော အိတ်ရှုံ့ကို တောင်းလေတော့၏။ မောင်ဘချစ်လည်း မပေးနိုင်ကြောင်း ငြင်းဆန်၍ ထိုလူဆိုးနှစ်ဦးအား ခုခံ သတ်ပုတ်သော်လည်း လူဆိုးများသည် မောင်ဘချစ်အား အတင်းဝင်၍ လုံးပြီးလျှင် လည်ပင်းမှ အိတ်ရှုံ့ကို ဖြုတ်၍ ရထားပေါ်မှ ခုန်ဆင်းကာ ထွက်ပြေးလွတ်မြောက် သွားကြလေတော့၏။

မောင်ဘချစ်လည်း စိတ်မချမ်းသာစွာနှင့် အလုပ်စခန်းသို့ ပြန်ခဲ့လေ၏။ အလုပ်စခန်းသို့ရောက်လျှင် သွေးများပေကျံ၍ ထိမိရှမိသော ဒဏ်ရာများနှင့် ပြန်လာသော မောင်ဘချစ်အား ဂေါ်ရင်ဂျီကုလားများက အကျိုးအကြောင်း ဝိုင်းဝန်းမေးမြန်းကြကုန်၏။ မောင်ဘချစ်က လူဆိုးနှစ်ဦးသည် မိမိထံမှ သံတုံးကလေးကို လုယူသွားကြောင်း ရမ်ကာနားကို ပြောပြလျှင် ရမ်ကာနားက ၎င်း၏ ဂေါ်ရင်ဂျီကုလားများအား ပြန်၍ ရှင်းပြလိုက်လေ၏။ ထိုအခါ၌ ဂန်ဂယားဆိုသော ဂေါ်ရင်ဂျီကုလားကလေးက ဂေါ်ရင်ဂျီစကားနှင့်ပင် ရမ်ကာနားအား---

"ဘဲလူးမယားငယ်ရဲ့ လက်ချက်ပါ၊ ကျုပ်ပြန်ပြီး ရအောင်

ယူ ပေးပါ့မယ်၊ မယ်စလီဘာချစ်ကို စိတ်မညစ်ဖို့ပြောပြပါ"

ဟု ဆိုကာ ရဲရွှာ အာမခံလျက် ၎င်းတို့၏ ခေါင်းဆောင် မယ်စလီဘာချစ်၏ သံတုံးကလေးကို ပြန်လည် ရယူပေးရန် အတွက် အလုပ်စခန်းမှ ထွက်ခွာသွားလေတော့သတည်း။

(၎င်း ဂန်ဂယားဆိုသူမှာ တစ်ခါက ဆေးဆရာကြီးအိမ်တွင် စိုက်ထားသော ဆင်ဖက်ယားပင်ကို ဝင်ရောက်ခိုးယူခဲ့သူ ဖြစ်၏။)

ဂန်ဂယားသည် ဘဲလူး၏ မယားငယ်အိမ်ကို စုံစမ်းကာ မယားငယ်အိမ်၏ မလှမ်းမကမ်းနေရာလောက်မှနေ၍ အရိပ် အခြည်ကို စောင့်၍ ကြည့်နေခဲ့ရာ ညပိုင်းသို့ရောက်လျှင် သြရှေနှင့် အိုက်စ်တို့သည် ထိုအိမ်သို့ ရောက်ရှိလာကြပြီးနောက် မောင်ဘာချစ်၏ အိတ်ရှုံ့ကလေးအကြောင်းကို ပြောဆိုကြလေ၏။

သြရှေသည် အိတ်ရှုံ့ကလေးအတွင်းမှ သံတုံးကလေးကို ထုတ်၍---

"ဘာမှလဲ အဖိုးတန်တဲ့ပစ္စည်းမဟုတ်ပါလား၊ သံတုံးကလေး ပါ"

ဟု ပြောဆို၍ ဘဲလူး၏ မယားငယ်အား ပေးလေ၏။

ထိုအခါ၌ အိုက်စ်က---

"အသက်နဲ့လဲပြီး ခုခံပုံကို ထောက်ရင် အဖိုးတန်တဲ့ပစ္စည်း ဖြစ်ရမယ် သြရှေ၊ ဘာပဲဖြစ်ဖြစ်လေ နောက်တော့မှ နားလည် တဲ့လူကို ပြကြည့်တာပေါ့၊ အခုတော့ နင်ပဲ သိမ်းထားလိုက်ပါ"

ဟု ဆိုကာ အိတ်ရှုံ့ကလေးကို ပေးထားခဲ့ကြလေ၏။

ဘဲလူး၏ မယားငယ်လည်း အိတ်ရှုံ့ကလေးကိုယူ၍ ခေါင်း





အုံး အောက်၌ သိမ်းဆည်းထားလိုက်လေ၏။

ဂန်ဂယားမှာမူ ၎င်းတို့ပြောဆို လုပ်ကိုင်နေသည်ကို ချောင်း မြောင်းကြည့်ရှုပြီးနောက် မှောင်စပျိုးသည့်အခါ၌ပင် အိမ်တွင်း သို့ ဝင်၍ ခေါင်းအုံးအောက်မှ သံတုံးထည့်ထားသော အိတ်ရှုံ့ကို ပြန်လည်ခိုးယူခဲ့လေတော့၏။

ဂန်ဂယားပြန်၍ ရောက်သည့်အခါ၌ သံတုံးကလေးပါ၍ လာသဖြင့် မောင်ဘာချစ်သည် ဂန်ဂယားအား အထူးပင် ကျေးဇူး တင်လေတော့၏။

ထို့နောက် မောင်ဘာချစ်သည် နောက်တစ်ရက်တွင် ကလော ဘူတာသို့ သွားရောက်၍ ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်ကာ ထမင်း တစ်ပွဲမှာယူ စားသောက်လေ၏။ ထိုအခါ၌ ထမင်းဆိုင်အတွင်း တွင် ယမန်နေ့က မီးရထားပေါ်တွင် လူတစ်ယောက်အား လူဆိုးနှစ်ဦးက ဓားမြှောင်ထောက်၍ လုယူ၊ အလုခံရသူက ပြန် လှန်၍ ခုခံပုံတို့ကို မိမိကိုယ်တိုင် မျက်မြင်တွေ့သည့်အလား တစ်ဦးနှင့်တစ်ဦး ပြောဆိုနေလေတော့၏။

ထိုအခါ၌ မောင်ဘာချစ်က ယမန်နေ့က ရထားပေါ်တွင် အလု ခံရသူမှာ မိမိပင်ဖြစ်ကြောင်း၊ လူဆိုးများလက်သို့ ပါသော ပစ္စည်းမှာ လွန်စွာ အဖိုးတန်ကြောင်း၊ သာမန်အားဖြင့်ကြည့် လျှင် သံတုံးကလေးတစ်တုံးနှင့် တူသော်လည်း အမှန်စင်စစ်အား ဖြင့် လွန်စွာ အဖိုးတန်သော ရွှေဖြူတုံးဖြစ်ကြောင်း၊ ရန်ကုန်ဘာ ဘူတာန်း၌ ရောင်းချလျှင် မည်သည့် ဘာဘူဆိုင်၌ဖြစ်စေ ရောင်း ချ၍ရကြောင်း၊ ကာလတန်ဖိုးအားဖြင့် ငါးထောင်ခန့် တန် ကြောင်း ပြောဆို၍ ပြန်ခဲ့လေတော့၏။ မောင်ဘာချစ်ပြန်ခဲ့သော

သတင်းသည် ထိုထမင်းဆိုင်မှတစ်ဆင့် ပြန့်၍ သွားရာ ညဲရွှေနှင့် အိုက်စံဆီသို့ ထိုသတင်းသည် ရောက်သွားလေတော့၏။ ထိုအခါ၌ ညဲရွှေနှင့် အိုက်စံသည် ဘဲလူး၏ မယားငယ်ထံသို့ လိုက်သွားကာ အိတ်ရှိ ကလေးကို တောင်းလေတော့၏။

ဘဲလူး၏ မယားငယ်ကလည်း ပျောက်သွားပြီဖြစ်ကြောင်း ပြောဆိုကြရာ ညဲရွှေတို့က မယုံကြည်သဖြင့် ဘဲလူး၏ မယားငယ်အား သတ်ပစ်လိုက်လေတော့၏။

ထိုအချိန်မှစ၍ ညဲရွှေနှင့် အိုက်စံတို့သည် ဓားပြပြေးဖြစ်သွားကြလေတော့၏။

❖ ❖ ❖



## မောင်ဘချစ်နှင့် တကယ်လူမဟုတ်တဲ့လူများ

မောင်ဘချစ်မှာမူ ၎င်း၏ သံတုံးကလေးကို ဆက်လက်၍ သွေးနေခဲ့လေ၏။ ရှမ်းပြည်နယ်ရထားလမ်းတစ်လျှောက်၌ တောင် ပြိုသော လုပ်ငန်းများ ပြီးဆုံးသည့်အချိန်၌ မောင်ဘချစ်၏ သံတုံး ကလေးသည် ပြောင်လက်သော အပ်ကလေးတစ်ချောင်းဖြစ်၍ သွားလေတော့၏။ ထိုအခါ၌ မောင်ဘချစ်သည် အပ်၏ ဖင်ပိုင်း အား မီးကင်၍ လွန်ရှူးသေးသော သံမဏိစူးကလေးဖြင့် အပ် နဖားပေါက် ဖောက်လိုက်လေတော့၏။

သံတုံးကြီးမှ အပ်ကလေး ဖြစ်သွားသည်အထိ အချိန်မှာ သုံး နှစ်တိတိ ကြာညောင်းခဲ့လေတော့၏။

မောင်ဘချစ်နှင့် ဂေါ်ရင်ကိုကုလားများလည်း လုပ်ငန်းသိမ်း၍ ပြန်ခဲ့လေတော့၏။ ရန်ကုန်သို့ ရောက်သည့်အခါ၌ မောင်ဘချစ် သည် ဦးဝွမ်တီရှိရာသို့ လာခဲ့လေ၏။

ဦးဝွမ်တီ၏ ဇဲကလေးကို တွေ့ရလျှင် ဝမ်းနည်းသလိုလိုပင်

ဖြစ်၍ သွားလေ၏။ မောင်ဘချစ်သည် တဲကလေးဆီသို့ လျှောက်သွားခဲ့ရာ တဲအိမ်ကလေး၏ တံခါးများကို လုံခြုံစွာ ပိတ်ထားကြောင်း တွေ့ရလေတော့၏။

မောင်ဘချစ်သည် တဲအိမ်ကလေး၏ တံခါးကို ကြည့်ပြီးလျှင် "ဦးဝွမ်တီတစ်ယောက် ဘယ်ကို သွားပါလိမ့်" ဟု တွေးတောရင်း မိမိအနေနှင့် ပင်ပန်းစွာ မြေညှိခဲ့ တစ်ဖန် ညှိပြီးသားမြေကို ပြန်၍ တူးဆွခဲ့ရသော မြေကွက်လပ်ကြီးကို ကြည့်ကာ ငိုင်၍ နေလေတော့၏။

ထို့နောက် မောင်ဘချစ်သည် တဲ၏ တံခါးကို သေသေချာချာ ကြည့်လိုက်ရာ တံခါး၌ ချိတ်ဆွဲထားသော ဝါးကျည်တောက်ကလေးကို တွေ့ရသဖြင့် ဖြုတ်ယူ၍ သုန်ချုံကြည့်လိုက်လေ၏။ အတွင်းမှ မှတ်လုံးတုတ်ကလေး တစ်ချောင်း ပတ်၍ထားသော ဝိုးစလိပ်ကလေးတစ်လိပ် ထွက်ကျလာလေတော့၏။

❖ ❖ ❖

မောင်ဘချစ်သည် ဝါးကျည်တောက်အတွင်းမှ ထွက်၍ ကျလာသော ဝိုးစလိပ်ကလေးဖြန့်၍ ဖတ်ကြည့်လိုက်ရာ အောက်ပါစာကို တွေ့ရလေတော့၏။

**ဟေ့ မောင်ဘချစ်**

သင်္ချိုင်းကြီးကနေ အပ်ကလေးဖြစ်အောင် ဖန်ဆင်းပြီး ပြန်လာပြီလား၊ မင်းရဲ့ စွမ်းရည်ကတော့





အံ့သြစရာပဲ ကိုယ့်လူရာ၊ တကယ့်ကို တော်ပါပေတယ်၊ ဒီတော့ ငါကလဲ ကတိအတိုင်း အလွန်အဖိုးတန်တဲ့ ငါ့ရဲ့နည်းကို ပေးရတော့မှာပေါ့၊ အရင်ကလဲ ငါပြောခဲ့သားပဲ၊ ဒီနည်းဟာ သူဌေးဖြစ်နည်း သက်သက် မဟုတ်ဘူးကွ၊ ဖြစ်ချင်တာ ဖြစ်စေနိုင်တဲ့ အာလာဒင်မှန်အိမ်လို နည်းမျိုးကွ၊ မယုံမရှိလေနဲ့ ကိုယ့်လူ၊ အဲဒီအတိုင်းလုပ်ရင် တကယ့်ကို ဖြစ်စေနိုင်တာပါကွ၊ အဲဒီနည်းရဲ့ သော့ချက်ကတော့ **တကယ့်လူ မဟုတ်တဲ့ လူတွေနဲ့ မိတ်ဆွေဖွဲ့ပါ၊** သူတို့က မင်းဖြစ်ချင်တာကို ဖြစ်အောင် လုပ်ပေးလိမ့်မယ်။

ဒါပဲ

ဝွမ်တီ

မောင်ဘချစ်သည် ထိုစာကို ဖတ်ပြီးနောက် အမျိုးမျိုး ဒ... ဖုံ စဉ်းစားနေလေတော့၏။ တကယ့်လူ မဟုတ်တဲ့ လူတွေနဲ့ မိ... ဆွေဖွဲ့ရမယ် ဆိုပါလား၊ ဘယ်လိုလူတွေနဲ့ မိတ်ဆွေဖွဲ့ရမှာပါလိမ့် ဦးဝွမ်တီ လုပ်လိုက်ရင်တော့ အဆန်းချည်းပဲဟု တစ်ကိုယ်တည်း ရေရွတ်နေမိလေ၏။

ထို့နောက် အမျိုးမျိုးအဖုံဖုံ ကြံစည် စိတ်ကူးမိပြန်၏။ အဖြေကိုကား မရပေ။ မောင်ဘချစ်၏ စိတ်၌ တကယ့်လူ မဟုတ်သော လူဆိုသည်ကို အမျိုးမျိုး အဖုံဖုံ ဝိတ်ပြိုပ်ဖွင့်၍ နေလေ၏။

တကယ့်လူ မဟုတ်တဲ့လူဆိုတာ တာဝန်ပုံကို ပြောတာ

မှာပဲ၊ မဟုတ်သေးပါဘူးလေ၊ ဓာတ်ပုံကလဲ ဘယ်လိုလုပ်ပြီး ငါ့ကို စကားပြောမှာတုံး။

ဒီလိုဆိုရင် တကယ့်လူ မဟုတ်တဲ့လူဆိုတာဟာ ဘိုင်စကုပ်ထဲကလူကို ပြောတာလား၊ ဘိုင်စကုပ်ထဲက လူကတော့ ငါ့ကို သူဌေးဖြစ်အောင် လုပ်မပေးနိုင်ပါဘူး၊ ငါ့မိတ်ဆွေ တစ်ယောက်တောင် ဘိုင်စကုပ်သမားတချို့နဲ့ ပေါင်းလိုက်တာ ရှိတာလေးတောင် ပြောင်သွားတာပဲ။

တကယ့်လူ မဟုတ်တဲ့လူဆိုတာဟာ မှန်ထဲက အရိပ်ကို ပြောတာနဲ့တူတယ်၊ မှန်ထဲက အရိပ်ကလဲ ငါ့ဖြစ်ချင်တာ ဖြစ်အောင် လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး၊ ငါလုပ်ပြတာကိုပဲ သူက ပြန်လုပ်ပြမှာပဲ။

တကယ့်လူ မဟုတ်တဲ့လူဆိုတာ ဝတ္ထုထဲက ဇာတ်လိုက်ကို ပြောတာနဲ့တူတယ်၊ သူ့ကို ငါက ဘယ်လို မိတ်ဆွေဖွဲ့ရမှာတုံး၊ ဒါလဲ ဟုတ်မယ် မထင်ပါဘူး။

မောင်ဘချစ်သည် ဤသို့ စဉ်းစားပြီးနောက် အဖြေမရသည့် အဆုံးတွင်---

"အစနေ ဦးဠွမ်တီနဲ့ တွေ့ရရင် သိပ်ကောင်းမှာပဲ"

ဟု ဆိုကာ တဲအိမ်ကလေးဆီမှ စိတ်အိုက်စွာဖြင့် ထွက်လာခဲ့လေတော့၏။ မောင်ဘချစ်သည် ခြေလှမ်းဆယ်လှမ်းမျှ လျှောက်မိသည့်အခါ၌ ၎င်း၏ ခြေလှမ်းများသည် တုံ့ခနဲ ရပ်၍သွားလေတော့၏။ ၎င်း၏ မျက်နှာများသည် ဝင်းလက်၍ သွားလေတော့၏။ ၎င်း၏ မျက်လုံးများသည် ခလုတ်နှိပ်လိုက်သော ဓာတ်သီးကဲ့သို့ ဒေါက်ခနဲ လင်းလက်လာလေတော့၏။ ၎င်း





၏ တစ်ကိုယ်လုံးသည် ဝမ်းသာလွန်းသောကြောင့် တဆတ်ဆတ်တုန်ခါ လာလေတော့၏။ အဘယ်ကြောင့်ဆိုသော်---

တဲအိမ်အတွင်းမှ ဦးဠွမ်တီ၏ တယောသံမှုင်မှုင်ကလေးကို ကြားရသောကြောင့် ဖြစ်၏။ မောင်ဘချစ်သည် နောက်သို့လှည့်၏။ လျှင်မြန်စွာပြေး၏။ တံခါးကို ကိုယ်လုံးဖြင့် ပစ်၍ဖွင့်ကာ အတွင်းသို့ ဝင်၏။ တံခါး ဂုန်းခနဲ ကျိုး၏။ မောင်ဘချစ်သည် ဝုန်းခနဲ ကျ၏။ တဲအိမ်အတွင်းသို့ ရောက်သွား၏။ နာကျင်ခြင်း မရှိ။ ကောက်ရိုးပုံပေါ်၌ ထိုင်မိလျက်သား ဖြစ်၏။

"ဟား ဟား ဟား ဟား၊ အထဲမှာ ငါရှိတယ်ဆိုတာကို အခုလို အချိန်မျိုးမှာ မင်းဟာသိရရင် တံခါးဖွင့်တဲ့ အချိန်ကို မစောင့်နိုင်ဘဲ ဒီလိုပဲ တံခါးကို ကိုယ်လုံးနဲ့ တိုက်ချိုးပြီး ဝင်ခဲ့မယ်ဆိုတာ ငါက တွေးမိပါတယ်ကွ၊ ဒါကြောင့် မင်းကို အကျူမနာရလေအောင် ပေါ့ဒီမှာတွေလား ကောက်ရိုးတွေ ငါပုံထားတာကွ ဘယ်မလဲ အပ်ပေးစမ်း"

ဟု ဦးဠွမ်တီက ပြော၍ တယောကလေးကို ချလိုက်ပြီးလျှင် လက်ဝါးကို ဖြန့်လိုက်လေ၏။

"ပေါ့ဒီမှာ"

ဟုဆိုကာ မောင်ဘချစ်က အပ်နှစ်ချောင်းကို ဦးဠွမ်တီ၏ လက်ပေါ်သို့ တင်၍ ပေးလိုက်လေ၏။ ဦးဠွမ်တီသည် ထိုအပ်နှစ်ချောင်းအား ၎င်း၏ ထူပိန်းလှသော အင်္ကျီ၌ ထိုးထားလိုက်ပြီးလျှင်---

"တော်တော် ခွဲကောင်းတဲ့ကောင်ပဲ၊ ဒီလောကမှာ မင်း ဖြစ်ချင်တာ ဖြစ်လို့ရပါပြီ မောင်ဘချစ်"

ဟု ပြောလိုက်လေ၏။

"ကျုပ်ကို နည်းပေးမယ်ဆို ပေါက်တော်ကြီး"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဂွမ်တီက---

"ပီငှကတ်သုံးပုံကိုသင်ပြီးမှတော့ ကကြီး၊ ခခွေး ဘယ်လို ဆိုရသလဲလို့ မေးနေရာလိုမှာသေးလား ငါ့လူရာ၊ အခုလို ဖွံ့ဖြိုးတဲ့ လူတစ်ယောက်အဖို့ မဖြစ်နိုင်တာ ဘာများ ရှိသေးလို့တုံး။ ဖွံ့ တုတဲ့အရာဟာ ဒီလောကမှာ မရှိဘူးကွ၊ တကယ်ပြောရရင် ဖွံ့ဖြိုး ခြင်းဟာ ဉာဏ်ရှိခြင်းထက်လဲ ကောင်းတယ်ကွ၊ စီးပွားရှိခြင်း ထက်တောင် ကောင်းသေးတယ်ကွ၊ စီးပွားလွန်ရင် ကျွန်ဖြစ် တယ်လို့တောင် ဆိုထားတယ်ကွ၊ ဖွံ့လွန်လို့ ဘာမှမဖြစ်ဘူးကွ ပြီးတော့ အမျိုးမြတ်ခြင်း၊ အပေါင်းအသင်းကောင်းခြင်း၊ ဖြတ် ထိုးဉာဏ်ရှိခြင်း ဆိုကွာ ရှိသမျှ အရည်အချင်းတွေထဲမှာ အမြင့် အတန်ဆုံး အရည်အချင်းကို ပြပါဆိုရင် ဖွံ့ဖြိုးခြင်းကို ညွှန်ပြရမှာပဲ ကွ၊ ဖွံ့ဆိုတဲ့ အရာဟာ ရည်မှန်းချက်ကို ဦးတည်ပြီးသား ဖြစ်နေ တယ်ကွ၊ ဒီတော့ကာ မင်းဖြစ်ချင်တာကို ဖြစ်ဖို့ ခါမှမဟုတ် သူဋ္ဌေးဖြစ်ဖို့ ရာခိုင်နှုန်း ၅၀ ကျော် သေချာနေပြီပဲကွာ"

ဟု ဆိုကာ ဦးဂွမ်တီသည် အခါးရည်ကို ငုံ၍ သောက်ရန် စကားကို ခေတ္တရပ်လိုက်လေ၏။ ထို့နောက် အောက်ပါအတိုင်း ဆက်၍ ပြောပြန်လေ၏။

"ဟေ့ မောင်ဘချစ်၊ အေးအေးဆေးဆေး အခါးရည်လေး ဘာလေး သောက်ပါကွ၊ ဘာတွေ စိတ်စောနေတာလဲ၊ မင်းဟာ မကြာခင်မှာပဲ သူဋ္ဌေးတစ်ယောက် ဖြစ်တော့မှာပါ၊ သူဋ္ဌေးဂိုက်ရှိ နေစမ်းပါကွ၊ မင်းပုံကြည့်ရတာကွာ၊ ဂေါ်ရင်ဂျီကုလီတွေရဲ့ မယ်





စလီခေါင်းကျနေတာပဲ"

မောင်ဘချစ်သည် ဦးဂွမ်တီကို ပါးစပ်အဟောင်းသားနှင့် မော့ကြည့်ပြီးလျှင်---

"ဟုတ်တယ် ဦးဂွမ်တီ၊ ကျုပ်ဟာ ဂေါ်ရင်ဂျီ မယ်စလီခေါင်း ပဲဗျ"

ဟု ပြောလေရာ ဦးဂွမ်တီက---

"ဟား ဟား ဟား ဟား၊ ငါသိပါတယ်ကွ၊ ငါက မင်းကို ပေး လိုက်တဲ့ ပညာကလဲ ကုလီဖြစ်မယ့် ပညာပဲ ပေးလိုက်တာ၊ မင်း ဖြစ်လာရင် ကုလီပေါ့ကွာ၊ အလွန်ဆုံး ကုလီမယ်စလီခေါင်းပေါ့ကွ၊ ဒီထက် ပိုပြီး ဘာများ ဖြစ်ဦးမတုံး၊ အေး---အခု ငါပေးလိုက်တဲ့ နည်းကတော့ တကယ့်ကို မွဲတွေနတ်ဆေးပဲကွ၊ ဘယ်သူကိုပဲ ဖြစ်ဖြစ်၊ ဘယ်တော့ပဲဖြစ်ဖြစ် ဖြစ်ချင်တာကို စကန့်ဖြစ်စေမယ့် နည်းပဲ"

ဟု ပြောလိုက်ရာ မောင်ဘချစ်က---

"ခင်ဗျားပေးတဲ့နည်းက ကျုပ်ဖြင့် နားမရှင်းပါဘူးဗျ"

"ဘာတဲ့ ဘာတဲ့၊ တကယ့်လူမဟုတ်တဲ့ လူတွေနဲ့ မိတ်ဆွေဖွဲ့ ရမယ်တဲ့ ဟုတ်လား၊ အဲဒါ ဘယ်လိုလူကို ပြောတာလဲ၊ ကျုပ်လဲ အမျိုးမျိုး စဉ်းစားကြည့်တာပဲ၊ အဖြေမပေါ်ဘူးဗျ"

ဟု ပြောလိုက်လေ၏။ ဦးဂွမ်တီသည် မုတ်ဆိတ်မွေးကလေး ကို လက်ဖြင့်သပ်ရင်း---

"ဒီလိုကွ၊ မင်းအနေနဲ့ကတော့ သူဋ္ဌေးဖြစ်ချင်ရင်လဲ ဖြစ်မှာပါ ပဲ၊ အခု ငါပေးမယ့် နည်းကတော့ မြန်မြန်ဖြစ်တဲ့ နည်းပေါ့ကွာ၊ တကယ့်လူမဟုတ်တဲ့ လူဆိုတာရှင်းပြမယ်၊ အဲဒါက မင်းရဲ့ အာရုံ

ထဲမှာ စိတ်ကူးနဲ့ ပုံဖော်ထားတဲ့ လူကို ပြောတာပဲ၊ ဥပမာကွာ သူဌေးကြီး ဟင်နရီဖို့(ဒ်) ကို အာရုံပြုကြည့်မယ်၊ ကဲ--- မင်း မျက်စိမှိတ်ပြီး အာရုံပြုကြည့်စမ်း"

ဟု ပြောလျှင် မောင်ဘချစ်လည်း မျက်စိမှိတ်၍ အာရုံပြုလေတော့၏။ တစ်အောင့်မျှအကြာတွင်---

"ပေါက်ဖော်ကြီးရယ်၊ ကျုပ်က ဟင်နရီဖို့(ဒ်)ကိုမှ မမြင်ဖူးဘဲ၊ ဘယ်လိုလုပ်ပြီး ကျုပ်ရဲ့ အာရုံမှာ သူ့ရဲ့ ရုပ်ပုံက ပေါ်လာမှာတုံးဗျာ"

ဟု ပြန်၍ ပြောလေ၏။

"အဲဒါ ခက်တာပေါ့ကွာ မြင်ဖူးတာ၊ မမြင်ဖူးတာနဲ့ မဆိုင်ပါဘူး၊ ရအောင် အာရုံပြုစမ်းပါ၊ မင်းရဲ့ အာရုံထဲက ဟင်နရီဖို့(ဒ်)ဟာ တကယ်ရှိခဲ့တဲ့ မော်တော်ကား ကုမ္ပဏီသူဌေးကြီး ဟင်နရီဖို့(ဒ်)နဲ့ တထေရာတည်း တူချင်လဲ တူမယ်၊ မတူချင်လဲ မတူဘူး၊ ဒါပေမယ့် ဟင်နရီဖို့(ဒ်)ဟာ လူတစ်ယောက်ဖြစ်တဲ့အတွက် လူတစ်ယောက်ရဲ့ ပုံသဏ္ဌာန်တော့ ဖြစ်ရမှာပေါ့ကွာ၊ ပြီးတော့ သူဟာ မြန်မာတစ်ယောက်လဲ မဟုတ်ဘူး၊ တရုတ်တစ်ယောက်လဲ မဟုတ်ဘူး၊ ကုလားတစ်ယောက်လဲ မဟုတ်ဘူး၊ သူဟာ ဥရောပတိုက်သား တစ်ယောက်ဆိုတာ မင်းသိထားတာပဲ၊ အဲဒီတော့ မင်းရဲ့ အာရုံထဲမှာ ပေါ်လာတဲ့ ဟင်နရီဖို့(ဒ်)ဟာ ဥရောပတိုက်သား တစ်ယောက်တော့ ဖြစ်ရမှာပေါ့ကွာ၊ ကဲ-- ဒီတော့ ပေဟာဂီမှာ အေးအေးချမ်းချမ်း ထိုင်ပြီးတော့ အာရုံပြုကြည့်စမ်း၊ စိတ်ကို လျှော့ထား၊ ဟင်နရီဖို့(ဒ်)အစစ်ရဲ့ ပုံဟာ မင်းရဲ့ အာရုံထဲမှာ ပေါ်လာမှာပါကွာ၊ စမ်းကြည့်စမ်းပါ လူကလေး မောင်ဘ





ချစ်"

ဟု ဦးဂွမ်တီက ပြောဆို၏။ တဲအပြင်သို့ ထွက်သွားလေတော့၏။ မောင်ဘချစ်လည်း ဦးဂွမ်တီပြောသည့်အတိုင်း တဲ၏ ထောင့်တွင် ငြိမ်သက်စွာထိုင်၍ မျက်စိကိုမှိတ်ကာ မော်တော်ကား သူဌေးကြီး ဟင်နရီဖို့(ဒ်)အား အာရုံပြုလေတော့၏။

အစတွင် မည်သည့်အရာကိုမျှ တွေ့မြင်ခြင်း မရှိဘဲ၊ မျက်စိထဲတွင် မည်းမည်း မှောင်မှောင်ကြီး ဖြစ်၍နေ၏။ မောင်ဘချစ်သည် စိတ်အားထက်သန်စွာဖြင့် ထိုမည်းမည်းမှောင်မှောင်ကြီး၌ပင် စိတ်ကို ထားလေ၏။ များမကြာမီ၌ အပြာရောင်လိုလို ခရမ်းရောင်လိုလို ပြိုးပြိုးပြက်ပြက် အရောင်များ ပေါ်လိုက် ပျောက်လိုက် ဖြစ်လာလေ၏။ မောင်ဘချစ်သည် ဟင်နရီဖို့(ဒ်)ကိုသာလျှင် အာရုံပြုမြဲပြု၍ နေလေ၏။ ထိုနောက်တွင်ကား လူသုံးလေးယောက်၏ ပုံသဏ္ဌာန်များ ပေါ်လာပြီးလျှင် ပျောက်ကွယ်၍ သွားပြန်၏။ မောင်ဘချစ်သည် အသက်ဖြည်းဖြည်းနှင့် မှန်မှန် ရှူ၍ အာရုံပြုမြဲ ပြု၍နေခဲ့ရာ တစ်နာရီကျော်ကျော်ခန့်အကြာတွင် ခန့်ညားသော ဥရောပတိုက်သားတစ်ဦး၏ ပုံသည် ပေါ်လာပြီးလျှင် ထိုဥရောပတိုက်သားက---

"(**I am Henery Ford**) ကျုပ်ဟာ ဟင်နရီဖို့(ဒ်)ဖြစ်တယ်"

ဟုပင် မောင်ဘချစ်အား ပြောလိုက်လေ၏။

မောင်ဘချစ်လည်း အာရုံထဲမှနေ၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ၌ ဟင်နရီဖို့(ဒ်)က အောက်ပါ အင်္ဂလိပ်စကားကို ပြောလေ၏။

"(**When In Doubt, Do Something**)"

ငှင်းအင်္ဂလိပ်စကား၏ အဓိပ္ပာယ်မှာ–

တစ်စုံတစ်ခုသော ကိစ္စမှာ အဆုံးဖြတ်ရခက်ပြီး သို့လော သို့လော ဖြစ်နေခဲ့ရင် တစ်ခုခုကိုလုပ်ချလိုက်စမ်းပါ ဟူ၍ ဖြစ်၏။

မောင်ဘချစ်သည် လွန်စွာ အံ့အားသင့်၍နေစဉ်ပင် ဟင်နရီဖို့(ဒ်)၏ ရုပ်ပုံလွှာ အကွက်ထဲတွင် ဖျတ်ခနဲ ပျောက်ကွယ်၍ သွားလေတော့၏။ ထိုအခါ၌ မောင်ဘချစ်သည် ဝမ်းသာလွန်း၍

"ဦးဂွမ်တီ ဦးဂွမ်တီ"

ဟု ကုန်း၍ အော်ခေါ်လေတော့၏။ သို့ရာတွင် ဦးဂွမ်တီမှာ အပြင်သို့ ထွက်သွားပြီဖြစ်၍ မောင်ဘချစ်၏ ခေါ်သံကို မကြားရပေ။ မောင်ဘချစ်သည် ဝမ်းသာလွန်း၍ ဆောက်တည်ရာမရ ဖြစ်၍နေလေ၏။ တဲအတွင်းမှ ထွက်လာလိုက်၊ ပြန်ဝင်သွားလိုက်နှင့် လုပ်၍နေလေ၏။ တစ်အောင့်မျှအကြာတွင် သတ္တုချိုင့်ကလေးကို လက်တစ်ဖက်၌ ဆွဲလျက် ဦးဂွမ်တီသည် ပြန်၍ ရောက်လာပြီးလျှင်

"ဟေ့ မောင်ဘချစ်၊ ဟင်နရီဖို့(ဒ်)ကို တွေ့ပြီလား"

ဟု လှမ်း၍ အော်လိုက်လေ၏။ မောင်ဘချစ်လည်း ဦးဂွမ်တီထံသို့ ပြေးသွားပြီးလျှင် ဦးဂွမ်တီအား တအားဖက်လိုက်လေတော့၏။

"သိပ်ကို ထူးဆန်းတာပဲဗျာ၊ သိပ်ကို ထူးတာပဲ၊ ဟင်နရီဖို့(ဒ်) ကြီးပေါ်လာတယ်ဗျို့၊ ပြီးတော့ ကျုပ်ကို စကားပြောသွားသေးတယ်"

ဟု မောင်ဘချစ်က ဝမ်းသာအားရ ပြောလိုက်ရာ ဦးဂွမ်တီက---





"ဟင်နရီဖို့(ဒ်)က ဦးဂွမ်တီတစ်ယောက်ကော နေကောင်းရဲ့လားလို့ မေးသွားသေးသလားကွ"

ဟု နောက်ရွှတ်ရွှတ် ပြောလေ၏။

"အရေးထဲဗျာ၊ ခင်ဗျားကလဲ နောက်မနေစမ်းပါနဲ့၊ သူက ကျုပ်ကို ( **When in doubt, do something**) တဲ့ဗျ၊ သို့လော သို့လော, ဖြစ်နေရင် တစ်ခုခုလုပ်ပစ်လိုက်လို့ အဓိပ္ပာယ်ရတယ် မဟုတ်လား"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဂွမ်တီက---

"နေရာကျပြီ မောင်ဘချစ်၊ ကဲ ကဲ-- လက်ဖက်ရည်ချိုကလေး သောက်ကြဦးစို့ကွာ"

ဟု ဆိုကာ လက်ဖက်ရည်ကို ငှဲ့၍ ဆရာတပည့်နှစ်ဦး သောက်ကြလေ၏။ ထို့နောက် ၎င်းတို့ နှစ်ယောက်သည် ဆေးလိပ်များ ရှိုက်ဖွာကြလေ၏။ မောင်ဘချစ်၏ မျက်နှာသည် အထူးပင် ရွှင်မြူး၍ နေလေ၏။ ထိုအခါ၌ ဦးဂွမ်တီက---

"ပြီးလို့ရှိရင် သံမဏိသန်းကြွယ်သူဌေးကြီး အင်ခရူးကာနက်ဂျီနဲ့ တွေ့စမ်းပါဦးကွ"

ဟု ပြောသဖြင့် မောင်ဘချစ်လည်း သောက်လက်စ ဆေးလိပ်ကိုချ၍ တဲ၏ ထောင့်နေရာသို့ သွားကာ ထိုင်လေ၏။ ထို့နောက် မျက်စိကိုမှိတ်၍ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော သန်းကြွယ်သူဌေးကြီး အင်ခရူးကာနက်ဂျီကို အာရုံ၌ ထင်မြင်စေရန် ကြိုးစားပြန်၏။

လေးဆယ့်ငါးမိနစ်ခန့်အကြာတွင် ဥရောပတိုက်သား တစ်ဦး ပေါ်လာပြီးလျှင်---

"(I AM ANDREW CARNEGIE) ကျွန်ုပ်ဟာ အင်ဒရူး ကာနက်ဂျီ ဖြစ်ပါတယ်"

ဟု မိတ်ဆက်စကား ပြောဆိုပြီးနောက် အောက်ပါ အင်္ဂလိပ်စကားကို ပြောလေ၏။

"(I can tell you in a very few minutes how I accumulated my money, if that is what you call success. I did not accumulate my money. It has been accumulated through the efforts of my master mind group, consisting of about twenty executives)"

၎င်း အင်္ဂလိပ်စကား၏ အဓိပ္ပာယ်မှာ---

"သင့်ကို ကျွန်ုပ်ဟာ ပိုက်ဆံတွေ ဘယ်လို စုဆောင်းရခဲ့တယ်ဆိုတာကို မိနစ်အနည်းငယ် ပြောပြမယ်၊ တကယ်ကတော့ ကျွန်ုပ်ဟာ ပိုက်ဆံတွေကို မစုခဲ့ပါဘူး၊ ကျွန်ုပ်တကယ် စုခဲ့တာက လူတော်လူကောင်းတွေပါ၊ ကျွန်ုပ်မှာ လူတော်လူကောင်း နှစ်ဆယ်လောက်ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ရှိတယ်"

ဟူ၍ ဖြစ်၏။ မောင်ဘချစ်၏ အာရုံထဲမှ အင်ဒရူးကာနက်ဂျီသည် ပျောက်ကွယ်၍ သွားပြန်တော့၏။ မောင်ဘချစ်လည်း ဝမ်းသာလွန်းသဖြင့် ထ၍ ခုန်လေ၏။ ထို့နောက် ဦးဂွမ်တီအား မိမိမြင်တွေ့သမျှကို ပြောပြလေ၏။ ဦးဂွမ်တီသည် ပြုံး၍ နားထောင်နေလေ၏။ ၎င်း၏မျက်နှာမှာ အကျေနပ်ကြီး ကျေနပ်နေပုံကို ဖော်ပြနေလေ၏။

"မင်းသိပ်တော်တာပဲ လူကလေး၊ အခုမင်းမှာ မိတ်ဆွေနှစ်ယောက်ရှိသွားပြီ၊ တစ်ယောက်က ဖော်တော်ကားသူဌေးကြီး





ဟင်နရီဖို့(ဒ်)၊ တစ်ယောက်က သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီ ဘယ်လောက်များ နေရာကျသလဲ၊ သူတို့ဟာ သူတို့ရဲ့ လျှို့ဝှက်နည်းတွေကို အလကား ပေးလိုက်ကြပြီ၊ အမှန်ကတော့ သူတို့ဟာ မင်းအခုရှိနေတဲ့ ဒီတဲထဲကို တကယ်ရောက်လာကြတာ မဟုတ်ဘူး၊ ဒါပေမယ့် တကယ်တော့ တကယ်ပဲ စကားပြောသွားကြတယ်၊ ငါဆိုတဲ့ တကယ့်လူ မဟုတ်တဲ့လူဆိုတာကို မင်းအခုနေ ကောင်းကောင်း သဘောပေါက်လောက်ပါပြီ၊ အာရုံထဲက လူတွေပေါ့"

ဟု ဆိုကာ ဦးဂွမ်တီသည် ဘိန်းစားများ လိပ်၍ ရောင်းသော စီးကရက်တစ်လိပ်ကို ကောက်ယူ၍ မီးညှိလိုက်လေ၏။

မောင်ဘချစ်သည် ဦးဂွမ်တီ၏ စကားကို လေးလေးနက်နက်ကြီး နားထောင်၍ နေလေ၏။ ထိုသို့ နားထောင်ပြီးနောက်---

"ကျွန်ုပ်က ဘာတွေ ဆက်ပြီး လုပ်ရမှာလဲ ပေါက်ဖော်ကြီးရဲ့"

ဟု မေးလေ၏။

"ဘာတွေလုပ်ရမယ် ဆိုတာကို ငါက ပြောဖို့ မလိုတော့ဘူးကွ၊ မင်းမှာက ဘယ်တော့မှ စိတ်မကောက်တတ်တဲ့ မိတ်ဆွေရှိနေမှပဲကွ၊ သူတို့က ဘာတွေလုပ်ရမယ်၊ ဘယ်လို ကြံစည်ရမယ် ဆိုတာကို အနီးကပ် ညွှန်ပြကြလိမ့်မယ်၊ မင်းဖြစ်ချင်တာတွေ ကောင်းမှုရှိ ဖြစ်လာမှာ မလွဲတော့ဘူး၊ မင်းကို ငါက ပင်ပင်ပန်းပန်း ဖြစ်အောင် နှိပ်စက်ပြီးမှ ဒီနည်းကိုပေးလို့ မင်းက သိပ်ပြီး တန်ဖိုးထားနေတာပါ၊ တကယ်လို့များ မင်းကို ငါက ဒီအတိုင်းပေးလိုက်ရင် လွယ်လွယ်ကလေးပါလို့ပဲ မင်းဟာ ထင်ချင်ထင်မယ်၊ ဒါမှ

မဟုတ် အလကားဟာတွေပါ။ ပေါက်တတ်ကရတွေပါလို့လဲ ထင်ချင်ထင်မယ်၊ တကယ်ကတော့ အကောင်းဆုံးနဲ့ အလွယ်ဆုံးနည်းပဲကွ။ ဒီနည်းဟာ ရွှေနဲ့လုပ်ပြီး စိန်စီထားတဲ့ အဖိုးတန်နည်းပဲကွ။ အဲဒီနည်းနဲ့ပဲ မင်းက မင်းရဲ့ မိတ်ဆွေတွေကို ဖိတ်ခေါ်ပြီး သူတို့ဆီက တောင်းယူပါပြီး၊ တကယ့်လူမဟုတ်တဲ့ လူတွေက မင်းကို အလွန်အဖိုးတန်တဲ့ အကြံဉာဏ်တွေ ပေးကြလိမ့်ဦးမယ် ဒီတော့ မင်းကို အကြံဉာဏ် ပေးကြမယ့် မင်းရဲ့ အာရုံထဲက မိတ်ဆွေတွေကိုထည့်ပြီး စုဆောင်းလိုက်ဦးကွ။ ပြီးတော့ သူတို့ကို အဖွဲ့တစ်ဖွဲ့ ဖွဲ့ထားလိုက်ပေတော့ မင်းရဲ့ အကြံပေးအဖွဲ့ပေါ့ (Invisible counselor) တခြားလူမမြင်ရတဲ့ ကိုယ်ပျောက်အကြံပေးအဖွဲ့ပေါ့ကွ။ ယုံယုံကြည်ကြည်နဲ့ ဆက်ပြီး လုပ်စမ်းပါကွ။ လောကမှာ လူတိုင်း ကြီးပွားချမ်းသာချင်ကြတယ်ကွ။ ကြီးပွားချမ်းသာအောင်လဲ လုပ်ကြတာပါပဲ၊ ဒါပေမယ့် ကြီးပွားချမ်းသာချင်တဲ့ အာသာဆန္ဒနဲ့ အကွက်ကျကျ သတ်မှတ်တဲ့ စီမံကိန်းရှိမှသာ တကယ်ကြီးပွားချမ်းသာနိုင်တယ်ဆိုတာကိုတော့ သိတဲ့လူက နည်းပါတယ်ကွ"

ဟု ဦးငွမ်တီက ပြောလေ၏။

မောင်ဘချစ်သည် ဦးငွမ်တီ ပြောသမျှကို သေချာစွာ မှတ်သားလေ၏။ ထို့နောက် မောင်ဘချစ်က ဆရာသမားဖြစ်သော ဦးငွမ်တီအား ထမင်းကျွေးပါရစေဟု ခွင့်တောင်းကာ တရုတ်ဆိုင်တစ်ဆိုင်သို့ ခေါ်၍သွားပြီးလျှင် ဦးငွမ်တီကြိုက်တတ်သော သက်သတ်လွတ်ဟင်းများကို မှာယူ၍ ကျွေးမွေးလေ၏။ ထို့နောက် ဈေးသို့သွားကာ ဦးငွမ်တီအတွက် ချင်ကြမ်းအင်္ကျီနှင့်





ချင်ကြမ်းဘောင်းဘီတစ်စုံကို ချုပ်၍ ပေးလေ၏။

ထို့နောက် မောင်ဘချစ်က ဦးငွမ်တီအား

"ကဲ--- ကျုပ်သွားမယ်၊ ကြီးပွားချမ်းသာမှာကတော့ မုချပါပဲ၊ ချမ်းသာမှ တွေ့ကြသေးတာပေါ့"

ဟု ဆိုကာ ဦးငွမ်တီထံမှ ထွက်လာခဲ့လေတော့သတည်း။

❖ ❖ ❖

## သူနိုးကြီးတောက်ပြားနှင့် တွေ့ဆုံခြင်း

မောင်ဘချစ်သည် ဦးငွမ်တော်ထံမှ ထွက်၍လာပြီး တာမွေဘက်ရှိ ဆင်းရဲသားများ နေထိုင်ရာ ရပ်ကွက်အတွင်း၌ အိမ်ခန်းကလေးတစ်ခန်း ငှားရမ်းလေ၏။ ထိုသို့ ငှားရမ်းပြီးနောက် ဘုရားစင်ကလေးနှင့် သောက်ရေအိုးကို ဝယ်ပြန်၏။ ပြီးလျှင် အိပ်စက်ရန်အတွက် ဖျာတစ်ချပ် ခေါင်းအုံးတစ်လုံးနှင့် စောင်ကြမ်းကလေးတစ်ထည်ကို ဝယ်ယူ၍ ထိုအိမ်ကလေး၌ နေထိုင်လေ၏။

မောင်ဘချစ်သည် ထိုအိမ်ခန်းကလေး၌ စတင်နေထိုင်သည့် ညဉ့်ပင် ၎င်း၏ လုပ်ငန်းကို စလေတော့၏။ ညဆယ်နာရီထိုး၍ လူသူတိတ်ဆိတ်သည့်အခါလောက်တွင် ဘုရားရှိခိုး၏။ ပြီးလျှင် ၎င်း၏ ကိုယ်ပျောက်အကြံပေးအဖွဲ့ကို စတင်၍ အစည်းအဝေး ဖိတ်ကြားခေါ်ယူလေတော့၏။

၎င်းအကြံပေးအဖွဲ့၌---





တစ်- လောကဓာတ်ဆရာကြီး သောမတ်အယ်ဒီဆင်
နှစ်- မော်တော်ကားသူဌေးကြီး ဟင်နရီဖို့(ဒ်)
သုံး- သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီ
လေး- တရုတ်သူဌေးကြီး ချင်းချောင်း (ကုက္ကိုင်းဘက်တွင် ချင်းချောင်း နန်းတော်ဟူ၍ ယခုတိုင်အောင် ရှိလေ၏။)
ငါး- မြန်မာသူဌေးကြီး ဒေါက်တာသို
ခြောက်- ပြင်သစ် စစ်ဘုရင် နပိုလီယံ
ခုနစ်- မြန်မာပညာရှိ ယောမင်းကြီး ဦးဘိုးလှိုင်
ရှစ်- ဆရာဝန်ကြီး ဒေါက်တာနိုး
ကိုး- သူနိုးကြီး တောက်ပြား

စသည့် လွန်စွာကျော်ကြား သော ပုဂ္ဂိုလ်ကြီး (၉) ဦးပါဝင်လေတော့၏။

မောင်ဘချစ်သည် ၎င်း၏ အိမ်ရှေ့ခန်းကလေး၌ တင်ပျဉ်ခွေ၍ ထိုင်ကာ မျက်စိကို မှိတ်၍ထားပြီးလျှင် ၎င်း၏ကိုယ်ပျောက်အကြံပေးအဖွဲ့ဝင်လူကြီးများအား တောင်၍ ဖိတ်ကြားလေတော့၏။

မောင်ဘချစ်သည် ၎င်း၏အဖွဲ့ကို ဖိတ်ကြားပြီးနောက် အသက်မှန်မှန်ရှူ၍ နေလေ၏။ မိနစ်ငါးဆယ်ကျော်လောက် အချိန်တွင် မုတ်ဆိတ်မွေးနှင့် အင်္ဂလိပ်ကြီးတစ်ယောက်သည် ဝင်၍ လာလေတော့၏။

ထို့နောက် အင်္ဂလိပ်စကားဖြင့် ---

"ကျွန်ုပ်ဟာ လောကဓာတ်ဆရာ သောမတ်အယ်ဒီဆင်ဖြစ်ပါ

တယ်"

ဟု ပြောလေ၏။



ထိုအခါ၌ မောင်ဘချစ်က အောက်ပါ အင်္ဂလိပ်စကားကို ပြောလိုက်၏။

"Mr Edison, I wish to acquire from you the marvelous spirit of faith, with which you have uncovered so many of nature's secrets, the spirit of unremitting toil ..ith which you have so often wrested victory from defeat"

၎င်းအင်္ဂလိပ်စကား၏ အဓိပ္ပာယ်မှာ ---

"မစ္စတာ အယ်ဒီဆင်ခင်ဗျား၊ ကျုပ်ဟာ ခင်ဗျားဆီက အလွန်အင်မတန်မှ ထူးဆန်းလှတဲ့ ယုံကြည်မှုစိတ်ဓာတ်ကို သင်ယူ ဆည်းပူးလိုပါတယ်၊ အဲဒီ ခင်ဗျားရဲ့ စိတ်ဓာတ် ဒီသဘာဝ





တရားကြီးရဲ့ လျှို့ဝှက်တဲ့ အခြင်းအရာ အမြောက်အမြားကို ဖော်ထုတ်စေခဲ့တာပဲ မဟုတ်လား၊ ပြီးတော့ ခင်ဗျားဟာ ရှုံးနိမ့်ခြင်းကနေ အောင်မြင်ခြင်း ဖြစ်လာအောင် အဆက်မပြတ် တိုက်ပွဲဝင်ခဲ့တဲ့ စိတ်ဓာတ်ပဲ မဟုတ်ပါလား"

ဟူ၍ ဖြစ်ပေသည်။

ထို့နောက် မောင်ဘချစ်၏ စိတ်အာရုံအတွင်းသို့ မော်တော်ကားသူဌေးကြီး ဟင်နရီဖို့(ဒ်) ဆိုသူ ရောက်ရှိလာပြီးလျှင် ၎င်းသည် ဟင်နရီဖို့(ဒ်) ဖြစ်ကြောင်းမိတ်ဆက်ပြန်၏။



ထိုအခါ၌ မောင်ဘချစ်က

"Mr Ford, I wish to acquire your spirit of persistence, the dtermination poise and self-confidence which have enabled you to master poverty, and to organize, unify and simplify human effort, so I may help other to follow in your foot steps."

၎င်း၏ အဓိပ္ပာယ်မှာလည်း ဤသို့ဖြစ်ပြန်၏။

"မစ္စတာဖို့(ဒ်)ခင်ဗျား၊ ကျုပ်ဟာ ခင်ဗျားရဲ့ မပြတ်မနေ လုပ်တတ်တဲ့ စိတ်ဓာတ်၊ ဆုံးဖြတ်မှုနိုင်မာတဲ့ စိတ်ဓာတ်၊ ဟန်ချက်ညီညီ ရပ်တည်နိုင်တဲ့ စိတ်ဓာတ်နဲ့ မိမိကိုယ်ကို ယုံကြည်တဲ့ လွန်စွာကောင်းမြတ်တဲ့ စိတ်ဓာတ်တွေကို လေ့လာဆည်းပူးလိုပါတယ်။ ခင်ဗျား၊ အဲဒီစိတ်ဓာတ်တွေကြောင့် ခင်ဗျားဟာ ဆင်းရဲခြင်းကို အောင်နိုင်ခဲ့တယ်၊ လူတွေကို သိမ်းသွင်းနိုင်ခဲ့တဲ့အပြင် လူတွေရဲ့ ကြိုးစားမှုတွေကို လွယ်ကူအောင် ပြုနိုင်စွမ်းခဲ့ပါတယ်၊ ကျုပ်ဟာ ခင်ဗျားရဲ့ စိတ်ဓာတ်တွေကို သင်ယူဆည်းပူးခွင့်ရရင် လူတွေကို ခင်ဗျားခြေရာ နင်းနိုင်အောင် ပြန်ပြီး သင်ပြပေးမှာပါ"

မောင်ဘချစ်သည် ဆက်လက်၍ မျက်စိမှိတ်ထားရာ သူ၏ ကြွယ်သူဌေးကြီး ကာနက်ဂျီ ရောက်ရှိလာပြန်၏။ ကာနက်ဂျီမှာလည်း ၎င်းသည် သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီဖြစ်ကြောင်း မိတ်ဆက်ပြန်လေ၏။ ထိုအခါ၌ မောင်ဘချစ်က—

"Mr Carnegie,I wish you to acquire a thorough understanding of the principles of organized effort which you used so effectively in building of a great industrial enterprise."







ဟု အင်္ဂလိပ်စကားဖြင့် ပြောလိုက်ပြန်၏။ ၎င်း၏ ဆိုလိုချက်မှာ

"မစ္စတာ ကာနက်ဂျီခင်ဗျာ၊ ခင်ဗျားရဲ့ စည်းရုံးမှု ပညာတွေကို အသေးစိတ်လေ့လာလိုပါတယ်၊ အဲဒီစည်းရုံးမှု ပညာနဲ့ပဲ ခင်ဗျားဟာ စက်မှုလုပ်ငန်းကြီးတွေ တည်ဆောက်နိုင်ခဲ့တာ မဟုတ်လား"

ဟူ၍ ဖြစ်ပေ၏။

ထို့နောက် ဆက်လက်၍ ထိုင်နေခဲ့ရာ ရန်ကုန်မြို့ ကုက္ကိုင်းဘက်တွင် နန်းတော်ကြီးတမျှ ကြီးမားလှသော အဆောက်အအုံကြီးကို တည်ဆောက်နိုင်လောက်အောင် ချမ်းသာကြွယ်ဝသော တရုတ်သူဌေးကြီး ချင်းချောင်း ရောက်ရှိလာလေ၏။

လွန်စွာ တောက်ပြောင်သော ကြက်သွေးရောင် ဖဲဝတ်စုံကြီးကို ဝတ်ထားလေ၏။

ချင်းချောင်းသည် မောင်ဘချစ်အား သေချာစွာ ကြည့်လိုက်ပြီးနောက်---

"ကျုပ်ဟာ ရန်ကုန်မြစ်ထဲမှာ သမ္ဗန်ခတ်ပြီးနေရာကနေ သူဌေးကြီးတစ်ဦး ဖြစ်လာတဲ့ ချင်းချောင်းဆိုတာပါပဲ၊ ကျုပ်ဘယ်လို သူဌေးဖြစ်လာတယ်ဆိုတာကို ပြောပြပါ့မယ်၊ တစ်နေ့မှာ ကျုပ်ဟာ ပင်ပင်ပန်းပန်း သမ္ဗန်ခတ်ပြီး ပြန်လာခဲ့တာ အိပ်ကမ်း ရောက်တော့ သိပ်ကို အိပ်ချင်တာနဲ့ ကျုပ်ရဲ့ သမ္ဗန်ထဲမှာပဲ အိပ်လိုက်မိတယ်။ ကျုပ်ရဲ့ ခေါင်းပိုင်းမှာ သမ္ဗန်ပေါင်းမိုးလေး ရှိလေရဲ့၊ နေလဲ မပူဘူးပေါ့ဗျာ။ ဒါပေမယ့် သမ္ဗန်ပေါင်းမိုး ကလေးကနေ လွတ်နေတဲ့ ကျုပ်ရဲ့ ခြေထောက်ပိုင်းကိုတော့ ချစ်ချစ်တောက်အောင် ပူနေတာပေါ့၊ ဒါပေမယ့် မတတ်နိုင်ဘူးလေ သိပ်ပြီးအိပ်ချင်နေတယ်ဆိုတော့လဲ အိပ်ပစ်လိုက်တာပါပဲ၊ အဲဒီလို ကျုပ်အိပ်ပျော်နေတုန်းမှာပဲ မိုးက သဲသဲမဲမဲကြီး ရွာချလိုက်တော့တာပါပဲ၊ အဲဒီအခါမှာ ကျုပ်ရဲ့ ခြေထောက်ဟာ မိုးရေတွေနဲ့ပြီး ပူရာကနေ အေးမြပြန်လေရောဗျို့၊ ကျုပ်လဲ အိပ်လို့ မရတော့ဘဲ လန့်ပြီး နိုးတော့တာပေါ့၊ အဲဒါကြောင့် ကျုပ်ဟာ ကျုပ်ကိုကျုပ်





အတော်ပဲ စိတ်ပျက်သွားမိတယ်၊ ကျုပ်စိတ်ထဲမှာလဲ ငါဟာ လူတစ်ယောက်ဖြစ်ပြီး နားနေအိပ်စက်ဖို့ နေရာကလေး တစ်နေရာ အနိမ့်ဆုံးအားဖြင့် ကျောချစရာ နေရာကလေးတောင်မှ မရှိပါလား၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ သမ္ဗန်ထဲမှာ အလုပ်လုပ်၊ သမ္ဗန်ထဲမှာနေ၊ သမ္ဗန်ထဲမှာစား၊ သမ္ဗန်ထဲမှာအိပ်၊ သေရင်တောင် သမ္ဗန်ထဲမှာသေပြီး သမ္ဗန်တစ္ဆေ ဖြစ်ခဲ့ရတော့မှာပါလား၊ အိပ်ဖို့နေရာကလေး တစ်နေရာရအောင် ရှာရမယ်၊ နေရာကလေးဆိုတော့လဲ မကောင်းသေးပါဘူး၊ အခန်းကလေး တစ်ခန်းပိုင်ဆိုင်မှ ဖြစ်မယ်၊ အခန်းကလေးဆိုရင် မကောင်းသေးပါဘူး၊ အခြားတစ်ဖက်ခန်းက ကလေးတွေကဆူရင် အိပ်လို့ရမှာ မဟုတ်ဘူး၊ အိမ်ကလေးတစ်လုံး ပိုင်မှကောင်းမယ်၊ အို-- ပိုင်မယ်ပိုင်ရရင်လဲ အိမ်ကလေးတစ်လုံး မဟုတ်သေးပါဘူး၊ အိမ်ကြီးကြီးတစ်လုံး ပိုင်မှ ကောင်းမှာပေါ့၊ ကြီးကြီးဆိုလဲ တော်ရုံကြီးလို့ မဖြစ်သေးဘူး၊ အပန်းဖြေလမ်းလျှောက်ဖို့ ခြံကလေး ဝင်းကလေးနဲ့မှ ကောင်းမယ်၊ ခြံကလေး ဝင်းကလေးဆိုရင်လဲ နေရာမကျသေးပါဘူး၊ ခြံကြီးဝင်းကြီးမှ ကောင်းမယ်၊ အို-- ရှုပ်ပါတယ်၊ နန်းတော်လောက်ကြီးတဲ့ အိမ်ကြီးကို ပိုင်မှဖြစ်မယ်၊ အဲဒီအိမ်ကြီးကိုလဲ လူအများက ချင်းချောင်းနန်းတော်လို့ ခေါ်တွင်စေရမယ်လို့ စိတ်ကူးယဉ်ခဲ့မိတယ်၊ ကျုပ်စိတ်ကူးယဉ်တာကို မဖြစ်နိုင်ဘူးလို့ ဘယ်သူကမှ မပြောခဲ့တော့ဘူး၊ ကုက္ကိုင်းဘက်မှာ ကျုပ်ရဲ့ နန်းတော်ကြီး ရှိနေပြီလေ၊ ဟောဒီကမ္ဘာကြီးမှာ ဘုရင်မဟုတ်ဘဲ နန်းတော်နဲ့ နေနိုင်တာ ကျုပ်မှကျုပ် . တစ်ယောက်တည်းရှိတယ်၊ ကျုပ်နာမည်က ချင်းချောင်း"

ဟု ပြောဆိုကာ သူဌေးကြီး ရှင်းချောင်းအံ ရုပ်ပုံလွှာသည် ပျောက်ကွယ်၍ သွားလေတော့၏။

မောင်ဘချစ်သည် အံ့သြလွန်း၍ ကြက်သီးမွေးညင်းများ ထ၍ လာလေတော့၏။ ထို့နောက် ဆက်လက်၍ ထိုင်ခုံရှာ သူဌေးကြီး ဒေါက်တာညို၊ ပညာရှိကြီး ဦးဘိုးလှိုင် စသည့် ပုဂ္ဂိုလ်များ ပေါ်လာပြီးလျှင် နောက်ဆုံး၌ မင်းညီမင်းသားအဝတ်အစားများ ဝတ်ဆင်ထားသည့် ရုပ်ရည်ရူပကာယ လွန်စွာသားနားသော အသက်သုံးဆယ်အရွယ် လူတစ်ယောက် ပေါ်လာပြီးနောက် အောက်ပါအတိုင်း ပြောလေတော့၏။

"ကျုပ်ဟာ အင်းဝအရှင် ဘုရင်သတိုးမင်းဖျားရဲ့ ယုံကြည်စိတ်ချတော်မူရတဲ့ ရွှေတိုက်စိုးတစ်ဦးဖြစ်ပါတယ်၊ ကျုပ်ကို အများတကာကတော့ သူခိုးကြီး တောက်ပြားရယ်လို့ ခေါ်ကြတယ်၊ ဒါပေမယ့် ကျုပ်ဟာ သူခိုးမဟုတ်ပါဘူး၊ ဆင်းရဲသားတွေဘက်က ရပ်တည်တဲ့ ဆင်းရဲသားတို့ရဲ့ မိတ်ဆွေပါ၊ ဆင်းရဲသားတွေ အခက်အခဲ ရှိလာရင်တော့ ကျုပ်ဟာ ငါးပါးသီလထဲက အဒိန္နကို စကာတစ်ပြွတ် ကျူးလွန်ပါတယ်၊ ကျုပ်ရဲ့ လုပ်ပုံကိုင်ပုံ သေသပ်မှုကြောင့် ကျုပ်ကို ဖမ်းလို့ မမိခဲ့ကြဘူး၊ အဲဒါကိုပဲ ကြောင်ဆေးရဲ့ အစွမ်းကြောင့် ဖမ်းမမိခဲ့ကြဘူးလို့ ထင်ခဲ့ကြတယ်၊ အမှန်ကတော့ ကျုပ်မှာ ကြောင်ဆေးမရှိပါဘူး၊ ဥပမာကလေးတစ်ခု ပြောပါမယ်၊ မတရားသဖြင့် ချမ်းသာနေတဲ့ သူဌေးတစ်ဦးအိမ်ကို ကျုပ်က တက်ပြီးခိုးတယ် ဆိုပါတော့၊ ခိုးတယ်ဆိုတဲ့ စကားကို ကျုပ်မသုံးချင်ဘူး၊ ဆင်းရဲသားလွတ်မြောက်ရေး ရန်ပုံငွေတက်ပြီး ယူတာပါ၊ အဲဒီလို တက်ပြီးယူတဲ့





အခါမှာ သူဌေးက နိုးတယ် ဆိုပါတော့၊ သူခိုး သူခိုးလို့ သူက အော်မှာပဲ၊ ကျုပ်ကလဲ ထွက်ပြေးရမှာပဲ၊ လူတွေကလဲ ဝိုင်းပြီး လိုက်ကြမှာပဲ၊ အဲဒီလို ဝိုင်းပြီး လိုက်တဲ့လူတွေထဲမှာ သူဌေးကြီးက မပါပါဘူး၊ သူဌေးဆိုတာ ပင်ပန်းတဲ့အလုပ်ကို ဘယ်တော့မှ ကိုယ်တိုင်မလုပ်ဘူး၊ ဆင်းရဲသားတွေကပဲ ဝိုင်းပြီးလုပ်ကြတာ၊ ကျုပ်ကိုမိရောဆိုပါတော့ဗျာ၊ အဲဒီဆင်းရဲသားတွေဟာ ကျုပ်မှန်းလဲသိရော၊ ဟာ သူခိုး မဟုတ်ပါဘူး၊ ငါတို့ အင်မတန်ချစ်တဲ့ တောက်ပြားကြီးပါ၊ ငါတို့အတွက် ဆင်းရဲသား လွတ်မြောက်ရေး ရန်ပုံငွေ တက်ယူတာပါလို့ ပြောပြီး ကျုပ်ကို လွှတ်လိုက်ကြတာပေါ့၊ ဒါပေမယ့် သူဌေးကြီးကိုတော့ မျက်စိအောက်မှာတင် ဝိုင်းထားပါလျက် ပျောက်သွားသလေး ဘာလေးနဲ့ လိမ်ကြ ညာကြရတာပေါ့၊ ဒါနဲ့ပဲ ကျုပ်ဟာ နိုင်းဆေးယာ ဖိုပေါက်ပြီး ကိုယ်ပျောက်တယ်လို့ ပြောတဲ့အထိ နာမည်ကြီးပြီး သူခိုးကြီး တောက်ပြားရယ်လို့ ရာဇဝင်တွင်ရတော့တာပေါ့ဗျာ၊ ကျုပ်ကတော့ ခင်ဗျားကို တခြားဘာအကြံမှ မပေးနိုင်ဘူး၊ ကိုယ်လုပ်တဲ့ လုပ်ငန်းဟာ သေးတာကြီးတာ အကြောင်းမဟုတ်ဘူး၊ အများ ကောင်းစားရေးအတွက်ဆိုတဲ့ စေတနာမျိုး ထည့်ထားမယ်ဆိုရင် မုချ အောင်မြင်မယ်ဆိုတဲ့ နည်းကိုပဲ ပေးချင်တာ၊ ခင်ဗျားစဉ်းစား ကြည့်စမ်းပါ၊ ကျုပ်ကို တခြားလူတွေ ဖမ်းမရဘူးဆိုတော့ ဘုရင်သတိုးမင်းဖျားကိုယ်တိုင် ထွက်ပြီး ဖမ်းခဲ့တာပဲ၊ မိလဲမိခဲ့တာပဲ၊ ဒါပေမယ့် ကျုပ်ကို မသတ်ခဲ့ဘူး၊ မသတ်တဲ့အပြင် ကျုပ်ရဲ့ စေတနာကို နားလည်တဲ့အတွက် ရွှေတိုက်စိုး ရာထူးတောင် ပေးခဲ့သေးတယ်၊ ခင်ဗျား မယုံဘူးလား၊ မယုံရင် ဦးကုလား

ရာစဝင် ပထမအုပ် စာမျက်နှာ ၃၄၃ အပိုဒ် ၄၁၅ မှာ ဖတ်ကြည့်ပါလား၊ ကျွပ်အကြောင်း ပါတယ်လေဗျာ"

ဟု ဆိုကာ ပျောက်ကွယ်သွားလေ၏။

မောင်ဘချစ်လည်း ဝမ်းမြောက်ဝမ်းသာနှင့်ပင် အကြံပေးအဖွဲ့ဝင်များ ညီလာခံကို ရပ်လိုက်လေ၏။ မောင်ဘချစ်၏ စိတ်၌လည်း--

"တော်တော်ဟုတ်တဲ့ နည်းပါလား"

ဟု တွေးကာ ၎င်း၏ ဆရာကြီး ဦးဂွမ်ဘီကို ကျေးဇူးအထပ်ထပ် တင်မိလေတော့၏။

ဤသို့နှင့်ပင် မောင်ဘချစ်သည် ၎င်း၏ အကြံပေးအဖွဲ့နှင့် တွေ့ဆုံကာ အကြံပေးအဖွဲ့ထံမှ ရရှိသော နည်းစနစ်များအတိုင်း စတင်၍ အလုပ်လုပ်လေတော့၏။

❖ ❖ ❖

ပထမလုပ်သော အလုပ်မှာ လုပ်ငန်းကန်ထရိုက်တာ အလုပ်ဖြစ်၏။ မြေပေါက်စရာ မြေသယ်စရာ လုပ်ငန်းများအတွက် မောင်ဘချစ်က ကန်ထရိုက်ယူလေ၏။ ပြီးလျှင် ၎င်း၏ ဂေါ်ရင်ဂျီကုလားများနှင့် စတင်လုပ်ကိုင်၏။ ဂေါ်ရင်ဂျီကုလားများသည် မောင်ဘချစ်၏ အမိန့်ကို လွန်စွာ နားထောင်ကြသည်ဖြစ်ရာ လုပ်ငန်းများသည် အချိန်တိုတိုနှင့် အောင်မြင်ချောမောစွာ ပြီးစီးလေ၏။ အလုပ်ပြီးသောနေ့များ၌ မောင်ဘချစ်က ၎င်း၏ ဂေါ်ရင်ဂျီ ကုလားများအား အရက်များ ဝယ်၍ပေး၏။ ကုလားဟင်းဖြင့်





ထမင်းကျွေး၏။ အလုပ်သမားများသည် မောင်ဘချစ်၏ ကန်ထရိုက်လုပ်ငန်းများကို လွန်စွာသဘောကျကြကုန်၏။ အလုပ်ရှင်များကလည်း လွန်စွာကျေနပ်ကြသည်ဖြစ်ရာ မောင်ဘချစ်၏ ကန်ထရိုက်လုပ်ငန်းသည် တစ်ထောက်တစ်စ အောင်မြင်လာလေတော့၏။

ပထမစတင်ရသော ကန်ထရိုက်လုပ်ငန်းမှာ မောင်ဘချစ်အတွက် လွန်စွာ လွယ်ကူလှပေ၏။ မြေညှိရသော လုပ်ငန်း၊ ကန်ဖြို့ရသော လုပ်ငန်းအတွက် ငွေတစ်ထောင်ဖြင့် မောင်ဘချစ်က ကန်ထရိုက်ဆွဲ၏။ ပြီးလျှင် ၎င်း၏ မိတ်ဆွေ ဂေါ်ရင်ဂျီကုလားများကို ခေါ်ကာ အလုပ်လုပ်ခိုင်းပြီးနောက် နေ့တွက်ရှင်းပေးလိုက်ရုံသာ ဖြစ်ပေ၏။ ဤလုပ်ငန်းမျိုး မြောက်မြားစွာကို လက်ခံရရှိသည်ဖြစ်ရာ မောင်ဘချစ်အဖို့ အရင်းအနှီးငွေ ရလာလေတော့၏။ ထိုအခါ၌ မောင်ဘချစ်သည် သဲ၊ ကျောက် ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ပြန်၏။ ၎င်း၏ ဂေါ်ရင်ဂျီများနှင့်အတူ ပင်လယ်ဝ၌ သဲတူး၍ သဲကန်ထရိုက်သွင်း၏။ ကျောက်သယ်၍ ကျောက်ကန်ထရိုက်လုပ်ငန်း လုပ်ပြန်၏။

ထို့မှတစ်ဆင့်တက်ကာ မောင်ဘချစ်သည် အင်ဂျင်နီယာ ပေါက်စကလေးများကို ဈေးပေါပေါနှင့် ငှားရမ်း၍ အဆောက်အအုံ ကန်ထရိုက်လုပ်ငန်းအထိ တိုးတက် လုပ်ကိုင်လေတော့၏။ ထို့ကြောင့် မောင်ဘချစ်သည် တာမွေဘက်တွင်နေ၍ မဖြစ်တော့ဘဲ မောင်ဂိုမာရီလမ်း၌ တိုက်ခန်းတစ်ခန်း ငှားရမ်းကာ အလုပ်ရုံးခန်းတစ်ခု ဖွင့်ရလေတော့၏။

မောင်ဘချစ်သည် တံတားဆောက်သော လုပ်ငန်း၊ ဈေး

ဆောက်သော လုပ်ငန်းများကို ဆက်တိုက်လုပ်ကိုင်နေသည်ဖြစ်ရာ အချိန်အားဟူ၍ မရှိသလောက်ပင်ဖြစ်လေ၏။ ထို့ကြောင့် ၎င်း၏ ကိုယ်ပျောက်အကြဲပေးအဖွဲ့နှင့်ပင် တွေ့ဆုံနိုင်ခြင်းမရှိတော့ဘဲ အဆက်ပြတ်ခဲ့ရလေတော့၏။

မောင်ဘချစ်၏ လုပ်ငန်းများသည် တစ်ခုပြီးတစ်ခုအောင်မြင်၍ လာလေ၏။ ၎င်း၏ မိတ်ဆွေ ဓါးရင်ကိုကုလားများလည်း ၎င်း၏ လုပ်ငန်း၌ပင် ရှုံမြှော့ လုပ်ကိုင်ကြလေ၏။ ထိုသူများကိုလည်း မောင်ဘချစ်သည် လုပ်ခွန်းထားများ တိုး၍ ပေးခဲ့လေ၏။ အချုပ်အားဖြင့် ဆိုရပါမူ ကိုယ်ပျောက် အကြဲပေးအဖွဲ့ဝင်ကြီးကိုဦး၏ ကျေးဇူးကြောင့် မောင်ဘချစ်က နှစ်အနည်းငယ်အတွင်း၌ပင် လုပ်ငန်းရှင်ကြီးဖြစ်၍ လာလေတော့၏။

❖ ❖ ❖

## အပြုံးမပျက် မောင်ဘသက်

မောင်ဘချစ်သည် လုပ်ငန်းရှင်ကြီးအဖြစ် ကြီးပွားလာသည်နှင့်အမျှ အပေါင်းအသင်းလည်းများ၍ လာလေတော့၏။ မောင်ဘချစ်နှင့် ရင်းရင်းနှီးနှီးပေါင်းသော အပေါင်းအသင်းတစ်ဦးမှာ မောင်ဘသက်ဆိုသူဖြစ်ပေသည်။ မောင်ဘသက် စကားပြောလျှင် ပြုံးပြုံး ပြုံးပြုံးနှင့် ပြောတတ်၏။ အစဉ်သဖြင့် ပြုံးရွှင်လျက်သာလျှင် တွေ့ရသောကြောင့် မောင်ဘချစ်က မောင်ဘသက်အား အပြုံးမပျက် မောင်ဘသက်ဟူ၍ပင် နောက်ပြောင်ခေါ်ဝေါ်လေ၏။

မောင်ဘသက်သည် သွပ်ရေပုံး အလုပ်ရုံပိုင်ရှင်ဖြစ်၏။ ပျော်ပျော်နေတတ်၏။ မြင်းပွဲသွား၏။ ဟိုတယ်တက်၏။ ကုလပ်များလည်း ဝင်ထား၏။ အရက်သောက်၏။ မယားငယ်ထား၏။ ပြီးလျှင် အကြောင်းအကြားမရှိ ပျော်ပျော်နေတတ်၏။

တစ်နေ့သ၌ မောင်ဘချစ်ထံသို့ မောင်ဘသက်ရောက်ရှိလာ

ပြီးလျှင်---

"အိုင်ဆေး ကိုဘချစ်၊ ကျုပ်တို့ကလပ်က ပစ်ကနစ်ထွက်မလို့ လိုက်ခဲ့စမ်းပါဗျ၊ အားကြီးပျော်ဖို့ကောင်းတယ်၊ တစ်ခေါက်လိုက်ပြီးရင် မလိုက်ဘဲကို မနေနိုင်ဘူးဗျ"

ဟု ပြောရာ မောင်ဘချစ်က

"မလုပ်နဲ့ ကိုဘသက်၊ ကျုပ်မှာက အချိန်ပိုရယ်လို့ မရှိပါဘူးဗျာ"

ဟု ပြောလေ၏။

"ကိုဘချစ်ရယ်၊ ခင်ဗျားဥစ္စာက မိန်းမလဲမရှိ၊ သားသမီးလဲ မရှိတဲ့ လူပျိုကြီးတစ်ယောက်ဖြစ်ပြီး စီးပွားကိုချည်း ဖိရှာနေတာကိုး၊ ကျုပ်ဖြင့် နားမလည်နိုင်အောင်ဘဲဗျာ၊ အဲဒီလို ရှာဖွေနေတာဟာ သုံးဖို့ဖြုန်းဖို့ စိမ်ခံဖို့မဟုတ်လားဗျ၊ ခုတော့ ခင်ဗျားဥစ္စာက ရှာသမျှငွေကို ဘဏ်တိုက်ကိုချည်း ပို့ပြီးနေတာကိုး၊ စားတော့လဲ ထမင်းဆိုင်မှာစားရတယ်၊ ခင်ဗျားဟာက အရသာ မရှိပါဘူးဗျာ၊ လူဆိုတာ ပစ္စည်းဥစ္စာ ရှာရမယ်၊ ပြီးရင်သုံးစွဲရမယ်၊ ဒါမှ ပစ္စည်းရှင် ဥစ္စာရှင်လို့ ဆိုထိုက်တယ်၊ ရှာတော့ ရှာတတ်ပါရဲ့၊ သုံးတော့ မသုံးတတ်ဘဲ သိမ်းချည်းသိမ်းနေမယ်ဆိုရင် ခင်ဗျားပစ္စည်းရှိပေမယ့် ပစ္စည်းရှင် မဟုတ်ဘူး၊ ငွေရှိပေမယ့် ငွေရှင်မဟုတ်ဘူး၊ သိမ်းရုံသိမ်းတတ်တဲ့လူ စောင့်ရုံစောင့်တတ်တဲ့လူဟာ ဒရဝမ်ဗျ"

ဟု အပြုံးမပျက် မောင်ဘသက်က ပြောရာ မောင်ဘချစ်က သေသေချာချာ စဉ်းစား၍---

"မှန်တာပေါ့ ကိုဘသက်ရယ်၊ ဒါပေမယ့်လို့ သုံးဖို့ဖြုန်းဖို့ အချိန်





က စောပါသေးတယ်ဗျာ၊ ကျုပ်ကတော့ ရှာဖို့လောက်ပဲ အာရုံစိုက် နေမိတယ်ဗျို့"

ဟု ပြောလေ၏။

"အချိန်စောသေးတယ်ဆိုတာ ဘာကိုပြောတာလဲ ကိုဘချစ်၊ ကွေးသောလက်ကို မဆန့်မီ ဆန့်သောလက်ကို မကွေးမီအတွင်းမှာ လူဟာသေသွားနိုင်တယ်ဗျို့၊ ဒီတော့ အရွယ်လွန်မှ သုံးရဖြုန်းရလို့လဲ အရသာက မရှိဘူးဗျ၊ အရိုးရင့်တဲ့ ကြက်နဲ့ အရိုးနုတဲ့ ကြက်တောင် စားရတာချင်း မတူဘူး မဟုတ်လား ကိုဘချစ်ရဲ့၊ နုပျိုခြင်းဟာ အခွင့်အရေးတစ်ခုဗျ၊ ဒီအခွင့်အရေးကို လက်လွှတ်မခံနဲ့နော်၊ ပျော်ပျော်ပါးပါး နေစမ်းပါဗျ"

ဟု မောင်ဘသက်က ပြောပြန်လေ၏။

"ကဲဗျာ၊ ဒီလိုဆိုလဲ ခင်ဗျားနဲ့ လိုက်ခဲ့ပါ့မယ်"

ဟု မောင်ဘချစ်က ကတိပေးလိုက်လေ၏။

နောက်တစ်နေ့တွင် မောင်ဘချစ်သည် မောင်ဘသက်တို့နှင့် အတူ ပဲခူးဘက်သို့ ပျော်ပွဲစားထွက်ခဲ့လေ၏။ မောင်ဘသက် ပြောသည့်အတိုင်းပင် အတော်အတန် ပျော်စရာကောင်းကြောင်း တွေ့ရသဖြင့် မောင်ဘချစ်သည် မောင်ဘသက်ခေါ်ရာသို့ မကြာခဏ လိုက်ပါခဲ့လေတော့၏။ မောင်ဘသက်ကလည်း ပျော်ပွဲစားမှတစ်ဆင့် ကလပ်သို့ ခေါ်၏။ ကလပ်မှတစ်ဆင့် ဟိုတယ်သို့ခေါ်၏။ ဟိုတယ်မှတစ်ဆင့် မြင်းပွဲသို့ခေါ်၏။

ထို့ကြောင့် မောင်ဘချစ်သည် အရက်ကိုလည်း သောက်၏။ အပျော်အပါးလည်း လိုက်၏။ လောင်းကစားလည်း လုပ်၏။ သို့ရာတွင် မည်သည့်အရာကိုမှ အလွန်အကျွံမလုပ်သောကြောင့်

၎င်း၏ စီးပွားရေးကို ထိခိုက်နစ်နာစေခြင်း မရှိခဲ့ပေ။

ယခုအခါ၌ မောင်ဘချစ်သည် ငွေကြေးချောင်လည်လာ၍ လူ့ပေါင်းဘုံက လူရာဝင်လာပြီဖြစ်ပေရာ၊ အပေါင်းအသင်းလည်း စုံလှပေတော့၏။ သာရေးနာရေး ကိစ္စတိုင်း၌ မောင်ဘချစ်ကို တလေးတစား ဖိတ်လေ၏။ မောင်ဘချစ်လည်း ရွှေထီးတန်းမှ ရောက်ရှိလေ၏။ နေရာတိုင်းမှလည်း မောင်ဘချစ်ဟူ၍လည်းကောင်း၊ ကန်ထရိုက်တာကြီး ဦးဘချစ်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြိုဆိုကြကုန်၏။ မောင်ဘချစ်၏ လုပ်ငန်းများသည်လည်း တစ်ဆက်ထက်တစ်ဆ ကြီးထွားလာလေတော့၏။

ဤသို့ ကြီးထွားလာရခြင်းမှာ ၎င်း၏ကိုယ်ပျောက် အကြံပေးအဖွဲ့ဝင်ကိုးဦးကြောင့်ဖြစ်ကြောင်း မည်သူတစ်စုံတစ်ယောက်ကမျှ သိရှိခြင်း မရှိပေ။ မောင်ဘချစ်လည်း ၎င်း၏ အကြံပေးအဖွဲ့နှင့် လုံးဝအဆက်အသွယ်ပြတ်၍ နေလေတော့၏။

❖ ❖ ❖

တစ်နေ့သ၌ မောင်ဘချစ်သည် ၎င်းမိတ်ဆွေ မောင်ဘသက်တို့၏ အဖွဲ့နှင့်အတူ မောင်းမကန်သို့ အပျော်ခရီးထွက်ခဲ့ကြလေတော့၏။ ၎င်းတို့၏ အဖွဲ့၌ မိန်းမများလည်း ပါ၏။ ထိုမိန်းမများမှာ အချို့သည် ၎င်းတို့၏ လင်ယောက်ျားများနှင့်အတူ လိုက်ပါလာခြင်း ဖြစ်သော်လည်း အချို့သော မိန်းမများမှာမူ လင်ယောက်ျားမရှိ၊ လွတ်လပ်သူများ ဖြစ်ပေသည်။

မောင်းမကန်သို့ရောက်သည့်အခါ၌ ပိုလ်တဲသုံးလုံးကို





ငှားရမ်း၍ သုံးစုခွဲကာ နေထိုင်ကြလေ၏။ အစုတစ်စုတွင် ထမင်းချက်တစ်ယောက်နှင့် လက်တိုလက်တောင်း ခိုင်းစေရန် အလုပ်သမား တစ်ယောက်စီ ပါလေ၏။

မောင်ဘသက်သည် ပိုလ်တဲသို့ ရောက်သည့်အချိန်မှစ၍ ပိုကာဝိုင်းတစ်ခု ဖြစ်အောင် ဖန်တီးထားလေ၏။ အရက်သောက်တတ်သူများအတွက်လည်း အရက်များ အပြည့်အစုံပါလေသည်။

မောင်ဘချစ် တည်းခိုသော ပိုလ်တဲ၌ လင်မယားနှစ်စုံတွဲအပြင် အတွဲမဟုတ်သော မိန်းမတစ်ဦးလည်း ပါရှိလေ၏။ ထိုမိန်းမ၏ အမည်မှာ ညိုညိုဟူ၍ ဖြစ်၏။ အသားညိုစိမ့်စိမ့်ရှိ၍ မျက်လုံးမျက်ခုံးကောင်း၏။ ခါးသေး၍ ရင်ကျယ်၏။ ထို့အပြင် ခွင်ကားနိုင်မောက်သော တင်လည်း ရှိ၏။ ညိုညိုအား ယောက်ျားများက ခန်းခန့် ရှိသည့်သို့ ပြော၏။ မောင်ဘသက် ကိုယ်တိုင်ကပင်လျှင်

"ကျုပ်က ဟောဒီလို အဖွဲ့နဲ့ လာချင်တာ မဟုတ်ဘူးဗျ၊ ညိုညိုတို့လို ချက်တတ်ပြုတ်တတ် အစအနရာရာ တတ်တဲ့သူနဲ့ နှစ်ယောက်တည်း လာချင်တာ"

ဟု ပြောလေ၏။

ထိုအခါ ညိုညိုက---

"နှစ်ယောက်တည်း လာချင်လဲ နောက်တစ်ခေါက် လာတာပေါ့ ကိုဘသက်ရယ်"

မခိုးမခန့်ပြန်၍ ပြောလေ၏။ အမှန်စင်စစ် ညိုညိုသည် မည်သည့်ယောက်ျားကိုမျှ ကြောက်လန့်မည် မဟုတ်ပေ။ ၎င်း၏ ယောက်ျားနှင့် ပတ်သက်သော အတွေ့အကြုံများက တစ်ထမ်း

တစ်ပိုးကြီး ရှိလေ၏။ ၎င်းညိုညိုသည် မျက်နှာဖြူ အရေးပိုင်တစ်ဦး၏ မယားငယ်ဖြစ်ဖူး၏။ ရက်ကန်းသူဌေးနှင့် ညားဖူး၏။ ဌာနာအုပ်တစ်ဦးနှင့် သတင်းထွက်ဖူး၏။ ညိုညိုသည် အတွေ့အကြုံများလှ၏။ ယောက်ျားတို့၏ သဘောကို နောကျေ၍ နေ၏။ နောက်ဆုံး၌ နာမည်ကြီးပိုင်းလုံးတစ်ဦး ဖြစ်ခဲ့လေတော့သည်။

ယခုအခါ၌ ညိုညိုသည် သားကောင်ကို ရှာနေသော မုဆိုးနှင့် တူ၏။ မည်သည့် ယောက်ျားကို ပိုင်းရမည်ဟု အကွက်ချောင်း နေသူဖြစ်၏။ ယောက်ျားများကလည်း အပိုင်းမခံဘဲနှင့် ညိုညိုအား တချောင်းချောင်း၌ အပိုင်ကြံရန် ချောင်းမြောင်းနေလေ၏။ ထိုယောက်ျားများကား ဤကိုရွှမ်းမြို့၌ စားနေကျ ကြောင်ဖားများ ဖြစ်ကြပေ၏။ ညိုညိုကလည်း ထိုကြောင်ဖားများကို အလစ် ချောင်းနေသူဖြစ်၏။ မတတ်သာသည့်အဆုံး၌ ကြောင်သားကို ပင် စားမည်ဟု ဆုံးဖြတ်ထား၏။

ညိုညိုသည် ရေကူးဝတ်စုံနှင့် ရေထဲသို့ ပြေး၍ ဆင်းသွားလေ၏။ ရေထဲတွင် လှိုင်းများကို စီး၍ ဆော့နေ၏။ တအောင့်မျှ အကြာတွင် ကမ်းပေါ်သို့ ပြန်တက်လာပြီးလျှင် စေးထန်းထန်း နိုင်လှသော ဆားငန်ရေများကို ဆေးကြောသည့်အနေနှင့် ဗိုလ်တဲ၏ နောက်တွင်ရှိသော ရေချိုတွင်း၌ ရေတစ်ထယ် ချိုးပြန်၏။ ဤသည်ကို ငွေစာရင်းစုံမှ ဦးလှဖေဆိုသည့် အရာရှိကြီးတစ်ဦးက ပြတင်းပေါက်မှနေ၍ မျက်စိကျွတ်ကျွတ်ကျလှမတတ် ချောင်းမြောင်းကြည့်ရှုနေလေ၏။ များမကြာမီ၌ပင် ဦးလှဖေ၏ မိန်းမသည် ဦးလှဖေ၏ နောက်မှ ရောက်ရှိလာပြီးလျှင် ဦးလှဖေ၏





နားရွက်ကို လိမ်၍ဆွဲကာ———

“ရှင်အသက်ကြီးမှ တော်တော်ထ။ ဟို ညိုညိုဆိုတဲ့ကောင်မကလဲ ယောက်ျားတွေ မွှန်းထူအောင် တမင်သက်သက် လုပ်နေတာ”

ဟု ပြောဆိုလေ၏။

ဤသို့ပြောဆိုရာမှအစ ငွေစာရင်းအရာရှိ ဦးလှဖေတို့ လင်မယားသည် ရန်ဖြစ်ကြလေတော့၏။ ဗိုလ်တဲသုံးလုံးစလုံး ရုတ်ရုတ်သဲသဲ ဖြစ်၍သွားလေတော့၏။ ညိုညိုလည်း ရေချိုးပြီး၍ အဝတ်အစားလဲကာ ဗိုလ်တဲပေါ်သို့ တက်လာ၏။ ထိုအချိန်၌ တိရစ္ဆာန်ဆေးကုဆရာဝန်ကြီးမိန်းမက ဦးလှဖေ၏မိန်းမအား——

“ဘာကနေ ဖြစ်ကြတာလဲ မခင်ကြည်ရယ်”

ဟု မေးလေ၏။ ထိုအခါ၌ ဦးလှဖေ၏ မိန်းမ မခင်ကြည်က

“ဘာကနေ ဖြစ်ရမှာလဲ။ ဟို ညိုညိုဆိုတဲ့ ကောင်မက ယောက်ျားတွေ မွှန်းထူအောင်လို့ ရေကူးဝတ်စုံနဲ့ ရေချိုးတယ်လေ။ ဒီက ခေါင်းဖြူစွယ်ကျိုးကြီးကလဲ ချောင်းကြည့်တယ်လေ၊ အဲဒါကနေပြီး ဖြစ်ကြတာပေါ့၊ ကောင်မကိုလဲ ပြောရဦးမယ်၊ ယောက်ျားတွေ တစ်လှေကြီးနဲ့လာတာ ဝတ်တာစားတာ ဆင်ခြင်ဖို့ ပြောရမယ်”

ဟု ပြောလေ၏။

ထိုအခါ၌ ညိုညိုသည် ဗိုလ်တဲပေါ်သို့ ရောက်နေပြီဖြစ်ရာ မိမိအား ပြောဆိုနေကြောင်း သိသော်လည်း မသိဟန်ပြု၍ နေလေ၏။ မခင်ကြည်က ညိုညိုကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် စားတော့ဝါးတော့မည့်ကဲ့သို့ ကြည့်ရှုလေ၏။ ညိုညိုက ဂရုမစိုက်

ဘဲ ပိုက်ဆံအိတ်ကလေးကို ဖွင့်ကာ တို့ဖတ်ပဝါထုတ်၍ မျက်နှာကို တို့ဖတ်ရိုက်၏။ မျက်ခုံးမွေး သွားမွတ်တံကို ထုတ်၍ မျက်ခုံးမွေး ဆွဲ၏။

မင်းကြည်သည် ညိုညိုအား---

"ဒီမှာ မညိုညို၊ ယောက်ျားတွေ တစ်လှေကြီးနဲ့လာတာ ဝတ်တာ စားတာ ဆင်ခြင်ပြီး ဝတ်ပါ၊ ယိုသွမ်းရက် မြင်သူရှက် ဆိုသလိုပဲ မိန်းမချင်းတောင်မှ မကြည့်ဝံ့တဲ့ အဝတ်အစားတွေ မဝတ်ပါနဲ့"

ဟု ပြောဆိုလေ၏။

တိရစ္ဆာန်ဆရာဝန်ကြီး၏ ဇနီး ဒေါက်တာကလည်း မင်းကြည်၏စကားကို သံယောင်လိုက်၍---

"ဟုတ်တာပေါ့ရှင်၊ ဆင်ဆင်ခြင်ခြင်တော့ ဝတ်ဖို့တော့ ကောင်းပါတယ်၊ အဆင့်အတန်းရှိတဲ့ လူတွေချည်း လာကြတာ ဥစ္စာ"

ဟု ဝင်ရောက်ပြောဆိုလေ၏။

ညိုညိုသည် ၎င်းတို့နှစ်ဦးအား တစ်ချက်မျှ ကြည့်လိုက်ပြီးလျှင်---

"ကျွန်မဟာကျွန်မ ဘာပဲဝတ်ဝတ် ရှင်တို့အပူ မပါဘူး၊ ပင်လယ်ကမ်းစပ်မှာ ရေချိုးဖို့လာတာဟာ ရေကူးဝတ်စုံဝတ်ရမှာပေါ့၊ ဒါဟာ ရှင်တို့နဲ့ ဘာဆိုင်သလဲ"

ဟု ပြန်၍ ပြောလိုက်ရာမင်းကြည်က---

"ဆိုင်တယ်ဟဲ့ ဆိုင်တယ်၊ နင်က မလုံ့တလုံဝတ်တော့ ယောက်ျားတွေက မနေနိုင်မထိုင်နိုင် ဖြစ်ကုန်ကြတာပေါ့"





ဟု ပြောလေ၏။

"အဲဒါလဲ ရှင့်အပူမပါပါဘူး မင်းကြည်၊ ရှင့်လင်ကို ကျွန်မက ရင်တော့ ရှင်ဟာ လူလယ်ကောင်မှာ ကျွန်မကို ပါးဆွဲပြီး ရိုက်နိုင်မှ ရှိတယ်၊ အဲဒီလိုမဟုတ်သေးသမျှ ရှင့်အနေနဲ့ ကျွန်မကို မျက်စောင်းတောင် ထိုးပြီး ကြည့်ခွင့်မရှိဘူး"

ဟု ပြောဆိုကာ ညိုညိုသည် တို့ဖတ်ပဝါနှင့် သွားမွတ်တံကလေးကို ပိုက်ဆံအိတ်အတွင်းသို့ ထည့်လိုက်လေ၏။ မင်းကြည်က---

"မျက်စောင်းထိုးရုံ မဟုတ်ဘူး၊ အခုလို ပါးဆွဲရိုက်ဦးမယ်"

ဟု ဆိုကာ ရှေ့သို့ တိုးလာလေ၏။ ညိုညိုလည်း ပိုက်ဆံအိတ်အတွင်းမှ ၃၂-ဘို့ ခြောက်လုံးပြူးကလေးကို ဆွဲထုတ်လိုက်ပြီးလျှင် မင်းကြည်အား ချိန်ရွယ်လိုက်လေ၏။ မင်းကြည်လည်း ခြေလှမ်းတုံ့၍ သွားလေ၏။ အနီးမှ လူများလည်း ဟင်ခနဲ ဟားခနဲ ဖြစ်ကုန်ကြလေသတော့၏။

ထိုအခါ၌ ညိုညိုက---

"ဒီအပေါက်မျိုး လာမချိုးနဲ့ အသေဆိုးနဲ့သေသွားမယ်၊ သတ္တိရှိရင် ရှေ့တိုးကြည့်စမ်း"

ဟု ဆိုကာ မိုးပေါ်သို့ ထောင်၍ ဒိုင်းခနဲ သေနတ်တစ်ချက် ပစ်ပြလိုက်၏။ မင်းကြည်သာ မဟုတ်ပေ၊ တိရစ္ဆာန်ဆရာဝန်ကြီးကတော်ပါ---

"အမယ်လေးတော့်"

ဟု အော်ဟစ်၍ ကြမ်းပြင်ပေါ်၌ ပြားပြားဝပ်လေတော့၏။ ယောက်ျားများလည်း ကြောက်ဒူးတုန်ကြလေတော့၏။

ဗိုလ်တဲ၏ ဧည့်ခန်းတွင် ထိုင်၍ သတင်းစာဖတ်နေသော မောင်ဘချစ်တစ်ယောက်သာလျှင် တုန်လှုပ်ခြင်း မရှိဘဲ ညိုညို အား တစ်ချက်လှမ်း၍ ကြည့်လိုက်လေ၏။ ညိုညိုကလည်း လှမ်း ၍ကြည့်လိုက်သဖြင့် အကြည့်ချင်း ဆုံ၍ သွားလေတော့၏။

ယောက်ျားများက ညိုညိုအား သေနတ်ကို ပြန်၍ သိမ်းထား ရန် ပြောလေ၏။ ညိုညိုက---

"သေနတ်မသိမ်းနိုင်ဘူး၊ ကျွန်မ ရှင်းရှင်းပဲ ပြောမယ်၊ ဒီဗိုလ် တဲပေါ်က စုတ္တဲတွေ ဟိုဘက်ဗိုလ်တဲကို ရွှေ့ပေးပါ၊ ကျွန်မ လက်ယားနေပြီ၊ ပစ်မိလိမ့်မယ်"

ဟု ပြောလျှင် ဦးလှဖေတို့ စုတ္တဲနှင့် တံရွှာန်အရာဝန်ကြီး စုတ္တဲသည်

"ရွှေ့ပေးပါ့မယ်၊ ရွှေ့ပေးပါ့မယ်"

ဟုဆိုကာ ရွှေ့ကြပြောင်းကြလေတော့၏။

ဦးလှဖေ၏ မိန်းမ မမင်ကြည်မှာမူ ညိုညိုကို ကြောက်လွန်း သဖြင့် သေးများပင် ဖြန်းဖြန်းပါလေတော့၏။ အားလုံး ရွှေ့ ပြောင်းသွားသည့်အခါ၌ ညိုညိုသည် မောင်ဘချစ်ရှိရာ ဧည့်ခန်း သို့ ထွက်လာပြီးလျှင် ကြိမ်ပက်လက် ကုလားထိုင်တစ်လုံး၌ ဝင်၍ ထိုင်ကာ အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင်ကို ကောက်ယူလိုက် လေ၏။ ထိုအခါ၌ မောင်ဘချစ်က ညိုညိုအား--

"အစ်မကြီးလုပ်လိုက်တာ ငွေစာရင်း အရာရှိကတော်တော့ ကြောက်သေးတောင်ပါသွားပြီ"

ဟု ပြောလိုက်လေ၏။

"ကြောက်တာလား၊ သူတစ်ယောက်တည်း မဟုတ်ပါဘူး၊





ယောက်ျားတွေပါ ကြောက်ကုန်တာပဲ၊ ကိုဘသက်ဆိုရင် အသံ တွေဘာတွေတောင် တုန်လို့၊ ခင်လှကျော့ကြီးက ကိုခင်လှကြီးဆို ရင် မျက်စိပျက် မျက်နှာပျက်နဲ့ သူ့မျက်နှာမှာ သွေးတောင်မရှိ တော့ဘူး၊ ရယ်ချင်လိုက်တာ၊ အင်း--- တစ်ခုတော့ရှိတယ်၊ ဟောဒီ ငါ့မောင်ကတော့ ကြောက်တဲ့အထဲ မပါဘူး၊ တကယ့် သတ္တိခဲပဲ၊ မမက ယောက်ျားဆိုလဲ ဒီလို ယောက်ျားမျိုးမှ သဘော ကျတာ"

ဟု ညိုညိုကပြောရင်း မဂ္ဂဇင်းစာအုပ်ကို တစ်ရွက်ပြီး တစ်ရွက် လှန်နေလေ၏။ မောင်ဘချစ်ကလည်း

"စောစောက မမရဲ့ သေနတ်ချိန်ပုံကလေးရယ်၊ မိုးပေါ် ထောင်ပြီး ပစ်ပုံလေးရယ်၊ ပြီးတော့ ကြိမ်းလိုက်ပုံလေးရယ်ကို သဘောကျလှသဗျာ"

ဟု ပြောလေ၏။

"အေးလေ၊ အခုတော့ ရှင်းသွားပြီပဲ၊ တို့ ဗိုလ်တဲမှာ ထမင်း ချက်တဲ့အဘိုးကြီးရယ်၊ နိုင်းတဲ့ကောင်လေးရယ်၊ ပြီးတော့ မင်း နဲ့ မမရယ်ပဲ ရှိတော့တာပေါ့၊ ကောင်းပါတယ် အရှုပ်တွေ ရှင်း သွားတာပေါ့"

ဟု ညိုညိုက ပြောလေ၏။

❖ ❖ ❖

## မောင်ဘချစ်နှင့် ညိုညို

မောင်ဘချစ်နှင့် ညိုညိုတို့သည် လရောင်အောက် အုန်းပင်ရိပ်များကို မှီကာ တပူးတွဲတွဲနှင့် ထိုင်ကြလေ၏။ ပင်လယ်လေညှင်းကို ခံရင်း သဲနုနုလေးများပေါ်တွင် လမ်းလျှောက်ကြလေ၏။ အုန်းသီးစိမ်းတစ်လုံးတည်းကို တစ်ယောက်တစ်လှည့် မော့၍ သောက်ကြကုန်၏။ နှစ်ယောက်အတူတူ ရေကူးကြကုန်၏။ ပင်လယ်လှိုင်းများကို စီးကြကုန်၏။

ထို့နောက် မောင်ဘချစ်သည် ပင်လယ်ကမ်းစပ်မှ ခရုခွံကလေးများကို ကောက်၍ ညိုညိုအား ပေးလေ၏။ ထိုအခါ၌ ညိုညိုက---

"ဘာလုပ်ဖို့လဲ မောင်လေးရဲ့"

ဟု ပြန်၍ မေးလေ၏။

"မမကလဲဗျာ၊ ခရုခွံ လှလှကလေးတွေကို မိန်းမတိုင်းဟာ ကြိုက်တတ်ကြတာပဲ၊ မမက ဘယ်နှယ်လဲ"





ဟု မောင်ဘချစ်က ပြန်၍မေးလေ၏။

"မောင်လေးမေးတဲ့ မေးခွန်းက ရှင်းနေတာပဲ၊ မမဟာ တခြား မိန်းမတွေနဲ့ မတူလို့ပေါ့ကွယ်၊ ငါ့မောင် **မောရစ်ဂေါကယ်** **ရေးတဲ့** **ရှိုဝစ်စ်ဂေါကျွင်း** ဖတ်ဖူးတယ် မဟုတ်လား၊ အဲဒီထဲက မိရှားဟာ ဖွားစောလေကွယ်"

ဟု ညိုညိုက ပြောလိုက်ရာ မောင်ဘချစ်က---

"ကျွန်တော် မဖတ်ဖူးဘူး၊ ဒါပေမယ့် ဖွားစောအကြောင်းတော့ သိတယ်"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုဆိုရင် ငါ့မောင်က မိန်းမတွေကို အထင်ကြီးတတ်ပြီပေါ့"

ဟု ညိုညိုက ပြော၍ မောင်ဘချစ်၏ မျက်နှာကို အကဲခတ်သလို ကြည့်လိုက်လေ၏။

"ကျွန်တော်က ငယ်ငယ်ကတည်းကိုက မန်လည်ဆရာတော်ရေးတဲ့ မဃဒေဝကို အရည်ကျိုသောက်ခဲ့တဲ့အပြင် ကျွန်တော့်မိန်းမကလဲ ကျွန်တော့်ကို သစ္စာဖောက်သွားတာဆိုတော့ **မိန်းမဟူငြား သဘောအားဖြင့် ယောက်ျားတကာ ဆက်ဆံရာကြောင့် ပမာမယွင်း ရေနှင့်မြင်းသို့ စီးနင်းသူနောက် ကောက်ကောက်ချည်းသာ ဆောင်ရာပါရှင့် မိစ္ဆာစာရ ကျင့်ပါပလည်း မိန်းမအလေ့ ပျောက်မမေ့တည့်**ဆိုတဲ့စာကို အမြဲတမ်းနှလုံးသွင်းမိနေတယ်၊ ခပ်ရှင်းရှင်းပြောရရင် မမတို့ မိန်းမတွေကို ဘယ်နေရာမှာမှ အထင်မကြီးနိုင်ဘူး"

ဟု မောင်ဘချစ်က အားမနာတမ်း မိန်းမတို့၏ မကောင်း

ကြောင်း အလင်္ကာကို ရွတ်ပြလိုက်ရာ ညိုညိုက တခစ်ခစ်နှင့် ရယ်မောလေ၏။

"ဟုတ်ပါတယ် မောင်လေးရဲ့ မိန်းမတွေဟာ မောက်ပြန်ပါတယ်၊ ဘယ်လိုအချိန်မှာ မောက်ပြန်သလဲဆိုတော့ ငါ့မောင်အရည်ကျို့သောက်ထားတဲ့ မယဒေဝ စာကိုပဲ ရွတ်ပြမယ်၊ **လင်မူ့ လင်နာ လင်သုရာကြိုက် လင်မိုက်လင်ဖျင်း လင်ဖျင်းလင်အို အလိုအဖြည့် မပြည့်ဆန္ဒ ရှိတုံကလျှင် မိန်းမဟူသည် ဤရှစ်မည်ကြောင့် မကြည်မသာ ပြုတတ်စွာ** တဲ့ကွယ်၊ အဲဒီ လင်ရှစ်မျိုးထဲမှာ ပါရင်တော့ မိန်းမတွေရဲ့ သစ္စာဖောက်မှု ခံရမှာ အမှန်ပဲ၊ အဲဒီတော့ ငါ့မောင်ကို သစ္စာဖောက်သွားတယ်ဆိုတဲ့ မိန်းမဟာ ငါ့မောင် မူ့နေတုန်းက လင်မူ့ဖြစ်နေတုန်းက ဖြစ်ပါလိမ့်မယ်၊ ခုအခါမှာ ငါ့မောင်အိမ်ထောင်ပြုရင် လင်မူ့ လင်နာ၊ လင်သုရာကြိုက် လင်မိုက်လင်ဖျင်း၊ လင်ဖျင်းလင်အို အလိုမဖြည့်၊ မပြည့်ဆန္ဒ ရှိတုံကလျှင်၊ မိန်းမဟူသည်၊ ဤရှစ်မည်ကြောင့် မကြည်မသာ ပြုတတ်စွာ ဆိုတဲ့ လင်ရှစ်မျိုးထဲမှာ မပါတော့ပါဘူး"

ဟု ပြောလိုက်ရာ မောင်ဘချစ်က တဟားဟားနှင့် ရယ်လေတော့၏။ ရယ်ပြီးနောက်---

"မမ ပြောတာ သိပ်မှန်တာပဲ၊ ကျွန်တော်က လင်မူ့ တစ်ယောက် ဖြစ်ခဲ့တယ်၊ အဲဒါကြောင့် ကျွန်တော့်မိန်းမဟာ ကျွန်တော့်ကိုပစ်ပြီး တခြားလင်တစ်ယောက်နဲ့ ပါသွားတယ်၊ အဲဒီလင်ကလဲ လင်အို တစ်ယောက်ပဲဗျ၊ မမက သိပ်တော်တာ၊ ကျွန်တော် မမကို ဒီတစ်ချက်တည်းနဲ့ အထင်ကြီးသွားပြီ"

ဟု ပြောလျှင် ညိုညိုက---





"အထင်ကြီးတော့ ဘာဖြစ်သလဲကွယ်"

ဟု မေးလေ၏။

"အထင်ကြီးတော့ လေးစားတာပေါ့ မမရယ်"

"လေးစားတော့ ဘာဖြစ်သလဲ မောင်လေးရဲ့"

"လေးစားတော့ မြတ်နိုးတာပေါ့ မမရယ်"

"မြတ်နိုးတော့ ဘာဖြစ်သလဲ မောင်လေးရဲ့"

"မြတ်နိုးတော့ ယုယတာပေါ့ မမရယ်"

"ယုယတော့ ဘာဖြစ်သလဲ မောင်လေးရဲ့"

"ယုယတော့ ဟောဒီလို ပိုက်ထွေးတာပေါ့"

ဟု ဆိုကာ မောင်ဘချစ်သည် ညိုညိုအား သိုင်း၍ ဖက်လိုက်လေ၏။ ထို့နောက် ညိုညို၏ပါးများကို တရစပ်နမ်းရှုပ်လေတော့၏။

ထိုအခါ၌ ညိုညိုက---

"ဟိုး--- ဆရာ၊ ဟိုး--- ဆရာ"

ဟု ဆိုကာ မောင်ဘချစ်၏ မေးစေ့ကို လက်ကလေးဖြင့် တွန်းဖယ်ထားလေ၏။ ထိုသို့ တွန်းထားပြီးလျှင်---

"မင်းကို ဒီလိုလုပ်ဖို့ ဘယ်သူက ပါမစ်ပေးထားလို့တုံး"

ဟု ပြောလိုက်ရာ မောင်ဘချစ်က

"ဝမ်သောက်ပါမစ်ပေးမှမရယ်၊ ချစ်တဲ့လူအတွက် ပါမစ်မလိုပါဘူး၊ ပါမစ်နဲ့ ချစ်ရမယ်ဆိုရင်လဲ ကျွန်တော်ကတော့ ပါမစ်လျှောက်နေမှာ မဟုတ်ဘူး"

ဟု ပြောဆိုကာ မောင်ဘချစ်သည် ညိုညိုအားဖက်၍နမ်းရှုပ်ပြန်လေ၏။

ဤသို့နှင့်ပင် မောင်ဘချစ်သည် အထက်တန်းစား ပိုင်းလုံးမ တစ်ဦးအား မေတ္တာသက်ဝင်၍ အချစ်ကြီး ချစ်မိလေတော့၏။

မောင်ဘချစ်နှင့် ညိုညိုတို့သည် ပျော်ပွဲစားအဖွဲ့တစ်ဖွဲ့လုံး ပြန်ကြသည့်တိုင်အောင် လိုက်၍ မသွားသေးဘဲ မောင်းမကန်၌ပင် ကျန်ရစ်ခဲ့ကြလေ၏။ အပျော်ကြီး ပျော်ခဲ့ကြလေ၏။ ညိုညိုက မောင်ဘချစ်အား---

"မောင်လေးရယ်၊ မမကို အပျော်သဘောပဲ ကြံတာလား၊ အတည်ယူဖို့ကော စဉ်းစားသေးသလား"

ဟု မောင်ဘချစ်၏ နဖူးဆံစကလေးကို လက်ဖြင့်သပ်၍မေးလေ၏။

"ပထမတော့ အပျော်ကြံတာပဲ၊ အခုတော့ ကျွန်တော့် နှလုံးသည်းပွတ်တွေ အရည်ပျော်သွားပြီ၊ ကျွန်တော် တကယ်ယူမယ်"

ဟု ပြောလိုက်လေ၏။

"စဉ်းစဉ်းစားစားပြောပါ မောင်လေးရယ်၊ မမမှာက နာမည်ပျက် တစ်ဒါဇင်လောက် ရှိတယ်"

ဟု ညိုညိုက တိုးတိုးညင်းညင်း လေသံကလေးဖြင့် ပြောလိုက်လေ၏။

"နာမည်ပျက်တစ်ခုကို တစ်ထောင်လောက် တန်တယ်ဆိုရင်တောင် နာမည်ပျက် တစ်ဒါဇင်ဆိုတော့ သောင်းနှစ်ထောင်လောက် တန်တာပေါ့ဗျာ၊ ပြီးတော့ ကျွန်တော်က မမကို ချစ်မယ်ဆိုတာက ကိလေသာ ကာမဂုဏ်နဲ့ ချစ်မှာ မဟုတ်ဘူး၊ ဖြူစင်သန့်ရှင်းတဲ့ ၅၂၈ သွယ် မေတ္တာနှင့် ချစ်မှာဆိုတော့ စေတနာက





သောင်းနှစ်ထောင်ကို ၅၂၈ နဲ့ မြှောက်ရမှာပဲ၊ မြှောက်လိုက်ရင် ၆၃၃၆၀၀၀ ရတာပေါ့၊ အခုရွှေဈေးက တစ်ကျပ်သားကို ၁၅ ကျပ် ပေးရတယ်ဆိုတော့ အဲဒီငွေနဲ့သာ ရွှေကိုဝယ်ရင် ပိဿာ ၁၀၀၀ လောက် ရမယ်၊ စာထဲမှာပါတာက ဟန်တစ်ခါပြင် ရွှေချင် ဆယ်တင်းလို့ပဲပါတယ်၊ ဟန်တစ်ခါပြင်ဆိုတဲ့ စကားဟာ ယောက်ျား ရှေ့မှာ ကိုယ်ဟန်ပြတာကို ပြောတာနဲ့ တူပါရဲ့၊ အဲဒီလို ကိုယ်ဟန်ပြတဲ့ တန်ဖိုးကိုပြောတာ မဟုတ်လားမမရဲ့၊ အဲဒီတော့ နာမည် ပျက်ခဲ့တဲ့ မမရဲ့တန်ဖိုးကိုလဲ တွက်လိုက်ရင် ရွှေဆယ်တင်းတောင် ဘယ်ကာမလဲဗျာ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ညိုညိုက---

"တော်တော် ကတ်သီးကတ်သတ်ပြောတဲ့ မောင်လေးပဲ"

ဟု ဆိုကာ မောင်ဘချစ်၏ ဗိုက်ခေါက်ကို လိမ်ဆွဲလိုက်၏။

ဤသို့လျှင် မောင်ဘချစ်နှင့် ညိုညိုတို့သည် ပင်လယ်ကမ်းစပ်၌ ကိန္နရီမောင်နှံအလား မြူးထူးပျော်ပါးလျက် ရှိနေသည့်အခါ၌ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သော မောင်ဘသက်တို့ လူစုသည် မောင်ဘချစ်တစ်ယောက်တော့ ညိုညို၏ ညွှတ်ကွင်း၌ ခြေကားရား လက်ကားရား မိသွားရှာပြီဖြစ်ကြောင်းကို သတင်းလွှင့်ကြကုန်၏။ ဦးလှပေ၏မိန်းမမခင်ကြည်နှင့် တီရွှေအုန်း ဆရာဝန်ကြီးကတော် ဒေါ်ကေသီတို့ကလည်း ကန်ထရိုက်တာ မောင်ဘချစ်တစ်ယောက် ကြေးစားမိန်းမတစ်ဦးနှင့် ညားသွားပြီ ဖြစ်ကြောင်း လှည့်လည် ပြောဆိုကြကုန်၏။ မောင်ဘချစ်၏ အသိုင်းအဝိုင်း တစ်ခုလုံးတွင် မောင်ဘချစ်သည် ကောင်းစွာ အပုပ်ချခံ၍ နေရလေ၏။

"ဒီလူနှယ်ဗျာ၊ မိန်းမရှားလွန်းလို့ ဒီအပုပ်ကြီးကိုမှ ယူရ သလား"

ဟူ၍လည်းကောင်း---

"မမြင်ဖူးတော့ မှုန်မြစ်ထင် ဆိုတာ ဒါမျိုးပေါ့"

ဟူ၍လည်းကောင်း---

"ညိုညိုကတော့ မကျွေးကတတ်ကြေးပဲ၊ မောင်ဘချစ်ကို တခိန် ပိုင်းလိုက်မှာနော်၊ တကယ့် ပိုင်းလုံးမကြီးပဲ"

ဟူ၍လည်းကောင်း အမျိုးမျိုး အဖုံဖုံ ပြောဆိုနေကြပြီ ဖြစ် လေ၏။

မောင်ဘချစ်နှင့် ညိုညိုတို့လည်း ရန်ကုန်သို့ ပြန်လည်ရောက် ရှိလာပြီးလျှင် ကုက္ကိုင်းဘက်၌ နှစ်ထပ်အိမ်ကြီး တစ်လုံးပါသော ခြံတစ်ခြံကို ဝယ်ယူ၍ စောင် နေထိုင်ကြလေတော့၏။ မောင်ဘ ချစ်သည် ညိုညိုအား တရားဝင်လက်ထပ်လိုက်ပြီး ဖြစ်၏။

မောင်ဘချစ်၏ အသိုင်းအဝိုင်းက မောင်ဘချစ်အား ညိုညိုကို ယူလိုက်သည့်အတွက် အထင်သေးသော အမူအရာများနှင့် ဆက် ဆံလာကြ၏။ မောင်ဘချစ်လည်း ထိုအခြင်းအရာကို ကောင်းစွာ ရိပ်မိလေ၏။ မောင်ဘချစ်သွားသည့် နေရာတိုင်းက ဤသို့လျှင် ဆက်ဆံကြသောကြောင့် မောင်ဘချစ်သည် လွန်စွာ တုန်လှုပ်၍ လာလေတော့၏။

တစ်နေ့သ၌ မောင်ဘချစ်သည် မောင်ဘသက်ထံသို့ သွား ရောက်ရာ မောင်ဘသက်က---

"ဟဲလို--- ကိုဘချစ်၊ မမြင်တာ တော်တော်ကြာပြီနော်၊ ကျုပ်ကတော့ ကိုဘချစ်တစ်ယောက် ဆေးထိုးရနေပြီမှတ်တာ"





ဟု ပြောလေ၏။ မောင်ဘချစ်က---

"ခင်ဗျားပြောတာ ဘာလဲ ကျုပ်နားမလည်ဘူး"

ဟု ပြန်၍ မေးလျှင် မောင်ဘသက်က စပ်ဖြဲဖြဲမျက်နှာထား ဖြင့်---

"ဒီလိုလေဗျာ၊ ညိုညိုဆီက ရောဂါတွေ ဘာတွေများ ကူးပြီ လားလို့ ပြောတာပါ"

ဟု ပြန်၍ ပြောလိုက်လေ၏။ မောင်ဘချစ်လည်း လွန်စွာ ဒေါသ ထွက်သွားသည်ဖြစ်ရာ မောင်ဘသက်၏ ပါးစပ်ဆီသို့ လက်သီးဖြင့် တအားကော်၍ ထိုးလိုက်လေ၏။

ထို့နောက် ရက်ခြင်း၊ ဝမ်းနည်းခြင်းကြီးစွာနှင့် အိမ်သို့ ပြန် လာပြီးလျှင် ညိုညိုအား တစ်စုံတစ်ရာ အပြစ်မရှိပါဘဲလျက်---

"မိန်းမယုတ်၊ နင့်ကြောင့် ငါ အပြောခံရတာ"

ဟုဆိုကာ ပါးကို ဖြန်းခနဲ ရိုက်ချလိုက်လေတော့၏။

ထိုအခါ ညိုညိုသည် မျက်ရည်များ တတွေတွေ စီးကျလာပြီး လျှင်---

"နှာခေါင်းပျက်တစ်ခုကို တစ်ထောင်တန်တယ်ဆို၊ ပြီးရင် မင်း ရဲ့ ဤစ သွယ် မျှော့နဲ့ ဖြောက်လိုက်ရင် ၁၅ သိန်းကျော် တန် တယ်ဆို မောင်လေး"

ဟု ပြောလိုက်ရာ မောင်ဘချစ်လည်း ဝမ်းနည်းစွာနှင့် ပန်းခြံ အတွင်းသို့ ဆင်းသွားကာ မျက်နှာကို လက်ဝါးနှင့်အုပ်၍---

"ငါတော့ ရှေ့ရှုန်မျှော်ပါပြီ"

ဟု ဆိုကာ ငိုကြွေးလေတော့၏။ ထိုအချိန်၌ မောင်ဘချစ်၏ နောက်နားမှနေ၍ အုလိုက်သည်းလှိုက် ရယ်သော ရယ်သံကြီး

တစ်သံကို ကြားရလေတော့၏။

"ဟား-- ဟား-- ဟား-- ဟား"

မောင်ဘချစ်သည် ထိုရယ်သံကြောင့် အံ့အားသင့်၍ သွား လေတော့၏။

"ရေစုန်မျောပြီ ဟုတ်လား၊ ရေစုန်မျောတာ ကောင်းတာပေါ့ကွ၊ ရေဆန်ကိုကူးရတာနဲ့ စာရင် ရေစုန်မျောတာက ဘာမျှ စိတ်ပျက်ဖို့ ရှိလို့တုံး ကိုယ့်လူရ"

ဟု ပြောဆိုသံကြားသဖြင့် မောင်ဘချစ်သည် လှည့်ကြည့်လိုက်ရာ ၎င်း၏ဆရာကြီး ဦးဂွမ်တီဖြစ်ကြောင်း တွေ့ရလေတော့၏။ ဦးဂွမ်တီသည် မောင်ဘချစ်၏ ရှေ့တွင်ရှိသော ကုလားထိုင်၌ ဝင်၍ထိုင်ကာ အောက်ပါအတိုင်း ဆက်၍ပြောပြန်လေ၏။

"ဘယ်လိုလဲကွ၊ မိန်းမရပြီဆို၊ ငါ့ကိုတောင် အကြောင်း မကြားပါလား ကိုယ့်လူရ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"အဲဒီ မိန်းမရလို့ ရေစုန်မျောတော့တာပေါ့ ဦးဂွမ်တီရယ်"

ဟု မောင်ဘချစ်က ဝမ်းနည်းသံကြီးနှင့် ပြောလိုက်လေ၏။

"ဒီ မိန်းမရလို့ ရေစုန်မျောတယ်လို့ ပြောရအောင် မင်းမိန်းမက သစ်ဖောင်လုပ်တဲ့ မိန်းမလားကွ"

ဟု ဦးဂွမ်တီက မေးလိုက်ပြန်လေ၏။

"စိတ်မချမ်းသာရတဲ့အထဲ ဆရာသမားရယ်၊ ကတ်သီးကတ်သတ်တွေ မပြောစမ်းပါနဲ့ဗျ"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"နေစမ်းပါဦး ကိုယ့်လူရ၊ ကိုယ့်လူရဲ့ မိန်းမကို ကျုပ်အနေ





ကြည့်စမ်းပါရစေဦး"

ဟု ဆိုကာ ဦးဂွမ်တီသည် အိမ်ဘက်သို့ လှည့်၍---

"ဗျို့-- မောင်ဘချစ်မိန်းမ၊ ဗျို့-- မောင်ဘချစ်မိန်းမ"

ဟု လှမ်း၍ အော်ခေါ်လေ၏။ ညိုညိုလည်း ဝရန်တာမှနေ၍ ပန်းခြံအတွင်းသို့ ငုံ့ကြည့်လေ၏။ ဦးဂွမ်တီက ညိုညိုကိုမြင်လျှင်-

"မောင်ဘချစ်မိန်းမလား၊ ဆင်းလာခဲ့ပါဦး"

ဟု လှမ်း၍ ခေါ်လေ၏။ ညိုညိုသည် ကြွေကရားလေး၌ ရေနွေးကြမ်းအိုးကို ထည့်၍ အကောင်းစား မျောက်ဖြူတံဆိပ် လက်ဖက်ခြောက်ကို ခပ်ပြီးလျှင် ကြွေရည်သုတ် လင်ပန်းကလေး၌ တင်ကာ ပန်းခြံအတွင်းသို့ ထွက်လာလေ၏။ ထို့နောက် ဦးဂွမ်တီရှေ့၌ ပန်းကန်လုံးကလေးများကို ချကာ ရေနွေးကြမ်းကို ငှဲ့ပေးပြီးလျှင်---

"သုံးဆောင်လိုက်ပါဦးရှင်"

ဟု လေသံကွတ်စကားပြောလေ၏။ ဦးဂွမ်တီလည်း ရေနွေး ပန်းကန်ကို ကောက်ယူ၍ အနည်းငယ်မှုတ်၍ သောက်လိုက်ပြီးလျှင် ညိုညိုအား ခြေဖျားမှစ၍ ဆံဖျားထိအောင် ကြည့်ရှုလိုက်ပြီးနောက်

**"ဘုရားရေ့၊ ခြေသစ်ဖျက်စီး၊ မရှိမထောင်၊ ဘကြင်မိန်းမ၊ ပြိမ်းလေစွ"** တဲ့ ခြေဖျက်စီ ပြေပြေပြစ်ပြစ်ကလေး ရှိတာကို ပြောတာ။

**ဖနောင့်ညီသော် ကောသဂီနတ်၊ မီးသတ်မှုတ်လောဘ** ဖနောင့် ညီတာကို နတ်သမီးနဲ့တောင် တင်စားထားတာ။

**ဘထက်တစ်ပိုင်း မှိုင်းမှိုင်းမှိုင်း ဝက်မင်းသို့လျှင်၊ ညိုညိုပြောင်ပြောင် ကြမ်းသက်စွာတည့်၊ ဘယူနရိုး၊ ဓမ္မိယစစ်၊ မင်းရိုးဖြစ်၏** တဲ့၊

မိန်းမတစ်ယောက်အဖို့ ခြေသလုံးမှာအမွေးပေါက်တာဟာ ကောင်းတယ်လို့ ဆိုတာပဲ။

ဦးရှာတကွာ၊ ညီမှာပြီပြီ၊ မိုးစိုလှုံကျွမ်း၊ မျှော်တဲ့ပလိင်၊ ဖြောင့်ပတ်ပြူးပြူး ဘလျာရှုဆောင်၊ ကြော့မှုနောက်၊ မဟာသီတဲ့၊ ပေါင်ကလေးက လုံးလုံးကျစ်ကျစ်ကလေးနဲ့ ဖြောင့်ဖြောင့် စင်း စင်းကလေးဖြစ်ပြီး အရှားရှားသွားရင် မဟာသီ မိဖုရားကြီး တောင် ဖြစ်လိုက်တယ်ဆိုပဲ။

ပြီးတော့ ဘကြော်မိန်း၊ ကိုယ်မြင်လျှော့၊ ညံ့ရတင့်ရွှေ၊ ခါစင်းတင်ကျယ်၊ ထုတထည်ဖြင့်၊ လှသွယ်စော၊ နတ်မော့ရာ၊ အလှဆောင်သည်၊ မိန်းမမြတ်တည်တဲ့ မိန်းမတစ်ယောက်အဖို့ တင်ပါး ဟာ ထုထည်ရှိပြီး၊ ကားကားရားရား ရှိမယ်ဆိုရင် မိန်းမမြတ် စာရင်းမှာ သွင်းရမယ်ဆိုပဲ။

နောက်ပြီး လာသေးတယ်၊ ခါးစါးသွယ်၊ လှတို့ဝယ်၌၊ ဖြစ် ကျယ်ပြန့်ပြူး ညံ့နူးနူ့ကျွမ်း ကျော့ရှုနှုံစမ်း၊ ချီးမွမ်းဘဝါ တဲ့။ ခါး ကလေးက ပြန့်ပြန့်ပြူးပြူးရှိမယ်ဆိုရင်လဲ ချီးမွမ်းရမယ်ဆိုပဲ။

ရင်နို့လတ်လတ်၊ သားမြတ်မဟော၊ တင့်တောင့်ထွား၊ ကျက် သရေကုံ ရှိုးသရွှန်းသတဲ့ ရင်သားကလေး မို့မို့မောက်မောက်ရှိ မယ်ဆိုရင်လဲ ကျက်သရေရှိတယ်လို့ ကျမ်းက ဆိုတာပဲ။

ပြီးတော့ ဆည်းရှုံမ ဗြိုင်ဗြိုင်လုံးဆင်း၊ ညာရစ်သုံးဆင်၊ လည် ရေမွှင့်ဆော်၊ မိမင့်သနီ၊ ဘုန်းတန်ခိုးကြီးလိမ့်တဲ့ လည်တိုင်ကလေး ဟာ မျိုးစည်ရဲ့ သဏ္ဍာန်လိုရှိပြီး အရစ်သုံးရစ်ရှိမယ်ဆိုရင် ဘုန်း ရှိတဲ့ မိန်းမလို့ ပြောကြတာပဲ၊ ဟဲ--ဟဲ--ဟဲ၊ လျှောက်ပြီး ရှာဖွေနေမယ်ဆိုရင်တော့ မိန်းမကျမ်းတစ်အုပ်လုံးလောက် ကျိန်





သွားလိမ့်မယ် မောင်ဘချစ်၊ မင်းမိန်းမဟာ စာဆိုနဲ့ ညီတဲ့ မိန်းမမြတ်တစ်ဦးပဲ၊ ဒီလိုမိန်းမမျိုး ရတာကို ဘာဖြစ်လို့ ရေရှန် မျောပြီလို့ ညည်းနေရတာတုံး"

ဟု ရှည်လျားစွာ ပြောလိုက်လေ၏။

"ဒီလိုပါ ထောင်ကဲကြီးရယ်၊ ကျွန်မက နာမည်ပျက်ရှိခဲ့တဲ့ မိန်းမဖြစ်ပါတယ်၊ ကျွန်မကြောင့် မောင်ဘချစ်ဟာ ဂုဏ်သရေ ထိခိုက်ခဲ့ပါတယ်၊ အဲဒီအတွက် ကျွန်မလဲ စိတ်မကောင်းပါဘူး"

ဟု ညိုညိုက ပြောလိုက်လေ၏။

"နာမည်ပျက် ဟုတ်လား၊ နာမည်ပျက်ဆိုတာ မှားခဲ့မိတာ တွေကို ပြောတာလား၊ ဒါတွေက ပြီးပြီပဲ၊ ဟဲ-- ဟဲ၊ လူဆိုတာ မှား တတ်တဲ့ သတ္တဝါမျိုးပဲ၊ ဒါ့ကြောင့် ခဲတံလုပ်တဲ့ ကုမ္ပဏီက ခဲတံမှာ တစ်ခါတည်းကို ခဲဖျက်လုပ်ထည့်ပေးလိုက်တယ် မဟုတ် လား၊ ဘာမှားဆန်းလို့လဲ တူမကြီးရယ်"

ဟု ပြောဆိုကာ ဦးဌွမ်တီသည် ရေနွေးကြမ်းကို မော့လိုက် လေ၏။

မောင်ဘချစ်မှာမူ ဦးဌွမ်တီအား မော်၍ ကြည့်လေ၏။

"မင်းက ဘာကြည့်တာလဲ မောင်ဘချစ်၊ ငါက မင်းရဲ့ သတင်းကို ကြားပြီးသားပါကွ၊ မင်းဟာ ဒီမိန်းကလေးကို ယူ လိုက်တဲ့အတွက် မင်းရဲ့ ပတ်ဝန်းကျင်မှာ တော်တော်ပဲ အပြော အဆို ခံနေရတယ်လို့ သိရတယ်၊ ဒါ့ကြောင့် ငါက မင်းရဲ့မိန်းမကို လာပြီး ကြည့်တာ၊ လက်စသတ်တော့ မိန်းမတစ်ထောင် မဟုတ်ပါဘူး၊ တစ်သောင်းမှာတောင် တစ်ယောက်မရှိနိုင်တဲ့ တကယ့် မိန်းမထူး မိန်းမမြတ်ပဲ"

ဟု ဦးဝွမ်တီက ပြောလိုက်သဖြင့် ညိုညိုသည်ပင်လျှင် ရှက်လွန်း၍ ခေါင်းကို ငုံထားလိုက်မိလေ၏။

"ဦးဝွမ်တီပြောတဲ့အတိုင်း မိန်းမဖြတ် ဟုတ်မဟုတ်တော့ မပြောတတ်ဘူး၊ ကျုပ်ရောက်တဲ့ နေရာတိုင်းက ဒီမိန်းမကို ယူရကောင်းလားလို့ ကျုပ်ကို အပြစ်တင်ကြတယ်၊ ကျုပ်ဟာ လူတောထဲမှာ ခေါင်းမဖော်ရဲအောင် ဖြစ်နေတယ် ဦးဝွမ်တီ"

ဟု မောင်ဘချစ်က အံကိုကြိတ်၍ ပြောလေ၏။

"မင်းဟာ တော်မလိုလိုနဲ့ တော်တော်ညံ့တဲ့ကောင်ပဲ၊ အပြစ်တင်တယ်၊ အကြောင်းမဲ့ ရှုတ်ချတယ်ဆိုတာဟာ သွယ်ဝိုက်တဲ့နည်းနဲ့ ဂုဏ်ပြုတာပဲကွ၊ နောက်တစ်ခု မင်းစဉ်းစားကြည့်စမ်းပါ၊ အရင်တုန်းကလို မင်းဟာ ဘာကောင်မှ မဟုတ်ဘူးဆိုရင် မင်းဟာ ဘယ်မိန်းမမျိုးကိုပဲယူယူ ဘယ်သူမှ ကဲ့ရဲ့မှာလဲ မဟုတ်ဘူး၊ အပြစ်တင်မှာလဲ မဟုတ်ဘူး၊ မစင်ကို လူတွေဟာ လက်နဲ့လဲ မကိုင်ဘူး၊ ခြေနဲ့လဲ မတို့ဘူး၊ ဒီလိုပဲကွ၊ ကဲ့ရဲ့ခံကြပြီဆိုရင် အပြစ်ပြောခံရပြီဆိုရင် တော်တော်ဟုတ်တဲ့ ငါပါလားလို့တောင် ဘဝင်မြင့်သင့်သေးတယ်ကွ၊ အဲဒါကို မြဲမြဲ မှတ်ထားစမ်းပါကွာ၊ ဒီလောကကြီးဟာ ကိုယ်မလုပ်နိုင်တာကို သူတစ်ပါးက လုပ်ပြပြီဆိုရင် အပြစ်ပြောဖို့ ကဲ့ရဲ့ဖို့ အဆင်သင့်ဖြစ်နေတဲ့ လောကကြီးကွ၊ လူတွေကို မပြောနဲ့ ဒီနှစ်နွေဟာ မနှစ်ကနွေနဲ့ မတူဘူး၊ ပိုပြီးပူတယ်၊ ဒီနှစ်မိုးတွင်းကလဲ ဘယ်လိုကြီးမှန်း မသိဘူး၊ ကောင်းကောင်းလဲ မိုးမရွာပါလားလို့တောင် သဘာဝကို အပြစ်တင်တတ်ကြသေးတယ်၊ ဒါနဲ့ပတ်သက်လို့ အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြဦးမယ်၊ တစ်ခါက-- တစ်ခါကဆိုတာ သခင်





ယေရှုလက်ထက်က ပြောတာ၊ မကောင်းတဲ့ မိန်းမတစ်ယောက်ကို လူတွေက ဝိုင်းပြီး ရိုက်ဖို့ တစ်အုံကြီး လိုက်လာကြတယ်၊ အဲဒီမိန်းမကလဲ ကြောက်အားလန့်အားနဲ့ ပြေးတော့တာပေါ့၊ သခင်ယေရှုဆီကိုလဲ ရောက်ရော သခင်ယေရှုက အဲဒီမိန်းမကို ကာကွယ်ပေးထားလိုက်တယ်၊ ဒေါသပုန်ထပြီး လိုက်လာတဲ့ လူတွေလဲ ရောက်လာပြီး အဲဒီမိန်းမကို သတ်မယ် တကဲကဲ လုပ်ကြတော့တာပေါ့၊ အဲဒီအခါမှာ သခင်ယေရှုက သင်တို့သတ်ချင် သတ်ရပါမယ်၊ ကျောက်ခဲတစ်လုံးစီ ကောက်ထားကြပါလို့ ပြောလိုက်တယ်၊ လူအုပ်ကြီးလဲ ကျောက်ခဲတစ်လုံးစီ ကောက်ယူလိုက်ကြတယ်၊ အဲဒီတော့မှ သခင်ယေရှုက သင်တို့အထဲမှာ အပြစ်တစ်ခါမှ မလုပ်ဖူးတဲ့လူက ဒီမိန်းမကို ကျောက်ခဲနဲ့ ပေါက်ပြီး သတ်နိုင်ပါတယ်လို့ မိန့်မြွက်လိုက်တယ်"

ဟု ပြောဆိုကာ ဦးဝွမ်တီသည် ထိုနေရာ၌ စကားကို ခေတ္တရပ်လိုက်ပြီးလျှင် ဘီန်းစား စီးကရက်ကလေးတစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာလေတော့၏။

ထိုအခါ မောင်ဘချစ်က--

"အဲဒီမိန်းမ သေသွားရောလားဗျ ပေါက်ဖော်ကြီးရဲ့"

ဟု မေးလေ၏။

ထိုအခါ၌ ဦးဝွမ်တီက မျက်စိပေါက်ကလေး ကျဉ်းသွားသည်အထိ ပြုံးလိုက်ပြီးလျှင်--

"ဘယ်ကလာ သေရမှာတုံးကွ၊ သခင်ယေရှုက အပြစ်မရှိတဲ့ လူကိုမှ ကျောက်ခဲနဲ့ ပေါက်ခွင့်ပေးတာပဲ၊ တစ်ယောက်မှ မပေါက် ရတော့ဘူးပေါ့၊ လူဆိုတာက အပြစ်ရှိကြတာချည်းပဲ

မဟုတ်လား၊ အပြစ်မရှိရင် လူကို မဟုတ်တော့ဘူးကွ၊ မင်းနားလည်အောင် ပြောရရင် ဥရင်းသီးဆိုရင်ဆူးရှိရမယ် မဟုတ်လား၊ ဆူးမရှိရင်လဲ ဥရင်းသီးလို့ မခေါ်နိုင်တော့ဘူးပေါ့"

ဟု ပြောလိုက်လေ၏။

ညိုညိုမှာလည်း ယခုတစ်ကြိမ်သော မြင်မှုသော တရုတ်ကြီး ဦးဝွမ်တီကို ကြည့်ညိုလေးစား၍ သွားလေတော့၏။

ထိုအခါ ဦးဝွမ်တီက---

"မောင်ဘချစ်ရယ်၊ ယောကျ်ားတွေက မိန်းမတွေကို ကလေးမွေးတဲ့ စက်ရုံလောက် အောက်မေ့နေကြတာကွ၊ ပြီးတော့ အကျီ အဝတ်အစားလျှော်ပေးတဲ့အတွက်လဲ ဒိုဘီဆိုင်လောက်ပဲသဘော ထားတတ်ကြတာ၊ ထမင်းဟင်း ချက်ပြုတ်ပေးတဲ့အတွက်လဲ ထမင်းချက်တစ်ယောက်လောက် သဘောထားတတ် ကြတာ၊ ဒီလို စိတ်ကူးမျိုးနဲ့တော့ မိန်းမယူချင်စမ်းပါနဲ့ကွ၊ မိန်းမဆိုတာဟာ မင်းကို အနီးစပ်ဆုံးသဘောပေါက်အောင် ပြောရရင် သုညနဲ့ တူတယ်ကွ၊ တစ်နောက်မှာတွဲရင် သူ့တန်ဖိုးဟာ တစ်ဆယ်ပဲ ရှိတယ်၊ နှစ်နောက်မှာတွဲရင် နှစ်ဆယ်ဖြစ်သွားတာပေါ့ကွ၊ တကယ်လို့ ကိုးနောက်မှာတွဲခွင့်ရရင် သူဟာ ကိုးဆယ် ဖြစ်သွားမယ်၊ သူ့ရဲ့တန်ဖိုးဟာ တက်သွားမယ်၊ ဒီလိုပဲကွ၊ သုညနောက်မှ တွဲလိုက်တဲ့အတွက် ရှေ့ကဂဏန်းလဲ တန်ဖိုးတက်သွားတယ် ကိုယ့်လူ၊ တစ်ဆိုရင် တစ်ဆယ်တောင် ဖြစ်သွားတာ၊ နှစ် ဆိုရင်လဲ နှစ်ဆယ်တောင် ဖြစ်သွားတာကိုယ့်လူ၊ နည်းနည်းနောနော တက်သွားတာ မဟုတ်ဘူး၊ တကယ်လို့များ ကိုယ်ယူတဲ့ မိန်းမဟာ သုညနှစ်လုံးနဲ့တူခဲ့ရင် ကိုယ်ဟာ ရာတန်းကို တက်သွားမှာ၊





သုညသုံးလုံးနဲ့တူတဲ့ မိန်းမကို ယူမိရင်တော့ ထောင်တန်းကို တစ်ခါတည်း တက်သွားမှာ၊ အခု ဒီသုငယ်မကို ကြည့်ရတာ မျက်အသွေးရှိတယ်ကွ၊ သုညငါးလုံးနဲ့တူတဲ့ မိန်းမမျိုးပဲ၊ မင်းဟာ သူ့ကိုယူတဲ့အတွက် သိန်းတန်းကို တက်သွားလိမ့်မယ်၊ ဘယ်နည်းနဲ့မှ သူ့ကို မစွန့်ပစ်လေနဲ့ သူဟာ မင်းကို ကောင်းကျိုး ပြုလိမ့်မယ်၊ ယောကျ်ားဆိုတာ စိတ်ဓာတ်အားဖြင့် နိုင်နိုင်မာမာ ရှိတော့ လိုတာပေါ့ကွာ၊ ဟောဒီဓာတ်ပုံကို ကြည့်စမ်း၊ ဘယ်သူ့ ဓာတ်ပုံလဲ"

ဟု ဆိုကာ ဂျာနယ်တစ်စောင်မှ ဖြတ်ယူထားသော စာကပ်ပါ ဓာတ်ပုံကို ပြလေ၏။

မောင်ဘချစ်လည်း တစ်ဖက်ပါ ဓာတ်ပုံကို သေချာစွာ ကြည့်ရှုလေ၏။

"ဘယ်သူ့ဓာတ်ပုံလဲဗျ"

ဟု ပြန်၍ မေးလေ၏။

"အဲဒါ ချစ်သူ့အတွက် ထီးနန်းကို စွန့်ပစ်တဲ့ ဧကရာဇ်ဘုရင်ပေါ့ ကွာ၊ သူယူမယ့် မိန်းမက အသက် ၁၉ နှစ်ကတည်းကိုက ရာဇဝင်တိုင် စပင်စာဆိုတဲ့ကောင်နဲ့ အိမ်ထောင်ကျတယ်ကွ နောက်တစ်ခါ အင်္ဂလန်က ဆင်ပဆင်ဆိုတဲ့ ကောင်နဲ့ ယူပြန် တယ်ကွ၊ အဲဒီလို နှစ်လင်ကွာမိန်းမကို ဧကရာဇ်ဘုရင်က ချစ်မြတ် နိုးတယ်ကွ၊ အဲဒီမိန်းမကို ဗြိတိသျှအစိုးရအဖွဲ့က သဘောမကျ ဘူး၊ မယူဖို့ ကန့်ကွက်ကြတယ်၊ ဒါပေမယ့် ဧကရာဇ်ဘုရင်က ထီး နန်းကို စွန့်ချင် စွန့်ရပါစေ၊ ချစ်သူကိုတော့ မစွန့်နိုင်ဘူးဆိုပြီး ရခဲ့ တဲ့ ဘုရင်အဖြစ်ကို စွန့်လွှတ်ပြီး နှစ်လင်ကွာ မိန်းမတစ်ယောက်







ကို ယူလိုက်ပြီ၊ မင်းက ဘာမဟုတ် ညာမဟုတ်ဘဲနဲ့ ဒီမိန်းကလေးကို ရတာများ နာတယ်ထင်နေသလား၊ မင်းက ဘာများ ဆုံးရှုံးသေးလို့တုံး၊ ခွေးဘာချင်ကို နမ္မနာထားစမ်းပါ ကိုယ့်လူရယ်၊ ဘေးကလူတွေက မဟုတ်မဟတ် ပြောတိုင်း နားမယောင်စမ်းပါနဲ့၊ တစ်နေ့မှာ မင်းဟာ ဒီသူငယ်မကို ယူရတဲ့ တန်ဖိုး ကောင်းကောင်းကြီး နားလည်လိမ့်မယ်၊ ဟောဒီမှာ ကြည့်စမ်းပါဦး ဓာတ်ပုံတစ်ခု၊ ဒါ ဘယ်သူ့ပုံလဲ သိလား"

ဟု မေး၍ မောင်ဘချစ်အား ဓာတ်ပုံတစ်ပုံထုတ်၍ ပြပြန်၏။

မောင်ဘချစ်လည်း ထိုပုံကိုကြည့်၍---

"ဘယ်က မိန်းမပုံလဲဗျ"

ဟု ပြန်၍ မေးလေ၏။

"အဲဒါ ဂျာမနီပြည်က အာဏာရှင် ဟစ်တလာယူမယ့် မိန်းမလေကွာ၊ သူ့ကိုလဲ အားလုံးက ကန့်ကွက်နေတာပဲ၊ ဒါပေမယ့် ဟစ်တလာကလဲ မရဘူးကွ၊ ဇွတ်ကိုယူမှာပဲ၊ ဒီမိန်းမက ဓာတ်လိုက်မင်းသမီးကွ၊ သူ့နာမည်က ပိုလစ်နှစ်ဂရီလို့ခေါ်တယ်၊ မင်းက ဟစ်တလာလောက်များ ကြီးကျယ်လို့လား"

ဟု ဦးဝွမ်တီက ပြောလိုက်ရာ မောင်ဘချစ်သည် တဖြည်းဖြည်း မြှီး၍ လာလေတော့၏။ ညိုညိုကလည်း---

"ကျွန်မ လက်ဖက်ရည် သွားဖျော်လိုက်ဦးမယ်"

ဟု ဆိုကာ ဝမ်းသာအားရနှင့် အိမ်ဘက်ဆီသို့ ပြေးလေတော့၏။ ညိုညိုမရှိတော့သည့်အခါ၌---

"ဟေ့ကောင် မောင်ဘချစ်၊ မင်းက ဘာများ ရှုးကြောင်ကြောင် ဖြစ်နေတာတုံး၊ ငါပြောချင်တာကတော့ ဒီမိန်းမဟာ







မင်းကို ကောင်းကျိုးပေးပါလိမ့်မယ်၊ သူများစကားတွေမယုံနဲ့ကွ ဘယ်သူက ဘာပဲပြောပြော ဒီကောင်မလေးကိုတော့ နှမ်းမပစ်နဲ့ ငါပြောချင်တာ ဒါပဲ၊ နောက်တစ်ခု မှာဦးမယ်၊ ယောကျ်ား တစ်ယောက်ရဲ့ အပြစ်တင်ခြင်းခံရတဲ့ မိန်းမတစ်ဦးဦးရဲ့ စိတ်ဓာတ်က ရေမီးထက်တောင် ကြောက်ဖို့ကောင်းတယ်ကွ၊ ကဲ-- သွားမယ် မောင်ဘချစ်"

ဟု ဆိုကာ နေရာမှ ထလေတော့၏။ ထိုအခါ၌ မောင်ဘချစ်က--

"ဘယ်လိုလဲ ဦးထွန်းတီ၊ လက်ဖက်ရည် သွားပျော်နေတယ်လေကွာ၊ လက်ဖက်ရည်သောက်ပြီးမှ ပြန်တာပေါ့"

ဟု ပြောလိုက်ရာ ဦးထွန်းတီက---

"မသောက်တော့ဘူးကွ ငါပြန်တော့မယ်၊ မပြန်ခင် စကားတစ်ခုတော့ ပြောဦးမယ်၊ အလှအိမ်တစ်ခုမှာ အတော်အတန်ကောင်းတဲ့ ကြက်သားဟင်းကိုတောင် ငန်သလေး ပေါ့သလေး ချိုချင့်သလေးနဲ့ အပြစ်တင်နေကြတာကို ငါတော့ မကြားဖောဖူးတယ်၊ မင်းလဲ ကြားဖူးမှာပါ၊ ဒါပေမယ့် ရေးကိုတော့ ဘယ်သူကမှ အရေးလုပ်ပြီး အပြစ်မတင်ကြတော့ဘူးကွ၊ ဒါကို ထောက်ရင် အပြစ်တင်တာတွေ ကဲ့ရဲ့တာသဘောကို ဝမ်းမြောက်ဝမ်းသာ မှတ်ယူပါကွာ ငါ့လူရာ"

ဟု ဆိုကာ ထွက်သွားလေတော့၏။

ဦးထွန်းတီထွက်သွားသည့်အခါ၌ ညိုညိုသည် လက်ဖက်ရည်ဆိုင်ကလေးကို ရောက်ရှိလာပြီးလျှင်---

"ဟင် မောင်လေး၊ ထောင်ကျကြီး ဘယ်ရောက်သွားသလဲ"

ဟု မေးရှာလေ၏။

"ထောင်ကဲ့ကြီး၊ မိုးပေါ်ပျံသွားပြီ"

ဟု မောင်ဘချစ်က ပြောလိုက်လျှင် ညိုညိုက---

"မဟုတ်တာပဲ မောင်လေးရယ်"

ဟု ပြန်၍ ပြောလေ၏။

"ဟုတ်တယ် မမ၊ ကျွန်တော်ခုကွနဲ့တွေ့ရင်၊ ရောက်ရောက်လာတဲ့ တရုတ်စိန်ရှားကြီးပဲ၊ တကယ်လို့ သူ့ခံဘ မရောက်ခဲ့ရင် ကျွန်တော်ဟာ မမကို ပစ်ပြီး ထွက်သွားမိမှာ အမှန်ပဲ၊ အခုတော့ ကျွန်တော် ကောင်းကောင်း သဘောပေါက်သွားပြီ၊ ခွက်တုရင်လိုပဲ မမအတွက်ဆိုရင် ထီးနန်းကို စွန့်ရှင် စွန့်ရပါစေ၊ ကျွန်တော်ကတော့ အဆင်သင့်ပဲ"

ဟု ဆိုကာ မောင်ဘချစ်သည် ညိုညို၏ လက်ကို ဖမ်း၍ဆွဲပြီးလျှင် ပါးများအား နမ်းရှုပ်လိုက်လေ၏။ ထိုအခါ၌ ညိုညိုက---

"မောင်လေး-- မမကို တကယ်ချစ်တာနော်"

ဟု မေးလိုက်လေ၏။

"ချစ်တယ်ဆိုတာထက် မြတ်နိုးတယ်လို့ ပြောပါရစေလား မမရယ်၊ ကျွန်တော်လေ မမကို ဘယ်သူတွေ ဘာပဲ ပြောပြော ပစ်မသွားပါဘူး"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒီလို မောင်လေးရဲ့ အချစ်ရေးကိစ္စဆိုတာ ကာယကံရှင်တွေ အဖို့ အသည်းတုန် အူတုန်ဖြစ်တဲ့ ကိစ္စမျိုးပဲ၊ ဘေးကလူတွေ အတွက်ဆိုရင်တော့ အပျင်းပြေ အတင်းပြောရုံလောက်သာ ဖြစ်တယ်ကွာ အဲဒီတော့ အပျင်းပြေ အတင်းပြောတတ်ကြတဲ့ လူ





တွေအတွက် မမတို့ မောင်လေးတို့က ဘာဖြစ်လို့များ စိတ်ခုကွ အရောက်ခံရချင်ရတာတုံး မောင်လေးရယ်"

ဟု ဆိုကာ မောင်ဘချစ်၏ ကြေးနီရောင်သမ်းနေသော နှုတ်ခမ်းဖြင့်အား ညိုညိုက ညင်ညင်သာသာလေး နမ်းရှုပ်လိုက်လေတော့သတည်း။

❖ ❖ ❖

## ဘချစ်ဒူးခေါင်း ချမ်းယားရင်ဘတ်

တစ်နေ့သ၌ မောင်ဘချစ်သည် အစိုးရထံမှ ကန်ထရိုက်လုပ်ငန်းတစ်ခုကို ရောဘ်ဟာရှင် ကုမ္ပဏီ၊ ကာဒါးအင်ဆန်း ကုမ္ပဏီ၊ အက်စ်ဘီရာမန် ကုမ္ပဏီနှင့် ချမ်းယားအင်ဆန်း ကုမ္ပဏီတို့နှင့် အပြိုင်လျှ၍ လျှောက်ထားခဲ့လေ၏။ ထိုလုပ်ငန်းမှာ တောင်းဟောခန်းမကြီးအား ဆေးသုတ်ရန် လုပ်ငန်းဖြစ်ပေသည်။ မောင်ဘချစ်နှင့် ချမ်းယားအင်ဆန်း ကုမ္ပဏီတို့သည် ဈေးအနည်းဆုံး ဖြစ်ကြလေ၏။ ရောဘ်ဟာရှင်၊ ကာဒါးအင်ဆန်း၊ အက်စ်ဘီရာမန်စသည့် ကုမ္ပဏီသုံးခုမှာမူ ၎င်းတို့ထက် ဈေးများသောကြောင့် သက်ဆိုင်ရာမှ ထည့်သွင်းစဉ်းစားခြင်း မပြုတော့ဘဲ လျှောက်လွှာကို ပယ်ချလိုက်လေ၏။

ဤနေရာ၌ မောင်ဘချစ်နှင့် ချမ်းယားအင်ဆန်းကုမ္ပဏီနှစ်ခုသာလျှင် ဈေးပြိုင်၍နေလေ၏။ ထို့ကြောင့် မောင်ဘချစ်သည် သက်ဆိုင်ရာ အရာရှိနှင့် ဝင်၍ တွေ့ဆုံကာ မိမိအနေနှင့် ဈေးကို





ထပ်၍ လျှော့နိုင်သေးကြောင်း ပြောပြလေ၏။ သို့ရာတွင် နောက်ဆုံး၌ ထိုအရာရှိသည် မောင်ဘချစ်အား အလုပ်မပေးဘဲ ချမ်းယားအင်ဆန်းကိုသာလျှင် အလုပ်ပေးလိုက်လေတော့၏။

မောင်ဘချစ်သည် ထိုအဖြစ်အပျက်ကြောင့် လွန်စွာ စိတ်ထိခိုက်မိလေတော့၏။ မြန်မာအချင်းချင်းကို မကြည့်ရှုဘဲ နိုင်ငံခြားသားကိုမှ အရေးပေးချင်သော ထိုအရာရှိ၏ မျက်နှာကိုလည်း လက်သီးဖြင့် ဆွဲထိုးချင်စိတ်များ တဖွားဖွားပေါ်ပေါက်၍ နေလေ၏။

ထို့ကြောင့် မောင်ဘချစ်သည် ထိုအရာရှိနှင့် ထပ်မံတွေ့ဆုံရန် တောင်းရာ ထိုအရာရှိက တွေ့ဆုံခွင့်ပင် မပေးဘဲ နေလေတော့၏။ မောင်ဘချစ်သည် ထိုအရာရှိ၏ ရုံးခန်းအတွင်းသို့ ဇွတ်ဝင်၍ သွားလေတော့၏။ ထိုအရာရှိ၏ ရုံးခန်းအတွင်း၌ ချမ်းယားကုလားလည်းရှိနေ၏။ အရာရှိက မောင်ဘချစ်အားမြင်မြင်ချင်း–

"ခင်ဗျား ဘယ်သူ့အခွင့်ရလို့ ကျုပ်ရုံးခန်းထဲကို ဝင်လာတာတုံး"

ဟု ဆီး၍ ဟောက်လေတော့၏။

"ခင်ဗျားဆီမှာ တွေ့ခွင့်တောင်းတာပဲ၊ ခင်ဗျားက တွေ့ခွင့်မပေးတော့လဲ ဒီလိုပဲ ဝင်တွေ့ရတာပေါ့ဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဘာကိစ္စလဲ ပြောပါ"

ဟု အရာရှိက မေးလေ၏။

"ဘာကိစ္စရမှာလဲဗျ၊ ခင်ဗျားကို ကျုပ်က ဈေးလျှော့ပြီး လုပ်ပေးနိုင်ပါတယ်လို့ ပြောထားပါလျက်နဲ့ ခင်ဗျားက ဈေးမလျှော့ဘဲ

ချမ်းသာကုလားကို အလုပ်အပ်တာ ဘာသဘောလဲ"

ဟု မောင်ဘချစ်က ပြန်၍ မေးလေ၏။

"ခင်ဗျား နားမလည်ဘူးထင်တယ်၊ ဒီဥစ္စာ တင်ဒါခေါ်တာ မဟုတ်ဘူး၊ တင်ဒါဆိုရင်တော့ စျေးအနည်းဆုံးကို ဦးစားပေးရမယ်၊ ဒါက တင်ဒါ မဟုတ်ဘူး၊ ကျုပ်သဘောကျတဲ့ လူဆီမှာ အလုပ်အပ်ခွင့်ရှိတယ်၊ ကျုပ် ကောင်းမယ်ထင်တာကို ဆုံးဖြတ်ပြီး လုပ်နိုင်ဖို့ ကျုပ်ကို ဂါးတားမင့်က အရာရှိခန့်ထားတာပဲ"

ဟု ထိုအရာရှိက ပြောလေ၏။

"ဟုတ်ပါတယ်၊ ခင်ဗျားဟာ မြန်မာတစ်ယောက်ပဲဗျ၊ ကိုယ့်မြန်မာအချင်းချင်းကို ဦးစားပေးရမှာပေါ့"

ဟု မောင်ဘချစ်က ပြောလေ၏။

"ခင်ဗျားက မျိုးချစ်တရား လာပြောနေတာလား၊ ကျုပ် အဲဒီ လူမျိုးကို သိပ်ပြီးမုန်းတယ်၊ ကျုပ်ဟာ ကျုပ်မိန်းမကလွဲပြီး ဘယ်သူ့ကိုမှ ချစ်တတ်တဲ့စိတ်မရှိဘူး၊ နောက်ထပ် တရားမပြောပါနဲ့ လူမျိုးကိုလဲမချစ်ဘူး၊ တိုင်းပြည်ကိုလဲ မချစ်ဘူး၊ လခပေးတဲ့လူဟာ ကျုပ်ရဲ့ အရှင်သခင်ပဲ၊ ခင်ဗျား ကျုပ်ရဲ့ ရုံးခန်းထဲက ထွက်သွားပါ"

ဟု ထိုအရာရှိက ပြောလေ၏။

"ဟား-- ဟား-- ဟား၊ သိပ်ပြီး သဘောကျတယ်၊ ဒီလို ရှင်းရှင်း သိရတာ ဝမ်းသာပါတယ်ဗျာ၊ လူဆိုတာ ထင်းရှူးမကြီးရင် ရေခပ်မှာကြိုးလိမ်မပေါ့ဗျာ၊ ကျုပ်နာမည် မှတ်ထားပါ ဘချစ်တဲ့၊ ဒီမှာ အရာရှိကြီးခင်ဗျာ ဘချစ်ဆိုတာ ဘာကောင်မှန်း ခင်ဗျားသိမှာမဟုတ်ပါဘူး၊ ဒီတော့ သိအောင်တော့ နည်းနည်း





ပြောခဲ့မယ်၊ ပဟောဒီလောက် သံတုံးကြီးကို အပ်ကလေးဖြစ်အောင် သွေးလာခဲ့တဲ့ကောင်ပဲ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ၎င်းအရာရှိက---

"သံတုံးကို အပ်ဖြစ်အောင် သွေးတာနဲ့ ကျုပ်နဲ့ ဘာဆိုင်သလဲ၊ ခင်ဗျားဟာ ခင်ဗျား အပ်မရှိလို့သွေးတာပဲ၊ တော်တော်ရယ်ဖို့ ကောင်းတယ်"

ဟု ပြောလေ၏။

"တွေ့မယ်လေ၊ သံတုံးက အပ်ဖြစ်ခဲ့တဲ့ ဘချစ်ဟာ ဘယ်လိုကောင်ဆိုတာ သိမယ်၊ ကျုပ်လက်ထဲမှာ သံတုံးကြီးဟာ တဖြည်းဖြည်း လုံးပါးပါးပြီး အပ်ဖြစ်သွားရသလို ခင်ဗျားကိုလဲ လုံးပါးပါးအောင် လုပ်ပစ်မယ်"

ဟု ဆိုကာ အံကြိတ်ပြောဆိုလျက် မောင်ဘချစ်လည်း ထိုရုံးခန်းမှ ထွက်ခဲ့လေတော့၏။

အရာရှိကမူ တဟားဟားရယ်၍ မောင်ဘချစ်အား လှောင်ပြောင်၍ ကျန်ရစ်ခဲ့လေတော့၏။

မောင်ဘချစ်သည် အိမ်သို့ ပြန်လာပြီးလျှင် ထိုကိစ္စအတွက် တချစ်တောက်တောက်နှင့် ဒေါသထွက်၍ နေလေ၏။ ညိုညိုလည်း မောင်ဘချစ်၏ မျက်နှာနီမျက်နှာကဲကို ကြည့်၍

"မောင်လေးရယ်၊ မမပြောချင်တာကတော့ ဒီလိုကွယ့်၊ မောင်လေးက အပေါင်းအသင်းဆုံဖို့ လိုတယ်ကွယ့်၊ ဒီတော့ အပေါင်းအသင်းဆုံအောင် လုပ်စမ်းပါကွယ်"

ဟု ပြောဆိုကာ မောင်ဘချစ်အား အမောပြေစေရန်အတွက် ပျားရည်ဖော်ထားသော ရေခဲရည်ကို တိုက်လေ၏။

မောင်ဘချစ်လည်း ပျားရည်အအေးကို သောက်ပြီးနောက်—

"ဘယ်လို အပေါင်းအသင်းဆုံရမှာလဲ မမရဲ့"

ဟု ပြန်၍ မေးလေ၏။

"မင်းကလဲကွယ်၊ ဝင်ပြီးရောဒို့ ပြောနေတာကွယ့်"

ဟု ညိုညိုကပြောပြန်ရာ မောင်ဘချစ်က

"အဲဒါကို စဉ်းစားနေတာပဲ၊ ဘယ်ကနေ ဘယ်လိုစရမယ်ဆိုတာ မသိလို့ မမရဲ့"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ ညိုညိုက

"မပူပါနဲ့ ထားစမ်းပါကွယ်"

ဟုဆိုကာ ထိုနေ့မှစ၍ ဆယ်စောင်တွဲ စာအုပ်တစ်အုပ်ကို ဝယ်ယူကာ ညိုညိုသည် မောင်ဘချစ်အား မင်္ဂလကြား၊ မေတ္တသုတ်၊ ရတနသုတ်မှ အစပြု၍ ရေချမ်းကပ်၊ ပန်းကပ်များပါမကျန် အလွတ်ရသည်အထိ နှုတ်တိုက်သင်ပြပေးလေတော့၏။ ထိုနောက် ညိုညိုသည် ဘုရားကြီးပေါ်ရှိ တံမြက်လှည်းအသင်းတစ်သင်း၌လည်းကောင်း၊ ရေကြည်တော်ဝတ်အသင်း၌ လည်းကောင်း စာရင်းပေးသွင်းလိုက်သည်ဖြစ်ရာ မောင်ဘချစ်သည် ရွှေတိဂုံဘုရားပေါ်၌ တစ်ပတ်လျှင် တစ်ကြိမ်ကျ တံမြက်စည်းလှည်း၍ ကသိုလ်ယူနေသည်ကိုလည်းကောင်း၊ ပန်းရေချမ်း ကပ်လှူနေသည်ကိုလည်းကောင်း တွေ့ရလေတော့၏။

ထို့နောက် ညိုညိုက မောင်ဘချစ်အား စာရိတ္တမြင့်တင်ရေး အသင်းသို့ဝင်နိုင်ပြန်သဖြင့် မောင်ဘချစ်သည် ဝင်ရပြန်လေ၏။

ရောမခေတ် စစ်သားများဆောင်းသည့် ဦးထုပ်နှင့် လွန်စွာ





တူသည့် ဦးထုပ်ရှည်ကြီးကို ဆောင်းကာ ခါး၌လည်း မီးသတ်ပုဆိုးကြီးတစ်လက်ကို ချိတ်လျက် မုန့်ရှေ့တွင် ခန့်ညားစွာ ရပ်နေသော မောင်ဘချစ်အား ညိုညိုက ဆလံပေး၍---

"မီးသတ်ဗိုလ်ကြီးရှင့်-- ကော်ဖီလဲ ဖျော်ပြီးပါပြီ၊ ကြက်ဥလဲ ကြော်ပြီးပါပြီ၊ ပေါင်မုန့်လဲ မီးကင်ပြီးပါပြီ၊ စားသောက်ပြီးမှ သွားပါ၊ မစားမသောက်ဘဲနဲ့ သွားပြီး ပြန်လာတော့မှ မမရဲ့ ရုပ်ပါဦး၊ ဗိုက်ကအောင့်လိုက်တာ ဘာညာနဲ့ မညည်းပါနဲ့"

ဟု ဆိုကာ မောင်ဘချစ်လက်ကိုဆွဲ၍ ထမင်းစားခန်းသို့ ခေါ်သွားလေ၏။ မောင်ဘချစ်လည်း ညိုညို၏ပါးနုံကလေးကို ကိုက်၍--

"သိပ်တော်တဲ့ မမပဲ၊ သိပ်ကို အလိုက်သိတာပဲ"

ဟု ဆိုကာ ညိုညိုအား နမ်းရှုပ်လိုက်လေ၏။

ထိုနောက် ကြက်ဥကြော်နှင့် ပေါင်မုန့်ကိုစားကာ ကော်ဖီကို သောက်ပြီးသည့်အခါ၌ မောင်ဘချစ်သည် ညိုညိုအား---

"ကဲ-- ကျွန်တော်သွားမယ် မမ"

ဟုဆိုကာ ၎င်းဝင်ထားသော အပျော်ထမ်း မီးသတ်တပ်ဖွဲ့ရုံးသို့ ထွက်၍ လာခဲ့လေ၏။ မီးသတ်တပ်ဖွဲ့ရုံးသို့ ရောက်လျှင် ရှိကြသော မီးသတ်သမားများနှင့်အတူ ပိုက်ဖြုတ်ခြင်း၊ ပိုက်ဆက်ခြင်း လုပ်ငန်းများကို လေ့ကျင့်ခန်း ဆင်းလေ၏။ မောင်ဘချစ်သည် ဤသို့လျှင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလေ၏။

ဤသို့နှင့်ပင် မောင်ဘချစ်သည် ညိုညိုညွှန်ကြားသည့်အတိုင်း အသင်းအဖွဲ့ပေါင်း များစွာတို့၌ ပါဝင်၍ တွင်ကျယ်နေတော့၏။

တစ်နေ့သ၌ ဂျူဗလီဟော အဆောက်အအုံကြီး ဆေးသုတ်ရန် လျှောက်လွှာခေါ်သဖြင့် မောင်ဘချစ်လည်း လျှောက်လွှာတင်ခဲ့လေ၏။ ချမ်းသာအင်ဆန်း အပါအဝင် အခြားသော ကန်ထရိုက်တာများလည်း လျှောက်လွှာတင်ကြလေ၏။ သို့ရာတွင် အခြားသော ကန်ထရိုက်တာများမှာ ဈေးကြီးဖြင့်လွန်းသောကြောင့် ၎င်းတို့၏ လျှောက်လွှာကို ဂျူဗလီဟော ထိန်းသိမ်းရေး အရာရှိက ဆက်လက်၍ စဉ်းစားခြင်း မပြုဘဲ ပယ်ချလိုက်လေ၏။

ဦးထွန်းအေးက မောင်ဘချစ်ကိုတွေ့လျှင် ဝမ်းသာအားရနှင့်

"ဪ-- ကိုဘချစ်ပါလား၊ ဘာကိစ္စလဲခင်ဗျာ"

ဟု မေးလေ၏။

ထိုအခါ၌ မောင်ဘချစ်က--

"ကိစ္စကတော့ အထွေအထူး မရှိပါဘူး၊ ဦးထွန်းအေးရုံးကို လာခဲ့တာပါပဲ၊ ဂျူဗလီဟော ဆေးသုတ်တဲ့ လုပ်ငန်းအတွက် ကျွန်တော် လျှောက်လွှာတင်ထားတယ်ဗျ"

ဟု ပြောလိုက်လျှင်ပင် ဦးထွန်းအေးသည် စားပွဲပေါ်ရှိ စာခြင်းထဲမှ စာရွက်များကို ပျာပျာသလဲ ရှာဖွေလေ၏။ မောင်ဘချစ်၏ လျှောက်လွှာကို တွေ့လျှင် ဆွဲထုတ်လိုက်လေ၏။

"ဪ-- ဒီလျှောက်လွှာလား"

ဟု ဦးထွန်းအေးက မေးလေ၏။ မောင်ဘချစ်က ရွှေရောင်စီးကရက်ဗူးကလေးအတွင်းမှ စီးကရက်ကို ထုတ်၍ ဦးထွန်းအေးအား ဆေးလိပ်သောက်ရန် လှမ်းပေးရင်း------

❖ ❖ ❖





မောင်ဘချစ်လည်း အိမ်သို့ ပြန်လာပြီးလျှင် ညိုညိုစိန်နှုးကို ဝမ်းသာစွာနမ်းရှုပ်၍---

"မညိုပြောတဲ့နည်းက သိပ်ဟုတ်တာပဲ၊ အပေါင်းအသင်းကိုလိုတယ်ဆိုတာ တယ်ပြီး မှန်ပါလား"

ဟု ပြောလိုက်လေတော့၏။ နောက်တစ်နေ့တွင် မောင်ဘချစ်သည် ၎င်း၏ ဝေါရင်ဂျီကုလားများကို ခေါ်၍ ဆေးသုတ်ရမည့် နေရာကို ပြလေ၏။ ထိုသို့ ပြပြီးလျှင် ဦးထွန်းအေး၏ ရုံးခန်းအတွင်းသို့ ဝင်ပြီးထိုင်ကာ ဦးထွန်းအေးနှင့် စကားပြော၍ နေလေ၏။

ထိုအချိန်၌ ချမ်းသာကုလား ရောက်ရှိလာပြီးလျှင် ဦးထွန်းအေးအား--

"ဆရာကြီးရယ်၊ ကျုပ်က ဈေးလျှော့ပြီး လုပ်ပေးနိုင်ပါတယ်လို့ ပြောလျက်သားနဲ့ ကျုပ်ကို မပေးတာ ဘာသဘောလဲ"

ဟု မေးလေ၏။

"ဒီမှာ ချမ်းသာ၊ အခု ငါတို့လုပ်တဲ့ အလုပ်ဟာ တင်ဒါခေါ်တာ မဟုတ်ဘူး၊ တင်ဒါဆိုရင်တော့ မင်းပြောတာ မှန်တယ်၊ ဈေးနည်းတဲ့လူကို ဦးစားပေးရမှာပဲ၊ အခုဟာက တင်ဒါ မဟုတ်ဘူး၊ သင့်တော်တဲ့လူကို ငါ့အနေနဲ့ အလုပ်အပ်နိုင်ခွင့်ရှိတယ်၊ ငါဟာငါ ဆုံးဖြတ်နိုင်ခွင့်ရှိတယ်၊ ဒီလိုဆုံးဖြတ်နိုင်ဖို့လဲ ဂါးဗားမင့်က ငါ့ကို လာပေးပြီး ခန့်ထားတာပဲ၊ နောက်တစ်ခုက ငါဟာ မြန်မာတစ်ယောက်ဖြစ်တယ်၊ ဒီတော့ မျိုးချစ်စိတ် ခေါင်းပါးလို့ မဖြစ်ဘူး"

ဟု ပြောလေ၏။

ထိုအခါ၌ ချမ်းယားက---

"တိုက်ကိုဆေးသုတ်တာနဲ့ မျိုးချစ်စိတ်နဲ့ ဘာမှ မဆိုင်ပါဘူး ဆရာကြီးရယ်"

ဟု ပြောလေ၏။

"မင်းအနေနဲ့ မဆိုင်ပေမယ့် ငါ့အနေနဲ့ ဆိုင်တယ်ကွ"

ဟု ဦးထွန်းအေးက ပြောပြန်လေ၏။ ထိုအခါ၌ ချမ်းယားက မောင်ဘချစ်ဘက်သို့လှည့်ကာ---

"မိတ်ဆွေကြီး ကိုဘချစ်ကဖြင့် ဘယ်လဲ ဖြေပေးပါဦး ဗျာ"

ဟု ပြောလိုက်လေ၏။

"တရားသဖြင့် ပြောတာပါကွာ၊ မတရား မလုပ်ပါဘူး၊ တောင်းပေါတုန်းက မင်းရတယ်၊ ဂျူဗလီပေါမှာ ငါရတယ်၊ မင်းက ဘာကို မကျေနပ်နေတာလဲ၊ အမှန်ကိုပြောရရင် မင်းဟာ ရဖို့ အကြောင်းကို မရှိဘူး၊ ဒီအလုပ်တွေဟာ မြန်မာပြည်က အလုပ်တွေ၊ မြန်မာတစ်ယောက်ပဲ ရသင့်တယ်၊ မင်းက ဘင်္ဂလား ကနေလာပြီး ငါ့ရဲ့အလုပ်ကို လုတာကွ၊ ငါက ဘင်္ဂလားကို လုပြီး မင်းတို့အလုပ်ကို လုတာမဟုတ်ဘူး၊ မင်းကို ဒီလိုရှင်းပြတာတောင် ငါ့အနေနဲ့ နစ်နာတယ်ကွ"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"သိပ်ကိုဟုတ်တဲ့ ကိုဘချစ်ပဲဗျာ၊ တွေ့ကြဦးမှာပေါ့လေ"

ဟု ချမ်းယားက ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ၌ မောင်ဘချစ်သည် ဆင်နှာချွန်တံခါးလေကို တွန်း၍ဖွင့်ကာ ချမ်းယား၏ နောက်သို့ လိုက်သွားလေ၏။ ဝရန်





တာကွေ့ တစ်နေရာတွင် ချမ်းယားကို မီလေ၏။ ထိုအခါ၌ မောင်ဘချစ်က ချမ်းယား၏ ပခုံးကို ပုတ်လိုက်ပြီးနောက် ချမ်းယား လှည့်၍ကြည့်သည်နှင့် တစ်ပြိုင်နက်---

"အခု တွေ့တာပဲကွာ"

ဟု ဆိုကာ မျက်နှာကို လက်သီးဖြင့် ထိုးလေတော့၏။ ချမ်းယားလည်း နောက်သို့လန်၍ လဲလေ၏။ မောင်ဘချစ်လည်း ဒူးဖြင့် တိုက်လေ၏။ ချမ်းယားလည်း မူရောင်ပေါက်ပြဲသော အော်ရာများဖြင့် ပြေးလေတော့၏။ မောင်ဘချစ်လည်း ရွဲစောင်းသွားသော ကုတ်အင်္ကျီကို နေသားတကျ ပြင်လိုက်ပြီးနောက် ဦးထွန်းအေး၏ ရုံးခန်းဆီသို့ ပြန်၍လာလေတော့၏။

ထိုအခါ၌ ဦးထွန်းအေးက---

"ဘယ်လိုလဲ ကိုဘချစ်၊ ချမ်းယားနောက်ကို လိုက်သွားပြီး မီတာနဲ့ တစ်ပြိုင်နက် ထိုးကြိတ် ကန်ကျောက်ခဲ့တယ်ဆိုပါတော့"

ဟု မေးလိုက်လေ၏။

"ဟုတ်တယ် ဦးထွန်းအေး၊ တွေ့ကြသေးတာပေါ့ဆိုတဲ့ စကားကို မကြိုက်လို့ လိုက်ပြီး နှလိုက်တာပဲ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

❖ ❖ ❖

## အားကြီးသော ရန်သူနှင့် မောင်ဘချစ်

ဤသို့လျှင် အသင်းအပင်း အဖွဲ့အစည်းပေါင်းများစွာကို ဝင်ရောက်ခဲ့သည်ဖြစ်ရာ မောင်ဘချစ်၏ လုပ်ငန်းများသည် အောင်မြင်သည်ထက် အောင်မြင်၍လာလေ၏။

တစ်နေ့သ၌ မောင်ဘချစ်သည် ဆူးလေဘုရားအနီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ လက်ဖက်ရည်သောက်ရင်း ရုံးတစ်ရုံးမှ မိတ်ဆွေတစ်ဦးကို စောင့်ဆိုင်းနေရာ ချမ်းယားကုလားသည် မောင်ဘချစ်အား မြင်တွေ့သွားလေတော့၏။

ထို့ကြောင့် နာမည်ကြီး လူမိုက်တစ်ဦး၏ အိမ်သို့သွားကာ မိမိ ပြောဆိုတိုင်တန်းထားသောသူသည် ယခုအခါ၌ ဆူးလေဘုရားအနီး လက်ဖက်ရည်ဆိုင်တွင် ရှိနေကြောင်း ပြောလေတော့၏။

ထိုနာမည်ကြီး လူမိုက်မှာလည်း ကုလားလူမျိုးပင် ဖြစ်လေ၏။ ခါးပိုက်နှိုက်များ သူခိုးများကို မွေးမြူထားသူ ဖြစ်၏။ ချမ်း





ယားကုလားက မောင်ဘချစ်သည် မိမိအား ထိုးကြိတ် ကန်ကျောက်ခဲ့ဖူးသည်ကို အကြောင်းပြု၍ ထိုလူမိုက်အား မောင်ဘချစ်ကို ရိုက်နှက်ပေးရန် ငွေသုံးရာပေး၍ စေခိုင်းထား၏။

ထိုကုလားလူမိုက်ကလည်း မိမိတို့ အပိုင်အတွင်းသို့ ရောက်လာလျှင် ရိုက်နှက်ပေးမည်ဖြစ်ကြောင်း ကတိပြု၍ ချမ်းယား၏ ငွေသုံးရာကို ယူထားလိုက်လေ၏။ ယခုအခါ၌ မောင်ဘချစ်သည် တစ်စုံတစ်ရာအား လက်ဖက်ရည်သောက်ရင်း စောင့်ဆိုင်းနေသည်ကို ချမ်းယားက တွေ့ခဲ့သဖြင့် ကုလားလူမိုက်အား လာရောက်၍ အကြောင်းကြားခြင်း ဖြစ်ပေ၏။

များမကြာမီ၌ပင် ကုလားလူမိုက်သည် သူ၏ တပည့်ကျော် လူမိုက်လေးယောက်အား မောင်ဘချစ်ရှိရာသို့ စေလွှတ်လိုက်လေတော့၏။ ချမ်းယားလည်း ထိုလူမိုက်လေးယောက်နှင့်အတူ မောင်ဘချစ်အား ညွှန်ပြရန်အတွက် လိုက်ပါလာခဲ့လေ၏။ ချမ်းယားသည် လူမိုက်များအား ထောင့်ဆုံးစားပွဲတွင် ထိုင်၍နေသူမှာ မောင်ဘချစ်ဖြစ်ကြောင်း တစ်နေရာမှ ပြလေ၏။

ကုလားလူမိုက်များလည်း မောင်ဘချစ်ရှိရာသို့ တန်းတန်းမတ်မတ် ဝင်၍လာကြလေ၏။ မောင်ဘချစ်လည်း ထိုသူတို့ ဝင်လာသည်နှင့်တစ်ပြိုင်နက် မည်သည့်အတွက် ဝင်လာကြောင်းကို ကောင်းစွာ ရိပ်စားမိလေ၏။

ထိုအခါ၌ တစ်ခါက ၎င်း၏ဆရာကြီး ဦးဝွမ်တီ ဆုံးမခဲ့ဖူးသည်---

> အားကြီးတဲ့လူနဲ့ ပြိုင်ရရင် ကိုယ်ကလက်ဦးရမယ်။ ဒါဟာ ပုံသေနည်းပဲ။

ဟူသော စကားကို ရုတ်တရက် အမှတ်ရလေတော့၏။ ထို့ကြောင့် မိမိအနီးသို့ ရောက်မလာမီ၌ပင် မောင်ဘချစ်သည် ထိုလူလေးဦးထံသို့ ပြေးသွားပြီးလျှင် တစ်ဦးသောလူ၏ ဦးခေါင်းအား ရေနွေးအိုးဖြင့် ခွမ်းခနဲ ထုရှလိုက်လေတော့၏။

ထိုလူလည်း လဲကျလေတော့၏။ ကျန်သောလူများမှာလည်း မိမိတို့က ရိုက်မည်ဟု အပိုင်တွက်၍ သွားသည်ဖြစ်၍ မိမိတို့တောင် အရိုက်ခံရသောအခါ၌ မည်သို့မည်ပုံ ပြုလုပ်ရမည်ကို မစဉ်းစားတတ်အောင် ရှိလေတော့၏။ ၎င်းတို့က မစဉ်းစားတတ်သော်လည်း မောင်ဘချစ်က စဉ်းစားတတ်သူဖြစ်၏။ လက်ဖက်ရည်ဆိုင်အတွင်းမှ ခွေးခြေဖြင့် ကျန်သုံးယောက်ကို ဖြောင်းခနဲ ဖြောင်းခနဲနေအောင် ဆက်တိုက်ရိုက်ချနိုင်ခဲ့ပြီး ဖြစ်၏။

လက်ဖက်ရည်ဆိုင်မှ လူများလည်း ရုတ်ရုတ်သဲသဲဖြစ်၍ နေကြကုန်၏။ မောင်ဘချစ်လည်း သုတ်သီးသုတ်ပျာဖြင့် ပန်းခြံဘက်သို့ လျှောက်၍လာလေ၏။ ထိုအခါ၌---

"မျိုးသိမ်းငှက်ရဲ့ စစ်ပရိယာယ်ဟာ ဒါပဲကွ၊ မြင်ရမယ်၊ မြန်ရမယ်၊ ဟဲ-- ဟဲ-- ဟဲ"

ဟူသော အသံကို ကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ ဦးဂွမ်တီကို တွေ့ရလေတော့၏။

"ဟာ-- ဦးဂွမ်တီပါလား"





ဟု မောင်ဘချစ်က ပြောလေ၏။

"ဟုတ်ပါတယ်ကွ၊ ကုလားလူမိုက်လေးယောက်ကို ကိုယ်လိုက်ပုံကြဖြင့်ကွာ တကယ့်ကို မျိုးသိမ်းကြီး ကျနေတာပဲ၊ ရန်သူကိုလဲ မြင်တတ်သ၊ မြန်လဲမြန်တတ်သ၊ တကယ်တော်တဲ့ကောင်ပဲ"

ဟု ဦးဂွမ်တီက ပြောလေ၏။

မောင်ဘချစ်သည် ဦးဂွမ်တီနှင့် စကားပြောရင်း ဦးဂွမ်တီ အနီးမှ လဲကျနေသော ကုလားတစ်ယောက်ကိုကြည့်ကာ---

"ဒါက ဘာဖြစ်နေတာတုံး"

ဟု မေးလေ၏။

"မင်းရဲ့ရန်သူ ချမ်းသားလေကွာ၊ မမှတ်မိတော့ဘူးလား၊ သူက ဟိုကောင်လေးကောင်ကို သွားပြီးခေါ်လာတာ၊ ဒီကကွယ်ကနေ မင်းကို ပြလိုက်တာ၊ ဟိုကောင်တွေလဲ လဲကုန်ရော သူလဲ ထွက်ပြေးမလို့ကွ၊ ငါက သူ့နောက်က ရောက်လာပြီး သူ့ကို သိပ်ထားလိုက်တာပါ၊ ကဲ-- ကဲ-- သွားကြစို့"

ဟု ဦးဂွမ်တီက ပြောလေ၏။ မောင်ဘချစ်က --

"မသွားသေးဘူးဗျာ၊ ဒီချမ်းသားဆိုတဲ့ ကုလားခေါင်းကို ကျောက်ခဲနဲ့ထုဦးမယ်"

ဟုဆိုကာ ကျောက်ခဲကိုကောက်၍ ကိုင်လိုက်သဖြင့် ဦးဂွမ်တီက--

"မလုပ်ပါနဲ့ကွာ၊ သတိမေ့နေတဲ့လူကို မလုပ်ပါနဲ့တော့၊ မင်းဟာ မျိုးသိမ်းပဲ၊ လျင်လျင်မြန်မြန် တိုက်ခိုက်တတ်နေမှတော့ ဒီလို မလုပ်ပါနဲ့၊ အသေကောင်လောက်နီးနီး ဖြစ်နေတဲ့ကောင်ကိုမှ

ထပ်ပြီး နှိပ်စက်ရင် မင်းဟာ လင်းတတစ်ကောင်နဲ့ တူသွားလိမ့်မယ်၊ ရိုးသိမ်းအဆောင့်မှာပဲ နေပါကွာ၊ လင်းတမဖြစ်ချင်စမ်းပါနဲ့"

ဟု ပြောလိုက်လေတော့၏။

ဦးဝွမ်တီ၏ စကားဆုံးသည်နှင့်တစ်ပြိုင်နက် မောင်ဘချစ်လည်း ကျောက်ခဲကို ပစ်ချလိုက်၏။ ထို့နောက် နှစ်ယောက်သား လျှောက်သွားကြလေတော့၏။

"ချမ်းသားကုလားက လူမိုက်လေးယောက်ကို ဒီနေရာက ပြ လိုက်တာကို ငါက တွေ့တော့ ဘာများပါလိမ့်ဆိုပြီး ကြည့်လိုက်တာ မင်းကိုလဲမြင်ရော မောင်ဘချစ်တစ်ယောက် ဘာများ ဖြစ်တာပါလိမ့်ဆို ကြည့်နေတာ၊ မင်းက လူမိုက်လေးယောက်ကို စပြီး တိုက်ခိုက်တာ တွေ့တော့တာကိုး၊ လူမိုက်လေးယောက်လဲ မင်းလက်ချက်နဲ့ လဲကျသွားရော ဒီကောင်က လှည့်ပြီး ထွက်ပြေးမလို့ကွ၊ ငါက အချိန်ကို နက်ပစ်လိုက်တာ၊ ချမ်းသားကို ငါ ကောင်းကောင်းသိပါတယ်၊ ဆေးသုတ်တဲ့ ကန်ထရိုက်ပဲ"

ဟု ဦးဝွမ်တီက ပြောလေ၏။

"ဦးဝွမ်တီ အခုဘယ်ကိုသွားမလို့လဲ"

ဟု မေးလေ၏။

"အလုပ်လက်ခံဖို့ လာခဲ့တာပဲကွ၊ ဒါပေမယ့် မ[illegible]ဘူးကွာ"

ဟု ဦးဝွမ်တီက ပြောလေ၏။

"ဦးဝွမ်တီမှာ ပိုက်ဆံရှိရဲ့လား၊ မရှိရင် ကျွန်တော့်ဆီက ယူလေဗျာ"

ဟု မောင်ဘချစ်က ပြောရာ ဦးဝွမ်တီက---





"မယူပါရစေနဲ့ကွာ၊ ငါ့ဆီမှာ ရှိပါတယ်"

ဟု ပြန်၍ပြောလေ၏။ မောင်ဘချစ်က---

"ဦးဝွမ်တီရယ်၊ အလုပ်လဲ လုပ်မနေပါနဲ့တော့၊ ကျွန်တော့်ဆီမှာ လာပြီးနေပါ၊ ကျုပ်က ခင်ဗျားကို အိမ်ဦးခန်းက ကျွေးထားမှာပါ"

ဟု ပြောပြန်လေ၏။

"မလုပ်ပါနဲ့ကွာ၊ ငါ့ရဲ့ အရည်အချင်းတွေ ခန်းခြောက်ကုန်ပါဦးမယ်"

ဟု ဆိုကာ မောင်ဘချစ်ကိုနှုတ်ဆက်၍ လမ်းခွဲသွားလေတော့၏။ မောင်ဘချစ်လည်း အိမ်သို့ ပြန်ခဲ့လေ၏။ အိမ်သို့ ရောက်လျှင် ညိုညိုအား ဖြစ်ပျက်ခဲ့ပုံကိုပြောပြရာ ညိုညိုက---

"အဲဒီ ဦးဝွမ်တီကြီးဟာ သိပ်ပြီး ဆန်းတာပဲနော်၊ မောင် ဒုက္ခတွေ့ပြီဆိုရင် သူက ရောက်ပြီးလာတော့တာပဲ"

ဟု ပြောလေ၏။

"ကျွန်တော့်ရဲ့ ကျေးဇူးရှင်ကြီးပေါ့ မရယ်၊ သူ့နဲ့များ မတွေ့ခဲ့ရင် ကျွန်တော်ဟာ ဒုက္ခရောက်မှာ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

နောက်တစ်နေ့တွင် မောင်ဘချစ်သည် မီးသတ်တပ်ဖွဲ့သို့ လာခဲ့ရာ တပ်ဖွဲ့တာဝန်ခံက မောင်ဘချစ်အား စာတစ်စောင်ပြလေ၏။ ထိုစာမှာ ရန်ကုန်ပုလိပ်မင်းကြီးက ဖိတ်ကြားထားသော စာဖြစ်ကြောင်းတွေ့ရလေ၏။ ၎င်းစာအရ မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့အားလုံးမှ တာဝန်ခံနှင့် ဒုတိယတာဝန်ခံများ အားလုံးကို ဖိတ်ကြားခြင်း ဖြစ်

ကြောင်း သိသာပေသည်။ ထို့ကြောင့် မောင်ဘချစ်နှင့် တယ်ပွဲ တာဝန်ခံတို့သည် ရန်ကုန် ပုလိပ်မင်းကြီးထံသို့ သွားရောက်ခဲ့လေ၏။

အခြားသော စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့များမှ တာဝန်ခံကိုယ်စားလှယ်များလည်း ပုလိပ်မင်းကြီး၏ ရုံးခန်းသို့ ရောက်ရှိနေကြပြီဖြစ်၏။ ထိုအခါ၌ ရန်ကုန် ပုလိပ်မင်းကြီး ရုပ်တယ်ဝပ်က မီးသတ်တပ်ဖွဲ့မှ တာဝန်ခံကိုယ်စားလှယ်များအား---

"မောင်မင်းတို့ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့တွေ ဘယ်လောက်တိုးတက်နေတယ်၊ ဘာတွေ လိုအပ်နေတယ်ဆိုတာကို အစိုးရက အလွန်ပဲ သိချင်ပါတယ်၊ ဒါ့ကြောင့် မြန်မာတစ်ပြည်လုံးမှာရှိတဲ့ စေတနာ့ဝန်ထမ်း မီးသတ်အားလုံးကို ဘီအေအရောင်းမှာ ကွန်ဖရင့်လုပ်ဖို့ ကျုပ်တို့ စီစဉ်ထားပြီ၊ ကွန်ဖရင့်မှာ လိုအပ်တာတွေကိုပြောပါ လူကလေးတို့"

ဟု ပြောဆိုကာ ပြန်လွှတ်လိုက်လေ၏။

မောင်ဘချစ်တို့၏ မီးသတ်အဖွဲ့လည်း ကွန်ဖရင့်တွင် ပါဝင်ရန်အတွက် ထိုနေ့မှစ၍ လုံးပန်းကြလေ၏။ မောင်ဘချစ်ကိုလည်း စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့များ ကွန်ဖရင့်တွင် စကားပြောရန်အတွက် ရွေးချယ်လိုက်လေတော့၏။

မောင်ဘချစ်သည် ထိုနေ့မှစ၍ ကွန်ဖရင့်တွင် စကားပြောရန်အတွက် မိန့်ခွန်းများကို ရေးသားနေလေတော့၏။ သို့ရာတွင် တစ်ခါမှလည်း စင်မြင့်ပေါ်တွင် စကားပြောဖူးခြင်း မရှိသည့်အတွက် မည်သို့မည်ပုံ ပြောဆိုရမည်ကို တွေးရင်း အကြံထုတ်လျက် ရှိလေ၏။





မိန့်ခွန်းများကို ရေးလိုက်၊ မကြိုက်ပြန်သဖြင့် ဆွဲစုတ်ပစ်လိုက်နှင့်ပင် အချိန်ကုန်လျက် ရှိလေတော့၏။

❖ ❖ ❖

ညိုညိုသည် မောင်ဘချစ် စာရေးနေသည့်အခန်းသို့ လာရောက်ကာ---

"မောင်လေးရယ်၊ တစ်ပတ်လုံးလုံးရေးနေလိုက်တာ အခုထိမပြီးသေးဘူးလား၊ မင်းကြည့်ရတာ မဖြင့် သနားလှသကွယ်၊ ရော့--ရော့-- ပျားရည်အေးကလေး သောက်လိုက်စမ်းပါဦး"

ဟု ဆိုကာ မောင်ဘချစ်အား ရေခဲဖြင့် ဖျော်စပ်ထားသော ပျားရည်တစ်ခွက်ကို တိုက်လေ၏။ မောင်ဘချစ်လည်း ပျားရည်အေးကိုသောက်ရင်း---

"ကွန်ဖရင့်မှာပြောဖို့ အစီရင်ခံစာရေးနေတာလေ မမရဲ့၊ ဒီကွန်ဖရင့်က အရေးကြီးတယ်၊ ဘုရင်ခံကိုယ်တိုင်က လုပ်နိုင်းတာမဟုတ်လား"

ဟု ပြောလိုက်သဖြင့် ညိုညိုသည် မောင်ဘချစ်ရေးထားသည့် မိန့်ခွန်းများကို ဖတ်ရှုကြည့်လေ၏။ ထိုသို့ဖတ်ရှုပြီးနောက်

"မမရေးတတ်သလား"

ဟု မောင်ဘချစ်က မေးလိုက်လေ၏။

"ရေးတတ်ပါတယ်ကွယ်၊ မမရေးပေးပါ့မယ်၊ မနက်ဖြန်မနက်မှ ရပြီလို့ သဘောထားပေတော့၊ စိတ်အေးလက်အေး နေစမ်းကွယ်၊ မင်းကြည့်ရတာ စိတ်ဆိုက်လိုက်တာ"

ဟု ပြောလေ၏။

မောင်ဘချစ်လည်း ထိုအခါကျမှပင် စိတ်လက်ပေါ့ပါးစွာဖြင့် အလုပ်တိုက်သို့ ထွက်၍သွားလေတော့၏။

ညိုညိုမှာမူ ၎င်းနှင့် သိကျွမ်းသော စပတ်လမ်းမှ ဗိုလ်ကပြား စာကြမ်းပိုးကြီး တစ်ဦးထံသို့ သွားရောက်ကာ လိုအပ်သော စာအုပ်စာတမ်းများကို ငှားရမ်း၍ ထမင်းဟင်းချက်ပြုတ်ရင်းနှင့်ပင် ထိုစာအုပ်များကို ပြီးစီးအောင် ဖတ်ရှုကာ ကော်ပီစာအုပ် တစ်အုပ်၌ မှတ်စုများ ရေးမှတ်လေတော့၏။ ထိုသို့ မှတ်စုရေးပြီးသည်နှင့်တစ်ပြိုင်နက် မှတ်စုစာအုပ်ကိုမှီငြမ်း၍ မောင်ဘချစ်ပြောရန်အတွက် အစီရင်ခံစာရှည်ကြီးကို စတင် ရေးသားလေတော့၏။ ညပိုင်းသို့ရောက်လျှင် အစီရင်ခံစာကြီးမှာ ကောင်းစွာ ပြီးစီးသွားလေတော့၏။ ထိုအခါ၌ ညိုညိုသည် ထိုမိန့်ခွန်းစာရွက်များအားယူကာ ပုံနှိပ်တိုက်သို့ သွားရောက်၍ ပုံနှိပ်နိုင်းလေ၏။ ပြီးလျှင် စာအုပ်အဖြစ် ချုပ်လုပ်နိုင်းပြန်၏။ အမြန်လိုချင်သည် ဖြစ်သောကြောင့် စာစီခ၊ စက်ရိုက်ခ၊ စာအုပ်ချုပ်ခများကို အမြန်ကြေးပေး၍ နိုင်းစေရလေတော့၏။ အလုံးစုံပြီးစီးသည့်အခါ၌ စာအုပ်များကို ထုတ်ပိုး၍ ပြန်လာလေတော့၏။

❖ ❖ ❖

နောက်တစ်နေ့နံနက်၌ မောင်ဘချစ်ကကော်ဖီသောက်ရင်း

"မမ ဘယ်မလဲဗျ၊ မိန့်ခွန်းရေးပေးမယ်ဆို"

ဟု မေးလေ၏။





"ရပါတယ် မောင်လေးရယ်"

ဟု ညိုညိုက ပြန်၍ပြောကာ ကြက်ဥကြော်ကို ထည့်ပေးလေ၏။

"ရပါတယ်လို့မှုဗျ၊ တော်တော်ကြာ မပြီးရင် ခက်နေမယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"မင်းကလေးကွယ်၊ မမကို မယုံဘူးလား"

ဟုဆိုကာ စိတ်အေးလက်အေးနှင့် ကြက်ဥကြော် ကျွေးပြန်၏။

"ကျွန်တော်က အဒီကိစ္စကို စိတ်စောနေတာ"

ဟု မောင်ဘချစ်က ဆိုလေ၏။

"စားမှာသာ စားစမ်းပါကွယ်၊ မမ တာဝန်ထားလိုက်"

ဟု ညိုညိုက ပြောသဖြင့် မောင်ဘချစ်က ကြက်ဥကြော်နှင့် ပေါင်မုန့်မီးကင်ကို စားလေ၏။ စားပြီးသည့်အခါ၌ ညိုညိုသည် စာအုပ်ထုပ်ကို ယူလာ၍ စာအုပ်တစ်အုပ်ကို ထုတ်ယူပြီးလျှင် မောင်ဘချစ်အား ပေးလေ၏။

"ဒီစာအုပ်ထဲကဟာတွေ ရေးရမှာလား"

ဟု မောင်ဘချစ်က မေးလေ၏။

"ကူးရေးရမှာ မဟုတ်ဘူး၊ အဲဒီထဲ ပါတဲ့အတိုင်း ပြောလိုက်ရုံပဲ"

ဟု ညိုညိုကပြောဆိုကာ သောက်ပြီးသား ကော်ဖီပန်းကန်များကို သိမ်းဆည်းလေ၏။

"ဒီစာအုပ်က ဘာစာအုပ်လဲ"

ဟု မောင်ဘချစ်က မေးပြန်၏။

"ဘာစာအုပ်ရှာလဲကွ၊ ကွန်ဖရင့်မှာ မင်းပြောဖို့ စာအုပ်လေ"

ဟု ညိုညိုကပြောလိုက်ရာ မောင်ဘချစ်သည် စာအုပ်အဖုံးကို ဖတ်ကြည့်ပြီးနောက် လွန်စွာအံ့အားသင့်၍ သွားလေတော့၏။

**အနှိုက်တာစ ဖြာသေသာန် မီးရောလောင်စေနင့်**

မြန်မာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း

မီးသတ်အဖွဲ့များ ကွန်ဖရင့်တွင် ---

မီးသတ်အဖွဲ့

တာဝန်ခံ ကိုယ်စားလှယ်ကြီး

ဦးဘချစ်

ပြောကြားတင်သွင်းသော အစီရင်ခံစာ

မောင်ဘချစ်သည် စာအုပ်အဖုံးကို ဖတ်ကြည့်ပြီးနောက် အံ့သြခြင်းမကာ အံ့သြ၍ နေလေ၏။ မောင်ဘချစ်နားလည်သည်မှာ စာရွက်ဖြူပေါ်၌ မိန့်ခွန်းရေးမည်၊ ထိုနောက်မှသျှင် ဖတ်၍ ပြောမည်။ ဤမျှသာ နားလည်ထား၏။

ယခုအခါ၌ မိမိပြောမည့် မိန့်ခွန်းကို အနီရောင်ပေါ်၌ ရွှေရောင်လုံးဖောက်၍ ရိုက်နှိပ်ထားသော မိန့်ခွန်းစာအုပ်ကို တွေ့ရသောအခါ၌ အံ့သြ၍ နေလေ၏။

"မိန့်ခွန်းကို ဒီလို စာအုပ်နဲ့ ဘာနဲ့ လုပ်ရသလား မရဲ"





ဟုသင် မောင်ဘချစ်က ပြန်၍ မေးရလေတော့၏။

"ဒါပေါ့ကွယ်၊ ဒါမှ ခမ်းခမ်းနားနား ဖြစ်တော့မှာပေါ့၊ ကျွန်တော့်လူတွေက စာရွက်ကလေးပေါ်မှာ ရေးလာကြပြီး လုပ်မှာမဟုတ်လား၊ ကွန်ဖရင့်လည်းပြီးရော သူတို့ ပြောခဲ့ဆိုခဲ့တာတွေလဲ ပျောက်သွားရောပေါ့ကွယ်။ မင်းက ဒီလို စာအုပ်နဲ့ဘာနဲ့ လုပ်လိုက်တော့ ကွန်ဖရင့်ကြီး ပြီးသွားရင်တောင် မင်းပြောခဲ့ ဆိုခဲ့တာတွေဟာ မပျောက်မပျက်ဘဲ လူအများလက်ထဲမှာ ရောက်နေမှာပေါ့ကွယ်"

ဟု ညိုညိုက ရှင်းပြလေ၏။

"တော်တော်ဉာဏ်ကောင်းတဲ့ မိန်းမပဲ"

ဟု မောင်ဘချစ်က ချီးကျူးလေ၏။

ထို့နောက် မောင်ဘချစ်က စာအုပ်အဖုံးကို လှန်လိုက်ရာ အောက်ပါအတိုင်း တွေ့မြင်ရပြန်လေ၏။

စေတနာ့ဝန်ထမ်း မီးသတ် တပ်ဖွဲ့ကြီးများ

အမြဲမြဲ အနယ်နယ်မှ

ပေါ်ပေါက်စေလိုသော စေတနာရှင်

ဦးဘချစ်

ဓာတ်ပုံ

ထိုအခါ၌ မောင်ဘချစ်က--

"ကျွန်တော့်ဓာတ်ပုံကြီးပါ ထည့်ထားသလား"

ဟု မေးရာ ညိုညိုက---

"ဒါမှ မင်းကို လူသိမှာပေါ့ကွယ်၊ လူသိမှ မင်းလုပ်ချင်တာ လုပ်လို့ရမှာပေါ့"

ဟု ပြောလေ၏။ ထို့ကြောင့် မောင်ဘချစ်က---

"တော်တော် ဉာဏ်ကောင်းတဲ့ မိန်းမ"

ဟု ပြောပြန်လေ၏။

တစ်ဖန် နောက်တစ်ရွက် လှန်လိုက်ပြန်ရာ ဤမိန့်ခွန်းကို ပြောကြားသော မီးသတ် ကွန်မရင်ကြီး၏ ကိုယ်စားလှယ်တော်ကြီး ဦးဘချစ်၏ ကိုယ်ရေးရာဇဝင်ကို တခမ်းတနား ရေးသား ထားသည်ကို တွေ့ရပြန်၏။ ၎င်းကိုယ်ရေးရာဇဝင်၌လည်း မောင် ဘချစ်သည် အများအကျိုးကို သယ်ပိုးလိုသူ ဖြစ်ကြောင်း၊ ဘာသာတရားကို လွန်စွာကိုင်းရှိုင်းသူ ဖြစ်ကြောင်းတို့ကို ဖော်ပြ ထားရုံမျှမက မောင်ဘချစ်ပါဝင်သော စာရိတ္တမြှင့်တင်ရေး အသင်း၊ တံမြက်လှည်းအသင်း၊ ရေကြည်တော်အသင်း၊ ဝတ် အသင်းများ၏ အမည်များကို ဖော်ပြထားသည့်အပြင်၊ မောင် ဘချစ်၌လည်း သားသမီးမရှိ၊ ဇနီးဖြစ်သူ ဒေါ်ညိုညိုနှင့်အတူ ကုတ္တိုင်းလမ်း ခြံအမှတ် (-) တွင် အေးချမ်းစွာ နေထိုင်လျက် ရှိ ပုံကို ရေးသားထားလေ၏။

ထို့နောက် မောင်ဘချစ်သည် ဆက်လက်၍ စာရွက်များကို လှန်လိုက်ရာ ရှည်လျားသော အစီရင်ခံစာ အပြည့်အစုံကို တွေ့ရလေတော့၏။





မောင်ဘချစ်သည် ညိုညိုရေးထားသည့် အစီရင်ခံစာကို ဖတ် ကြည့်လျှင် လွန်စွာသဘောကျ၍ သွားလေတော့၏။ လွန်စွာ အချက်အလက်နှင့် ပြည့်စုံသည့်အပြင် ရေးထားပုံမှာလည်း အကွက်စေ့လှပေ၏။

"မမရေးထားတာက ကောင်းလိုက်တာ မမရယ်၊ ဘယ်လိုများ ရေးတာလဲဗျာ၊ ကျွန်တော့်ကိုလဲ သင်ပေးပါဦး"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒီလိုကွယ့်၊ အစီရင်ခံစာ ရေးတော့မယ်ဆိုရင် ဟောဒီ အချက် ငါးချက်ကို လက်ချိုးရေတွက်ပြီး အားလုံးပါအောင် ရေး ရမယ်"

ဟု ဆိုကာ ညိုညိုသည် လက်ချိုးရေတွက်ကာ---

**"ပြတွက်၊ ယုတွက်၊ နိမ်တွက်၊ နင်းတွက်၊ ဗိုတွက်"**

ဟု ရွတ်ဆိုပြလေ၏။

ထိုအခါ၌ မောင်ဘချစ်က

"**ပြတွက်**ဆိုတာ ဘာလဲ မမရဲ့"

ဟု မေးလေ၏။

"ဒီလိုလေကွယ်၊ ဥပမာ- သစ်တောအကြောင်း အစီရင်ခံစာ ရေးတယ် မဟုတ်လား၊ ပါတော့ကာ ကမ္ဘာပေါ်တွင် သစ်တော ဧကပေါင်း ၇၅၀၀ ၀၀၀ ၀၀၀ ရှိပြီး အာရှတိုက်တစ်တိုက်တည်း တွင် သစ်တောဧကပေါင်း ၂၀၉၆၀၀၀ ၀၀၀ ရှိကြောင်း၊ တောင် အမေရိကတိုက်တွင် သစ်တောဧကပေါင်း ၂၀၉၃၀၀၀ ၀၀၀ ရှိ ကြောင်း၊ မြောက်အမေရိကတိုက်တွင်မူ ဧက ၁၄၄၀၀၀ ၀၀၀ ရှိ ကြောင်း၊ အာဖရိကတိုက်တွင်မူ ဧက ၇၉၇၀၀၀ ၀၀၀၊ မာလာယု

ဖိလစ်ပိုင် စသည် ကျွန်းများပါသော တောင်ပစိဖိတ် သမုဒ္ဒ
အတွင်းတွင် သစ်တောဧကပေါင်း ၂၃၈၀၀၀ ၀၀၀ ကျော် ရှိ
ကြောင်း၊ ထို့ကြောင့် ကမ္ဘာကြီး၏ဖြစ်ရာနိုင်နှုန်းမှာ သစ်တော
သာလျှင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာလဲ သစ်တောကို လွှမ်း
အားထားသောနိုင်ငံဖြစ်ကြောင်း၊ ဧကပေါင်း ၆၈၅၄၀ရှိကြောင်း၊
ထို့ကြောင့် ကမ္ဘာ့သစ်တော ဧကပေါင်း ၇၅၀၀ ၀၀၀ ၀၀၀ ပါ
ဖြစ်နေတော့ကြောင်းလို့ ရေးရတယ်ကွယ့်"

ဟု ညိုညိုက ပြောလေ၏။

"အဲဒီလိုရေးတော့ ဘယ်လိုဖြစ်သလဲ မမရဲ့"

"မင်းပဲ စဉ်းစားကြည့်လေကွာ၊ ကိန်းဂဏန်းတွေ အများကြီး
ဖြစ်မနေဘူးလား၊ အမှန်က မင်းရေးရမယ့် ကိစ္စက ဧက ခြောက်
သောင်းကျော်ကလေးကွ၊ ဧက ခြောက်သောင်းကျော်ကလေး
ရေးလိုက်ရင် မင်းဥစ္စာကို ဘယ်သူက အထင်ကြီးမှာလဲ
ဒီတော့ ဂဏန်းတွေများအောင်လို့ ကမ္ဘာနဲ့ချိပြီး ရေးပြရတယ်
အဲဒါ ပြကွက်လို့ခေါ်တယ်၊ မင်းဟာ သစ်တောနဲ့ပတ်သက်
ဘယ်လောက်လေ့လာထားတယ်ဆိုတာကိုလဲ ပရိသတ်ကို ပြ
သားဖြစ်တာပေါ့ကွ၊ ဒီအထဲမှာ မင်းအနေနဲ့ ထည့်မယ်
အလောင်းဘုရားက ခရစ်သက္ကရာဇ် ၁၇၅၅ ခုနှစ်မှာ ကျွန်းပင်
တော်ဝင်ပင်လို့ခေါ်ရန် အမိန့်ထုတ်ခဲ့ပုံတွေ ဘာတွေကို သိုင်းဖွဲ့
ပြီး ထည့်နိုင်သေးတယ်ကွ၊ ဒါတွေထည့်လိုက်ရင် မင်းဟာ
ဘယ်လောက် လေ့လာထားတယ်ဆိုတာကို ပြပြီးသားပေါ့ကွ
ဒါကြောင့် ဒီအရေးအသားကို ပြကွက်အရေးအသားလို့ ခေါ်
တယ်ကွ"





ဟု ညိုညိုက ရှင်းပြလိုက်ရာ မောင်ဘချစ်သည် ပါးစပ်ဟ၍
နေလေ၏။ ထို့နောက်---

"တော်တော်ဉာဏ်ကောင်းတဲ့ မိန်းမပါလား"

ဟု ပြောလိုက်လေ၏။

"**ယှဉ်ကွက်**ဆိုတာကတော့ မီးသတ်လုပ်ငန်းဟာ အရေးကြီး
ကြောင်း၊ မီးသတ်လုပ်ငန်းမရှိပါက မည်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းမျှ
မဖြစ်နိုင်ကြောင်း၊ စက်ရုံကြီးတွေ ဘယ်လောက်ပဲ ဆောက်
ဆောက် ပြီးတာနဲ့ မီးလောင်ကျွမ်းမည်ဆိုပါက တိုင်းပြည်အတွက်
နစ်နာကြောင်းကို အကျယ်ချဲ့ပြီး ရေးရမယ်၊ ကမ္ဘာကြီးတစ်ခုလုံး
မီးလောင်လုမတတ် ရေးရမယ်၊ အဖိုးတန် ရွှေသီးရွှေခက်များ
ထွက်နိုင်သည့် သစ်တောကြီးများကိုလဲ မီးမလောင်ရန် အရေး
ကြီးပုံ၊ ရေနံတွင်းများ မီးမလောင်စေရန် အရေးကြီးပုံတို့ကို လူထု
၏ အိုးအိမ်စည်းစိမ်ကိုလဲ မီးမလောင်ရန် အရေးကြီးပုံတွေကို
ရေးရမယ်ကွယ့်၊ မီးသတ်လုပ်ငန်းမရှိရင် အခုလိုပဲ ကမ္ဘာကြီးပျက်
သွားလုမတတ် ရေးရမယ်၊ အဲဒီလို ရေးပြီးတော့ ကျွန်တော်
ဦးခင်းဆောင်တဲ့ မီးသတ်တပ်ဖွဲ့ဟာဆိုရင် မီးဘေးကာကွယ်ရေး
လုပ်ငန်းတွေအတွက် ဘယ်လောက်တောင် လေ့ကျင့်ထားပုံကို
ရေးရမယ်၊ ပြီးတော့ မင်းရဲ့ မီးသတ်သမားတွေကို အဆင်သင့်
လုပ်ထားပြီး ကွန်မရင့်ရဲ့ ကွက်လပ်တစ်နေရာမှာ ပရိသတ် မသိ
အောင် လောင်စာတွေ စုပုံထားပြီး တစ်ယောက်က မီးရှို့ရမယ်၊
ပြီးတော့ မင်းရဲ့ မီးသတ်သမားတွေက ယူနီဖောင်း အပြည့်အစုံနဲ့
သွက်သွက်လက်လက် ဝင်ငြိမ်းပြရမယ်၊ ငြိမ်းပြပြီးတာနဲ့
တစ်ပြိုင်နက် ဒီဥစ္စာဟာ သရုပ်ပြတာဖြစ်ကြောင်း၊ ဒါ့ကြောင့်

မီးသတ်လုပ်ငန်းဟာ ပါးစပ်နဲ့ ပြောနေရုံနဲ့ မဖြစ်ကြောင်း၊ လက်တွေ့ လေ့ကျင့်ထားမှ အောင်မြင်နိုင်ကြောင်းကိုပါ ပြောပြီး မင်းဟာ မင်းလူတွေနဲ့ ဘယ်လောက်တောင်မှ မီးသတ်ကိစ္စမှာ စိတ်ဝင်စားနေပုံကို ပရိသတ်ရဲ့ အသည်းနှလုံးကို သိမ်းကျုံးယူငင်ရမယ်ကွ၊ အဲဒါဟာ ပွဲကွက်ပဲ၊ ဖြစ်နိုင်ရင် မီးလောင်မှုဖြစ်ပွားတဲ့ ဓာတ်ပုံတွေ၊ ကားချပ်တွေနဲ့ ရှင်းပြပြီး စကားပြောရမယ်"

ဟု ဦးဦးက ဆိုလေ၏။

မောင်ဘချစ်က---

"တော်တော် ဉာဏ်ကောင်းတဲ့ မိန်းမ"

'ဟု ပြောလေ၏။

"**နှိမ်တွက်**ဆိုတာကတော့ ဥပမာကွာ၊ ပုလိပ်ဘက်ကို နှိမ်ချင်တယ်ဆိုပါတော့၊ ပုလိပ်ရဲ့ လုပ်ငန်းတာဝန်ဟာ များပြားပါတယ်၊ ဒါပေမယ့် လူခိုးလို့မပြောင် မီးခိုးမှ တက်တက်ပြောင်ဆိုတဲ့ စကားအရဆိုရင် ပုလိပ်နဲ့ပတ်သက်တဲ့ သူခိုးဖမ်းတဲ့ လုပ်ငန်းထက် မီးသတ်တဲ့လုပ်ငန်းက ပိုပြီးအရေးကြီးနေကြောင်း သိသာနိုင်ပါတယ်၊ ပုလိပ်ရဲ့ လူဆိုးသူခိုးဖမ်းလုပ်ငန်းမှာ ရာဇဝင်လူဆိုးစာရင်း ရှိ၍ ပုလိပ်များအဖို့ လုပ်ရကိုင်ရတာ လွယ်ကူကြောင်း၊ မိမိတို့ မီးသတ်များမှာတော့ လူဆိုးစာရင်းကဲ့သို့ မီးဆိုးစာရင်းပြုလုပ်၍ မရသောကြောင့် အရပ်ဆယ်မျက်နှာက အချိန်မရွေး ပေါ်ပေါက်လာမည့် မီးအန္တရာယ်ကို အမြဲမပြတ် စောင့်ကြပ်နေကြောင်း ပြောပြီး ပုလိပ်ဘက်ကို နှိမ်လိုက်ရုံပဲ"

ဟု ဦးဦးက ပြောလိုက်ရာ မောင်ဘချစ်က---

"တော်တော် ဉာဏ်ကောင်းတဲ့ မိန်းမ"





ဟု ပြောလိုက်လေတော့၏။

"**နင်းတွက်**ကတော့ကွာ၊ ဆရာဝန်ဘက်ကို နင်းချင်တယ်ဆိုပါတော့၊ မီးလောင်မှု ဖြစ်ပွားတဲ့အခါများမှာ လူများသည် ဆရာဝန်များ အချိန်မီ ရောက်မလာမှုကြောင့် သေဆုံးတတ်ကြောင်းကို အကျယ်တဝင့် ဖော်ပြပြီး ဆရာဝန်ဘက်ကို နစ်နာအောင် နင်းပင်ရတယ်ကွယ့်"

ဟု ဦးဦးက ပြောလိုက်ရာ မောင်ဘချစ်က---

"တော်တော်ဉာဏ်ကောင်းတဲ့ မိန်းမပဲ"

ဟု ပြောလိုက်လေတော့၏။

"**ဖို့တွက်**ကတော့ ကိုယ်ကျွမ်းတဲ့လူကို ဖို့ရုံပဲပေါ့ကွာ၊ တကယ်လို့ စာရိတ္တမြှင့်တင်ရေးအသင်းတွေကို ဖို့ချင်ရင် တစ်ခါက ဘယ်မှာဖြစ်ပွားခဲ့တဲ့ မီးလောင်မှုကြီးမှာဆိုရင် ကျွန်တော်များ မီးသတ်အဖွဲ့များနဲ့အတူ စာရိတ္တမြှင့်တင်ရေး အသင်းသားများဟာ အသက်ကို ပဓာနမထားဘဲ ပါဝင်ကူညီခဲ့ပုံကို ပြောရတယ်ကွ၊ ဒါဟာ ဖို့ကွက်ပဲ၊ ဘယ်တော့ပဲဖြစ်ဖြစ် အဓိအချက် ငါးချက်နဲ့ ရေးရတယ်၊ အခု မမ ရေးထားတဲ့ အစီရင်ခံစာဟာ အဓိအချက် ငါးချက်နဲ့ ရေးထားတာပဲ"

ဟု ဦးဦးက ရှင်းပြလိုက်လေ၏။

မောင်ဘချစ်ကလည်း---

"တော်တော်ဉာဏ်ကောင်းတဲ့ မိန်းမပဲ"

ဟု ချီးမွမ်းလိုက်လေတော့သတည်း။

❖ ❖ ❖

ညိုညိုသည် မောင်ဘချစ်အား ပောလပြောပွဲ စင်မြင့်ပေါ်၌ ပောလပြောပုံ ပောစပြောနည်းကိုပါ သင်ပြလေ၏။ လက်ကို မည်သို့ထားရမည်၊ မျက်နှာက မည်သို့နှင့် ညိုညိုက ဒါရိုက်တာ လုပ်ကာ မောင်ဘချစ်အား သင်ပြပေးလေ၏။ ထို့နောက် ကွန်ဖရင့်တွင် ဝတ်ဆင်ရမည့် အဝတ်အစားကိုပါ ညိုညိုက ရွေးချယ် ဝယ်ယူ၍ ချုပ်လုပ်ပေးလေတော့၏။

မောင်ဘချစ်အတွက် ညိုညိုဝယ်ယူခဲ့သော လုံချည်မှာ အဖြူနှင့် အနက်ကွက်တုံးကြီး ဖြစ်လေ၏။ ထို့ကြောင့် မောင်ဘချစ်က---

"မမရယ်၊ လုံချည်ဆင်ကြီးကလဲ နိုင်းလှချည်လား"

ဟုမေးရာ ညိုညိုက---

"မင်းဘာသိလို့လဲ၊ ဒါမှ အများထဲမှာ မင်းကို ထင်ထင်ရှား ရှားကြီး တွေ့ရမှာ၊ တကယ်လို့ သတင်းထောက်တွေက ဓာတ်ပုံ ရိုက်ခဲ့ရင်လဲ သူများတကာထက် မင်းက ပေါ်လွင်နေမှာကွ"

ဟု ပြောလေ၏။

ညိုညိုပြောသည်မှာ မှန်ပေသည်။ ကွန်ဖရင့်ကျင်းပသောအခါ၌ စကားပြောကြမည့်သူများ စင်မြင့်ပေါ်၌ရှိ၍ ထိုင်နေကြရာ မောင်ဘချစ်၏ လုံချည်ကွက်တုံးကြီးကြောင့် အားလုံးထက် ထင်ပေါ်၍ နေလေ၏။

စကားပြောရန် မောင်ဘချစ်အလှည့်သို့ ရောက်သောအခါ၌ ကောင်းစွာ ပြင်ဆင်လေ့ကျင့်ထားသော မောင်ဘချစ်သည် အများထက်သာအောင် ပြောဆိုနိုင်ခဲ့လေ၏။ ထိုသို့ ပြောဆိုနေစဉ်တွင်ပင် မောင်ဘချစ် ကြိုတင်စီစဉ်ထားသည့်အတိုင်း ၎င်း၏





လူများက လောင်စာများကို မီးရှို့လိုက်ရာ ကွန်ဖရင့်ကြီးတစ်ခုလုံး သည် ရုတ်ရုတ်သဲသဲ ဖြစ်လေတော့၏။

ထိုအခါ၌ မောင်ဘချစ်သည် စင်မြင့်ပေါ်မှပင် အသံချဲ့စက် ဖြင့် ၎င်း၏ မီးသတ်သမားများအား---

တပ်ဖွဲ့အသင့် ---

တပ်ဖွဲ့ပိုက်ဆက်---

တပ်ဖွဲ့ရေနှုပ်---

တပ်ဖွဲ့ရေပက်---

စသည်ဖြင့် အမိန့်ပေးကာ ရေပက်၍ လက်တွေ့မီးငြိမ်းပြပြီး လျှင် ပိုက်များကို ဖြုတ်၍ သိမ်းဆည်းပြ၏။ ထိုသို့ ပြလုပ်ပြပြီး နောက် နာရီကိုကြည့်ကာ---

ယခု သရုပ်ပြခဲ့သော လုပ်ငန်းမှာ အစမှ အဆုံးထိ ဆယ့်တစ် မိနစ်သာ ကြာကြောင်း၊ ယခုကဲ့သို့ မြန်ဆန်စွာ ငြိမ်းသတ်နိုင် ခြင်းမှာ မိမိတို့ နှစ်ပေါင်းများစွာ လေ့ကျင့်ထားခြင်းဖြစ်ကြောင်း ကို ပြောလေ၏။ အခမ်းအနားပြီးသည့်အခါ၌ မောင်ဘချစ်၏ မီး သတ်သမားများက ပရိသတ်အား မောင်ဘချစ်၏ အစီရင်ခံစာ စာအုပ်များကို လိုက်လံ ဝေကြလေတော့၏။

ထို့ကြောင့် ကွန်ဖရင့်ကြီး တစ်ခုလုံးတွင် မောင်ဘချစ်၏ နာမည်သည် ဟိုးဟိုးကျော်၍ သွားလေတော့၏။ သတင်း ထောက်များကလည်း မောင်ဘချစ်ကိုသာ မဟုတ်ဘဲ သရုပ်ပြ မီးသတ်ခြင်းလုပ်ငန်းကိုပါ ဓာတ်ပုံများ ရိုက်ယူလေတော့၏။

နောက်တစ်နေ့နံနက်တွင် မောင်ဘချစ်သည် ကော်ဖီသောက် ရင်း သတင်းစာများကို ဖတ်ရှုကြည့်ရာ သတင်းစာတိုင်း၌

၎င်း၏ ဓာတ်ပုံချည်း ဖြစ်၍နေလေတော့၏။

မောင်ဘချစ်သည် သတင်းစာများကို ကြည့်ရှုပြီးနောက် ကျေနပ်စွာ ပြုံးလိုက်လေတော့၏။ ထိုအခါ၌ ညိုညိုက---

"ဘာပြုံးတာလဲ မောင်လေး"

ဟု မေးလေ၏။

"မမရဲ့ အကြံဉာဏ်ကောင်းပုံတွေကို ပြုံးတာပါ မမ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။ စေတနာ့ဝန်ထမ်း မီးသတ် ကွန်ဖရင့်ကြီးမှာ မောင်ဘချစ်၏ ကွန်ဖရင့်ကြီး ဖြစ်၍ သွားလေတော့၏။ လူထုမှရှိသတ်ကလည်း မောင်ဘချစ်ကို ကောင်းစွာသိ၍ သွားလေတော့၏။ ရန်ကုန်ပုလိပ်မင်းကြီး ရှပ် တယ် ဝပ်ကသင်လျှင် ---

"ဒီကွန်ဖရင့်မှာ မောင်ဘချစ်ပြောတာ အကောင်းဆုံးပဲ၊ ပြောတာလဲကောင်းတယ်၊ အလုပ်လုပ်ပြတာလဲ ကောင်းတယ်၊ ကျွန်ုပ်တောင် တကယ်မီးလောင်ပြီလို့ ထင်ခဲ့တယ်၊ သိပ်ပြီး တော်တဲ့ မောင်ဘချစ်ပဲ၊ ပုလိပ်တွေက မီးသတ်တွေလောက် အလုပ်မလုပ်ကြဘူးဆိုတဲ့ စကားကလွဲရင် အားလုံးကောင်းပါ တယ်"

ဟု ပြောလေ၏။

ညိုညိုသည် မောင်ဘချစ်၏ အောင်မြင်မှုအတွက် လွန်စွာ ပီတိဖြစ်၍ နေသကဲ့သို့ မောင်ဘချစ်ကလည်း ---

"မမ တော်လို့ပါ"

ဟုပြောကာ ညိုညိုအား နှိုးကျူးလေ၏။ ပါးစပ်ဖြင့် နှိုးကျူး ရုံမျှမကသေးဘဲ ညိုညိုအတွက် စိန်ဘယက်တစ်ခု ဝယ်၍ပင်





လက်ဆောင်ပေးခဲ့လေတော့၏။

❖ ❖ ❖

## မောင်ဘချစ်နဲ့ အသက်အာမခံကိုယ်စားလှယ်

မောင်ဘချစ်သည် ဤသို့လျှင် ကြိုးစား၍ လုပ်ကိုင်လာခဲ့ရာ လုပ်ငန်းများသည် အောင်မြင်သည်ထက် အောင်မြင်၍ လာလေတော့၏။ ထိုသို့ အောင်မြင်လာသည်နှင့်အမျှ အတိုက်အခံများ ရန်သူများသည်လည်း တစ်ယောက်တစ်စ တိုးပွား၍ လာလေတော့၏။ အချို့သောအတိုက်အခံသမားများ၊ အပြိုင်အဆိုင်သမားများသည် မောင်ဘချစ်အား တရားသဖြင့် ပြိုင်ခြင်းမျိုးထက် ညစ်၍ ပြိုင်သောနည်းများကို သုံးကြလေ၏။ ထို့အပြင် တစ်ခါတစ်ရံ၌ မောင်ဘချစ်၏ အသက်ကိုပင် လုပ်ကြံရန် လူဆိုး လူမိုက်များကို ငှားရမ်းအသုံးချကြလေတော့၏။

တစ်နေ့သ၌ မောင်ဘချစ်သည်ရုံးကြီးတစ်ရုံးမှ အလုပ်တစ်ခု ခေါ်ယူသဖြင့် သွားရောက်ခဲ့လေ၏။ ထိုသို့ သွားရောက်ရာတွင် အရာရှိ မရောက်သေးသဖြင့် ၎င်းရုံးခန်းအနီးတွင်ရှိသော လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်သောက်ရင်း ထိုင်၍ စောင့်ရ





လေ၏။

ထိုအချိန်၌ လူတစ်ယောက်သည် မောင်ဘချစ်စားပွဲသို့ ရောက်ရှိလာလေတော့၏။ ထိုသူသည် ဟောင်းနွမ်းလှပြီဖြစ်သော ကုတ်အင်္ကျီနှင့် ဘောင်းဘီကို ကောင်းစွာလျှော်ဖွပ်၍ ဖြန့်ဖြူးစွာ မီးပူတိုက်လျက် ဝတ်ဆင်ထား၏။ နက်တိုင် (ခေါ်) လည်စည်းအဟောင်းတစ်ခုကိုလည်း သေသပ်စွာ စည်း၍ထားလေ၏။ ၎င်းစီးထားသော ရှူးဖိနပ်မှာလည်း အဟောင်းပင်ဖြစ်၏။ သို့ရာတွင် ပြောင်လက်စွာ တိုက်၍ထား၏။ ၎င်း၌ ကြီးမားသော သားရေအိတ်ကြီးတစ်လုံးလည်း ပါလေ၏။

၎င်း၏ ရင်ဘတ်၌ မည်သည့်တံဆိပ်မှန်း မသိရသော တံဆိပ်များကို တပ်ဆင်၍ ထားလေ၏။ ထိုသူသည် လက်ဖက်ရည်တစ်ခွက်ကို မှာယူလိုက်ပြီးနောက် မောင်ဘချစ်ကို အကဲခတ်ကြည့်ရှုပြီးလျှင်---

"ဒီမှာ ဘရာသာ-- လူ့အသက်တစ်ချောင်းဟာ အလွန် အင်မတန် တန်ဖိုးရှိပါတယ်"

ဟု ပြောလေ၏။ မောင်ဘချစ်က လက်ဖက်ရည်သောက်ရင်း--

"ဗျာ"

ဟု ပြောလိုက်လေ၏။

"ရေနစ်လို့သေနိုင်တယ်၊ ရထားမှောက်လို့သေနိုင်တယ်၊ ကားတိုက်ခံရလို့သေနိုင်တယ်၊ သူတစ်ပါးသတ်လို့သေနိုင်တယ်၊ ရောဂါနဲ့ သေနိုင်တယ်"

ဟု ထိုသူက ပြောပြန်လေ၏။

မောင်ဘချစ်က ထိုသူ၏ မျက်နှာကိုကြည့်၍ ---

"ဟုတ်ကဲ့ သေဖို့လမ်းတွေကတော့ အများကြီးပေါ့ဗျ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ဒါပေမဲ့မိတ်ဆွေရယ်၊ လူဆိုတာ ကျွေးသောလက်ကို မဆာ ဆန့်သောလက်ကို မကျွေးမိ အသက်ထွက်နိုင်တာမျိုးဗျ"

ဟု ထိုသူက ပြောလေ၏။ ထိုအခါ၌ မောင်ဘချစ်က---

"တရားနဲ့စဉ်းစားရင်တော့ ဒီအတိုင်းပါပဲ"

ဟု ပြန်၍ ပြောလေ၏။

"တရားနဲ့ပဲ စဉ်းစား စဉ်းစား၊ သဘာဝနဲ့ပဲ စဉ်းစားစဉ်းစား ဒီအတိုင်းပါပဲ မိတ်ဆွေ၊ ယခု လက်ဖက်ရည်သောက်ပြီးလို့ ဘက်လမ်းကို ဖြတ်ကူးတဲ့အချိန်မှာပဲ မိတ်ဆွေဟာ မော်တော် ကားတိုက်ခံရပြီး သေနိုင်ပါတယ်"

ဟု ထိုသူက ပြောပြန်လေ၏။

"ကားတိုက်မခံရအောင် မော်တော်ကားကို သေသေချာချာ ကြည့်ကူးမယ်ဗျာ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ထားတော့၊ ဒီလို ကားမတိုက်ဘူးပဲထားတော့ မိတ်ဆွေနဲ့ မတည့်တဲ့ လူတွေက လူဆိုးလူမိုက်တွေကို ငှားရမ်းပြီး မိတ်ဆွေ ရဲ့ အသက်ကို လုပ်ကြံမယ် ဆိုရင်ကောဗျာ"

ဟု ပြောပြန်လေ၏။

"ဒါဆိုရင်တော့ သေနိုင်တာပေါ့ဗျာ၊ နေစမ်းပါဦးဗျ ခင်ဗျား က ဘာအတွက်ကြောင့် ကျုပ်သေမယ့် အကြောင်းတွေကို လာ ပြီး ပြောနေရတာတုံး"





ဟု မောင်ဘချစ်က ထိုသူအား ပြန်၍ မေးလိုက်လေ၏။

"ဒီလိုပါ၊ ဒီလိုပါ၊ ကျုပ်က အသက်အာမခံကိုယ်စားလှယ်ပါ"

ဟု ထိုသူက ပြောလျှင် မောင်ဘချစ်သည် ထိုသူ၏ မျက်နှာ ကို ကြည့်၍---

"ခင်ဗျားလုပ်တဲ့ လုပ်ငန်းကလဲ တော်တော့်ကို မင်္ဂလာမရှိတဲ့ လုပ်ငန်းပဲ"

ဟု ပြန်၍ ပြောလေ၏။

"ဘယ့်နှယ် မင်္ဂလာ မရှိရမှာလဲဗျာ၊ မင်္ဂလာအရှိဆုံးလုပ်ငန်း ပေါ့၊ ခင်ဗျားအသက်ကို မသေစေရပါဘူးလို့ အာမခံပေးမယ့် လုပ် ငန်းပဲ"

ဟု ထိုသူက ပြန်၍ ပြောလေ၏။

"ခင်ဗျားတို့ကုမ္ပဏီက အာမခံတာနဲ့ပဲ ကျုပ်က မသေတော့ ဘူးလားခင်ဗျာ"

ဟု မောင်ဘချစ်က ပြန်၍ မေးလိုက်လေ၏။

"ဒီလိုတော့ မဟုတ်ပါဘူးဗျ၊ တကယ်လို့ သေသွားရင်လဲ ခင် ဗျား အာမခံထားတဲ့ အာမခံကြေးကို ခင်ဗျားရဲ့ဇနီးသားမယားကို ကျုပ်တို့ရဲ့ ကုမ္ပဏီက လျော်ပေးမှာပေါ့ဗျ၊ သွေးပြီးတော့ကြောက် လန့်နေဖို့ မဟုတ်ပါဘူး၊ လူဆိုတာ ဘေးအန္တရာယ် အမျိုးမျိုးနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ သတိထားဖို့ပါပဲ၊ အချိန်မရွေး သေနိုင် တယ်လို့ ကိုယ့်ကိုယ်ကို သိထားဖို့ပါပဲ၊ အဲဒီလိုပဲ ကိုယ့်ရဲ့ ဥစ္စာ ဓည်းစိမ်ဟာလဲ ရန်သူမျိုးငါးပါးကြောင့် အချိန်မရွေး ပျက်စီးနိုင် တယ်လို့ သိထားဖို့ပါပဲ၊ အဲဒီလို သိထားရင် သတိရှိတဲ့လူ၊ ပညာ ရှိတဲ့လူပေါ့ဗျာ၊ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ အာမခံထားလေ့ ရှိပါ

တယ်"

ဟု ပြောဆိုကာ ထိုအသက်အာမခံ ကိုယ်စားလှယ်သည် ၎င်း၏ ကိုယ်စားလှယ်ကတ်ပြားကို ထုတ်၍ ပြလေ၏။ မောင်ဘချစ်သည် ထိုကတ်ပြားကို ဖတ်ရှုကြည့်လေ၏။

ထိုသူမှာ လန်ဒန်မြို့တွင်ရှိသော လိုက် အာမခံကုမ္ပဏီ၏ ကိုယ်စားလှယ်တစ်ဦးဖြစ်ကြောင်း သိရလေ၏။

"မင်ဗျားပြောတော့လဲ စဉ်းစားရပါပြီဗျာ"

ဟု မောင်ဘချစ်က ပြောဆို၍ နောင်တွင် တွေ့မည်ဖြစ်ကြောင်းနှင့်တကွ ပဋိသန္ထာရ စကားများ ပြောဆိုကာ ထိုသူအား လမ်းခွဲ၍ တင်ဒါလုပ်ငန်းအတွက် မှိုန်းဆိုထားသော ရုံးဆီသို့ ထွက်၍လာခဲ့လေ၏။

အသက်အာမခံကိုယ်စားလှယ်လည်း မောင်ဘချစ်၏ နေရပ်လိပ်စာကို ၎င်း၏ မှတ်စုစာအုပ်အတွင်း၌ ရေးမှတ်ထားလိုက်လေတော့၏။ မောင်ဘချစ်သည် ရုံးပေါ်သို့ သွားပြီးလျှင် အရာရှိနှင့် တွေ့ဆုံကာ တင်ဒါ ခေါ်ယူသော ကိစ္စနှင့်ပတ်သက်၍ မရှင်းလင်းသော အချက်များကို မေးမြန်း စုံစမ်းလေတော့၏။

ထို့နောက် ရုံးပေါ်မှ ဆင်းလာလေ၏။ မောင်ဘချစ်၏ စိတ်၌

"ငါ့မှာ ရန်သူတွေ များနေတယ်၊ အသက်အာမခံ လုပ်ထားမှ ကောင်းမယ်"

ဟု တွေး၍ လာလေ၏။ ထိုသို့ တွေး၍လာသည်ဖြစ်ရာ ၎င်း၏ မော်တော်ကား ရပ်ထားရာ လမ်းတစ်ဖက်သို့ ဖြတ်၍ ကူးလိုက်သည်တွင် တစ်ဖက်မှ မောင်းလာသော ကားသည် မောင်ဘချစ်အား တိုက်မိမည်ကဲ့သို့ ဖြစ်သွားလေ၏။





ဒရိုင်ဘာက ဘရိတ်ကို ကျွံနေ အုပ်လိုက်လေ၏။ မောင်ဘချစ်လည်း နောက်သို့ခုန်၍ ရှောင်လိုက်လေ၏။ ဒရိုင်ဘာလည်း မောင်ဘချစ်ကို လွန်စွာ စိတ်ဆိုးသွားသည်ဖြစ်ရာ---

"လှမ်းပြည်ကို ကြီးဖွေပြီလား"

ဟု ပြောကာ ငုံနေ မောင်းထွက်သွားလေ၏။ မောင်ဘချစ်၏ စိတ်၌လည်း---

"အသက်အာမခံ ကိုယ်စားလှယ်ကြီး ပြောတာ သိပ်မှန်တာပဲ၊ လူဟာသေဖို့ လွန်စွာနီးစပ်သော သတ္တဝါတစ်မျိုးပဲ"

ဟုလည်း စဉ်းစားမိလေ၏။

ထို့နောက် မိမိကားဆီသို့ရောက်လျှင် ကားတံခါးကို ဆွဲ၍ ဖွင့်လိုက်လေ၏။ ကားအတွင်း၌ကား လူတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရကား မောင်ဘချစ်သည် ယောင်၍ ဟိုက် ခနဲ အော်လိုက်မိလေ၏။

"ဘာတွေများ ဒီလောက်အထိတ်တလန့် ဖြစ်နေတာလဲ မောင်ဘချစ်ရဲ့၊ လူတစ်ယောက်လုံး ထိုင်နေတာကို တံခါးဖွင့်မှပဲ တွေ့ရတော့သတဲ့လားကွာ၊ မှန်ပေါက်ကနေ မြင်နိုင်သားပဲ၊ ငါဟာ တစ်ခုခုကို ထိတ်လန့်နေပြီထင်တယ်၊ မောင်ဘချစ်"

ဟု ပြောလိုက်သံကို ကြားသဖြင့် ထိုသူအား ကြည့်လိုက်ရာ ၎င်း၏ ဆရာကြီး ဦးထွန်းတင်ဖြစ်ကြောင်း သိရလေတော့၏။

"ဟာ--- ဦးထွန်းတင်ပါလား"

ဟု နှုတ်ဆက်ကာ ကားအတွင်းသို့ ဝင်၍ စကားနီးလေတော့၏။

ကားမောင်းထွက်သွားသည့်အခါ၌ မောင်ဘချစ်က---

"လူဆိုတာ အရိုးမရွေး သေခြင်းတရားနဲ့ တွေ့နိုင်တယ်ဗျ အဲဒါကို စဉ်းစားပြီးလာတာ"

ဟု ပြောလိုက်လေ၏။

"အစ်ပေါ့ ဆရာသမားရယ်၊ ဒီမနက်ပဲ ကျုပ်ကို အသက်အာမခံ ကိုယ်စားလှယ်တစ်ယောက်က လာပြီး အဲဒီ တရားဟောသွားလို့ ကျုပ်ဟာ သေခြင်းတရားအကြောင်းကို စဉ်းစားလာတာဗျ"

ဟု မောင်ဘချစ်က ပြောလျှင် ဦးဂွမ်တီက----

"အဲဒါနဲ့ပဲ ကားတိုက်ပြီး သေမလို့ ဖြစ်တာ မဟုတ်လား"

ဟု ပြန်၍ ပြောလေ၏။

"အစ်ပဲ ဦးဂွမ်တီ၊ ကျုပ်တော့ အသက်အာမခံ ထားမလို့ ကျုပ်မှာက ရန်သူကလဲ များတယ် မဟုတ်လား"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒီလိုကွ မောင်ဘချစ်ရ၊ အာမခံလုပ်ငန်းကို ၁၆-ရာစုနှစ်လောက်ကပဲ ကုန်သည်ကြီးတွေက တီထွင်ခဲ့ကြတာကွ၊ ခုဖြိုး အာမခံလုပ်ငန်းတွေက တွင်ကျယ်နေတုန်းပဲ၊ နောင်ကိုလဲ ဒီလုပ်ငန်းတွေဟာ တွင်ကျယ်နေမှာပဲကွ၊ ကမ္ဘာကျော် အသက်အာမခံ ကုမ္ပဏီတစ်ခုက လန်ဒန်မှာ ရှိတယ်ကွ၊ အဲဒီကုမ္ပဏီနာမည်က 'လွိုက်' လို့ခေါ်တယ်၊ တစ်နှစ်တစ်နှစ်ကို သန်းပေါင်းများစွာ အမြတ်ထွက်နေတဲ့ ကုမ္ပဏီပေါ့ကွာ၊ သူ့ရဲ့ ကုမ္ပဏီသက်တမ်းဟာ အနှစ်တစ်ရာနီးပါး ရှိနေပြီကွ၊ အသက်အာမခံ သဘောက ဒီလိုကွာ၊ မင်းက အာမခံထားတယ်ဆိုပါတော့၊ ဒီနှစ်အတွင်းမှာ မင်းကိုယ်မင်း သေမယ်လို့ သဘောထားပြီး ကုမ္ပဏီမှာ အာမခံထား





တာပဲ၊ ကုမ္ပဏီက ကိုဘချစ်ရယ် ခင်ဗျားမသေရပါဘူးလို့ အာမခံလိုက်တာပဲ၊ တကယ်လို့ မင်းသေသွားရင် ကုမ္ပဏီက လျော်မယ်၊ မသေရင်တော့ ကုမ္ပဏီက စားမယ်ပေါ့ကွာ၊ မင်းရဲ့ အသက်ကို ကုမ္ပဏီက လောင်းကြေးစားကြေးလုပ်နေတဲ့ သဘောပဲ၊ အဲဒီကုမ္ပဏီကြီးဟာ လူတွေရဲ့ အသက်တစ်ခုတည်းကို အာမခံတာ မဟုတ်ဘူး၊ ပစ္စည်းတွေကိုလဲ အာမခံသေးတယ်ကွ၊ ဧရာမ ပင်လယ်ကူးသင်္ဘောကြီးကနေ ဘာမဟုတ်တဲ့ ရိုက်တံဆိပ်တုံးကလေးအထိ သူက အာမခံတယ်၊ လူတွေကလဲပဲ သူတို့ပိုင် ပစ္စည်းအမျိုးမျိုးကို အာမခံ ထားကြသေးတယ်ကွ၊ အတိုချုပ်ပြောရရင်တော့ အဲဒီကုမ္ပဏီကြီးဟာ နှစ်တိုင်း သန်းနဲ့ချီပြီး မြတ်နေတယ်၊ ဒါကို စဉ်းစားကြည့်ရင် လူတွေဟာ သေမယ်ထင်တိုင်း မသေကြတာရယ်၊ သူတို့ရဲ့ ပစ္စည်းတွေဟာ ပျက်စီးမယ်ထင်တိုင်း မပျက်စီးတာရယ်က အာမခံကုမ္ပဏီကြီးကို မြတ်အောင် လုပ်ပေးနေတယ် မဟုတ်လား၊ အလားအလာ အနည်းအများ သဘောတရားနဲ့ ပြောရရင် လူဟာ သေဖို့လမ်း အနည်းဆုံး သတ္တဝါကွ၊ တခြားသတ္တဝါတွေက မျိုးတုံးသွားတဲ့ သတ္တဝါတွေ ရှိတယ်ကွ၊ ကြံ့သတ္တဝါဆိုရင် ကမ္ဘာပေါ်မှာ အကောင် နှစ်ဆယ်လောက်ပဲ ရှိတော့တယ်ကွ၊ သမင်ဆိုရင် အကောင် ငါးဆယ်လောက်ပဲ ရှိတော့တယ်ကွ၊ နို့တိုက်တဲ့ ငှက်တစ်မျိုးဆိုရင် နှစ်ကောင်ပဲ ရှိတော့တယ်ကွ၊ ဒိုင်နိုဆောဆိုတဲ့ သတ္တဝါဆိုရင် ကမ္ဘာပေါ်မှာ ရှိတောင် မရှိတော့ဘူး၊ ဒါပေမယ့် ငါတို့လူကတော့ တစ်နေ့ထက်တစ်နေ့ တိုးလို့နေတော့တာပဲကွာ၊ မွေးသေ နှစ်ချုပ်စာရင်းကို ကြည့်လိုက်ရင် ရှင်းပါတယ်ကွာ၊ ဘာဖြစ်လို့ သေမှာ

ကြောက်နေရတာလဲ မောင်ဘချစ်၊ အေး-- ပြောရဦးမယ်၊ ကမ္ဘာ့စစ်ဖြစ်လို့ သေခဲ့တဲ့လူစာရင်းကို ကြည့်ရင်တောင် ရာဂိုနှုန်း ငါးဆယ်ဟာ စစ်မဖြစ်ရင်လဲ သူ့ဘာသာသူ သေကြရမယ့် သက်ကြီးရွယ်အိုတွေကွ၊ တကယ်စဉ်းစားကြည့်ရင် တကယ့်ကို သေစေတာပေါ့ကွာ၊ ဘာဖြစ်လို့များ မင်းက ကြောက်နေရတာတုံး၊ ဥပမာကွာ ကပ်ရောဂါကြီးတွေ ကျတယ်ဆိုကြပါစို့၊ နယ်တစ်နယ်တည်းကိုပဲ မင်းတွက်ကြည့်စမ်းပါ၊ ကာလဝမ်းရောဂါဖြစ်ပြီး သေတဲ့လူဦးရေ၊ ကျောက်ပေါက်ပြီးသေတဲ့လူဦးရေ၊ သဲလူဦးရေနဲ့ မသေဘဲ ကျန်ခဲ့တဲ့လူဦးရေကို ဂဏန်းသင်္ချာနဲ့ စဉ်းစားမယ်ဆိုရင် သေသွားတဲ့လူဦးရေဟာ တကယ့် နည်းနည်းလေးပါကွ၊ ကဲ-- ပြောဦးမယ်၊ မော်တော်ကားတွေ အများကြီးပေါ်နေပြီကွ၊ ကားတိုက်မှုက ဘယ်နှစ်မှုများ ရှိသေးလို့တုံး၊ ကားတိုက်မှု ရှိတယ်ပဲထားပါဦး၊ သေတဲ့လူဦးရေက အချိုးအစားနည်းနည်းလေးပါကွာ၊ တကယ်ပြောရရင် ပျက်စီးဖို့နဲ့ ဖြစ်ထွန်းဖို့ဟာ ပျက်စီးဖို့ဘက်က အလားအလာ နည်းနေတယ်၊ ဒါကြောင့် ဒီကမ္ဘာကြီးဟာ တည်တံ့နေတာပဲ၊ မင်းက ဘာကိုများ ကြောက်နေရတာတုန်း မောင်ဘချစ်"

ဟု ဦးဂွမ်တီက ရှည်လျားစွာ ပြောလိုက်လေ၏။

မောင်ဘချစ်သည် ဦးဂွမ်တီ၏စကားကို နားထောင်ပြီးနောက် လေးလေးနက်နက် စဉ်းစားနေလေ၏။ ထို့နောက် မောင်ဘချစ်က ---

"ဦးဂွမ်တီပြောတာ သိပ်ဟုတ်တာပဲ၊ တော်တော်နဲ့ မသေနိုင်ဘူးဆိုတာ ခုမှပဲ ကျုပ်လဲ တွေးမိတော့တယ်"





ဟု ပြောလိုက်လေတော့၏။

ထိုအခါ၌ ဦးဂွမ်တီက---

"လောကမှာ ကြဲကြောက် အိမ်အောက်မနေရဲ ဆိုတဲ့လူတွေက အများကြီးကွ၊ ဒီလူတွေက သောကကို အဆွေခင်ပွန်းကောင်းလို သဘောထားချင်တဲ့လူတွေကွ၊ သူတို့နည်းကို မလိုက်မိပါနဲ့"

ဟု ပြောဆို၍ မောင်ဘချစ်ကား ရေကျော်ဘက်သို့ ရောက်သောအခါ၌ ကားကို ရပ်နိုင်းပြီးလျှင်---

"ငါက ပောဘီတိုက်ကြီးကို ဆောက်နေတဲ့ ပန်းရန်ဆရာကွ"

ဟု ဆိုကာ ဆောက်လက်စ တိုက်တစ်လုံးကို ညွှန်ပြ၍ ဦးဂွမ်တီသည် ကားပေါ်မှ ဆင်းသွားလေတော့၏။

မောင်ဘချစ်လည်း မော်တော်ကားကို ဆက်လက်၍ မောင်းနှင်လာလေ၏။ ၎င်း၏ စိတ်၌လည်း ဦးဂွမ်တီဆိုတဲ့လူကြီးဟာ တကယ့်ကို စဉ်းစားတွေးခေါ်တတ်တဲ့ လူကြီးပဲဟု တွေးမိလေ၏။

အိမ်သို့ရောက်လျှင် မောင်ဘချစ်အား ခြံရှေ့မှ ထွက်၍ ကြိုနေသော ညိုညိုကို တွေ့ရလေ၏။ ညိုညိုက မောင်ဘချစ်အား--

"မောင်လေး ကားကို အထဲ မသွင်းနဲ့ဦး၊ ဟိုဘက်တိုက်က မှူတာ ဗာကာလေရဲ့သားလေး ဓာတ်လိုက်လို့ ဆေးရုံရောက်နေတယ်၊ ကလေးက သေမှာပဲထင်တယ်ကွယ်၊ တို့ ဆေးရုံကို လိုက်သွားမှ ဖြစ်မယ်"

ဟု ပြော၍ ကားတံခါးကို ဖွင့်ကာ ကားပေါ်သို့တက်လေ၏။

"ဘယ်လိုဖြစ်တာလဲ မမရယ်"

ဟု မောင်ဘချစ်က ကားမောင်းရင်း ညိုညိုအားမေးလေ၏။

"ဖိုးဖော်တို့ ကြီးကြီးပေါ်မှာ ခွန့်ပြတ်သွားလို့ ဝဲလှဲ့လှမ်း ယူတာ အဲဒီမှာ လိုက်တာပေါ့၊ သွားမယ့်သာ သွားရတာပါ ကလေးကတော့ သေမှာပါပဲ၊ သူ့ဘွားအေ မစွက်မေဘယ်ကြီးတို့ရင် သွေးမြေးကလေးအတွက် ရော့ဖြစ်ပြီး တက်နေလေရဲ့"

ဟု ညိုညိုက ပြန်ပြောပြလေ၏။

"ခုကွပါပဲ၊ ခေတ်လိုက်တယ်ဆိုတော့ ရှင်ဖို့လမ်းကို မရှိတော့ပါဘူး"

ဟု မောင်ဘချစ်ကပြောရင်း စိတ်မကောင်းဖြစ်စွာနှင့် ကားကို မောင်း၍ လာခဲ့လေ၏။

မောင်ဘချစ်တို့ လင်မယား ဆေးရုံသို့ ရောက်သည့်အချိန်၌ မစ္စတာဇာကလေနှင့် သူ၏ သားကလေးသည် ဆေးရုံပေါ်မှဆင်း၍ ၎င်းတို့ မော်တော်ကားရှိရာသို့ လျှောက်လာသည်ကို တွေ့ရလေ၏။

မစ္စတာ ဇာကလေးက မောင်ဘချစ်အား---

"ဟဲလို မစ္စတာဘချစ်"

ဟု လှမ်း၍ နှုတ်ဆက်လေ၏။ ကလေးကလည်း ညိုညိုအားသို့ အန်တီဟု ခေါ်ကာ ပြေး၍ လာလေ၏။

ညိုညိုက ကလေးအား---

"အား၊ ယူ့ ပြောခိုက်ဆန်နီ"

ဟု မေးလိုက်ရာ ကလေးက---

"ပြောခိုက် အန်တီ"

ဟု ပြန်၍ ပြောပြီးလျှင် ညိုညိုအားနှုတ်ဆက်၍ ၎င်း၏ ဖခင်





ရှိရာကို ပြန်သွားလေတော့၏။ မောင်ဘချစ်သည် ပျော်ရွှင်ချမ်းမြေ့စွာနှင့် ပြေးသွားသော ဆန်နီကလေးကို ကြည့်၍

"သေဖို့အလားအလာ တော်တော့်ကို နည်းတဲ့ လူသတ္တဝါပဲ၊ အသက်အာမခံ မထားတော့ဘူး"

ဟူ၍ ပြောလိုက်ရာ ညိုညိုက မောင်ဘချစ်၏ မျက်နှာကို ခပ်ကြောင်ကြောင် ကြည့်၍ နေလေတော့သတည်း။

❖ ❖ ❖

## တဖြည်းဖြည်း လုံးပါးပါးလာသော အရာရှိတစ်ဦး

တစ်နေ့သ၌ မောင်ဘချစ်သည် အော်စတင်ကားကလေးကို ကိုယ်တိုင်မောင်း၍ ပြန်လာခဲ့လေ၏။ လမ်းတစ်ဝက်ခန့် ရောက်သည့်အချိန်၌ပင် မိုးဖွဲကလေးများ စ၍ ကျလာလေတော့၏။ ထို့နောက် မိုးသည် သည်းထန်စွာ ရွာလေတော့၏။ မောင်ဘချစ်၏ ကားသည် ထိုအချိန်၌ပင် စက်တင်၍ ပျက်လေတော့၏။ မောင်ဘချစ်သည် မိုးရေထဲတွင် ထွက်၍ ကားစက်ခေါင်းကို ဖွင့်ကာ ဟိုနှိုက်ဒီနှိုက်နှင့် ပြင်ဆင်လေတော့၏။ သို့ရာတွင် ကားမှာ ကောင်း၍ မလာဘဲ ရှိလေ၏။ မောင်ဘချစ်သည် ဘက်ထရီ ကောင်းမကောင်း စမ်းသပ်ကြည့်ရာ ဘက်ထရီအားကုန်နေကြောင်း သိရလေတော့၏။ ထို့ကြောင့် မောင်ဘချစ်သည် ကားကို လမ်းဘေးဆီသို့ တွန်းပြီးလျှင် ကားအတွင်း၌ပင် ထိုင်၍ ဆေးပေါ့လိပ်ကို မီးညှိကာ ဆေးလိပ်သောက်ရင်း စိတ်ကုန်နေလေတော့၏။ မိုးမှာလည်း တဖြောင်းဖြောင်းနှင့် သဲသဲမဲမဲ ရွာချလေတော့၏။





ထိုအချိန်၌ မော်တော်ကားတစ်စီးသည် ၎င်းအနီးသို့ ရောက်လာပြီးလျှင် ၎င်းကဲ့သို့ပင် စက်ပျက်လေတော့၏။ မောင်ဘချစ်သည် စိတ်တွင်း၌ ကံတူအကျိုးပေး တစ်ယောက်တော့ လာပြန်ပြီဟု တွေးမိလိုက်လေ၏။ ထိုလူလည်း မိုးထဲ၌ပင် ဆင်း၍ ကားစက်ခေါင်းကို ဖွင့်ပြီးလျှင် ဟိုနှိုက်ဒီနှိုက် နှိုက်ပြန်၏။ ၎င်း၏ ကားမှာလည်း ပျက်မြဲပျက်၍နေသဖြင့် ထိုလူလည်း မောင်ဘချစ်ကဲ့သို့ပင် ကားကို လမ်းဘေးသို့ တွန်း၍ ရပ်ထားလေ၏။ ထိုသို့ရပ်ထားပြီးနောက် ထိုလူသည် မောင်ဘချစ်ရှိရာသို့လာ၍ မောင်ဘချစ်၏ မော်တော်ကားမှန်တံခါးကို ခေါက်လေ၏။ မောင်ဘချစ်လည်း မှန်တံခါးကို အနည်းငယ်ဟ၍---

"ဘာတုံးဗျ"

ဟု မေးလေ၏။

"အကူအညီ တောင်းချင်လို့ပါဗျာ"

ဟု ထိုသူက ပြန်၍ပြောလေ၏။

"ကားပျက်လို့ ဒုက္ခရောက်တဲ့သူချင်းပဲ၊ ခင်ဗျားကို ဘာအကူအညီ ပေးရမှာလဲဗျ"

ထိုအခါ၌ ထိုသူက---

"ကျုပ်ကားက ပျက်တာ မဟုတ်ပါဘူးဗျာ၊ ဓာတ်ဆီကုန်သွားတာပါ။ ဓာတ်ဆီနည်းနည်းလောက်ရရင် မောင်းလို့ရပါတယ် မိတ်ဆွေရယ်၊ ကျုပ်ကို ဓာတ်ဆီ နည်းနည်းပေးပါဗျာ"

ဟု ထိုသူက ပြောလျှင်---

"ခင်ဗျားကို ဓာတ်ဆီနည်းနည်းပေးလိုက်ရင် ခင်ဗျားက ထွက်သွားမှာပေါ့ဗျ ကျုပ်သာ တစ်ယောက်တည်း ဒုက္ခဖြစ်ပြီး

ကျွန်ခဲ့မှာ၊ အခုတော့ ခင်ဗျားလဲ သွားလို့မရ၊ ကျုပ်လဲ သွားလို့ မရဆိုတော့ ကျုပ်အတွက် အဖော်ရတာပေါ့ဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။ ထိုအခါ၌ ထိုသူက

"ဒီလို မကာတ်ပါနဲ့ မိတ်ဆွေရယ်၊ ကိုယ့်ဖြန့်မှာအချင်းချင်းပဲ ဥစ္စာ၊ အခု ကျုပ်ကို ဓာတ်ဆီဂါလန်ဝက်လောက်ပဲပေးပါ၊ နက်ဖြန် ခင်ဗျားကို ဆယ်ဂါလန်တောင် ပြန်ပေးမယ်ဗျာ"

ဟု ထိုသူက ပြန်ပြောလေ၏။

"ဆယ်ဂါလန်က ဟုတ်ပါပြီ၊ ကျုပ်က ဘယ်မှာလာပြီး ယူရမှာတုံး"

ဟု မောင်ဘချစ်က မေးလေ၏။

"လာခဲ့စမ်းပါဗျာ၊ ကျုပ်က တောင်းပေါ ထိန်းသိမ်းရေး အရာရှိ ဦးတင်ဦးပါဗျ"

ဟု ပြောလိုက်လျှင် မောင်ဘချစ်သည် မိမိကို အော်ငေါက်၍ နှင်ထုတ်လိုက်သော အရာရှိဖြစ်ကြောင်း သိရလေတော့၏။ ၎င်းတို့သည် မိုးရွာနေသဖြင့် တစ်ဦးကိုတစ်ဦး သဲသဲကွဲကွဲ မမြင်ကြရပေ။ သို့ရာတွင် မောင်ဘချစ်က တောင်းပေါမှ အရာရှိဖြစ်ကြောင်း သိရှိသွားပြီဖြစ်၏။ ထို့ကြောင့် မောင်ဘချစ်က---

"မပေးနိုင်ဘူးဗျာ"

ဟု ပြောလေ၏။

"ခင်ဗျားဟာ တော်တော်မျိုးချစ်စိတ် ခေါင်းပါးတဲ့လူပဲ"

ဟု ထိုလူက ပြောလေ၏။ ထိုအခါ၌ မောင်ဘချစ်သည် ဆေးပေါ့လိပ်ကို မီးရဲအောင် ဖွာလိုက်ပြီးနောက်---

"ကျုပ်မှာ မျိုးချစ်စိတ်လဲ မရှိဘူး၊ တိုင်းပြည်ချစ်တဲ့စိတ်လဲ





မရှိဘူး၊ ကျုပ်မိန်းမကလွဲပြီးရင် ကျုပ် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး"

ဟု ပြောဆိုကာ ကားမှန်တံခါးကို ချ၍ ထိုသူ၏ မျက်နှာအား လက်သီးဖြင့် တအားရွယ်၍ ထိုးလေတော့၏။ ထိုသူသည် နောက်သို့လန်၍ ဖင်ထိုင်လျက် လဲကျလေ၏။

ထိုအခါ၌ မောင်ဘချစ်သည် ကားတံခါးကိုဖွင့်၍ ဆင်းလေတော့၏။ ထိုသူသည် မောင်ဘချစ်ထံသို့ ပြေး၍လာ၏။ မောင်ဘချစ်အား လက်သီးဖြင့် ထိုး၏။ မောင်ဘချစ်က ဒူးနှင့် တိုက်၏။ ထိုသူ၏ အချက်ကို တိုက်မိသောကြောင့် အင့်ခနဲ မြည်ကာ နောက်သို့ လန်သွား၏။ မောင်ဘချစ်သည် ထိုသူထံသို့ ပြေးသွားကာ ဆက်တိုက် ထိုးကြိတ်၏။ ၎င်းတို့ နှစ်ယောက်သားသည် မိုးရေထဲတွင် ရွှေ့လားလုံးလားဖြစ်နေ၏။ မောင်ဘချစ်သည် ထိုသူအား ထု၏။ ဆောင့်၏။ ကန်၏။ ထိုသူလည်း မောင်ဘချစ်၏ လက်ချက်နှင့်ပင် လမ်းဘေးတွင် လဲကျကာ သတိမေ့မြောသွားလေတော့၏။

ထိုအခါ၌ မောင်ဘချစ်သည် ထိုသူ၏ ကားကိုဖွင့်ကာ ဘက်ထရီကိုဖြုတ်၍ ဘက်ထရီအိုးချင်း လဲ၏။ ထို့ကြောင့် မောင်ဘချစ်ကားသည် ကောင်းစွာ စက်နှိုး၍ ရပြီဖြစ်၏။ ထိုအခါ၌ မောင်ဘချစ်သည် ကားကို ရှူးခနဲမောင်း၍ ထွက်သွားလေတော့၏။ တောင်းပေါအရာရှိမှာမူ မိမိအား ထိုးကြိတ်သွားသောသူမှာ မည်သူမည်ဝါဖြစ်ကြောင်းကိုပင် မသိရဘဲ လမ်းဘေး၌ လဲကျ၍ သတိမေ့မြောနေလေတော့၏။

နောက်တစ်ရက်တွင် မောင်ဘချစ်သည် တောင်းပေါအရာရှိ၏ အခြေအနေကို ခုခံကြည့်ရှုရာ ရှုမိုးနီးယားရောဂါဖြင့် ဆေးကုသခံနေရကြောင်း သိရလေ၏။ ထိုကြောင့် တောင်းပေါအနီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ထိုင်ကာ ထိုအရာရှိ၏ သတင်းကို နားစွင့်နေလေတော့၏။ ထိုအခါ၌ လက်ဖက်ရည်ဆိုင်တွင်ရှိသော အခြားခုံမှ စာရေးတစ်ဦးက အခြားသော စာရေးအား---

"ဒီတစ်ပတ်လောက်တော့ ရုံးက တောတောလစ်လို့ ရပြီ"

ဟု ပြောလေ၏။ ထိုကြောင့် ကျန်သောစာရေးက---

"ဘာဖြစ်လို့လဲကွ"

ဟု မေးလေ၏။ ထိုအခါ၌ ပထမစာရေးက

"ဘာဖြစ်ရမှာလဲကွ၊ တို့အော်ဖစ်ဆာ မစ္စတာတင်ဦး ခွင့်တစ်ပတ်ယူထားတယ်လေကွာ၊ အခုလောက်ဆို ဒီလူလဲ မိုးအေးအေးနဲ့ အိပ်ရာထဲမှာ အင်္ဂလိပ်သရဲ တစ္ဆေဝတ္ထုတွေ ဖတ်ပြီး အိပ်ရစ်နေရောပေါ့"

ဟု ပြောလေ၏။

ထိုအခါ၌ မောင်ဘချစ်သည် ရုတ်တရက် အကြံတစ်ခု ပေါ်လာသဖြင့် ထိုင်ရာမှထကာ ထွက်သွားလေတော့၏။ ထို့နောက် စာအုပ်အရောင်းဆိုင် တစ်ဆိုင်သို့သွား၍ လှုံ့ဆွာရှားပါးသော အင်္ဂလိပ်သရဲတစ္ဆေ ဝတ္ထုတစ်အုပ်ကို ဝယ်ယူလေ၏။ ထိုဝတ္ထုမှာ ဗျင်ပါးယား(ခေါ်) သွေးစုပ်ဖုတ်ကောင် ဝတ္ထုမျိုး ဖြစ်လေ၏။ ထို့နောက် ပရဆေးဆိုင်သို့သွားကာ စိန်ဖြူငါးမူးသား ဝယ်လေ၏။ အိမ်သို့ရောက်လျှင် ထိုစိန်ဖြူ ငါးမူးသားကို ကြက်ဥအကာ





ဖြင့် ခေါက်လေ၏။ ထိုသို့ခေါက်ပြီးလျှင် စာအုပ်၏ ညာဘက် အထက်ထောင့်ကို ဆွတ်လေ၏။ ထိုသို့ဆွတ်ပြီးနောက် ထိုထောင့်ကို အလေးဖြင့် ဖိ၍ထားလေ၏။ နှစ်ရက်မျှကြာလျှင် ထိုစာအုပ်၏ ညာဘက်ထောင့်များသည် မှုကပ်၍ နေလေတော့၏။ ထိုအခါ၌ မောင်ဘချစ်သည် တောင်းပေါအရာရှိနေထိုင်ရာ ရှာမီးလမ်းဘက်ဆီသို့သွား၍ ထိုအရာရှိ၏ အိမ်အနီးတွင်တွေ့သော ကလေးတစ်ဦးအား မောင်ဘချစ်က---

"ကလေးရေယ်၊ အဲဒီစာအုပ်ကလေးကို ဟောဟိုက အိမ်ကို သွားပို့ပေးပါ"

ဟု ဆိုကာ မုန့်ဖိုးတစ်မူးပေး၍ ခိုင်းစေတော့၏။ ထိုကလေးလည်း ပျော်ရွှင်စွာဖြင့် စာအုပ်ကိုယူ၍ အရာရှိ ဦးတင်ဦးအိမ်သို့ ပြေးလေတော့၏။ မောင်ဘချစ်လည်း အိမ်သို့ ပြန်ခဲ့လေတော့၏။ တောင်းပေါအရာရှိ ဦးတင်ဦးမှာမူ ထိုစာအုပ်ကိုရသည်နှင့် တစ်ပြိုင်နက် စတင်၍ ဖတ်ရှုလေတော့၏။ စာရွက်၏ထောင့်များမှာ တစ်ရွက်နှင့်တစ်ရွက် မှုကပ်နေပြီဖြစ်၍ တောင်းပေါအရာရှိ ဦးတင်ဦးသည် လက်ညှိုးကလေးကို တံတွေးဆွတ်ကာ ဆွတ်ကာဖြင့် စာရွက်များကို လှန်လေ၏။ ထိုကြောင့် စိန်ဖြူငါးမူးသားသည် နည်းနည်းချင်း ပါးစပ်တွင်းသို့ ဝင်ကုန်လေတော့သည်ဖြစ်ရာ ထိုအရာရှိသည် တနေ့တခြား တဖိန့်ဖိန့် တလိမ့်လိမ့်ဖြင့် လုံးပါးပါး၍ လာလေတော့၏။

**(မှတ်ချက်။**

ထိုကြောင့် စာရွက်ကို တံတွေးဆွတ်၍ လှန်တတ်သော အလေ့အထကို ပျောက်ကြပါကုန်။

ဦးတင်ဦးကဲ့သို့ အဆိပ်မမိသည်ထားဦး၊ စာရွက်ထောင့်တွင်ရှိသော ညစ်ညမ်းသော အရာများ၊ အထူးသဖြင့် ရောဂါပိုးများ မိမိပါးစပ်တွင်းသို့ ဝင်ရောက်နိုင်သည်ကို သတိပြုကြပါကုန်။

စာရေးသူ)

❖ ❖ ❖



## မောင်ဘချစ်နှင့် ရာဟုဂြိုဟ်

မောင်ဘချစ်သည် သင်္ဘောတစ်စီးကို ဝယ်ယူ၍ မြစ်ကျွန်းပေါ် အရပ်ဒေသများဖြစ်သော လပွတ္တာ၊ ကျုံမငေး၊ မအူပင်မြို့များနှင့် ကုန်ကူးသို့ ပြေးဆွဲလေ၏။ မောင်ဘချစ်ဝယ်ယူသော သင်္ဘော၏ အင်ဂျင်အမျိုးအစားမှာ 'ဂ' အမျိုးအစားဖြစ်၍ သင်္ဘော၏ နာမည်ကိုလည်း တာဝန်းမှုနှင့် စသော နာမည်ကိုသာ ပေးရလေ၏။ ဤသည်မှာ သင်္ဘော၏ ထုံးစံဖြစ်၏။ အင်ဂျင် အမျိုးအစား 'အမ်' ဖြစ်ခဲ့ပါမူ 'မ' နှင့်စသော နာမည်များကို ပေး ရ လေ၏။

မောင်ဘချစ်သည် သင်္ဘောဝယ်ယူပြီးသည့်အခါ၌ သင်္ဘော နာမည်ပေးရန်အတွက် နာမည်ကြီး ဗေဒင်ဆရာတစ်ဦးဆီသို့ သွားလေ၏။ ထိုဗေဒင်ဆရာကလည်း အမျိုးမျိုး အဖုံဖုံ တွက်ချက်၍ ——

"ဒီမှာ ကိုဘချစ်၊ ပေါသီသင်္ဘောကနေပြီး ခင်ဗျားကို

အကျိုးပေးလိုက်မယ်ဥစ္စာ၊ ခင်ဗျားမှာ ပန္နည်းဥစ္စာတွေ မိုးတိမ် ထိအောင် မောက်တက်သွားလိမ့်မယ်၊ အဲဒီတော့ ခင်ဗျားရဲ့ သဘော်အမည်ကို 'တိမ်မောက်'လို့ နာမည်ပေးလိုက်မယ်၊ နာမည် ပေးရုံ သက်သက် မဟုတ်သေးဘူး၊ ခင်ဗျားသဘော်ရဲ့ ဦးခေါင်းမှာ လာပြီးတော့လဲ ကျုပ်ကိုယ်တိုင် မန်းမှုတ်ပေးလိုက် ဦးမယ် ကျုပ်ကိုတော့ ရွှေခါးတစ်ပြားနဲ့ ပဝါတစ်ပိုင်သာ ကန်တော့ ပေတော့"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ရွှေခါးတစ်ပြားနှင့် ပဝါ တစ်ပိုင် ကန်တော့၍ တိမ်မောက်ဟူသော အမည်ကို သဘော်၌ ရေးသားလေတော့၏။ ဆေးဆရာကြီးလည်း ၎င်း၏ကတိ အတိုင်း "တိမ်မောက်"သဘော်၏ ဦးခေါင်း၌ ရွတ်ဖတ်မန်းမှုတ်ပေး လေ၏။

မောင်ဘချစ်သည် တိမ်မောက် သဘော်ကို စတင်၍ ပြေးဆွဲ လေတော့၏။ ထိုသို့ ပြေးဆွဲပြီး (၄၅) ရက်ခန့်ကြာသော အချိန် တွင် တဲ့တေးတူးမြောင်းအထွက်၌ မိုးရွာရသဖြင့် ခရီးသည်များ က မိုးရေစိုမည်ကို စိုးသဖြင့် သဘော်၏ ဘေးနှစ်ဖက်တွင်ရှိ သော ရွက်ဖျင်များကို အောက်သို့ချ၍ ကာရံကြလေ၏။ ထိုအခါ ၌ လေက တစ်ချက်ဝင်၍ တိုက်လိုက်ရာ ရွက်ဖျင်များ ကာထား သောကြောင့် တိမ်မောက်သဘော်သည် ဘေးသို့တိမ်း၍ မှောက် သွားလေတော့၏။ လူအချို့ သေကြေ ပျက်စီးကြကုန်၏။ မောင် ဘချစ်မှာမူ သဘော်တစ်စီးလုံး ဆုံးရလေတော့၏။ လူတို့ သည်လည်း အမျိုးမျိုး ဝေဖန်ပြောဆိုကြကုန်၏။

"သဘော် နာမည်ကိုက တိမ်မောက်တဲ့ တိမ်းမှောက်ဆိုတဲ့





စကားနဲ့ ဘယ်လောက်နီးစပ်သလဲ၊ အဲဒီတော့ တိမ်းပြီး မှောက် တော့တာပေါ့"

ဟူ၍လည်း ပြောကြကုန်၏။

မောင်ဘချစ်သည် ဆေးဆရာကြီးထံသို့ သွား၍---

"ဘယ်လိုလဲ ဆရာကြီးရဲ့ ပန္နည်းဥစ္စာတွေ တိမ်လို မောက် မယ်ဆိုဗျ၊ အခုတော့ သွားပြီဗျို့"

ဟု ပြောလေ၏။ ထိုအခါ၌ ဆေးဆရာကြီးက---

"အဲဒီကိစ္စကို ကျုပ်ပြောမလို့ပဲ၊ သဘော်မှာက အမောင့်တွေ ရှိတယ်ဗျ၊ သူတို့က အရက်သောက်တာ မကြိုက်ဘူး၊ ခင်ဗျား လူတွေက အရက်သောက်ကြတာကိုး"

ဟု ပြောလေ၏။

"ဒါတော့ ဆရာကြီးရယ်၊ ကျုပ်အလုပ်သမားတွေ မသောက် လဲ ခင်ဗျားခရီးသည်ထဲက သောက်တတ်တဲ့လူ ပါရင် သောက် မှာပဲဗျ၊ သဘော်စီးတာပဲဗျာ၊ ကျွန်တော်နိုင်ဖို့ သွားကြတာမှ မဟုတ်တာဘဲ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။ ထိုအခါ၌ ဆေး ဆရာကြီးက

"မောင်ရင့် မူလစာတာကတော့ ကောင်းပါတယ်၊ ဒါပေမယ့် သောက ညံ့နေလေတော့ ဒီလိုဖြစ်တာပေါ့ မောင်ရင်ရယ်"

ဟု မောင်ဘချစ် နားမလည်သော ဒသာကိန်းဘက်သို့ လှည့် ၍ အပြစ်ဖို့ပြန်၏။ ဤသို့နှင့်ပင် မောင်ဘချစ်သည် ဆေးဆရာ ကြီးနှင့် အချီအချ ပြောဆိုပြီးနောက် မိမိအလုပ်တိုက်သို့ ပြန်ခဲ့ ရာ အလုပ်တိုက်တွင် စာတစ်စောင်ရောက်နေလေ၏။ ထိုစာကို

မောင်ဘချစ်က ဖတ်ကြည့်ရာ မောင်ဘချစ် လက်ခံ၍ အလုပ်လုပ်သော လုပ်ငန်းတစ်ခုသည် ချိန်းဆိုထားသော ရက်၌ မပြီးပြတ်သဖြင့် နစ်နာလျော်ရန် အကြောင်းကြားသော စာဖြစ်လေ၏။

မောင်ဘချစ်သည် ရှိစုမဲ့စု ငွေများကို ထုတ်၍ လျော်လိုက်ရလေတော့၏။

ထို့ကြောင့် မောင်ဘချစ်သည် စီးပွားရေး အကျပ်အတည်းများ တောင်၍ ဆိုက်ရောက်လာလေတော့၏။ မောင်ဘချစ်သည် ထိုသို့ စီးပွားရေး ထိခိုက်လာသည့်အခါ၌ ညိုညိုက---

"မောင်လေးရယ်၊ ကံဇာတာ ညံ့နေတဲ့အခါမှာ ဘုရားကိုးဆူ လေးဘာလေးကျွေးရအောင်"

ဟု ပြောသဖြင့် မောင်ဘချစ်ကလည်း သဘောတူလိုက်လေတော့၏။ များမကြာမီရက်အတွင်း၌ပင် မောင်ဘချစ်၏ ခြံအတွင်း၌ မီးရောင်စုံများ ထွန်းညှိကာ ဧည့်ပရိသတ်များကို ကြာဆံကြီးခေါက်ဆွဲဖြင့် ဧည့်ခံရင်း ဘုရားကိုးဆူ ပွဲလုပ်လေတော့၏။ မောင်ဘချစ်၏ မိတ်သင်္ဂဟများ၊ ညိုညို၏ မိတ်သင်္ဂဟ များ စုံစုံညီညီ လာရောက်ကြလေ၏။ ထိုသို့လာရောက်ကြသည့် ဧည့်ပရိသတ်များသည် မောင်ဘချစ်၏ ကြာဆံကြီးခေါက်ဆွဲကို မြိန်ရက်စွာ စားသောက်ကြပြီးနောက် မောင်ဘချစ်၏ အတင်းကို ပြောကြလေတော့၏။ စားပွဲဝိုင်းတစ်ခုမှ မိန်းမတစ်ဦးက အခြားမိန်းမတစ်ဦးကို အောက်ပါအတိုင်း ပြောလေ၏။

"ခင်ခင်ရေ-- တအားမစားပါနဲ့ကွယ်၊ အခုကျွေးတဲ့ ကြာဆံကြီး ခေါက်ဆွဲက သဒ္ဓါဆွမ်း မဟုတ်ဘူးကွယ့်၊ ဘယာဆွမ်းကွယ့်၊





ကို ဘချစ်တို့ စီးပွားပျက်မှာကြောက်လို့ ထိတ်လန့်ပြီး ပြိုပ်စီးပြိုပ် နှင်း လွတ်လိုလွတ်ငြား ကျွေးတဲ့ပွဲကွယ့်"

ဤမိန်းမကဲ့သို့ပင် အခြားနေရာများ၌လည်း မောင်ဘချစ်၏ ဘယာဆွမ်းကို အမျိုးမျိုးအဖုံဖုံ အပြစ်တင်ကြလေတော့၏။ ထို အချိန်၌ပင် ရာဇဝတ်အုပ်တစ်ဦးနှင့် ပုလိပ်များ ရောက်ရှိလာပြီး လျှင်---

"ဒီမှာ ဦးဘချစ်ခင်ဗျား၊ ဂါတ်တဲကို ခေတ္တလိုက်ခဲ့ပါ"

ဟု ခေါ်လေတော့၏၊ မောင်ဘချစ်လည်း အကြောင်းကြောင်းနှင့် ဂါတ်သို့ လိုက်၍သွားရလေတော့၏။ မောင်ဘချစ်၏ အကြောင်းကို မကောင်းပြောလိုကြသော ဧည့်ပရိသတ်ကြီး သည်လည်း မောင်ဘချစ်အား ပုလိပ်များ ဖမ်းဆီးခေါ်ဆောင်သည့် အခါ၌ အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆို၍ ဘုရားကိုးဆူပြကန်တော့ပြီးလျှင် ပြန်ကြကုန်လေ၏။ ထိုအချိန်၌ ဘုရားကိုးဆူဆရာကြီးမှာမူ---

"တေဇောကြီးထု မှန်တိုင်းကိုပြုတတ်သည့် ရာဟုဂြိုဟ်မင်း၊ တန်ဆာညီးညီး၊ ဟိုင်းယာဉ်စီးလျက် အပြီးကြွရောက်တော်မူပါလော့၊ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု၊ အာဂစ္ဆန္တု"

ဟု အော်ဟစ်ရွတ်ဆိုလျက် ရာဟုဂြိုဟ်ကို ပင့်၍ နေလေတော့၏။ ၎င်းဘုရားကိုးဆူဆရာကြီးသည် အလှူရှင်မောင်ဘချစ်အား ပုလိပ်များ ဖမ်းဆီးသွားသည်ကိုလည်း မသိရှာပေ။ ၎င်း ရွတ်ဆိုမြဲအတိုင်း ရွတ်ဆို၍ နေလေတော့၏။ ထိုအချိန်၌ ညိုညို သည် ငိုယို၍ အိမ်ပေါ်သို့ ပြေးတက်လာပြီဖြစ်ရာ ဘုရားကိုးဆူ ဆရာကြီးက ရာဟုဂြိုဟ်ကို ပင့်နေသည်ဖြစ်ကြောင်း တွေ့ရလျှင်

ညိုညိုသည် ကြိတ်မနိုင်ခဲမရဖြစ်ကာ ---

"အမယ်လေး ရာဟုဂြိုဟ်ကြီးရဲ့ ညိုညိုတို့ကို ခါလောက်တောင်ပဲ နှိပ်စက်ရသလားတော့"

ဟု ဆော်၍ ငိုလိုက်ရာ ဘုရားကိုးဆူဆရာကြီးသည် ကြေးစည်ဘုကိုကိုင်ပြီး ကြေးစည်ယုမည်လုပ်ရာမှ ယောင်ယမ်း၍ ကြေးစည်ဘုကို လွှတ်ချပြီးလျှင်---

"ဘာဖြစ်တာလဲ ကလေးမရဲ့"

ဟု အလန့်တကြား မေးလိုက်လေ၏။

"ရာဟုဂြိုဟ် ခုကျပေးတာ ပြောတာဆရာကြီးရေ"

ဟု ညိုညိုက ပြန်၍ဆော်လေ၏။ ထိုအခါ၌ ဘုရားကိုးဆူဆရာကြီးက ---

"အေး--ဟုတ်သပေါ့ကွယ်၊ ရာဟုဂြိုဟ်သက်ကာလဲ ဆယ့်နှစ်နှစ်တောင် ရှိတယ်ကွယ့်"

ဟု ပြောလေ၏။

"ဘယ်က ဆယ့်နှစ်နှစ်ကရှမှာတုန်း ဆရာကြီးရဲ့ ဗေဒင်ဆရာဦးအုန်းသီးက ဆယ့်ရှစ်နှစ်လို့ ပြောတယ်"

ဟု ညိုညိုက ပြောလေ၏။

"မဟုတ်ဘူး တူမကြီးရယ်၊ ရာဟုဟိုင်းဆင် နောက်ပြောက်ခွင်၊ နေလျှင် ဆယ့်နှစ်ပါလို့ ဆိုတဲ့လင်္ကာကို ဘကြီး ခြောက်နှစ်သားအရွယ်ကတည်းက အလွတ်ရခဲ့တာပါကွယ့်"

ဟု ဘုရားကိုးဆူဆရာကြီးက ပြောလေ၏။ ထို့ကြောင့် ညိုညိုသည် ဖွဲ့၍ ဒေါသထွက်လာကာ---

"ရှင်တို့ ဗေဒင်ဆရာတွေပဲ တစ်ယောက်တစ်မျိုး ပြောနေကြတယ်၊ တစ်ယောက်က ရာဟုကို ဆယ့်ရှစ်တဲ့၊ တစ်ယောက်က ဆယ့်နှစ်နှစ်တဲ့၊ ကျွန်မတို့က ဘယ်ဟာကို ယုံရမှာလဲ၊ ဘကြီးဟာဘကြီး တစ်ယောက်တည်း ဂြိုဟ်တွေပင့် ကိုယ့်ဘာသာကိုယ် ပြန်နှင့်ပေတော့၊ အိမ်မှာလဲ လူတစ်ယောက်မှ မရှိတော့ဘူး၊ ကျွန်မယောက်ျား ကိုဘချစ်ကိုလဲ ပုလိပ်က ဖမ်းသွားပြီ"

ဟု ပြောလိုက်ရာ ဘုရားကိုးဆူဆရာကြီးက---

"တောက်---၊ ဘုရားကိုးဆူကျွေးတာ နည်းနည်းလေး နောက်ကျ သွားတယ်ကွယ်၊ မနေ့ကသာ ကျွေးမိရင် တူမကြီးယောက်ျား ဒီလိုဖြစ်မှာ မဟုတ်ဘူး"

ဟု ပြောလိုက်ရာ ညိုညိုက---

"တော်ပါပြီ ကိုရွှေဆရာကြီးတို့ရယ်"

ဟု ပြောကာ အောက်ထပ်သို့ ဆင်း၍ လာလေတော့၏။

## မောင်ဘချစ်နှင့် ညိုညိုတို့ ရေစက်ကုန်ကြပြီ

ညိုညိုသည် ဘုရားကိုးဆူဆရာကြီးအား ထားခဲ့၍ အိမ်ဖော် မိန်းကလေးအား ခေါ်ယူကာ ဂါတ်သို့ လိုက်သွားလေ၏။ ဂါတ် သို့ ရောက်သောအခါ၌ ညိုညိုက ဌာနာချုပ်အား မောင်ဘချစ်နှင့် တွေ့လိုကြောင်း အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုမေးမြန်းလေ၏။ ထိုအခါ၌ ရာဇဝတ်အုပ်က ညိုညိုအား---

"ဝမ်းနည်းပါတယ် ခေါ်ညိုညိုရယ်၊ ကော်တာက ဦးဘချစ်ကို ဖမ်းတာက ကျုပ်တို့ ဂါတ်က မဟုတ်ဘူး၊ စီအိုင်ဒီက ဖမ်းတာ"

ဟု ပြောလေ၏။

"ဒီလိုဆိုရင် ညိုညိုတော့ ပုလိပ်မင်းကြီး ရုပ်တဲလ်နဲ့ သွားပြီး တွေ့မှ ထင်တယ်"

ဟု ညိုညိုကပြောလေ၏။

"တွေ့လို့လဲမထူးပါဘူးဗျာ၊ ဒီအမှုကို စီအိုင်ဒီက ကိုခွင်းမောင် ဆိုတဲ့ စုံထောက်တစ်ယောက်က လိုက်တာဗျ၊ ဒီလူက သိပ်ပြီး





သေရှာတယ်၊ မပိုင်ဘဲ ဘယ်တော့မှ မဖမ်းဘူး၊ သူဖမ်းပြီဆိုရင် လဲ ဘယ်လိုမှ မလွှတ်နိုင်တော့ဘူး၊ သူလိုက်တဲ့အမှုမှာ ပုလိပ် မင်းကြီး မပြောနဲ့ ဘုရင်ခံကိုယ်တိုင် ဝင်ပြီး ပြောရင်တောင် ရ မယ့် လူစားမျိုး မဟုတ်ဘူး ခေါ်ညိုညို"

ဟု ဌာနာချုပ်က ပြောလေ၏။

ထိုအချိန်၌ ညိုညို၏အိမ်တွင် ဘုရားကိုးဆူ ဆရာကြီးသည် ပြိုဟ်များကို ပင်မြဲပင်၍ နေလေတော့၏။ ဒရဝမ်ကုလားမှာလည်း လွန်စွာအိပ်ချင်လွန်းလှပြီဖြစ်ရာ ခြံဝရှိ အုတ်တိုင်ကလေးကို မှီ ကာ အိပ်ငိုက်လေတော့၏။

ဘုရားကိုးဆူအလှူအတွက် ပန်းခြံအတွင်းသို့ သွယ်တန်း ထွန်းညှိထားသော မီးရောင်စုံများမှာမူ ထိန်ထိန်ညီးညီး ရှိလေ၏။ ထိုသို့ မီးများ ထွန်းညှိထားသော ဝါယာကြိုးတစ်ချောင်းသည် မောင်ဘချစ်၏ မော်တော်ကား ဂိုဒေါင်ပေါ်မှ ဖြတ်၍ သွယ်တန်း ထားခြင်း ဖြစ်ပေသည်။ ထိုဝါယာကြိုးသည် အနည်းငယ် ပေါက် ၍ နေ၏။ ညဉ့်နက်လာသည့်အခါ၌ လေနုအေးလေး တစ်ချက်မျှ ဝှေ့ယမ်းတိုက်ခတ်လိုက်ရာ ထိုဝါယာကြိုးသည် အနည်းငယ်မျှ လှုပ်ယမ်းသွားပြီးလျှင် ဝါယာပေါက်နေသော နေရာသည် ဂိုဒေါင် သွပ်မိုးနှင့် ထိမိလေတော့၏။ ထိုအခါ၌ "ရှော့"ဖြစ်ကာ မီးပွား များ ဖြာ၍ထွက်လာလေတော့၏။ ထို့နောက် ဂိုဒေါင်သွပ်မိုး သည် ရဲရဲနီ၍ လာပြီးလျှင် သစ်သားတန်းကို မီးစွဲလေ၏။ ထို့ နောက် မီးပွားများသည် ဂိုဒေါင်အတွင်းသို့ ကျလေရာ ဂိုဒေါင် အတွင်းမှ ဓာတ်ဆီပုံးပေါ်သို့ ရောက်လေရာ၊ ဓာတ်ဆီပုံးသည် အုန်းခနဲ ပေါက်ကွဲ၍ ဂိုဒေါင်ထဲတစ်ခုလုံး မီးဟုန်းဟုန်း ထတောက်

လေ၏။

ဘုရားကိုးဆူဆရာကြီးလည်း ရွတ်ဖတ်နေရာမှ လန့်ဖျပ်၍ အော်ဟစ်ကာ အောက်သို့ ဆင်းပြေးလေ၏။ ဒရဝမ်ကုလားလည်း အိပ်ရာမှ လန့်၍နိုးလေ၏။

သို့ရာတွင် ကားဂိုဒေါင်မှ မီးသည် မောင်ဘချစ်၏ အိမ်ကြီးကို တောင်၍ စွဲနေပြီဖြစ်၏။ ထိုအချိန်၌ မီးလောင်ရာလေပင့် ဆိုသော စကားကဲ့သို့ လေသည် တောင်၍ ခပ်ကြမ်းကြမ်းကလေး တိုက်ခတ်လိုက်ရာ မောင်ဘချစ်၏ အိမ်ကြီးသည် ငြိမ်း၍ မရအောင် လောင်ကျွမ်းလေတော့၏။

ထိုအရပ်မှ လူများလည်း အော်ဟစ်ပြေးလွှားကြလေတော့၏။ မီးသတ်များလည်း တခေါင်ခေါင်ခေါက်၍ ရောက်ရှိလာပြီးလျှင် ပိုက်များဖြင့် ပက်ကြလေ၏။ မောင်ဘချစ်၏ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့လည်း အလုပ်ရှုပ်လေတော့၏။

ညိုညိုသည် ဂါတ်မှ ပြန်ရောက်လာပြီးလျှင် မိမိ၏ အိမ်ကြီး မီးလောင်ကျွမ်းနေသည်ကို ကြည့်ကာ အသားများ တဆတ်ဆတ်တုန်၍ နေလေ၏။ ညိုညို၏ရှေ့တွင် လူကြီးတစ်ယောက်သည် ဆောင့်ကြောင့်ထိုင်၍ ငိုကြွေးနေရှာလေ၏။ ထိုလူကြီးကား ဘုရားကိုးဆူ ဆရာကြီး ဖြစ်ပေသည်။

"ကျုပ်တစ်သက်လုံး လုပ်စားခဲ့ရတဲ့ ပြိုဟ်မင်း ရုပ်တွေတော့ မီးထဲ ပါသွားပြီဗျ။ မီးသတ်ကြီးတို့ရဲ့ ယူပေးကြပါဦး"

ဟု အော်ဟစ်ကာ ငိုကြွေးနေလေ၏။

ညိုညိုသည် အံကိုကြိတ်၍ မီးတောက်မီးလျှံများကို ကြည့်နေလေ၏။ နံနက် ငါးနာရီထိုးသည့်အခါမှပင် မီးများငြိမ်း၍ သွားလေတော့၏။ မီးငြိမ်းသွားသည့်အခါ၌ မောင်ဘချစ်နှင့် ညိုညိုတို့၏ အိမ်ဂေဟာကြီးသည် ပြာပုံအထိ ဖြစ်၍သွားလေတော့၏။





ညိုညိုသည် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားပြီးနောက် အံကို ကြိတ်လိုက်လေ၏။ ထိုသို့ အံကြိတ်လိုက်သည် တစ်တောင့်ပင် မျက်ရည်များသည် တသွင်သွင်စီးကျလာလေတော့၏။

ညိုညို၏ အမူအရာမှာ တစ်စုံတစ်ရာကို အတိအကျ ဆုံးဖြတ်လိုက်သကဲ့သို့ ရှိလေ၏။ ထို့နောက် ညိုညိုသည် ရှာခန့်လှည့်ကာ ပြာပုံအတိဖြစ်နေပြီဖြစ်သော မိမိ၏ အိမ်ကြီးကို ကျောခိုင်းကာ ထိုနေရာမှ ထွက်သွားလေတော့၏။

ထိုအချိန်မှစ၍ ညိုညိုနှင့် မောင်ဘချစ်တို့၏ ချစ်ဗိမာန်ကြီးသည် ပြိုလဲ၍ သွားရှာပြီဟု ဆိုနိုင်၏။

.ဘုရားကိုးဆူ ဆရာကြီးမှာမူ ပြာပုံအတွင်း၌ မိမိ၏ ပြိုဟ်မင်းများကို တွေ့လိုတွေ့ငြား တုတ်တစ်ချောင်းနှင့် ထိုးဆွကာ ရှာဖွေနေလေ၏။ ပုလိပ်များ ရောက်ရှိလာသည့်အခါ၌ ညိုညိုကို မေးမြန်း စုံစမ်းကြလေ၏။ သို့ရာတွင် ညိုညိုကား ပျောက်ခြင်းမလှ ပျောက်၍သွားလေတော့၏။

❖ ❖ ❖

## မောင်ဘချစ် ထောင်ကျမို့ သေရှာပြီ

မောင်ဘချစ်မှာမူ တိုက်နိုင်ပုလိပ် အရာရှိ၏ စားပွဲရှေ့၌ ထိုင်၍နေလေ၏။ ထို့နောက် ပုလိပ်အရာရှိကို တစ်ချက်အကဲခတ်ပြီးလျှင်

"ဘာကိစ္စ ကျုပ်ကို ခေါ်တာလဲ"

ဟု မေးလိုက်လေ၏။ ပုလိပ်အရာရှိက

"အဲဒါတော့ ကျုပ်တို့မသိဘူး၊ အင်းစိန်စီအိုင်ဒီက ကျုပ်တို့ဆီကို တယ်လီဖုန်းဆက်တယ်၊ ကိုဘချစ်ကို ဖမ်းထားလိုက်ဖို့ဆိုတာပဲ ပြောနိုင်ပါတယ်"

ဟု ပြော၍ နေရာမှထ၍ သွားလေ၏။ ထိုအချိန်၌ပင် အင်းစိန် စီအိုင်ဒီမှ စုံထောက်နှစ်ယောက် ရောက်ရှိလာလေ၏။ တစ်ယောက်မှာ စုံထောက်အရာရှိ ဦးအောင်သင်းဆိုသူ ဖြစ်၏။ ကျန်တစ်ယောက်မှာမူ စုံထောက်ခြင်းအလုပ်၌ လွန်စွာ ကျော်ကြားလှသော ဆားပုလင်းနှင်းမောင် ဆိုသူဖြစ်၏။ ထိုအခါ၌





ဂါတ်မှ ပုလိပ်အရာရှိက ဆားပုလင်းနှင်းမောင်အား

"ခင်ဗျားတို့ တွေ့ချင်တဲ့ ကိုဘချစ်ဆိုတာ သူပါပဲ"

ဟု မောင်ဘချစ်ကို ညွှန်၍ပြလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်က မောင်ဘချစ်အား---

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကဲ--ကိုဘချစ် ကျွန်တော်တို့နဲ့ ခဏလေး လိုက်ခဲ့ပါ"

ဟု ဆိုကာ မောင်ဘချစ်အား ၎င်းတို့၏ ကားနှင့် ခေါ်၍ သွားလေတော့၏။

ဆားပုလင်းနှင်းမောင်ဆိုသူသည် ကားကို ကျင်လည်စွာ မောင်း၍နေလေ၏။ မောင်ဘချစ်မှာမူ စိတ်စနောင့်စနင်းဖြစ်ကာ လိုက်ပါလာရသူဖြစ်၍ မလှုပ်မရှား ငြိမ်၍နေပြီးလျှင် အကြောအခြင်များလည်း တောင့်တင်း၍ နေလေ၏။ ထို့ကြောင့် ဆားပုလင်းနှင်းမောင်ဆိုသူ စုံထောက်က---

"ဘယ်လိုလဲ ကိုဘချစ်ရယ်၊ စကားလေးဘာလေး ပြောစမ်းပါဦးဗျ၊ ခင်ဗျားဥစ္စာကလဲ စိတ်မသက်မသာ ဖြစ်နေတဲ့ ပုံကြီးပါလားဗျ"

ဟု ပြောလေ၏။

"ကျုပ်က နဂိုကတည်းက စကားနည်းလို့ပါ"

ဟု မောင်ဘချစ်က ပြန်၍ပြောလေ၏။

"စကားနည်းတဲ့လူများ ဉာဏ်ကောင်းတယ်လို့ ဆိုတာပဲဗျ၊ ကိုဘချစ်က တော်တော် ဉာဏ်ကောင်းတယ်နဲ့ တူပါတယ်၊ ကျုပ်ကလဲ အဲဒီလို ဉာဏ်ကောင်းတဲ့လူကိုမှ မိတ်ဆွေဖြစ်ချင်တာဗျ"

ဟု စုံထောက် ဆားပုလင်းနှင်းမောင်က ပြောလေ၏။ ဤသို့

နှင့်ပင် ရန်ကုန်ဆေးရုံကြီး ဝင်းအတွင်းသို့ ရောက်ရှိသွားလေတော့၏။ ဆားပုလင်းနှင်းမောင်သည် မော်တော်ကားကို ရပ်လိုက်ပြီးနောက်---

"ကိုဘချစ်ရေ-- ကားကလေး ဆင်းဦးဗျာ၊ ဆေးရုံပေါ်မှာ လူနာတစ်ယောက်ကြည့်ဖို့ ကိစ္စရှိသေးတယ်"

ဟုဆိုကာ မောင်ဘချစ်အား ဆင်းခိုင်းလေ၏။ မောင်ဘချစ်လည်း ကားပေါ်မှ ဆင်းရလေ၏။ ထို့နောက် စုံထောက် ဆားပုလင်းနှင်းမောင်သည် မောင်ဘချစ်အား ဆေးရုံပေါ်သို့ ခေါ်၍သွားလေ၏။ ၎င်းတို့နှစ်ယောက် အနောက်မှနေ၍ ဦးအောင်သင်းဆိုသော စုံထောက်ကြီးက လိုက်ပါ၍ လာလေ၏။

ဆားပုလင်းနှင်းမောင်သည် အထူးလူနာခန်းအတွင်းသို့ ဝင်လိုက်ပြီးလျှင် ဆရာဝန်အား ခွေ့အပြင်ထွက်ပေးရန် ပြောဆိုလိုက်သဖြင့် ဆရာဝန်လည်း အခန်းအပြင်ဘက်သို့ ထွက်သွားလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်က မောင်ဘချစ်အား

"ကဲ--- ကိုဘချစ် အဲဒီအခန်းထဲ ဝင်ပေတော့"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း လူနာခန်းသို့ ဝင်လိုက်လေ၏။ အခန်းတွင်း၌ကား ခုတင်တစ်လုံးပေါ်တွင် ပက်လက်ကလေး ဖြစ်၍နေသော လူနာတစ်ဦးကို တွေ့ရလေ၏။ ထိုလူနာ၏ မျက်နှာကို မြင်လိုက်သည်တစ်ကြောင်းပင် မောင်ဘချစ်သည် ခေါင်းနားပန်းကြီး၍ သွားလေတော့၏။ ထိုလူနာကား မောင်ဘချစ် နှိပ်စက်၍ လုံးပါးပါးနေပြီဖြစ်သော တောင်းပောာ ထိန်းသိမ်းရေး အရာရှိ ဦးတင်ဦးဖြစ်ပေသည်။

"ကိုဘချစ်-- ဟောဒီ ဦးတင်ဦးကိုတော့ ခင်ဗျား ကောင်း





ကောင်း သိပါတယ်နော်"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"သိတော့ သိပါတယ်၊ ရင်းတော့ မရင်းနှီးပါဘူး"

ဟု မောင်ဘချစ်က ပြောင့်ကွယ်ကွယ်လိုက်လေ၏။

"ဟောဒီ ဦးတင်ဦးဆိုတဲ့လူဟာ တော်တော့်ကို သနားဖို့ကောင်းပါတယ်ဗျာ၊ သူ့ခမျာမှာ တဖြည်းဖြည်း လုံးပါးပါးနေရာပြီ ကိုဘချစ်ရယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"သူ့ကို ဆရာဝန်ကုသနေတာပဲ မဟုတ်လား၊ ကျွန်ုပ်နဲ့ ဘယ်လိုများ ပတ်သက်လို့တုံး"

ဟု မောင်ဘချစ်က ပြန်၍ မေးလိုက်လေ၏။

"ပတ်သက်လို့တော့ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားနဲ့ဟောဒီ ဦးတင်ဦးနဲ့ သိတယ်ဆိုတော့ လမ်းကြုံရင်းနဲ့ သတင်းမေးရအောင် လာခဲ့တာပါ၊ ကဲ-- ကဲ-- ကျွန်ုပ်တို့ သွားကြရအောင်"

ဟု ဆိုကာ အိပ်ရာပေါ်မှ ဦးတင်ဦးအား ဆားပုလင်းနှင်းမောင်က နှုတ်ဆက်လိုက်လေ၏။ ဦးတင်ဦးမှာမူ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုနိုင်ခြင်း မပြုနိုင်လောက်အောင် ရှိနေပြီဖြစ်၏။ မှိန်မှိုက်နေသော မျက်လုံးအိမ်အတွင်းမှ မှုန်ဝါးဝါး မျက်လုံးကလေး နှစ်လုံးဖြင့် ကြည့်ရှုနေလေ၏။ ၎င်း၏ အသက်မှာလည်း ထွက်လုဆဲဆဲ ဖုတ်လိုက်ဖုတ်လိုက် ဟူသကဲ့သို့ ရှိနေလေ၏။

ဆားပုလင်းနှင်းမောင်နှင့် မောင်ဘချစ်တို့သည် ဆေးရုံပေါ်မှ ဆင်း၍ လာခဲ့ကြလေ၏။ ဦးအောင်သင်းမှာမူ ဆရာဝန်နှင့် စကားပြောကာ ကျန်ရစ်ခဲ့လေ၏။ ဆားပုလင်းနှင်းမောင်နှင့် မောင်

ဘချစ်တို့သည် ကားရပ်ထားခဲ့သော မှောင်ရိပ်ဆီသို့ အတူတကွ လျှောက်သွားကြလေ၏။ မောင်ဘချစ်သည် မိမိ၏အခြေအနေကို ကောင်းစွာသိနေပြီဖြစ်၏။ ဦးတင်ဦးကို လုံးပါးပါး၍ သေအောင် ကြံစည်ချိုးဖြင်းသည် တစ်နည်းတစ်ဖုံအားဖြင့် ပေါ်ပေါက်နေပြီဖြစ်ကြောင်း ရိပ်စားမိလေတော့၏။ ဦးတင်ဦး အသက်ထွက်သည်နှင့် တစ်ပြိုင်နက် မိမိအား လူသတ်မှုဖြင့် အမှုဖွင့်မည်မှာ သေချာလှတော့၏။ ထို့ကြောင့် မိမိသည်တစ်သက်တစ်ကျွန်းနှင့် သေဒဏ်မှာ တစ်ခုမဟုတ်လျှင် တစ်ခုဆိုသကဲ့သို့ သေချာနေပြီဖြစ်၏။

မောင်ဘချစ်သည် လွတ်မြောက်ထွက်ပြေးရန် စဉ်းစားလေတော့၏။ "ဘယ်လိုပဲဖြစ်ဖြစ် လွတ်အောင်ပြေးရမှာပဲ၊ လွတ်သွားရင် နယ်စပ်ရောက်အောင် ပြေးမယ်၊ နယ်စပ်ရောက်သွားရင် ပုလိပ်တွေ မျက်ခြည်ပြတ်သွားမှာပဲ" ဟုလည်း တွေးတောမိလေ၏။ သို့ရာတွင် မည်သို့မည်ပုံ ထွက်ပြေးရမည်ကို စဉ်းစားနေလေ၏။ ဆားပုလင်းနှင်းမောင်သည် မိမိထက် အရပ်အမောင်းကောင်း၏။ သွက်လက်ပုံရ၏။ သို့ရာတွင် ၎င်းနှင့် သေနတ်မပါသည်ကိုလည်း အကဲခတ်မိလေ၏။ ယခုအခါတွင် ယှဉ်ပြိုင်ရပါမူ တစ်ယောက်တစ်ယောက်ချင်း ယှဉ်ပြိုင်ရုံသာ ရှိ၏။ ဦးအောင်သင်း ဆိုသူမှာလည်း ဆေးရုံပေါ်တွင် ဆရာဝန်နှင့် စကားပြော၍ ကျန်ခဲ့သည် မဟုတ်ပါလား၊ မောင်ဘချစ်သည် ဤသို့လျှင် အတွေးများ ပေါ်ပေါက်လာလေ၏။ ထိုအချိန်၌ တစ်ခါက ဦးဌွမ်တီပြောခဲ့သော အောက်ပါ စကားရပ်တို့သည် မောင်ဘချစ်၏ ဦးနှောက်တွင်း၌ လင်းခနဲ ပေါ်ပေါက်လာလေတော့၏။





"အားကြီးတဲ့ရန်သူနဲ့ တိုက်ခိုက်ရတဲ့အခါမျိုးမှာ ကိုယ်က လက်ဦးမှုရှိဖို့လိုတယ်၊ ဒါဟာ ပုံသေနည်းပဲ"

မောင်ဘချစ်သည် ဤသို့ စဉ်းစားမိသည့် တစ်ကောင့်ပင် ဆားပုလင်းနှင်းမောင်၏ အရိုက်ဆီသို့ လက်သီးဖြင့် တအားထုတ်၍ ထိုးလေတော့၏။ သို့ရာတွင် သတိကောင်းလှသော ဆားပုလင်းနှင်းမောင်က အသာကလေး ဘီမ်း၍ ရှောင်လိုက်လေ၏။ မောင်ဘချစ်က ဒူးဖြင့် တိုက်၏၊ ဆားပုလင်းနှင်းမောင်က ရှောင်ပြန်၏။ မောင်ဘချစ်က ခေါင်းဖြင့်ဆောင့်၏။ ဆားပုလင်းနှင်းမောင်က ဘေးသို့ ရှောင်လိုက်၏။ မောင်ဘချစ်က လက်ပြန်တွက်၏။ ဆားပုလင်းနှင်းမောင်က မရှောင်တော့ဘဲ လက်ချင်းဆိုင်၍ ရိုက်၏။ မောင်ဘချစ်၏ မျက်နှာကို ဒူးဖြင့် မှန်၍တိုက်၏။ ထို့ကြောင့် မောင်ဘချစ်သည် ခွေခနဲမြည်၍ လဲကျမေ့မြောသွားလေတော့၏။

ထိုအချိန်၌ ဦးအောင်သင်း ရောက်ရှိလာပြီးလျှင် --

"ဘယ်လိုဖြစ်တာလဲ ကိုနှင်းမောင်"

ဟု မေးလေ၏။

"ငြိမ်ငြိမ်မနေလို့ မေ့ဆေးပေးလိုက်တာပါဗျာ"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် မောင်ဘချစ်အား လည်ကုပ်မှဆွဲ၍ ကားအတွင်းသို့ထည့်ကာ စီအိုင်ဒီသို့ မောင်းနှင်သွားလေတော့၏။ စီအိုင်ဒီသို့ ရောက်လျှင် ဆားပုလင်းနှင်းမောင်က မောင်ဘချစ်အား စားပွဲတစ်လုံး ရှေ့၌ ထိုင်၍ ခိုင်းပြီးလျှင် ထိုစားပွဲပေါ်သို့ ဘက်ထရီအိုးနှစ်လုံး ယူလာရောက်၍ တင်လေတော့၏။ ထိုသို့ တင်ထားပြီးနောက်---

"ကိုဘချစ်—— ဟောဒီ ဘက်ထရီအိုးနှစ်လုံးကိုတော့ သိပါတယ်နော်၊ ကျုပ်ဖြင့် ဘက်ထရီအိုး အားသွင်းတဲ့ဆိုင်တွေ ဝင်ပြီး စုံစမ်းလိုက်ရတာဗျာ၊ အောင်သုခ ဘက်ထရီအိုးဆိုင်ကြမှပဲ ခင်ဗျား ဘက်ထရီအိုးဆိုတာ အဲဒီဆိုင်က ပြောတော့မှပဲ သိရတော့တယ်၊ ခင်ဗျားဘက်ထရီအိုးကို ကျုပ် ဘယ်က ရသလဲဆိုတော့ ဦးတင်ဦးကားထဲက ရတယ်ဗျို့၊ ဦးတင်ဦးကားထဲက ဘက်ထရီအိုးကိုလဲ ခင်ဗျားကားထဲက ရတယ်၊ ခင်ဗျားဟာ ဦးတင်ဦးနဲ့ မိုးရွာထဲမှာ ထိုးကြိတ်ကြပြီး ဘက်ထရီအိုးချင်းလဲပြီး ထွက်သွားတယ်၊ ဦးတင်ဦးဟာ သတိမေ့ပြီး မိုးရေထဲမှာ လဲကျန်ခဲ့တယ်၊ အဲဒီကတည်းကစပြီး ဦးတင်ဦးဟာ နမိုးနီးယားရောဂါ ရတာပဲဗျ ဒါပေမယ့် နမိုးနီးယားရောဂါဆိုတာ တစ်ပတ်လောက်ဆိုရင် ပျောက်တာပါဗျာ၊ စိုးရိမ်စရာ မရှိပါဘူး၊ ဦးတင်ဦး တကယ်ဒုက္ခ ရောက်သွားတာတော့ အအေးမိတဲ့ ရောဂါကြောင့် မဟုတ်ဘူးဗျ ဟောဒီ အင်္ဂလိပ်စာ ဝတ္ထုကို ဖတ်မိလို့ပဲဗျ"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် စားပွဲပေါ်သို့ စာအုပ်တစ်အုပ်ကို ဝုန်းခနဲပစ်၍ တင်လိုက်လေ၏။ မောင်ဘချစ်လည်း ထိုစာအုပ်ကို ကြည့်လိုက်ရာ ဦးတင်ဦးအား မိမိပေးခဲ့သည့် "ဗင်ပါယား" ဆိုသော ဝတ္ထုစာအုပ်ဖြစ်ကြောင်း ကောင်းစွာ သိရလေတော့၏။

ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ နှုတ်ခမ်းဖျား၌ တေ့ကာ မီးညှိပြီးလျှင်——

"စာအုပ်ရဲ့ ဟောဒီထောင့်မှာ အာဆင်းနစ်ဆိုတဲ့ စိန်ဖြူကို ကြက်ဥအကာနဲ့ ခေါက်ပြီး သုတ်ထားတယ်ဗျ၊ အဲဒါကို သရဲဝတ္ထု





ကြိုက်တဲ့ ဦးတင်ဦးက သူ့ရဲ့လက်ညှိုးမှာ တံတွေးကလေး ဆွတ်လိုက်၊ စာရွက်ကလေး တစ်ရွက်လှန်လိုက်နဲ့ စာအုပ်တစ်အုပ်လုံးကို ဖတ်လိုက်တာ စာအုပ်လဲဆုံးရော စိန်ဖြူတွေလဲ ဦးတင်ဦးဝမ်းထဲကို ဝင်ကုန်လေရောဗျာ"

ဟု ပြောလိုက်လေ၏။

"ဒီမှာ ဆားပုလင်းနှင်းမောင်၊ ခင်ဗျား အခုပြောနေတာတွေနဲ့ ကျုပ်နဲ့ ဘယ်လိုများ ပတ်သက်ပါသလဲ"

ဟု မောင်ဘချစ်က မေးလိုက်လေ၏။

"ဦးတင်ဦးရဲ့ ရောဂါကို ကုသတဲ့ဆရာဝန်က ဦးတင်ဦးရဲ့ ရောဂါဟာ မသက်သာကြောင်း၊ အဆိပ်ကို နည်းနည်းချင်း စားမိထားတဲ့ လက္ခဏာတွေကြောင်း၊ ကျုပ်တို့ စီအိုင်ဒီကို အကြောင်းကြားပြီး အကူအညီတောင်းတယ်ဗျ၊ အဲဒီတော့ ကျုပ် ဦးတင်ဦးနဲ့ သွားပြီးတွေ့တယ်၊ ဦးတင်ဦးမှာ ရန်သူရှိမရှိ ကျုပ်က မေးမြန်းတယ်၊ အဲဒီအခါမှာ ဦးတင်ဦးက ရန်သူမရှိကြောင်း ပထမ ပြောသေးတယ်ဗျ၊ နောက်တော့မှ သူ့ကို တဖြည်းဖြည်း လုံးပါးပါးသွားအောင်လုပ်ပစ်မယ်လို့ ကြိမ်းဖူးတဲ့ လူတစ်ယောက်ရှိတယ်ဆိုတဲ့အကြောင်း ပြောရှာတယ်၊ သူကတော့ ခင်ဗျားနာမည်ကိုတောင် မေ့နေပါပြီ၊ ပြီးတော့ ဦးတင်ဦးက ပြောသေးတယ်ဗျ ကားပျက်လို့ အကူအညီတောင်းရာကစပြီး လူတစ်ယောက်နဲ့ မိုးရေထဲမှာ သတ်ပုတ်ခဲ့ရတယ် ဆိုတဲ့အကြောင်းကိုလဲ ပြောပြခဲ့သေးတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်သည့် အခါ၌ မောင်ဘချစ်သည် တစ်စုံတစ်ရာ ငြင်းဆိုမည်ဟု ဟန်ပြင်လိုက်လေ၏။

သို့ရာတွင် ဆားပုလင်းနှင်းမောင်က တစ်ဖက်ခန်းတွင်ရှိသော ကာလေးတစ်ယောက်ကို ခေါ်ယူလာ၍ မောင်ဘချစ်အား ပြလေ၏။ ထိုကာလေးက မောင်ဘချစ်ကို တွေ့လျှင်တွေ့ချင်း---

"ဦးလေးကြီးပါ၊ ကျွန်တော့်ကို ပိုက်ဆံတစ်မူးပေးပြီး စာချုပ်ပို့ခိုင်းတာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်သည် ပါးစပ်အဟောင်းသား နှင့် ထိုကာလေးအား ငေး၍ ကြည့်နေလေတော့၏။ ထိုအချိန်၌ ပင် တယ်လီဖုန်းခေါင်းလောင်း မြည်သဖြင့် ဆားပုလင်းနှင်း မောင်က ကောက်ယူ နားထောင်လိုက်ပြီးလျှင် မောင်ဘချစ် ဘက်သို့ လှည့်ကာ

"ကိုဘချစ်ရေ ဦးတင်ဦးတစ်ယောက်တော့ ဆုံးရှားပြီတဲ့"

ဟု ပြောလိုက်လေ၏။ မောင်ဘချစ်လည်း မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုချလိုက်လေတော့သတည်း။

❖ ❖ ❖



## မောင်ဘချစ်နှင့် အကျဉ်းထောင်

တစ်နေ့သ၌ ထောင်အမှုထမ်းတစ်ဦးက ထောင်ဝင်စာတွေ့ သည့် ထောင်သားများအား ခေါ်ယူ၍ နေလေ၏။

"နံပါတ်ကြီးတစ်၊ အဘ ဦးမြ
အကျဉ်းသား သာခင် ထွက်"

ဟု ထောင်အမှုထမ်းက ခေါ်လိုက်လျှင် အကျဉ်းသား သာခင်သည် ရှေ့သို့ထွက်၍ ရပ်နေရလေ၏။ ထောင်အမှုထမ်း သည်း ဆက်၍ဆက်၍ ခေါ်လေ၏။

"နံပါတ်ကြီးနှစ်၊ အဘ ဦးလွန်း
အကျဉ်းသား မြမောင် ထွက်"
"နံပါတ်ကြီးသုံး အဘ ဦးကောဇိယ
အကျဉ်းသား မှုယာ ထွက်"
"နံပါတ်ကြီး ၁လေး အဘ ဦးစိုးတင့်
အကျဉ်းသား သန်းဆွေ ထွက်"

"နံပါတ်ကြီးငါး၊ အဘ ဦးအောင်ထွန်း
အကျဉ်းသား ဘချစ် ထွက်"

ထောင်အမှုထမ်းလည်း ထောင်ဝင်စာတွေ့မည့် အကျဉ်းသားများကို ခေါ်၍ ထုတ်လေ၏။ ထိုအထဲတွင် မောင်ဘချစ်လည်း ပါသဖြင့် မောင်ဘချစ်သည် ရှေ့သို့ ထွက်၍ ရပ်ရလေ၏။

ထောင်အမှုထမ်းသည် မောင်ဘချစ်တို့အား ထောင်ဝင်စာတွေ့မည့်နေရာသို့ ခေါ်သွားပြီးလျှင် အပြင်မှ လာရောက်တွေ့သူများနှင့် တွေ့၍ ပေးလေ၏။

အကျဉ်းသားနှင့် လာရောက်တွေ့ဆုံသော အပြင်မှဧည့်သည်၏ အကြားတွင် သံဆန်ခါတစ်ချပ်ကာ၍ ထားလေ၏။ မောင်ဘချစ်သည် မိမိအား လာရောက်တွေ့ဆုံသူမှာ မိမိ၏ဇနီး ညိုညိုပင် ဖြစ်လိမ့်မည်ဟု တွေးထားပြီးဖြစ်၏။ ထို့ကြောင့် သံဆန်ခါရှိရာသို့ ခပ်သုတ်သုတ်လျှောက်သွားလေ၏။ သို့ရာတွင် တစ်ဖက်တွင် မိမိအားစောင့်နေသူမှာ ညိုညိုမဟုတ်ကြောင်း တွေ့ရလျှင် မောင်ဘချစ်သည် စိတ်ပျက်အားငယ်၍ သွားလေတော့၏။

သံဆန်ခါတစ်ဖက်တွင်ကား မောင်ဘချစ်၏ ဆရာကြီး ဦးဂွမ်တီသည် ခန့်ညားစွာ လက်ပိုက်လျက် မောင်ဘချစ်ကို ကြည့်၍ နေလေ၏။

"ဟေ့ကောင် ဘချစ်"

ဟု ဦးဂွမ်တီက တစ်လုံးချင်း ခေါ်လိုက်လေ၏။

မောင်ဘချစ်သည် သံဆန်ခါအနီးသို့ ကပ်၍သွားလေ၏။

"မင်း သိပ်ပြီး မိုက်တဲ့ အကောင်ပဲ၊ မင်းကို ငါက လုံးပါးပါးအောင်လုပ်တဲ့ ပညာကို သင်ပေးလိုက်တယ်၊ မင်းက လူ





တစ်ယောက်ကို လုံးပါးပါးအောင် လုပ်ပစ်လိုက်တယ်၊ လူတစ်ယောက်ရဲ့ အသက်ဇီဝိန်ကို ဖြတ်ပစ်လိုက်တယ်၊ ရက်စက်လှချည်လားကွာ။ မင်းဟာ တကယ်လို့ မင်းရဲ့ရန်သူကို တိုက်ခိုက်ချင်ရင် ရိုးသိမ်းဝှက်လို တိုက်ခိုက်သင့်ပါတယ်၊ အခုတော့ ဒီလို မဟုတ်ဘူး၊ လုံးပါးပါးအောင် လုပ်ပစ်လိုက်တယ်၊ တယ်ပြီး ရက်စက်ပါလား"

ဟု ဦးဂွမ်တီက ပြောလိုက်လေ၏။

မောင်ဘချစ်သည် တစ်စုံတစ်ရာ ပြန်လည် ပြောဆိုခြင်း မရှိဘဲ မျက်ရည်များ တပေါက်ပေါက် ကျလာလေတော့၏။

"မင်းရဲ့ ကျက်သရေမရှိတဲ့ မျက်ရည်တွေကို သုတ်ပစ်လိုက်စမ်းပါ မောင်ဘချစ်၊ မင်းကို ငါက လေ့ကျင့်ပေးထားတာဟာ ဒီလို မျက်ရည်ကျဖို့ လေ့ကျင့်ပေးထားတာ မဟုတ်ဘူးကွ၊ [illegible] အောင် ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေးထားတာ မဟုတ်လား"

ဟု ဦးဂွမ်တီက ပြောလေ၏။

မောင်ဘချစ်သည် မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်ရင်း ဦးဂွမ်တီကို ကြည့်လေ၏။

ထိုသို့ ကြည့်ပြီးနောက်---

"ကျုပ် ဘာလုပ်ရမလဲ ဦးဂွမ်တီ"

ဟု မေးလိုက်လေ၏။

"မင်း ဘာလုပ်ဖို့ရှိလို့လဲ၊ ထောင်ကျခံဖို့ပဲ ရှိတဲ့ဥစ္စာ၊ "ထောင်ကျခံ" လိုက်ပေါ့ကွာ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"ဒါတော့ သိတာပေါ့ဗျာ၊ ဒီထက်ကောင်းတဲ့ နည်းကလေး

များ ရှိသလားလို့ မေးတာပါ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"မရှိဘူးကွ၊ ဒီအချိန်မှာ ထောင်ကျခံရတာဟာ မင်းအတွက် အကောင်းဆုံးပါပဲ။ တကယ်လို့ ထောင်ကလွတ်မယ့် နည်းလမ်းရှိရင်တောင် အဲဒီနည်းလမ်းကို မရှာသင့်ဘူး၊ မင်းဟာ ထောင်ကျမှု ကို ကောင်းမှာကွ"

ဟု ဦးထွမ်တီက ပြောလေ၏။

"ဟိုတစ်ခါတုန်းက ကျုပ်ဟာ ထောင်ကျမလို့ ဖြစ်ခဲ့တယ်၊ အဲဒီတုန်းက ဦးထွမ်တီကပဲ ထောင်မကျအောင် ကယ်ဆယ်ခဲ့တယ် လေဗျာ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"အဲဒီတုန်းက မင်းဟာ တကယ် အပြစ် မကျူးလွန်ခဲ့ဘူးကွ ဒီတော့ ထောင်မကျသင့်ဘူးလေကွာ၊ အခုဥစ္စာက မင်းဟာ ဦးတင်ဦးဆိုတဲ့ အရာရှိကို သတ်ခဲ့တယ်ဆိုတာ မင်းကိုယ်တိုင် အသိဆုံးပါကွ၊ အဲဒီမကောင်းမှုအတွက် မင်းဟာ ထောင်ကျမှ ဖြစ်မယ်ကွ၊ ဒါမှလဲ လောကကြီးက တရားမယ်၊ ပြီးတော့ မင်း အနေနဲ့လဲ သန့်စင်သွားမယ်"

ဟု ဦးထွမ်တီက ပြောလေ၏။

"သန့်စင်သွားမယ် ဟုတ်လား"

ဟု မောင်ဘချစ်က မေးလေ၏။

"ဟုတ်တယ်၊ အပြစ်တစ်ခု လုပ်ပြီး အဲဒီအပြစ်အတွက် အပြစ်ဒဏ်မခံရသေးတဲ့လူဟာ အပြစ်နဲ့ လိမ်းကျံထားတဲ့လူပေါ့ကွ၊ ကိုယ်လုပ်တဲ့ အပြစ်အတွက် အပြစ်ဒဏ်ခံပြီးတဲ့ လူကတော့





အပြစ်မရှိတော့ဘူးကွ၊ သူဟာ အပြစ်တွေကို ဒဏ်ခံပြီး ဆေးကြောလိုက်ပြီးပြီကွ၊ အပြစ်တွေ သန့်စင်သွားပြီကွ၊ ငါ့စိတ်ကူးကတော့ လူဟာ အတတ်နိုင်ဆုံး အပြစ်ကင်းအောင် နေရမယ် အေး-- တကယ်လို့ အပြစ်မကင်းဘဲ ဖြစ်ခဲ့ရင်လဲ အဲဒီအပြစ်ကို ဆေးကြောတဲ့အနေနဲ့ အပြစ်ဒဏ်ကို အမြန်ဆုံး ခံသင့်တယ်ကွ၊ တကယ့်ကို အပြစ်ကျူးလွန်ခဲ့ရင်တော့ ရှေ့နေတွေ ဘာတွေလဲ မငှားနဲ့တော့၊ တရားသူကြီးကိုလဲ လာဘ်မထိုးနဲ့တော့၊ ကျွန်တော့်ကို အမြန်ဆုံးအပြစ်ပေးကြပါလို့ တစာစာနဲ့အော်ပြီးတော့ကို အပြစ်ဒဏ်ကို ကျေကျေနပ်နပ် လိုလိုချင်ချင်ကြီး ခံသင့်တယ်ကွ"

ဟု ဦးထွမ်တီက ပြောလေ၏။

"အဆန်းပါလား ဦးထွမ်တီ"

ဟု မောင်ဘချစ်က ပြောလေ၏။

"မဆန်းပါဘူးကွ၊ ငါပြောတာ အမှန်တွေပါကွ၊ အခုခေတ်ကွာ လူတွေက အပြစ်ကင်းအောင်လဲ မနေကြဘူး၊ အပြစ်ဖြစ်လာတော့လဲ အပြစ်ဒဏ်ကို ခံရမှာကြောက်လိုက်ကြတာ၊ ရှေ့နေဆီပြေးရ တရားသူကြီးဆီပြေးရနဲ့ သဘောမပေါက်တဲ့ လူတွေ၊ ထောင်ကျတယ်ဆိုတာ ထောင်ကျလောက်တဲ့ ပြစ်မှုကို ဆေးကြောတာကွ၊ အေး- အဲဒီလိုပဲကွ၊ ငရဲခံရတယ်ဆိုတာလဲ ငရဲကျလောက်တဲ့ အပြစ်ကို ဆေးကြောတာကွ၊ များများငရဲကျလေ များများ အပြစ်တွေ စင်လေပေါ့ကွာ၊ ဒါ့ကြောင့် ငါကတော့ ငရဲကျမယ်ဆိုရင်တောင် ပျော်ပြုံးပဲကွ၊ ငါ့ရဲ့အပြစ်တွေကို အခမဲ့ ဆေးကြောပေးမယ့်နေရာကြီးကို ရောက်ရမှာ မဟုတ်လားကွ၊

ဟဲ ဟဲ၊ ဒီတော့ အပြီးမပျက် ထောင်ကျခံလိုက်စမ်းပါကွာ၊ ကဲ— ငါ သွားမယ်၊ မသွားခင် မင်းကို မှာခဲ့ချင်တာကတော့ ဒီလောကကြီးမှာ ပြိုင်ဆိုင်ချင်တဲ့လူနဲ့ ပြိုင်ဆိုင်ပါ၊ ပြိုင်ဆိုင်ခွင့်ရှိတယ်၊ တိုက်ချင်တဲ့လူနဲ့ တိုက်ပါ၊ တိုက်ခွင့်ရှိတယ်၊ ဒါပေမယ့် ညစ်တော့ မညစ်ရဘူး၊ ညစ်တာကို လောကကြီးက ခွင့်မပြုဘူး၊ ဥပမာ လက်ဝှေ့ထိုးတယ်ဆိုပါတော့ကွာ၊ တစ်ဖက်လူရဲ့ မျက်နှာကို မင်းရဲ့ လက်သီးနဲ့ ရှိသမျှအားတွေ အကုန်သုံးပြီး ထိုးခွင့်ရှိတယ်၊ ဒါပေမယ့် ညစ်ဖို့တော့ အခွင့်မရှိဘူး၊ ညစ်ရင် 'ဖောင်း'ပဲ၊ 'ဖောင်း' ဖြစ်တဲ့လူဟာ တစ်ဖက်လူကို နိုင်ရင်လဲ အရှုံးပဲ၊ ရှုံးရင်လဲ အရှုံးပဲ၊ ဒီတော့ 'ဖောင်း'မဖြစ်အောင်လို့ ကြိုးစားပါ၊ အခု ကြည့်စမ်း၊ မင်းဟာ 'ဖောင်း' ဖြစ်သွားပြီ၊ ဒါ့ကြောင့် ဦးတင်ဦး ဆိုတဲ့လူဟာ မင်းလက်ချက်နဲ့ လုံးပါးပါးပြီး သေသွားပေမယ့် သူက မရှုံးဘူး၊ မင်းကပဲ အရှုံးပေးရမယ်၊ ပြီးတော့ တကယ်ကြီးမွားတကယ်အောင်မြင်တဲ့လူတွေဟာ လူညစ်တွေ၊ ဖောင်းသမားတွေ မဟုတ်ဘူး၊ ရိုးရိုးသားသားလူတွေကွ၊ ဒါ့ကြောင့် ရှေးစကားမှာ 'ရိုးရိုးကျင့် မြင့်မြင့်ကြွ'ရယ်လို့ ရှိတာပေါ့ကွာ၊ 'ညစ်ညစ်ပတ်ပတ်လုပ် မြင့်မြင့်ကြွ' ရယ်လို့ မရှိပါဘူးကွာ၊ ကဲ— မောင်ဘချစ် မင်းမှာ လိမ်းကျံနေတဲ့ အပြစ်တွေကို ကျေကျေနပ်နပ်ကြီး ဆေးကြောလိုက ဦးတော့"

ဟု ဆိုကာ ဦးရွှမ်တီသည် ထွက်သွားလေတော့၏။

မောင်ဘချစ်သည် ဦးရွှမ်တီအား ခါးကို ညွတ်၍ —

"ကောင်းပါပြီ ဦးရွှမ်တီ"

ဟု ပြောလိုက်လေတော့၏။





မောင်ဘချစ်လည်း ဦးရွှမ်တီနှင့် ထောင်ဝင်စာတွေ့၍ ပြန်လာပြီးနောက် စိတ်ထားပြောင်း၍ သွားလေတော့၏။ ထောင်မှ ခိုင်းစေသော အလုပ်ကြမ်းများကို မငြီးမငြူ ကျေကျေနပ်နပ်ကြီး လုပ်ကိုင်လေ၏။

ထောင်မှကျွေးသော လွန်စွာညံ့ဖျင်းသည့် အစားအသောက်များကိုလည်း မညည်းမညူ ပြန်ရေရက်ရေ စားသောက် လေ၏။ ထို့ကြောင့် မောင်ဘချစ်သည် အသားအရေများတိုးကာ ကျန်းမာသည်ထက် ကျန်းမာလာလေ၏။ ၎င်းနှင့်အတူ လုပ်ကိုင်ကြရသော ထောင်သားများကလည်း—

"ဘာမှ မပူကြနဲ့ဟေ့၊ ဘချစ်ကြီး ရှိတယ်ကွ၊ သူက ထောင်က ခိုင်းတဲ့ အလုပ်ကြမ်းတွေကို လုပ်တဲ့နေရာမှာ သမီးနှစ်ယောက်နဲ့ တစ်ပြိုင်တည်းပေးစားတဲ့ ယောက္ခမရဲ့အလုပ်ကို လုပ်သလို ကျေကျေနပ်နပ် ကြိုးကြိုးစားစားလုပ်တာကွ"

ဟု ပြောဆိုကြလေ၏။ ၎င်းတို့အား စေခိုင်းရသော ဆယ်နှစ်မှတ် ဘာရာနှင့် ထောင်ဝါဒါများကလည်း ဘချစ်ကြီးကို သဘောကျကြကုန်၏။ ဘချစ်ကလည်း—

"ဒီလိုလုပ်မှ ငါ့ရဲ့ အပြစ်တွေ ကျေမှာ"

ဟု စိတ်၌ တွေးရင်း အလုပ်ကြမ်းလုပ်ရသည်ကိုပင် ပျော်၍ နေလေတော့၏။

ဤသို့နှင့်ပင် မောင်ဘချစ်၏ ထောင်သက်တမ်း တစ်နှစ်ပြည့်သောအခါ၌ ဆယ်နှစ်မှတ် ဘာရာနှင့် ဝါဒါများက မောင်ဘချစ်၏ အနေအထိုင်ကောင်းပုံ၊ အလုပ်လုပ်ပုံတို့ကို တစ်ဆင့်ထက် တစ်ဆင့် တင်ပြပြောဆို အစီရင်ခံကြရာ ထောင်ပိုင်ကြီး၏ နား

သို့ ပေါက်လေတော့၏။ ထို့ကြောင့် ထောင်ပိုင်ကြီးသည် မောင်ဘချစ်အား မိမိရုံးခန်း၌ စာရေးလုပ်ငန်းများ ခိုင်းစေရန် စိတ်ကူးမိလေတော့၏။

တစ်နေ့သ၌ ထောင်ဝင်စာလာသဖြင့် ထောင်အမှုထမ်းတစ်ဦးက---

"နံပါတ်ကြီး ၆၀၊ အဘ ဦးအောင်ထွန်း
အကျဉ်းသား ဘချစ် ထွက်"

ဟု လာရောက်၍ ခေါ်သဖြင့် မောင်ဘချစ်လည်း ထောင်ဝင်စာတွေ့ရန် ထွက်ခဲ့လေ၏။ မောင်ဘချစ်သည် ထောင်ဝင်စာတွေ့ရမည့် သံဆန်ခါဆီသို့ ခပ်သုတ်သုတ် လျှောက်၍ လာလေ၏။

ဦးဂွမ်တီသည် သံဆန်ခါ၏ တစ်ဖက်မှနေ၍ လက်ပိုက်ကာ မောင်ဘချစ်အား ကြည့်၍နေလေ၏။ မောင်ဘချစ်က ပြုံး၍ နှုတ်ဆက်လိုက်လေ၏။

"ဟေ့ မောင်ဘချစ်၊ မင်းကတော့ အပြစ်တွေကို ကောင်းကောင်းကြီး ဆေးကြောနေပြီထင်တယ်"

ဟု ဦးဂွမ်တီက ဆီး၍ မေးလေ၏။

"ဒါပေါ့ ဦးဂွမ်တီ၊ ကျုပ်ကတော့ အပြစ်တွေ ကျေအောင်ဆိုပြီး ကျေကျေနပ်နပ်ကြီးကို အလုပ်ကြမ်းတွေ လုပ်နေတော့တာပဲ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ဒီအတွက် ငါလာတွေ့တာပဲကွ။ အဲဒါလောက် အလုပ်တွေ လုပ်ရင်တော့ ဆယ်နှစ်မှတ်တွေ ဘာရာတွေ ထောင်ဝါဒါတွေက မင်းကို လူကောင်းတစ်ယောက်ဖြစ်ကြောင်း ဒိုင်းအမှတ်ပေးကြ





တော့မှာပဲ၊ အဲဒီအခါမှာ ထောင်မှူးတွေ ထောင်ပိုင်တွေက သဘောကျပြီး မင်းကို အလုပ်ကြမ်း လုပ်မခိုင်းတော့ဘဲ သူတို့ရဲ့ ထောင်မှူးရုံးခန်း ထောင်ပိုင်ရုံးခန်းတွေမှာ ခေါ်ပြီး ရုံးအလုပ်လောက်ပဲ ခိုင်းလိမ့်မယ်၊ မင်းဟာ သက်သာသွားလိမ့်မယ်၊ အဲဒီလို အခွင့်အရေးမျိုး ရခဲ့ရင် မင်းက ငြင်းရလိမ့်မယ်၊ အတိုချုပ် မှတ်ထားဖို့ကတော့ မင်းဟာ သက်သာခွင့် မယူရဘူး၊ ဒါမှ အပြစ်တွေ သေသေချာချာ ဆေးကြောပြီးသား ဖြစ်မယ်ကွ။ ဒါကို သဘောမပေါက်တဲ့လူတွေက ထောင်ကျပြီဆိုတာနဲ့ အထဲမှာ ပိုက်ဆံထိုးပြီး လိုင်းယူတော့တာပဲ၊ ထောင်ပိုင်ရုံးခန်းရောက်အောင်လုပ်တဲ့လိုင်းကို ယူတဲ့လူက ယူတယ်၊ တချို့က ဆေးရုံတက်ရအောင်လုပ်ပြီး ဆေးရုံလိုင်း ယူကြတယ်၊ သိပ်ပြီးညံ့တဲ့လူတွေပဲ၊ တချို့လဲ သားသမီးက မိုက်လို့ ထောင်ကျသွားရင် မိဘက ကိုယ့်အဆက်အသွယ်နဲ့ ကိုယ်လိုက်ပြီး အထဲကလူကို လိုင်းရအောင် လုပ်ကြတယ်၊ အဲဒါ သိပ်မှားတာပေါ့၊ အပြစ်တွေ မစင်တော့ဘူးပေါ့၊ ဒါ့ကြောင့် မင်းအနေနဲ့ ထောင်ထဲမှာ သက်သာတဲ့လိုင်းကိုရရင် သေသေချာချာ ငြင်းပစ်လိုက်စမ်းပါ မောင်ဘချစ်"

ဟု ပြောဆိုမှာကြား၍ ပြန်သွားလေတော့၏။

ဦးဂွမ်တီပြန်သွားပြီးနောက် မောင်ဘချစ်၏ စိတ်၌ "သက်သာတဲ့နေရာကို ရောက်ရင် အပြစ်တွေ ပြောင်စင်မှာ မဟုတ်ဘူး၊ ဒီတော့ ဦးဂွမ်တီပြောသလိုပဲ သက်သာတဲ့လိုင်းကို လိုက်လို့ မဖြစ်ဘူး"ဟု တွေးမိလေတော့၏။

ထို့နောက် များမကြာမီရက်အတွင်း၌ပင် ထောင်ပိုင်ရုံးခန်းမှ

မောင်ဘချစ်ကို ခေါ်ယူ၍ ထောင်ပိုင်ကြီးကိုယ်တိုင်က အင်္ဂလိပ်စကားဖြင့် အောက်ပါအတိုင်း ပြောလေ၏။

"မောင်မင်းဟာ သိပ်ပြီး ကောင်းတယ်လို့ ပြောတယ်၊ ဒါကြောင့် မောင်မင်းကို ကယ်ဆယ်တဲ့အနေနဲ့ ကျွန်ုပ်ရုံးခန်းမှာ ခေါ်ပြီးထားမယ်"

မောင်ဘချစ်သည် ထောင်ပိုင်မျက်နှာဖြူ အရာရှိအား အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် ပြန်၍ ပြောလေ၏။

"ထောင်ပိုင်ကြီးရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်ုပ်ကို သက်သာတဲ့ နေရာမှာ မထားပါနဲ့ ပင်ပန်းတဲ့နေရာမှာပဲ ထားပါ"

ထောင်ပိုင်မျက်နှာဖြူ အရာရှိကြီးလည်း မောင်ဘချစ်ကို သေချာစွာ ကြည့်လျက်--

"အိုး ငရဲကောင် အားလုံးထောင်သားတွေ အလုပ် မလုပ်ချင်ဘူး၊ မောင်မင်းက အလုပ်လုပ်ချင်တယ်၊ ရမယ် ရမယ်၊ မောတဲ့နေရာကို ပို့လိုက်မယ်"

ဟု ပြောလေ၏။

မောင်ဘချစ်ကလည်း အင်္ဂလိပ်ဘာသာစကားဖြင့်---

"အဲဒီလို မောမှ ကျွန်ုပ်ရဲ့အပြစ်တွေ ဆေးကြောပြီးသား ဖြစ်မှာပါ"

ဟု ပြန်၍ ပြောလေ၏။

ထောင်ပိုင်ကြီးလည်း မောင်ဘချစ်အား ဂျုံကြိတ်သော နေရာသို့ ပို့လိုက်လေ၏။ မောင်ဘချစ်သည် ထိုနေ့မှစ၍ ဂျုံ





ကြိတ်စက် လက်တံကြီးကို ပခုံးနှင့်ထမ်းလျက် နွားတစ်ကောင်ပမာ ရုန်း၍ ဂျုံကြိတ်စက်ကြီးကို လှည့်ရလေတော့၏။

ထောင်ကြီးတစ်ခုလုံးနှင့်လည်း ထောင်ပိုင်ကြီး ကိုယ်တိုင်က သက်သာမည့်နေရာသို့ ပို့ပါလျက် မောင်ဘချစ်က ငြင်းဆိုလိုက်ခြင်းနှင့် ပတ်သက်၍ အထူးအဆန်းသဖွယ် ပြောဆိုနေကြလေတော့၏။

အချို့သော ထောင်သားများက မောင်ဘချစ်အား---

"ဒီကောင် အရူးပဲ"

ဟူ၍လည်းကောင်း---

အချို့သော ထောင်သားများက---

"ဒီကောင် လူသတ်မှုကျူးလွန်ခဲ့ပြီး ငရဲကျချင် သက်သာအောင် ထောင်ထဲမှာ အနာခံနေတာ"

ဟူ၍လည်းကောင်း---

အချို့သော ထောင်သားများက---

"အဲဒီကောင်က လူထူးလူဆန်း"

ဟူ၍လည်းကောင်း ပြောဆိုလိုက်ကြလေ၏။

မောင်ဘချစ်သည် ဂျုံကြိတ်ဘုတ်သို့ ရောက်ရှိ၍ တစ်လလောက်ကြာသည့်အခါ၌ ထောင်ပိုင်ကြီးကိုယ်တိုင် ထိုနေရာသို့ လာရောက်ကြည့်ရှုလေ၏။

နွားတစ်ကောင်ကဲ့သို့ရုန်း၍ ဂျုံကြိတ်စက်ကြီးကို လှည့်နေသော မောင်ဘချစ်ကို မြင်လျှင်---

"ဘယ်လိုလဲ ငရဲကောင်၊ ကျွပ်ခေါ်တဲ့နေရာကို လာမလား"

ဟု မေးလေ၏။ မောင်ဘချစ်ကလည်း အင်္ဂလိပ်စကားနှင့်ပင်

"ဒီထက်သင်ပန်းတဲ့ နေရာရှိရင်သာ ပို့ပေးပါ၊ ဒါမှ ကျွန်တော့်ရဲ့ အပြစ်တွေ ပြေပျောက်ကျန်မှာ"

ဟု ပြန်၍ ပြောလေ၏။

ထိုအခါ၌ ထောင်မှူးကြီးသည် ၎င်း၏ ရုံးခန်းသို့ ပြန်သွား ပြီးလျှင် လွန်စွာ နောင်တရနေပြီဖြစ်သော မောင်ဘချစ်ဆိုသည့် အကျဉ်းသားအား ထောင်၌ မထားသင့်ကြောင်း၊ ထောင်ဆို သည်မှာ နောင်တရစေရန် ပြုလုပ်သော နေရာဖြစ်ခြင်းကြောင့် နောင်တကောင်းစွာ ရပြီဖြစ်သော အကျဉ်းသားအား မိမိထောင် ၌ မထားလိုကြောင်းတို့ကို အထက်သို့ အစီရင်ခံစာ ရေးလေ၏။

အထက်မှလည်း ထောင်ပိုင်ကြီး၏ သဘောအတိုင်း လျှော့ ရက်ပေးလိုက ပေးရန်၊ သို့တည်းမဟုတ်ပါက ထောင်ပိုင်ကြီး၏ အထူးအခွင့်အာဏာကို သုံး၍ လွှတ်လိုကလည်း လွှတ်ပစ်ရန် တစ်ပတ်အတွင်း ပြန်ကြားလိုက်လေတော့၏။

ထို့ကြောင့် ထောင်ပိုင်ကြီးသည် အရှေ့ထောင်မှ စိတ္တဇဆရာ ဝန်ကြီးနှင့် တိုင်ပင်ကာ မောင်ဘချစ်အား လွှတ်ပစ်ရန် စီစဉ်လေ တော့၏။

(မှတ်ချက်။ ။ ထောင်ပိုင်ကြီးကိုယ်တိုင်က ဆရာဝန်ကြီး တစ်ဦးဖြစ်ပေသည်။ ထို့ကြောင့် ထောင်ပိုင်ကြီးသည် စိတ္တဇ ဆရာဝန်နှင့် တိုင်ပင် ကာ ဆေးပညာ သဘောအရ လူဆိုသည်မှာ သက် သက်သာသာ နေလိုသော သတ္တဝါတစ်မျိုး ဖြစ် ကြောင်း၊ ယခု မောင်ဘချစ်မှာမူ သက်သာခွင့် ပေး ပါလျက် ထိုသက်သာခွင့်ကို မယူလိုဘဲ ဖြစ်နေခြင်း





မှာ လူသတ်မှုကြီးကို ကျူးလွန်ခဲ့မိသောကြောင့် ၎င်း၏ ဒုတိယစိတ်တွင် ထိုပြစ်မှုကြီးက ခြောက် လှန့်နေကြောင်း၊ ထို့ကြောင့် မောင်ဘချစ်မှာ လူ ကောင်းပကတိ တစ်ဦးမဟုတ်ဘဲ တစ်စုံတစ်ရာ စွဲလမ်းနေသော စိတ္တဇ အကျဉ်းသားတစ်ဦး ဖြစ်နေကြောင်းကို စီကာပတ်ကုံး ရေးသားလျက် အထက်သို့ ထပ်မံတင်ပြခဲ့ခြင်းဖြစ်၏။)

ထောင်ပိုင်ကြီးသည် မောင်ဘချစ်အား ၎င်း၏ ရုံးခန်းသို့ ခေါ်ယူ၍ ထောင်လွှတ်ပရမ်းကို ပေးပြီးလျှင်---

"ကဲ--- မောင်မင်း ထောင်ကလွတ်ပြီ၊ ဒီနေ့ကစပြီး မောင်မင်းကျူးလွန်ခဲ့တဲ့ အပြစ်တွေအားလုံး ကျေသွားပြီ၊ အဲဒီလို ကျေအောင်လဲ ကျွန်ုပ်တို့က အပြစ်ပေးပြီးပြီ၊ မောင်မင်း ကောင်း ရာ သွားနိုင်ပြီ"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း လွှတ်ပရမ်းကို ကိုင် လျက်---

"အဲဒီအပြစ်အတွက် ကျွန်တော့်ကို အပြစ်ပေးဖို့ စိတ်ကူးတွေ ရှိပြီး ပေါ်လာရင် ဘယ်အချိန်ပဲဖြစ်ဖြစ် ကျွန်တော့်ကို ခေါ် လိုက်ပါ၊ ကျွန်တော် လာခဲ့ပါ့မယ်"

ဟု ပြောလိုက်ရာ ထောင်ပိုင်ကြီးသည် မျက်လုံးပြူးလျက် "အိုး ဂေါ့ တကယ့်ကို ထူးဆန်းတဲ့ သတ္တဝါပဲ"

ဟု ပြောလိုက်မိလေတော့၏။

မောင်ဘချစ်လည်း ထောင်ဘူးဝမှ ထွက်ကာ ထောင်လမ်းမ ကြီးအတိုင်း လျှောက်၍ လာခဲ့လေ၏။ အတော်အတန် လျှောက်

မိသည့်အခါ၌ သစ်ပင်တစ်ပင်၏ အရိပ်အောက်မှ အောက်ပါအသံကို ကြားရလေ၏။

"ဟေ့-- မောင်ဘချစ်၊ လာပါဦးကွ"

"ဟာ ဦးဝွမ်တီပါလား၊ ဘယ်တုန်းက ရောက်နေတာလဲ"

ဟု မောင်ဘချစ်က အားရဝမ်းသာပြော၍ ဦးဝွမ်တီထံသို့ ပြေးသွားလေ၏။

ဦးဝွမ်တီက အငွေ့တထောင်းထောင်းထ၍ နေသော နို့ခွက်ကလေးကို ထိုး၍ ပေးလိုက်လေ၏။

"မင်း ထောင်က လွတ်တာကို လက်ဖက်ရည်နဲ့ လာပြီး ကြိုနေတာလေကွာ၊ အီကြာကွေးလဲ ပါသေးတယ်ကွ၊ စားစမ်းပါဦး"

ဟု ဦးဝွမ်တီက ပြောလေ၏။

မောင်ဘချစ်လည်း ဦးဝွမ်တီပေးသော အီကြာကွေးနှင့် လက်ဖက်ရည်ကို စားသောက်လေ၏။ ထို့နောက် ဦးဝွမ်တီက စီးကရက်တစ်လိပ်ကို ထုတ်ကာ မောင်ဘချစ်အား ပေးလိုက်ပြန်၏။ မောင်ဘချစ်လည်း စီးကရက်ကို လှမ်း၍ယူကာ ပါးစပ်သို့ တေ့လိုက်လေ၏။ ဦးဝွမ်တီက မီးခြစ်ခြစ်၍ မီးတို့ပေးလိုက်လေ၏။

မောင်ဘချစ်သည် စီးကရက်ကို အားရပါးရ ရှိုက်ဖွာပြီး နောက်---

"ကျုပ် ထောင်က လွတ်မယ်ဆိုတာ ခင်ဗျားကို ဘယ်သူ ပြောသလဲ ဦးဝွမ်တီ"

ဟု မေးလိုက်လေ၏။

"သူများပြောမှ သိရမှာလားကွာ၊ ငါဟာ စဉ်းစားထားပြီး





သားပေါ့ကွ၊ မင်းက မယုံဘူးလား"

ဟု ဦးဝွမ်တီက ပြန်၍ မေးလေ၏။

"ယုံပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျား ဘယ်လို သိသလဲဆိုတာ ကျုပ်အနေနဲ့ မစဉ်းစားတတ်လို့ပါ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ဒီလို စဉ်းစားကြည့်ရအောင်ကွာ၊ မနက်က ငါ့မိတ်ဆွေ ကိုလှဘူးဆိုတဲ့လူနဲ့ ငါနဲ့အတူတူ ထမင်းစားကြတယ်ကွ၊ သူက တော့ လက်နဲ့စားတယ်၊ ကဲ-- ကိုလှဘူးဟာ ထမင်းစားပြီးပြီး ချင်း ဘာလုပ်မလဲကွာ"

ဟု ဦးဝွမ်တီက မေးလိုက်လေ၏။

"ထမင်းစားပြီးပြီးချင်း လက်ဆေးမှာပေါ့ဗျ"

ဟု မောင်ဘချစ်က ပြန်၍ ဖြေလေ၏။

"အေး--- ပြီးတော့ ဘာလုပ်မလဲကွာ"

ဟု ဦးဝွမ်တီက မေးပြန်လေ၏။

"လက်ဆေးပြီးရင် လက်သုတ်မှာပေါ့ဗျ"

ဟု မောင်ဘချစ်က ဖြေပြန်လေ၏။

"ကဲ--- ပြီးရင်ကောကွာ"

"ပြီးရင် ရေသောက်မယ်ဗျာ"

"ဟကောင်ရ တော်လှချည့်လား၊ မင်းပြောတာတွေ အကုန် လုံး မှန်တယ်၊ မင်းကို ဘယ်သူကလာပြီး ပြောထားတာလဲ"

ဟု ဦးဝွမ်တီက မေးလေ၏။

"ဘယ်သူက လာပြောရမှာလဲဗျ၊ ကျုပ်ဟာကျုပ် စဉ်းစား ပြီး ပြောတာပေါ့"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဘယ်လိုများ စဉ်းစားတာလဲ မှန်လှချည်လား"

ဟု ဦးငွမ်တီက ပြန်ပြောလေ၏။

"နောက်မနေစမ်းပါနဲ့ဗျာ၊ ဒါအဆန်းလားဗျ ထမင်းစားပြီးရင် လက်ဆေးမယ်၊ လက်ဆေးပြီးရင် လက်သုတ်မယ်၊ ပြီးရင် ရေသောက်မယ်၊ ဒါပေါ့ဗျ"

ဟု မောင်ဘချစ်က စိတ်တိုသောလေသံဖြင့် ပြောလေ၏။

"အေး-- အဲဒါအမှန်ပဲ၊ အဆန်းမဟုတ်ပါဘူး၊ အဆန်းမဟုတ်ဘူးဆိုတာ ရိုးတာကို ပြောတာ၊ ရိုးတာဟာ ဘာလဲဆိုတော့ အဲဒီအလေ့အထကို မင်းက မကြာခဏ မြင်ဖူးတွေ့ဖူးနေတာကိုးကွ၊ ဒါပြီးရင် ဒါလုပ်မယ်ဆိုတာကို အတတ်သိနေတာပေါ့၊ မင်းက ဒီအလေ့အထကို ကြေညက်နေတာကိုးကွ၊ ငါကလဲ လောကကြီးရဲ့ အကြောင်းကို ထောင့်စေ့အောင် ကြေကြေညက်ညက်ကလေး လေ့လာထားတော့ စောစောက မင်းစဉ်းစားသလိုပဲ ဒက်ခနဲ ဒက်ခနဲ စဉ်းစားနိုင်တာပေါ့ကွာ၊ ဒါလောက်ဆိုရင် မင်းအနေနဲ့သဘော ပေါက်လောက်ပါပြီ၊ ထောင်ထဲမှာ ထောင်သားတွေဟာ ပင်ပန်းလွန်းလို့ သက်သာရာကို အမြဲရှာနေကြတဲ့အထဲမှာ မင်းက သက်သာခွင့်ရပါလျက် အဲဒီ သက်သာခွင့်ကို မယူဘဲ ငြင်းပစ်လိုက်တယ် ဆိုကတည်းက မင်းဟာ သူများနဲ့ မတူတော့ဘူး၊ ထူးနေပြီ၊ ထူးနေပြီဆိုတာ ရှူးနေပြီပေါ့ကွ၊ ဒါကြောင့် ရှေးလူကြီးတွေက သူများထက် ထူးချင်လဲထူး၊ မထူးချင် ရှူးရမယ်လို့ ပြောဆိုခဲ့ကြတာ မဟုတ်လားကွ၊ အဲဒီတော့ ထောင်ပိုင်ကြီးက မင်းကို ထူးတယ်လို့ ယူဆခဲ့ရင် မင်းဟာ သူ့ဆီက ဆုလာဘ် တစ်ခုတော့





ရမှာပဲ၊ တကယ်လို့ မင်းကို ရှူးနေပြီလို့ ထင်ရင်လဲ သူ့ဆီက ကရုဏာကို ရမယ်၊ ဒီတော့ ထောင်ပိုင်ကြီးရဲ့ ထောင်သား တစ်ဦးအပေါ်မှာ ပေးမယ့်ဆုလာဘ်ပဲဖြစ်ဖြစ် ကရုဏာပဲ ဖြစ်ဖြစ် အဲဒါ ဘာလဲဆိုတော့ ထောင်က လွတ်ပစ်ခြင်းပဲ မဟုတ်လားကွ၊ ဥပဒေက ဘယ်လိုပဲ ရေးထားရေးထား၊ သူက လွတ်ပစ်ချင်ရင် လွတ်ပစ်နိုင်တဲ့ နည်းလမ်းကို ရှာတော့တာပေါ့ကွာ၊ အဲဒီကိစ္စကို ငါက စုံစမ်းကြည့်လိုက်တော့ ထောင်ပိုင်ကြီးဟာ အရှေ့ထောင် ဆရာဝန်ကြီးနဲ့ မင်းကိစ္စကို တိုင်ပင်တယ်လို့ သိလိုက်ကတည်းက မင်းဟာ ရက်ပိုင်းအတွင်း ထောင်က လွတ်တော့မယ်ဆိုတာ ငါက အတပ်သိနေတယ်၊ ဘယ်လောက်သိနေသလဲဆိုရင် ထမင်းစားပြီးရင် လက်ဆေးမယ်၊ ပြီးရင် လက်သုတ်မယ်၊ လက်သုတ်ပြီးရင် ရေသောက်မယ်လို့ မင်းသိနေတာထက်တောင် ငါ့သိပုံက ပိုသေချာသေးတယ်၊ ဒါကြောင့် လက်ဖက်ရည်တစ်ခွက်ကို နို့ဆီ ကျကျနဲ့ ဖယ်လာပြီး စောင့်နေတာပေါ့ မောင်ဘချစ်ရယ်"

ဟု ဦးငွမ်တီက ပြောလိုက်လေ၏။

"သိပ်ကို စဉ်းစားတတ်တဲ့ ပေါက်ဖော်ကြီးပါလား"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"ဒီနည်းက ပုံသေနည်းကလေးပါကွာ၊ နှစ် နှစ်လီ လေး၊ လေး နှစ်လီ ရှစ်လို့ အဖြေကို တန်းခနဲ သိနိုင်တဲ့ အလီပေါင်းလောက်ကို လွယ်တဲ့ ပုံသေနည်းကလေးပါကွ"

ဟု ဦးငွမ်တီက ပြန်၍ ပြောလိုက်လေ၏။

"အဲဒီ ပုံသေနည်းကလေးကိုပဲ သင်ပေးစမ်းပါဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ရပါတယ်ကွ၊ ဒါက ဒီလိုကွ၊ ခြွင်းချက်တွေကို မေ့ပစ်ထားရတယ်၊ ဘာလို့လဲဆိုတော့--"

ဟု ဆိုကာ ဦးလွမ်းတီက စကားကိုဖြတ်၍ ဆေးလိပ်ကို သောက်လေတော့၏။

"ခြွင်းချက်ကို ဘယ်လို မေ့ထားရမှာလဲဗျ"

ဟု မောင်ဘချစ်က မေးလိုက်လေ၏။

"ဒီလိုကွ၊ ကျီးကန်းလို့ ပြောလိုက်တာနဲ့ အမည်းလို့ နားလည် လိုက်ရမယ်၊ ဩစတေးလီးယားတိုက်မှာရှိတဲ့ ကျီးဖြူ အကြောင်း ထည့်ပြီး မစဉ်းစားရဘူးကွ၊ မြွေလို့ ပြောလိုက်တာနဲ့ ရေကူးတတ်တယ်လို့ သိထားရမယ်၊ ရေနစ်သေတဲ့ မြွေ အကြောင်းကို မေ့ပစ်ထားရမယ်၊ တရုတ်လို့ ပြောလိုက်တာနဲ့ ဝက်သားကြိုက်တာကို သိထားရမယ်၊ မင်းကြီးမင်းကလေး ကိုး ကွယ်လို့ ဝက်သားရှောင်ထားတဲ့ တရုတ်တွေ ရှိချင်ရှိမယ်၊ ဒါ ပေမယ့် ထည့်ပြီး မစဉ်းစားရဘူးကွ၊ အဲဒါဟာ ခြွင်းချက်ကွ၊ သဘာဝကို ခြွင်းချက်က မလွှမ်းမိုးစေနဲ့ကွ၊ သဘာဝကို သဘာဝ အတိုင်း စဉ်းစားရမယ်၊ ခြွင်းချက်တွေကို ထည့်ပြီး စဉ်းစားနေရင် ခြွင်းချက်ဦးစားပေးသူ ဖြစ်သွားမယ်၊ အဲဒီအခါဟာ လူတွေနဲ့ ပေါင်းလို့သင်းလို့လဲ မရတော့ဘူးကွ၊ မင်းပဲ စဉ်းစားကြည့်လေ ကွာ၊ လူတစ်ယောက်က မောင်မဲဆိုတဲ့လူဟာ နာမည်နဲ့ကို လိုက် ပါတယ်ဗျာ၊ သူ့ရဲ့ အသားအရောင်ဟာ ကျီးကန်းတစ်ကောင်လို မည်းနက်နေတာပဲလို့ ပြောတယ်ဆိုပါတော့၊ အဲဒီအခါမှာ မင်းက ကျီးကန်းဟာ မမည်းပါဘူးဗျာ၊ ဩစတေးလီးယားတိုက်က ကျီး ကန်းတွေဟာ ဖြူဆွတ်နေတာပဲလို့ ပြောလိုက်ရင် ဘယ်လောက်





မှားကျသွားမလဲကွ ဟဲ ဟဲ ဒါကြောင့် ပုံသေနည်းမှာ ခြွင်းချက်ကို မေ့ထားရမယ်၊ ကဲ--- ဒီတော့ လေ့ကျင့်ခန်းကလေး နည်းနည်း လုပ်ကြည့်ရအောင်"

ဟု ပြောဆိုကာ ဦးလွမ်းတီက ဆေးလိပ်ကို ဖွာရှိုက်ပြီးနောက် မေးခွန်းထုတ်လေ၏။ မောင်ဘချစ်က လိုက်၍ ဖြေရလေ၏။

"ကဲ ဖြေစမ်းကွာ၊ ချိုး"

"အဖြူ ဗျာ"

"သပိတ်"

"အနက် ဗျာ"

"ကျား"

"ကိုက်တတ်တယ်ဗျာ၊ သူ့ကိုယ်မှာလဲ အစင်းတွေနဲ့ဗျာ"

"ငါး"

"ရေကူးတတ်တယ်ဗျာ"

"ကလေး"

"ငိုမယ်၊ ဆော့မယ်"

"ယောက္ခမ မိန်းမကြီးနဲ့ ချွေးမ"

"မတည့်ကြဘူးဗျာ"

"ကျောင်းဆရာ"

"စာသင်မယ်ဗျာ"

"ဆရာကတော်"

"ကလေးတွေကို ခိုင်းမယ်ဗျာ"

"လူရွှင်တော်"

"ရယ်ရမယ်ဗျာ"

"ဟား ဟား--၊ မင်းသိပ်ပြီး တော်တယ်ကွ၊ ကျောင်းဆရာ ဆိုတာနဲ့ စာသင်မယ်လို့ အတပ်ပြောနိုင်တယ်၊ ကလေးတွေကို စာမသင်ဘဲ ဇာတ်ရုပ်ဖတ်နေတဲ့ ဆရာတွေ အများကြီးပဲကွ၊ မြင်း သမားဆရာဆိုရင် စာသင်ခန်းထဲက ကလေးတွေကို လေ့ကျင့် ခန်း လုပ်ခိုင်းထားပြီး သူကတော့ မြင်းတစ်စာအုပ် တစ်အုပ်ကို တွက်နေတော့တာပဲ၊ အဲဒီလိုပဲ မရယ်ရတဲ့ ရွှင်တော်တွေ အများကြီး ရှိတယ်ကွ၊ ဒါတွေကို ထည့်ပြီး မစဉ်းစားရဘူး၊ ဒါ တွေကိုထည့်ပြီး စဉ်းစားနေရင် လောကကြီးမှာ သိပ်ခက်တယ် ကွ"

ဟုလည်း ဦးဂွမ်တီက ပြောလိုက်လေသေး၏။

ထို့နောက် မောင်ဘချစ်နှင့် ဦးဂွမ်တီတို့သည် သစ်ပင်ရိပ် အောက်မှ ထွက်လာခဲ့ကြပြီးလျှင် အင်းစိန်ဘူတာသို့ သွားကြ လေတော့၏။ ဘူတာသို့ရောက်လျှင် ရထားမဆိုက်သေးသဖြင့် ရထားကို စောင့်ကြလေ၏။

ရထားဆိုက်သည့်အခါ၌ ၎င်းတို့နှစ်ဦးသည် ရထားပေါ်သို့ တက်၍ ကွမ်းခြံဘူတာသို့ လိုက်ပါခဲ့ကြလေ၏။ ထို့နောက် ဦးဂွမ်တီက မောင်ဘချစ်အား ၎င်းနေထိုင်ရာ ငါးထပ်ကြီးဘုရား အနီးရှိ တဲကလေးဆီသို့ ခေါ်၍ သွားလေတော့၏။

မောင်ဘချစ်သည် ဦးဂွမ်တီ၏ တဲကလေးကို မြင်လျှင် ၎င်း၏ ရင်ထဲတွင် ဆို့နစ်နစ်ကြီးဖြစ်၍ သွားလေ၏။ ၎င်း၏ ဘဝ သစ်ကို အစပြုခဲ့သော နေရာကလေးဖြစ်ခြင်းကြောင့် ပြီးခဲ့သော အကြောင်းအရာများကို ပြန်လည်၍ တွေးမိလေ၏။ ဦးဂွမ်တီ၏ တဲကလေး အနီးရှိ မြေကွက်လပ်ချိုင့်ဝှမ်းကြီးကို ကြည့်က





ပင်ပန်းစွာ မြေညှိခဲ့ရပုံကိုလည်းကောင်း၊ ၎င်း၏ မိန်းမနှင့် သူဌေး ကြီး ဦးရွှေကျော်တို့အား အမှတ်မထင် ဆုံစည်းခဲ့ရပုံများကို လည်း ကောင်း တွေးမိပြန်လေ၏။

ထို့နောက် မောင်ဘချစ်သည် ဦးဂွမ်တီ၏ တဲကလေးအတွင်း သို့ ဝင်လိုက်လေ၏။ ဦးဂွမ်တီ၏ တဲကလေး အတွင်း၌ကား တစ်စုံတစ်ရာ ပြောင်းလဲခြင်း မရှိသည်ကို တွေ့ရလေ၏။

ဦးဂွမ်တီ၏ ကြိုးနှစ်ချောင်းတပ် တယောကလေးသည် နံရံ၌ ချိတ်မြဲ ချိတ်ထားလေ၏။ ဝါးလုံးတိုင်တွင်လည်း ဆေးလိပ်ထည့် သော ဝါးကျည်တောက်ကလေးကို ယခင်အတိုင်း တွေ့ရလေ၏။ ဦးဂွမ်တီအိပ်စက်သည့် ထင်းရှူးပြားကိုသာမက ၎င်းအိပ်စက်ခဲ့ သော ထင်းရှူးပြားကလေးများကိုပင် ခင်းလျက်သား တွေ့ရလေ ၏။

မောင်ဘချစ်သည် ဦးဂွမ်တီ၏ မျက်နှာကို တစ်ချက်လှမ်း၍ ကြည့်လိုက်လေ၏။

"မင်း တစ်နေ့ ဒီကို ပြန်ရောက်လာမယ်ဆိုတာ ငါက သိ တယ်ကွ၊ ဒါကြောင့် မင်းအိပ်ခဲ့တဲ့ ထင်းရှူးပြားကလေးကို မသိမ်း ဘဲ ထားခဲ့တာ"

ဟု ဦးဂွမ်တီက ပြောလိုက်လေ၏။

"ဦးဂွမ်တီက ကျုပ်ဟာ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ ကြိုပြီး သိ နေတယ်ပေါ့"

ဟု မောင်ဘချစ်က မေးလိုက်လေ၏။

"အေး--- ဟုတ်တယ်ကွ၊ မင်းဟာ စွဲရှိတဲ့ အတတ်ကိုလဲ တတ်သွားပြီကွ၊ သံတုံးကြီးကိုလဲ အပ်ကလေးဖြစ်အောင်

လုံးပါးပါးတဲ့အတက်ကိုလဲ ကောင်းကောင်းကြီးတတ်သွားပြီကွာ၊ ဒီတော့ မင်းဟာ ရန်သူလို့ သတ်မှတ်လောက်တဲ့ လူနဲ့တွေ့ရင် နွဲကောင်းကောင်းနဲ့ လုံးပါးပါးအောင် လုပ်တော့မှာပေါ့ကွာ၊ ဒါဟာ သဘာဝပါပဲကွ၊ ဦးချိုရှိတဲ့သတ္တဝါဟာ ဦးချိုကို အားကိုးတယ်၊ အဆိပ်ရှိတဲ့ သတ္တဝါကလဲ အဆိပ်ကို အားကိုးတယ် ဒီလိုပဲကွ၊ မင်းကလဲ မင်းတတ်ထားတဲ့ အတတ်ကို အားကိုးတော့မှာပေါ့၊ အဲဒီအခါမှာ မင်းဟာ မတရားတဲ့ လူသတ်မှုတစ်ခုကို ကျူးလွန်တော့မယ်၊ အဲဒီလို ကျူးလွန်ရင် မင်းကို အကျဉ်းသိုလ်တွေ မိစီးတော့မယ်၊ အဲဒီတော့ မင်းဟာ ဒုက္ခရောက်တော့မယ်၊ ဒုက္ခရောက်ရင် ကယ်ဆယ်တဲ့ ငါ့ဆီကို ရောက်လာမှာပဲ မဟုတ်လား ကွ၊ ဒါက ဘာများခက်လို့လဲ၊ ထမင်းစားပြီးရင် လက်ဆေးမယ် လက်ဆေးပြီးရင် လက်သုတ်မယ်၊ လက်သုတ်ပြီးရင်ရေသောက်မယ်လို့ အတပ်သိနေတာမျိုးပဲ မဟုတ်လားကွ"

ဟု ဦးဂွမ်တီက ပြောလိုက်လေ၏။

"အဲဒီလို အတပ်သိနေရင် ရှေ့မှာ ကျုပ်ဟာ ဘာတွေဖြစ်ဦးမှာလဲ ဦးဂွမ်တီ"

ဟု မောင်ဘချစ်က မေးလိုက်လေ၏။

"မင်းလား ဟား ဟား-- လွယ်ပါတယ်ကွ၊ မင်းဟာ မိန်းမရမယ်ကွာ၊ ပြန့်ပြီးချမ်းသာမယ်ကွာ၊ ဒါပဲပေါ့ကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"မိန်းမတော့ တော်ပါပြီဗျာ၊ တစ်ယောက်ကလဲ ကျုပ် ဒုက္ခရောက်နေတုန်း သူဌေးဦးရွှေကြီးနဲ့ ပါသွားတယ်၊ နောက်တစ်ယောက်ကျတော့လဲ ကျုပ်အဖမ်းခံရတာ လာတောင် မတွေ့တော့ဘူး၊ ဘယ်ရောက်ပြီး ဘယ်လင်နဲ့များ ပါသွားပြီလဲ မသိတော့ပါဘူး"

ဟု မောင်ဘချစ်က ဝမ်းနည်းသော လေသံဖြင့် ပြောလိုက်လေ၏။

"ညိုညိုကို ပြောတာလား"

ဟု ဦးဂွမ်တီက မေးလေ၏။

"အင်း"

"ညိုညိုကိုတော့ မင်းပြန်တွေ့လိမ့်ဦးမယ်ကွ၊ မထင်မှတ်တဲ့ အချိန်မှာ ပြန်တွေ့လိမ့်မယ် ထင်တယ်ကွ၊ ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ မေ့ပစ်ထားလိုက်ပါကွာ"

"မေ့ထားပါတယ်၊ မိန်းမတွေကို မေ့လိုက်ပါပြီ၊ ဒါကြောင့် ဦးဂွမ်တီပြောသလို ကျုပ်ဟာ နောက်ထပ် မိန်းမ ယူတော့မှာ မဟုတ်ဘူး"

ဟု မောင်ဘချစ်က ပြောလေ၏။

"သေချာပါတယ်ကွ၊ မင်းဟာ မိန်းမကို ရဦးမှာပါ၊ အခုတော့ မင်းက မိန်းမတွေကို စိတ်နာနေတာကိုးကွ၊ ဒါပေမယ့် စိတ်မှာ နိုင်လောက်တဲ့ မိန်းမမျိုးကို ရလိမ့်ဦးမယ်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ သံဆိုရင် မိန်းမက သံလိုက်ကွ၊ သံဟာ သံလိုက်နဲ့ မတွေ့သေးခင်အထိတော့ ညာမြဲရပါတယ်ကွ၊ သံလိုက်နဲ့ တွေ့လိုက်ရင်တော့ နှံ့ရှုံ့ဖြစ်တော့တာပေါ့ကွာ"

ဟု ဦးဂွမ်တီက ပြောလေ၏။

မောင်ဘချစ်သည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုဘဲ သက်ပြင်းကို ဟူးခနဲ မှုတ်ထုတ်လိုက်လေတော့၏။

ထိုအခါ၌ ဦးဂွမ်တီသည် နံရံ၌ ချိတ်ထားသော တယောလေး ကို ဖြုတ်၍ ကြိုးညှိလိုက်ပြီးလျှင် နံတောမြိုင်သီချင်းကို လက်သံ စမ်း၍ ၎င်းကိုယ်တိုင် တရုတ်သံဝဲဝဲဖြင့်

"သူတော်ကောင်းတွေမှ--- ကိန်းအောင်း---မွေလျော်ကြ တဲ့---နံတောမဟာမြိုင်---"

ဟု သီဆိုလိုက်လေတော့သတည်း။

❖ ❖ ❖

နောက်တစ်နေ့၌ ဦးဂွမ်တီသည် ပန်းရန်လုပ်ရန်အတွက် ၎င်း ၏ ပစ္စည်းများကို ယူ၍ တဲအိမ်ကလေးအတွင်းမှ ထွက်၍ သွား လေ၏။ မောင်ဘချစ် တစ်ယောက်ထီးတည်း ကျန်ရစ်ခဲ့လေ၏။ မောင်ဘချစ်လည်း ဦးဂွမ်တီ ဝယ်ထားခဲ့သော လက်ဖက်ရည်နှင့် အကြာကြော်ကို စားသောက်ကာ မျှင်းမျှင်းရှိသည်နှင့် ငါးထပ်ကြီး ဘုရား ကုန်းတော်ပေါ်သို့တက်ကာ အရိပ်ကောင်းကောင်း နေရာ၌ ထိုင်လျက် တွေးမိတွေးရာများ တွေး၍ နေလေ၏။

ထိုအချိန်၌ ဦးပဥ္စင်းတစ်ပါး ရောက်ရှိလာပြီးလျှင် မောင်ဘ ချစ်အနီးရှိ အုတ်ခုံကလေးပေါ်၌ ထိုင်လေ၏။ မောင်ဘချစ်လည်း ထို ဦးပဥ္စင်းအား ဦးချကန်တော့လေ၏။

ထိုဦးပဥ္စင်းက ---

"ဒကာကြီး ဘယ်ကလဲ"

ဟုမေးလေ၏။

မောင်ဘချစ်က ၎င်းနေထိုင်ရာ ဦးဂွမ်တီ၏ တဲကလေးကို





ပြောပြ၏။

ဦးပဥ္စင်းကလည်း ---

"ဒကာကြီး ဘာလုပ်သလဲ"

ဟု မေးပြန်လေ၏။

မောင်ဘချစ်ကလည်း ၎င်းသည် သူဌေးတစ်ဦးဖြစ်ကြောင်း၊ ယခုအခါ၌ မွဲတေနေပြီ ဖြစ်ကြောင်း၊ ထောင်မှ လွတ်လာသည် မှာပင် နှစ်ရက်မျှသာရှိသေးကြောင်းတို့ကိုပါ ပြောပြလေ၏။ ထိုသို့ ပြောပြလိုက်သည့်အတွက် မောင်ဘချစ်၏ရင်၌ အနည်း ငယ် ပေါ့ပါးသကဲ့သို့ ဖြစ်သွားလေတော့၏။

ထိုအခါ၌ ဦးပဥ္စင်းက မောင်ဘချစ်အား တေမိဇာတ်တော်ကို ဟောပြလေ၏။ ထိုသို့ဟောပြီးနောက် ဦးပဥ္စင်းက

သံသရာ၌ ကျင်လည်ရခြင်းသည် ဘုရင်အဖြစ်နှင့် ကျင် လည်ရသည့်တိုင်အောင် ဆင်းရဲခြင်း အတိဖြစ်ကြောင်း၊ ထို့ ကြောင့် သာသနာ့ဘောင်သို့ ဝင်သင့်ကြောင်း ပြောလေ၏။

မောင်ဘချစ်သည် အနည်းငယ် စိတ်ပါသကဲ့သို့ ဖြစ်သွား လေ၏။ သို့ရာတွင် တစ်ခါတည်း ဘုန်းကြီးဝတ်ပစ်ရန်မှာမူ မဖြစ် နိုင်ကြောင်း ပြန်၍ လျှောက်ထားရလေ၏။

ထိုအခါ၌ ဦးပဥ္စင်းက ---

"ဒကာကြီးက တယ်လဲ ပါရမီနည်းတာကိုး၊ ဒီတော့ အမြဲ တမ်း မဝတ်ချင်ရင်နေပါ၊ အထုံပါရမီ ပါရလေအောင် ခုလှဘ တော့ ဝတ်ကြည့်ပါလား"

ဟု ဆိုပြန်၏။

မောင်ဘချစ်လည်း ခုလှဘရဟန်း ဝတ်ရန်ကိုမူ လွန်စွာ စိတ်

ဝင်စားရ၍ သွားလေ၏။ ထို့ကြောင့် မောင်ဘချစ်က ---

"တပည့်တော် ဆရာနဲ့ တိုင်ပင်ရဦးမယ် အရှင်ဘုရား"

ဟု ပြန်၍ လျှောက်ထားလိုက်သည်။

မောင်ဘချစ်သည် ဘုရားပေါ်မှ ဆင်း၍ပြီးနောက် တဲကလေးဆီသို့ ပြန်လာပြီးလျှင် ဦးဂွမ်တီချက်ခဲ့သော ထမင်းနှင့် ပဲသီးကြော်ကို စား၍ တစ်နေ့ခင်းလုံး အိပ်ပျော်လေတော့၏။

ညနေပိုင်းသို့ ရောက်လျှင် အိပ်ရာမှ နိုးလေ၏။ ထိုအခါ ရေတွင်း၌ ရေသွားချိုးလေ၏။ ရေချိုး၍ ပြန်လာသောအခါ၌ တဲရှေ့တွင် အသက်ဆယ့်လေးငါးနှစ်ရှိသော ကုလားကလေးသည် ချိုင့်ကလေးတစ်လုံးကို ကိုင်၍ ရပ်နေသည်ဖြင့် မောင်ဘချစ်က---

"ဟေ့ ရှုတ်ကရား၏ ကျွဲပေါ်ဂေါ"

ဟု မေးလေ၏။ ကုလားလေးက

"ဒီက ပေါက်ဖော်ကြီးက နှစ်နာရီထိုးရင် လက်ဖက်ရည်ပို့ပေးရမယ်လို့ ပြောသွားလို့ပါ။ ကျွန်တော်က ဟိုနားက လက်ဖက်ရည်ဆိုင်ကပါ"

ဟု ပြန်၍ ပြောလေ၏။

မောင်ဘချစ်သည် ထိုကုလားကလေးထံမှ လက်ဖက်ရည်ကို ယူ၍ လက်ဖက်ရည်သောက်ရင်း ယခင်ကလည်း ဤတဲအိမ်ကလေးအတွင်း၌ မိမိနေခဲ့ရစဉ်၌ ကုလားကလေး တစ်ယောက်သည် နေ့လယ်နှစ်နာရီထိုးတိုင်း လက်ဖက်ရည်တစ်ချိုင့် တစ်ချိုင့် လာ၍ ပို့ခဲ့ပုံကို ပြန်လည်၍ သတိရမိလေတော့၏။

မောင်ဘချစ်သည် လက်ဖက်ရည် သောက်ပြီးနောက် စီးကရက်တစ်လိပ်ကို သောက်ကာ ဦးဂွမ်တီအလာကို မျှော်၍ နေ





လေတော့၏။

ညနေ မှောင်စပျိုးသည်အထိ ဦးဂွမ်တီ ရောက်မလာသေးသောကြောင့် မောင်ဘချစ်က မီးခွက်၌ ရေနံဆီဖြည့်ကာ မီးထွန်းထားလိုက်လေ၏။

ည ၇ နာရီ ထိုးခါနီးမှပင် ဦးဂွမ်တီသည် ခေါက်ဆွဲထုပ်နှစ်ထုပ်ကို လက်၌ ဆွဲလျက် ပြန်လာလေတော့၏။

"ငါ့တဲကလေး ငါပြန်လာတိုင်း မှောင်နေတာကွ။ အခုတော့ မီးတွေဘာတွေလင်းလို့ ဟန်ကျတာပေါ့ကွ။ အဝေးကနေ ငါ့ရဲ့ တဲကလေးကို လှမ်းပြီးကြည့်ရတာ တစ်မျိုးကြည်နူးရတယ်ကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

ထို့နောက် ဦးဂွမ်တီသည် ရေတွင်းသို့ သွား၍ ရေချိုးလေ၏။ ရေချိုးပြီးနောက် နှစ်ယောက်သား ခေါက်ဆွဲစားကြလေ၏။

ထိုအခါ၌ မောင်ဘချစ်က---

"တကယ် စဉ်းစားကြည့်ရင် သံသရာထဲမှာ နေရတာက သူဌေးအဖြစ်နဲ့ပဲ နေရနေရ၊ ဘုရင်အဖြစ်နဲ့ပဲ နေရနေရ ဒုက္ခချည်းပါပဲဗျာ"

ဟု ပြောလိုက်ရာ ဦးဂွမ်တီက---

"မင်းရဲ့လေသံက ဝေဿန္တရာဇာတ်တော်ကို နာခဲ့တဲ့ လေသံမျိုးပါလားကွ"

ဟု ပြောလိုက်လေ၏။

"အစစ်ပေါ့ဗျာ။ ကျုပ်တော့ဖြင့် ခုလွှာ ဝတ်ချင်တယ်"

ဟု မောင်ဘချစ်က ပြောလေတော့၏။

"မလုပ်ပါနဲ့ကွ။ ငါတို့ဘုရားက ရဟန်းအဖြစ်ကို ရဖို့ ခဲယဉ်းပါ

တယ်လို့ ဟောခဲ့တဲ့ဥစ္စာ၊ မင်းက လွယ်လွယ်ကလေး မလုပ်စမ်းပါနဲ့"

ဟု ဦးဂွမ်တီက ပြောလေ၏။

"အင်း--- ဟုတ်သားပဲဗျ၊ ရဟန်းအဖြစ်ကို ရခဲတယ်လို့ ဟောခဲ့တာပဲ၊ ဒါပေမယ့် ခုလူဘာတွေ ဝတ်ကြတာတော့ လွယ်လှချည့်လားဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"အဲဒါပြောတာပေါ့ကွ၊ ခက်ပါတယ်လို့ ဟောခဲ့တာကို ဘာများ ခက်လို့လဲ၊ လွယ်လွယ်ကလေးပါလို့ဆိုပြီး လုပ်ကြတာ မသင့်တော်ဘူးထင်တယ်ကွ၊ ဒါက ငါထင်တာပြောတာ၊ မှားချင်လဲ မှားပေမပေါ့ကွာ၊ ဒါပေမယ့် တစ်သက်လုံး မလုပ်ဘဲနဲ့ တော တစ်ပြတ်တော့ မလုပ်ပါနဲ့ကွာ၊ တကယ်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေကို အလုပ်ပိုပေးသလို နှောင့်ယှက်သလို ဖြစ်နေပါဦးမယ်"

ဟု ဦးဂွမ်တီက ပြောလေ၏။

"အေးဗျာ ဒီလိုဆိုရင်လဲ ခုလူဘာ မဝတ်တော့ပါဘူး၊ ကျုပ်က ရှေ့မှာ ဘာတွေ လုပ်ရဦးမှာလဲ"

ဟု မောင်ဘချစ်က မေးလေ၏။

"မင်းက အရင်မောင်ဘချစ် မဟုတ်တော့ဘူးကွ၊ အသည်းကြီးပျက် ဖြစ်နေပြီ၊ ချမ်းသာရာကနေ မွဲလာတဲ့ကောင်ဆိုတော့ အနေရ အထိုင်ရ ခက်နေတာပေါ့ကွာ၊ လောကကြီးမှာ အသည်းကြီးပျက်လောက် သနားစရာကောင်းတဲ့ သတ္တဝါဆိုတာ မရှိဘူးကွ၊ ဥပမာကွာ လူတစ်ယောက်ဟာ ဘုရင်မဖြစ်ရလို့ ဘာမှ သနားစရာ မကောင်းပါဘူးကွ၊ ဘုရင်ဖြစ်ဖူးပြီး နန်းကျသွားတဲ့





နန်းကျဘုရင်ဆိုရင်တော့ သနားပေတော့ပေါ့၊ သူ့မှာ နေရထိုင်ရ တော်တော်ခက်မယ်ကွ၊ ဒီလိုပဲကွ တစ်သက်လုံး ဆင်းရဲနေလို့လဲ ဘာမှ မဖြစ်ဘူး၊ ဒါပေမယ့်လို့ ချမ်းသာဖူးတဲ့ လူတစ်ယောက်ဟာ မွဲပြီဆိုရင်တော့ နဂိုကတည်းက ဆင်းရဲတဲ့လူထက်တောင် သနားဖို့ ကောင်းသေးတယ်ကွ၊ ရောဂါတစ်ခု စွဲကပ်နေတဲ့ လူလိုပဲကွ၊ အခုလဲ မင်းဟာ အသည်းကြီးပျက်ရောဂါ စွဲကပ်နေပြီ မဟုတ်လား၊ အဲဒါကို ဆေးကုရလိမ့်မယ်"

ဟု ဦးဂွမ်တီက ပြောလေ၏။

"ဘယ်လိုကုရမှာလဲ ဦးဂွမ်တီ"

ဟု မောင်ဘချစ်က မေးလေ၏။

"အသည်းကြီးပျက်ရောဂါကို ကုသတဲ့ ကုထုံးကို စဉ်းစားနေတာပဲကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"ဘယ်လိုလဲ ဦးဂွမ်တီ၊ ကုထုံးတွေ့ပြီလား"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီလိုကွ၊ ရောဂါရယ်လို့ဖြစ်လာရင် အချက်လေးချက်နဲ့ စဉ်းစားရတယ်ကွ၊ ငါတို့ ဘုရတ်လူမျိုး သမားတော်ကြီးတွေဆိုရင် အဲဒီလေးချက်ကို ပထမ အရင်စဉ်းစားတယ်ကွ--

ပထမဆုံးအချက်ကတော့ ရောဂါဖြစ်နေပြီဆိုတာကို လက်ခံရတယ်။

ဒုတိယ အချက်ကတော့ ရောဂါ ဘာလို့ ဖြစ်ရတာလဲ ဆိုတာကို စဉ်းစားရတယ်ကွ၊

တတိယ အချက်ကတော့ ရောဂါပျောက်မယ့် ဆေးကို စဉ်း

စားရတယ်။

စတုတ္ထ အချက်ကတော့ ရောဂါပျောက်ပြီပေါ့ကွာ"

ဟု ဦးဝွမ်တီက ပြောလေ၏။

"ကျုပ်တော့ နားမလည်ပါဘူးဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒီလိုကွာ၊ မင်းဟာ အထည်ကြီးပျက်ရောဂါ ဖြစ်နေပြီဆို တာ နိုင်နိုင်မာမာ လက်ခံဖို့ပါပဲ"

ဟု ဦးဝွမ်တီက ပြောလျှင် မောင်ဘချစ်က

"လက်ခံပါပြီဗျာ"

ဟု ဖြေလေ၏။

"မင်းလက်ခံဖို့ ပြောတာမဟုတ်ဘူး၊ ကုသပေးမယ့် ဆရာ က ရောဂါကို အတိအကျ သတ်မှတ်လက်ခံဖို့ စဉ်းစားရမှာကို ပြောတာကွ"

ဟုဦးဝွမ်တီက ပြောလေ၏။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်မှာဖြစ်နေတာဟာ ခင်ဗျားပြောသလို နေမထိ ထိုင်မထိ ဖြစ်နေတဲ့ ရောဂါပါပဲ၊ ချမ်းသာရာကနေ ရုတ် တရက် မွဲပြာကျသွားလေတော့ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ ဗျာ"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"အေး-- မင်းဟာ အထည်ကြီးပျက်ရောဂါ စွဲကပ်နေပြီပေါ့ ဒီတော့ ရောဂါပျောက်မယ့်ဆေး မရှာခင်မှာ ရောဂါ ဘာကြောင့် ဖြစ်တယ်ဆိုတာကို စဉ်းစားရမယ်ကွ"

"ဘာကြောင့် ဖြစ်တာလဲ"





"ဒါက ရှင်းပါတယ်ကွာ၊ အထုပ်ကြီးအထည်ကြီးကနေ ပျက် စီးသွားလို့ ဖြစ်တဲ့ရောဂါပဲ မဟုတ်လားကွ"

"ဒီလိုဆိုတော့"

"ဒီလိုဆိုတော့သူနဲ့ မတည့်တဲ့ခေတ်က ပျက်ဆိုတာနဲ့ မတည် ဘူးပေါ့ကွ၊ အထည်ကြီးအထိ ရောဂါ မဟုတ်သေးဘူးလေကွာ၊ နောက်က ပျက်ဆိုတဲ့ကောင် ပါလာမှ ခုကွဲဖြစ်တော့တာကိုး"

"ဟုတ်ပါ့ဗျာ၊ အဲဒီတော့ ဘယ်လိုဆေးမျိုး ကျွေးမှာတုံး"

"ပျက်ကိုနိုင်တဲ့ဆေးက ပြင်ပေါ့ကွ၊ ဒါကြောင့် ပျက်အစဉ် ပြင်စေလို့ ရှေးလူကြီးတွေ မှာထားခဲ့တာပေါ့ကွ၊ ပြင်ဆိုတဲ့ဆေး ကို ဖော်ပြီး ကျွေးလိုက်ရင် မင်းရောဂါ ပျောက်ပါပြီကွ"

ဟု ဦးဝွမ်တီက ပြောလေ၏။

"အဲဒီလိုဆိုရင် အဲဒီဆေးကို မြန်မြန်တိုက်ပါဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဟဲ ဟဲ-- လွယ်ပါတယ်ကွ၊ ပြင်ဆိုတဲ့စကားကို အနှစ်တံ ခွဲ ဖြမ်းစိတ်ဖြာလိုက်ရင် ပြနဲ့ အင်ဆိုတဲ့ အသံနှစ်ခု ပေါင်းထားတာ မဟုတ်လား"

"ဟုတ်ပါ့ဗျာ"

"ပြကို ထပ်ပြီးခွဲစိတ်လိုက်ရင် ပစောက်နဲ့ ရကောက်ရယ်လို့ ရတယ် မဟုတ်လား၊ ပရလေကွာ၊ ပရဆိုတာ သူတစ်ပါးလို့ အဓိပ္ပာယ်ရတယ်ကွ"

"လုပ်စမ်းပါဦး"

"အင်ကတော့ အင်္ဂလို့ စဉ်းစားရင် အစိတ်အပိုင်းလို့ အဓိပ္ပာယ်ရတယ်ကွ၊ သူတစ်ပါးရဲ့ အစိတ်အပိုင်းပေါ့ကွာ၊ အင်ကို

ဒီလို စဉ်းစားရင်လဲ ရသေးတယ်ကွ၊ ကျုပ်ရဲ့ ဖြစ်အင်ကို ပြောပါ ရစေလို့ ပြောတာကို မင်းလဲကြားဖူးမှာပေါ့၊ ဖြစ်အင်ဆိုတာ ဖြစ်သမျှ ဖြစ်တဲ့အတိုင်းလို့ အဓိပ္ပာယ်ရတယ် မဟုတ်လား၊ ဒီတော့ ပရအင်ဆိုတာဟာ သူတစ်ပါးအတိုင်း သူတစ်ပါးဖြစ်တဲ့ အတိုင်း သူတစ်ပါးရဲ့ အစိတ်အပိုင်းလို့ အဓိပ္ပာယ်ရတာပေါ့ကွာ"

ဟု ဦးဂွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က---

"အဆန်းပါလား ဦးဂွမ်တီရယ်၊ ပြင်ဆိုတဲ့ စကားဟာ သူတစ်ပါးအတိုင်း သူတစ်ပါးရဲ့ အစိတ်အပိုင်းရယ်လို့ ဖြစ်သွား တော့တာကိုး"

ဟု ပြောလိုက်၏။

"အေး-- ဟုတ်တယ်၊ အမြန်ဆုံး မင်းရောဂါ ပျောက်ဖို့ ကတော့ မင်းဟာ မင်းမဟုတ်တော့ဘူး၊ သူတစ်ပါးဖြစ်သွားပြီ သူတစ်ပါးရဲ့ အစိတ်အပိုင်း ဖြစ်သွားပြီ၊ သူတစ်ပါး အလိုရှိတာ တွေ၊ လုပ်ရမှာတွေကို လျှောက်ပြီး လုပ်ပေးပေတော့၊ တွေ့ သမျှသော (သူတစ်ပါး) တွေကို အတတ်နိုင်ဆုံး ကူညီပေတော့ အဲဒီတော့မှ မင်းရောဂါ ပျောက်မှာကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"တစ်မျိုးကြီးပါလား"

ဟု မောင်ဘချစ်က ပြန်၍ ပြောလိုက်လျှင် ဦးဂွမ်တီက---

"ဒါပေါ့ကွ၊ မင်းက တစ်မျိုးကြီးဖြစ်နေတာကိုး"

ဟု ဆိုလေ၏။

ထိုအချိန်၌ နှစ်ယောက်သားသည် ခေါက်ဆွဲစား၍ ပြီးသွား ကြပြီဖြစ်၍ ရေနွေးကြမ်းတစ်ခွက်စီ ငှဲ၍ သောက်ကြလေ





တော့၏။

ဦးဂွမ်တီက ရေနွေးကို မှုတ်၍ သောက်လိုက်ပြီးနောက်

"ချမ်းသာရာကနေ မွဲသွားတဲ့ လူတွေကို တွေ့ဖူးပေါင်းများပြီ ကွ၊ တချို့လဲစရိုး၊ တချို့လဲဘုန်းကြီးကျောင်း၊ တချို့လဲ ကျွန်း ကျောင်း ရောက်ကုန်တော့တာပဲ၊ လောကကြီး စိတ်ကုန်ပါပြီ၊ ငြီးငွေ့ပါပြီနဲ့ တရားအားထုတ်ကြတယ်၊ တကယ်က သူတို့ဟာ တကယ့်ကို လောကကြီးကို စိတ်လဲ မကုန်သေးဘူး၊ ငြီးလဲ မငြီး ငွေ့သေးဘူးကွ၊ သူတို့အချင်းချင်းတွေ ပြန်တွေ့ကြတဲ့အခါမှာ ရွှေထီးဆောင်းခဲ့တုန်းက အကြောင်းတွေကို တမ်းမြို့ ပြန်နေကြ တုန်းပဲ၊ ပြီးခဲ့တာတွေကို အိပ်မက်မက်နေကြတုန်းပဲကွ၊ သူတို့မှာ စွဲကပ်နေတဲ့ အဆည်ကြီးပျက်ရောဂါဆိုးကို ပျောက်အောင် ကုသ နိုင်တဲ့ ဆေးနည်းကို မရှာကြသေးဘူး၊ ဒါမှမဟုတ် မရှာတတ်ကြ ဘူးကွ၊ ဒါကြောင့် ဆေးကောင်းမတွေ့သေးဘူးကွ

"ခင်ဗျားဆေးက သေချာပေါက် ပျောက်မယ့်ဆေးပေါ့နော်"

ဟု မောင်ဘချစ်ကမေးလေ၏။

"စမ်းကြည့်ပေါ့ မောင်ဘချစ်ရယ်၊ ဟဲ ဟဲ-- ငါ့ဆေးကို စွမ်း မစွမ်း မေးတော့ ဦးပုညရဲ့ နို့တွက်ဆေးကို သတိရမိသေးတော့ တယ်ကွာ၊ နွားအမြီးကို မီးဖုတ် ချက်ချင်း တောက်တောက်စဉ်း ၍ ကြောင်ပန်းခွက်နဲ့ ဟင်းရိုချက်၍ သောက်လိုက်ရလျှင် နို့လုံး ရှင်သည်၊ သူ ပင်နို့တော့ မကုန်တည်း ဆိုသလိုပဲကွ၊ ငါ့နည်းက လဲ တကယ့်ကို မင်းအတွက် အကျိုးရှိမှာပါ၊ ဒါကြောင့် ငါ့ရဲ့ နည်းကို ငေါက်ငေါက်ထ၍ ချက်ချင်းယခု လုပ်လိုက်ရလျှင် လောက်လည်းရှင်၍ စိတ်လည်းကျွန်းမာ လူချမ်းသာမည် မှုက်

တစ်ရာတက်တော့ မမွဲတည်း လို့တောင် ဦးပုညလေသံနဲ့ ပြော လိုက်ချင်ပါရဲ့ကွာ ဟား ဟား"

ဟု ဦးဗွမ်တီက ပြော၍ ရယ်မောလိုက်လေ၏။

မောင်ဘချစ်လည်း တဟားဟားနှင့် ရယ်မော၍ အားတက် နေလေတော့၏။

(မှတ်ချက်။ ။ ဦးပုညရဲ့ နို့လွှက်ဆေးဟု ဦးဗွမ်တီက ပြောထားပါသည်။ အမှန်မှာ ဦးပုည၏ နွားတစ်ကောင်လုံး အသုံးချ နည်းသာ ဖြစ်ပေ၏။

စာရေးသူ)

❖ ❖ ❖



## ဗိုလ်ဝနှင့် တွေ့ဆုံခြင်း

နောက်တစ်နေ့နံနက်၌ ဦးဗွမ်တီသည် လက်ဖက်ရည် အချိုနှင့် အီကြာကွေးကို ဝယ်ပြီးနောက် မောင်ဘချစ်အား နှိုး လေ၏။ မောင်ဘချစ် နိုးသည့်အခါ၌ နှစ်ယောက်သားလက်ဖက် ရည်သောက်ကြလေ၏။ မောင်ဘချစ်သည် လက်ဖက်ရည် သောက်ပြီးနောက် ဒီးကရက်တစ်လိပ်ကို မွှာရှိုက်၍ စဉ်းစားနေ လေ၏။ ထိုသို့ စဉ်းစားပြီးနောက်---

"ဘယ်လိုလဲ ဦးဗွမ်တီ၊ သူတစ်ပါးရဲ့ အစိတ်အပိုင်းဖြစ်သွား အောင် ကျုပ်က ဘယ်လို လုပ်ရမှာတုံး၊ သူတစ်ပါးအကျိုးတွေ ကို လိုက်ပြီး ဆောင်ရွက်ရမှာလား"

ဟု မေးလိုက်လေ၏။

"အေး-- ဟုတ်တယ်၊ တွေ့တွေ့သမျှ မြင်မြင်သမျှသော လူ တွေရဲ့ စိတ်အလိုမကျမှုတွေကို စိတ်အလိုကျသွားအောင် ဆောင် ရွက်ရမယ်၊ အဲဒါဟာ မင်းအတွက် အသက်သာဆုံး အလွယ်

ကူဆုံး အထည်ကြီးပျက်ရောဂါ ပျောက်ဆေးပဲကွ၊ မြန်မြန် ကု ပေတော့၊ အထည်ကြီးပျက်ရောဂါဟာ ကင်ဆာရောဂါ ထက် ကြောက်ဖို့ကောင်းတယ်ကွ"

ဟု ပြောဆိုကာ ဦးငွမ်တီသည် လက်ဖက်ရည်ကို မော့ချ လိုက်လေ၏။

"ခင်ဗျားဆိုလိုတာက သူများအကျိုးဆောင်ရင် ကိုယ့်အကျိုး အောင် ဆိုတဲ့ဟာမျိုးလား၊ အဲဒါမျိုးဆိုရင်တော့ ယုံကြည်ဖို့ ခပ် ခက်ခက်ပဲ၊ သူများအကျိုးဆောင်ရင် သူများအကျိုးပဲ အောင်မှာ ပေါ့၊ ကိုယ့်အကျိုးဆောင်မှ ကိုယ့်အကျိုးအောင်မှာပေါ့ ဦးငွမ်တီ"

ဟုမောင်ဘချစ်က ပြောလျှင် ဦးငွမ်တီက တဟဲဟဲနှင့်ရယ် ရင်း ---

"အကန်း၊ ပညာမျက်စိ မရှိတဲ့အကန်း"

ဟု ပြောဆိုကာ ဆေးလိပ်ကို မီးညှိလိုက်လေ၏။ ထို့နောက် ဦးငွမ်တီသည် အောက်ပါအတိုင်း ဆက်လက်၍ ပြောပြန်လေ၏။

"တစ်ခါက မျက်စိမမြင်တဲ့ လူတစ်ယောက်က မျက်စိမြင်တဲ့ သူမိတ်ဆွေကို ခင်ဗျားတို့ ပြောပြောနေတဲ့ နေမင်းကြီးဆိုတာ ဘယ်လိုဟာလဲဗျာလို့ မေးတော့ အဲဒီတော့ သူမိတ်ဆွေက နေ မင်းကြီးဆိုတာဟာ အနီးစပ်ဆုံးပြောရရင်တော့ ကြေးနီလင်ပန်း ကြီးနဲ့ တူတယ်ဗျလို့ ပြောလိုက်တယ်၊ ဒါနဲ့ မျက်မမြင်က ကြေးနီ လင်ပန်းတစ်ချပ်ကို ရှာပြီး လက်နဲ့အသာကလေး ခေါက်ကြည့် တယ်၊ အဲဒီတော့ ခေါင်ခေါင်နဲ့ မြည်တာပေါ့၊ တစ်ခါ မျက်မမြင် က မကျေနပ်သေးဘဲ အခြား မိတ်ဆွေတစ်ယောက်ကို ခင်ဗျားတို့ ပြောပြောနေတဲ့ နေမင်းကြီးဆိုတာ ဘယ်လိုဟာလဲဗျလို့ မေးပြန်





တယ်၊ အဲဒီအခါမှာ သူ့ရဲ့ အခြားမိတ်ဆွေက ခင်ဗျား လွယ်လွယ် မှတ်ထားဖို့ကတော့ နေမင်းကြီးဆိုတာ ဖယောင်းတိုင်နဲ့ အတူ တူပဲဗျလို့ ပြောပြန်တယ်၊ အဲဒီတော့မျက်မမြင်က ဖယောင်းတိုင် တစ်တိုင်ကို ကိုင်ကြည့်လိုက်တယ်၊ သူ့စိတ်ထဲမှာ နေဆိုတာ လုံးလုံးရှည်ရှည်ကြီးပါလားလို့ သဘောပေါက်သွားတယ်၊ အဲဒီ တော့ မျက်မမြင် ခုကိစ္စတာက ဘာပြောသလဲဆိုတော့ လူတွေ ပြောပြောနေတဲ့ နေမင်းကြီးဆိုတာ ဘာမှ မဆန်းပါဘူးဗျာ၊ လုံး လုံး ရှည်ရှည်ကြီးနဲ့ တခေါင်ခေါင်မြည်တဲ့ ပစ္စည်းပါပဲတဲ့၊ အဲဒီ တော့ တကယ့် နေမင်းကြီးနဲ့ မျက်မမြင်ခုကိစ္စတာတွေးတဲ့ လုံးလုံး ရှည်ရှည်ကြီးနဲ့ တခေါင်ခေါင်မြည်တဲ့ အရာဝတ္ထုဆိုတာက ဘယ် မှာ နီးစပ်ပါတော့မလဲကွာ၊ အခုလဲ ငါပြောတဲ့စကားကို မင်းက လုံးလုံးရှည်ရှည်ကြီးနဲ့ တခေါင်ခေါင်မြည်တဲ့ အရာဝတ္ထုကြီးလို့ တွေးနေပြီလား၊ ဟဲ ဟဲ ဟဲ အကန်း၊ ပညာမျက်စိမရှိတဲ့ အကန်း၊ ကိုယ်ထင်တာ ကိုယ်တွေးနေတဲ့ အကန်း၊ ကဲ-- ငါ အလုပ်သွား မယ်"

ဦးငွမ်တီသည် ၎င်း၏ ပန်းရန်သမား ပစ္စည်းများကို လွယ် လျက် တဲအိမ်ကလေးအတွင်းမှ ထွက်သွားလေတော့၏။

မောင်ဘချစ်သည် တဲအိမ်ကလေးအတွင်း၌ ကျန်ရစ်ခဲ့လေ ၏။ မောင်ဘချစ်သည် တစ်စုံတစ်ခုကို အလေးအနက် တွေး၍ နေ၏။

"ဦးငွမ်တီဆိုတဲ့လူကြီး ပြောတာကို လိုက်ပြီးလုပ်မိလို့ ငါ့မှာ ခုကွေးရှာက်တယ်လိုကို မရှိသေးဘူး၊ ဘာပဲဖြစ်ဖြစ် သူပြောတဲ့ နည်းကို ယုံယုံကြည်ကြည်နဲ့ လုပ်ကြည့်ရမှာပဲ"

ဟုလည်း မောင်ဘချစ်သည် တွေးမိလေ၏။

ထို့နောက် မောင်ဘချစ်က---

"ဘာပဲဖြစ်ဖြစ် သူတစ်ပါးရဲ့ လိုအပ်ချက်တွေကို ငါက ဖြည့်ဆည်းပေးရမယ်၊ အခုကကိုပဲ အလုပ်စရမယ်၊ ဦးဝွမ်တီကြီးရဲ့ လိုအပ်ချက်ကိုစပြီး ဖြည့်ဆည်းပေးရမှာပဲ၊ ဦးဝွမ်တီကြီး ဘာများ လိုအပ်နေပါလိမ့်၊ သိပြီသိပြီ၊ ဦးဝွမ်တီမှာက အင်္ကျီနွမ်းထည်ပဲ ရှိတာ၊ အဲဒီနွမ်းထည်ကလဲ ပြဲနေတာချည်းပဲ၊ အဲဒါတွေကို ချုပ်ပေးရမယ်၊ ပြီးရင် လျှော်ထားပေးရမယ်"

ဟု တစ်ကိုယ်တည်း ပြောဆိုကာ တိုင်၌ ချိတ်ဆွဲထားသော ဦးဝွမ်တီ၏ ဖျင်ကြမ်းအင်္ကျီကြီးနှင့် ဖျင်ကြမ်းဘောင်းဘီပွကြီးကို ဖြုတ်ယူ၍ အပ်တစ်ချောင်းဖြင့် ချုပ်လေတော့၏။

ထိုသို့ ချုပ်ပြီးလျှင် ရေတွင်းသို့သွား၍ လျှော်ဖွပ်ကာ နေပူလှန်းထားလေ၏။ ပြီးလျှင် ဦးဝွမ်တီ၏ တဲကလေးအတွင်း၌ ရေဖျန်း၍ တံမြက်စည်းလှည်းထားလေ၏။ တံမြက်စည်းလှည်းပြီး ခွေ့ထိုင်၍ ဆေးလိပ်သောက်လေ၏။

ထိုအခါ၌ ငါးနှစ်အရွယ် ကလေးတစ်ယောက်သည် မောင်ဘချစ်တို့၏ တဲရှေ့သို့ ရောက်ရှိလာလေ၏။ ထိုကလေးသည် မောင်ဘချစ်အား သေချာစွာ ကြည့်နေလေ၏။ ထိုသို့ ကြည့်ပြီးနောက် ကလေးက---

"အသူလဲ"

ဟုမေးလေ၏။

"ကျွန်တော် အသူမဟုတ်ပါဘူး လူကြီးမင်းရယ်၊ ကျွန်တော့်နာမည် မောင်ဘချစ်ပါ"





ဟု မောင်ဘချစ်က ထိုကလေးအား နောက်ရွတ်ရွတ်ပြန်၍ ပြောလေ၏။

"အသူလဲ"

ဟု ကလေးက မေးလေ၏။

"ဘချစ်"

ဟု မောင်ဘချစ်က ပြန်၍ ဖြေလေ၏။

"မီးခြစ်လား"

ဟု ကလေးက ပြန်၍မေးလေ၏။

"မီးခြစ်မဟုတ်ဘူး ဘချစ် ဘချစ်"

ဟု ရင်ဘတ်ကို ပုတ်၍ ပြလေ၏။

ကလေးက မည်သည်ကို သဘောကျ၍ သွားသည် မသိပေ၊ သဘောကျ၍ တခစ်ခစ်ရယ်လေ၏။ ရယ်ပြီးနောက် တဲအတွင်းသို့ ဝင်လာ၏။

"ဘာရုတ်တာလဲ"

ဟုကလေးက မေးပြန်လေ၏။

"အလုပ်အကိုင်ကို မေးတာလား၊ သူတစ်ပါးကို ကူညီတယ်၊ ကဲ--- လူကြီးမင်း အမိန့်ရှိပါ၊ ကျွန်တော် မောင်ဘချစ် ဘာများ ကူညီရမှာလဲ"

ဟု မောင်ဘချစ်က မေးလေ၏။

ကလေးက ရယ်မြဲရယ်၍---

"ဘာရုတ်တာလဲ"

ဟု မေးလေ၏။

"ဘာမှ မရုတ်ဘူး၊ ထိုင်နေတာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"လင်ပျံ့ ရှုတ်ပေးမလား"

ဟု ကလေးက မေးလေ၏။

"လင်ပျံ့ မရှိဘူး၊ မယားပျံ့ပဲ ရှိတယ်၊ မယားတော့ ပျံ့သွားပြီ"

ဟု မောင်ဘချစ်က ပြောလေ၏။

ကလေးက သူ၏လက်ကလေးဖြင့် ဝီဝီလုပ်၍ ပြလေ၏။

"ကြည့်--- လေယာဉ်ပျံလား ရပါတယ်၊ တောလေး ထိုင်ပါဦး"

ဟု မောင်ဘချစ်က ပြောလျှင် ကလေးသည် မောင်ဘချစ်အနီး၌ ဆောင့်ကြောင့်ကလေး ထိုင်လေ၏။ မောင်ဘချစ်လည်း သစ်သားချောင်းကလေးကို ဓားမဖြင့် ခုတ်၍ လေယာဉ်ပျံကလေး တစ်စီး လုပ်၍ ပေးလေ၏။ ကလေးက သဘောကျ၍ နေလေ၏။

"နာမည် ဘယ်လိုခေါ်သလဲ"

မောင်ဘချစ်က မေးလျှင် ကလေးက ---

"ဗိုဝါး"

ဟု ပြောလေ၏။

"ဟား ဟား ဗိုလ်ဝတဲ့လား"

ဟု မောင်ဘချစ်က ပြန်၍ မေးလျှင် ကလေးက ခေါင်းညိတ်လေ၏။

"ကဲ ဆရာဗိုလ်ဝ၊ လေယာဉ်ပျံတစ်စီး ပြီးပြီ"

ဟု ပြော၍ သစ်သားလေယာဉ်ပျံကလေးကို ပေးလိုက်ရာ





ဗိုလ်ဝကလေးသည် ဝီ ဝီ ဟု အော်ဟစ်၍ ပြေးသွားလေတော့၏။ ပြန်၍ မလာတော့ပေ။

မောင်ဘချစ်လည်း တစ်နေ့လုံးလိုလို ဦးဖွမ်တီ၏ တဲအိမ်ကလေးအတွင်း၌ ရှိသမျှသော အိုးခွက်ပန်းကန်နှင့် တူကလေးများကို ဆေးကြောလေ၏။

ညနေပိုင်းသို့ရောက်လျှင် ဦးဖွမ်တီရောက်ရှိလာလေတော့၏။ ဦးဖွမ်တီသည် ပြောင်လက်သန့်ရှင်းနေသော ၎င်း၏ တဲကလေးအတွင်းမှ မြင်ကွင်းကို ကြည့်ကာ---

"အလုပ်ရပြီလား"

ဟုမေးလေ၏။

"ရှာသလောက် လုပ်နေရတာပါပဲ၊ ဒါပေမယ့် အလုပ်ကြီးအကိုင်ကြီးတော့ မဟုတ်သေးပါဘူး"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ဒါပေါ့ ဒါပေါ့၊ သူတစ်ပါးကို ကူညီတယ်ဆိုတာက အလေ့အကျင့်မရှိရင် ဘယ်ကာပြေး ကူညီရမှန်းတောင် သိနိုင်မှာမဟုတ်ဘူး"

ဟု ဦးဖွမ်တီက ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် ထမင်းစားကြ၍ ထမင်းစားပြီးသည့်အခါ၌ ရေနွေးကြမ်းသောက်ရင် ရောက်တတ်ရာရာ စကားများ ပြောဆိုကြလေ၏။

ဦးဖွမ်တီက လွန်ခဲ့သာရယ်စရာကောင်းသော တရုတ်ပုံပြင်များကို မောင်ဘချစ်အား ပြောပြလေ၏။

"ဟိုရှေးရှေးတုန်းက ဘုရင်တစ်ပါး ရှိတယ်ကွ၊ သူ့မှာက မိဖုရားပေါင်း ၃၆၅-ယောက် ရှိတယ်ကွ"

ဟု ဦးဂွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က---

"များလှချည်လားဗျ"

ဟု ပြန်၍ မေးလေ၏။

"များများကွာ၊ ပုံပြင်ပဲဥစ္စာ ကောင်းကောင်းနားထောင်စမ်း ပါကွ"

ဟု ဦးဂွမ်တီက ပြန်၍ ပြောလေ၏။

"ကောင်းပါပြီဗျာ၊ ဆက်ပြီး ပြောစမ်းပါဦး"

ဟု မောင်ဘချစ်က တောင်းပန်ရလေ၏။

"အေး-- အဲဒီဘုရင်ကြီးဟာ သူ့မိဖုရားတွေရဲ့ အဆောင်ကို တစ်ညမှာတစ်ဆောင်၊ တစ်ဆောင် ဆောင်တော်ကူးတယ်ကွ"

ဟု ဦးဂွမ်တီက ပြန်၍ ပြောလေ၏။

"အဲဒီလိုဆိုရင် မိဖုရားတစ်ယောက်ဟာ တစ်နှစ်ပြည့်မှ တစ်ခါသာ ဘုရင်ကြီးနဲ့ တွေ့ရမှာပေါ့"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ဒါပေါ့ကွ၊ မိဖုရားတွေက ၃၆၅-ယောက်တောင် ရှိတဲ့ဥစ္စာပဲ၊ ကဲ ကဲ-- ထားလိုက်တော့ ဆက်ပြီးပြောမယ်၊ အဲဒီ မိဖုရားတွေရဲ့ အဆောင်နဲ့ သိပ်ပြီးမဝေးတဲ့ နေရာမှာ ဘုရင်ကြီးရဲ့ အလုပ်သမားတွေဖြစ်တဲ့ စားတော်ကဲတို့၊ လက်ဖက်ရည်တော်ဆက်တို့ ဘုရင်ကြီးကို ဖိနပ်တိုက်ပေးတဲ့ ကောင်တို့ စုနေတာပါကွာ၊ စုစုပေါင်း ၅၀-လောက် ရှိမယ်ကွ၊ အားလုံး ယောကျ်ားတွေ ချည်းပဲ၊ တန်းလျားကြီးဆောက်ပေးပြီး ထားတယ်ကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

မောင်ဘချစ်က





"အဲဒါ အန္တရာယ်ပဲ"

ဟု ပြောလေ၏။

"အေး--- အမှန်ပဲကွ အဲဒါ အန္တရာယ်ပေါ့ကွာ၊ အဲဒီထဲမှာ ဘုရင် ကြီးကို နားဖာချေးကော်ပေးရတဲ့ ဘိန်းစားတစ်ယောက်လဲ ပါတယ်ကွ၊ အဲဒီ ဘိန်းစားက သူတို့နေတဲ့တန်းလျားနဲ့ အနီးဆုံး ဖြစ်တဲ့ မိဖုရားတစ်ပါးကို စိတ်ဝင်စားနေပါလေရောကွာ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"မောင်ဘချစ်က"

"အဲဒါ အန္တရာယ်ပဲ"

ဟု ပြောလေ၏။

"အဲဒါ ဘိန်းစားက တစ်ညမှာ သူ့စိတ်ကို မထိန်းနိုင်ဘဲ အဲဒီ မိဖုရားရဲ့ အဆောင်ကို ဘုရင်ကြီးရဲ့ပုံစံနဲ့ သွားပြီး တံခါးခေါက် တော့တာကိုး၊ မိဖုရားကလဲ ဘုရင်ကြီးမှတ်လို့ နားကော်တဲ့ ဘိန်း စားကို တံခါးဖွင့်ပေးလိုက်တယ်၊ မှောင်ကြီးထဲမှာဆိုတော့ ဘိန်း စားကို ဘုရင်ကြီး မှတ်နေတာပေါ့ကွာ၊ ဘိန်းစားကလဲ မှောင်ကြီး ထဲမှာ ဘုရင်ဖြစ်နေတာပေါ့ကွာ၊ နောက်တော့ ခပ်တည်တည်နဲ့ သူ့အဆောင်ကို ပြန်လာပြီး တခြား အလုပ်သမားတွေနဲ့ အတူ ရောပြီး အိပ်နေလိုက်တယ်"

ဟု ဦးဂွမ်တီက ပြောလေ၏။

"မောင်ဘချစ်က"

"အန္တရာယ်တော့ ပေါ့"

ဟု ပြောလေ၏။

"ဘိန်းစား ကံဆိုးချင်တော့ အဲဒီညမှာ ဘုရင်ကြီးဟာ အဲဒီ

မိဖုရားအဆောင်ကို ကြွရမယ့် အလှည့်ဖြစ်နေတာပေါ့ကွ၊ ဘုရင်ကြီးကလဲ မှောင်ထဲမှာ မိဖုရားရဲ့ အဆောင်ကိုကြွလာပြီး တံခါးခေါက်တော့တာပဲ၊ အဲဒီအခါမှာ မိဖုရားက တံခါးထွင့်ပေးရင်း အားရဝမ်းသာနဲ့---

အရှင်မင်းကြီးဟာ နှမတော်ရဲ့ အဆောင်တော်ကို နှစ်နှစ်စာ လာတာပေါ့နော်"

လို့ ပြောလိုက်တယ်။

"အဲဒီအခါမှာ ဘုရင်ကြီးဟာ သူ့ရှေ့က တစ်စုံတစ်ယောက်တော့ သူ့ကိုယ်စား ပုံမှားရိုက်ပြီး မိဖုရားကြီးဆီ လာသွားတယ်ဆိုတာ သိသွားတော့တာပေါ့၊ ဒါပေမယ့် ဘုရင်ကြီးက ပါးနပ်လိမ္မာတယ်၊ မဟုတ်ပါဘူး နှမတော်ရယ် ကျုပ်ရဲ့ ဆေးလိပ်တိုကလေး ကျန်ရစ်ခဲ့လို့ ပြန်ပြီးယူတာပါ"

လို့ ပြောပြီး ဆေးလိပ်ကိုယူချင်ယောင်ဆောင်ပြီး မိဖုရားအဆောင်က ပြန်ပြီး ထွက်ခဲ့တယ်။

ဟု ဦးဂွမ်တီက ပြောလေ၏။

မောင်ဘချစ်က---

"အန္တရာယ်တော့ လာပြီ"

လို့ ပြောလိုက်လေ၏။

"ဘုရင်ကြီးဟာ မိဖုရားအဆောင်နားက အလုပ်သမားတန်းလျားက ဖြစ်မှာပဲဆိုပြီး အလုပ်သမားတန်းလျားကို သွားတော့တာပဲ၊ ဒါပေမယ့် သူ့ရဲ့ အလုပ်သမား ၅၀-လောက် အိပ်ပျော်နေတာကိုပဲ တွေ့ရတယ်၊ အဲဒီအခါမှာ ဘုရင်ကြီးက ဖြစ်မှုတစ်ခုမှာ ကျူးလွန်ထားတဲ့ရင်ဟာ တဒိတ်ဒိတ်နဲ့ ခုန်နေရမှာပဲဆိုပြီး အလုပ်





သမားတွေရဲ့ ရင်ဘတ်ကို လက်နဲ့ လိုက်ပြီး စမ်းတယ်၊ နားကော်တဲ့ ဘိန်းစားက အိပ်ချင်ယောင်ဆောင်နေပေမယ့် သူ့ရဲ့ရင်ဘတ်ဟာ တဒိတ်ဒိတ် ခုန်နေတာပေါ့ကွာ၊ အဲဒီအခါမှာ ဘုရင်ကြီးက ဒီကောင်ပဲဆိုတာ သိသွားတယ်၊ ဒါပေမယ့် မှောင်ကြီးမည်းကြီးထဲမှာ သတ်လားဖြတ်လားလုပ်လို့ မတော်ပေဘူး၊ မနက်ကျမှပဲ ကားစင်တင်ပြီး သတ်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒီတော့ ဘယ်သူဘယ်ဝါဆိုတာ မှတ်မိအောင်ဆိုပြီး ဘိန်းစားရဲ့ ဆံပင်ကို ဓားနဲ့ ဖြတ်ပစ်ခဲ့တယ်"

ဟု ဦးဂွမ်တီက ပြောလျှင် မောင်ဘချစ်က---

"တော်တော်ဉာဏ်ကောင်းတဲ့ ဘုရင်ကြီးပဲ"

ဟု ပြောလေ၏။

"ဘုရင်ကြီးလဲ ပြန်သွားရော၊ နားကော်တဲ့ဘိန်းစားက ကျန်တဲ့ အလုပ်သမားတွေရဲ့ ဆံပင်ကို လျှောက်ပြီး ဖြတ်တော့တာပဲ"

ဟု ဦးဂွမ်တီက ပြောပြန်လေ၏။

မောင်ဘချစ်က

"ဘိန်းစားကလဲ ဉာဏ်ကောင်းတာပဲကိုး"

ဟု ပြောပြန်လေ၏။

"အဲဒါနဲ့ မနက်မိုးလင်းလို့ ညီလာခံလဲခံရော ဘုရင်ကြီးက သူ့ရဲ့ အလုပ်သမားတွေ အားလုံးဟာ ဆံပင်အပြတ်တွေနဲ့ချည်းဆိုတော့ ညက သူခိုးဟာ ဘယ်သူဘယ်ဝါဆိုတာ မခွဲနိုင်တော့ဘူးကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"ဟာ ခက္ကပါပဲ"

ဟု မောင်ဘချစ်က ပြောပြန်၏။

"အဲဒီတော့ ဘုရင်ကြီးက မောင်မင်းတို့အထဲကတစ်ယောက် ယောက်တော့ တစ်ယောက်ယောက်ပဲ၊ ဒါမျိုးနောက်မလုပ်နဲ့ သေ မယ်လို့ ခပ်တည်တည်နဲ့ ကြိမ်းလိုက်ရတယ်ကွ"

ဟု ဦးဥမ်တီက ပြောလျှင် မောင်ဘချစ်သည် တခစ်ခစ်နှင့် ရယ်မောလေတော့၏။ ရယ်မောပြီးနောက်---

"ကြံကြံဖန်ဖန်ဗျာ"

ဟုလည်း ပြောလိုက်လေတော့၏။

နောက်တစ်နေ့တွင် ဦးဥမ်တီ အလုပ်သို့ သွားလျှင် မောင်ဘ ချစ်သည် တဲအိမ်ကလေးအတွင်း၌ တံမြက်စည်းလှည်းပြန်၏။ ထိုအချိန်၌

"ဘာရုတ်နေတာလဲ"

ဟူသော အသံကလေး ပေါ်လာသဖြင့် ကြည့်လိုက်ရာ တဲအိမ်ကလေး အရှေ့၌ ဗိုလ်ဝကလေး မတ်တတ်ရပ်နေသည်ကို တွေ့ရလေတော့၏။

"ဘာမှ မရုတ်ပါဘူး၊ ဆရာဗိုလ်ဝ ဘာများ ခိုင်းချင်လို့ပါလဲ ကြွပါကြွပါ"

ဟု မောင်ဘချစ်က ပြောလေ၏။

ဗိုလ်ဝကလေးသည် တဲအတွင်းသို့ ဝင်လာပြီးလျှင်---

"ဒင်းဘောလိုချင်တယ်"

ဟု ပြောလေ၏။

"သဘော်လား"

ဟုမောင်ဘချစ်က မေးလိုက်လေ၏။





ဗိုလ်ဝကလေးက ခေါင်းညိတ်ပြလေ၏။ ထိုအခါ၌ မောင်ဘ ချစ်က ---

"ရတာပေါ့ ခဏကလေးစောင့်"

ဟု ဆိုကာ သစ်သားချောင်းတစ်ချောင်းကို ယူ၍ ဓားဖြင့် ခုတ်ကာ သဘော်လုပ်၍ ပေးပြန်၏။ ဗိုလ်ဝကလေးသည် သဘော်ကလေးကို ရလျှင် ---

"ဘော်ဘော်"

ဟု အော်ဟစ်ကာ တဲအိမ်ကလေး အတွင်းမှ ထွက်ပြေး ပျောက်ကွယ်သွားလေတော့၏။

ဤသို့နှင့်ပင် မောင်ဘချစ်နှင့် ဗိုလ်ဝကလေးတို့သည် ရင်းနှီး ခင်မင်သွားကြလေတော့၏။ ဗိုလ်ဝကလေးသည် တစ်နေ့ တစ်ချိန် မှန်မှန် ရောက်ရှိလာပြီးလျှင် မောင်ဘချစ်ကလည်း မညည်းမညူ လုပ်၍ပေးလေ၏။ တစ်ပတ်ခန့်ကြာသောအခါ၌ ဗိုလ်ဝကလေး ရောက်ရှိလာပြီးလျှင် တစ်စုံတစ်ရာခိုင်းခြင်း မပြုဘဲ မောင်ဘချစ်အနီး၌ ဆောင့်ကြောင့်ကလေး ထိုင်၍ နေ လေ၏။

"ဘယ်လိုလဲ ဆရာ ဗိုလ်ဝရဲ့ ဒီနေ့တော့ ဘာမှ မခိုင်းတော့ ဘူးလား"

ဟု မောင်ဘချစ်က မေးလိုက်လျှင် ဗိုလ်ဝကလေးက ---

"မေမေက ခိုင်းရဘူးလို့ပြောတယ်"

ဟု ပြန်၍ ပြောရှာလေ၏။

"မေမေက ဘယ်သူတုန်းကွ"

ဟု မောင်ဘချစ်က ထပ်၍ မေးပြန်၏။

"ဗိုလ်ဝ မေမေပါ"

ဟု ဗိုလ်ဝကလေးက ပြန်၍ ဖြေပြန်၏။

"ဗိုလ်ဝမေမေက နာမည် ဘယ်နှယ်ခေါ်သလဲ"

ဟု မောင်ဘချစ်က မေးပြန်၏။

"ဗိုလ်ဝ မေမေလား"

"အေး--- ဟုတ်တယ်၊ မင်းမေမေက ဘယ်နှယ့်ခေါ်သလဲ ဗိုလ်ဝ"

"မေမေက ညနုစ်လို့ ခေါ်တယ်"

"ဩော်-- သိပြီ သိပြီ မြနုစ်တဲ့လား"

"အင်း-- ညနုစ်"

"ဗိုလ်ဝမေမေကောကွ"

"မြေကြီးထဲ ဝင်သွားပြီ"

"ဩော်-- သေသွားပြီလား"

"အင်း"

"သနားစရာပါလား"

"အသူ့ကို အနားတာလဲ ဗိုလ်ဝကို အနားတာလား"

"ဗိုလ်ဝကို သနားတာပေါ့ကွာ၊ ပြီးတော့ မြေကြီးထဲ ဝင်သွားတဲ့ ဗိုလ်ဝမေမေကိုလဲ သနားတာပေါ့"

"မေမေ့ကိုကော"

"ဗိုလ်ဝမေမေကိုလဲ သနားတာပေါ့ကွာ ဘာပြောကောင်းမလဲ"

"အနားရင် ဦးလေး ဗိုလ်ဝတို့နဲ့ ရာအိပ်ပါလား၊ ဗိုလ်ဝရယ် မေမေရယ် အတူတူအိပ်တယ် ဦးရေးရာအိပ်ပါလား"





"ကောင်းတာပေါ့ကွ၊ ဦးလေး လာအိပ်ချင်တာပေါ့၊ ဟဲ ဟဲ ဒါပေမယ့် ဗိုလ်ဝမေမေက ဦးလေးကို မောင်းထုတ်မှာပေါ့"

"ဗိုလ်ဝကြောမှာပေါ့"

"ကောင်းသားပဲကွ၊ ဦးလေးက ကြောက်တတ်တယ်၊ အခုနှမှာ အိပ်လို့ မဖြစ်ဘူးကွ၊ ဗိုလ်ဝနဲ့ ဗိုလ်ဝမေမေတို့ ကြားထဲမှာ ဦးလေး အိပ်ရမယ် ဆိုရင်တော့ ဦးလေး လာခဲ့မယ်"

"ဟင့်အင်း-- ဗိုလ်ဝက အလယ်က အိပ်မှာ"

"ဒီလိုဆိုရင်တော့ နောက်မှပဲ အိပ်ပါ့မယ်ကွာ၊ ဗိုလ်ဝနဲ့ ဗိုလ်ဝ မေမေပဲ အတူတူ အိပ်ကြပါတော့"

ဟု မောင်ဘချစ်က ပြောလေ၏။ ထိုအခါ၌ ဗိုလ်ဝကလေးက

"ဦးရေးရာပြီး အိပ်မယ်ဆိုတာ ဗိုလ်ဝ့ မေမေ့ကို ကြောမယ်"

ဟု ပြောလိုက်လေ၏။

"ဒါကွမရှာပါနဲ့ ဗိုလ်ဝရယ်၊ မြေကြီးထဲက ဗိုလ်ဝ မေမေကြီး ထွက်လာပြီး ဦးရေးကို လည်ပင်းညှစ်နေပါဦးမယ်"

ဟု မောင်ဘချစ်က ပြောလေ၏။ ထိုအခါ၌ ဗိုလ်ဝကလေးက

"ဗိုလ်ဝ ပွဲကြည့်ချင်တယ်"

ဟု ပြောလေ၏။

"ပွဲမှ မရှိသေးဘဲကွ"

"ဦးရေး ပွဲလုပ်ပါလား"

"ဒါကွပါပဲ၊ ဘယ်လို ပွဲလုပ်ရမှာလဲကွ"

"ဒီယို ဒီယို"

ဟု ဆိုကာ ဗိုလ်ဝကလေးက လက်ကိုချိုး၍ ကဟန်ပြလေ၏။

"ဩော်-- ကပြရမှာ ပြောတာလား၊ ရပါတယ်၊ ဘယ်လို ကရမှာလဲ ဆရာဗိုလ်ဝ ကြိုက်သလို ခိုင်းပေတော့"

ဟု မောင်ဘချစ်က ပြောလေ၏။

"ညောင့်လိုက"

ဟု ဗိုလ်ဝကလေးက ပြန်၍ ပြောလေ၏။

"ဩော်-- မျောက်လိုကရမယ် ဟုတ်လား၊ လုပ်ရမှာပေါ့ ကွာ၊ ငါက သူတစ်ပါးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းမယ့် အကျိုး တော်ဆောင်ပဲ၊ ကဲ-- အလှည့်ကျတော့လဲ မရှုံကြစတမ်းတော့"

ဟုဆိုကာ မောင်ဘချစ်သည် မုဆိုးကို ခါးတောင်းကျိုက်၍ ဦးခွမ်တီး၏ ဘောင်းဘီကြီးကို မျောက်မြီးကဲ့သို့ လိမ်ကျစ်ကာ နောက်သို့ ရှိုတ်ဆွဲလျက်---

"ဟိုပင်ဒီပင် ကူးပါလို့-- မျောက်ကြီးဖင်ခေါင်းကျွယ်---"

ဟု အော်ဟစ်ကာ မောင်ဘချစ်သည် မျောက်ခုန်ခုန်၍ မျောက်က ကလေ၏။ ဗိုလ်ဝကလေးက လက်ခုပ်လက်ဝါးတီး၍ တခစ်ခစ်ရယ်မောလေ၏။

ထိုအချိန်၌ ခစ်ခနဲ ရယ်လိုက်သော မိန်းကလေး တစ်ဦး၏ အသံကို ကြားလိုက်ရသဖြင့် မောင်ဘချစ်လည်း ကြောင်အမ်း အမ်းကြီးဖြင့် အသံလာရာဆီသို့ ကြည့်လိုက်ရာ ဖြူသွယ်နွဲ့လျ သော မိန်းမငယ်တစ်ဦး တံခါး၌ ရပ်နေသည်ကို တွေ့ရလေ၏။ ထိုမိန်းမငယ်က ဗိုလ်ဝထံ လျှောက်လာပြီးလျှင်---

"သားလေးရယ် အားနာစရာကွယ်"

ဟု ပြောလေ၏။ ထိုအခါကျမှ မောင်ဘချစ်လည်း ခါးတောင်းကျိုက်နှင့် မျောက်မြီးကို ကပျာကယာဖြုတ်၍ ထိုမိန်း





ကလေးအား---

"ဗိုလ်ဝရဲ့မေမေ မမြနှစ်ဆိုတာလား"

ဟု မေးလိုက်လေ၏။

"ဩော်-- ကျွန်မသားလေးက ကျွန်မနာမည်ကိုတောင် ပြောထားပြီလား"

ဟု မမြနှစ်က ပြန်၍မေးလေ၏။

"ဟုတ်တယ်၊ သူ့ဖေဖေကတော့ မြေကြီးထဲ ဝင်သွားပြီ ဆို ပါလား"

ဟု မောင်ဘချစ်က မေးလေ၏။

"ဩော်-- ဒါတွေလဲ လျှောက်ပြီး ပြောထားပြီလား"

ဟု မမြနှစ်က မေးလေ၏။

"သိပ်ပြီးသွက်တဲ့ကလေးပဲ မမြနှစ်ရယ်"

ဟုမောင်ဘချစ်က ပြောလေ၏။

"ဟုတ်တယ်၊ အိမ်မှာလဲ တတွတ်တွတ်နဲ့ ပြောနေတာပဲ၊ ကဲကဲ-- လာလာ သားရယ် ဦးဦး နားပါစေကွယ်"

ဟု ဆိုကာ မမြနှစ်သည် ဗိုလ်ဝကလေး၏ လက်ကိုဆွဲ၍ တဲ အိမ်ကလေး အတွင်းမှ ထွက်သွားလေ၏။

မောင်ဘချစ်က လှမ်းမျှော်၍ ကြည့်နေလေ၏။ ကိုယ် ကလေးကို နွဲ့ကာနွဲ့ကာနှင့် လှုပ်လီလှုပ်လဲ့နှင့် သားကလေးအား လက်ဆွဲ၍ လျှောက်သွားသော မုဆိုးမ မိန်းမချောလေး၏ နောက်ကျောကိုကြည့်ရင်း မောင်ဘချစ်၏ ရင်တွင်း၌ ကြည်နူး မိလေတော့၏။

"ဗိုလ်ဝကလေးသာ ငါ့သားကလေးဖြစ်လိုက်ရင် ဘယ်

လောက် ကောင်းမလဲ"

ဟုလည်း မောင်ဘချစ်၏ စိတ်၌ တွေးမိလေတော့၏။

ထို့နောက် မောင်ဘချစ်သည် ဟိုတွေးဒီတွေးဆိုသလို တွေး၍ နေလေ၏။ သို့ရာတွင် ဖြူစင်သော မုဆိုးမလေး မမြနှစ်၏ မျက်နှာသည်သာလျှင် အတွေးအာရုံ၌ ပေါ်၍လာလေ၏။ ထို့ကြောင့် မောင်ဘချစ်သည် ထင်၌ ရိုက်ခွဲထားသော ဦးတွမ်တင်၏ ကြိုးနှစ်ချောင်းတပ် တရုတ်တယောကလေးကို ဖြုတ်ကာ ကြိုးညှိလိုက်ပြီးလျှင် စမ်းသပ်၍ ထိုးရလေ၏။ တအောင့်မှ ကြာလျှင် တယောကို ကောင်းစွာ ထိုး၍ ရသွားသဖြင့် အောက်ပါ သီချင်းကို ထိုးလေတော့၏။

ဟန်တစ်ခါပြင် ++ ရွှေစင်ဆယ်တင်း +++ ဆက်သွင်းပံ့သေ +++ သိန်းတန်တဲ့မေလေးလေ +++ တင့်ကျူးငယ် +++ မှုရာ +++ တွေ +++

သဗ္ဗသတ္တာ ကမ္မဿကာ

မင်းသိင်္ခ

ဉာဏ်ဝင်းစာပေ